

# Rio Tinto

## ယဉ်ကျေးမှုအမွေအနှစ်များသည် အဘယ်ကြောင့်အရေးကြီးသနည်း။

ရီယိုတင်တို့၏ ရပ်ရွာအသိုင်းဝိုင်းနှင့် ဆက်ဆံရသည့် လုပ်ငန်းများတွင် ယဉ်ကျေးမှု အမွေအနှစ်များကို စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန်။

**ရီယိုတင်တို**

ရီယိုတင်တိုသည် သတ္တုတွင်းထွက်များထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ရောင်းချခြင်း အဆင့်တိုင်းအဆင့်တိုင်းတွင် ဦးဆောင်နေသည့် ကမ္ဘာ့ထိပ်တန်းစီးပွားရေးကုမ္ပဏီတခုဖြစ်သည်။ အလျူမီနီယံ၊ ကြေးနီ၊ စိန်၊ ကျောက်မီးသွေး၊ သံ၊ ယူရေနီယံ၊ ရွှေနှင့် အခြားစက်မှုလုပ်ငန်းသုံး တွင်းထွက်များကို ထုတ်လုပ်သည်။ နိုင်ငံပေါင်း ၅၀ ကျော်တွင် အလုပ်သမားပေါင်း ၇၇၀၀၀ ခန့်ဖြင့် လည်ပတ်လျက်ရှိပြီး ကန်ထရိုက်စနစ်ဖြင့် ဝင်ရောက်လုပ်ကိုင်သူအများအပြားရှိသည်။ အလုပ်ခွင်ဘေးကင်းရေး ကျန်းမာရေးနှင့် ညီညွှတ်စေရန်အတွက် ဦးစားပေးလုပ်ဆောင်လျက်ရှိပြီး ရီယိုတင်တိုက လုပ်ကိုင်သည့်လုပ်ငန်းတိုင်းတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ကိုအလေးထားသည်။ ရီယိုတင်တိုသည် စံသတ်မှတ်ချက်များ၊ တန်ဖိုးထားသည့်အရာများကို တင်းကျပ်စွာ လိုက်နာပြီး စည်းကမ်းတကျဖွဲ့စည်းထားသည့် ကမ္ဘာ့အဖွဲ့အစည်းဖြစ်ကာ ရီယိုတင်တို လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးသည့် ရပ်ရွာအဖွဲ့အစည်းများ၏ လိုအပ်ချက်၊ မျှော်လင့်ချက်များကို အထူးအာရုံစိုက် ဖြေရှင်းပေးသည့် အဖွဲ့အစည်းဖြစ်သည်။

ဤစာအုပ်သည် Rio Tinto တွင် ဆွေးနွေးချက်များကို ပြန်လည် ထုတ်ဝေထားသော စာအုပ် ဖြစ်သည်။ သို့သော် Rio Tinto မှ တိုက်ရိုက် ထုတ်ဝေသော စာအုပ်မဟုတ်ပါ။

**မျက်နှာဖုံး**

၂၀၁၀ မွန်ဂိုးလီးယားနိုင်ငံ၏ နိုင်ငံအဆင့် နာဒမ် ပွဲတော်၏ လေးပစ်ပြိုင်ပွဲတွင် လေးသည်ကျော် ဆီဗင်း အာရူစ် ဝင်ရောက် ယှဉ်ပြိုင်နေစဉ်။ ဆီဗင်းသည် နာမည်ကျော်လူလေးစားသည့် ရိုးရာလေးပစ် သမားတစ်ဦးအဖြစ် မွန်ဂိုးလီးယားအစိုးရက သတ်မှတ်ထားသူဖြစ်သည်။ လေးပစ်ပွဲ၊ မြင်းစီးပွဲ နှင့် နပမ်းသတ်ပွဲတို့ပါသည့် နာဒမ်ပွဲတော်ကို အိုယု တိုးဂွိုင်က ပံ့ပိုးပေးသည်။ နိုင်ငံအဆင့် နာဒမ်ပွဲတော်ကို ယူနက်စကိုက ထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းထားသည်။

စီစဉ်သူ

**Spectrum (SDKN)**

**ပုံနှိပ်မှတ်တမ်း**

# Rio Tinto

**ရီယိုတင်တို၏ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံရသည့် လုပ်ငန်းများတွင် ယဉ်ကျေးမှု အမွေအနှစ်များကို စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန်**

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ဇန်နဝါရီ၊ ၂၀၁၅။

**မျက်နှာဖုံးနှင့်အတွင်း အပြင်အဆင်**

အိရွှေစင်

**မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်**

FAVORITE PRESS

**စီစဉ်သူ**

Spectrum

(Sustainable Development Knowledge Network)

01-516-941

www.spectrumsdkn.org

**အုပ်ရေ**

၁၀၀၀

**စာအုပ် စီစဉ်ပုံ အညွှန်း**

စာမျက်နှာ- ၁၃၂ ။ အလျား- ၁၁.၇ လက်မ၊ အနံ- ၈.၃ လက်မ

# ယဉ်ကျေးမှုအမွေအနှစ်များသည် အဘယ်ကြောင့်အရေးကြီးသနည်း။

ရီယိုတင်တို၏ ရပ်ရွာအသိုင်းဝိုင်းနှင့်ဆက်ဆံရသည့်လုပ်ငန်းများတွင်
ယဉ်ကျေးမှုအမွေအနှစ်များကို စီမံခန့်ခွဲ ခြင်းအတွက် လမ်းညွှန်။



# မာတိကာ

**၁။ မိတ်ဆက်**

ဥယျောဇဉ် ၀၈
လမ်းညွှန်စာအုပ်အကြောင်း ၁၂
လမ်းညွှန်စာအုပ်တွင် ပါဝင်ရေးသားသူများ ၁၄
အခြေခံအယူအဆများ ၁၆
အဖွင့်မိတ်ဆက် ၁၇

**၂။ ဘယ်လိုလမ်းညွှန်မလဲ**

၂. ၁။ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှု ၂၄
၂. ၂။ သိမှတ် နားလည်ခြင်း ၃၀
၂. ၃။ စီမံခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း ၄၆
၂. ၄။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ တိုးတက်အောင်ဆောင်ရွက်ခြင်း ၆၈
၂. ၅။ ပြန်ကြားခြင်းနှင့် ဆက်သွယ်စီမံခြင်း ၈၂
၂. ၆။ အကျဉ်းချုပ် ၉၀

**၃။ နောက်ခံအကြောင်းအရာများ**

၃. ၁။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအယူအဆများ ၉၃
၃. ၂။ စီးပွားရေးရှုထောင့် ၁၀၂
၃. ၃။ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် သက်ရောက်မှု ၁၀၆
၃. ၄။ ယဉ်ကျေးမှုအမွေအနှစ်များ နှင့် အခြားအခြားသော မှုကွဲများကို
ကာကွယ်ခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် နည်းဥပဒေများ ၁၁၁

**၄။ ကိုးကားချက်များ**

စကားလုံးတိုများ အနက်ဖွင့်ချက် ၁၂၀
စာစဉ် ၁၂၁
ရီယိုတင်တို၏ မူဝါဒများ၊ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များ ၁၂၆
အဓိက ဝက်ဘ်ဆိုက်များ ၁၂၇
ကိုးကားချက်များ ၁၂၈

***ဘယ်ဘက်စာမျက်နှာမှပုံ***
*အက်ဘီ၊ အက်ဘ် ယဉ်ကျေးမှုအဖွဲ့မှ*
*ယူရေနီယံမိုင်းတွင်းတူးယူမှု နှစ် (၃၀)*
*ပြည့်အထိမ်းအမှတ်ပွဲတွင် ကနေပုံဖြစ်သည်။*
*၂၀၀၆ ခုနှစ်တွင် ရိုက်ကူး ထားသည့်ပုံဖြစ်သည်။*
*ယင်းအဖွဲ့၏ အမည်မှာ ဝသန်ခါ ဟု အမည်ရပြီး*
*၄င်းတို့ကသည့် ပုံစံမှာ အာဖရိက*
*နမီးဘီးယား ဒေသမှ ပုံစံအတိုင်းဖြစ်သည်။*


9
4
12
2
5
3
7


10
1
13
11
6
8

# ဖြစ်စဉ်လေ့လာချက်များ

၁ **ဩစတြေးလျနိုင်ငံ၊ ဝေပါ**
အယ်ကန် ဝေပါဒေသတွင် ရီယိုတင်တိုက ပြုလုပ်သည့် အားလုံးပါဝင်သည့် ချိတ်ဆက်မှု ဖြစ်စဉ်။

၂ **ဆာဘီးယားနိုင်ငံ၊ ဂျာဒါ**
ယဉ်ကျေးမှုအမွေအနှစ်များ သတ်မှတ်ခြင်းကို စားပွဲပေါ်မှ သုံးသပ်ရာတွင် ပညာရှင်ကျွမ်းကျင်သူများကိုပါဝင်စေသည်။

၃ **တောင်အာဖရိကနိုင်ငံ၊ ဗလာဘိုဝါ**
ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ရည်မှန်းထားချက်များပြည့်မီအောင်ဆောင်ရွက်စဉ်မှာပင် ဥပဒေကြောင်းအရ လိုအပ်သည့်အချက်များကိုဆောင်ရွက်ခြင်း။

၄ **ကနေဒါနိုင်ငံ၊ ကျူးဘက်**
ကနေဒါနိုင်ငံ၏ အလျှူမီနီယံလုပ်ငန်း အပေါ်ထားသည့် တန်ဖိုးထားချစ်ခင်စိတ်ကို အသိအမှတ်ပြုခြင်း။

၅ **ခင်ဘာဘွေ၊ ဇဗစ်ရှာဗိန်း**
အထင်ကရအမွေအနှစ်များကို ပြောင်းရွှေ့နေရာချထားခြင်းနှင့် ယဉ်ကျေးမှုလိုအပ်ချက်များကို အလေးအနက်ထားခြင်း။

၆ **ဩစတြေးလျ**
ဌာနေတိုင်းရင်းသားများအတွက် သီးသန့်ရံပုံငွေထားရှိကာ လုပ်ငန်းဆောင်ရွက်ပြီးသွားသည့်အချိန်ထိ ယဉ်ကျေးမှုများကို ထောက်ပံ့ပေးသည်။

၇ **တောင်အာဖရိက၊ ရစ်ချက်ပင်လယ်အော်**
မာနာဂါ ယဉ်ကျေးမှုဌာန၊ ရှင်သန်ဆဲမှတ်တမ်းများပြုစုထားသည်။

၈ **ဩစတြေးလျ၊ ဟန်တာတောင်ကြားအထက်ပိုင်း**
အားလုံးပူးပေါင်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲခြင်းစနစ်ကို လက်တွေ့အကောင်အထည်ဖော်သည်။

၉ **ကနေဒါ၊ အနောက်မြောက်ပိုင်းဒေသများ**
ဒိုင်ယာဗစ် စိန်တွင်းများတွင် ရိုးရာဗဟုသုတများနှင့် သိပ္ပံနည်းများကိုပေါင်းစပ်အသုံးချသည်။

၁၀ **မွန်ဂိုးလီးယား၊ အိုယု တန်ဂိုးင်း**
လက်ခံနိုင်ဖွယ်ရှိစေမည့် အပြောင်းအလဲအတွက်  မူဘောင်များကို ပုံစံထုတ်ခြင်းနှင့် စောင့်ကြည့်ခြင်း။

၁၁ **ဩစတြေးလျ၊ ဗီလ်ဘာရာ**
ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာကိစ္စ ရပ်များ ရပ်နားခြင်းမရှိ တိုးတက်ကြီးပွားခြင်း။

၁၂ **အမေရိကန်ပြည်ထောင်စု၊ အူတက်ရျ်**
လည်ပတ်နေသည့် မိုင်းတွင်းများ၏ စက်မှုအမွေအနှစ်များကို မြှင့်တင်ပေးခြင်း။

၁၃ **ဩစတြေးလျ၊ အရှေ့ကင်ဘာလေ**
စိန်များနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာသည့် ဆက်ဆံရေးတရပ်ထူထောင်ခြင်း။

# ဥယျာဇဉ်

ဆမ် ဝေါလ်ရှ်
အုပ်ချုပ်ရေးမှူးချုပ်၊သံရိုင်းထုတ်လုပ်ရေး နှင့် ဩစတြေးလျ အရာရှိချုပ်။

ယဉ်ကျေးမှုနှင့် သမိုင်းမွေများကို လေးစားခြင်းကို ရီယိုတင်တို စီးပွားရေးလုပ်ငန်းများတွင် မပါမဖြစ် ပါဝင်ပေါင်းစပ်ထားသည်။ မည်သည့်အရပ်ဒေသတွင် လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရီယိုတင်တို၏ စီးပွားရေးလုပ်ငန်းများသည် ဒေသခံများနှင့် ဌာနေတိုင်းရင်းသားရပ်ရွာများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်းကို ဆောင်ရွက်ပေးသည်၊ ထိုကဲ့သို့ဆောင်ရွက်ရခြင်းသည် လုပ်သင့်လုပ်ထိုက်သည့် အရာဖြစ်ပြီး စီးပွားရေးအရလည်း အကျိုးအမြတ်များရရှိနိုင်သည်။ ယဉ်ကျေးမှုနှင့် သမိုင်းမွေများကို ထိန်းသိမ်းခြင်းသည် ရပ်ရွာများအတွက် အရေးပါသကဲ့သို့ ရီယိုတင်တို စီးပွားရေးလုပ်ငန်းအတွက်လည်းအရေးပါသည်ကို သိမှတ်နားလည်ထားသည်။ ထို့ကြောင့် ရီယိုတင်တို စီးပွားရေးဝင်ရောက်လုပ်ကိုင်သည်ကို လက်ခံနေရာပေးသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံရေးကောင်းများတည်ထောင်ခြင်း၊ ယဉ်ကျေးမှုသမိုင်းမွေတန်ဖိုးများကို ထပ်တူတန်ဖိုးထားခြင်းနှင့် ရီယိုတင်တို လုပ်ငန်းများဆောင်ရွက်မှုကြောင့်ပေါ်ပေါက်လာနိုင်သည်များကို ရပ်ရွာအဆင့်၊ ဒေသအဆင့် စီမံခန့်ခွဲမှုများကို ပြုလုပ်ခြင်းဖြစ်သည်။

ယဉ်ကျေးမှု သမိုင်းအမွေများ ထိန်းသိမ်းခြင်း
လုပ်ငန်း၏ နက်နဲရှုပ်ထွေးမှု၊ နေရာတကျ
ဖြစ်ရန်အတွက် ခက်ခဲမှုတို့ကို
သိထားသောကြောင့် ကျွန်ုပ်တို့သည်
ယင်းခက်ခဲသည့် လုပ်ငန်းစဉ်ကို
ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်သူများနှင့်
လုံလောက်ပြည့်စုံသည့် ဘဏ္ဍာရေး
ထောက်ပံ့မှုများကို ပြုလုပ်သွားရန်အတွက်
ဆုံးဖြတ်ချက်ချထားသည်။
အကောင်းဆုံး ရလဒ်များ ထွက်လာစေရန်
အတွက်လည်း ကျွန်ုပ်တို့၏ စီးပွားရေး
လုပ်ငန်းအဆင့်တိုင်းတွင် ယင်းအစီအစဉ်
များကို ပေါင်းစပ်ဆောင်ရွက်ရမည်ကိုလည်း
ရှင်းလင်းစွာ သဘောပေါက်ထားသည်။
ယခုလမ်းညွှန်ချက်ပါ ဖြစ်စဉ် လေ့လာချက်
များတွင်ဖော်ပြ ထားသည့်အတိုင်း
မတူညီသည့်နေရာအမျိုးမျိုးမှ ယဉ်ကျေးမှု
သမိုင်းမွေများသည် ကျွန်ုပ်တို့လုပ်ငန်းဝင်ရေ
ာက်လုပ်ကိုင် ခြင်းကြောင့် အဆိုးများ
သက်ရောက်နိုင်သကဲ့သို့ အကောင်းများကို
လည်းယူဆောင်လာပေးနိုင်သည်။
ထိုကဲ့သို့သောအခြေအနေများကို မကြာခဏ
ရင်ဆိုင်ရပြီး ဖြေရှင်းရန်ဆိုသည်မှာလည်း
စိန်ခေါ်မှု တရပ်ဖြစ်သည်။ အခြားသူများမည်
သို့ရင်ဆိုင်ဖြေရှင်း ကြသည်ကို
သိထားခြင်းသည် အတော်ပင် အထောက်
အကူ ဖြစ်စေသည့်အရာဖြစ်သည်။
သင့်တွင်လည်း ရပ်ရွာအသိုင်းအဝိုင်းနှင့်ချိတ်
ဆက်ခြင်းနှင့် ဆိုင်သည့်ကိုယ်ပိုင်အတွေ့
အကြုံများရှိမည်မှာသေချာပါသည်။
ယင်းအရာများအားလုံး၏ နောက်ခံအနေနှင့်
ပါဝင်မည့်အရာမှာ သင့်စီးပွားရေးလုပ်ငန်း၊
သင့်လုပ်ငန်းလည်ပတ်ပုံသည် ယဉ်ကျေးမှု
သမိုင်းမွေများကို စောင့်ထိန်းရာတွင်
မည်ကဲ့သို့သော စိတ်ထားနှင့်လုပ်ကိုင်သည်၊
မည်သည့်စနစ်နှင့် စွမ်းဆောင်ရည်မည်မျှနှင့်
လုပ်ကိုင်သည်တို့ ပါဝင်မည်ဖြစ်သည်။
အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့၏
ယဉ်ကျေးမှုသမိုင်းမွေ စီမံခြင်းသည်
မည်မျှလက်တွေ့ကျသည်၊ အားလုံး
သုံးစွဲနိုင်သည်ဆိုသည့် အချက်ဖြစ်သည်။
ထိုကဲ့သို့ဖြစ်လာရန်အတွက် နှစ်ပေါင်းများစွာ
ကမ္ဘာ့အနှံ့မှ ရပ်ရွာအပေါင်းနှင့်
လုပ်ငန်းလုပ်ကိုင်ပြီးမှ ရလာသည့်
အသိများကို အခြေခံကာ ပြုစုထားခြင်း
ဖြစ်သည်။ ယခုလမ်းညွှန်သည် ရီယိုတင်တို
လုပ်ငန်း လည်ပတ်ပုံအားလုံးအတွက်
အကျုံးဝင်သည်။ သတ္တုတူးဖော်ခြင်း၊
သန့်စင်ခြင်း၊ ကျိုချက်ခြင်း
အားလုံးအတွက်အကျုံးဝင်သည်။
ကျွန်ုပ်အနေနှင့် လမ်းညွှန်နှင့်ပတ်သက်ပြီး
ပြောလိုသည်မှာ လမ်းညွှန်စာအုပ်ကို
ရီယိုတင်တိုသည် ရပ်ရွာနှင့်ဆိုင်သည့် လုပ်ငန်း
များကို ဆောင်ရွက်သည့် ဝန်ထမ်းများ
သာမကပဲ စီမံကိန်းဖွံ့ဖြိုးရေး ဆောင်ရွက်သူ
များ၊ မြေယာစီမံခန့်ခွဲမှုအပိုင်းမှ ပါဝင်
လုပ်ကိုင်သူများလည်း ကိုင်စွဲအသုံးချ
ရမည်ဖြစ်သည်။ လုပ်ငန်းစုတစ်ခုလုံးအနေနှင့်
ကျယ်ပြန့်စွာအသုံးချရမည်။ ယခု လမ်းညွှန်
စာအုပ်သည် ယဉ်ကျေးမှုသမိုင်းမွေများအရေး
ပါပုံ ကိုပိုမို နားလည်စေမည်ဖြစ်ပြီး
စီမံကိန်းများ၊ အစီအစဉ်များ ရေးဆွဲရာတွင်
ထည့်သွင်းအသုံးချရမည်ဖြစ်သည်။
ကျွန်ုပ်အနေနှင့် ဤလမ်းညွှန်နှင့်ပတ်သက်ပြီး
ပြောလိုသည်မှာ လမ်းညွှန်သည် အသိပညာ
နားလည်မှုများကို တိုးမြှင့်ပေးကာ လုပ်ငန်း
များကို လက်ခံလုပ်ကိုင်ခွင့်ပေးသော ရပ်ရွာ
များနှင့်လည်း ပို၍ ထိရောက်စွာပူးပေါင်းလုပ်
ကိုင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့်
ယဉ်ကျေးမှုသမိုင်းမွေများ ကာကွယ်ခြင်း၊
အခွန့်ရှည်စေခြင်း လုပ်ငန်းများတွင်ဖြစ်သည်။



# ဥယျာဉ်

**ဘရစ် ဟာဗေး**

ရပ်ရွာအသိုင်းအဝိုင်းနှင့် လူမှုအသိုင်းအဝိုင်း အကျိုးပြုလုပ်ငန်းများကို ကမ္ဘာလုံးအတိုင်းအတာနှင့် ဦးဆောင်လုပ်ကိုင်နေသူ ရီယိုတင်တိုသည် ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းများနှင့် ချိတ်ဆက် ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် ယဉ်ကျေးမှုနှင့် သမိုင်းမွေများ ထိန်းသိမ်းခြင်းသည် အခြေခံအုတ်မြစ်အဖြစ်နှင့် ပါဝင်သည်ကို သိမှတ်နားလည်ထားပါသည်။ ဖွံ့ဖြိုးမှုများနှင့် လူမှုသရုပ်သတန်များ၏ အရင်းခံသည် ယဉ်ကျေးမှုဖြစ်သည်၊ ယဉ်ကျေးမှုသမိုင်းမွေဆိုသည်မှာ မျိုးဆက်တခုမှ တခုသို့လက်ဆင့် ကမ်းပေးရသည်ကိုလည်း သဘောပေါက်ပါသည်။ ရပ်ရွာများနှင့် တွဲဖက်လျက် သမိုင်းယဉ်ကျေးမှုအမွေများ ထိန်းသိမ်းသည့် လုပ်ငန်းများ အတူတကွ ဆောင်ရွက်ခြင်းသည် ရပ်ရွာနှင့် ကျွန်ုပ်တို့အကြား ရင်းနှီးသည့်ဆက်ဆံရေးများဖြစ်ထွန်း စေသည်ကို သိနားလည်ပါသည်။ ယဉ်ကျေးမှုသမိုင်းမွေများကို ထိန်းသိမ်းခြင်း၌ အထူးအာရုံစိုက်ကာ ဆောင်ရွက်ပေးခြင်းသည် ရပ်ရွာဒေသခံများနှင့် ချိတ်ဆက်ရာတွင် ပိုမိုထိရောက်စေပြီး ကျွန်ုပ်တို့၏ ဂုဏ်ရှိန်သတင်းကိုလည်း မွေးပျံ့စေသည်။

ကျွန်ုပ်တို့သည် လုပ်ငန်းများအခြေစိုက်ရာ ဒေသမှ ဒေသခံများက ကျွန်ုပ်တို့ အပေါ်ထားရှိသည့် ယုံကြည်မှု အတိုင်းအတာကို ပိုမိုမြင့်တင်လိုသည်။ ယုံကြည်မှုများတည်ဆောက်ရန်အတွက်မှာ သမိုင်း ယဉ်ကျေးမှု အမွေများကို ထိန်းသိမ်းပေးခြင်း၊ ပွဲတော်များ မပျောက်ရလေအောင် စောင့်ထိန်းပေးခြင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို လိုက်နာရုံမက ထိုထက်ပိုကာဆောင်ရွက်ပေးခြင်းတို့ဖြင့် ရရှိနိုင်သည်။ ထူးခြားသည့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ထိန်းသိမ်းပေးခြင်းသည် ကျွန်ုပ်တို့လုပ်ငန်းကို လက်ခံနေရာပေးသည့် ရပ်ရွာနှင့်ပတ်သက်ပြီး လုပ်ငန်း ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် မိမိကိုယ်ကို ယုံကြည်မှုရစေသကဲ့သို့ ဒေသခံများ၏ ယုံကြည်မှုကိုလည်း ရရှိစေသည်။ အပြန်အလှန် ယုံကြည်မှုများသည် ရပ်ရွာဒေသခံ များအနေနှင့် ကျွန်ုပ်တို့လုပ်ငန်းတွင် မိတ်ဖက်များ အဖြစ်ပါလာစေပြီး ကျွန်ုပ်တို့ လုပ်ငန်းလှုပ်ရှားမှုများမှ ၄င်းတို့အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေါ်ပေါက်လာစေသည်။ ယင်းသည် ရီယိုတင်တို၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းထားချက်၏ အနှစ်သာရဖြစ်သည်။

မကြာသေးမီကာလများက ကျွန်ုပ်တို့သည် ရပ်ရွာနှင့်ချိတ်ဆက်ညှိနှိုင်းခြင်း လုပ်ငန်းနှင့်ပတ်သက်ပြီး ထူးခြားတိုးတက် ဆောင်ရွက်နိုင်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုသည့် လက်ခံရပ်ရွာ အသိုင်းအဝိုင်း၏ ရေရှည်စီးပွားအကျိုး၊ လူမှုရေးအကျိုးအမြတ်များရရှိစေရန်နှင့် ရပ်ရွာနှင့် ချိတ်ဆက်ညှိနှိုင်းရာတွင် အသုံးချမည့် စနစ်၊ စံသတ်မှတ်ချက်၊ မူဝါဒများ အခိုင်အမာဖြစ်ပေါ်လာရန် ကြိုးပမ်းလျက်ရှိသည်။

ကျွန်ုပ်တို့လုပ်ငန်း ဆောင်ရွက်ရာရပ်ရွာဒေသ၏ သမိုင်းယဉ်ကျေးမှု အမွေအနှစ်များကို အသိအမှတ်ပြုခြင်းသည် ကျွန်ုပ်တို့၏ ရပ်ရွာဒေသခံများပေါ်တွင် ကျင့်သုံးသည့် မူဝါဒနှင့် စံသတ်မှတ်ချက်များတွင် ရှင်းလင်းစွာဖော်ပြထားသည်။ ထိုထဲတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်ရာ ရပ်ရွာဒေသ၏ သမိုင်းယဉ်ကျေးမှုအမွေများကို ကာကွယ်ပေးရမည့် တာဝန်ယူမှုများအကြောင်းကို ဖော်ပြထားသည်။ သမိုင်းယဉ်ကျေးမှုမွေ (ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ) ထိန်းသိမ်းစောင့်ရှောက်ခြင်း စီမံမှုနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ လုပ်ကိုင်လာသည့် တလျှောက်တွင် ယင်းအကြောင်းအရာ၏ နက်ရှိုင်းကျယ်ပြန့်မှု၊ များပြားလှသည့် ကွဲပြားမှုတို့ကြောင့် လက်ရှိအသုံးပြုနေသည့် နည်းလမ်းများကို ထပ်ပြီးပံ့ပိုးပေးမည့် အရာများလိုအပ်သည်ကို သိမြင်လာကြသည်။ သမိုင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို လုပ်ငန်းလုပ်ကိုင်သည့် အဆင့်တိုင်းအဆင့်တိုင်းတွင် ထည့်သွင်းလုပ်ကိုင်သည်။ စမ်းသပ်ရှာဖွေခြင်းမှ ပိတ်ဆုံးသည်အထိ လုပ်ငန်းလည်ပတ်ပုံ အခင်းအကျင်း အမျိုးမျိုးတွင် ထည့်သွင်း ဆောင်ရွက်ရသည်။ ရပ်ရွာနှင့် ဆက်ဆံရေး၊ သဘာဝပတ်ဝန်းကျင်အရေး၊ မြေယာခန့်ခွဲစီမံမှု၊ မိုင်းစီမံမှုနှင့် လူသားအရင်းအမြစ် အစရှိသဖြင့် နေရာစုံတွင်ထည့်သွင်းစဉ်းစားရသည်။ ယခု လမ်းညွှန်စာအုပ်သည် အဆင့်တိုင်းအဆင့်တိုင်း၊ မတူညီသည့် အခင်းအကျင်းများတွင် ယဉ်ကျေးမှုဆိုင်ရာအချက်ကို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် လမ်းညွှန်ပြထားသည်။ ရီယိုတင်တိုသည် လုပ်ငန်းဆောင်ရွက်သည့်အခါ လက်ခံရပ်ရွာများနှင့် ဆက်ဆံရေးကို ဦးထိပ်ပန်ပြီး ဆောင်ရွက်သော်လည်း မိမိတို့နှင့် အခြားသူများ ကျေနပ်သည်အထိ ဆောင်ရွက်နိုင်ရန်မှာ အမြဲတမ်းအတွက် မဖြစ်နိုင်ကြောင်းကို သိထားပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းအချို့က ရပ်ရွာ၏ သမိုင်းယဉ်ကျေးမှုကို မထိမခိုက်ဘဲ ထိန်းသိမ်းကာ ဆောင်ရွက်နိုင်သကဲ့သို့ အချို့ကတော့ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် လိုအပ်သည့် အနေအထားတွင်ရှိနေသည်။ အောင်မြင်မှုအချို့ကို ယခုလမ်းညွှန်တွင် ဖြစ်စဉ်လေ့လာချက်အဖြစ်တင်ပြထားကာ ထိုအောင်မြင်မှုများနောက်သို့ ထပ်ချပ်လိုက်ရန်လည်း ပြင်ဆင်ထားသည်။

ရီယိုတင်တိုသည် လူ့အခွင့်အရေးများကို လေးစားသည်။ လုပ်ငန်းလည်ပတ်မှုကြောင့် ယဉ်ကျေးမှုသရုပ်သတန်နှင့် သမိုင်းမွေများပေါ် ထိခိုက်မည်ကိုလည်း အလေးထားသည်။ အခြေခံ လူ့အခွင့်အရေးဖြစ်သော ရပ်ရွာများ၏ ယဉ်ကျေးမှုဘဝနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းခြင်း အခွင့်အရေးကို သိမှတ်အလေးပြုသည်။ လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ယင်းတို့ကို ထိခိုက်မည်ကိုလည်း သိမှတ်ထားသည်။ သင့်တော်သည့် ယဉ်ကျေးမှု ထိန်းသိမ်းစီမံသည့် အစီအစဉ်မရှိဘဲလျက် လုပ်ငန်း ဝင်ရောက်လုပ်ကိုင်ခြင်း၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲများကိုဖြစ်ပေါ်စေခြင်းသည် ကြွယ်ဝသည့် ဒေသယဉ်ကျေးမှုနှင့် သမိုင်းမွေများကို ပျက်ဆီးစေမည့် အလားအလာများရှိကာ လူမှုဘဝများ မငြိမ်မသက်မှုများကို ဦးတည်စေလျက် အန္တရာယ်များကိုလည်း ပေါ်ပေါက်စေနိုင်သည်။

ထို့ထက်မကဖြစ်နိုင်သည်မှာ ကျွန်ုပ်တို့၏ ရပ်ရွာအသိုင်းအဝိုင်း နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို ကြိုတင်လုံလောက်စွာ ဆန်းစစ်ထားခြင်းမရှိ၊ ဖော်ထုတ်ဆွေးနွေးထားခြင်းမရှိ၊ ထည့်သွင်းစဉ်းစားပေးခြင်းမရှိပါက ထိရောက်မှုသည် အကန့်အသတ်ဖြင့်သာ ဖြစ်နိုင်သည်။ ထို့ပြင် မိုင်းတွင်းလုပ်သားခန့်ထားရေး၊ စီးပွားရေးဖွံ့ဖြိုးရေးတို့ကိုသာ လုံးဝ ဦးတည်ပါကလည်း ရပ်ရွာ၏ ယဉ်ကျေးမှုသမိုင်းမွေများမှ ရရှိလာမည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများစွာကိုလည်း လမ်းလွှဲပေးသကဲ့သို့ ဖြစ်နိုင်သည်။

ယခုလမ်းညွှန်စာအုပ်သည် ကျွန်ုပ်တို့၏ လုပ်ငန်းတိုင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ရပ်ရွာများ၊ သက်ဆိုင်သူများ၏ အကြံပေးချက်များနှင့်အညီ မည်သို့တန်ဖိုးထားရမည်ကို နားလည်စေမည် ဖြစ်သည်။ ထိုမှတဆင့် ပေါ်ပေါက်လာနိုင်သည့် သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ငန်းများသည် ယဉ်ကျေးမှုအမွေအနှစ်များကို မည်ကဲ့သို့ ထိခိုက်လျက်ရှိသည်ကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ ဆုံးဖြတ်ချက်ချသည့် အခါတွင် ပိုမိုကောင်းမွန်သည့်ဆုံးဖြတ်ချက်များကို ချထားနိုင်မည်ဖြစ်သည်။ ထိုအခါတွင် ကျွန်ုပ်တို့၏ ရည်မှန်းချက်ဖြစ်သော လုပ်ငန်းလက်ခံပေးသည့်ရပ်ရွာ၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများ ဆောင်ကျဉ်းပေးရာတွင် တတပ်တအားဖြစ်စေမည်။

Bruce Harvey

# vrf;nTefpmtkyftaMumif;

**ဤလမ်းညွှန်စာအုပ်ကို ယဉ်ကျေးမှုအမွေအနှစ်များနှင့် စပ်လျဉ်းသည့် နေရာများတွင် လုပ်ကိုင်နေရသည့် ရီယိုတင်တို ဝန်ထမ်းများနှင့် မန်နေဂျာများအတွက် ရေးသားထားခြင်းဖြစ်သည်။ ထိုသူများသည် ယဉ်ကျေးမှုအမွေအနှစ်နှင့် ဆိုင်သည့်ကဏ္ဍများအတွက် သီးသန့်ခန့်ထားသူများလည်းဖြစ်နိုင်သည်၊ ရပ်ရွာသားများနှင့်ဆက်ဆံရန်ခန့်ထားသူများလည်းဖြစ်နိုင်သည်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (သို့) လူသားအရင်းဖြစ်ဆိုင်ရာ ဌာနမှ လည်းဖြစ်နိုင်သည်၊ စီမံကိန်းချိတ်ဆက်ညှိနှိုင်းရမည့်သူများလည်း ဖြစ်နိုင်သည်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်ပြီး ထိပ်တိုက်တွေ့ရမည့်နေရာများတွင် ဆောင်ရွက်နေသူများလည်း ဖြစ်နိုင်သည်။ ရီယိုတင်တို လုပ်ငန်းဆောင်ရွက်မှုများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်သွားသည့် သို့မဟုတ် ထိခိုက်သည်များကို ဖြေရှင်းရသည့် ဝန်ထမ်းများကနည်းလမ်းနှင့် အကြံညဏ်များပေးရန်အတွက် တောင်းဆိုရာတွင် ဤလမ်းညွှန်ကို ယဉ်ကျေးမှုအမွေအနှစ် ကိစ္စရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ပြုစုရခြင်းဖြစ်သည်။**

ဤလမ်းညွှန်သည် လက်တွေ့အသုံးကျသည့် သတင်းအချက်အလက်နှင့် အကြံဉာဏ်များကို အပိုင်းနှစ်ပိုင်းခွဲကာ ပြသပေးသည်။

**ဘယ်လိုလုပ်မလဲ**

ထိုအပိုင်းတွင်ယဉ်ကျေးမှု အမွေအနှစ်များ အတွက်ထည့်သွင်းစဉ်းစားလုပ်ကိုင်ခြင်းကို လုပ်ငန်းဆောင်ရွက်ရာတွင်မည်သို့ ဆောင်ရွက်ရမည်နှင့် ပတ်သက်ပြီး ရှင်းလင်းစွာ လမ်းညွှန်ထားသည်။ ထိုသို့ ဖော်ပြထားရာတွင် ရီယိုတင်တိုအုပ်စု၏ မတူညီသည့် လုပ်ငန်းလည်ပတ်ပုံ အသီးသီးတွင် ကျင့်သုံးခဲ့သည့် ဥပမာကောင်းများဖြင့် ပုံဖော်ပြသထားသည်။

**အသေးစိတ်နောက်ခံအကြောင်းအရာများ**

ယင်းအပိုင်းတွင် သမိုင်းယဉ်ကျေးမှုစီမံပုံနှင့် ပတ်သက်သည့် အမြင်အမျိုးမျိုးကို အသေးစိတ် အချက်အလက်များနှင့် ဖော်ပြထားသည်။ အယူအဆ များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယဉ်ကျေးမှုအမွေများကို တန်ဖိုးထားခြင်းဖြင့် ရရှိလာနိုင်သည့် စီးပွားရေးအကျိုးအမြတ်များ၊ ယဉ်ကျေးမှု အမွေပေါ် ထိခိုက် သက်ရောက်လျက်ရှိသည့် မိုင်းတွင်းတူးဖော်ခြင်း၊ သတ္တုလုပ်ငန်းနှင့် ဆက်စပ်နေသည့် အချက်များ၊ ယဉ်ကျေးမှု အမွေနှင့်ဆိုင်သည့် နိုင်ငံတကာ သတ်မှတ်ချက်များအကြောင်းတို့ ပါဝင်သည်။ အကောင်းဆုံးဟု သတ်မှတ်ထားသည့် မိုင်းတွင်း တူးဖော်ခြင်း၊ သတ္တုလုပ်ငန်းနှင့် ပတ်သက်သည့် နိုင်ငံတကာ လုပ်ငန်းဆောင်ရွက်ပုံများ၊ အယူအဆများ၊ ယဉ်ကျေးမှု အမွေစီမံခန့်ခွဲခြင်း ပုံစံများကို ဖော်ပြပေးထားခြင်းကို ပိုမိုသေချာစေရန် အတွက် လမ်းညွှန်စာအုပ်ကို ပြန်လည် သုံးသပ်ပေးသူများတွင် ရီယိုတင်တို၏ အခြား စီးပွားရေး လုပ်ငန်းမှ ဝန်ထမ်းများ၊ ကော်ပိုရိတ်များနှင့် ဒေသတွင်းမှ ဝန်ထမ်းများပါဝင်သည့် အဖွဲ့တွင်း အလုပ်အဖွဲ့၊ ယဉ်ကျေးမှု အမွေစီမံခန့်ခွဲခြင်း၊ မိုင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာ အဆင့် ကျွမ်းကျင်သူ (၈) ဦးပါဝင်သည့် ပြင်ပမှ သုံးသပ်သည့် အဖွဲ့တို့ ပါဝင်သည်။ ပြင်ပမှ သုံးသပ်ပေးသူများမှာ အာဖရိက၊ ဥရောပ၊ သြစတြေးလျ၊ တောင်အမေရိက၊ မြောက်အမေရိကတို့မှ ပါဝင်ကြလေသည်။ ၎င်းတို့အသိအမြင်များနှင့် အကြံဉာဏ်ပေးချက်များသည် အဖိုးမဖြတ်နိုင်အောင်ပင်ဖြစ်ပြီး ကွဲလွဲချက်အချို့ရှိစေကာမူ တတ်နိုင်သမျှ ထည့်သွင်းအသုံးပြုသည်။ ထို့ကြောင့် ပြင်ပမှသုံးသပ်သည့် အဖွဲ့ဝင်များကို ဖော်ပြထားခြင်းဖြင့် ဤလမ်းညွှန်ပါ အကြောင်းအရာများ အားလုံးသည် သူတို့၏ ထောက်ခံချက် အပြည့်အဝ ရရှိသည်ဟု မညွှန်းဆိုနိုင်ပါ။

ဤလမ်းညွှန်စာအုပ်တွင် ဖြစ်စဉ်လေ့လာချက်များကို ထည့်သွင်းထားခြင်းဖြင့် ရီယိုတင်တို ဝန်ထမ်းများကို အခြားလုပ်ငန်းများတွင် ယဉ်ကျေးမှု အမွေစီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး မည်သို့လုပ်သည်ကို ရှုမြင်သင်ယူနိုင်ရန်၊ မည်သည့် ကိစ္စရပ်အတွက် လမ်းညွှန်မှုများ လိုအပ်သည်ကို တိတိကျကျ သိသွားစေရန် ဖြစ်သည်။ လမ်းညွှန်စာအုပ်သည် ယဉ်ကျေးမှု အမွေစီမံခန့်ခွဲခြင်းနှင့်ဆိုင်ပြီး ရပ်ရွာလူထု၏ ပူပန်မှုများကို ရီယိုတင်တိုဝန်ထမ်းက ပုံဖော်ပြပေးနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်စေပြီးယင်းပူပန်မှုများနှင့် လမ်းညွှန်စာအုပ်၏ ကွက်တိအသုံးဝင်မှုကို သေချာစေရန်အတွက် ဖြစ်သည်။ ဆိုလိုသည်မှာ ရီယိုတင်တို၏ အမျိုးမျိုးသော လုပ်ငန်းလည်ပတ်သည့် ပုံစံများတွင် ယဉ်ကျေးမှုအမွေစီမံခန့်ခွဲခြင်း ကိုယ်တွေ့အတွေ့အကြုံများကို ဤလမ်းညွှန်တွင် ထည့်သွင်းရေးသားထားကာ ပါဝင်သည့် အကြောင်းအရာများသည်လည်း ပွဲတွေ့အသုံးပြုရန် သင့်တော်သည်။ ဤလမ်းညွှန် ထုတ်ဝေရခြင်း၏ အရေးကြီးသည့် အချက်တစ်ချက်မှာ လုပ်ငန်းလည်ပတ်သည့်အခါ လမ်းညွှန်အတိုင်း ဆောင်ရွက်ရန်၊ ရီယိုတင်တို လုပ်ငန်း တလျှောက်တွင် ကောင်းမွန်သည့် ယဉ်ကျေးမှု အမွေစီမံခန့်ခွဲခြင်းကို ဆက် လက်ဆောင်ရွက်ရန်နှင့် ဘာကြောင့် အရေးပါသည်ကို အများသိအောင် ပြုလုပ်ရန် ဖြစ်သည်။

**အသုံးအနှုန်းနှင့် ပတ်သက်ပြီး ရှင်းပြလိုပါသည်။** ဤလမ်းညွှန်စာအုပ်တွင် အောက်ဖော်ပြပါစကားလုံးများကို အခြားကဲ့သို့ အသုံးပြုရန် သီးသန့်ညွှန်းဆိုထားခြင်း ရှိပါက အောက်တွင် ဖွင့်ဆိုထားသည့် ခက်ဆစ်အနက်အတိုင်း ခက်ဆစ်ရည်ရွယ်ကာ သုံးစွဲပါသည်။

Operation - လုပ်ငန်းလည်ပတ်ခြင်း - ဆိုသည်မှာ ရီယိုတင်တိုလုပ်ငန်းအစအဆုံးတခုလုံးဖြစ်သော စမ်းသပ်ရှာဖွေခြင်း၊ စီမံကိန်း၊ ဆောက်လုပ်ရေး၊ ထုတ်လုပ်ရေး၊ ပြန်လည်ပိတ်သိမ်းခြင်း တို့ အားလုံးပါဝင်သည်ကို ညွှန်းခြင်းဖြစ်သည်။

Activitics and opcrational activitics - လှုပ်ရှားမှု နှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ လှုပ်ရှားမှု - ဆိုသည်မှာ အထက်ဖော်ပြခဲ့ပါအဆင့်တိုင်းတွင် ရီယိုတင်တိုက ပြုလုပ်မည့် လှုပ်ရှားမှုအားလုံး ကိုဆိုလိုပါသည်။ မြေဖောက်ခြင်း၊ လမ်းကြောင်းရှာခြင်း၊ ရေအားလျှပ်စစ်တည်ခြင်း၊ မိုင်းတွင်းတူးခြင်း၊ သံရည်ကျိုခြင်း၊ ပြန်လည်သန့်စင်ခြင်း စသည့်လုပ်ငန်းများပါဝင်သည်။

Sitc - ဆိုက် - ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်တည်ရာအရပ်ကို ဆိုလိုပါသည်။

Cultural hcritagc fcature - ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ - ဆိုသည်မှာ နေရာ၊ အလေ့အထ၊ အသုံးအဆောင်တို့ ဖြစ်သည်။




***အပေါ်ပုံ***

*အာလင်း မြေအောက်စိန်တွင်း စီမံကိန်းအဝင်ဝတွင် အထူးဆုတောင်းပွဲပြုလုပ်နေပုံဖြစ်သည်။ ထိုကဲ့သို့ အခမ်းအနားများကို ရိုးရာတွင်း ပိုင်ရှင်များက ၄င်းတို့ပိုင်မြေများကို အလုပ်သမားများ ဖြတ်သန်းသွားလာသည့်အခါဘေးကင်းရန်၊ ယဉ်ကျေးမှုအမွေအနှစ် တည်ရာအရပ်၏ အရေးပါမှု၊ မြေသစ်နေရာသစ်နှင့် မိတ်ဆက်ပေးရန် အတွက် ပြုလုပ်ကြသည်။*

***ညာဖက်ပုံ***

*ဒိုင်ယာဗစ် စိန်တွင်းက ကမကထ ပြုလုပ်ပေးသည့် စုံမဝှက်တမ်း ကစားပွဲတခုကို တွေ့ရစဉ်။ လူစကေး ရပ်ရွာ နွေဦးပွဲတော်တွင် ထည့်သွင်းကျင်းပသည်။ ယင်းနေရာသည် ကနေဒါ အနောက်မြောက်ပိုင်း ဂရိတ်ဆလေ့ ရေကန်အနီးတွင် ရှိသည်။ ဒိုင်ယာဗစ် အနေနှင့် ၄င်းတို့ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ရပ်ရွာဒေသခံများ အကျိုးများစေရန် ဆောင်ရွက်နေသည့် ရပ်ရွာများအနက်မှ တခုဖြစ်သည်။*



# လမ်းညွှန်စာအုပ်တွင်ပါဝင်ရေးသားကြသူများ

Rio Tinto

Project leader and co-author:
Elizabeth Bradshaw Principal advisor – Communities and Cultural Heritage

**Internal Working Group:**

**Dr David Cameron**
Manager – Community Relations Queensland and Cultural Heritage Rio Tinto Coal Australia

**Skye Crawford**
Group manager – Organisational Effectiveness(Act. Group Advisor Diversity)

**Jeffery Davidson** Principal advisor -International Institutions and Communities

**Angus Green**
Principal – Community Relations Rio Tinto Alcan

**Jane Gronow**
Principal advisor – Communities

**Mary Lee Johns**
Senior advisor -Tribal Governments & Native Communities

**Etienne Lamy**
Senior advisor – Sustainable Development and Community Relations

**Gavin Martin**
Manager – Heritage Approvals and Land Access Rio Tinto Iron Ore

**Simon Nish**
Principal advisor – Community agreements

**Tserennadmid Osorpurev**
Cultural Heritage programme coordinator, Oyu Tolgoi

**Blair Sands**
Principal advisor – Environment

**Dr Justin Shiner**
Specialist archaeologist Rio Tinto Alcan

**Simon Wake**
Principal advisor – Communities Rio Tinto Exploration

Centre for Social Responsibility in Mining, University of Queensland, Australia

**Co-authors:**

**Katie Bryant**
Project manager

**Tamar Cohen**
Research assistant

**Other CSRM Contributors:**

**Professor David Brereton**
Centre Director

**Julie Kim**
Research Assistant

**Dr Kirsty Gillespie**
Research Fellow

**Specialist advisor to CSRM:**

**Professor Ian Lilley**
Archaeologist,
University of Queensland

THE UNIVERSITY OF QUEENSLAND AUSTRALIA

SMI CSRM
Centre for Social Responsibility in Mining

## ပြင်ပမှ အကဲဖြတ်များ

ရီယိုတင်တိုအနေနှင့် လမ်းညွှန်စာအုပ်ပြုစုရာတွင် ကုမ္ပဏီပြင်ပမှ အကြံများကို ပူးပေါင်းခြင်းသည် အရေးကြီးသည်ကို သိရှိပါသည်။ ပြင်ပမှ အကဲဖြတ်များကို ရွေးချယ်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများကို ရွေးချယ် စုစည်းထားပါသည်။ အကဲဖြတ်များ၏ အဓိကအလုပ်မှာ ရီယိုတင်တိုက ပြုစုထားသည်များကို ဝေဖန်ပေးရန်ဖြစ်သည်။ လိုအပ်သည့်ရင်းမြစ်များ၊ လိုအပ်သည့် စာရွက်စာတမ်းများ၊ လမ်းညွှန်စာအုပ်၏ အဓိက အချက်များကို ဝေဖန်ပေးရန် ဖိတ်ခေါ်ထားသည်။ ၎င်းတို့ပေးသည့် အကြံ ဉာဏ်များအားလုံးကို ပေါင်းထည့်နိုင်ခြင်းမရှိသော်လည်း ပေးသမျှအကြံအားလုံး ရွေချည်းသာ ဖြစ်သည်။

**Professor Pedro Paulo Funari**
Head, Centre for Advanced Studies, State University of Campinas, Brazil

**Nola Markey**
Member of the O-Chi-Chak-Ko-Sipi First Nation, Crane River, Manitoba, Canada Consultant Anthropologist/ Archaeologist

**Júlio Jesus**
Partner, Ecossistema Ltd Lisbon, Portugal

**Arlene Fleming**
Cultural Resource and Development Specialist, World Bank

**Dr Michael Pearson**
Historical archaeologist and heritage planner, Chair of Australian Capital Territory Heritage Council

**ProfessorWillem J.H.Willems**
Dean, Faculty of Archaeology, University of Leiden, Netherlands Co-president ICAHM

**Simon Makuvaza**
Archaeology and Heritage Management Lecturer, Catholic University of Malawi
Expert member ICAHM

**Professor David Trigger**
Head, School of Social Science, University of Queensland Australia

## အခြားကျေးဇူးတင်အသိပေးလိုသည်များ

ရီယိုတင်တိုအနေနှင့် လမ်းညွှန်ချက်မူကြမ်းကို ကြည့်ရှုပေးပါသော အောက်ပါပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးတင်ပါသည်။

Dr Andrew Sneddon –
Director, University of Queensland Culture and Heritage Unit

Dr Nicolas Bainton –
Adjunct Research Fellow, Centre for Social Responsibility in Mining

Melanie Wilson –
Senior advisor, Communities and Social Performance, Rio Tinto

ဖြစ်စဉ်လေ့လာချက်ကို ရေးသားပေးသည့်ရီယိုတင်တို ဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ပါသည်။

**Case study 1**
Rio Tinto Alcan – Weipa Dr Justin Shiner

**Case study 2**
Rio Tinto Minerals – SerbiaNenad Grubin

**Case study 3** Palabora Mining CompanyTim Paxton

**Case study 4**
Rio Tinto Alcan
– Shawinigan Patrick Beche

**Case study 5**
Murowa Diamonds Israel Chokuwenga

**Case study 6**
Rio Tinto Aboriginal Fund Joy Love

**Case study 7**
Richards Bay Minerals Jeremiah Thabede

**Case study 8**
Rio Tinto Coal AustraliaDr David Cameron

**Case study 9**
Diavik Diamond Mine Colleen English

**Case study 10**
Oyu Tolgoi Tserennadmid Osorpurev

**Case study 11**
Rio Tinto Iron
Ore – Pilbara Gavin Martin

**Case study 12**
Kennecott Utah Copper Piper Rhodes

**Case study 13**
Argyle Diamonds Rowena Alexander

# အခြေခံအယူအဆများ

ဤလမ်းညွှန်စာအုပ်ကို ယဉ်ကျေးမှုအမွေ ထိန်းသိမ်းရာတွင် မရှိမဖြစ်လိုအပ်သော အယူအဆများပေါ်တွင် အခြေခံလျက် ပြုစုထားပါသည်။

### ကျယ်ပြန့်စုံလင်မှု

ယဉ်ကျေးမှုအမွေနှင့် ပတ်သက်ပြီးလျှင် အမျိုးအစားအမျိုးမျိုးရှိပါသည်။ အချို့က မြင်တွေ့ ကိုင်တွယ် နိုင်သည်။ အဆောက်အဦး၊ မြေယာရှုခင်းနှင့် လူတို့ဖန်တီးတည်ဆောက်ထားသည်များ ဖြစ်သည်။ အချို့က မျက်စိဖြင့် မြင်တွေ့နိုင်ခြင်းမရှိသော ဘာသာစကား၊ တေးဂီတ၊ ဓလေ့ကျင့်ထုံး ကဲ့သို့သောအရာများဖြစ်သည်။ အဓိုအပေါင်းများ လှပသစ်လွင်သော၊ ရုပ်ဝတ္ထုများသာ မဟုတ် ရံဖန်ရံခါတွင် လူသားတို့၏ အားကောင်းလှသော စိတ်ခံစားမှုများလည်း ပါဝင်တတ်သည်။

### စီးပွားရေးရှုထောင့်

ယဉ်ကျေးမှုအမွေများစီမံခြင်းကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် မိမိတို့လုပ်ငန်းများကိုလည်း အဆင်ပြေ ချောမွေ့စေသည်။ လုပ်ငန်းလုပ်ဆောင်စဉ် ကာလပတ်လုံးနှင့် မြေယာအသုံးချခွင့် ရယူရာတွင် ယဉ်ကျေးမှုအမွေများ စီမံခြင်းကို ထည့်သွင်းဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ ကောင်းစွာစီမံခြင်းမရှိပါက စီမံကိန်းကို နှောင့်နှေးစေတတ်သည်။ ရံဖန်ရံခါ အတားအဆီး ဖြစ်စေတတ်သည်။

### မှန်းထားချက်နှင့်ကိုက်ညီမှု

ယဉ်ကျေးမှုအမွေများစီမံခြင်းသည် တနေရာနှင့် တနေရာပုံစံကွဲပြားသည်နှင့်အညီ လိုက်လျောညီထွေပြောင်းလဲကျင့်သုံးနိုင်ရမည်။ ယဉ်ကျေးမှုအမွေများတည်ရှိနေမှုပုံစံ၊ လုပ်ကိုင်မည့် လုပ်ငန်းသဘာဝ၊ ပေါ်ပေါက်လာမည့်ဘေးများ အားလုံးကိုချင့်ချိန်သုံးသပ်ရမည်။ အခြေအနေမရွေးအသုံးပြု နိုင်သည့်စံဟူ၍မရှိပါ။

### ထည့်သွင်းပေါင်းစပ်ခြင်း

ယဉ်ကျေးမှုအမွေများစီမံခြင်းကို လုပ်ငန်းလုပ်ဆောင်သည့် စနစ်တိုင်းတွင် ထည့်သွင်းပေါင်းစပ်ထားရမည်။ လုပ်ထုံးလုပ်နည်းများ လက်တွေ့ကျင့်သုံးသည့်အခါများ ဘက်ပေါင်းစုံတွင် ထည့်သွင်းထားရမည်။

### ဆက်ဆံရေး

ယဉ်ကျေးမှုအမွေများစီမံခြင်းကို ကောင်းစွာပြုလုပ်ခြင်းသည် ရပ်ရွာနှင့် ဆက်ဆံရေးတည်ဆောက်ရာတွင် အရေးပါသည်။ ရပ်ရွာက အလေးထားသည့်အရာများကို သင်လည်းအလေးထားပြပါက ရပ်ရွာလူထုက သင့်ကိုလာရောက်ပူးပေါင်းကူညီရန်မှာ သေချာသလောက်ဖြစ်သည်။

### အပြောင်းအလဲများကို ကိုင်တွယ်ခြင်း

ယဉ်ကျေးမှုအမွေများစီမံခြင်းသည် စာရင်းနှင့်အင်းနှင့် ပုံစံအတိအကျ ထား၍ လုပ်ဆောင်ရသည့် အရာမျိုးမဟုတ်ပါ။ ယဉ်ကျေးမှုများသည် အချိန်ပြောင်းလဲလာသည်နှင့်အမျှ ယဉ်ကျေးမှုအမွေများစီမံခြင်းကိုလည်း အပြောင်းအလဲများနှင့် လိုက်လျောညီထွေအောင်၊ အလျင်ကို တပြေးညီလိုက်နိုင်အောင် ပြင်ဆင်ရမည်။

### နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း

ထိရောက်စွာဆောင်ရွက်သည့် ယဉ်ကျေးမှုအမွေများစီမံခြင်းသည် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ် များစွာရရှိစေသည်။

# အဖွင့်မိတ်ဆက်

ရီယိုတင်တိုသည် လုပ်ငန်းဝင်ရောက်လုပ်ကိုင်ခွင့်ပြုသည့် လက်ခံ ရပ်ရွာဒေသ၏ ယဉ်ကျေးမှုနှင့် သမိုင်းအမွေများကို လေးစားအသိ အမှတ်ပြုသည်။ မိမိတို့လုပ်ငန်းများဆောင်ရွက်သည့် အဆင့်တိုင်းတွင် ယဉ်ကျေးမှုအမွေများစီမံခြင်းကို ထည့်သွင်းစဉ်းစားလျက်ရှိပြီး ယင်းသည် ကျွန်ုပ်တို့ချမှတ်ထားသည့် ရပ်ရွာတွင်းဝင်ရောက်လုပ်ကိုင်ခြင်းနှင့်ဆိုင်သည့် မူဝါဒများ စံသတ်မှတ်ချက်များ၏ အဓိကရည်မှန်းချက်ဖြစ်သည်။ ထိုမှတဆင့် လက်ခံရပ်ရွာများနှင့်လည်း နှစ်ဦးနှစ်ဖက် အကျိုးရှိကြောင်းပြသနိုင်သည်နှင့်အညီ ခိုင်မြဲတည်တံ့သည့် ဆက်ဆံရေးများတည်ဆောက် နိုင်ရန် ဖြစ်သည်။ တက်ကြွစွာပူးပေါင်း ပါဝင်မှုများနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ကိုလည်း လက်ခံရရှိရန် ဖြစ်သည်။

ယဉ်ကျေးမှုအမွေများဆိုသည်မှာ အတိတ်ကာလမှ အဟောင်းအဆွေးများဆိုခြင်းထက် များစွာပိုပါသည်။ ရပ်ရွာဒေသ၏ သမိုင်း၊ ပစ္စုပ္ပန်ဖြစ်ပြီး တန်ဖိုးထားသည့်အရာဖြစ်ကာ အမြတ်တနိုးနှင့် မျိုးဆက်တဆက်မှ တဆက်သို့ လွှဲပြောင်းပေးလို သည့်အရာ ဖြစ်သည်။ ယဉ်ကျေးမှုသမိုင်းအမွေဆိုသည်မှာ နေရာ၊ အရာဝတ္ထု၊ နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များအားလုံးကို ပူးပေါင်းဆိုလိုခြင်း ဖြစ်သည်။ မျက်မြင်တွေ့ရှိကိုင်တွယ်နိုင်သည့် အဆောက်အဦးများ၊ စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်းများ၊ နည်းပညာ၊ မြေယာရှုခင်းများ၊ လူလုပ်ပစ္စည်းများအပါအဝင် မြေအောက်တွင် ရှိနေသည့် ရှေးဟောင်းပစ္စည်းများလည်းပါဝင်သည်။ မျက်စိမမြင်နိုင် လက်ဆုပ်လက်ကိုင်မပြနိုင်သည့် အရာများဖြစ်သော ဘာသာစကား၊ ခံစားနိုင်သည့်အနုပညာ၊ တေးဂီတ၊ ဖျော်ဖြေရေးဆိုင်ရာများ၊ ဘာသာရေးနှင့် ယုံကြည်မှုများ၊ရိုးရာဓလေ့ထုံးစံများ ဥပမာ။ ။ အမဲလိုက်ခြင်း၊ စုပေါင်းပွဲတော်များ ပြုလုပ်ခြင်း စသည်တို့လည်းပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာပစ္စည်းဟောင်းများကိုသာ ဆိုလိုခြင်း မဟုတ်ပါ။ အသစ်တီထွင်သည့်ပစ္စည်းသစ်များနှင့် ဆန်းသစ်သုံးစွဲသည့်အရာများလည်းပါသည်။ နေရာဒေသများနှင့် အလေ့အထများမှာလည်း ယဉ်ကျေးမှုအမွေအနှစ်၏ အစိတ်အပိုင်းများဖြစ်သည်နှင့်အညီ ယနေ့မျိုးဆက်များက တန်ဖိုးထား ထိန်းသိမ်းထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေများစီမံခြင်းတွင် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ ဆန်းစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းတို့ပါဝင်သည်။ ပျောက်ကွယ်လုမတတ် ခြိမ်းခြောက်ခံနေရသည့်၊ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်လုဖြစ်နေသည့် ယဉ်ကျေးမှုအရ အရေးပါသည့် နေရာများ၊ အရာဝတ္ထုများ၊ အလေ့အထများကိုထိရောက်စွာ ထိန်းသိမ်း ကာကွယ်ခြင်းဖြစ်သည်။ ထိုသို့ ကာကွယ်ရာတွင် မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အပြောင်းအလဲများ ပြုလုပ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ရံဖန်ရံခါတွင် ယဉ်ကျေးမှုအမွေအနှစ်များလည်း ထိန်းသိမ်းရင်းနှင့်ပင် ပျောက်ကွယ် ဆုံးရှုံးသွားသည်များလည်း ရှိသည်။ ရပ်ရွာအသိုင်းအဝိုင်းနှင့် လက်တွဲကာ ယဉ်ကျေးမှုများ၊ ဓလေ့များကို မပျောက်ရလေအောင်နှင့် ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်းများလည်း ရှိနိုင်သည်။ ဩစတြေးလျနိုင်ငံရှိ ရီယိုတင်တို၏ ရပ်ရွာနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ လုပ်ကိုင်သည့် အခါတွင် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များ ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်းဆိုင်ရာ သတ်မှတ်ချက်များတွင် ရီယိုတင်တို၏ ယဉ်ကျေးမှုဆိုင်ရာ အမွေများစီမံခြင်းဆိုင်ရာ လိုအပ်သည့် အချက်များ ကိုဖော်ထုတ်ပြသထားသည်။ ရီယိုတင်တို ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်း လမ်းညွှန်တွင် ထိုလိုအပ်ချက်များကို အသေးစိတ် ညွှန်ပြထားသည်။ လက်တွေ့ကောင်းမွန်သောဖြစ်စဉ် လေ့လာချက်များအပါအဝင်ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းဆိုင်ရာ ပညာရှင်များက ကောင်းစွာ ပြုစုထားသည့် ဤလမ်းညွှန် စာအုပ်သည် ရီယိုတင်တို ဝန်ထမ်းများကို ရပ်ရွာနှင့်ဆိုင်သည့် ကိစ္စရပ်များ ဆောင်ရွက်သည့်အခါများတွင် ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းကို ပိုမိုနားလည် စေပြီး ပို၍ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လက်တွေ့အသုံးကျသည့် လမ်းညွှန်မှုများကို ဖော်ပြထားသည်။

ရီယိုတင်တိုအတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေများစီမံခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။ ယဉ်ကျေးမှု အမွေများ ဆိုသည်မှာ ကျွန်ုပ်တို့ လုပ်ငန်းကို လက်ခံ နေရာပေးသည့် ရပ်ရွာ၏ သရုပ်သတန်ဖြစ်ပြီး ကျွန်ုပ်တို့ လုပ်ကိုင် မည့် အဆင့်များဖြစ်သော စမ်းသပ်ဖော်ထုတ်ခြင်း၊ သန့်စင်ပြုပြင်ခြင်း နှင့် လုပ်ငန်းလည်ပတ်ခြင်း အဆင့်တိုင်းတွင် ပူးတွဲတည်ရှိနေသည်။ လုပ်ငန်းများအတွက် ရပ်ရွာများနှင့် ဆွေးနွေးသည့်အခါ၊ သက်ဆိုင်သူများနှင့် ဆွေးနွေးသည့် အခါများတွင် ၎င်းတို့၏ ယဉ်ကျေးမှု ဆိုင်ရာအမွေများကို ကာကွယ်ပေးခြင်း၊ ကူညီပေးခြင်းတို့သည် နှစ်ဖက်ဆက်ဆံရေးအတွက် ကြီးစွာ အထောက်အကူပြုသည်။ ရပ်ရွာနှင့် ချိတ်ဆက်ညှိနှိုင်းခြင်းများတွင် များစွာထိရောက်စေပြီး ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်မှုများတွင်လည်း ရေရှည်အကျိုးဖြစ်ထွန်းစေလျက် နာမည်ကောင်းများကို ရရှိစေသည်။ ထိုကောင်းကျိုးများကြောင့် ရီယိုတင်တိုသည် လွန်ခဲ့သည့် ဆယ်စုနှစ်များကပင် ယဉ်ကျေးမှုဆိုင်ရာ အမွေများစီမံခြင်း၊ နားလည်စာနာခြင်း တို့ကို အမြင့်ဆုံးဦးစားပေးခဲ့သည်။ မိုင်းတွင်းများ၏ သမိုင်းအထောက်အထားများကိုကြည့်ပါက မျက်စိဖြင့်မြင်နိုင်သည့်၊ မမြင်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာအမွေများကို ကောင်းမွန်စွာ စီမံခြင်းမရှိပါက ပြဿနာတက်နိုင်သည်ကို ကျွန်ုပ်တို့ သိရှိထားသည်။ ကျွန်ုပ်တို့လုပ်ငန်းများဝင်ရောက်လုပ်ကိုင်သည့် အရပ်များတွင် သိသာထင်ရှားသည့် လူမှုစီးပွားရေး အပြောင်းအလဲများ ပေါ်ပေါက်စေသည်၊ တခါတရံတွင် ရိုးရှင်းစွာနေသည့်ဘဝများမှ ခေတ်မီ စက်မှုလုပ်သားဘဝများသို့ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းအတွက် ကျွန်ုပ်တို့လုပ်ငန်းများ၌ တာဝန်ရှိမှုကိုလည်း သိမှတ်ပါသည်။ ထိုကဲ့သို့သော

လူမှုဘဝများ၊ ယုံကြည်မှုများ၊ ဘာသာစကား အသုံးအနှုန်းများ၊ ဓလေ့များ၊ အမူအကျင့်များ၊ ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများ ထိခိုက်ပျက်ဆီး မှုများသည် ထိခိုက်ခံရသည့် ရပ်ရွာများ အတွက် ကြီးမားသည့် စိတ်ခံစားမှုများကို ဖြစ်ပေါ်စေသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေ များကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက် ထိပါးစေခြင်းသည် စီမံကိန်း တခုလုံးကို လူမှုရေးအရ၊ နိုင်ငံရေးအရ၊ ဥပဒေကြောင်းအရ ဆန့်ကျင်မှုများကို ဖြစ်ပွားစေနိုင်သည်။ ယဉ်ကျေးမှု ဆိုင်ရာ အမွေများ စီမံခြင်းသည် စီးပွားရေးအရ တိုးတက်မှု၊ လူမှုရေး တည်ငြိမ်မှု၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုတို့ကို တပါတည်း ဖြစ်ပေါ်စေ သည်။ ရီယိုတင်တို သည် ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းလှုပ်ရှားမှုများသည် ရပ်ရွာဒေသခံများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများနှင့် ပိုမိုနီးစပ်ရန် ထို့ပြင် စီးပွားရေး အရ ရလဒ်များ ထွက်ပေါ်လာစေရန် အထူး လုပ်ဆောင်သည်။ ရီယိုတင်တို၏ ကမ္ဘာလုံး ဆိုင်ရာ ရပ်ရွာလုပ်ငန်းများ ရည်ရွယ်ချက်တွင် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက် များကို ဖော်ပြထားသည်။ ယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်းသည် ကျွန်ုပ်တို့၏ ရပ်ရွာ အကျိုးပြုလုပ်ငန်းများ အကောင်အထည် ဖော်ရာ တွင် မရှိမဖြစ်ပါရမည့် အချက်ဖြစ်သည်။ ထိုကြောင့် သက်ရောက်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေများကို ကောင်းစွာ စီမံခန့်ခွဲခြင်းသည် ရီယိုတင်တို၏ စီမံကိန်းများနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအတွက် အခြေခံကြောင့်ကြစိုက် လုပ်ဆောင်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေများကို အစိုးရများ၊ ရပ်ရွာများနှင့် အခြားအဖွဲ့အစည်းများက တန်ဖိုးထားသည်နှင့်အညီ ကောင်းစွာစီမံပါက

- ရပ်ရွာက တန်ဖိုးထားသည့်အရာများကို လေးစားကြောင်းပြသ နိုင်မည်။
- ရပ်ရွာဒေသခံ၊ သက်ဆိုင်သူများနှင့် ဆက်ဆံရေးကောင်းများကိုတည်ဆောက်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။
- အနာဂတ်တွင်လည်း ရပ်ရွာအတွက် လူမှုရေးအရ၊ စီးပွားရေးအရ အကျိုးစီးပွားများဖြစ်ထွန်းစေမည်ဖြစ်သည်။
- ပြဿနာဖြေရှင်းရသည့်ကုန်ကျငွေ၊ ဥပဒေရေးဆောင်ရွက်ရခြင်းများ၊ စီမံကိန်း နှောင့်နှေးခြင်းများ ကိုလျှော့ချနိုင်သဖြင့် စီးပွားရေးကို ခြိမ်းခြောက်နေမှုများကို လျှော့ချထားနိုင်သည်။
- မြေယာအသုံးချခွင့်နှင့် ရပ်ရွာခွင့်ပြုချက်များကို အခက်အခဲ မရှိရနိုင်မည်၊ သဘောတူညီမှုအတွက် ဆွေးနွေးရာတွင် ပိုမိုချောမွေ့စေမည်၊ ထို့ကြောင့်ညှိနှိုင်းမှုအတွက်ကုန်ကျငွေများ၊ လျော်ကြေးငွေပေးရမှုများနှင့် ဆက်စပ်နေသည့် ကုန်ငွေများကို လျှော့ချနိုင်မည်။
- ပြည်သူလူထုကရီယိုတင်တိုကိုပိုမိုယောက်မံပြီး ၎င်း၏စီးပွားရေးလုပ်ငန်းများအတွက် အပြစ်ဆိုကြမည်မဟုတ်ပါ။ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းအတွက် ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံ ယဉ်ကျေးမှုဆိုင်ရာ အမွေများ စီမံရာတွင် လူတို့သည် မြေယာများ၊ ယဉ်ကျေးမှုများနှင့် ပတ်သက်ပြီးမည်သို့တုန့်ပြန်ကြသည်မှအစ အလုံးစုံထည့်သွင်းစဉ်းစားသည့် နည်းကိုအသုံးပြုကာ ချိတ်ဆက်ချဉ်းကပ်ရမည်ကို ရီယိုတင်တိုက သိမှတ် လက်ခံထားပါသည်။ ဆိုလိုသည်မှာ ယဉ်ကျေးမှုတည်နေရာ တခုတည်းကိုသာ အာရုံစိုက်ကာ ကွက်ကွက်လေး ထိန်းသိမ်းပေးခြင်းမဟုတ်ပဲ ယဉ်ကျေးမှု၏ ရေသောက်ရင်းမြစ်ကိုပါ ကြည့်ရှုပေးရမည်ဖြစ်သည်။

ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်းသည် ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်မည့်၊ ထိခိုက်နိုင်သည့် ယဉ်ကျေးမှု ဆိုင်ရာအမွေဟု သတ်မှတ်ထားသည့်အရာ၊ အမြတ်တနိုးတန်ဖိုးထားသည့်အရာများကို ထိခိုက်ပျက်ဆီးခြင်းကို လျှော့ချခြင်း၊ကာကွယ်ခြင်း၊ ၎င်းတို့ တန်ဖိုးထားသည်များကို ကာကွယ်ခြင်း၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများ၊ ယုံကြည်မှုများ၊ မြေနေရာနှင့် ဆိုင်သည့် အရာများ၊ အရာဝတ္ထုများ၊ အလေ့အကျင့်များသည်အမြဲတမ်းပြောင်းလဲလျက်ရှိသည်ကို ရီယိုတင်တိုက သိမှတ်ထားသည်။ မိုင်းလုပ်ငန်းများ ဝင်ရောက်လာခြင်းသည် ထိုအပြောင်းအလဲများကို ဖြစ်ပေါ်စေပြီး ပိုမိုလျင်မြန်စွာဖြစ်ထွန်းစေရန်အတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း တွန်းအားဖြစ်စေနိုင်သည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းနှင့် ပတ်သက်ပြီးချဉ်းကပ်ပုံမှာ ယဉ်ကျေးမှုတန်ဖိုးရှိသည့် နေရာများ၊ အရာဝတ္ထုများ၊ အလေ့အထများသည် အပြောင်းအလဲများဖြစ်ပေါ်နေခြင်းကို ထည့်သွင်းစဉ်းစားရမည်၊ အပြောင်းအလဲများကို ကိုင်တွယ်ရမည် သို့မှသာ သက်ဆိုင်သူများ၊ ရပ်ရွာဒေသခံများကလက်ခံသည့်အနေထားကို ထိန်းထားနိုင်မည်ကို သိမှတ်သဘောပေါက်ထားသည်။ ရီယိုတင်တိုစီးပွားရေး လုပ်ငန်းများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေများစီမံခြင်းသည် မြေယာမျက်မြင်ရှိသည်များ ပေါ်သက်ရောက်သည်ကိုသာ ဦးစားပေး ကိုင်တွယ်ခြင်း မဟုတ်ပဲ ရီယိုတင်တို စီမံခန့်ခွဲသည့် မြေယာအနီးတဝိုက်ရှိ လူများနှင့် နေရာများကိုပါ ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်သူများ၊ ရပ်ရွာဒေသခံများနှင့် ချိတ်ဆက်ညှိနှိုင်းလျက် ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်းပြုလုပ် ရန်အတွက် အထူးကြိုးပမ်းဆောင်ရွက်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့် အလေ့အထ၊ အရာဝတ္ထုများနှင့်နေရာများကို ဖော်ထုတ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် စီမံခြင်း တို့ပါဝင်သည်။

ယဉ်ကျေးမှုဆိုင်ရာအမွေများအတွက် သီးသန့်စဉ်းစားခြင်းသည် ရီယိုတင်တို၏ ရပ်ရွာ အကျိုးပြုလုပ်ငန်းများမှ အစိတ်အပိုင်းတခု ဖြစ်သည်။ တခါတရံတွင်တော့ ယင်းကို အစိတ်အပိုင်းတခု အနေနှင့် ဆောင်ရွက်၍မရပဲ သီးသန့် အစီအစဉ်များ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရသည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်ဖြစ်သော စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်၊ အကောင်အထည်ဖော်မည့် ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းစနစ် (Cultural heritage management system CHSM ) သည် ရီယိုတင်တို၏ အခြားသော စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း နည်းတူ လုပ်ငန်းစု၏ အစိတ်အပိုင်းတခု အနေနှင့် အလေးထားဆောင်ရွက်ကြသည်။ အောင်မြင်သည့် ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်းစနစ်တခုကို လက်တွေ့ အကောင်အထည်ဖော်ခြင်းသည် စီးပွားရေး လုပ်ငန်းအတွင်းမှ ကဏ္ဍအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ချိတ်ဆက်လုပ်ကိုင်ခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်းတို့ပေါ်တွင် တည်မှီနေသည်။ မိုင်းရှာဖွေဖော်ထုတ်ခြင်း၊ စီမံကိန်းလေ့လာခြင်း၊ အမှန်တကယ် လုပ်ကိုင်ခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်း စသည့်အဆင့်တိုင်းတွင် မတူညီသည့် လုပ်ငန်းဆောင်ရွက်ချက်များလိုအပ်သည်ကို အရေးတကြီးမှတ်သားထားရန်လိုသည်။ မိုင်းရှာဖွေဖော်ထုတ်ရေး အတွက်မူ ရီယိုတင်တို၏ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်အတွင်း သီးသန့်ဖော်ပြထားသည်။ စီမံကိန်းအတွက်မူ ရီယိုတင်တို ရပ်ရွာ အကျိုးပြုလုပ်ငန်းနှင့် လူမှုရေး လုပ်ငန်းများဆိုင်ရာလမ်းညွှန်တွင် စီမံကိန်း အဆင့်တိုင်း၌ မည်သို့လုပ်ဆောင်ရမည်ကို အသေးစိတ်ဖော်ပြ ထားသည်။ မတူညီသည့် အခြေအနေများဖြစ်သော ဌာနေတိုင်းရင်းသားများ ရှိသည့်နေရာ၊ ရိုးရာပိုင်မြေများ၊ ဖွံ့ဖြိုး ဆဲနိုင်ငံများနှင့် လက်ရှိဆောင်ရွက်ဆဲ လုပ်ငန်းများ တိုးချဲ့ခြင်း

အစရှိသည့် အခြေအနေ အမျိုးမျိုးအတွက် မတူညီသည့် စနစ်များ လိုအပ်မည်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပေးချက်များသည် အထူးလိုအပ်သည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်းဖြင့် မည်သည့်ပမာဏကို မည်သည့်အတိုင်းအတာအထိ မည်သည့်စနစ်မျိုးနှင့်သွားရန် လိုအပ်သည်ကို သိရှိရန်အတွက် ပြုလုပ်ထားရမည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကိုလည်း လူမှုဘဝထိခိုက်သက်ရောက်မှု စစ်တမ်းနှင့် သဘာဝပတ်ဝန်းကျင်ပေါ် ထိခိုက်သက်ရောက်မှုစစ်တမ်း၊ စီမံခန့်ခွဲ မှုအစီအစဉ်၊ စီးပွားရေး အရှုံးအမြတ်သုံးသပ်သည့် စစ်တမ်းများတွင် ထည့်သွင်းအသုံးပြုရမည်။

လက်ရှိအသုံးပြုနေသည့် ယဉ်ကျေးမှုဆိုင်ရာအမွေများ စီမံခြင်းစနစ်သည် မည်မျှထိရောက်မှု ရှိသနည်း။

အောက်ဖော်ပြပါမေးခွန်းများသည် လက်ရှိအသုံးပြုနေသည့် CHMS သည် မည်သည့်အတိုင်းအတာထိ အလုပ်ဖြစ်သည်၊ ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းနှင့် ပတ်သက်ပြီး ကိုင်တွယ်ပုံသည် မည်မျှ အကျိုးဖြစ်ထွန်းနေသည်ကို သိရှိရန် ကူညီပေးမည်ဖြစ်သည်။

**စစ်ဆေးရန်**

- √ ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်း ပေါ်ပေါက်လာစေရန်အတွက် လိုအပ်သည့် ဥပဒေမူဘောင်များ ရှိသည်ကို သတိပြုမိပါသလား။ ယဉ်ကျေးမှုဆိုင်ရာ အမွေများနှင့် သက်ဆိုင်သည့် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် ဥပဒေများကို သိပါသလား။
- √ အခြားကဏ္ဍများဖြစ်သော သဘာဝပတ်ဝန်းကျင်၊ မိုင်းလုပ်ငန်း၊ မြေယာအခွင့်အရေးများဆိုင်ရာ ဥပဒေများသည် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လိုအပ်ချက်များနှင့် ဆက်သွယ်မှုရှိပါသလား။
- √ လုပ်ငန်းဝင်ရောက်လုပ်ကိုင်မည့် ငှားရမ်းထားသည့်မြေ၊ ဝယ်ယူထားသည့်မြေ၊ အသုံးပြုခွင့်ရသည့်မြေပေါ်၌ ယဉ်ကျေးမှုဆိုင်ရာအမွေများနှင့် ပတ်သက်ပြီး ဆန်းစစ်မှုများ ပြုလုပ်ပြီးပြီလား။ ဆန်းစစ်မှုတွင် မိုင်းလုပ်ငန်းနှင့် မဆိုင်သည့် မြေယာငှားရမ်းမှုနှင့် ယခင်ကအသုံးပြုပြီးသော မြေများကိုလည်း ထည့်သွင်းရမည်။
- √ ယဉ်ကျေးမှုဆိုင်ရာအမွေများကို သီးခြားဆန်းစစ်သည့်အခါတွင် ထူးခြားရှားပါးမှုအနေအထားဆန်းစစ်ခြင်းကို ကျွမ်းကျင်သူပညာရှင်များ၊ သက်ဆိုင်သူ အများအပြားနှင့် တိုင်ပင်ပြီး လုပ်ဆောင်ခြင်း ရှိပါသလား။
- √ လူမှုဘဝထိခိုက်သက်ရောက်မှုစစ်တမ်းသည် မြင်ရသော၊ မမြင်ရသော ယဉ်ကျေးမှုအမွေများကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်သော်လည်းကောင်း ထိခိုက်နိုင်မှုများကို ထည့်သွင်းကောက်ယူထားပါသလား။ ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများကို မြေတောင်မြှောက်ပေးမည့် အစီအစဉ်များ ပါရှိပါသလား။
- √ လုပ်ငန်းလည်ပတ်မှုအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံဆန်းစစ်မှုများပြုလုပ်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ နှင့်ဆိုင်သည်များကို ထည့်သွင်းစဉ်းစားပါသလား။ ရိုးရာ (သို့မဟုတ်) ဒေသဆိုင်ရာ အသိပညာများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့တွင်  အသုံးပြုနိုင်ခြင်းရှိမရှိကို ထည့်သွင်းလေ့လာထားပါသလား။
- √ လုပ်ငန်းလည်ပတ်မှုကြောင့် သမိုင်းအမွေအနှစ်များထိခိုက်မှုနှင့်ပတ်သက်ပြီး ဖော်ထုတ်ရန်အတွက် ကျွမ်းကျင်သူ၊ သမိုင်းအထောက်အထား၊ လူမျိုးနွယ်စုကျွမ်းကျင်သူ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနများ အစုံအလင်နှင့် တွေ့ဆုံဆန်းစစ်ပြီးပြီလား။
- √ ယဉ်ကျေးမှုဆိုင်ရာအမွေများ အခြေခံဆန်းစစ်ခြင်းသည်  စီမံကိန်းများက မတူညီသည့် လူမျိုးစု (သို့) ယဉ်ကျေးမှုတူအုပ်စု (သို့) မတူညီသည့် သက်ရောက်မှုများ ဖြစ်ပေါ်စေမည်ကို ဆန်းစစ်ပြီးပြီလား။
- √ ရပ်ရွာလူထုနှင့် အကျယ်အပြန့်ဆွေးနွေးရာတွင် အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်အပါအဝင် မတူညီသည့် ယဉ်ကျေးမှု၊ လူမျိုးစု၊ နိုင်ငံရေး၊ ဘာသာရေး အုပ်စု အစရှိသဖြင့် စုံလင်ကျယ်ပြန့်စွာ ဆွေးနွေးအကြံယူမှု ပြုလုပ်ပြီးပြီလား။ (မှတ်သားရန်မှာ – စီမံကိန်းဆောင်ရွက်မည့်နေရာနှင့် အလွန်ဝေးလံသည့်နေရာ များတွင်နေထိုင်လင့်ကစား ယင်းဒေသ၏ ယဉ်ကျေးမှုအမွေများနှင့် ပတ်သက်ပြီး အဓိကကျသူ၊ အဓိကလွန်စွာ စိတ်ဝင်စားသူများရှိတတ်သည်။ ထိုသို့သောသူများကို ဖော်ထုတ်ရန် ပါဝင်လာရန်လည်း အစီအစဉ်များလိုအပ်သည်။)
- √ အခြေခံဆန်းစစ်မှုများပြုလုပ်ရာတွင် ကွဲပြားသည့်သက်ဆိုင်သူ အမျိုးမျိုးကို ထည့်သွင်းစဉ်းစားထားပါသလား။ ဌာနေတိုင်းရင်းသားတို့နှင့် ဆိုင်သည့် အမွေအနှစ်၊ မဆိုင်သည့် အမွေအနှစ်များကို ထည့်သွင်းစဉ်းစားထားမှုရှိပါသလား။
- √ အခြေခံဆန်းစစ်မှုသည် စီမံကိန်းအတွင်း၌ပင် ပါဝင်နေသည့် အမွေအနှစ် တန်ဖိုးများကို ထည့်သွင်းရေတွက်ထားပါသလား။
- √ စီမံကိန်းပိတ်သိမ်းသည့် အစီအစဉ်တွင် ယဉ်ကျေးမှုဆိုင်ရာ အချက်များကို ထည့်သွင်းစဉ်းစားထားပါသလား။ ဥပမာ။ ။ ယဉ်ကျေးမှုဆိုင်ရာ ပူပန်မှုများကို ဖြေဖျောက်ပေးရန်အတွက် မြေများကိုပြန်လည်ပြင်ဆင်ပေးခြင်း၊ ယဉ်ကျေးမှုနှင့်ဆိုင်သည့် ပစ္စည်းများကို ပြန်လည်ပေးအပ်ခြင်း အစီအစဉ်မျိုး။
- √ စီမံကိန်းလည်ပတ်မှုကြောင့် ထိခိုက်မည့် အရာများအတွက် ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်၊ ပြုစု၊ အကောင်အထည်ဖော်ခြင်းမျိုးရှိပါသလား။
- √ ယဉ်ကျေးမှုအမွေ (သို့မဟုတ်) သဘာပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက် (သို့မဟုတ်) ၎င်းတို့လုပ်ငန်းလည်ပတ်သည့် စနစ်နှင့် ပတ်သက်ပြီး ဝန်ထမ်းများအားလုံး အသိအမြင်ရှိထားကြပါသလား။
- √ လုပ်ငန်းလည်ပတ်သည့်အခါတွင် ယဉ်ကျေးမှုဆိုင်ရာအမွေများ ထိန်းထိမ်းခြင်းနှင့် ပတ်သက်သည့် တိုးတက်မှု၊ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးရန် ဦးတည်ချက်များ ပါရှိသလား။
- √ ဒေသခံမဟုတ်သည့်အလုပ်သမားများ၊ ကန်ထရိုက်တာများသည် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းခွင် ပညာပေးမှုများတွင် ပါဝင်လာကြပြီလား။ ဆောင်ရန် ရှောင်ရန်များကို သိထားကြပြီလား။
- √ လုပ်ငန်းလည်ပတ်မှု နှင့် လုပ်ငန်းသဘောသဘာဝကြောင့် ထိခိုက်နိုင်မည့် ယဉ်ကျေးမှုပွဲတော်များ၊ အလေ့အထများကို လူသားအရင်းအမြစ်ဌာန (သို့မဟုတ်)အခြားသင့်တော်သော ပုဂ္ဂိုလ်က ဖော်ထုတ်သတ်မှတ်ထားခြင်းမျိုးရှိပါပြီလား။

# ယဉ်ကျေးမှုဆိုင်ရာအမွေများစီမံခြင်းအဆင့် (၄) ဆင့်

ထိရောက်သည့် CHMS တစ်ခုသည် အောက်ဖော်ပြပါ မူဘောင်(၄)ခုတွင် ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများ၊ ထည့်သွင်းစဉ်းစားချက်များဖြင့် ရေးဆွဲထားသည်။ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုတွင် ရပ်ရွာသားများနှင့် သက်ဆိုင်သူများသည်

- ယဉ်ကျေးမှုအမွေအနှစ်များဆန်းစစ်ခြင်းနှင့် စီမံခြင်း အတွက်ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်ရမည်။
- ထိခိုက်သက်ရောက်မှုများ အခွင့်အလမ်းများနှင့် ပတ်သက်ပြီးဆွေးနွေးမှုများပြုလုပ်ရမည်။

လုပ်ငန်းဆောင်ရွက်သည့်အခါများတွင် ပေါင်းစပ်အသုံးချ နိုင်ရန်အတွက် ယဉ်ကျေးမှုနှင့်ဆိုင်သည့် သတင်းအချက်အလက်များပံ့ပိုးပေးရမည်။ အသိအမြင်နိုးကြားမှုများကို လုပ်ငန်းတွင်း ပျံ့နှံ့စေရန် ဆောင်ရွက်ရမည်။

## ၁။ သိပါ၊ နားလည်သဘောပေါက်ပါ။

ယဉ်ကျေးမှုအမွေစီမံသည့် ချဉ်းကပ်ပုံနှင့် ယဉ်ကျေးမှုအမွေစီမံသည့် စနစ်ကို ပုံသွင်းမောင်းနှင်နိုင်ရန်တို့အတွက် လိုအပ်သည့် အချက်အလက်များကို စာရင်းပြုစုပါ။ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပါ။ သဘောပေါက်နားလည်ပါ။ ၄င်းတို့၏ အရေးကြီးပုံနှင့် သင့်လျော်သည့် စီမံထိန်းသိမ်းပုံများကို သိရှိစေရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ဆန်းစစ်ပါ၊ စစ်တမ်းကောက်ပါ။ ရပ်ရွာနှင့် လက်တွဲဆောင်ရွက်ပါ။ (လုပ်ငန်းဆောင်ရွက်ခြင်း၏ လူမှုစီးပွားဗဟုသုတများအခြေပြုလျက် လူမှုဘဝ ထိခိုက်သက်ရောက်မှုများဆန်းစစ်ခြင်းနှင့် လူမှုဘေးဆိုးများ ဆန်းစစ်ခြင်းတို့ကိုလည်း ရပ်ရွာနှင့်ပူးပေါင်းဆောင်ရွက်ပါ။) ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများပေါ်သို့ ထိခိုက် သက်ရောက်မှုရှိမည့် လုပ်ငန်းလည်ပတ်ရာမှ ပေါ်ပေါက်လာ မည့်အချက်များကို ကြိုတင်ဖော်ထုတ်ထားပါ။ နားလည်သဘောပေါက်အောင် လေ့လာ ထားပါ။ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးရာမှ သိရသည့် အသိ၊ သမိုင်းအမွေအနှစ်ကျွမ်းကျင်သူများညွှန်ပြသည့် အသိပညာများ၊ အခြားသက်ဆိုင်သူများပေးသည့်အကြံညဏ်များ ပေါ်တွင်အခြေခံကာ သင့်တော်သည့် စီမံခန့်ခွဲမှုပုံစံတခုကို ရွေးထုတ်ပြီး နားလည်အောင်လေ့လာထားရမည်။

## ၂။ အစီအစဉ်ရေးဆွဲပါ လက်တွေ့အကောင်အထည်ဖော်ပါ။

သက်ဆိုင်ရာလုပ်ငန်းလည်ပတ်ပုံ၊ ယဉ်ကျေးမှုအမွေအနှစ် အနေအထားများနှင့် လိုက်ဖက်သည့် စီမံခြင်း လုပ်ငန်းစဉ်များ၊ စနစ်များကို ပြုစုပါ။ ရီယိုတင်တို၏ ရပ်ရွာအကျိုးနှစ်ရှည်ဆောင်ရွက်ခြင်း အစီအစဉ်ကဲ့သို့ ရပ်ရွာအကျိုးပြု အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုသည့် နည်းလမ်းများကို အသုံးပြုပါ။ ကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းတို့အတွက် ထိရောက်မှုရှိစေရန် သီးခြားအစီအစဉ်များဆောင်ရွက်ပါ။ လက်ခံနိုင်သည့် ဆုညံသံခွင့်ပြုချက်စနစ်၊ လူသားအရင်းအမြစ်ဆိုင်ရာမူဝါဒ၊ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခြင်းလုပ်ငန်းစဉ်များကဲ့သို့သော သက်ဆိုင်ရာ လုပ်ငန်းလည်ပတ်သည့်အဆင့်တိုင်းနှင့် လုပ်ထုံးလုပ်နည်းတိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းပေါင်းစပ်ထည့်သွင်းနိုင်မှုကို အသေအချာပြုလုပ်ပါ။ ရပ်ရွာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးမှုတို့ကို အားပေးပါ။ ရီယိုတင်တို၏ ကမ္ဘာလုံးဆိုင်ရာ ရပ်ရွာ အကျိုးဆောင်ရွက်ခြင်း ရည်မှန်းချက် ပြည့်မီရန်အတွက် ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းဆောင်ရွက်ချက်များကို တိကျ ထိရောက်စွာ အောင်ရွက်ပါ။

## ၃။ စောင့်ကြည့်ပါ။ သုံးသပ်အကဲဖြတ်ပါ။ တိုးတက်အောင်ပြုလုပ်ပါ။

ယဉ်ကျေးမှုဆိုင်ရာ နေရာများ၊ အလေ့အထများ၊ အရာဝတ္ထုများ နှင့်ဆိုင်သည့် လုပ်ငန်းများ၏ သက်ရောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းစနစ်တခုလုံး၏ အသုံးဝင်မှုတို့ကို သိနိုင်ရန်အတွက် ပန်းတိုင်နှင့် တိုင်းတာရန်အညွှန်းတို့ကို သတ်မှတ်ပါ။ ရပ်ရွာအကျိုးပြု လုပ်ငန်းများပြုလုပ်သည့် နေရာများမှ ဆန်းစစ်ချက်ရလဒ်များ၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခြင်းစနစ် ကိုပြင်ပမှ ဝေဖန်ထားပုံ တို့ကို အသုံးချပါ။ လုပ်ငန်းစွမ်းဆောင်ရည်များ ပုံမှန်တိုးတက်နေစေရန် တိုင်ကြားနိုင်သည့် လမ်းကြောင်းကို ဖွင့်ထားပါ။ ရီယိုတင်တို ဝန်ထမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ရပ်ရွာမှ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းကျောင်းသူများ၏ အကြံပေးချက်များကို ပါဝင်စေလျက် ကိုယ်တိုင်ပါဝင်သုံးသပ်နိုင်သည့် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တရပ်ကို တည်ထောင်ပါ။

## ၄။ ပြန်ကြားခြင်းနှင့် ဆက်သွယ်စီမံခြင်း

SEART (ရီယိုတင်တို၏ လူမှုနှင့် သဘာဝပတ်ဝန်းကျင် အပေါ်တာဝန်ခံမှုကို ပြန်လည်အစီရင်ခံသည့်အခါတွင်အသုံးပြုသည့်နည်း) ကို အသုံးပြုလျက် ယဉ်ကျေးမှုအမွေအနှစ်စီမံခြင်းလုပ်ငန်းများအကြောင်းကို ကုမ္ပဏီတွင်းတွင်လည်းကောင်း၊ စီးပွားရေး လုပ်ငန်းဆိုင်ရာ နှစ်ချုပ်တွင်လည်းကောင်း၊ ရပ်ရွာအကျိုးပြုမှတ်တမ်းတွင် လည်းကောင်း ထုတ်ပြန်ပါ။ အများပြည်သူသိစေရန်အတွက် ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာပုံစံ ထုတ်ပါ။ ရပ်ရွာသားများ၊ရီယိုတင်တိုဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် ယဉ်ကျေးမှုနှင့်လည်းကိုက်ညီ၊ လမ်းကြောင်းလည်းမှန်မှန်နှင့် အပြန်အလှန်ဆက်သွယ်ပါ။ ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်း၏ ရလဒ်များကို အများသိအောင်ဖြန့်ဝေပါ။ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ယင်းတို့၏ တန်ဖိုးကြီးမှုများကို အများသိအောင် ပြုလုပ်ပါ။ ပညာရပ်ဆိုင်ရာလေ့လာမှုများကို အားပေးပါ။ အများကစိတ်ဝင်စားအောင်ဆောင်ရွက်ရာတွင် ပိုင်ရှင်ဖြစ်သူ၏ ခွင့်ပြုချက်၊ မူပိုင်ခွင့်များကို လေးစားရမည်ဖြစ်သည်။

## ပုံ ၁. ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်း အဆင့် (၄) ဆင့်။

### ၁

**သိပါ။ နားလည်သဘောပေါက်ပါ။**

- လုပ်ငန်းလုပ်ကိုင်သည့်အခါတွင် ယဉ်ကျေးမှု အမွေအနှစ်များ၏ အရေးပုံကို ထည့်သွင်းစဉ်းစားပါ။
- ယဉ်ကျေးမှုအမွေအနှစ်၏ အရေးပါပုံ၊ တန်ဖိုးကြီးပုံတို့ကို နားလည်ရန်နှင့်၊ စီမံခန့်ခွဲရေးဌာန၏ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အချက်အလက်များ ရရှိစေရန်တို့အတွက် အရေးပါမှု ဆန်းစစ်ချက်နှင့် သက်ရောက်မှု ဆန်းစစ်ချက်တို့ကို ပြုလုပ်ပါ။
- လူမှုဘဝအန္တရာယ် ဆန်းစစ်ချက်၌ ပေါင်းစပ် ထည့်သွင်းပါ။

### ၂

**အစီအစဉ်ရေးဆွဲပါ။ လက်တွေ့အကောင်အထည် ဖော်ပါ။**

- ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းစနစ်တစ်ခုကို စီစဉ်ရေးဆွဲပြီး ထိရောက်စွာ အကောင်အထည်ဖော်ပါ။
- ယဉ်ကျေးမှုအမွေအနှစ်များ ထည့်သွင်းစဉ်းစားခြင်းကို စီးပွားရေး မူဝါဒများချမှတ်ခြင်း
    - ရပ်ရွာအကျိုးဆောင်ရွက်ခြင်း မဟာဗျူဟာနှင့် နှစ်ရှည် အစီအစဉ်များ
    - လုပ်ငန်းလည်ပတ်မှု အစီအစဉ်များ၊ ရပ်ရွာလုပ်ငန်းများ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ ပန်းတိုင်၊ အညွှန်းတိုင်းတာရန် နှင့် လက်တွေ့ လုပ်ဆောင်မှုများ
    - လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံသတ်မှတ်ချက်နှင့် လုပ်ငန်းစည်းကမ်းများတွင် ပေါင်းစပ်ပြုလုပ်ရမည်။

### ၃

**စောင့်ကြည့်ပါ။ သုံးသပ်အကဲဖြတ်ပါ။ တိုးတက်အောင်ပြုလုပ်ပါ။**

- ယဉ်ကျေးမှုအမွေအနှစ်များအပေါ် တိုက်ရိုက်သက်ရောက်မှု၊ သွယ်ဝိုက်သက်ရောက်မှုတို့ကို စောင့်ကြည့်ပါ။ ( ပိုကောင်းလာခြင်း၊ ပိုဆိုးသွားခြင်း )
- ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းရလဒ်များကို အကဲဖြတ်ပါ။ ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းစနစ်၏ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်ပါ။ (SMAဖြင့်လည်းကောင်း ၊ ပြင်ပစစ်ဆေးသူများဖြင့် လည်းကောင်း)
- လုပ်ငန်းလည်ပတ်ပုံအစီအစဉ်များ စီမံချက်များ စနစ်များကို တိုးတက်အောင် ပြင်ဆင်ပါ၊ ထပ်ထည့်ပါ။


### ၄

**ပြန်ကြားခြင်းနှင့် ဆက်သွယ်စီမံခြင်း။**

- ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်း ဆောင်ရွက်မှုများကို အများသိစေရန် ထုတ်ပြန်ပါ။ ကုမ္ပဏီတွင်းသိစေရန်အတွက် EART ကိုအသုံးပြုပြီး ပြည်သူအများသိစေရန် အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ ပုံစံဖြင့် ထုတ်ပြန်ပါ။
- ပြင်ပအသိုင်းအဝိုင်း၊ သက်ဆိုင်သူများနှင့် ပွင့်လင်းစွာ ဆက်ဆံပါ။ တွေ့ဆုံဆက်ဆံနိုင်ရန်အတွက် အခင်းအကျင်း များပြင်ဆင်ပေးပါ။

**အားလုံးပါဝင်သည့် ချိတ်ဆက်ဆောင်ရွက်မှု**

ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းတွင် နေရာအသီးသီးမှ သက်ဆိုင်သူများသည် အဓိပ္ပာယ်ရှိစွာနှင့် ပါဝင်နိုင်ရန်အတွက် ပြင်ဆင်ပေးရမည်။ ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းနှင့် ဆိုင်ပြီး မင်္ဂလာရှိသော ရလဒ်များ ပေါ်ပေါက်လာစေရန်အတွက် လုပ်ငန်းခွင်အတွင်း၌ ဝန်ထမ်းများနှင့်လည်း ကောင်းစွာချိတ် ဆက်ဆောင်ရွက်ရမည်။


JOHNNY BULUN BULUN

# ၂။ ဘယ်လိုလမ်းညွှန်မလဲ။


| | | |
|---|---|---|
| ၂.၁။ | **အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှု** | ၂၄ |
| ၂.၁.၁။ | အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှု အတွက် ဆွေးနွေးအကြံယူခြင်းသည်အကျိုးဖြစ်စေသည်။ | ၂၆ |
| ၂.၁.၂။ | အဖွဲ့တွင်း ချိတ်ဆက်ဆောင်ရွက်ခြင်း | ၂၇ |
| ၂.၂။ | **သိပါ။ နားလည်သဘောပေါက်ပါ။** | ၃၀ |
| ၂.၂.၁။ | ယဉ်ကျေးမှုအမွေအနှစ် ဆိုင်ရာဗဟုသုတစာတမ်းများ ပြုစုပါ။ | ၃၁ |
| ၂.၂.၂။ | ယဉ်ကျေးမှုအမွေအနှစ် ကိုခြိမ်းခြောက်နေသည်များကို နားလည်သဘောပေါက်ပါ။ | ၃၂ |
| ၂.၂.၃။ | ယဉ်ကျေးမှုအမွေအနှစ် ဆန်းစစ်ခြင်းပြုလုပ်ပါ။ | ၃၃ |
| ၂.၂.၄။ | ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်း – ရရှိလာသည့် အသိပညာ များပေါ်တွင် အခြေပြုရေးဆွဲပါ။ | ၄၄ |
| ၂.၃။ | **အစီအစဉ်ရေးဆွဲပါ။ လက်တွေ့အကောင်အထည်ဖော်ပါ။** | ၄၆ |
| ၂.၃.၁။ | ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်း အစီအစဉ်များ။ | ၄၈ |
| ၂.၃.၂။ | စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများ လက်တွေ့ အကောင်အထည်ဖော်ခြင်း။ | ၅၀ |
| ၂.၃.၃။ | မမြင်ရသော ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ခြင်း။ | ၅၈ |
| ၂.၃.၄။ | စီးပွားရေးလုပ်ငန်းတလျှောက်တွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းကို ထည့်သွင်းပေါင်းစပ်ခြင်း။ | ၆၄ |
| ၂.၄။ | **စောင့်ကြည့်ပါ။ အကဲဖြတ်ပါ။ တိုးတက်အောင်ပြုလုပ်ပါ။** | ၆၈ |
| ၂.၄.၁။ | စောင့်ကြည့်ပါ။ – "–ငါတို့ဘာတွေလုပ်နေတာတုန်း"– | ၆၈ |
| ၂.၄.၂။ | စောင့်ကြည့်ခြင်းအတွက် ပန်းတိုင်နှင့် တိုင်းတာရန် အညွှန်းများ | ၇၂ |
| ၂.၄.၃။ | သုံးသပ်အကဲဖြတ်ခြင်းနှင့် ဆက်တိုက် တိုးတက်ခြင်း – " ငါတို့ဘယ်လိုလုပ်ခဲ့ကြသလဲ ပိုကောင်းအောင်ဘယ်လို လုပ်ကြမလဲ " | ၇၈ |
| ၂.၅။ | **ပြန်ကြားခြင်းနှင့် ဆက်သွယ်စီမံခြင်း။** | ၈၂ |
| ၂.၅.၁။ | အများပြည်သူသိစေရန် ပြန်ကြားခြင်း။ | ၈၂ |
| ၂.၅.၂။ | အဖွဲ့အစည်းအတွင်းသိစေရန် ပြန်ကြားခြင်း။ | ၈၄ |
| ၂.၅.၃။ | ဆက်သွယ်စီမံခြင်း။ | ၈၄ |
| ၂.၆။ | **အကျဉ်းချုပ်** | ၉၀ |


*ဘယ်ဘက်မှပုံ*

*ကုန်သွယ်သူများ – ရွှန် ဘူလွန်ဘူလွန် နှင့် လျှိုဇန်ပင်း ၂၀၀၉။ ဖော်ပြပါ ပန်းချီသည် ပင်လယ်မျှော့ကုန်သွယ်ရေးကို တစိတ်တပိုင်းပြသသည့် အစိတ်အပိုင်းတခု။ တရုတ်နှင့် မက်ကာဆန် – အဘော်ရီဂျင် တို့ကြားမှ ကုန်သွယ်ရေးဆက်နွယ်မှု။ ထိုပြပွဲတွင် သမိုင်းဝင် လက်ရာများ နှင့် ခေတ်ပြိုင်အနုပညာလက်ရာများပါဝင်သည်။ လူသိနည်းသော တရုတ် – မက်ကာဆန် နှင့်ဩစတြေးလျအဘော်ရီဂျင်တို့ မှ (၁၈) ရာစုမှ (၂၀) ရာစုအထိ ယဉ်ကျေးမှု လေ့များ။ ဩစီနှင့် တရုတ်နိုင်ငံကြား နှစ်နှစ်ကြာ ယဉ်ကျေးမှုဖလှယ်သည့် အစီအစဉ်အရ ထိုပြပွဲများကို တရုတ်နိုင်ငံနှင့် ဩစီတို့တွင် ပြသခဲ့သည်။ ပြပွဲများကို ရီယိုတင်တိုက ပံ့ပိုးပေးခဲ့သည်။*

# ၂.၁။ အားလုံးပါဝင်သည့်ချိတ်ဆက်ဆွေးနွေးမှု

**ချိတ်ဆက်ဆွေးနွေးမှုဆိုသည်မှာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊ စိုးရိမ်ပူပန်မှုများနှင့် အကြံပေးချက်များကို နားထောင်ပေးခြင်းနှင့် အားလုံးသဘောတူသည့် လမ်းကြောင်းတခုကို ရေးဆွဲခြင်းဖြစ်သည်။ ထို့ကြောင့် ချိတ်ဆက်ဆွေးနွေးမှုဆိုသည်မှာ ဆွေးနွေးအကြံယူခြင်းထက် အဓိပ္ပာယ်ပိုသည်။ ချိတ်ဆက်ဆွေးနွေးမှုတွင် အားလုံးပါဝင်နိုင်ရမည် စဉ်ဆက်မပြတ်လုပ်သွားရမည့် ကိစ္စဖြစ်ကာ ယဉ်ကျေးမှုအမွေအနှစ်များစီမံခန့်ခွဲခြင်းကို လုပ်ငန်းအဆင့်တိုင်းအဆင့်တိုင်းတွင် မည်သို့ ထည့်သွင်းဆောင်ရွက်မည်ကို လမ်းပြပေးသည်။**

ထိရောက်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခန့်ခွဲခြင်းတွင် ရပ်ရွာသားများ၏ တက်ကြွစွာ ပူးပေါင်းမှုလိုအပ်သည်။ ၎င်းတို့ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် များကို ထိခိုက်မည့် ဆုံးဖြတ်ချက်ကြီးငယ် ချသည့်အခါတွင် ရပ်ရွာသားများ ပါရမည်။ ကျွန်ုပ်တို့လုပ်ငန်းစုရှိ ဌာနခွဲများ အားလုံးသည် ရပ်ရွာ၏ တန်ဖိုးထားမြတ်နိုးသည့် အရာများကိုသိမှတ်ပြီး လေးစားရမည်။

အထူးသီးသန့်နေရာများ၊ အရာဝတ္ထုများ၊ အလေ့အထများ အပေါ် ရပ်ရွာက ထားရှိသည့် မြတ်နိုးမှု၊ လုပ်ငန်းလည်ပတ်လှုပ်ရှားမှုကြောင့် ၎င်းတို့ပေါ်သို့ ထိခိုက်သက်ရောက်မှုများကို ယင်းဒေသခံ မဟုတ်သူများက သိမြင် နိုင်မည်မဟုတ်ပါ။ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုသည် ယင်းကိစ္စနှင့် သက်ဆိုင်သူအားလုံး၊ ရွာသူရွာသားများ အားလုံးကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖော်ထုတ်သည့်အခါ၊ စီမံထိန်းသိမ်းသည့်အခါတွင် ပါဝင်စေခြင်းဖြစ်သည်။

ရွာသားများက ဆုံးဖြတ်ချက်ချသည့် နေရာများတွင်ပါဝင်သောကြောင့် ရီယိုတင်တို ဝန်ထမ်းများသည် ရပ်ရွာအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် အခွင့်အလမ်းကောင်းများကို ရရှိစေသည်။

ဥပမာအားဖြင့် မေ့မှိန်နေသည့် ရိုးရာယဉ်ကျေးမှုဓလေ့များကို ပြန်လည် အသက်သွင်းပေးနိုင်သည့် အခွင့်အလမ်းမျိုး ရစေသည်။ အားလုံး ပါဝင်သည့် ဆွေးနွေးချိတ်ဆက်မှုသည် လုပ်ငန်းတွင်း ပြန်ကြားရေးတမျိုးပင်ဖြစ်ပြီး ဝန်ထမ်းတိုင်းသည် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရန်အတွက် လုပ်ဆောင်နေခြင်းကို ပိုမိုသေချာစေသည်။ ရံဖန်ရံခါတွင် အတွင်းစည်း အပြင်စည်းခြားထားသည်များမှာ မပြတ်မသားရှိသွားတတ်သည်။ ဒေသခံ အလုပ်သမားများက ဒေသတွင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ကိုယ်ပိုင်အချိတ်အဆက်ရှိသည့်အခါ အမြင်ရှိသည့်အခါမျိုးတွင် ဖြစ်သည်။ ကျွန်ုပ်တို့သည် သံယံဇာတ အစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ပြုပြင်လုပ်ကိုင်ခြင်း၊ မိုင်းလုပ်ငန်း၊ သန့်စင်ခြင်း၊ ပိတ်သိမ်းခြင်း၊ အပြီးသတ်ခြင်း စသည့် လုပ်ငန်းအဆင့်တိုင်းတွင် အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုလိုအပ်သည်ဟု ယုံကြည်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး ကုမ္ပဏီအတွင်းစည်း အပြင်စည်း တာဝန်ရှိသူများသည် ယဉ်ကျေးမှုအမွေအနှစ်ပေါ် ထိခိုက်သက်ရောက်မည့် အန္တရာယ်များ အပေါ်တွင် ထားရှိသည့် သူတို့၏ယူဆချက်များကဲ့သို့ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။

**စစ်ဆေးရန်**

- ✓ လုပ်ငန်းများ လည်ပတ်ရာရှိ ယဉ်ကျေးမှုအမွေအနှစ် များတန်ဖိုးထား ဖော်ထုတ်ခြင်းတွင် ဒေသခံများ၊ သက်ဆိုင်သူများ ကျယ်ပြန့်လုံလောက်စွာပါဝင်ပြီလား။ ဒေသခံမဟုတ်သော်လည်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သူများကိုလည်း ထည့်သွင်းမေးမြန်းပြီးပြီလား။
- ✓ ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များသည် ယဉ်ကျေးမှုအမွေများကို တန်ဖိုးထားသူများနှင့် စုံလင်စွာ တွေ့ဆုံဆွေးနွေးအကြံယူပြီးမှ ချမှတ်ခြင်းလား။ ယဉ်ကျေးမှုအမွေအနှစ် ကျွမ်းကျင်သူများနှင့် တိုင်ပင်ပြီးပြီလား။
- ✓ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် သက်ရောက်မှုများကို ပြင်ပရှိ သက်ဆိုင်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ထားရှိပါသလား။
- ✓ ထိုလုပ်ငန်းစဉ်များသည် ပွင့်လင်းပြီး အားလုံးအလွယ်တကူပါဝင်နိုင်ပြီလား။ သင့်တော်သည့် ဘာသာစကား၊ သင့်တော်သည့်နေရာတွင် သက်ဆိုင်သူများအတွက် ရေးသား ပြောပြထားခြင်းမျိုး ရှိပါသလား။
- ✓ ရပ်ရွာဒေသခံများ၏ မကျေနပ်ချက်များ တိုင်းကြားရန် သင့်တော်သည့် လုပ်ငန်းစဉ် ယန္တယားရှိပြီလား။

ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းတွင် အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးရန်မှာ အခက်အခဲများစွာ ရှိသည်။ သက်ဆိုင်သူအားလုံးကို မျှတပြီး ပုံမှန်ထိတွေ့ဆက်ဆံ နိုင်ရန်မှာ အောက်ဖော်ပြပါ အတားအဆီးများကို ဖြေရှင်းရမည်ဖြစ်သည်။

## အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုများကို တားဆီးထားသည့်အချက်များ

| | |
|---|---|
| ယဉ်ကျေးမှုအမွေနှင့် ပတ်သက်ပြီး အယူအဆ အလွဲများ | ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ ဌာနေတိုင်းရင်းသား များနှင့်သာဆိုင်သည့်အရာ၊ ရုပ်ဝတ္ထုများနှင့်သာ ဆက်နွယ်သည့်အရာ၊ သမိုင်းဝင် ပစ္စည်းများသာဖြစ်သည်ဟု ထင်မှတ်ခြင်းဖြစ်သည်။ မြင်တွေ့နိုင်သည့်၊ မမြင်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် များတန်ဖိုးတို့ကို လျစ်လျူရှုမိပါက ကြီးစွာသော သက်ရောက်မှု ရှိလာမည်ဖြစ်ပြီး အခွင့်အလမ်းကောင်းများ ဆုံးရှုံးရမည်ဖြစ်သည်။ |
| တဦးချင်းစီနှင့် ဆွေးနွေးမှု | ယဉ်ကျေးမှုအမွေအနှစ် ဆိုင်ရာဥပဒေများ (သို့မဟုတ်) ရပ်ရွာတခုခြင်းနှင့် သဘောတူညီချက်များက ယဉ်ကျေးမှုအမွေအနှစ် များနှင့် ပတ်သက်လာလျှင် မည်သူနှင့် ဆွေးနွေးသင့်သည်ဟု ပြဌာန်းပေးတတ်သည်။ အသေမှတ်ယူခြင်းကြောင့် တယောက်တည်း နှင့်ပင် ထပ်တလဲလဲဆွေးနွေးနေပြီး အခြားသူများကို ဖယ်ထုတ်ထားသည့် သဘောမျိုးဖြစ်သွားတတ်သည်။ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို သက်ဆိုင်သူအားလုံးနှင့် ချိတ်ဆက်ဆွေးနွေးမှုကို ပေါ်ပေါက်စေရန်အတွက် ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးအကြံယူမှုများကို ပြုလုပ်ရမည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများနှင့် မည်သူမျိုးနှင့် တွေ့ဆုံဆွေးနွေးပါဟု ဖော်ပြထားခြင်းမရှိပါက ဆွေးနွေးအကြံယူခြင်းကို ကျယ်ပြန့်စွာ ပြုလုပ်ရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် နွမ်းပါး စွမ်းအားနည်းသူများနှင့် လူရာမသွင်းသည့် အုပ်စုများနှင့် ဆွေးနွေးနိုင်မှုပြုလုပ်ရန်မှာ အခက်အခဲများရှိသည်။ လုပ်ငန်းခွင်တွင် အချိန်ပေးရလွန်းခြင်း၊ မအားလုပ်ခြင်းများကြောင့် အချို့သောသူများနှင့် ချိတ်ဆက်ဆွေးနွေးမှုများ နှောင့်နှေးရသည်။ မိသားစု အခြေအနေ၊ မကျေနပ်မှုများနှင့် ဆွေးနွေးမှုများအီလာသည့်အခါမျိုးတွင်လည်း အခက်အခဲများ ရှိလာနိုင်သည်။ |
| ယဉ်ကျေးမှုသတ်မှတ်ချက်များ | ယဉ်ကျေးမှုသတ်မှတ်ချက်များကြောင့် အမျိုးသမီးများနှင့် လူငယ်များသည် လူကြီးများ၊ အမျိုးသားများနှင့် ပြုလုပ်သည့် စည်းဝေးပွဲများတွင် ပါဝင်ခွင့်မရဖြစ်တတ်သည်။ ထိုအခါတွင် ၄င်းတို့အမြင်များ ပူပန်မှုများမှာ လူမသိသူမသိ ဖြစ်နေတတ်သည်။ |
| အချိန်သတ်မှတ်ချက်၊ လုပ်ငန်းတာဝန်များ | လုပ်ငန်းတာဝန်များပြားခြင်း နှင့် စီမံကိန်း အချိန်မီ ပြီးစီးလိုမှုများက ဝန်ထမ်းများကို ချိတ်ဆက်ဆွေးနွေးခြင်းကို ကောင်းစွာဆောင်ရွက်နိုင် ခြင်းမှ ဝေးကွာစေသည်။ |
| သတင်းအချက်အလက်များ ရယူနိုင်မှု | အချို့သော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်သည့် အသိအမြင်များကို အချို့သောလူအတန်းအစားများထံသို့ သိရှိခွင့်မပေးပဲ ချုပ်ကိုင်ထားခြင်းမျိုးများရှိနိုင်သည်။ ထိုအခါမျိုးတွင် ယင်းအမွေအနှစ်၊ နေရာ၊ အလေ့အထတို့၏ ခန့်ညား ကြီးကျယ်မှုတို့ကို မပြောပြနိုင်ပဲဖြစ်နေတတ်သည်။ ထိုသို့လျှို့ဝှက်ထားမှုသည် ကျား၊မ၊ အသက်အရွယ်၊ ဆက်စပ်မှုများအပေါ်မူတည်ကာ ဖြစ်ပေါ်တတ်သည်။ လူ့တန်းစားပေါင်းစုံ၏ ယဉ်ကျေးမှုအမွေအနှစ် များနှင့်ဆိုင်သည့် ပူပန်မှုများကို ဖော်ထုတ်နိုင်ရန်အတွက် သင့်တော်သည့် ဝန်ထမ်းများက ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ကျွမ်းကျင်သူများ၏ ပုံမှန်ဆွေးနွေးမှုများကလိုအပ်သည်။ |
| ဥပဒေကြောင်း သတ်မှတ်ချက်များ | အချို့သော တရားရေးစနစ်များတွင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများက ဆောင်ရွက်ရမည်ဟု ဥပဒေထုတ်ကာ သတ်မှတ်ထားသည်။ တတိယ အင်အားစုများက ပြုလုပ်သည့် ဆွေးနွေးအကြံယူမှုများသည် ရီယိုတင်တို၏ ရပ်ရွာအရပ်ကျိုးပြုလုပ်ငန်းများ လုပ်ကိုင်သည့်အခါတွင် ကျင့်သုံးရမည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသကဲ့သို့ ထိခိုက်ခံစားရမည့် ရပ်ရွာများနှင့်လည်း ကောင်းမွန်သည့် ဆက်ဆံရေးကို ဆောင်ကျဉ်းနိုင်ခြင်းမရှိပါ။ တတိယ အင်အားစုများက ဆောင်ရွက်ပေးသည့် ဆွေးနွေးအကြံယူခြင်းသည် အနှစ်သာရအရ နိမ့်ကျသည်သာမက ကုမ္ပဏီနှင့် ရပ်ရွာကြားမှ ဆက်ဆံရေးကိုပါ ထိပါးစေသည်။ တတိယ အင်အားစုက ပြုလုပ်မည့် ဆွေးနွေးအကြံယူမှုများကို ဖြည့်စွက်ရန်အခွင့်အလမ်းကို အလေးအနက်စဉ်းစားသင့်သည်။ |
| အထွေထွေ အတားအဆီးများ | ဝေးလံခေါင်ဖျားမှု၊ ရာသီဥတုပြင်းထန်ဆိုးဝါးမှု၊ ဗဟုသုတနှင့် ပညာရေးနည်းပါးမှု ( ဘာသာ စကားပိုင်းဆိုင်ရာ၊ ရုံးလုပ်ငန်း ဆိုင်ရာ နားလည်မှု နည်းပါးခြင်း )၊ စရိတ်ထောင်းခြင်း၊ နေရာဝေးကွာခြင်း၊ သတင်းစီးဆင်းမှုနဲပါးခြင်း (ပုံမှန် ဆက်သွယ်ရေး လမ်းကြောင်းမှ ဝေးကွာနေခြင်း ) နှင့် အခြားထွေလီကာလီအတားအဆီးများက ချိတ်ဆက် ဆွေးနွေးမှုများကို အခက် အခဲများဖြစ်စေသည်။ ကုမ္ပဏီတွင်းချထားပေးသည့် ငွေကြေး၊ အချိန်အကန့်အသတ်တို့သည် ထိရောက်သော ချိတ်ဆက် ဆွေးနွေးမှုများကို လုပ်ငန်းလည်ပတ်စဉ် ထည့်သွင်းလုပ်ဆောင်ရန်အတွက် အခက်အခဲများဖြစ်စေသည်။ |

အောင်မြင်သော ချိတ်ဆက်ဆွေးနွေးမှုဆိုသည်မှာ

- ရပ်ရွာထဲရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်ပြီး ဗဟုသုတ အသိပညာ ရှိသူအားလုံးသည်သင့်တော်သည့် လူထုအစည်းအဝေး ပွဲများတွင် ၄င်းတို့၏ အမြင်များကို ဖော်ထုတ်နိုင်သည့် အခွင့်အလမ်းရရှိမှု
- ယဉ်ကျေးမှုအမွေအနှစ်နှင့်ဆိုင်သောစစ်တမ်းကောက်ယူ ရာမှ ရရှိလာသည့် အချက်အလက်များကို ရပ်ရွာသားများ အလွယ်တကူ နားလည်လက်လှမ်းမီစေမည့် အရေးအသားမျိုးနှင့် ဖြန့်ဖြူးပေးသည်။
- ရပ်ရွာလူထုများသည် ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများ မကျေနပ်မှုများကို ကုမ္ပဏီအား တိုင်ကြားနိုင်သည့် သဘောတူထားသော စောဒက မကျေနပ်မှုများ၊ နာကျည်းချက်များ ဖြေရှင်းရေး လုပ်ငန်းစဉ်များရှိမှု ( ရီယိုတင်တို၏ စောဒက၊ မကျေနပ်မှုများ၊ နာကျည်းချက်များ ဖြေရှင်းပုံ လမ်းညွှန်ကို ကြည့်ပါ။ )
- ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေမည့် ဆုံးဖြတ်ချက် တစုံတရာအတွက် ရပ်ရွာလူထုကို အမြဲအသိပေးသည်။ ၄င်းတို့ထံမှ ရရှိလာသည့် တိုင်တန်းချက်များ၊ ပူပန်မှုများကို အမြဲဖြေရှင်းပေးသည်။
- လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ၄င်းတို့ကို စီမံခန့်ခွဲမှုများ၌ မကျေနပ်ချက်များ ပေါ်ပေါက်လာ၍ အပြောင်းအလဲများ ပြုလုပ်မည်ဆိုပါက ရပ်ရွာ၏ အကြံပေးချက်များကို အသုံးပြုသည်။

ဇယား (၁)အောင်မြင်ထိရောက်သော ချိတ်ဆက်ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဆွေးနွေးရမည့် ရပ်ရွာသားများနှင့် သက်ဆိုင် သူများ စာရင်းကို ဖော်ပြထားသည်။

**၁။ မည်သူနှင့် ချိတ်ဆက်ဆွေးနွေးရမည်နည်း။**

ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် ပတ်သက်လာပါက သမိုင်းကြောင်းအရ ခိုင်မာမှု၊ ရိုးရာဓလေ့ အသုံးချသူများ၊ ယဉ်ကျေးမှု အမွေအနှစ် ပိုင်ရှင်၊ ရပ်ရွာဒေသခံများ၊ ဌာနေတိုင်းရင်းသားများ၊ လူနည်းစုများ၊ သားစဉ်မြေးဆက်များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ နိုင်ငံအဆင့်နှင့် ဒေသတွင်းပြတိုက်များ၊ အစိုးရအဖွဲ့အစည်းများ၊ ယဉ်ကျေးမှု အဖွဲ့အစည်းများ၊ သိပ္ပံနည်းပညာ အသုံးချသူများ၊ ဒေသခံ သမိုင်းလေ့လာသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာ နေရာသာမက ရပ်ဝေးဒေသများမှ ပါဝင်သက်ဆိုင်သူများ အားလုံးကို အကျယ်အပြန့် ဆောင်ရွက်နိုင်မှသာ အောင်မြင်လိမ့်မည်ဟု ရီယိုတင်တို ယဉ်ကျေးမှုအမွေအနှစ်စီမံခြင်း လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည်။

## ၂.၁.၁။ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုများအတွက် ဆွေးနွေးအကြံယူခြင်းသည် တအားဖြစ်သည်။

ရပ်ရွာအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆွေးနွေးရန်အတွက် အသုံးပြုသည့် နည်းအမျိုးမျိုးရှိသည်။ မည်သည့် နည်း၊ မည်သည့် လုပ်ငန်းစဉ်တွင်မဆို ရပ်ရွာဒေသခံများနှင့် ဝန်ထမ်းများအကြားပွင့်လင်းသော ဆက်ဆံရေးသည် လုပ်ငန်းများကို အောင်မြင်စေ သည်။

ရပ်ရွာသားများ၏ ပူပန်မှုများကို သင့်တော်သည့်နည်းနှင့် ဆွေးနွေးအကြံယူခြင်းသည် အဓိက အရေးကြီးသည့် အချက်ဖြစ်သည်။ ( ဆွေးနွေးအကြံယူခြင်းနှင့် ချိတ်ဆက်ဆွေးနွေးခြင်းလုပ်ငန်းတို့အတွက် ရီယိုတင်တို၏ လမ်းညွှန်တွင် ဖော်ပြထားသည်ကို ကြည့်ပါ။ ) ဆွေးနွေး အကြံယူခြင်းနှင့် ချဉ်းကပ်ပုံများကို တခါတည်း ရေးဆွဲထားပြီး ရပ်ရွာအကြောင်းကို ပို၍သိလာ သည်နှင့်အမျှ ပြင်ဆင်မှုများကိုလည်း တပါတည်းပြုလုပ်သည်။

လမ်းညွှန်တွင် ဖော်ပြထားချက်များသည် မည်သူနှင့် ဆွေးနွေးအကြံယူရမည်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဆွေးနွေးအကြံယူရမည့်သူကြား ဆက်နွယ်ပုံကို ဖော်ထုတ်ပေးသည်၊ အချိန်အတိုင်းအတာကိုလည်း သတ်သတ်မှတ်မှတ်ဖြစ်စေကာ စီမံကိန်းမစမီ ဦးဆုံးလုပ်ကိုင်ရမည့် အရေးကြီးသည့် အရာဖြစ်သည်ကို နားလည်သဘောပေါက်စေသည်။ ယဉ်ကျေးမှုအမွေအနှစ်များသည် အသက်အရွယ်၊ ကျား/မ၊ အတန်းအစား၊ လူမျိုး၊ မိသားစု၊ နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေးဆိုင်ရာ အသီးသီးကွဲပြားမှုများနှင့် သက်ဆိုင်သည်။ ထိုကွဲပြားသည့် အချက်များက ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပစ္စည်း၊ ဒေသ၊ အလေ့အထများပေါ်ထားရှိသည့် တန်ဖိုး အနည်းအများကိုဖြစ်စေပြီး ရပ်ရွာလူထု၊ သက်ဆိုင်သူများနှင့် ဆွေးနွေးအကြံယူသည့်အခါများတွင် ယင်းကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ရံဖန်ရံခါတွင် ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်သည့် အသိများကို လူတစုကသာ ချုပ်ကိုင်ထားသည့် ရပ်ရွာမျိုးလည်း ရှိတတ်သည်။ ထိုလူစုက ယင်းအသိများကို ဝန်ထမ်းများကို ပေးမသိစေရန် ထိန်ချန်ထားခြင်း (သို့မဟုတ်) ဝန်ထမ်းဖြစ်သော်လည်း အသက်အရွယ်အလိုက် ကျား/မကွဲပြား မှုများအပေါ် အခြေခံကာ မပြောပြပဲ ထိန်ချန်ထားသည်များလည်း ရှိတတ်သည်။ ကျွမ်းကျင်သူများ၊ မန်နေဂျာများအနေနှင့် ထိုကဲ့သို့သော သဘောထားများကို နောကျေထားရမည်ဖြစ်ပြီး ယဉ်ကျေးမှုအရ **ကွဲလွဲ ထိရှလွယ်သော သတင်းအချက်အလက်များကို ဖွင့်ချခြင်းမပြုဘဲ** အဓိကကျသောယဉ်ကျေးမှုအမွေအနှစ်၏အရည်အသွေးကိုလိမ္မာပါးနပ်စွာဖော်ထုတ်တက်ရမည်။ လူသားတစ်ဦးချင်းဆီ၏ လွတ်လပ်စွာ သီးသန့်ဖြစ်တည်ခွင့်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအကြောင်းကို သိကျွမ်းထားခြင်းမှာ လူတို့၏ ဉာဏဆိုင်ရာ မူပိုင်ခွင့်ဖြစ်သည်ကို အသိအမှတ်ပြုရန် များစွာ အရေးကြီးသည်။

ရံဖန်ရံခါတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး အယူအဆများ၊ တန်ဖိုးထားမှု၊ အရေးပါမှုများသည် တဦးနှင့်တဦး မတူညီပဲဖြစ်တတ်သည်။ မိသားစု အတွင်း၊ အုပ်စု တစုအတွင်းမှာပင် အမြင်ကွဲပြားမှုများ ပေါ်ပေါက်တတ်သည်။ ထိုအခါမျိုးတွင် ကျွန်ုပ်တို့သည် တဘက်ကို ဘက်လိုက်ရန်မဟုတ်ပါ။ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုဆိုသည်မှာ မတူညီသည့် တန်ဖိုး၊ အမြင်များ၊ ပဋိပက္ခများကို ကြားနာဖြေရှင်းပေးခြင်းဖြစ်သည်။ အားလုံးပါဝင်သည့် ဆွေးနွေးမှုကို ဖြစ်ပေါ်စေသည့် အားပေးသည့် အခြားချဉ်းကပ်ပုံ

နည်းလမ်းများကို ဇယားကွက်(၂)တွင် ဖော်ပြထားသည်။

**၂။ အားလုံးပါဝင်သည့် ဆွေးနွေးချိတ်ဆက်မှုကို ဖြစ်ပေါ်စေသည့် ဆောင်ရွက်ရျက်များ**

- ကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်ရန် ရှေးရှုလျက် ပုံမှန်တွေ့ဆုံဆွေးနွေးအကြံယူမှုများကို ပြုလုပ်ပါ။
- ရပ်ရွာ၏ လူမှုဖွဲ့စည်းပုံ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ကျင့်ဝတ်များ အကြောင်းကို နားလည်အောင် လေ့လာပါ။ ထိုအခါမှသာယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်ပြီး ဆွေးနွေးသည့် အခါတွင် မည်သူနှင့် ဆွေးနွေးရမည်ကို ဖော်ထုတ်နိုင်ပြီး တရွာလုံး၏ သဘောထားများကိုလည်း ပေါ်လွင်စေမည် ဖြစ်သည်။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်း မည်သို့ပြုလုပ်နေသည်ကို ရပ်ရွာသားများသိရှိစေရန်အတွက် လုပ်ငန်းများနှင့် ပတ်သက်ပြီး ထိတွေ့မှုများပြုလုပ်ပေးပါ။
- အခါကြီးရက်ကြီးများတွင် ပွဲလမ်းသဘင်များပြုလုပ်ခြင်းကဲ့သို့သော လှုပ်ရှားမှုများနှင့် စီမံကိန်း၏ အရေးပါသော နေ့များတွင် ရပ်ရွာ အသိုင်းအဝိုင်းများကို ဖိတ်ကြားခြင်းဖြင့် ပါဝင်စေပါ။
- ဒေသသုံးစကားကို အသုံးပြုပါ။ မြှင့်တင်ပေးပါ။ ဥပမာ။ ။ ဘာသာစကား နှစ်မျိုး (သို့မဟုတ်) မျိုးစုံသည်တို့ဖြင့်သိသာစေသည်။
- လုပ်ငန်းလည်ပတ်စဉ်တလျှောက် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများတွင် ရပ်ရွာသားများကို ပါဝင်စေပါ။
- လုပ်ငန်းအောင်မြင်မှု၊ အတွေ့အကြုံများကို အခြားဌာနများ နှင့်ဆွေးနွေးဖလှယ်ပါ။
- ဝန်ထမ်းအားလုံးကို ဒေသဓလေ့နှင့်အလိုက် ယဉ်ကျေးမှုဆိုင်ရာ အမြင်နိူးကြားစေရန် သင်တန်းပေးပါ။

ရီယိုတင်တိုမှ ပြုစုထားသည့် အဘော်ရီဂျင်များနှင့် ချိတ်ဆက်ဆွေးနွေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းလမ်းညွှန် ကို မှီးထားပါသည်။

## ၂.၁.၂။ အဖွဲ့တွင်း ချိတ်ဆက်ဆောင်ရွက်ခြင်း။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နှင့် ရပ်ရွာအကျိုး ဆောင်ရွက်သည့်သူများက ဆောင်ရွက်သည့် အဖွဲ့တွင်း ချိတ်ဆက်ဆောင်ရွက်ခြင်း အမွေအနှစ်သည်လည်း ပြင်ပကမ္ဘာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကဲ့သို့ပင် အရေးပါသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ရပ်ရွာအကျိုး ဆောင်ရွက်သည့်သူများလက်အောက် တွင်မရှိသည့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေးစားလျက် လုပ်ငန်းဆောင်ရွက်မှု ရှိစေရန် အတွက် ဤချိတ်ဆက်မှုက အရေးပါလှသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းကာ ကွယ်ခြင်းနှင့် စီမံခြင်းတို့ကို ထိရောက်စွာပြုလုပ်မည်ဆိုပါက လုပ်ငန်းလည်ပတ်သည့်အခါများတွင် ရှင်းလင်းသည့် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလိုသည်။ သို့မှသာ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများသည်

- ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် အတိအကျ လိုက်နာမည်
- ပြင်ပကမ္ဘာနှင့်ချိတ်ဆက်ဆွေးနွေးသည်ကို ပံ့ပိုးပေးနိုင်မည်
- လုပ်ငန်းဆောင်ရွက်ရာတွင် အများ ယဉ်ကျေးမှုနှင့်ကိုက်ညီစွာဆောင်ရွက်နိုင်မည်
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံမှု စနစ်ဆိုင်ရာ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်။

ဇယားကွက် (၃) တွင် ရီယိုတင်တို၏ ဩစတြေးလျမှ ကျောက်မီးသွေးမိုင်းလုပ်ကွက်တခုမှ လုပ်သားများ၏ ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်နိုးကြားမှုများကို ဆန်းသစ်စွာ ဆောင်ရွက်ခဲ့ပုံကို ဖော်ပြထားသည်။ ရီယိုတင်တို၏ ဩစတြေးလျနိုင်ငံကွင်းစ်လန်းမြောက်ပိုင်းမှ အယ်လ်ကန်ဝေပါ လုပ်ငန်းအကြောင်း ဖြစ်စဉ်လေ့လာချက်သည် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်နှင့် ပတ်သက်ပြီး ချိတ်ဆက်ညှိနှိုင်းခြင်းနှင့် ဆိုင်သည့် ချဉ်းကပ်ပုံအမျိုးမျိုးနှင့် ပေါ်ပေါက်လာသည့် အကျိုးရလဒ်များကို ဖော်ပြထားသည်။

ဇယားကွက် (၃) – ဟေးလ်ခရိ လမ်းကလေး

ရီယိုတင်တို၏ ဩစတြေးလျနိုင်ငံမှ ဟေးခရိ ကျောက်မီးသွေးမိုင်းသည် ၂၀၀၉ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာ နှင့် လုပ်ငန်းခွင်ကြားသွားသည့်လမ်းကလေး ကိုဖောက်လုပ်ခဲ့သည်။ ယင်းလမ်းသည် ဒေသခံ ပိုင်ရှင်ဖြစ်သော ဝီရီ ယူဝီဘူရာ လူမျိုးများနှင့် ဆွေးနွေးအကြံယူလျက် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုလမ်းကလေး ဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများကြားတွင် အဘော်ရီဂျင်တို့၏ အမွေအနှစ်နှင့် ဆိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်များကို နှိုးဆွပေးရန်ဖြစ်သည်။ လမ်းဘေးဝဲယာတွင် ဆိုင်းဘုတ်ကလေးများရှိပြီး ယင်းဆိုင်းဘုတ်များသည် စီမံကိန်းနေရာမှ ပြောင်းပေးလိုက်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တခုခြင်းစီ အကြောင်းကို ပြထားပေးသည်။ ပြောင်းလိုက်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကိုလည်း လမ်းဘေးဝဲယာတွင်ပြသထားသည်။ လမ်းကလေးဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထိုဒေသရှိ ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များကို ပိုမိုသိလာစေရန်၊ ဝီရီ ယူဝီဘူရာ ယဉ်ကျေးမှုကို ပိုမိုလက်ခံလာစေရန် ရည်ရွယ်ကာ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။



*အဘော်ရီဂျင်တို့၏ သမိုင်းအမွေအနှစ်များနှင့် ပတ်သက်ပြီး ဝန်ထမ်းတို့၏ အသိပညာများကို နှိုးဆွမြင့်တင်ပေးရန် အတွက် ဝီရီ ယူဝီဘူရာ ရိုးရာယဉ်ကျေးမှု ပိုင်ရှင်များနှင့် အကြံယူကာ ဖော်ထုတ်ထားသည့် လမ်းကလေး။ ဩစတြေးလျ ကွင်းစ်လန်း ဟေးခရိလမ်းကလေး။*

# ဖြစ်စဉ်လေ့လာချက် (၁) ရီယိုတင်တို၏ဩစတြေးလျနိုင်ငံ

## ကွင်းစ်လန်းမြောက်ပိုင်းမှ အယ်လ်ကန်ဝေပါလုပ်ငန်း၏ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုပြုလုပ်ခြင်းနှင့် ဆိုင်သည့်ဖြစ်စဉ်လေ့လာချက်





Weipa
Australia

ဝေပါနှင့် အန်ဒွန်းဘောင်ဆစ်မိုင်းတို့သည် ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းမြောက်ပိုင်း ကိတ်ယောက်ခ် ကျွန်းဆွယ်ပေါ်မှ ဝေပါ အရပ်တွင်ရှိသည်။ ထိုနေရာတွင် မိုင်းလုပ်ငန်းလုပ်ကိုင်သည်မှာ ၁၉၅၀ နှစ်များကတည်းကဖြစ်သည်။ ရီယိုတင်တို၏ အစီအစဉ်မှာ ယခင်ကမိုင်းလုပ်ငန်းမလုပ်ရသေးသည့် နေရာ ဖြစ်သော အရှေ့အန်ဒွန်းဒေသသို့ မိုင်းလုပ်ငန်းတိုးချဲ့ရန်ဖြစ်သည်။ မိုင်းလုပ်ငန်းများကို ၂၀၁၁ - ၂၀၁၂ ထက်စော၍စတင်ရန် အစီအစဉ်မရှိသော်လည်း ရပ်ရွာ ဆိုင်ရာ၊ အမွေအနှစ်ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံချက် အစီအစဉ်များကို ကောင်းစွာကြိုတင်ပြင်ဆင် ထားသည်။

အဓိကဖြေရှင်းရမည့် ပြဿနာများနှင့် ကြိုကြိုတင်တင် ဆောင်ရွက်ရမည့် အရာများကို ကြိုတင်ဖော်ထုတ်ထားသည်။

**အခက်အခဲ** – ဝေပါ ဒေသတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့် တစ်ချိန်တည်းမှာပင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခန့်ခွဲခြင်း အစဉ်အလာအရ ထိုမြေကိုပိုင်ဆိုင်ခဲ့သူများအတွက် ယင်းနေရာသည် ရှေးဟောင်း သုတေသန တန်ဖိုးသာရှိသည်မက မြေနှင့်ပတ်သက်ပြီး နာမ်ဝိညာဉ်ဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမှာ နက်ရှိုင်းစွာဖြစ်တည်လျက်ရှိကာ ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းတခုလုံးကိုပင် လွှမ်းမိုးမှုရှိနေခြင်းတို့ကြောင့် အခက်အခဲရှိသည်။ ထို့ကြောင့် ဝေပါဒေသတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ပေးခြင်းသည် မြေယာပိုင်ဆိုင်မှု၊ သယံဇာတ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး အစဉ်အလာအရ ပိုင်ဆိုင်ခဲ့သူများ၏ အခွင့်အရေး၊ လုပ်ပိုင်ခွင့်များနှင့် နက်ရှိုင်းစွာပတ်သက်လျက် ရှိသည်။ ဝေပါ ဒေသတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ကိုကောင်းစွာ စီမံလိုပါက ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းကို ကျယ်ပြန့်စွာထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းကို သီးခြားအလုပ် တစ်ခုအနေနှင့် မှတ်ယူ၍မရပါ။ ထိုအခါတွင် အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုကို သက်ဆိုင်သူများနှင့် အကျယ်အပြန့် ပြုလုပ်ရမည်ဖြစ်သည်။ ရီယိုတင်တို သဘာဝပတ်ဝန်းကျင် ဌာနမှ ဝန်ထမ်းများလည်း ပါဝင်ရမည်ဖြစ်သည်။။ ကုမ္ပဏီအတွက် အဓိက အခက်အခဲကြီးတခုမှာ ရှုပ်ထွေးလှသော လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံနှင့် သဘာဝ ပတ်ဝန်းကျင်များအကြားမှ ကိုင်တွယ်ပြသ မရနိုင်သည့် အမြတ်တနိုး တန်ဖိုးထားရသည့် ယဉ်ကျေးမှု အမွေအနှစ်များကို မည်သို့စီမံမည်နည်းဟူသော အချက်ဖြစ်သည်။

**လုပ်ငန်းစဉ်** – အတွင်းစည်း အပြင်စည်း ချိတ်ဆက်ဆွေးနွေးပါ။

အရှေ့အန်ဒွန်းတွင် လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရီယိုတင်တို အက်လန်၏ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးခြင်းနှင့် တသားတည်းကျအောင် ဆောင်ရွက်ထားသည်။ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များနှင့်ပတ်သက်ပြီး သာနီ ကီသီ လူမျိုးတို့၏ ပူပန်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံမှုတို့ကို ပူးပေါင်းရေးဆွဲထားသည့် အစီအစဉ်ကို လုပ်ငန်းများ အကောင်အထည်မဖော်မီ စတင်အကောင်အထည် ဖော်ခဲ့သည်။ အထူးသဖြင့် မြေကို အစဉ်အလာအရ ပိုင်စိုးခဲ့သူများက ဝေပါတွင်လာရောက် နေထိုင်သူများနှင့် ခရီးသွားများ အပန်းဖြေ အသုံးပြုမည့် ဗွီဗိုက်စ် လမ်းကြောင်း နှင့်ပတ်သက်ပြီး ပူပန်မှုများကို ထုတ်ဖော်ခဲ့သည်။ သာနီကွီသီ လူမျိုးများအတွက်မူ ဗွီဗိုက်စ် လမ်းကြောင်းသည် ၎င်းတို့မြေသို့ လာရောက်လည်ပတ်သူ ဧည့်သည်များကို အခမ်းအနားနှင့် ကြိုသည့်အခါတွင် အသုံးပြုသည့် ရိုးရာ အခမ်းအနား ပြုလုပ်သည့် နေရာဖြစ်သည်။ သာနီကွီသီတို့က ယင်းနေရာကို အများပြည်သူ အသုံးပြုရန်အတွက် ပေးအပ်သော်လည်း လေးဘီးယက်ကားများကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို စိုးရိမ်သည်။ ယင်းနေရာသည် ရေစပ်တွင်ရှိသည်။ ဖြတ်သန်းသွားလာသူတို့က အမှိုက်များ စည်းကမ်းမဲ့ ပစ်မည်ကိုလည်း စိုးရိမ်သည်။ ရီယိုတင်တို အယ်ကန်က ၎င်းတို့၏ ပူပန်မှုများကို ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ် ပြဿနာအနေနှင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ အနေနှင့်လည်းကောင်း သိမှတ်သားသည်။ ထိုပူပန်မှုများကို ဖြေရှင်းရန်အတွက် ရီယိုတင်တို အယ်ကန် ရပ်ရွာဆက်ဆံရေးနှင့် သဘာဝပတ်ဝန်းကျင် ဌာနသည် အစဉ်အလာ ပိုင်ရှင်များနှင့် တွဲလျက် ရေစပ်စပ်ရှိရာ မြစ်ကမ်းသို့ ကားများမောင်းနှင်ခြင်း မပြုနိုင်ရန် ယဉ်အသွားအလာများကို ကြပ်မတ်သည်။ ကားပါကင်နေရာ သတ်မှတ်ခြင်း ပါဝင်သည်။ ဗွီဗိုက်စ် လမ်းကြောင်းသည် သာနီကွီသီ လူမျိုးများအတွက် မည်မျှ အရေးပါသည်ကို အများသိစေရန်နှင့် ဝန်ထမ်းများ သဘော ပေါက်နားလည် ကိုယ်ချင်းစာစေရန် ပညာ ပေးအစီအစဉ်များ ပြုလုပ်သည်။ သတိပေး ဆိုင်းဘုတ်များ ထောင်ခြင်း၊လက်ကမ်းဝေစာ များဝေခြင်းတို့ဖြင့် ဖြတ်သန်း သွားလာသူတို့သည် ယင်းနေရာ၏ တန်ဖိုးကို သိစေရန် ပြုလုပ်သည်။ ၂၀၁၀ ခုနှစ်တွင် ရိုးရာ ဗဟုသုတများပါဝင်သည့် ကုမ္ပဏီနှင့် ရပ်ရွာတို့၏ လစဉ်ဆောင်ရွက်မည့် အရာများကို ဖော်ပြထားသည့် ပြက္ခဒိန်ထုတ်သည်။ ထို ပြက္ခဒိန်တွင် ယင်းနေရာကို ဆက်လက် အသုံးပြုခွင့်ရရေး ဆိုသည်မှာ အစဉ်အလာအရ ပိုင်စိုးသူများ၏



စေတနာကောင်းများအရဖြစ်သည်ကို ဖော်ပြထားသည်။

ရလဒ် – အားလုံးပူးပေါင်းပါဝင်သည့် ဗီဗိုက်စ်လမ်းကြောင်း စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက် သည့် အခါတိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များနှင့် ပတ်သက်သည့် ပြဿနာများကိုနားလည် ရန်အတွက် အားလုံးပါဝင်သည့် ချိတ်ဆက် ဆွေးနွေးမှုမျိုးလိုအပ်သည်။ အထူးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့်နေရာ များကို မည်သို့ကောင်းမွန်သင့်တော်အောင် စီမံဆောင်ရွက်မည်နည်းကို သိရန်အတွက် အရေးကြီးသည်။ အရှေ့အန်ဒွန်း စီမံခန့်ခွဲမှု စီစဉ်ထားမှုတွင် စီမံခန့်ခွဲရေး ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် အစဉ်အလာအရ မြေပိုင် စိုးသူများ၊ အခြားသော သာနီကွိသီများ၊ မြေယာစီမံခြင်းနှင့်ဆိုင်သည့် ယဉ်ကျေးမှုဆိုင် ရာအမွေအနှစ်များများဆောင်ရွက်နေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းဆောင် ရွက်သူများ၊ နှင့် ဆွေးနွေးအကြံယူမှုလည်း ပါဝင်သည်။ ဝေပါ ရပ်ရွာအဖွဲ့အစည်းများနှင့် ချိတ်ဆက်သည့်အခါတွင် ဝန်ထမ်းများ၏ အပြုအမူများသည် ဒေသယဉ်ကျေးမှုနှင့် ကိုက်ညီစေရန် နှင့် အစဉ်အလာအရ ပိုင်စိုးသူများ စိတ်ကျေနပ်မှု ရစေရန်လည်း ပါဝင် သည်။ထိုကဲ့သို့ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုလုပ်ရ ခြင်း၏ ရလဒ်မှာ ပတ်ဝန်းကျင်ရော ယဉ်ကျေးမှုပါ ထိန်းသိမ်း သည့် အစီအမံ၊ မြေယာနှင့် ရေအရင်း အမြစ်ဆိုင်ရာ စီခံခန့်ခွဲမှု ရလဒ်ကောင်းများ၊ လုပ်ငန်းနှင့် အစဉ်အလာအရ ပိုင်စိုးသူများ အကြားကောင်းမွန်သည့် ဆက်ဆံရေး တည်ထောင်နိုင်ခြင်းတို့ဖြစ်သည်။




*နိကွာ - ဗီဗိုက်စ် လမ်းကြောင်းသည် သာနီကွိသီ လူမျိုးများအတွက် အလွန်အရေးကြီးသည်။ ဗီဗိုက်စ် သည် အနာရောဂါများကို ပျောက်ကင်းသက်သာစေသည့် အရပ်ဖြစ်ပြီး ရိုးရာပွဲများ၊ မင်္ဂလာခံယူပွဲများ ပြုလုပ်ရန်အတွက် အလွန်အရေးပါသည့်နေရာဖြစ်သည်။*
*ထိပ်ဆုံးပုံ*
*သာနီကွိသီ သက်ကြီးဝါကြီး စတီဗင်ဟော နှင့် ရီယိုတင်တို အယ်ကန်၏ အမွေအနှစ် စီမံရေး အရာရှိ အာမန်ဒါ ဝုဒလေ တို့သည် ရှေးဟောင်း ရုပ်ကြွင်းများကို ရေဒီယိုကာဗွန်နည်း နှင့် သက်တမ်းမည်မျှရှိပြီကို ဖော်ထုတ်ရန် နမူနာ စုဆောင်းနေပုံဖြစ်သည်။*
*အပေါ်ပုံ*
*ဗီဗိုက်စ် လမ်းကြောင်းနှင့်ပတ်သက်ပြီး ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမည်မျှကြီးသည်ကို သတင်းပေးသည့် လက်ကမ်းစာစောင်တခု။ သာနီကီသီ များနှင့် ရီယိုတင်တို လုပ်ငန်းတို့ ပူးပေါင်းထုတ်ဝေသည်။ အခြားပညာပေး စာရွက်စာတမ်း ပစ္စည်းများကိုလည်း ပူးပေါင်းထုတ်ဝေသည်။*
*စက်ဝိုင်း*
*ရှေးဟောင်းနယ်မြေမှ ရုပ်ကြွင်းများ*

# ၂.၂။ သိပါ။ နားလည်သဘောပေါက်ပါ

ရပ်ရွာအသိုင်းအဝိုင်းများအတွက် အရေးပါသည့် နေရာ၊ ဝတ္ထုပစ္စည်း၊ အလေ့အထများ အကြောင်းကို သိထားကာ အဘယ်ကြောင့် ယင်းအရာများက ၎င်းတို့အတွက် အရေးပါသည်ကို နားလည်ထားရမည်။ ထိုသို့သိနားလည်ထားခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစီမံသည့် စနစ်တခုအတွက် အခြေခံကောင်းများ ဖြစ်သည်။

စီမံကိန်းများမစတင်မီ ဝန်ထမ်းများသည် အောက်ပါ အချက်အလက်များကို သိရှိနားလည်အောင် လုပ်ထားသင့်ပါသည်။

**ရှိယိုတင်တို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အပေါ်ထားရှိသည့် စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များ**

- ရပ်ရွာအကျိုးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းစံသတ်မှတ်ချက်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်( ဩစတြေးလျ ) နှင့် အခြားအသုံးချနိုင်သည့် လမ်းညွှန်ချက်စာရွက်စာတမ်းများ

**ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဥပဒေ မူဘောင်များ**

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် စည်းမျဉ်းများ၊ ဥပဒေများက ဘာတွေပါလဲ
- ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လိုအပ်ချက်များကို ပြဋ္ဌာန်းပေးထားသည့် ဓလေ့ထုံးထမ်း ဥပဒေများ ရှိပါသလား။
- လုပ်ငန်းအလိုက်သတ်မှတ်ထားသည့် စည်းကမ်းများ စံသတ်မှတ်ချက်များ ရှိသလား

**ရပ်ရွာအသိုင်းအဝိုင်း၊ သက်ဆိုင်သူများ**

- လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ ဆက်စပ်နေရာများမှ ရှေးဟောင်းအမွေ အနှစ်များနှင့် ပတ်သက်ပြီး မည်သူက အလေးထားသနည်း။
- အုပ်စုများအကြား တန်ဖိုးထားမှု မည်သို့ ကွာခြားသနည်း။
- မည်သူနှင့် ဆွေးနွေးရမည်နည်းဟု ရွေးချယ်မှုအပေါ် သက်ရောက်နေသည့် ဥပဒေကြောင်းရာများ ရှိပါသလား။

**မြင်တွေ့နိုင်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ**

- မည်သည့် နေရာ၊ အရာဝတ္ထု၊ သဘာဝသံယံဇာတများကိုအလေးအမြတ်ထားကြသနည်း။
- အဘယ်ကြောင့် အလေးအမြတ်ထားကြသနည်း။

**မြင်တွေ့နိုင်ခြင်းမရှိသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ**

- လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းကြောင့် မည်သည်သော ရိုးရာဓလေ့များ တန်ဖိုးများသည် ထိခိုက်မည်နည်း။
- လုပ်ငန်းလည်ပတ်သည့်နေရာအတွင်းမှ မြင်တွေ့နိုင်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များ တန်ဖိုးများသည် မည်သို့ ချိတ်ဆက်နေသနည်း။
- ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များနှင့် ယုံကြည်မှုများကို မည်သို့ပြုပြင်ထိန်းသိမ်း အားပေးမည်နည်း။

**သင့်တော်လိုက်ဖက်သည့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်**

- နေရာ၊ အရာဝတ္ထုများ၊ ဓလေ့များ၏ တန်ဖိုးများသည် ယင်းတို့ကိုမည်သို့ ကိုင်တွယ်စီမံရမည်နည်းအပေါ် မည်သို့ သက်ရောက်သနည်း။
- ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ကျွန်ုပ်တို့၏ အရှည်ကို မျှော်သည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်အညီ နယ်မြေတွင်း ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို ကောင်းမွန်စွာ စီမံခြင်းသည် မည်သို့ ပါဝင်အကျိုးပြုမည်နည်း။

**စစ်ဆေးရန်**

- လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုသည် ထိန်းသိမ်းရန် လိုအပ်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စာရင်း ပြုစုထားပါသလား။
- လုပ်ငန်းလည်ပတ်မည့် နေရာတွင် ရှိနေသော မြင်တွေ့ရသည့် စာရင်းသွင်းထားသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အမှန်တကယ် ထိန်းသိမ်းပါသလား။ ထိုနေရာများကို ကုမ္ပဏီ၏ Geographic Information System GIS စနစ်အတွင်း ထည့်သွင်းထားပါသလား။
- လုပ်ငန်းလည်ပတ်မှု ကိုယ်တိုင်၏ စက်မှုပိုင်းဆိုင်ရာနှင့် သမိုင်းကြောင်းဆိုင်ရာ အမွေအနှစ် လက္ခဏာများအားလုံးကို မှတ်တမ်းပြုစုထားပါသလား။
- ရပ်ရွာက အမြတ်တနိုးတန်ဖိုးထားရသည့် မြင်တွေ့နိုင်ခြင်းမရှိသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လုပ်ငန်းလည်ပတ် သူများက နားလည်ကိုယ်ချင်းစာပေးကြသလား။ ထိုအရာများကို မည်ကဲ့သို့မြေတောင်မြှောက်ပေးနိုင်မည်နည်း။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ရပ်ရွာ ဒေသခံများ၏ ယဉ်ကျေးမှုပိုင်းဆိုင်ရာ ပူပန်မှုများနှင့် ဆိုင်သည့် သတင်းအချက် အလက်များကို အခြေခံ ဆန်းစစ်သည့် နည်းများက ဖော်ထုတ်နိုင်ပါသလား။ အသိပေးနိုင်ခြင်းရှိပါသလား။
- သက်ဆိုင်သူအားလုံးကိုဖော်ထုတ်သိရှိပြီးပြီလား။
- ရပ်ရွာဒေသခံများ၏ ယဉ်ကျေးမှု တန်ဖိုးထားမှုများပေါ် တွင်အခြေပြုလျက် ယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များ ပြုလုပ်မည့် နေရာများကို ဖော်ထုတ်ပြီးပြီလား။

## ၂.၂.၁။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဆိုင်ရာ အချက်အလက်များကို စနစ်တကျပြုစုပါ။

ထိရောက်သော ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ်များထိန်းသိမ်းခြင်း အစီအမံများ
ပေါ်ပေါက်လာစေရန်အတွက် ယဉ်ကျေးမှု
အမွေအနှစ်များဆိုင်ရာ အချက်အလက်
များကို စနစ်တကျ ပြုစုခြင်းကို အချိန်ယူကာ
စီမံကိန်း လမ်းကြောင်းရှာဖွေသည့်အခါနှင့်
အစအဦး ဖြစ်တည်စ အချိန်များတွင်
ပြုလုပ်သင့်သည်။ သက်ဆိုင်ရာ အချက်
အလက်များ စုဆောင်းခြင်း၊ ပုံမှန် ဆန်းသစ်
မွမ်းမံခြင်းတို့သည် ကျွန်ုပ်တို့၏ ရပ်ရွာအကျိုး
လုပ်ငန်းဆောင်ရွက်ချက်စံသတ်မှတ်
ချက်များတွင် တခုအပါဝင်ဖြစ်သည်။
အချက်အလက်များလက်ဝယ်ရရှိထားပါက
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဆိုင်ရာ
အစီအစဉ်များကို လျှောက်ပတ်စွာချမှတ်
နိုင်ခြင်း၊ စောင့်ကြည့်နိုင်ခြင်း၊ ပြန်လည်
သုံးသပ်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။
ရီယိုတင်တိုသည် ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ်များဟု ဆိုရာတွင် အနက်
အဓိပ္ပာယ်ကို အလွန်ကျယ်ပြန့်စွာ
ရည်ညွှန်းကာ သုံးစွဲသည်။ ထို့ကြောင့်
အချက်အလက်များ စုဆောင်းရန်အတွက်
စံတမ်းများ၊ ဆန်းစစ်ချက်များ အမျိုးမျိုး
လိုအပ်သည်။ အဆင့်တိုင်းအဆင့်တိုင်းတွင်
စာတမ်းများ ဆန်းစစ်ချက်များကို ကျွမ်းကျင်
ပညာရှင်များက ပြုလုပ်ရန်လိုအပ်သည်။
ဥပဒေနှင့် အခြားကဏ္ဍများအလိုက်ကျွမ်းကျင်
မှုများခွဲထားပြီး မတူညီသည့်နည်းများနှင့်
ဆောင်ရွက်ကြသည်။ ရပ်ရွာ အကျိုးပြု
လုပ်ငန်းဆိုင်ရာ ဆန်းစစ်ချက်၊ လူမှုစီးပွား
အခြေအနေသုံးသပ်ချက်(သို့မဟုတ်)
လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ
ထိခိုက်သက်ရောက်မှုစစ်တမ်းတို့သည်
သက်ဆိုင်ရာရပ်ရွာအသိုင်းအဝိုင်း၏
ယဉ်ကျေးမှု ဓလေ့များ၊ စိုးရိမ်ပူပန်မှုများကို
ဖော်ထုတ်ပေးနိုင်သည်။ စီမံကိန်းလုပ်ငန်းများ
လည်ပတ်မှုကြောင့် ပေါ်ပေါက်လာနိုင်သည့်
သက်ရောက်မှုများကိုလည်း ကြိုတင်
ဆန်းစစ်ပေးနိုင်သည်။

ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ
အထူးဆန်းစစ်ချက်

ရီယိုတင်တို ယဉ်ကျေးမှု အမွေအနှစ်များ
ဆိုင်ရာ ဆန်းစစ်ချက်နှင့် စစ်တမ်းများသည်
ယဉ်ကျေးမှု အမွေအနှစ် နေရာများနှင့်
အရာဝတ္ထုများ၏ တန်ဖိုးများကို ဖော်ထုတ်၏
ပေးနိုင်သည့်အပြင် အမွေအနှစ်များကို
မပျက်စီးစေဘဲလျက် ယဉ်ကျေးမှုများ
ကိုလည်း ပြန်လည် တည်ထောင်နိုင်စေသည်။
ရီယိုတင်တို ရပ်ရွာအကျိုးပြုလုပ်ငန်းများ
စံသတ်မှတ်ချက်တွင် ပြဋ္ဌာန်းထားသည်မှာ
ရီယိုတင်တိုလုပ်ငန်းအားလုံးသည် ၄င်းတို့၏
ရပ်ရွာနှင့်ချိတ်ဆက်ဆွေးနွေးခြင်းလုပ်ငန်း
တစိတ်တပိုင်းအနေနှင့် လုပ်ငန်း ဆောင်ရွက်
ချက်ကြောင့် ဖြစ်စေ၊ အခြားပယောဂကြောင့်
ဖြစ်စေ ပြောင်းလဲသွားသည့် ယဉ်ကျေးမှု
ဆိုင်ရာ တန်ဖိုးများကို ဖြေရှင်းပေးရမည်
ဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုကြောင့်
ပြောင်းလဲသွားသည်များကို နားလည်
တာဝန်ယူ ဖြေရှင်းပေးကာ ထိုအပြောင်း
အလဲများက အခြားယဉ်ကျေးမှုဆိုင်ရာ
အပြောင်းအလဲများကိုပါ ကူးစက်တတ်သည်
ကို နားလည်ပေးရမည် ဖြစ်သည်။
ထိုဆောင်ရွက်ချက်များကို ရပ်ရွာနှင့်
ပူးပေါင်းကာ အချိန်မှန် စောင့်ကြည့်ခြင်းနှင့်
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ
အကြောင်းကို ဆည်းပူးခြင်းတို့ဖြင့်
အပြောင်းအလဲများ အကြောင်းကို
သိရှိနိုင်မည်ဖြစ်သည်။
လေ့လာမှုများနှင့် မှီငြမ်းကိုးကားသည့်
အထောက်အထားများသည် ရပ်ရွာ
ကောင်းကျိုးလုပ်ငန်း စံသတ်မှတ်ချက်
များနှင့်ကိုက်ညီစေရန် အောက်ဖော်ပြပါ
လုပ်ငန်းစဉ်များဆောင်ရွက်နိုင်သည်
အထိကျယ်ပြန့်ရမည်။

- သက်ဆိုင်သည့် ယဉ်ကျေးမှု တန်ဖိုးများ
ပေါ်တွင် အခြေပြုလျက် မြင်တွေ့နိုင်သော
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ
စာရင်းကိုပြုစုနိုင်ရမည်။
- မြင်တွေ့နိုင်ခြင်းမရှိသော ယဉ်ကျေးမှု
ဆိုင်ရာ တန်ဖိုးများကို နားလည်နိုင်ရမည်။
- စက်မှုလုပ်ငန်းဆိုင်ရာ သမိုင်းယဉ်ကျေးမှု
ဆိုင်ရာ လက္ခဏာရပ်များ တန်ဖိုးများနှင့်
လုပ်ငန်းလည်ပတ်သည့် တန်ဖိုး
အားလုံးကို မှတ်တမ်းတင် ထားနိုင်ရမည်။

ရရှိလာသည့် အချက်အလက်များကို
ကုမ္ပဏီတွင်းမှ ဖြစ်စေ၊ ပြင်ပမှဖြစ်စေ
ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ
ကျွမ်းကျင်သူများက သုံးသပ်ခြင်းဖြင့်
ယဉ်ကျေးမှုဆိုင်ရာ အရာဝတ္ထု၊ နေရာ၊
ဓလေ့များ၏ တန်ဖိုးများ၊ လုပ်ငန်းလည်ပတ်
မှုကြောင့် ယင်းတို့ကို မည်သို့သော
ကောင်းကျိုးဆိုးကျိုးများ ပေါ်ပေါက်စေမည်၊
မည်ကဲ့သို့သော နည်းများဖြင့်
သက်ရောက်မှုများကို ကိုင်တွယ်မည်
စသည်တို့ကို သိနားလည်လာစေနိုင်သည်။
အဆင့်တိုင်း အဆင့်တိုင်းတွင် ယဉ်ကျေးမှု
ဆိုင်ရာ အမွေအနှစ်များ ကိုစီမံသည့်စနစ်တွင်
အချက်အလက်များကို မည်သို့ ထည့်သွင်း
ကိုင်တွယ်မည်၊ လုပ်ငန်းစီမံနေမှုကို မည်သို့
သတင်းပေးပို့မည်တို့ကို အသေးစိတ်
စဉ်းစားရမည် ဖြစ်သည်။
ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ၏
သတင်းအချက်အလက်များ စုဆောင်း
ခြင်းလုပ်ငန်းကို လုပ်ငန်းလည်ပတ်နေသရွေ့၊
စီမံကိန်းလည်ပတ်နေသရွေ့ ဆောင်ရွက်
ရမည်ဖြစ်သည်။ စီမံကိန်းအဆင့်တဆင့်တက်
ပြောင်းသွားသည်နှင့်အမျှ ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ်များအပေါ် သက်ရောက်မှုများ
ပြောင်းသွားသော ကြောင့်ဖြစ်သည်။
(နောက်ခံအသေးစိတ်အချက်အလက်များ
တွင် အပြည့်အစုံဖော်ပြထားပါသည် )
စီမံကိန်းလုပ်ငန်းများ ကြာရှည်ခြင်း၊
အခြေခံအဆောက်အဦးများ ပေါ်ပေါက်
လာခြင်းတို့က ထိခိုက်ခံစားရမည့် ရပ်ရွာမှ
တဦးချင်း ဘဝများကို အပြောင်းအလဲ
များဖြစ်စေသည်။ ထိုအခါတွင် ယဉ်ကျေးမှု
ဆိုင်ရာ အမွေအနှစ်များပေါ်သို့ သက်ရောက်
မှုများ၊ ယင်းအပေါ်ထားရှိသည့် နားလည်မှု
များ၊ အာရုံများ ပြောင်းလဲသွားတတ်သည်။

## ၂.၂.၂။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ခြိမ်းခြောက်နေသည်များကို နားလည်သဘောပေါက်ခြင်း

စီမံကိန်းလုပ်ဆောင်မှုကြောင့် ပေါ်ပေါက်လာနိုင်သည်များကို အပြည့်အဝ ဖြေရှင်းပေးနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခန့်ခွဲသည့်စနစ်ကောင်းတခု ပေါ်ပေါက်လာရန်အတွက် ဆိုးကျိုးများကြိုတင်ဆန်းစစ်ခြင်းတွင် အကျိုးကော အဆိုးပါ ထည့်သွင်းကောက်ယူရန်မှာ အရေးပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစီမံခြင်းကို မည်သည်အတိုင်းအတာထိ ဆောင်ရွက်ရမည် မည်သည့်အခက်အခဲများရှိမည်ကို သိနိုင်မည်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကို ခြိမ်းခြောက်နေသည်များကို ဆန်းစစ်ခြင်းကို စီမံကိန်း၏ လူမှုဘဝများပေါ်သက်ရောက်နိုင်သည့် ဘေးများကို ဆန်းစစ်ခြင်း၏ အစိတ်အပိုင်းတခုအနေနှင့် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ (လူမှုရေးဘေးဆိုးများ ဆန်းစစ်ခြင်း လမ်းညွှန်ကို ကြည့်ပါ ) အချို့သော အခြေအနေများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များပေါ်သက်ရောက်မည့် ဘေးဆိုးများကိုသီးသန့်ဆန်းစစ်ခြင်းမျိုးပြုလုပ်နိုင်သည်။ ပေါ်ပေါက်လာနိုင်သည့် ဘေးဆိုးများကို ကြိုတင်သိနားလည် ထားခြင်းသည် ဘေးဆိုးတို့၏ ပြင်းထန်မှုအလိုက် သင့်တော်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံမှုစနစ်တခုကို မည်သို့ ပုံဖော်ရမည် မည်သို့အကောင်အထည် ဖော်ရမည်နှင့် ပတ်သက်ပြီး ပိုမိုနားလည်စေမည်ဖြစ်သည်။ ဘေးဆိုးများကို ကြိုတင်ဆန်းစစ်ရာတွင် ကြည့်ရမည့်အချက်များမှာ

- ဒေသ၏ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်တည်ရှိနေပုံ ( ပုံစံ၊ ပြန့်နှံ့ပုံနှင့်ပမာဏ)၊ ယခင်ကပြုလုပ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်စစ်တမ်းများ ရှိခဲ့ဘူးခြင်း ရှိ/မရှိ၊ ရှိပါကယင်း၏ အရည်အသွေးများ၊
- ရပ်ရွာ (သို့) ဒေသ၏ မြင်တွေ့နိုင်ခြင်း မရှိသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ သဘောသဘာဝနှင့် တန်ဖိုးများ၊ မိုင်းလုပ်ငန်းကြောင့် ထိခိုက်လာနိုင်မှုများ
- လုပ်ငန်းဆောင်ရွက်သည့် နေရာတဝိုက်မှ အမွေအနှစ် နေရာများကို မှတ်တမ်းတင်ပါ၊ ယင်း၏ အရေးပါမှုကိုလည်း မှတ်တမ်းတင်ပါ
- လုပ်ငန်းဆောင်ရွက်နေသည့် မြေတွင် မြေယာပိုင်ဆိုင်မှုနှင့်ဆိုင်ပြီး ပိုင်ဆိုင်ကြောင်း ကြေညာခြင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်း ရှိ/မရှိ၊ ရပ်ရွာနှင့် သဘောတူညီချက် ရထားမှု ရှိ/မရှိ
- ဥပဒေပိုင်းအရ ပြဋ္ဌာန်းထားချက်တစုံတရာ ရှိ/မရှိ၊ စီမံကိန်းခွင့်ပြုချက် ရှိ/မရှိ၊ ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ် စီမံချက် ရှိ/မရှိ၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို နှောက်ယှက်နေသည့် အရာများ ရှိ/မရှိ
- သက်ဆိုင်ရာ ရပ်ရွာဒေသခံများ၏ ဦးစားပေးမှု၊ ပူပန်မှု၊ ချိတ်ဆက်ဆွေးနွေးမှု ပြုလုပ်ရန် သဘောရှိ/မရှိ
- ယခင်က ဖြစ်ခဲ့ဘူးသော တင်းမာမှုများ (သို့) အစဉ်အလာများ
- လုပ်ငန်းလည်ပတ်ရာတွင် ပါဝင်သည့် လုပ်ဆောင်ချက်များ၏ သဘောသဘာဝများကို ဆန်းစစ်ရမည်ဖြစ်သည်။

ပေါ်ပေါက်လာသည့် ဘေးတို့နှင့် ပတ်သက်ပြီး လူတို့ကြိုတင်ယူဆထားပုံများမှာ အခြေအနေများပေါ်တွင် မူတည်သည်။ စက်မှုလုပ်ငန်းများ အသစ်ဝင်ရောက်သည့် နေရာသို့ လုပ်ငန်းလည်ပတ်မှုများ ဆောင်ရွက်ချက် အများအပြားကြောင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို သက်ရောက်နေသည့် နေရာမျိုးတွင် လူတို့၏ အမြင်မှာ သက်ရောက်မှု အနည်းအများ ပေါ်တွင် မမူတည်ပဲ အသစ်ရောက်လာသည့် လုပ်ငန်းများ၊ ဆောင်ရွက်ချက်များပေါ်တွင် ပို၍ မကောင်းမြင်ကြသည်။ ထိုကြောင့် ကျွန်ုပ်တို့၏ အခြေခံ အချက်အလက်များကို ပုံမှန်မွမ်းမံခြင်း ပြုလုပ်ရန် လိုအပ်သည်။



***ဘယ်ဘက်***

*ဘရန်ဘက်၊ ကန်ဘုတ်စွန်၊ မွန်ဂိုးလီးယားရှိ ပျက်ဆီးနေသည့် ရှေးဟောင်း အလက်ဘာယန် ဗိမ္မာန်ဘေးမှ အထွင့်အမြတ်ထား ရာသစ်ပင်။ ယင်းအပင်သည် မွန်ဂိုလီးယား တွင်အကြီးဆုံး အယ်လ်မန်ပင်ဖြစ်သည်။*

*(အချင်း ၆ မီတာ) ဒေသခံရပ်ရွာများသည် သစ်ကိုင်း သစ်ဆွေးများဖယ်ရှားခြင်း ပင်မပြုလုပ်ပဲ သစ်ပင်ကို ကာကွယ် ထားသည်။ အမှိုက်ပစ်ခြင်း ညစ်ညမ်း အောင်ပြုလုပ်ခြင်းတို့ကို အထူးတားမြစ် ထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် များကို မှတ်တမ်းတင်ရန် ၂၀၀၉ ခုနှစ်တွင် မွန်ဂိုးလီးယားမှ ရုက္ခဗေဒ ပညာရှင် အိုယု တိုဂ္ဂိုင်းက ဓာတ်ပုံရိုက်ကူးထားခြင်းဖြစ်သည်။*

## ၂.၂.၃။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်မှု ပြုလုပ်ခြင်း

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အခြေခံဆန်းစစ်မှု ပြုလုပ်ရာတွင်

- သက်ဆိုင်ရာ အမွေအနှစ်များကို စာရွက်စာတမ်းများမှ သုံးသပ်ခြင်းကို မြေပြင်စစ်တမ်းများနှင့် တွဲစပ်ပြုလုပ်ရမည်။
- အားလုံးပါဝင်သည့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဆွေးနွေးအကြံယူခြင်းတို့ကို ဒေသခံများ၊ သက်ဆိုင်သူများ အားလုံး ပါဝင်လျက်ဆောင်ရွက်ရမည်
- လုပ်ငန်းလည်ပတ်ပုံတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ဥပဒေမူဘောင်များ ဆန်းစစ်ချက်

**စာရွက်စာတမ်းများမှ စာဆင့်သုံးသပ်ခြင်း**

**စာရွက်စာတမ်းပေါ်မှ သုံးသပ်ခြင်း**

ပြုလုပ်ရာတွင် အောက်ပါအချက်များ ပါဝင်ရမည်။

- ကုမ္ပဏီက ရရှိထားသည့် အသိပညာများ (လုပ်ငန်းလည်ပတ်ပုံ မှတ်တမ်းများ၊ အစီရင်ခံစာများ နှင့် ဝန်ထမ်းများ၏ အသိပညာ အစရှိသဖြင့်)
- စာရင်းသွင်းထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ(ရွာအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်)
- ရှေးဟောင်းသုတေတန၊ သမိုင်း၊ မနုဿဗေဒ၊ ရှေးဟောင်းရုပ်ကြွင်းတို့ကို ပညာရပ်ဆိုင်ရာပြုစုထားသည့် စာတမ်းများ

ကျွန်ုပ်တို့ပြုစုထားသည့် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းသည်လည်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကြာနေပြီဖြစ်သော စီမံကိန်းများ၊ အမွေအနှစ်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို စနစ်တကျ ပြုလုပ်ခြင်းမရှိထားသည့် အခါမျိုးများတွင် အရေးကြီးသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းစနစ်တခု အသက်မဝင်မီ စီမံကိန်း စတင်ဖြစ်ပါက ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များ ထိန်းသိမ်းခြင်းလုပ်ငန်းသည် အချိန်လွန်သွားသည့်တိုင် နောက်မှ လိုက်ကာ ပြန်လည်လုပ်ကိုင်နိုင်သည်။ ထိုအခါမျိုးတွင် စီမံကိန်းစမ်းသပ်ရာဖွေစဉ်ကာလက ပြုစုထားသည့် အစီရင်ခံစာများကို ပြန်လည်သုံးသပ်ကာ ဆောင်ရွက်နိုင်သည်။ အစီရင်ခံစာများတွင် ယင်းဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးအကြံယူခြင်း(သို့) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်များကို မှတ်တမ်းတင်ထားလေ့ရှိသည်။ အမွေအနှစ်များကို တန်ဖိုးထားမှု အနည်းအများ ပေါ်တွင်မူတည်ကာ စာရင်းသွင်းထားလေ့ရှိသည်။ တန်ဖိုးထားမှု အနည်းအများ ပေါ်တွင်မူတည်ကာ ရွာအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်တွင် စာရင်းဝင်မဝင် တဆက်တည်းမှာပင် ယင်းနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းကို ပါ ဖော်ပြထားသည်။ စာရင်းဝင်ပြီးသား ယဉ်ကျေးမှုဒေသများကို ဖော်ထုတ်ခြင်းမရှိမှု (သို့မဟုတ်) လိုအပ်သည့် စီမံခန့်ခွဲမှုများ အပေါ်တွင် နားလည်မှုလွဲခြင်း၊ ယဉ်ကျေးမှုဒေသများကို စာရင်းသွင်းရာတွင် အကန့်အသတ်များ ထားရှိခြင်းတို့သည် ဥပဒေချိုးဖောက်ခြင်း (သို့မဟုတ်) ခွင့်ပြုချက်မရပဲ လုပ်ငန်းလုပ်ကိုင်သည်ဟု သတ်မှတ်ခံရသည်အထိ အကျိုးဆက်များက ဆိုးဝါးနိုင်သည်။

ယဉ်ကျေးမှုဆိုင်ရာ ဒေသများစာရင်းသွင်းထားခြင်းနှင့် ဆိုင်ပြီး စစ်ဆေးခြင်းဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခြင်း၏ အစပိုင်းသာဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းပေါက်မှသာ လုပ်ကိုင်ပေးခြင်းသည်လည်းလုံလောက်မှုမရှိပါ။ ယဉ်ကျေးမှုဆိုင်ရာ ဒေသအားလုံးကို စာရင်းသွင်းထားသည့် နိုင်ငံမှာ ရှားရှားပါးပါးဖြစ်သည်။ ရံဖန်ရံခါ ဥပဒေများသည် ယဉ်ကျေးမှုဒေသ အမျိုးအစား အားလုံးကို စာရင်းသွင်းသည် ဖြစ်စေ၊ မသွင်းသည်ဖြစ်စေ လွှမ်းခြုံ အကာအကွယ်ပေးမှုများ ရှိတတ်သည်။ ထိုကဲ့သို့သော နေရာများ၌ အနှောင့်အယှက် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မသိ၍ပါဟု ကာကွယ်ပြောဆိုရန် မဖြစ်နိုင်ပါ။

**စစ်တမ်းကောက်ယူခြင်း**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စစ်တမ်းကောက်ယူ ရာတွင် ကျွမ်းကျင်သူများ ပါဝင်ရလေ့ရှိပြီး စီမံကိန်းက နေရာယူ ထားသည့် ဒေသတခုလုံး (သို့မဟုတ်) သီးသန့် စီမံကိန်း နေရာတွင် ရှိနေသည့် လက္ခဏာများကို စစ်ဆေးရသည်။ ထိုသို့ဆန်းစစ်ရာတွင်မှိုင်းတူးမည့် ဒေသအသစ် (သို့မဟုတ်) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အခြေခံ အဆောက်အဦးများဖြစ်သော လမ်း၊ ရထားလမ်း၊ ဓာတ်အားရုံများနှင့် လိုင်းများ၊ ရေအားလျှပ်စစ်ဆည်များ၊ လမ်းကြောင်းများ၊ စူးစမ်းဖော်ထုတ်ရေး လမ်းကြောင်းများ၊ လွှန်တူးမည့် နေရာများ၊ ဓာတ်ငွေ့ (သို့မဟုတ်) ဖုန်မှုန့်များကြောင့် ထိခိုက်မည့်နေရာများ အတွက်ပါ ထည့်သွင်း ဆန်းစစ်ရမည် ဖြစ်သည်။ လက်ရှိလုပ်ကိုင်နေရာမှ တိုးချဲ့သည့် အခါများတွင်လည်း ဆန်းစစ်မှုများ ပြုလုပ်ရမည်။ စစ်တမ်းကောက်ယူမှုကြောင့် ကုန်ကျငွေနှင့် ကြာချိန်တို့သည် လုပ်ငန်းအတိုင်းအတာနှင့် အခြေအနေများ ပေါ်တွင်မူတည်သည်။ ဒေသစစ်တမ်းပြုလုပ်သည့် နည်းအမျိုးမျိုး ရှိသည်။ သုံးသည့်နည်း ကွဲပြားလျှင် ရလဒ်လည်း ကွဲပြားမည်ဖြစ်သည်။ စစ်တမ်းပြုလုပ်ပေးသည့် ပညာရှင် ကွဲလျှင်လည်း ရလဒ်များ ကွဲပြားနိုင်သည်။ ပညာရှင်များ ရွေးချယ်ရာတွင်လည်း အများ အသိအမှတ်ပြုထားသူများကို ရွေးချယ် သင့်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များတန်ဖိုးကို မှန်ကန်စွာ ပိုင်းဖြတ် နိုင်ရန်၊ အလုံးစုံ သဘောပေါက်နိုင်ရန်အတွက် မှန်ကန်သည့် နည်းစနစ်နှင့် ပညာရှင်များ ရွေးချယ်မိစေရန် ကုမ္ပဏီတွင်းမှ ကျွမ်းကျင် သူတို့၏ အကြံပေးချက်များကို ထည့်သွင်း အသုံးပြုနိုင်သည်။ အမွေအနှစ်ဆိုင်ရာ စစ်တမ်းအတော်များများတွင် မနုဿဗေဒပညာရှင် များပြုစုထားသည့် လူမျိုးစုဆိုင်ရာစစ်တမ်းနှင့် ရှေးဟောင်း သုတေနပညာရှင်များ ပြုစုထားသည့် ရှေးဟောင်းသုတေသန စစ်တမ်း နှစ်မျိုး ပါလေ့ရှိသည်။

အဆောက်အဦးဟောင်းများ၊ မိုင်းတွင်းဟောင်းများကဲ့သို့သော သမိုင်းဝင် မည့် အရာများရှိပါက သမိုင်း - ရှေးဟောင်း သုတေသန သီးသန့်စစ်တမ်းလည်းလိုအပ် မည်ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှိသည့် နယ်မြေဖြစ်ပါက ရုပ်ကြွင်း ပညာရှင်များ၏ စစ်တမ်းများ လိုအပ်မည် ဖြစ်သည်။

- လူမျိုးစုဆိုင်ရာစစ်တမ်းများကို ယဉ်ကျေးမှု ဓလေ့များ၊ အရပ်ဒေသများ၏ တန်ဖိုးများကို ဖော်ထုတ်ရန်အတွက် အသုံးပြုရသည်။ အချို့သော ယဉ်ကျေးမှု တန်ဖိုးများနှင့် သက်ရောက်မှုများသည် အပြင်လူ များအနေနှင့် သိမြင်နိုင်ခြင်း မရှိဖြစ် တတ်သည်။ လူမျိုးစုဆိုင်ရာ စစ်တမ်းကို အရည်အချင်းရှိသည့် မနုဿဗေဒ ပညာရှင်များက ဆောင်ရွက်သည်။

- ရှေးဟောင်းသုတေသနတိုင်ရာ စစ်တမ်းများ သည် စီမံကိန်းကြောင့် ထိခိုက်လာနိုင်သည့် ရှေးဟောင်းသုတေသန နယ်မြေအားလုံးကို ဖော်ပြ မှတ်တမ်း တင်နိုင်ရမည်။

- ရှေးဟောင်သုတေသန အမွေအနှစ်များ ဖြန့်ကျက်တည်ရှိမှုကို အနည်း အကျဉ်းသာ သိကြသော အခါမျိုးတွင် အားလုံး ကျယ်ပြန့်စွာ နားလည်နိုင်မည့် စစ်တမ်း ဖြစ်ရန်လိုသည်။ အခြေခံ အချက်အလက် ခိုင်ခိုင်မာမာရှိနှင့်ပြီး ဖြစ်ပါက နမူနာပုံစံစစ်တမ်းကောက်ယူမှု သည် သင့်တော်ပါသည်။ သို့ရာတွင် ထိုသို့ လုပ်ဆောင်ရာတွင် တိကျခိုင်မာမှု ရှိရပါမည်။

-သမိုင်းဝင် အဆောက်အအုံနှင့် အခြား အကြွင်း အကျန်များ ရှိသည့် အရပ်မျိုးတွင် သမိုင်းအထောက်အထားဆိုင်ရာ စစ်တမ်း ကိုပြုလုပ်ရမည်။ သမိုင်းဆိုင်ရာ ရှေးဟောင်း သုတေသန ပြုလုပ်သူများသည် သိမ်မွေ့၍ မြင်သာရန်ခဲယဉ်းသည့် သဘာဝရေမြေ၊ တောတောင်ရှုခင်းဆိုင်ရာ သက်သေသာဓက များဖြစ်သည့် ပုံမှန် ရှေးဟောင်းသုတေသနနှင့် လူမျိုးစု စစ်တမ်းတို့ဖြင့် ဖော်ထုတ်နိုင်ခြင်း မရှိသည့် ပိုင်ဆိုင်မှုနယ်နမိတ်များ သမိုင်း အမွေအနှစ် သက်သေများကို ဖော်ထုတ်နိုင်ရန်အတွက် လေ့ကျင့်ထားကြသူများ ဖြစ်သည်။

-စက်မှုလုပ်ငန်းဆိုင်ရာ အမွေအနှစ်များကို သမိုင်းဆိုင်ရာ စစ်တမ်းများတွင် ဖော်ထုတ် နိုင်သည်။ ရီယိုတင်တို၏ စီးပွားရေး ပိုင်ဆိုင်မှု များ၏ စမ်းစစ်ချက်များ၌လည်း ပါဝင်ကောင်း ပါဝင်နိုင်သည်။

- ကျောက်ဖြစ်ရုပ်ကြွင်းစစ်တမ်းများကို လည်း ဒိုင်နိုဆောများ ရှိခဲ့ဘူးသည့်နေရာ သမိုင်းဦး ခေတ်က လူမဟုတ်သည့် ရုပ်ကြွင်းများ ရှိနိုင်သည့် အရပ်များတွင် ကောက်ယူရန် လိုအပ်သည်။

ကျွမ်းကျင်သူများ လုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ရွာဒေသခံများက ပူးပေါင်းပေးရန် လိုသည်။ အထူးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အရေးတကြီး တန်ဖိုးထားသူ၊ အမွေအနှစ်များကို ပိုင်းခြားသတ်မှတ်ရာတွင် အကူအညီပေးနိုင်သူ၊ ယင်းအမွေ အနှစ်များ သည် အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြနိုင်သူတို့က ပူးပေါင်းပါဝင် ပေးရန် လိုအပ်သည်။ ဒေသခံရပ်ရွာသားများ (သို့) နယ်မြေကို အစဉ်အဆက်ပိုင်စိုးခဲ့သူများက လူမျိုးစုစစ်တမ်းနှင့် ရှေးဟောင်းသုတေသန စစ်တမ်းတို့တွင် ပါဝင်ပါက

- ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းမှုများတွင် အထောက်အကူဖြစ်စေမည်။

- ယဉ်ကျေးမှုဆိုင်ရာ အသိပညာပြန့်ပွားမှုကို ပိုမို အားကောင်းစေမည်၊ နောင်တွင်ပြုလုပ် မည့် ဆန်းစစ်မှုများအတွက် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်ပြီး ပြောပြနိုင်မည်။

- အားလုံးပါဝင်နိုင်သည်၊ ဝင်ရောက် ဆွေးနွေးနိုင်သည် ဟူသော ခံစားချက်ကို ဖြစ်ပေါ်အားကောင်းစေသည်။

တခါတရံတွင် ရပ်ရွာဒေသခံများက ၎င်းတို့ ဘာသာ ရွေးချယ်ထားသည့် ကျွမ်းကျင်သူ များကို ထည့်သွင်းပြီး (သို့) ခန့်ထားပြီး လိုအပ်သည့်စစ်တမ်းများကို ကောက်ယူသည်။ ကနေဒါ၊ အမေရိကား၊ ဩစတြေးလျ နိုင်ငံ များတွင် ဌာနေတိုင်းရင်းသားများ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် ဌာနေ တိုင်းရင်းသားများ အမွေအနှစ်ဆိုင်ရာ ဆန်းစစ်ချက်များကို ကိုယ်တိုင်ဦးစီးကြသည်။ အထူးသဖြင့် ကုမ္ပဏီနှင့် ရပ်ရွာအကြား ဆန်းစစ်ချက်များ ပြုလုပ်မည်ဟု သဘော တူထားသည့် အခါမျိုးတွင်ဖြစ်သည်။

စစ်တမ်းများကောက်ယူပြီးစီးခြင်းသည် အမွေအနှစ် လက္ခဏာများ၊ တန်ဖိုးများ အားလုံးကို အလုံအလောက် ပိုင်းခြား ဖော်ထုတ်ပြီးဖြစ်သည်ဟု မဆိုလို။ ဥပမာ အားဖြင့် မြေအောက်ရောက်နေသည့် ရုပ်ကြွင်းများသည် မြေယာ တူးဖော်သည့် လုပ်ငန်းများဆောင်ရွက်စဉ်(သို့) အခြားလုပ်ငန်းဆောင်ရွက်စဉ် ပေါ်ပေါက်လာ နိုင်သည်။ ယခင်က မသိခဲ့သည့် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် လက္ခဏာများကို သိရှိရလာပါက အခါအခွင့်သင့် သဖြင့် တွေ့ခြင်းဟု ဆိုသည်။ ထိုသို့ အခါအခွင့်သင့် တွေ့ရှိခြင်းနှင့် ပတ်သက်လာလျှင် အသင့်ကိုင်တွယ်ရန် လုပ်ငန်းစဉ်များ ပြုစုထားရမည် လက်တွေ့ အကောင်အထည် ဖော်ထားရမည်။ သို့မှသာ ဝန်ထမ်းများနှင့် ကန်ထရိုက်များက အမွေအနှစ်ပစ္စည်းများ ဟုယူဆရသည်များကို တွေ့သည့်အခါတွင် လုပ်ငန်းများ ရပ်တန့်ထားကာ သက်ဆိုင်ရာ လုပ်ငန်းစဉ်များ လုပ်ဆောင်ပြီးမှသာ အလုပ် ပြန်စကြမည်ဖြစ်သည်။ အခါအခွင့်သင့်သဖြင့် တွေ့ရှိသည်များကို မည်သို့ကိုင်တွယ်ရ မည်နည်း နှင့်ပတ်သက်ပြီး အသေးစိတ်ကို (၂.၃)စီစဉ်အကောင်အထည်ဖော်ခြင်း ကဏ္ဍတွင် ဆက်လက်ဖော်ပြထားသည်။

ဖြစ်စဉ်လေ့လာချက် (၂) ဖြစ်သော ဆာဘီးယားဂျာဒါမှ ဥပမာတွင် စီမံကိန်း လေ့လာစဉ်နှင့် ပုံစံရေးဆွဲသည့် ကာလများအတွင်း ဒေသ၏ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အကြောင်းအခြင်း အရာများကို ပြည့်စုံကုံလုံစွာ သိရှိနားလည်နိုင်ရန် အစောပိုင်းကာလ လက်လှမ်းမှီသော စာရွက်စာတမ်းများ အားလုံးကို လေ့လာခြင်းနှင့် ကနဦး စစ်တမ်းကောက်ယူခြင်းတို့၏ အရေးပါမှုကို မီးမောင်း ထိုးပြထားသည်။





**အပေါ်ပုံ**
သြစတြေးလျနိုင်ငံ ကွင်းစ်လန်းမှ သမိုင်းဝင် စက်တွင်းတစ်ခုကို ရီယိုတင်တို အယ်လ်ကန်ဝေပိုင် ဝန်ထမ်းများက စစ်ဆေးနေပုံ ဖြစ်သည်။ ယင်းကို မီးခံအုတ်များ၊ သစ်သား ဖရိန်များဖြင့် မီးလောင်ခြင်းမရှိစေရန် မီးလောင်မှု ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက် ပေးထားသည်။ ဝဲ မှ ယာသို့ နီးလ်ဒါး သဘာဝ ပတ်ဝန်းကျင် ကြီးကြပ်ရေးအရာရှိနှင့် ဂျပ်စတင်ရှင်နာ ရှေးဟောင်းသုတေသန ကျွမ်းကျင်သူ

**ဘယ်ဘက်** – ရီယိုတင်တို သံရိုင်းထုတ်လုပ်ရေးမှ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကျွမ်းကျင်သူ ကန်မူဗန်နီနှင့် သြစတြေးလျ အနောက်ပိုင်း တက္ကသိုလ်မှ ကျောင်းသားများသည် သြစတြေးလျ အနောက်ပိုင်း ပီဘာရာဒေသ ဘာရပ် ကျွန်းဆွယ်တွင် ကျောက်တုံးများကို မှတ်တမ်းယူနေစဉ်





Jadar

Serbia

# ဖြစ်စဉ်လေ့လာချက် (၂)

## ဆာဘီယားနိုင်ငံ ဂျာဒါမှ ရီယိုတင်တိုလုပ်ငန်း။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ရာခြင်း၏ အစောပိုင်းကာလ စာရွက်စာတမ်း သုံးသပ်ချက်တွင် ကျွမ်းကျင်သူများပါဝင်ခြင်း။**

ရီယိုတင်တို၏ လီသီယန် - ဘိုရိတ် စီမံကိန်းသည် ဆာဘီယားနိုင်ငံ ဘဲလ်ဂရိတ်မှ ကီလိုမီတာ ၁၀၀ နီးပါးဝေးသည့် ဂျာဒါတွင်ရှိသည်။ ရီယိုတင်တို စူးစမ်းလေ့လာရေး အဖွဲ့က မိုင်းတွင်းပြုလုပ်ရန်တွေ့ရှိခဲ့ပြီး တိုင်းတာစစ်ဆေးမှုများ အပြည့်အစုံပြုလုပ်ပြီးသည့်နောက် ၂၀၀၉ ခုနှစ်တွင် ရီယိုတင်တို တွင်းထွက်လုပ်ငန်းက ဝင်ရောက် ကိုင်ခဲ့သည်။ အကြီးစား တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ နှင့်ဆိုင်သည်တို့ကို ထည့်သွင်းလုပ်ဆောင်ခဲ့သည်။

**အခက်အခဲ – ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စောစီးစွာ ပါဝင်နေခြင်း**

ရီယိုတင်တို စူးစမ်းရှာဖွေရေးအဖွဲ့၏ အဓိကအခက်အခဲမှာ ယင်းဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အကြောင်းကို တူးဆွခြင်းမပြုမီ၊ ပျက်ဆီးမှုများ ကြီးကြီးမားမားမဖြစ်သေးသည့် အချိန် ဖြစ်သော စီမံကိန်းအစပိုင်းကာလများတွင် ကုန်ကျမည့် ငွေ၊ မည်သည့် အတိုင်းအတာထိ ကာကွယ်ရမည်တို့ကို ပြည့်စုံလုံလောက်စွာ သိထားရန်ဖြစ်သည်။ စူးစမ်းဖော်ထုတ်ခြင်းကို အရည်အသွေးပြည့်မီသော ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ သတင်းအချက်အလက်များ ကြိုတင်စုစည်းရန်နှင့် လုပ်ငန်းစီမံကိန်းနှင့် ဒီဇိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များ စီမံချက်လိုအပ်မှုများကို ထည့်သွင်းပေါင်းစပ်ရမည်ဟူသော အခြေခံမူကို ကိုင်စွဲလျက် လုပ်ဆောင် ခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် ပေါ်ပေါက်လာနိုင်သည့် အမှားများကို ရှောင်ရှားနိုင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ စီမံမှုများကို ပြန်လည်ဒီဇိုင်းထုတ်ရခြင်း၊ စီမံကိန်းဒီဇိုင်း ပြောင်းရခြင်းကဲ့သို့သော အကုန်အကျများသည့် လွဲချော်မှုများမှ ကာကွယ်ပေးနိုင်သည်။ သင့်တော်သည့် ယဉ်ကျေးမှု အမွေအနှစ်များနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူများကို အမွေအနှစ်ထိန်းသိမ်းခြင်း အစောပိုင်းကာလများတွင် ဝင်ရောက်ပါဝင်စေခြင်းဖြင့် စူးစမ်းဖော်ထုတ်သည့်အဆင့်တွင် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာနေရာများနှင့် တန်ဖိုးများကို သတ်မှတ်နိုင်ခြင်း၊ ရှောင်ရှားနိုင်ခြင်းတို့ ပြုလုပ်နိုင်ခဲ့ပြီး စီမံကိန်းအဆင့်အလိုက် ပေါ်ပေါက်လာနိုင်သည့် သက်ဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အခွင့်အလမ်းကောင်းများကို နားလည်နိုင်ခဲ့သည်။ နောင်တွင်ပြုလုပ်မည့် စီမံကိန်းဆိုင်ရာ လေ့လာမှုများအတွက်လည်း ခိုင်မာသော ချိတ်ဆက်မှုများ ပြုလုပ်နိုင်ခဲ့သည်။

**လုပ်ငန်းစဉ် – စာရွက်စာတမ်းပေါ်မှ သုံးသပ်မှုကို စောစီးစွာ အကောင်အထည် ဖော်ခြင်း**

စူးစမ်းဖော်ထုတ်ခြင်းတွင် ဘဲလ်ဂရိတ် တက္ကသိုလ်မှ ဒေသတွင်းဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ပြီး ဂျာဒါဒေသကို သုံးသပ်မှုများပြုလုပ်သည်။ သုံးသပ်ချက်များပြုလုပ်ရာတွင် စာမှတ်တမ်းများကို အသေးစိတ်လေ့လာမှုများပါဝင်သည်။ ဒေသသို့ကွင်းဆင်းလေ့လာမှုနှင့် ဒစ်ဂျစ်တယ်အမှတ်အသားပြုလုပ်ခြင်း၊ နောင်တွင် လွယ်ကူစွာ ဖော်ထုတ်အသုံးချနိုင်ရန်အတွက် GIS များထည့်မှတ်ခြင်းတို့ကို ပြုလုပ်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာဒေသ၏ သမိုင်းအထောက်အထားနှင့် အရေးပါမှု၊ အတိတ်နှင့် ပစ္စုပ္ပန်တို့ကို ပေါင်းစပ်ပေးသည်။ စာရွက်စာတမ်းများနှင့် စာရင်းပြုလုပ်စစ်ဆေးခြင်းဖြင့် ဘာရက်ဂျက် ကျေးရွာအနီးမှ သံခေတ်၊ ကြေးခေတ်မှ အုတ်ဂူများအပြင် အခြားအခြားသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖော်ထုတ်တန်ဖိုးဖြတ်နိုင်ခဲ့သည်။ လူခန္ဓာရုပ်ကြွင်းများ၊ လက်ကောက်များ၊ လည်ဆွဲများ၊ လှံ၊ ပြာအိုးနှင့် အခြားလူလုပ်ပစ္စည်းများကို ဖော်ထုတ်နိုင်ခဲ့သည်။ စောစီးစွာဆောင်ရွက်ခဲ့သည့် သုတေသနရလဒ်များသည် နောင်စီမံကိန်းအဆင့်များတွင် ပြုလုပ်မည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံမှု လုပ်ငန်းများအတွက် အထောက်အပံ့ ဖြစ်စေသည်။ မိုင်းလုပ်ငန်းအတွက် ဆောက်လုပ်ရေး လုပ်ကိုင်စဉ်နှင့် လုပ်ငန်းလည်ပတ်လုပ်ကိုင်စဉ်အတွင်း ယဉ်ကျေးမှုအမွေအနှစ်များကို မလိုအပ်ဘဲ ပျက်စီးစေမည့်အန္တရာယ်မှ ကာကွယ်ပေးလိမ့်မည်။ နီယိုလက်သစ်ခေတ်နှောင်းပိုင်းမှ အလယ်ခေတ်ထိ တည်ရှိခဲ့သော ရှေးဟောင်းလူလုပ်ပစ္စည်းများသာမက ဂျာဒါဒေသတွင် ပထမကမ္ဘာစစ်ဖြစ်ပွားစဉ်က သမိုင်းဝင်ခဲ့သည့် နေရာဖြစ်သောကြောင့် ကိုင်တွယ်၍ မရနိုင်သော်လည်း သမိုင်းကြောင်းတန်ဖိုးများဆိုင်ရာ အရေးပါမှုများ အထင်အရှားရှိနေ၏။ ဆားတိုက်ပွဲ(သို့) ဂျားဒါတိုက်ပွဲဟု နာမည်ကျော်ခဲ့သည့် ဆာဘီယားနှင့် ကျူးကျော်သူ အော်စရီ-ဟန်ဂေရီယန်တို့ကြားမှ တိုက်ပွဲဖြစ်ခဲ့သည့်နေရာဖြစ်သည်။ ယင်းတိုက်ပွဲသည် မဟာမိတ်များဘက်မှ ပထမကမ္ဘာစစ်အတွင်း ပထမဆုံး အောင်ပွဲရသည့် တိုက်ပွဲဖြစ်သည်။ စစ်ပွဲအမှတ်တရများ၊ ရှေးဟောင်း အမွေအနှစ်များသည် ရပ်ရွာတခုလုံး၏ စွဲလမ်း တန်ဖိုးထားရာဖြစ်သည်။ အုတ်ဂူများနှင့် ပတ်သက်ပြီး အသေးစိတ်လေ့လာချက်များသည် ယင်းနေရာတွင် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက မည်သူတို့နေထိုင်သွားခဲ့သည်နှင့် ပတ်သက်ပြီး ဖော်ပြပေးနိုင်သည်။ နိုဝင်ဘာ ၂၀၁၀ ခုနှစ်တွင် ရီယိုတင်တိုသည် ဂျာဒါပြတိုက်ကဆက်လက်လုပ်ဆောင်မည့် သမိုင်းဦး ရုပ်ကြွင်း သုတေသနလုပ်ငန်းအတွက် ယရို ၅ သောင်း လှူခဲ့သည်။ စူးစမ်းဖော်ထုတ်မှုများပြီးဆုံးသွားပါက တွေ့ရှိချက်များကို အနက်ပြန်ရန်၊ ပြပွဲများပြုလုပ်ရန်အတွက် ပြတိုက်နှင့် တွဲလျက်ဆက်လုပ်လုပ်ဆောင်သွားအုံးမည်ဖြစ်သည်။



**ရလဒ်များ – ကနဦး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး လုပ်ဆောင်ချက်များသည် စီမံကိန်းမစမီ စာရွက်စာတမ်းများအပေါ် သုံးသပ်ခြင်းဖြင့် နောက်ပိုင်းတွင် အောင်မြင်မှုဆီသို့ ဦးတည်ပေးသည်။**

စူးစမ်းဖော်ထုတ်ခြင်းဖြင့် အရေးပါသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများ ပေါ်ပေါက်လာခဲ့သည်။ ဒေသခံများအတွက် သမိုင်း၌ အရေးပါသည့် ကာလတစ်ခုကို အာရုံစိုက်လာစေခဲ့သည်။ ပထမကမ္ဘာစစ် အကြွင်းအကျန်များကို တူးဖော်ခြင်းဖြင့် သတိထားရမည့် အတိုင်းအတာပမာဏကို သိရှိနိုင်ခဲ့သည်။ ရီယိုတင်တို တွင်းထွက် လုပ်ငန်းသည် လုပ်ငန်းများလည်ပတ်သည့် အခါတွင် ယင်း တွေ့ရှိချက်များကို အစဉ် ဂရုပြုရန် လိုအပ်သည်။ ထိုတွေ့ရှိချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ချက်ခြင်းဖြေရှင်းရန်လိုကြောင်း ဖုံးကွယ်ထား၍ မရကြောင်းကို ဖော်ပြလျက်ရှိသည်။ မိုင်းလုပ်ငန်း ဖြစ်စဉ်များက (၁၀) နှစ် အနှစ် (၂၀) ခန့်အချိန်ယူမည် ဖြစ်သော်လည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းမှုကို ချက်ခြင်းပြုလုပ်ရမည်။ ဒေသခံ ကျွမ်းကျင်သူများကို ပါဝင်စေခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အကြောင်းအခြင်းအရာများကို စီမံကိန်းကာလအလိုက် အချိုးကျ ကုန်ကျခံ ဖြေရှင်းခြင်းဖြင့် အောင်မြင်မှုရရှိ ခဲ့သည်။ စီမံကိန်းတလျှောက် ကုန်ကျမည့် ငွေများကို လျှော့ချပေးနိုင်သည်။ ဂျာဒါဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကို စေ့စေ့ငှငှကုံလုံစွာ သိမြင်ထားပြီးဖြစ်၍ ယခုအခါ ရီယိုတင်တို တွင်းထွက် လုပ်ငန်းသည် ယင်းဒေသ၏ ဖြစ်ထွန်းနေသော ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ စီမံခြင်းကို အားကောင်းအောင် ဆက်လက် ပံ့ပိုးရန် အကောင်းဆုံး အနေအထားတွင် ရှိနေပါပြီ။ ရပ်ရွာများနှင့် ဆက်ဆံရေး ထူထောင်ရာတွင်၊ မိတ်ဖက် ထူထောင်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စောစီးစွာစီမံပေးခြင်း၊ သင့်တော်သည့် ဒေသခံကျွမ်းကျင်သူတို့ကို ပါဝင်စေခြင်းသည် အလွန်အရေးပါလှသည်။

၂



*အပေါ်*
*ဆားအမှတ်တရအိမ်သို့ ကျောင်းသားများ လာရောက်လေ့လာနေစဉ်။ ဆား တိုက်ပွဲ သည် ပထမကမ္ဘာစစ်တွင် မဟာမိတ်တို့၏ ပထမဆုံးအောင်ပွဲဖြစ်ပြီး ဒေသခံများ၏ ရပ်ရွာအပေါ်ထားရှိသည့် သံယောဇဉ်အတွက် အထူးအရေးပါသည်။*
*အောက်ပုံ*
*ဂျာဒါစီမံကိန်းတွင် သံခေတ်၊ ကြေးခေတ် လက်ရာများ တွေ့ရှိသဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် ပြန်လည် ဖော်ထုတ်သည့်နေရာအဖြစ် ဆောင်ရွက်နေစဉ်။*
*အဝိုင်း*
*ဂျာဒါ စီမံကိန်းနေရာမှ ကြေးခေတ်သံခေတ် အုတ်ဂူများကို တူးဖော်ခြင်း*

### စစ်တမ်းအစီရင်ခံစာများ

စစ်တမ်းများကို ပြန်လည်အစီရင်ခံသည့် အခါတွင် ကျယ်ပြန့်ပြည့်စုံပြီး အားလုံး နားလည်ရမည်ဖြစ်ပြီး လိုအပ်သည့် သတင်း အချက်အလက်များအားလုံးနှင့် ပြည့်စုံလျက် ကုမ္ပဏီတွင်း သတင်းအချက် အလက်စီမံခြင်း စနစ်နှင့်လည်း ကိုက်ညီရမည်။ မမှန်ကန်သည့်သတင်းအချက်အလက်များကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များပေါ်သို့ ခွင့်ပြုချက်မရထားသည့် သက်ရောက်မှုများ ပေါ်ပေါက်လာခြင်းမရှိစေရန် မှန်ကန်မှုကို ထိန်းသိမ်းရခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်သည့်အခါတွင်  ရပ်ရွာထံမှ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သတင်းအချက်အလက်များကို စီးပွားဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုသည့် ခွင့်ပြုချက်ရထားရမည်။ ထိုသို့ခွင့်ပြုချက်တောင်းဆိုခြင်းသည်  ရပ်ရွာနှင့် တဦးခြင်းဆီ၏ စိတ်ဓာတ်ခွန်အားနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နှင့် ပတ်သက်သည့် ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသိပညာများ သတင်းအချက်အလက်များကို မည်သို့လူသိများအောင်ပြု လုပ်မည်ကို ရပ်ရွာများက ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။ ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသိပညာများကို ပုံးဗောလအော ဖြန့်ဝေခြင်းကို ထိန်းချုပ်နိုင်သည့် အခွင့်အရေး ရှိသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသိပညာများကို လေးစား တန်ဖိုးထားလျက် ကိုင်တွယ်မှုများ ဖြစ်ပေါ်စေရန်အတွက် ရှင်းလင်းသင့်တော်သည့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်တခုသည် စီမံကိန်းတိုင်းတွင် ရှိသင့်သည်။ ဥပမာ။ ။ ကန့်သတ် စာရွက်စာတမ်းများကို ရှင်းရှင်းလင်းလင်း မှတ်ထားခြင်းမျိုး။

### ဥပဒေမူဘောင်

နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်၊ ရွာအဆင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူဘောင်တရပ်လိုပြီး ယင်းမူဘောင် ဖြစ်ထွန်းစေရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အခြေခံအချက်အလက်များ ရရှိထားရန်လိုသည်။ ထိုဥပဒေမူဘောင်တွင် ရိုးရာဓလေ့ထုံးတမ်းဥပဒေများ (ဒေသတွင်း ယဉ်ကျေးမှု အစဉ်အလာပေါ်တွင် အခြေပြု ) ဒေသတွင်းနှင့် နိုင်ငံအဆင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာ သဘောတူညီချက်များ၊ ပဋိညာဉ်များနှင့် လုပ်ငန်းဝင် ရောက်လုပ်ကိုင်သည့် နိုင်ငံက သဘောတူ ထားသည့် အခြား သဘောတူညီချက်များ ပါဝင်သည်။ ထို သဘောတူညီချက် ပြဋ္ဌာန်းချက်များ၏ သက်ရောက်မှု အလေးအပေါ့ကွာခြားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဥပဒေများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသ၏ အရေးပါပုံ အနည်းအများပေါ်တွင် မူတည်ကာ နိုင်ငံတခုနှင့်တခု (သို့မဟုတ်) နိုင်ငံတွင်း ၌ပင်ကွာခြားမှုများရှိသည်။

တရားစီရင်ရေး တခုတည်းကျင့်သုံးသည့်နေရာတွင်မှာပင် မတူညီသည့်အုပ်စုများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ရန်အတွက် ကွဲပြားသည့် ဥပဒေ၊ စည်းမျဉ်းများလည်း ရှိတတ်သည်။ ရုံဖန်ရုံခါ သဘာဝပတ်ဝန်းကျင်၊ မိုင်းလုပ်ငန်း၊ မြေယာအခွင့် အရေးများနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကာကွယ်ခြင်းကို အားပေးသည့် အခါများလည်းရှိသည်။ ရီယိုတင်တို စီးပွားရေးအုပ်စုသည်လည်း စက်မှုလုပ်ငန်း ကျင့်ဝတ်များနှင့် စံသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စံသတ်မှတ်-ချက်များ၊ အရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ဝတ္တရားများကို ပေါင်းစပ်ကျင့်သုံးရမည်ဖြစ်သည်။ ဥပဒေ ကြောင်းရ ပြဋ္ဌာန်းထားချက်တစုံတရာမရှိသည့် အခါမျိုးတွင် ကုမ္ပဏီတွင်းသတ်မှတ်ထားသည့် စည်းကမ်းများကို တိကျစွာလိုက်နာခြင်း မရှိပါက ရီယိုတင်တိုသည် သိက္ခာကျဆင်းမည်ဖြစ်သည်။ အချို့သော ကိစ္စရပ်များတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စစ်တမ်းကို တတိယလူက ဝင်ရောက် ဆောင်ရွက်ပေးရန်အတွက် ရည်ညွှန်းထား လေ့ရှိသည်။  သို့မဟုတ် မြေယာ တူးဖော် တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်ပြီး ပိုင်ဆိုင်မှု၊ မြေအဆင့်အဆင့် လွှဲပြောင်းမှု ဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းထားချက်များရှိသည်။ နိုင်ငံ အတော်များများ တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို နိုင်ငံတော်က ပိုင်ဆိုင်လေ့ရှိသည်။ ထိုသို့ သတ်မှတ်ထားခြင်းများကြောင့် ရီယိုတင်တိုသည် ၎င်း၏ ကိုယ်ပိုင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းသူ ခန့်ထားခြင်းကို တားဆီးခြင်း အဓိပ္ပာယ် မသက်ရောက် စေရပါ။ ကုမ္ပဏီတွင်း သတ်မှတ်ထားသည့် အတိုင်း စံနှုန်းမြင့်မြင့်ဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းများကို ဆက်လက် လုပ်ကိုင် သွားရန်ဖြစ်သည်။

ရီယိုတင်တို ဝင်ရောက် လုပ်ကိုင်သည့် နိုင်ငံသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကာကွယ်ရန် ဥပဒေ သတ်မှတ် ထားချက်များမရှိပါက (သို့မဟုတ်) ရီယိုတင် တို၏ သတ်မှတ်ချက်များသည် ဥပဒေက လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း အတာထက်ပိုနေပါက လုပ်ငန်းဆောင်ရွက် သည့် အခါတွင် ရီယိုတင်တို စံချိန်စံညွှန်း အတိုင်းဆောင်ရွက်ရမည်။

### ဖြစ်စဉ်  လေ့လာချက်  (၃)

တွင်ဖော်ပြထားသည့် တောင်အမေရိကရှိ ဖာလာဘိုရာမိုင်းတွင်းသည် ၎င်းဒေသတွင် ဝင်ရောက်လုပ်ကိုင်မည့် လုပ်ငန်းများအတွက် ထူးထူးခြားခြားလိုအပ်သည့်အချက်များကို ဖော်ပြပေးလျက်ရှိသည်။ ဖာလာဘိုရာ ဒေသ၌ အမွေအနှစ်များကို စာရင်းသွင်းရန်အတွက် တောင်အာဖရိကဥပဒေကိုသာ လိုက်နာသည်သာမကပဲ စာရင်းသွင်းရုံမက ယင်းတို့ကို တန်ဖိုးရှိလာအောင် အသုံးဝင်လာအောင် ဆောင်ရွက်ပေးခဲ့သည်။



## အမွေအနှစ်ပစ္စည်းများ

အချို့သောအခြေအနေများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အခြေခံဆန်းစစ်ချက်သည် မိုင်းလုပ်ငန်း၏ သမိုင်းကိုပါ တန်ဖိုးထားမှတ်တမ်းတင်ရမည့် အခါများရှိသည်။ သမိုင်းဆိုင်ရာ (သို့မဟုတ်) စက်မှုအမွေအနှစ် လုပ်ငန်းများကို ရှေးခေတ်ကဗိသုကာပညာ၊ နိုင်ငံသမိုင်းတွင် မှတ်တမ်းတင်ထားခြင်း၊ သမိုင်းဝင်အဆောက်အဦးများ၊ မြေယာအခင်းအကျင်း နှင့် သမိုင်းဆိုင်ရာ အခြားအထောက်အထားများ၊ နည်းပညာအရေးပါပုံများမှတဆင့် အကဲခတ်နိုင်သည်။ နှစ် (၅၀) အထက်ရှိပြီဖြစ်သော စီးပွားရေးလုပ်ငန်းများ၊ နည်းပညာ သစ်၏ ပထမဆုံးစက်ရုံ၊ ဗိသုကာပုံစံ အသစ်၏ ပထမဆုံးအဆောက်အဦး၊ နိုင်ငံ (သို့မဟုတ်) ဒေသဖွံ့ဖြိုးရေးအတွက် အဓိက နေရာမှပါဝင်ခဲ့သည်များကိုလည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအဖြစ် ထည့်သွင်းသင့်သည်။

မျိုးဆက်တစ်ဆက်လုံးက ထိုစက်ရုံ (သို့မဟုတ်) မိုင်းလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ဘူးသောကြောင့် သမိုင်းဝင် မိုင်းလုပ်ငန်းများသည် ရပ်ရွာဒေသများအတွက် အထူးအမှတ်တရများ ဖြစ်တတ်သည်။ ရံဖန်ရံခါတွင် မိုင်းလုပ်ငန်းလည်ပတ်ခြင်းသမိုင်း (သို့မဟုတ်)ထုတ်ကုန်ပစ္စည်းများသည် ယင်းဒေသ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နက်ရှိုင်းစွာချိတ်ဆက်နေခြင်းမျိုးလည်း ရှိသည်။ ဥပမာအားဖြင့် ဖြစ်စဉ်လေ့လာခြင်း အမှတ် (၄) တွင်  ကနေဒါမှ ရှာဝန်ဂျီယန် အလူမီနီယံ ကျိုချက်စက်ရုံသည် လုပ်ငန်းများက ပိုင်ဆိုင်သည့် သမိုင်းဝင် အဆောက်အဦများသည် အဘယ်ကြောင့် အမွေအနှစ်များအဖြစ်နှင့် ကျန်ရစ်နေရသနည်း။ ထိုကျန်ရစ်သည်များကို လက်ရှိအသုံးကျအောင် မည်သို့ဆောင်ရွက်စီမံမည်နည်းနှင့် ပတ်သက်ပြီး ပြသထားသည်။



***ထိပ်ဆုံးပုံ***
*မိုင်းလုပ်ငန်းသုံး အိမ်ငယ်လေးများမှာ တန်ဖိုးရှိသည့် ပစ္စည်းများအဖြစ် အမေရိကန်နိုင်ငံ မစ်ချီဂန်တွင် သတ်မှတ်ထားသည်။*
***အပေါ်ပုံ***
*အမေရိကန် မီချီဂန်မှ ကန်နက်ကော့ အီးဂဲ မိုင်းလုပ်ငန်းမှ သံရိုင်းများကို သန့်စင်စက်မြင်ကွင်း။*





Phalaborwa
South Africa

# ဖြစ်စဉ်လေ့လာချက် (၃)

## တောင်အာဖရိကဖာလာဘိုရာတွင်ရီယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ။

## ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကိုထိန်းသိမ်းခြင်းထပ်ဆင့်လုပ်ဆောင်သည့် တစ်ချိန်တည်းမှာပင် ဥပဒေကြောင်းအရလိုအပ်သည်များကိုဖြေရှင်းခြင်း

ဖာလာဘိုရာ မိုင်းကုမ္ပဏီသည် တောင်အာဖရိကနိုင်ငံ လင်ပိုပိုဒေသတွင် ကြေးနီမိုင်းများ လုပ်ကိုင်သည်။ ရီယိုတင်တိုသည် ၁၉၅၇ မှစတင်ပြီး ဖာလာဘိုရာတွင် လုပ်ငန်းလုပ်ကိုင် လျက်ရှိပြီး မိုင်းတွင်း၏ ၅၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။ တောင်အာဖရိက၏ တစ်ဦးတည်းသော သန့်စင်ပြီးကြေးနီ ထုတ်လုပ်သူဖြစ်သည်။

**အခက်အခဲ – ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ရန်အတွက် တောင်အာဖရိကသည် ဥပဒေကြောင်း အရပြင်ဆင်မှု အများအပြား ပြုလုပ်ထားသည်။**
ကြွယ်ဝသည့် ရင်းမြစ်များနှင့် အမွေအနှစ်များကို ကာကွယ် စီမံရန် ဥပဒေပြဋ္ဌာန်းချက်များ ရှိသည်။ အထူးသဖြင့် ဖာလာဘိုရာမိုင်းသည်  လုပ်ငန်းလည်ပတ်မည့် နေရာအတွင်းရှိ အဆောက်အဦး (သို့မဟုတ်) အမွေအနှစ်များကို စာရင်းသွင်းရသည်။ ( နိုင်ငံအဆင့် အမွေအနှစ် ရင်းမြစ်များ အက်ဥပဒေ အပိုဒ် ၃၉ ) ဖာလာဘိုရာ၏ အခက်အခဲမှာ ဥပဒေ ပြဋ္ဌာန်းချက် အတိုင်း လဲလိုက်နာရမည် တချိန်တည်းမှာပင် အများပြည်သူ အလွယ်တကူကြည့်ရှုနိုင်သည့် အမွေအနှစ် စာရင်းကိုလည်း ပြုစုရသည်။ ထိုသို့ဥပဒေပြဋ္ဌာန်း ထားခြင်းဖြင့် ဖာလာဘိုရာသည် စာရင်းအမြန် ပြုစုရန်အတွက် အားဖြစ်စေသည်။ နောင်ပေါ်ပေါက်လာမည့် လှုပ်ရှားမှုများကို ထိရောက်စွာကိုင်တွယ်နိုင်သည့် နည်းလမ်းများဖြစ်ပြီး အချိန်နှင့် တပြေးညီ စီမံမှု ဆုံးဖြတ်ချက်များကို ချထားနိုင်စေကာ ရပ်ရွာနှင့် အစိုးရသို့ ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကို ကောင်းမွန်ထိရောက်စွာ ထိန်းသိမ်းထားကြောင်း လက်တွေ့ပြရာလည်းရောက်သည်။

**လုပ်ငန်းစဉ် – စာရင်းဖွင့်ပါ။**
ဖာလာဘိုရာမိုင်းလုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသည့် ဖာလာဘိုရာဝန်ဒေသသည်ကျောက်ခေတ်မှစသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်လျှံနေသည့် ဒေသ ဖြစ်သည်။ ဖာလာဘိုရာ စီမံကိန်းဆောင်ရွက်ရန်အတွက် ဌားရမ်းထားသည့် မြေပေါ်တွင် ရှေးဟောင်း ယဉ်ကျေးမှုဒေသ ၁၃ ခုကို တွေ့ရှိခဲ့သည်။ ၁၃ ခုအနက်မှ ရှန်ကာရီနှင့် ပူတွမ်တို့သည် အစောပိုင်းလူသားများ အခြေချနေထိုင်ရာ သက်သေများပါဝင်သည့် ထူးခြားအရေးပါသည့် သမိုင်းတန်ဖိုး ရှိနေရာဖြစ်သည်။ အထွေထွေသုံး လမ်းညွှန်ကို ဥပဒေတွင် ဖော်ပြထားသော်လည်း ဖာလာဘိုရာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မှတ်တမ်း တင်ရန်အတွက် တိကျသော ပုံစံ မရှိပါ။ မှတ်တမ်းစာရင်းကို မည်သို့ပြုစုမည်၊ မည်သည့်အရာများပါဝင်ရမည်နှင့် ပတ်သက်ပြီး အချိန်အတော်ကြာယူကာ စီစဉ်ခဲ့ရသည်။ ဖာလာဘိုရာရှိ ကုမ္ပဏီတွင်းမှ အဖွဲ့သည် မှတ်တမ်းစာရင်း ပုံစံဆွဲရာတွင် ကြီးကြပ်ရပြီး ရီယိုတင်တို ကော်ပိုရိတ်မှ ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ကျွမ်းကျင်သူကလည်း စီစဉ်ရာတွင် ဝင်ရောက်ပါဝင်သည်။ စာရင်းမှတ်တမ်း ပုံစံနှင့် ပါဝင်သည့် အကြောင်းအရာများသည် နိုင်ငံရေး အခြေအနေများနှင့် ပတ်သက်ပြီး လိုက်ဖက်အောင် ပြုလုပ်ထားသည်။

-မိုင်းလုပ်ကွက်နေရာသည် မတူညီသည့် ရပ်ရွာ(၄) ခုက ပိုင်ဆိုင်ကြောင်း ကြေညာထားသည့် နေရာဖြစ်သည်။ ထိုအပ်စုတစ်စုချင်းစီက ပိုင်ဆိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ကို ဝက်ဘ်ဆိုက် အကြောင်းအရာများတွင် သံတမန်ဆန်ဆန် ကိုယ်စားပြု ဖော်ပြရန် လိုအပ်ခဲ့သည်။ လက်ရှိ ဖာလာဘိုရာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စာရင်းတွင် ဝက်ဘ်ဆိုက် တခုပါဝင်ပြီး ယင်းဝက်ဘ်ဆိုက်တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များမှတ်တမ်း၊ နေရာ၊ လူလုပ်ပစ္စည်းများနှင့် ဆက်နွယ်သည့်လှုပ်ရှားမှုများကို ဥပဒေနှင့်အညီ စာရင်းပြုစုကာ လွှင့်တင်ထားပေးသည်။ ထိုစာရင်းတွင် ပုံနှင့် အသုံးဝင်မည့် သတင်းအချက်အလက်များကို ဖော်ပြပေးထားသည်။ ဥပမာ။ ။ ရပ်ရွာက ပိုင်ဆိုင်သည်ဟု ဆိုနေသည့် နေရာမှ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို ခြိမ်းခြောက်နေသည့် အချက်များ၊ မည်သူက လုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်နေသည်နှင့် အခြားအသုံး ဝင်သည့် အချက်ပေါင်းများစွာကို ဖော်ပြထားသည်။ ဥပဒေအရ ပြဋ္ဌာန်း ထားချက်ထက်ပင် ကျော်လွန်၍ အွန်လိုင်းတွင်တင်ထားသည့် စာရင်းတွင် ယင်းဒေသ၏ သမိုင်း၊ သက်ရောက်သည့် ဥပဒေများ၊ လက်တွေ့အသုံးချနေသည့် GIS မြေပုံနှစ်ခု၊ ဝေဖန်အကြံပေးရန်အတွက် ဆက်သွယ်ရမည့် နေရာတို့ကိုပါ ဖော်ပြထားသည်။ အခွင့်မရပဲ





ဖြတ်သန်းသွားခြင်းမျိုး၊ လုယူခြင်းမျိုး၊ ဝင်ရောက်ဖျက်ဆီးခြင်းမျိုး မရှိစေရန်အတွက် မိုင်း လုံခြုံရေးအပါအဝင် မိုင်းလုပ်ကွက်သွားလာရေး ကန့်သတ်ထားမှုတို့ကိုလည်း ဖော်ပြထားသည်။

### ရလဒ် –သတ်မှတ်ထားသည်ထက်ပင် ကျော်လွန်ခြင်း

တောင်အာဖရိက ဥပဒေများကို လိုက်နာခြင်းသည် အဆုံးသတ်ရည်မှန်းချက် မဟုတ်ဘဲ အခင်းတခုအနေနှင့်သာလျှောက်နင်းခြင်းဖြစ်သည်။ ဖာရာဘိုလာသည် ၄င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စာရင်းသွင်းခြင်းကို တက်ကြွအားကောင်းသည့် လုပ်ငန်းတခုအနေနှင့် ပြောင်းလဲလိုက်ပြီး အပြန်အလှန် ဆက်သွယ်နိုင်ရန်အတွက် အွန်လိုင်းတွင် အများပြည်သူ သိစေရန် တင်ထားသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိုင်းလုပ်ကွက်နေရာသူပိုင်သည် ငါပိုင်သည် အငြင်းပွားနေသည့် ရပ်ရွာ (၄) ခု၏ အတ္တကို အားကောင်းစေသော်လည်း ၄င်းတို့ကြားတွင် နိုင်ငံရေးအရ ပြင်းထန်မှုများကိုမူ မဖြစ်စေခဲ့ပါ။ အများ နားလည်အောင် ပြည့်စုံကျယ်ပြန့်စွာ စာရင်းပြုစုထားခြင်းကြောင့် ထိုမှတ်တမ်းများသည် နောင်ပြုလုပ်မည့် မိုင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး လှုပ်ရှားမှုများသည် ယင်းနေရာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေးစားကာ ဆောင်ရွက်စေရန်တွန်းအားဖြစ်စေပြီး အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးမှုနှင့် ပျက်ဆီးမှုများကို ကာကွယ်ပေးသည်။ ထိုကဲ့သို့သော စာရင်းကို တက်ကြွစွာ ပြုစုခြင်းဖြင့် ဖာရာဘိုလာသည် စီးပွားရေးလုပ်ငန်းတစ်ခု၏ တရားဥပဒေကို မည်သို့လေးစားလိုက်နာရမည်။ မိမိတို့၏ လုပ်ငန်းတွင်းဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်များ စီမံခန့်ခွဲခြင်းလိုအပ်ချက်များ ပြည့်မီရန် မည်သို့ဆောင်ရွက်နိုင်သည်ကို ဖော်ပြသည်။ ထို့ထက်ပိုမို၍ ပွင့်လင်းမြင်သာမှု၊ ရပ်ရွာလူထုကို လေးစားမှု၊ ပြည်သူလူထုကို ပညာပေးရမှုတို့ကို လက်တွေ့ အာသွန်ခွန်စိုက် ဆောင်ရွက်ပြခဲ့သည်။

၃

***ထိပ်ဆုံးပုံ***

*ကိတ်တောင်း တက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသားများ ဖာရာဘိုလာ ဒေသ၏ ရှေးဟောင်းယဉ်ကျေးမှု နေရာတခုတွင် မြေတူးလေ့လာခြင်းကို ဆောင်ရွက်နေပုံ*

***အပေါ်ပုံ***

*ဒေသခံ လူမျိုးစုများသည် ၄င်းတို့ ဘိုးဘေးများ အသုံးပြုခဲ့သည့် ရေထွက်ပေါက်သို့ လာရောက်လည်ပတ်နေပုံဖြစ်သည်။ ယင်းရေထွက်ပေါက်သည် ဖာရာဘိုလာ မိုင်းတွင်း ဧရိယာတွင် ရှိသည်။*

***စက်ဝိုင်း***

*ဖာရာဘိုလာရှိ ကြေးနီတွင်း အကြွင်းအကျန်*

# ဖြစ်စဉ်လေ့လာချက် (၄)
## ကနေဒါနိုင်ငံ၊ ကျူဘက်တွင် ရီယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ။





Quebec
Canada

ကနေဒါနိုင်ငံ၏ အလူမီနီယံလုပ်ငန်း၏ အမွေအနှစ်တန်ဖိုးများကို အသိအမှတ်ပြုခြင်း။
ကနေဒါနိုင်ငံ၏ ပထမဆုံးသော အလူမီနီယံကို ၁၉၀၁ တွင် ထုတ်လုပ်ခဲ့သည်။ ကျူဘက်ဒေသ၊ ရှောဂိုနီယန်မြို့၏ ရှောဂိုနီယန် အလူမီနီယံသန့်စင်စက်ရုံမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ရှောဂိုနီယန် အလူမီနီယံ သန့်စင်လုပ်ငန်းကို ထိုအချိန်က နောင်တွင် အလူမီနီယံကုမ္ပဏီ လီမိတက်က ရီယိုတင်တိုအယ်ကန် မဝင်ရောက်မီထိ ပိုင်ဆိုင်ထားသည်။ ရာစုနှစ်နှင့် ချီပြီး ကြာခဲ့ပြီဖြစ်သော ယခင်က ရှောဂိုနီယန် အလူမီနီယံ ဟုခေါ်သည့်လုပ်ငန်းဖြစ်သည့် မြောက်အမေရိကရှိ သက်တမ်းအရင့်ဆုံး အလူမီနီယံသန့်စင်လုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် ကနေဒါနိုင်ငံ၏ နိုင်ငံအဆင့် သမိုင်းဝင်နေရာအဖြစ် သတ်မှတ်ခဲ့သည်။

**အခက်အခဲများ – စက်မှုလုပ်ငန်းဆိုင်ရာ အမွေအနှစ် တန်ဖိုးများကို မည်သို့ ကာကွယ်မည်နည်း။**

ရှောဂိုနီယန်လုပ်ငန်းသည် အလူမီနီယံ ထုတ်လုပ်ခြင်း သမိုင်းကို စတင်မွေးဖွားသည့် နေရာ၊ တိုးတက်ဖြစ်ထွန်းစေသည့် နေရာဖြစ်သည်။ ထိုသမိုင်းဝင်နေရာ၏ အမွေအနှစ်တန်ဖိုးများတွင် ယင်း၏ ဗိသုကာလက်ရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပါဝင်သည်။ အဆောက်အဦးအများအပြား နှင့် ယင်းအဆောက်အဦးများနှင့် မောရစ်မြစ်၊ ရှောဂိုနီယန်ရေတံခွန်တို့၏ ဆက်နွယ်နေသည့် အလှတရားများလည်း ပါဝင်သည်။ ထိုတန်ဖိုးများနှင့် အလှတရားများကို ကနေဒါနိုင်ငံ၏ သမိုင်းဝင် နေရာများအဖြစ် စာရင်းသွင်းထားပြီးဖြစ်သည်။ ကုမ္ပဏီအတွက် အဓိက အခက်အခဲတခုမှာ ထိုလုပ်ငန်း၏ သမိုင်းမွေတန်ဖိုးဖြတ်ရန်မဟုတ်ပဲ အလူမီနီယံ ထုတ်လုပ်မှုအတွက် အသုံးပြုခြင်းမရှိတော့သည့် အဆောက်အဦးကို မည်သို့ ထိန်းသိမ်းမည်နည်းဟူသော အချက်ဖြစ်သည်။

**လုပ်ငန်းစဉ် – တန်ဖိုးများကို အသိအမှတ်ပြုခြင်း၊ ပွဲသွင်းခြင်း။**

သမိုင်းဝင် အမွေအနှစ်များကို အထိရောက်ဆုံးကာကွယ်ရန်၊ မြှင့်တင်ပေးရန်အတွက် ကုမ္ပဏီက ရှောဂိုနီယန် အလူမီနီယံ သန့်စင်လုပ်ငန်းမှ အဆောက်အဦးများကို စွမ်းအင်မြို့တော်ဟု အမည်ပေးထားသော ပန်းခြံသို့ လှူဒါန်းလိုက်ခြင်း ဖြစ်သည်။ ပန်းခြံသည် ကနေဒါ၏ အလူမီနီယံ သမိုင်းတွင် အဓိကကျသည့်နေရာ ဖြစ်လာသည်။ ပန်းခြံသို့ လှူဒါန်းခြင်းကို ၂၀၀၁ ခုနှစ်တွင် ကနေဒါနိုင်ငံတွင် အလူမီနီယံ ထုတ်လုပ်ခြင်း ရာစုနှစ်ပြည့်ပွဲတော်နှင့် အတူတကွပြုလုပ်ခဲ့သည်။ အဆောက်အဦးများနှင့်အတူ ငွေသား ဒေါ်လာ ၁.၄ သန်းကိုလည်း တပါတည်းလှူခဲ့သည်။ လက်ရှိတွင် ရှောဂိုနီယန်ရိပ်သာဟု ခေါ်သည့် ရှောဂိုနီယန် အလူမီနီယံသန့်စင်လုပ်ငန်းသည် ခေတ်ပြိုင် အနုပညာ ဌာနအဖြစ်ပြောင်းလဲသွားပြီး စွမ်းအင်မြို့တော် ပန်းခြံ၏ အစိတ်အပိုင်းတခု ဖြစ်နေပြီဖြစ်သည်။ ပန်းခြံတွင် သိပ္ပံပြကွက်များ ခင်းကျင်းပြသထားသည့်နေရာ၊ ရှုခင်းကြည့် မျှော်စင်များ၊ သမိုင်းဝင် အဆောက်အဦး များစွာပါဝင်သည့် သမိုင်းကဏ္ဍ၊စက်မှုသမိုင်းပြကွက်များပါဝင်ပြီး အများပြည်သူကြည့်ရှု ရန်အတွက် ဖွင့်လှစ်ပေးထားသည်။ လက်ရှိအချိန်တွင်တော့ စွမ်းအင်မြို့တော် ပန်းခြံသည် ကျူဘက်၏ ခရီးသွားအဓိက ဆွဲဆောင်ရာ နေရာဖြစ်လာခဲ့သည်။ ကောင်းစွာ စီမံခန့်ခွဲနိုင်ခဲ့မှုကြောင့် လုပ်ငန်း၏ သမိုင်းဝင်အနေအထားကို မပျက်စေပဲ၊ အများပြည်သူများစွာက အသုံးချ၊ အံချီးဖွယ်ရာ ရလဒ်များ ပေါ်ပေါက်ခဲ့သည်။ ရီယိုတင်တို အယ်လ်ကန်သည် ရှောဂိုနီယန်ရိပ်သာစီမံမှုတွင် ဆက်လက်ပါဝင်နေပြီး စွမ်းအင်မြို့တော် စီမံရေးကော်မတီတွင်လည်း အဖွဲ့ဝင်အနေနှင့် ပါဝင်သည်။ နှစ်စဉ်နှစ်တိုင်း ရီယိုတင်တိုနှင့် စွမ်းအင်မြို့တော်တို့ ပူးပေါင်းပြီး သမိုင်းဝင်အဆောက်အအုံများကို အသုံးပြုလျက် ပြန်လည်မွမ်းမံ ပြင်ဆင်ထားသော အုတ်နှင့်သံမဏိ အဆောက်အဦးများကို ခေတ်ပြိုင်အနုပညာနှင့် ယဉ်ကျေးမှုများ ဖော်ထုတ်ရာ စတိတ်စင်အဖြစ် အသုံးချလျက်ရှိသည်။







ရလဒ်များ – ပစ္စည်းပွန်တွင် အကျိုးရှိရှိ အသုံးချလျက် အတိတ်ကို ဂုဏ်ပြုခြင်း။ သမိုင်းဝင်အဆောက်အဦးများကို အကောင်းဆုံးထိန်းသိမ်းရန် အတွက်မှာ ယင်းတို့ကို ပြန်လည် အသုံးချခြင်းဖြစ်သည်။ ကနေဒါ၏ အလူမီနီယံ သန့်စင်လုပ်ငန်းတွင်လည်း ထိုသို့သော နည်းဖြင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။ အဆောက်အဦးများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တန်ဖိုးများကို အသိအမှတ်ပြုလျက် ၎င်းတို့သမိုင်းတန်ဖိုးများကို မြှင့်တင်ပေးခြင်းသည် အရေးပါသည်။ ရီယိုတင်တိုသည် လုပ်ငန်းများကို လျှုဒါန်းခဲ့သည်သာမက နောက်ပိုင်း ထိန်းသိမ်းမှုများတွင်ပါ ကူညီခြင်းဖြင့် ရှောဂျီယန်၏ ယဉ်ကျေးမှုဆိုင်ရာ အဝန်းအဝိုင်းကို ကူညီကာကွယ် ပေးလျက်ရှိသည်။ အလူမီနီယံလုပ်ငန်းသည် ယင်းဒေသအတွက် ဖွံ့ဖြိုးမှုများ၊ ရပ်ရွာသရုပ်သတန် နှင့် လောလောလတ်လတ်တွင် အနုပညာအထိ မင်္ဂလာကောင်းကျိုးများ ယူဆောင်လာပေးသည်ကို အသိအမှတ်ပြုလျက် ရီယိုတင်တို အယ်လ်ကန်သည် စက်မှုလုပ်ငန်းနှင့် ရှောဂျီယန်ရပ်ရွာအကြား သမိုင်းဝင် စေ့စပ်ပေးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။



***ထိပ်ဆုံး နှင့် အပေါ် ( ဘယ်၊ ညာ )***

*ရှော်ဂျီယန် အလူမီနီယံသန့်စင် စက်ရုံသည် ၂၅ နှစ်အတွင်း မြောက်အမေရိကတွင် အကြီးဆုံးသော အလူမီနီယံ လုပ်ငန်းဖြစ်ခဲ့သည်။ ၁၉၂၀ တွင် ဤပုံများကို ရိုက်ထားသည့် ရှော်ဂျီယန်စက်ရုံသည် ပင်လယ်ကွေ့ အနီးတွင်ရှိပြီး လျှပ်စစ်ဓာတ်အားပေး စက်ရုံ(၂)ရုံ၊ သန့်စင် စက်ရုံ(၄)ရုံ၊ ကေဘယ်လ် စက်ရုံ(၁)ရုံ၊ ဝိုင်ယာကြိုး စက်ရုံ(၁)ရုံနှင့် အခြားတို့ ပါရှိသည်။*

***စက်ဝိုင်းပုံ***

*၂၀ရာစု အစောပိုင်းတွင် သန့်စင်စက်ရုံမှ ဝန်ထမ်းများသည် သန်မာကြံ့ခိုင်ရသည်။ သန့်စင်အိုးများမှ အလူမီနီယံများကို ယူရန် အတွက် သံတိုင်များကို အသုံးပြုရသည်။ မိုလောင်းထားသည့် သတ္တုများ၏ အပူကို ကာကွယ်ရန် အပူကာ ပစ္စည်းများ ဝတ်ဆင်ရသည်။*

***ဘယ်ဘက်ပုံ***

*စွမ်းအင်မြို့တော်သည် ယခုအခါတွင် ခရီးသွားများကို အဓိက ဆွဲဆောင်သည့် နေရာဖြစ်နေပြီး ရှေးမူ မပျက်ထိန်းသိမ်းပြီး အများပြည်သူလည်း ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။*

## ၂.၂.၄။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်း – ကြိုတင်စုဆောင်းထားသည့် အချက်အလက်များ ပေါ်တွင် အခြေပြုကာ စီမံခြင်း

အောင်မြင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်း ဖြစ်စေရန်အတွက် အချက်အလက်များ အသိပညာများသည် အထူးအရေးကြီးသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ အဖိုးတန်မှု ဆန်းစစ်ချက်၊ ထိခိုက်သက်ရောက်မှု ဆန်းစစ်ချက်တို့သည်လည်း အကောင်းဆုံးသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံမှု ပုံစံကို ရွေးချယ်ရာတွင် အခြေခံအချက်များဖြစ်သည်။

တန်ဖိုးအနှစ္သ ထိုက်တန်မှုစစ်တမ်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ တန်ဖိုးများကို စောင့်ကြည့်သည့် ပုံမှန် လုပ်ထုံးလုပ်နည်းတခုဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ တန်ဖိုးများကို ထိုလုပ်ငန်းစဉ်ဖြင့် ဖော်ထုတ် ပြီးသည့်အခါတွင်တော့ စီမံရေးအတွက် ဆုံးဖြတ်ချက်များချသည်။ ထိုလုပ်ငန်းစဉ်ကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူတို့က ရပ်ရွာသားများနှင့်တိုင်ပင်ပြီး နှုတ်ပြောသမိုင်းများ၊ မှတ်တမ်းများ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေသာဓကများကို ဆန်းစစ်ပိုင်းဖြတ်ကာ နေရာဒေသ၊ အရာဝတ္ထု(သို့)အလေ့အထတစ်ခု၏ လူမှုရေး၊ တန်ဖိုးအလှတရား၊ သမိုင်းဝင်မှုနှင့်(သို့) သိပ္ပံပညာရပ်အတွက် အသုံးဝင်မှုတို့ကို ဖော်ထုတ်သည်။

ဆန်းစစ်မှုကို သေချာစွာပြုလုပ်ထားခြင်း မရှိပါက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မရည်ရွယ်ဘဲ ပြင်မရအောင် ပျက်သွားစေခြင်း၊ အရေးကြီးအဖိုးတန်သည့် အနှစ်သာရများကို လျော့ကျသွားစေခြင်းတို့ ဖြစ်စေနိုင်သည့် ဆုံးဖြတ်ချက်များ ချမိစေနိုင်သည်။ သို့မဟုတ် တစ်ဦးတစ်ယောက်တည်း၏ ထင်မြင်ယူဆချက်များက ချွန်ထွက်သွားခြင်းတို့ ဖြစ်လာနိုင်ပြီး အခြားသူများနှင့် ပဋိပက္ခများ ဖြစ်ပွားစေ လာနိုင်သည်။ (အသေးစိတ် အချက်အလက်များ ကဏ္ဍတွင် အကျယ်ကြည့်ပါ )

ဇယားကွက်(၄)တွင် တန်ဖိုးအနှစ္သ ထိုက်တန်မှု ဆန်းစစ်ချက်များပြုလုပ်စဉ် ပေါ်ပေါက်လာနိုင်သည့် တင်းမာမှုများနှင့် ဖြေရှင်းရန်ဖြစ်နိုင်သည့် အလားအလာများကို ဖော်ထုတ်ထားသည်။ အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်(သို့) အခြားသက်ဆိုင်သူများက သတ်မှတ်ထားသော အမွေအနှစ်တန်ဖိုး ဆန်းစစ်ချက်များနှင့် နောက်ဆက်တွဲ စီမံခန့်ခွဲမှု နည်းလမ်းများကို ရပ်ကွက်ပြည်သူများက ပြည့်စုံလုံလောက်သည်ဟု မယူဆပါက တင်းမာမှု အငြင်းပွားမှုများ ဖြစ်ပွားနိုင်သည်။ မတူညီသည့် ရပ်ရွာအသီးသီးကြားတွင်လည်း အငြင်းအခုန်များ ပေါ်ပေါက်တတ်သည်။ ရပ်ရွာသားများ၏ အကြံများကို တန်ဖိုးထားလက်ခံရမည်ဆို သည်မှာ အမြဲတမ်းအတွက် အရေးကြီးသော်လည်း ရပ်ရွာသားတို့ အကြံပေးချက်များကိုသာ အဓိကထားပြီး ပညာရှင်တို့အကြံပေးချက်ကို လျစ်လျူရှုရန်ဆိုခြင်း မဟုတ်ပါ။ ပညာရှင်များက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းကို တင်းကျပ်စွာပြုလုပ်ရန် အကြံပေးလေ့ရှိသည်။ အချို့သော မိုင်းကုမ္ပဏီများက သမိုင်းအမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များကို အမွေအနှစ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှ ဖယ်ကြဉ်ထားခြင်းအတွက် ကျွမ်းကျင်သူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ဝေဖန်လျက်ရှိသည်။ ဤကုမ္ပဏီများက ရပ်ရွာဒေသခံများ၏ အချို့သော အမွေအနှစ်နေရာများရှိ သိပ္ပံပညာတန်ဖိုးများကို သိနားလည်မှု နားပါးခြင်းကို အခွင့်ကောင်းယူလျက် ရွာသားများပြောသည့် စကားကိုသာ အတည်ယူ၍ အမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သာမန်ကာလျှံကာပြုလုပ်ပေးပြီး၊ မိမိတို့ လုပ်ရန်ရည်ရွယ်ထားသည်များကို ဆက်လက်လုပ်ကိုင်ရန် ပြင်ဆင်ကြခြင်းဖြစ်သည်။

**၄။ တင်းမာမှုများကို ကိုင်တွယ်ခြင်း**

ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ နေရာ၊ အလေ့အထ၊ အရာဝတ္ထုများ တူညီပြီး တန်ဖိုးထားမှု ကွဲပြားသည့် အခြေအနေမျိုးလည်းရှိတတ်သည်။ ညှိမရအောင် ကွဲပြားနေသည့် အခါများတွင် တတိယလူ ဖြစ်သော အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများကို ခန့်ထားပြီး ဖြေရှင်းသည့်နည်းလည်း ရှိသည်။ ထိုကဲ့သို့သော အစီအစဉ်များသည် ရီယိုတင်တို၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း မရှိပါ။ ရီယိုတင်တိုသည် အသီးသီး ကွဲပြားလျက်ရှိသော ယဉ်ကျေးမှု၊ လူနေမှုပုံစံ၊ အမွေအနှစ်များနှင့် ရပ်ရွာများ၏ ရပ်တည်ပုံများကို အရေးတယူနှင့် အသိအမှတ်ပြု ဆောင်ရွက်ပေး ရန်ဖြစ်သည်။ ကျွန်ုပ်တို့ အခန်းကဏ္ဍသည် နေရာတခု၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တန်ဖိုး ဓလေ့များ၊ အရာဝတ္ထုများကို လျစ်လျူရှုပစ်ရန် မဟုတ်ပါ။ သို့မဟုတ် ၎င်းတို့နှင့်ပတ်သက်၍ ဒေသခံများ၏ ကွဲပြားမှုများအပေါ် ဖြေရှင်းရန်မဟုတ်ပါ။ သို့ရာတွင် အုပ်စုတစ်စုချင်းစီ၏ စိုးရိမ်ပူပန်မှုများကို ကျွန်ုပ်တို့က လေးစားတန်ဖိုးထားကြရန်သာ အရေးကြီးပါသည်။ ၎င်းတို့၏ ပူပန်မှုများကို အရေးတယူ နားထောင်ပေးသည် လေးလေးစားစား တုံ့ပြန်သည်ကို ရပ်ရွာအသိုင်းအဝိုင်းက ခံစားမိပါက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းနှင့် ဆိုင်သည့် အစီအစဉ် အသီးသီးတွင် တက်ကြွစွာ ပါဝင်မည် ဖြစ်သည်။

## ထိခိုက်သက်ရောက်မှု စစ်တမ်း

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာတခု၊ အရာဝတ္ထု၊ ဓလေ့များကို အဖိုးတန်သည်ဟု စုံစမ်းသိရှိထားသည်ဆိုပါက နောင်တွင် လုပ်ငန်းလည်ပတ်သည့်အခါ စီမံကိန်း အဆင့်မတူသည့်အလျောက် ယင်းအပေါ်သို့ ထိခိုက်မည့် မတူညီသည့် သက်ရောက်မှု များအတွက် သင့်တော်သည့် အစီအစဉ် များကို ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်သည်။ ထိခိုက်သက်ရောက်နိုင်မှုများကို ရှင်းလင်းစွာ ဖော်ပြထားရမည်ဖြစ်သည်။ သို့မှသာ စီမံခန့်ခွဲရေးအတွက် တိတိကျကျပြင်ဆင်နိုင် မည်ဖြစ်သည်။ ဇယားကွက် (၅) တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များပေါ် စုပေါင်းသက်ရောက်နိုင်သည့် အချက်များကို ကြိုတင်မှန်းဆ ပြထားသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အတွက် ထိခိုက်သက်ရောက်မှု ဆန်းစစ်ချက်ဆိုရာတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကြောင့် ထိခိုက်သွားနိုင်သည့် မြင်ရသော၊ မမြင်ရ သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကြိုတင်လေ့လာခြင်း ဖြစ်သည်။ ထိခိုက်သက် ရောက်မှုများဆိုရာတွင်လည်း သမိုင်းတန်ကြေး မများလှသည့် ရှေးဟောင်းယဉ်ကျေးမှု ဒေသကို အသေးစားထိခိုက်စေခြင်းမှ ယဉ်ကျေးမှု အဝန်းအဝိုင်းကြီး တစ်ခုလုံးကို ပြိုကွဲစေသည်အထိ ကြီးမားသည့် သက်ရောက်မှု အထိပါဝင် သည်။

ရီယိုတင်တို လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပြောင်းလဲသွားသည့် အပြောင်းအလဲများကို ရပ်ရွာ၊ ကုမ္ပဏီများအတွက် အကောင်း ပြောင်းခြင်းလော၊ အဆိုး ပြောင်းခြင်းလောကို ဆန်းစစ်နိုင်သည်။ အဆိုး ပြောင်းလဲခြင်း ဆိုပါက ဘေးဆိုးများ စီမံခြင်း မဟာဗျူဟာ နှင့် ချိန်ညှိနိုင်သည်။ အတိုပြောရလျှင် ထိခိုက်သက်ရောက်မှု စစ်တမ်းသည် ရီယိုတင်တို လုပ်ငန်းများကြောင့် ဒေသခံ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မည်သို့ ထိခိုက်မည်ကို မည်သို့ပင် ရှုပ်ထွေးစေကာမူ နားလည်စေခြင်း ဖြစ်သည်။ ဥပမာ ရပ်ရွာဒေသခံများကို နေရာရွှေ့ပြောင်း ပေးရမည့် စီမံကိန်းမျိုးဆိုလျှင်တော့ ယင်းသည် မြင်ရသော၊ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကိုကြီးမားစွာ ထိခိုက်စေမည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးကို ပြုလုပ်သည့် ဆန်းစစ်လေ့လာချက်တွင် နေရာရွှေ့ပြောင်း ရခြင်းကြောင့် ထိခိုက်မည့် ယဉ်ကျေးမှုများ ကို တစ်ခုခြင်း အသေးစိတ်ဖော်ပြပေးရမည် ဖြစ်သည်။ ဥပမာ။ ။ အထွဋ်အမြတ်ထားသည့် နေရာကို စောင့်ရှောက်သူများကို ယင်းနှင့်ဝေးရာသို့ ရွှေ့ပြောင်းပစ်ခြင်းသည် ယဉ်ကျေးမှု ဓလေ့များ ရှင်သန်မှုကို ဖျက်ဆီး ပစ်ခြင်းနှင့်တူပြီး လက်ရှိအခြေအနေကိုလည်း ခက်ခဲသွားစေသည်။ နှုတ်ပြောသမိုင်းများ၊ ဓာတ်ပုံ၊ ရုပ်ရှင်၊ မူရင်း မိတ္တူများ၊ အခြား သော မှတ်တမ်းမှတ်ရာများနှင့် ရပ်ရွာ ပြတိုက်များသည် စီမံကိန်းကြောင့်ပျောက် ကွယ်သွားနိုင်သည်များကို မှတ်တမ်းတင်ထား နိုင်ရန်လိုအပ်မည်ဖြစ်ပြီး အတတ်နိုင်ဆုံး ရိုးရာဓလေ့များ ဆက်လက်ရှင်သန်စေရန် ဆောင်ရွက်ရ မည်ဖြစ်သည်။

ရေအားလျှပ်စစ်များ တည်ဆောက်ခြင်း သည်လည်း ဒေသတစ်ခုကို ကြီးစွာသော ထိခိုက်သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ ထိုအခါမျိုးတွင် ထိခိုက် သက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ကျွမ်းကျင်သူများ၊ လေ့လာမှုများကို ပိုမို လိုအပ်မည်ဖြစ်သည်။ ထိုအခါမျိုးတွင် ရာသက်ပန် ပျောက်ဆုံးသွားတော့မည့် ယဉ်ကျေးမှုဆိုင်ရာ ဆုံးရှုံးမှုများကို ကာကွယ် ခြင်း၊ လျှော့ချခြင်းနှင့် လျော်ကြေးများပေးခြင်း တို့ပါဝင်ရမည် ဖြစ်သည်။ အချို့သော ဥပမာများတွင် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာ မတိမ်ကောရလေအောင် ဆောင်ရွက် ပေးရမည် ဖြစ်သည်။ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စံများအရဆိုလျှင် ဇီဝရူပ ဆိုင်ရာနှင့် လူမှုဘဝလက္ခဏာရပ်များ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခုက်သက်ရောက်မှုကို သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိုက်ခိုက်သက်ရောက်မှု စစ်တမ်းတွင်တစ်ပါတည်း ပြုလုပ်လေ့ရှိသည်။ ရီယိုတင်တိုသည် ပိုမိုတင်းကျပ်သည့် စံသတ်မှတ်ချက်များကို ကျင့်သုံးသည်နှင့်အညီ သီးသန့်ပြင်ဆင်ထားသော ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ အချက်အလက်များ အစပျိုးကောက်ယူ ဆန်းစစ်မှုတစ်ခုကို သဘာဝ ပတ်ဝန်းကျင် လူမှုပတ်ဝန်းကျင် ဆန်းစစ်ချက် လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်ရမည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဆန်းစစ်ချက် ပြုလုပ်မည့် လုပ်ငန်းစဉ်ကို စနစ်တကျပြုစုပြီး ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ စီမံမှုစနစ်တွင် ထည့်သွင်း ပေါင်းစပ်ရမည်ဖြစ်သည်။ အထူးသဖြင့် စီမံကိန်းသည် ထပ်မံတိုးချဲ့မည့် အလားအလာရှိသည့်အခါတွင် ဆန်းစစ်ချက် တစ်ခုတည်းနှင့် မလုံလောက်ပါ များစွာကို ပြုလုပ်ရပါသည်။

**၅။ အခြားမိုင်းလုပ်ငန်းများ**

အခြားသော မိုင်းလုပ်ငန်းများ အများအပြား ရှိနေသော ဒေသများအပြင်(သို့) မိုင်း ထုတ်လုပ်မှု၏ အကျိုးသက်ရောက်မှုများ အပြင် အခြားသော အမျိုးအစားမတူသည့် လုပ်ငန်းပုံစံများမှ ဒေသအပေါ် ထပ်လောင်း၍ သက်ရောက်မှုရှိပါက ယင်းတို့၏ စုပေါင်းသက်ရောက်မှုများကို စီမံခန့်ခွဲမှု စနစ်ပြင်ဆင်ရာတွင် ထည့်သွင်း စဉ်းစား ရမည်ဖြစ်သည်။ ဥပမာ အားဖြင့် ဝန်ထမ်း များက မဖြစ်စလောက်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆုံးရှုံးမှုဟု သတ်မှတ်ထားသည့် သမိုင်းဆိုင်ရာ လူမှုရေးဆိုင်ရာ အရေးပါမှုသိပ်မရှိသည့် ရှေးဟောင်း ယဉ်ကျေးမှုနေရာတစ်ခုကို ထိခိုက်စေခြင်းသည် ရပ်ရွာဒေသခံ များအတွက် ကိစ္စကြီးဖြစ်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယခင်က ကြုံခဲ့ဘူးသည့် အတွေ့အကြုံဆိုးများကို အခြေပြုလျက် ရှိသော စဉ်းစားပုံ များကြောင့်ဖြစ်သည်။

## ၂.၃။ အစီအစဉ်ရေးဆွဲပါ။ လက်တွေ့အကောင်အထည်ဖော်ပါ။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကောင်းစွာစီမံခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်၊ လုပ်ငန်းစဉ်များနှင့် ချောမွေ့စွာပေါင်းစပ်လျက် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းကို ဆိုလိုသည်။

စီမံကိန်း ဒီဇိုင်းဆွဲခြင်းနှင့် စီမံမှုများ ဆောင်ရွက်ခြင်းများ အစပြုသည့်အခါ ကတည်းကပင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းလိုသည့် ဆန္ဒနှင့် ရေးဆွဲရမည် ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းကို အောက်ဖော်ပြပါ အရေးပါသည့် နေရာများတွင် ထည့်သွင်းရမည်ဖြစ်သည်။

- ကုမ္ပဏီက ဆောင်ရွက်မည့် နှစ်ရှည် ရပ်ကျိုးရွာကျိုး ဆောင်ရွက်သည့် မဟာဗျူဟာအဆင့်များ။
- စီမံကိန်းလေ့လာခြင်းနှင့်ဒီဇိုင်းရေးဆွဲခြင်းများ။
-လုပ်ထုံးလုပ်နည်းနှင့် စနစ်များ စတင်ရေးဆွဲသည့်အခါတွင် လည်းကောင်း ရပ်ရွာတစ်ခုချင်းစီအတွက် သီးသန့်ရေးဆွဲထားသည့်လုပ်ဆောင်ချက် အစီအစဉ်များ စီမံကိန်း အဆင့်များတွင် လည်းကောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအတွက် ထည့်သွင်းစဉ်းစားခြင်းများကို ပြုလုပ်ရမည်ဖြစ်သည်။ ဤလမ်းညွှန်တွင် ပါရှိသော ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုအဆင့် လေးဆင့်လုံးကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းတွင် CHMS ( Cultural Heritage Management System) ကိုပေါင်းစပ်ရမည်ဖြစ်ပြီး အဆင့်တိုင်းအတွက် ရှင်းလင်းသည့် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များစီမံမှု လုပ်ငန်းစဉ်၊ စနစ်၊ အစီအစဉ်များ ရှိထား ပြီးဖြစ်ရမည်။ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မှုများလည်း ရှိရမည်များကိုဤလမ်းညွှန်စာအုပ်တွင် အစုံအလင် ဖော်ပြထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တိုက်ရိုက်သော် လည်းကောင်း သွယ်ဝိုက်သော်လည်းကောင်း ထိခိုက်မည့် အခါမျိုးတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဦးစားပေးစဉ်းစားခြင်းအား လုပ်ငန်းဆောင်ရွက်မှု မူဝါဒများ၊ အစီအစဉ်များ၊ လက်တွေ့ဆောင်ရွက် ချက်များတွင် ထည့်သွင်းရမည်။ CHMS (Cultural Heritage Management System) တွင် ဆုံးဖြတ်ချက်ချမည့်သူနှင့် တာဝန်ခံမှု အဆင့်ဆင့်ကို ရှင်းလင်းစွာ ပြထားရမည်။ CHMS ( Cultural Heritage Management System) တွင် သီးခြား ဆောင်ရွက်ရမည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းများ ပါဝင်မည်ဖြစ်ပြီး ရံဖန်ရံခါတွင် စီမံကိန်း၏ EIA / SIA များ၏ အစိတ်အပိုင်းအနေနှင့် ပါဝင်ရန် လိုအပ်မည်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်ပြီး အခြားသက်ဆိုင်သူများ၊ ရပ်ရွာဒေသခံထံမှ သဘောတူညီချက် လိုအပ်မည့် အခါမျိုးလည်း ရှိသည်။

**စစ်ဆေးရန်အချက်များ**

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံမှု စနစ် CHMS ( Cultural Heritage Management System) သည် စီမံကိန်းအစီအစဉ် ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် တပါတည်းပါပြီး ဖြစ်ပါသလား။ လုပ်ငန်းဆောင်တာ အဝဝသည် CHMS ကို လက်တွေ့အသုံးပြုလျက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် စောင့်ကြည့်မည့် လုပ်ငန်းစဉ် ရှိပြီးပြီလား။
- စီမံကိန်း၏ CHMS ( Cultural Heritage Management System) ကို လက်တွေ့ဆောင်ရွက်မည့်သူ အားလုံးကို လေ့ကျင့်ပေး ထားပြီး ပြီလား။ လုပ်ငန်းလက်တွေ့ဆောင်ရွက်မည့်သူဟု ဆိုရာတွင် ပတ်ဝန်းကျင်နှင့် မြေကို အနှောက်အယှက်ဖြစ်သည့် လုပ်ငန်းများတွင် ပါဝင်ရသူများဖြစ်သော မိုင်းနှင့် စီမံကိန်းရေးဆွဲသူများ၊ ဘူမိဗေဒ ပညာရှင်များကို ဆိုလိုသည်။
- စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖော်ထုတ်၊ တန်ဖိုးဖြတ်၊ စီမံရန်အတွက် ရှင်းလင်းသည့် လုပ်ငန်းစဉ် ရှိပြီလား။
- အသေးစိတ် သီးသန့်စီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်မည့်ဒေသအတွက် ချမှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုစီမံကိန်း၌ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးဆိုင်ရာ အစီအမံများကို တရားဝင်ထည့်သွင်း ရေးဆွဲထားပါသလား။
- အခြားသောလုပ်ငန်းများဖြစ်သော လူ**သား**အရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်တို့တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်း လုပ်ငန်းကို ပေါင်းစပ်ထားခြင်းမျိုး ရှိပါသလား။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဇုန်ခွဲထားခြင်း (သို့မဟုတ်) အပျက်အစီး ခွင့်ပြုထားသည့် အတိုင်းအတာပါမစ်တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထည့်သွင်းစဉ်းစားခြင်းမျိုးရှိပါသလား။
- ဝန်ထမ်းများကို မိတ်ဆက်လေ့ကျင့်ပေးရာတွင် ယင်းဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ခြုံငုံ လေ့လာမိစေရန် သင်တန်းပေးခြင်းမျိုး ၊ စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အပေါ်ထားရှိစေသည့် မူဝါဒများ၊ အလေးအမြတ်ထားမှုများနှင့် လုပ်ငန်းစဉ်များကို သင်ကြားပေးခြင်းမျိုး ရှိပါသလား။
- စီမံကိန်း၏ ရပ်ရွာအကျိုးပြု စနစ်နှင့် အစီအစဉ်များတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်း စနစ်ကို ပူးပေါင်းဆောင်ရွက်ခြင်းမျိုး ရှိပါသလား။
- စီမံကိန်းပိတ်သိမ်းသည့် အစီအစဉ်တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းကို ပေါင်းစပ်ထားခြင်းမျိုးရှိပါသလား။ စီမံကိန်း ပိတ်သည့်အခါ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းကို ဆက်လုပ်မည်၊ မလုပ်မည်၊ တိုးချဲ့အစီအစဉ်များကို ထည့်သွင်းစဉ်းစားမည်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ မှတ်တမ်းများ (သို့မဟုတ်) ပစ္စည်းများကို လက်လွှဲပေးရန် (သို့မဟုတ်) ဆက်လက် ထိန်းသိမ်းထားရန် အစရှိသည်တို့ကို စဉ်းစားပြီးပြီလား။
- အလုပ်ခွင်တွင် ဒေသခံယဉ်ကျေးမှုဆိုင်ရာ ဓလေ့များနှင့် ယုံကြည်မှုတို့ကို ဝန်ထမ်းများအား ပညာပေးနိုင်ရန် မဟာဗျူဟာများ ပြင်ဆင်ထားမှုများ ရှိပါသလား။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းစနစ်သည် ရီယိုတင်တို အုပ်စုလမ်းညွှန်များနှင့် ကိုက်ညီမှု ရှိပါသလား။



**အပေါ်ပုံ**

အန္ဒိယနိုင်ငံ၊ မတ္တရာ ပရာဒက်ရှ် ရီယိုတင်တို၏ စိန်လုပ်ကွက်အနီး ဘတ်ဂျ်နာ ကျေးရွာမှ အမျိုးသမီးတဦး နှီးတောင်းများကို လက်ရာမြောက်စွာ ရက်လုပ်နေပုံဖြစ်သည်။ စိန်တွင်းရှိရာ အနားတဝိုက်မှ ကျေးရွာ အတော်များများသည် လယ်ယာစိုက်ပျိုးခြင်း (သို့မဟုတ်) ရိုးရာလက်မှုပစ္စည်းများ ပြုလုပ်ခြင်းဖြင့် သက်မွေးမှု ပြုကြသည်။

**ညာဖက်ပုံ**

ဘမ်းကွန် ရေကန်သည် နှစ်ပေါင်းများစွာ သက်တမ်းရှိပြီ ဖြစ်သော မြေအောက်ရေကန် ဖြစ်သည်။ အန္ဒိယနိုင်ငံ မတ္တရာပရာဒက်ရှ်တွင် ရှိပြီး ဘာသာရေးအရ အထွဋ်အထိပ် ထားရာလည်း ဖြစ်သည်။ ဘုရားဖူးလာသည့် ရာသီတွင် ရာပေါင်းများစွာ စုဝေးကာ ထိုကန်မှ ရေကိုချိုး၊ သောက်သုံးခြင်းဖြင့် နတ်ဘုရားများကို ပူဇော် ကြသည်။ ဘမ်းကွန်ရေကန်သည် ရီယိုတင်တို စိန်လုပ်ကွက် မှ (၁၅) ကီလိုမီတာဝေးပြီး လုပ်ကွက်ကြောင့် တစုံတရာ ထိခိုက်မည့် အနေအထားမရှိပါ။



## ၂.၃.၁။ ယဉ်ကျေးမှု အမွေအနှစ်များ စီမံခန့်ခွဲခြင်း အစီအစဉ်များ

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခန့်ခွဲခြင်း အစီအစဉ်များ CHMP သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဒေသတစ်ခု၊ အရာဝတ္ထု၊ လေ့များနှင့် ပတ်သက်ပြီး သီးသန့်ကိုင်တွယ်ခြင်း အစီအစဉ်ဖြစ်သည်။ CHMP ကို ရံဖန်ရံခါတွင် ဥပဒေကြောင်းအရ ရေးဆွဲထားပြီး လိုက်နာရန် လက်မှတ်ရေးထိုးသူတို့က တာဝန်ခံရမည့် အရာများကို ရှင်းလင်းစွာ ဖော်ပြထားသည့် စာရွက်စာတမ်းမျိုးလည်း ဖြစ်နိုင်သည်။ CHMP တွင် ပါဝင်သည့်အကြောင်းအရာများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ တန်ဖိုးကွာခြားမှု၊ ယနေ့အထိ လုပ်ဆောင်ခဲ့ပြီးသော ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ လုပ်ငန်းများ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်မည်နှင့် အခြား အချက်များအပေါ် အခြေပြုလျက် အမျိုးမျိုးကွဲပြားနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်၏ နက်ရှိုင်းပုံကိုလိုက်ပြီး CHMP သည် (၂) မျက်နှာမှ စာမျက်နှာ (၂၀၀) ထိ ရှိနိုင်သည်။ အချို့သောဒေသများနှင့် တရားစီရင်ရေး စနစ်အချို့အောက်တွင် CHMP တွင် မည်သည်များ ပါရမည်ကို ပိုင်းဖြတ်ပေးသည့် (သို့မဟုတ်) လမ်းကြောင်းပေးလွှမ်းမိုးသည့် ဥပဒေများ (သို့မဟုတ်) တရားဝင် လမ်းညွှန်ချက်များရှိသည်။

ယေဘုယျအားဖြင့် CHMP တခုတွင်
-သက်ဆိုင်ရာ ရပ်ရွာ၏ နောက်ခံသမိုင်း၊ လက်ရှိ အခြေအနေ၊ ရှေ့ဆက်အနာဂတ်အတွက် မျှော်လင့်ချက်တို့ ပါသည်။
-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ လက္ခဏာများနှင့် တန်ဖိုးများ
-ရပ်ရွာ၏ အမြင်သဘောထားများ၊ ပူးတွဲစီမံခြင်း၏ ရည်ရွယ်ချက်များအပါအဝင် ပန်းတိုင်၊ ဦးစားပေးအရာ၊ အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စများ အစရှိသည်တို့ကို ဖော်ထုတ်သည်။
-စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ဆွေးနွေးအကြံယူမှုများကို ဖြစ်ပေါ်စေမည့် နောက်ခံအနေအထားများကို စီစဉ်ခင်းကျင်းသည်။
-သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ခံမှုများအပါအဝင် ဒေသတခု (သို့မဟုတ်) အရာဝတ္ထုတခုကို စီမံခန့်ခွဲရန် စီစဉ်ထားပုံ၊ အုပ်ချုပ်စီမံပုံများကို တင်ပြခြင်းတို့ ပါဝင်သည်။
-စောင့်ကြည့်ခြင်းနှင့် ပြန်လည်အစီရင် ခံခြင်းလုပ်ငန်း ရည်ရွယ်ချက်များနှင့်
-မကျေမနပ်ဖြစ်မှု၊ တင်းမာမှု၊ နားကြည်း နစ်နာမှုတို့ကို ဖြေရှင်းပုံတို့ ပါဝင်သည်။
ဇယားကွက် (၆) တွင် ဒေသတခုအတွက် အလုံးစုံပါဝင်သည့် စီမံခန့်ခွဲမှု အစီအစဉ်တခု၏ ဥပမာကိုပြထားသည်။ လုပ်ငန်း တခု၏ CHMS မှ အသုံးချနိုင်သည်အားလုံးကို စုစည်းထားသည်။ ဒေသတခု၊ အရာဝတ္ထု (သို့) အလေ့အထ တစ်ခုအတွက် CHMP ဖြစ်ပြီး ပါသင့်ပါထိုက်သည် အားလုံးကို ဖော်ပြထားသည်။

**၆။ CHMP တွင်ပါဝင်ရမည့် အကြောင်းအရာများ**

၁- အဖွင့်မိတ်ဆက်
(က) နောက်ခံအကြောင်းအရာနှင့် အခင်းအကျင်း။
(ခ) အသုံးချနိုင်သည့် ဥပဒေများနှင့် စံသတ်မှတ်ချက်များ။
(ဂ) အဓိပ္ပာယ်ဖွင့်ဆိုချက်များ။
၂ - အတိုင်းအတာနှင့် လုပ်ငန်းပုံစံ
(က)အမွေအနှစ်တန်ဖိုးများ။
(ခ) လုပ်ငန်း၏ သဘောသဘာဝနှင့် သက်ရောက်လာနိုင်ဖွယ်ရှိသည့် ထိခိုက်မှုများ။
(ဂ) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များ ။
၃ - တာဝန်များ
(က) လုပ်ငန်း ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာသည် များကို တာဝန်ခံမှု။
(ခ) ဝန်ထမ်းများကို ယဉ်ကျေးမှု အမွေအနှစ်နှင့်ပတ်သက်ပြီး မိတ်ဆက်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း။
(ဂ) ကန်ထရိုက်များကို ကိုင်တွယ်စီမံခြင်း။
၄ - သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ
(က) ရီယိုတင်တို
(ခ) ဒေသခံရပ်ရွာများ။
(ဂ) အခြားသက်ဆိုင်သူများ။
၅ သတင်းအချက်အလက်များ ဖွင့်ပြခြင်း
၆ ဆွေးနွေးအကြံယူမှု လုပ်ပုံလုပ်နည်းများ
၇ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်း။
(က) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များ။
(ခ) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို နေရာရှေ့ ဖယ်ထုတ်ခြင်း လုပ်ငန်းစဉ်များ။
(ဂ) မတော်တဆ အကြောင်းတိုက်ဆိုင်သဖြင့် တွေ့ရှိသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကိုင်တွယ်ရန် လုပ်ငန်းစဉ်များ။
(ဃ) ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များကို လက်တွေ့လုပ်ကိုင် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ။
(င) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အသုံးပြုခြင်း ( ရပ်ရွာ။လုပ်ငန်း ) ဆိုင်ရာလုပ်ငန်းစဉ်များ။
၈ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအတွက် ကုန်ကျငွေ
(က) စူးစမ်းဖော်ထုတ်ခြင်းနှင့် ကိုင်တွယ်စီမံခြင်းတို့အတွက် ကုန်ကျငွေများ
၉ စာေဒက၊ တင်းမာမှုများနှင့် နာကြည်းနစ်နာမှုများကို ဖြေရှင်းသည့် လုပ်ငန်းစဉ်များ
၁၀ ပကတိအခြေအနေ တွေ့ရှိချက်များကို ပြန်လည်အစီရင်ခံခြင်း
၁၁ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း
၁၂ စီမံခန့်ခွဲမှု အချိန်ဇယား

CHMP ဆောင်ရွက်ချက်များ ထိရောက်မှု ရှိမရှိ ပြန်လည် သုံးသပ်ရန်အတွက် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို ထည့်သွင်းထား ရန်လိုအပ်သည်။ ဆောင်ရွက်ချက်များကို နောက်မှ ထပ်ချပ်မကွာလိုက်လံစောင့်ကြည့်ခြင်း၊ သက်ဆိုင်သူများ အားလုံးနှင့် ဆွေးနွေးမှုများ ပြုလုပ်ရာတွင် လမ်းညွှန်ချက်များကို လိုက်နာခြင်း ရှိ/မရှိ ပိုင်းဖြတ်ခြင်းနှင့် အကြံပေးမှု အားသာချက်များ ထောက်ပြမှု အစီအစဉ်များ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ CHMP တွင် စီမံကိန်းကြောင့် အနီးအပါး လူမှုအဖွဲ့အစည်း၏ မြင်ရသော၊ မမြင်ရသော အမွေအနှစ်များကို စီးပွားရေးအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုများရှိမရှိကိုလည်း ထည့်သွင်းစဉ်းစား ရမည်။ မိုင်းလုပ်ငန်း လုပ်ကိုင်နေသရွေ့ ထိခိုက်မှုများရှိခဲ့လျှင် မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ဆိုသည့် လမ်းညွှန်ချက်များလည်း ပါဝင်ရမည်။ ဥပမာ။ ။ စီမံကိန်းဝင်လာသောကြောင့် ပျက်ဆီးသွားသည်များကို နည်းအမျိုးမျိုးဖြင့်လျော်ကြေးပေးခြင်း၊ ဒေသခံ ဓလေ့ (သို့မဟုတ်) မမြင်ရသော အမွေအနှစ်များကို ထိန်းသိမ်းပေးရန် အတွက် အစီအစဉ်များ ချမှတ်ခြင်းတို့ ဖြစ်သည်။ CHMP တွင် မည်သူက တာဝန်ခံမည်နည်းကို ရှင်းလင်းစွာ ဖော်ပြထားရမည်။ CHMP တွင် သက်ဆိုင်သူအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်များကို ဖော်ပြထားရမည်။ စီမံကိန်း အနေနှင့် ဝန်ထမ်းများက မသိသား ဆိုးဝါးစွာဖြင့် မြင်ရသော၊ မမြင်ရသော အမွေအနှစ်များကို ပျက်ဆီးစေခြင်း မဖြစ်ရလေအောင် မိတ်ဆက်သင်ကြားလေ့ကျင့်ပေးရမည်။ ကန်ထရိုက်များနှင့် လာရောက်လည်ပတ်သူ များကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်မှုများကို ကိုင်တွယ်ရှင်းလင်းသည့် လုပ်ငန်းစဉ်လည်း ရှိရမည်။

အစိုးရအဖွဲ့အစည်းနှင့် ပြတိုက်များကဲ့သို့သော အခြားအဖွဲ့အစည်းများ၏ တာဝန်များကိုလည်း ရှင်းလင်းစွာ ဖော်ပြထားရမည်။ လုပ်ငန်းအားလုံးသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မတော်တဆ တွေ့ရှိခဲ့ပါက မည်သို့ ကိုင်တွယ်မည်နည်းနှင့် ပတ်သက်ပြီး အစီအစဉ်များကြိုတင်ရှိထားရမည်။ လူ့ခန္ဓာအကြွင်းအကျန်များ တွေ့ရလျှင် မှုခင်းရေးရာ ဖြစ်နိုင်သကဲ့သို့ အလွန်အရေးကြီးသည့် ယဉ်ကျေးမှုဆိုင်ရာ အချက်လည်းဖြစ်နိုင်သောကြောင့် အထူးသီးသန့် အာရုံစိုက်ပြီး ကိုင်တွယ်ရမည်။ လုပ်ငန်းဆောင်ရွက်ချက်များသည် မမြင်ရသော အမွေအနှစ်များကို တွေ့ရှိလာပါက မည်သို့ ကိုင်တွယ်ရမည်ကို မှန်ကန်သင့်မြတ်သည့် အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်ရမည်။ ထိုအစီအစဉ်များကို စီမံကိန်းစသည့် အချိန်ကပင် ပြင်ဆင်ထားရမည်။ ဇယားကွက် (၇) တွင် ပါဝင်နိုင်သည့် အဆင့်များ ကိုပြထားသည်။

**၇။ မတော်တဆတွေ့ရှိမှု (သို့မဟုတ်) ကြိုတင်မမြင်ရသည့် အသစ်တွေ့ရှိမှုများ ကိုင်တွယ်ရန် လုပ်ငန်းစဉ်များ**

၁။ ယင်းနေရာတပိုက် လုပ်ငန်းဆောင်ရွက်မှုများကို ချက်ခြင်း ရပ်ဆိုင်းလိုက်ပါ (လုပ်ငန်းများကို တွေ့ရှိရာ ဒေသတပိုက်တွင်သာ ရပ်ပြီး အချို့နေရာများတွင်လုပ်ဆောင်နေခြင်းဖြင့် နှောင့်နှေးမှုကြောင့် ငွေကြေး ဆုံးရှုံးမှုများကို ကာကွယ်နိုင်သည် )

၂။ တာဝန်ခံ စီမံကိန်းမန်နေဂျာ (သို့မဟုတ်) သက်ဆိုင်ရာ ရီယိုတင်တို အာဏာပိုင်ကို အကြောင်းကြားပါ။ တွေ့ရှိချက်ကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဟု မှတ်ယူလျက် အစီရင်ခံပါ။

၃။ လူ့ခန္ဓာအကြွင်းအကျန်များကို တွေ့ရှိပါက ရဲကို အကြောင်းကြားပါ။ များမြောင်လှသည့် ဥပဒေကြောင်းရာတို့ ပါဝင်လာပါလိမ့်မည်။

၄။ ကျောက်ဖြစ်ရုပ်ကြွင်း (သို့) ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာများကဲ့သို့သော တွေ့ရှိချက်များ ပေါ်ပေါက်ခဲ့လျှင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အာဏာပိုင်များကို အကြောင်းကြားပါ။

၅။ ဥပဒေအရ ပြဋ္ဌာန်းထားချက်ရှိပါက အမွေအနှစ် ကျွမ်းကျင်သူနှင့် သက်ဆိုင်ရာ ရပ်ရွာသားများနှင့် လက်တွဲပြီး တွေ့ရှိချက်၏ တန်ဖိုးအတိမ်အနက်ကို ပိုင်းဖြတ်ပါ။ အများသိစေရန် ထုတ်ပြန်ပါ။

၆။ သက်ဆိုင်ရာ ရပ်ရွာများ၊ သက်ဆိုင်သူများနှင့် ဆွေးနွေးအကြံယူပြီး တွေ့ရှိချက်များကို ကိုင်တွယ်ရန် ဆုံးဖြတ်ပါ။ ပါမစ်ရပြီး သဘောတူညီပြီဆိုပါက လုပ်ငန်းပြန်စပါ။

## ၂.၃.၃။ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို လက်တွေ့အကောင်အထည် ဖော်ခြင်း။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခြင်း လုပ်ငန်း ဆောင်ရွက်ချက်များတွင် မှတ်တမ်းပြုစုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ရှင်သန် အားကောင်းအောင် ဆောင်ရွက်ခြင်း၊ ရုပ်သံ ရိုက်ကူးထားခြင်း၊ ဖျက်ဆီးပစ်ခြင်းနှင့် နေရာ ရွှေးပြောင်းထားခြင်းတို့ ပါဝင်သည်။
စီမံခန့်ခွဲမှုများသည် တခါတရံတွင် သေးငယ်သော နေရာဒေသ တစ်ခုတည်း အတွက်သာ အထူးရည်ရွယ်သကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်း အားလုံးကို ခြုံငုံ ထိန်းသိမ်းရန်အတွက် အကျယ် ဆောင်ရွက်ရသည့် အခါမျိုးလည်း ရှိသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဒေသ၏ တန်ဖိုးအတိမ်အနက်(သို့) အရာဝတ္ထု၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဒေသ (သို့) အရာဝတ္ထု၏တန်ဖိုးများကို အခြားသော အမျိုးမျိုးသော အခွင့်အလမ်းများ၊ အကန့်အသတ်များနှင့် နှိုင်းယှဉ်ချိန်ဆ၍ စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများ ပြုလုပ်သည်။

-သက်ဆိုင်သူ အားလုံးပေါ်ရှိနေသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ တန်ဖိုး
-စီးပွားရေးပေါ်ထိခိုက်မည့် အန္တရာယ်များကို ဆန်းစစ်ထားချက်များမှ ရလဒ်များ
-ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုနှင့် ဆန္ဒများ
-လုပ်ငန်းသဘောသဘာဝ
-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူ၏ အကြံပေးချက်
-အခြားသော သက်ဆိုင်သူများ၏ ပူပန်မှုများနှင့်
-ဥပဒေကြောင်းအရ လိုက်နာရမည့် အချက်များပေါ်တွင် အခြေပြုကာ ဆောင်ရွက်သင့်သည်။

အားလုံးပါဝင်နိုင်သည့် ချိတ်ဆက်ဆွေးနွေးမှု အမှန်တကယ် ဖြစ်ပေါ်စေရန်အတွက် သက်ဆိုင်ရာ ရပ်ရွာများနှင့် ပူးပေါင်းလျက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းမှုကို ဆောင်ရွက်ရမည်။ ရပ်ရွာ အသိုင်းအဝိုင်းက ပါဝင်နိုင်သည့် လုပ်ငန်း ဆောင်ရွက်ချက်များတွင်

-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ
-ပူးပေါင်းလုပ်ဆောင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ထားသည့် ဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို ဖော်ထုတ်ခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း။
-သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ခြင်းတွင် အကြံပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကိုယ်တိုင်ပါဝင်ခြင်း။
-ကန်ထရိုက်များ၊ ဝန်ထမ်းများကို ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက်ခြင်း သင်တန်းများပေးခြင်းတို့တွင် အကြံပေး လမ်းညွှန်ခြင်း ဝင်ရောက်ကူညီခြင်း။
-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသများကို ကိုင်တွယ်ရန်အတွက် စီမံကိန်းများလက်တွေ့ အကောင်အထည် ဖော်ရာတွင် ပါဝင်ခြင်း (သို့မဟုတ်) ယင်းဒေသသို့ သက်ရောက်မှုဘေးဆိုးများ ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးမှုများကို ကာကွယ်လျှော့ချခြင်းတွင် ပါဝင်ခြင်း
-မမြင်ရသော အမွေအနှစ်များ မှတ်တမ်းတင်ခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း ( ဥပမာ။ ။ နှုတ်ပြောသမိုင်းများ စုဆောင်းခြင်း )
-ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ခြင်း ( ဥပမာ။ ။ အက၊ ပြဇာတ်၊ ဂီတ၊ ပုံပြောခြင်း၊ ဗဟုသုတများ မျှဝေခြင်း )
-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ခြင်းများတွင် သင်တန်းများ ပေးခြင်းတို့ ပါဝင်သည်။


သင့်တော်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်း လုပ်ငန်းပေါ်ပေါက်လာစေရန် ဖော်ထုတ်ပြုစုခြင်း လုပ်ငန်းစဉ်ကို ပုံ (၂) တွင် ပုံကြမ်းဖော်ပြထားသည်။



***ဘယ်ဘက်***

*၂၀၁၀ ခုနှစ်၊ ဩဂုတ်စြေးလျ အနောက်၊ ပါပွဲတွင် ဆေးရောင်စုံသာတို့ မြေယာ ပန်းချီပြပွဲတွင် ဖိလ်ဘာရာဒေသမှ အဘော်ရီဂျင် အနုပညာရှင်များ တက်ရောက်လာသည်ကို တွေ့ရစဉ်။ ပြပွဲကို ရီယိုတင်တို သံရိုင်းလုပ်ငန်းက စပွန်ဆာပေးသည်။*

ပုံ ၂။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခန့်ခွဲမှု အစီအစဉ် CHMP ဖြစ်လာစေရန် ဆောင်ရွက်ရပုံ အဆင့်ဆင့်




CSRM မှ ၂၀၁၁ မေလတွင် ရေးဆွဲထားပါသည်။

### ရှောင်ရှားခြင်းနှင့် ထိန်းသိမ်းခြင်း

ရပ်ရွာလူထုနှင့် သက်ဆိုင်သူများက ပြောသည့် ပူပန်မှုများ၊ သက်ရောက်မှု စစ်တမ်းတွင် တွေ့ရှိချက်များနှင့် လက်တွေ့တန်ဖိုး အတိမ်အနက်ကို ထည့်သွင်းစဉ်းစားရန် စီမံကိန်းပုံစံ ရေးဆွဲခြင်းကို တတ်နိုင်သမျှ အခြေအနေပေးသည့် အခါတိုင်း ပြုပြင် မွမ်းမံသင့်သည်။

ရံဖန်ရံခါတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို မထိခိုက်စေရန်အတွက် လုပ်ဆောင်နိုင်သော တနည်းမှာ လုံး၀ ရှောင်ရှားခြင်းသာ ရှိသည့်အခါမျိုးလည်းရှိသည်။ ထိုအခါမျိုးတွင် စီမံကိန်းကို ပြန်လည်ပြင်ဆင်ရန်နှင့် စီမံကိန်း၏ သက်ဆိုင်ရာ အစိတ်အပိုင်းများကို အသစ်ရွှေ့ပြောင်းနေရာချထားရန် စဉ်းစားရတော့မည် ဖြစ်သည်။

ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ် တန်ဖိုးရှိသည့် နေရာကို ကာကွယ်ခြင်းဆိုသည်မှာ ယင်းနေရာတွင် လုပ်ငန်းများဆောင်ရွက်ခြင်းများ မပြုခြင်းနည်းလမ်းသာ ရှိသည် မဟုတ်ပါ။ ( ရှောင်ရှားခြင်းသည်လည်း တစ်စိတ်တစ်ပိုင်းအနေနှင့် ပါ၀င်နိုင်ပါသည် ) အများအားဖြင့် ထိုနေရာများကို ထိန်းသိမ်းထားခြင်းကို ပို၍ အားပေးပါသည်။

ထိန်းသိမ်းခြင်းဟု ဆိုရာတွင် ယင်းနေရာဒေသ တခု (သို့မဟုတ်) အရာဝတ္ထုတခုကို မူလရှိသော ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်တန်ဖိုးများ လျော့ကျမသွားရလေအောင် စောင့်ရှောက်ခြင်း ဖြစ်သည်။ အကယ်၍ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်များက ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်အတွက် အရေးပါသည် ဆိုပါက ထိုရုပ်ပိုင်းဆိုင်ရာ သွင်ပြင်များကို ထိန်းသိမ်းရမည်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်များကို ထိန်းသိမ်းသည့်အခါတွင် ရိုးရာနည်းများကို အသုံးပြုရန်မှာလည်း အရေးကြီးသည်။ အထူးသဖြင့် ခေတ်မီနည်းစနစ်နှင့် အသုံးပြုသည့် ပစ္စည်းများသည် အဖိုးတန်မှုကိုလျော့ကျစေခြင်း၊ ရိုးရာဥပဒေများကို ပျောက်ကွယ်သွားစေခြင်း၊ ရိုးရာမပျက် ထိန်းသိမ်းပုံများ နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အစဉ်အလာအရ ထိန်းသိမ်းပိုင်ခွင့်တို့ကို ထိပါးလာသည့် အခါမျိုးတွင် ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ ဒေသတခု (သို့မဟုတ်) အရာဝတ္ထုတစ်ခုကို ထိန်းသိမ်းသည်ဟု ဆိုရာတွင်

- ကာကွယ်ခြင်းအစီအမံနှင့် ဇုန်အလိုက် ခွဲကာ ကန့်သတ်နယ်မြေများ ပြုလုပ်ခြင်း။
- ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည် စုစည်းပေးခြင်းနှင့် ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်များကို လိုအပ်သလို လိုက်လျောညီထွေ ပြုပြင်ခြင်း။
- မှတ်တမ်းတင်ခြင်း၊ရုပ်သံရိုက်ကူးထားခြင်း။
- တရား၀င်စီမံမည့် တတိယလူ။
- ဆိုင်းဘုတ်များ၊ အတားအဆီးများ၊ ခြံစည်းရိုးခတ်ခြင်း။
- သစ်ပင်များ မျိုးမတုန်းစေရန်ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းစေရန် ဆောင်ရွက်ခြင်း၊ မြေဖို့ခြင်း။
- မီးနှင့် ပိုးခြများ မဖျက်ဆီးစေရန် ဆောင်ရွက်ခြင်း။
- ကွင်းဆင်း စောင့်ကြည့်ခြင်း။
- မိုင်းမလုပ်မီက ကဲ့သို့သော အနေအထား ပြန်ရောက်ရန်အတွက် ပြန်လည် တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်း။
- ၀န်ထမ်းများနှင့် ကန်ထရိုက်များကို မိတ်ဆက်သင်ကြားပေးခြင်း၊ ပညာပေးခြင်း၊ သင်တန်းပေးခြင်းတို့ ပါ၀င်သည်။

တခါတရံတွင် ဒေသတခုမှ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ယင်းဒေသကို အလေးအနက်ထားသူများက စဉ်ဆက်မပြတ် အသုံးပြုနေရမည့် အခါမျိုးလည်းရှိသည်။ ဤသည်မှာ သမိုင်း၀င် ဘာသာရေးအဆောက်အဦးများအတွက် မှန်ကန်သကဲ့သို့၊ ယဉ်ကျေးမှုဆိုင်ရာ သဘာ၀ရှုမျှော်ခင်း တစ်ခုအတွက်လည်း အကျုံး၀င်ပါသည်။ ထိုကဲ့သို့သော ဒေသကို ပုံမှန်သွားလာ အသုံးပြုခွင့်ရရန်အတွက် စီမံကိန်းလုပ်ငန်းများ လည်ပတ်ပုံတွင် ကောင်းစွာ ပြထားပေးရမည်။ ပြင်ပဧည့်သည်များ လုပ်ငန်းခွင်သို့ လာရောက်သည့်အခါတွင် ကျန်းမာရေးနှင့်ဘေးကင်းရေးကဲ့သို့ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ထည့်သွင်းရမည်။ သက်ဆိုင်ရာ တသီးပုဂ္ဂလ (သို့မဟုတ်) ရပ်ရွာများနှင့် သဘောတူ စည်းမျဉ်းများ ချမှတ်ပြီး ဆောင်ရွက်ဖြေရှင်းနိုင်သည်။

အနှောက်အယှက် အတားအဆီး တစ်ခါတစ်ရံတွင် မြင်ရသော ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို ထိပါးနေသည့် အရာများကို ရှောင်မရနိုင်အောင်ဖြစ်တတ်သည်။ ထိုအခါမျိုးတွင်တော့ ယင်းနေရာဒေသ (သို့မဟုတ်) အရာဝတ္ထု၏ တန်ဖိုးအတိမ်အနက်ကို အကျေအလည် ဆွေးနွေးပြီးနောက် ထိပါးနှောင့်ယှက်မှုကို တရား၀င်သည့် နည်းလမ်းတစ်မျိုးအဖြစ် စဉ်းစားသည်။ ရံဖန်ရံခါတွင် နေရာဒေသ ကွက်ကွက်လေးကို သက်သာအောင် ဆောင်ရွက်ပေးနိုင်သော်လည်း ယဉ်ကျေးမှုအခင်းအကျင်းတခုလုံးကိုမူ ထိခိုက်မှုများရှိမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်သည့်အခါတွင် ထိပါးရန်ခွင့်ပြုထားချက် ရှိသင့်သည်။ ယင်းတွင် အောက်ဖော်ပြပါ အချက်များနှင့် ပတ်သက်ပြီး စည်းကမ်းများကို ဖော်ပြထားရမည်။

- ထိပါးခွင့်ကို သက်ဆိုင်ရာ ရပ်ရွာများမှ ရယူရမည်။ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များထိပါးရန်အတွက် ဥပဒေအရ ခွင့်ပြုချက်ပါရမည်။
- သင့်တော်သည့် လျော်ကြေးငွေကို ပျက်ဆီးသွားသည်များအတွက် ပေးလျော်ခြင်း။
- ထိပါးခြင်းမပြုမီ ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များကို မှတ်တမ်းတင် ရုပ်သံရိုက်ကူးထားခြင်း။
- လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများသည် ထိပါးမှုနှင့်ဆိုင်သည့် ပြဋ္ဌာန်းထားချက်များနှင့် ကိုက်ညီမှု ရှိရမည်။

သက်တမ်းကြာပြီဖြစ်သော ရီယိုတင်တို၏ CHMS တွင် ထိပါးရန်ခွင့်ပြုချက်ကို စီမံကိန်းလုပ်ငန်းစဉ်များ မချခင် ရယူထားလေ့ရှိသည်။ ထိုအခါတွင် CHMS ကိုလည်း ကောင်းစွာလုပ်နိုင်မည်၊ စီမံကိန်းအချိန် လျာထားချက်ကို ပိုကြာစေမည့် အရာများကိုလည်း ဖြေရှင်းပြီးသားဖြစ်မည်။

( ဖြစ်စဉ်လေ့လာချက် (၈) ကိုကြည့်ပါ )

**လျှော့ချခြင်းနှင့် ပြန်လည်နေရာချခြင်း၊**
မြင်ရသော ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်များကို ထိပါးရန် ခွင့်ပြုပြီးဆိုပါက ထိပါးသဖြင့် ဆုံးရှုံးမည့် အရာများကို အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် လျှော့ချပေးမည့် အစီအစဉ် အဆင့်ဆင့်ကို ပြုလုပ်ရမည် ဖြစ်သည်။ ထိုလုပ်ငန်းအဆင့်ဆင့်တွင် ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်များ ဖျက်ဆီးမခံရမီ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ အရာဝတ္ထုများ ပြင်ဆင်ပေးခြင်းတို့ပါသည်။ ထိုလုပ်ငန်းများကို ရီယိုတင်တိုက လျှော့ချခြင်း လုပ်ငန်းအဖြစ် တခါတရံညွှန်းတတ်သည်။

ဆုံးရှုံးမှုများလျှော့ချခြင်းတွင် အောက်ဖော်ပြပါ အချက်များ တစ်ခု (သို့မဟုတ်) တခုထက်ပိုပြီး ပါဝင်တတ်သည်။

- မြေပေါ်ရှိ ပျောက်ကွယ်တော့မည့် ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်များ လူလုပ်ပစ္စည်းများကို စုစည်းခြင်း။
- မြေအောက်ရှိ ပျောက်ကွယ်တော့မည့် ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်များ လူလုပ်ပစ္စည်းများကို စုစည်းခြင်း။ မြေအောက်ရှိ ရှေးဟောင်းသုတေသနဆိုင်ရာ အရာဝတ္ထုများကို စီမံခြင်းနှင့် မှတ်တမ်းပြုစုခြင်း။
- ဒေသနှင့် အရာဝတ္ထုများကို မှတ်တမ်းတင်သိမ်းဆည်းခြင်း။
- ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဒေသ၊ အရာဝတ္ထုများကို နေရာ ရွှေ့ပြောင်းခြင်း၊ ပြန်လည်ပြုပြင်ခြင်း။
- လူမျိုးစု စစ်တမ်းကောက်ခြင်း ။

နေရာရွှေ့ပြောင်းခြင်းနည်းသည် ရပ်ရွာသားတို့က အများအားဖြင့် တောင်းဆိုသည့် လျှော့ချခြင်းနည်းလမ်းတခုဖြစ်သည်။ ထိုသို့ပြောင်းရွှေ့ခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ၊ အခြား အမွေအနှစ် တန်ဖိုးများကို ကြီးစွာသက်ရောက်မှုများ ရှိနိုင်သော်လည်း ရွာသားအများစုက နားလည် သဘောပေါက်လေ့ မရှိကြပေ။ အမွေအနှစ်များ၏ တန်ဖိုးဆိုသည်မှာ ရံဖန်ရံခါတွင် နေရာ၊ အကြောင်းအရာနှင့် နက်နက်နဲနဲ ချိတ်ဆက်နေလေ့ရှိသည်။ အမွေအနှစ်သွင်ပြင်များကို မူလ အခင်းအကျင်းမှ ဖယ်ရှားလိုက်ပါက ယင်းချိတ်ဆက်မှုကို ပျက်ဆီးစေသည်။ ထို့ကြောင့် နေရာရွှေ့ပြောင်းခြင်းမပြုပဲ ရေရှည်ထိန်းသိမ်းထားခြင်းသည် ယင်းဒေသကို ကာကွယ်ရန် အကောင်းဆုံးနည်းဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ကျွမ်းကျင်သူများ၏ အကြံပေးချက် ရမှသာ (သို့မဟုတ်) နေရာရွှေ့ပြောင်းပေးလိုက်မှသာ အမွေအနှစ်တန်ဖိုးကို ထိန်းသိမ်းရာ ရောက်မည့် အခြေအနေမျိုးတွင်မှ နေရာရွှေ့ပြောင်းပေးခြင်းကို စဉ်းစားသင့်သည်။ ထိုသို့လုပ်ရန် မဖြစ်နိုင်ပါက အခြားလျှော့ချသည့် နည်းများကိုအသုံးပြုရမည်။ နေရာရွှေ့ပြောင်းခြင်းအတွက် အစီအမံများ ရေးဆွဲရာတွင် ရပ်ရွာသားများနှင့် ဆွေးနွေးရန်မှာ အရေးပါသည်။ ထို့ပြင် စည်းကမ်း ထိန်းသိမ်းမည့်သူများနှင့်လည်း အောက်ဖော်ပြပါအချက်များ

- အရာဝတ္ထုများကို မည်သို့ ကိုင်တွယ်မည်နည်း။
- နေရာရွှေ့ပြောင်းခြင်းလုပ်ငန်းစဉ်တွင် မည်သူပါဝင်သင့်သနည်း။
- ရွှေ့ပြောင်းခြင်း အတွက် ပွဲပေးရမည်ဆိုပါက မည်သူက ဦးစီးဆောင်ရွက်မည်နည်း။
- ယင်း ယဉ်ကျေးမှု ဆိုင်ရာအမွေအနှစ်ပစ္စည်းများကို မည်သည့်နေရာသို့ ရွှေ့မည်နည်း။
- နေရာသစ်တွင် အံဝင်အောင်မည်သို့ ဆောင်ရွက်မည်နည်းတို့ကို ဆွေးနွေးထားရမည်။

ဇင်ဘာဘွေနိုင်ငံ မူရိုဝါ စိန်တွင်း ဖြစ်စဉ်လေ့လာချက် ၅ တွင် အရေးပါပြီး ပျောက်ကွယ် လုဖြစ်နေသော သချိုင်းများကို ရွှေ့ပြောင်း ရာတွင် ရပ်ရွာက အရေးပါသည့် နေရာမှ ပါဝင်သည်ကို ဥပမာပြထားသည်။ ယင်းဥပမာတွင် ယဉ်ကျေးမှု တန်ဖိုးများ ပေါ်တွင် လေးစားပြီး သချိုင်းနေရာ ပြောင်းရွှေ့ခြင်းအတွက် လက်တွေ့အကောင်အထည်ဖော်ခြင်း၊ စီစဉ်ခြင်း၊ စတင်စဉ်းစားသည့် အခါများတွင် မိသားစု ဝင်များ၏ ပူပန်မှုများကို အရေးတယူထားသည်ကို တွေ့ရသည်။ ထို့ပြင် နိုင်ငံတွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းများကိုလည်း တင်းကျပ်စွာလိုက်နာသည်။

# ဖြစ်စဉ်လေ့လာချက် (၅)

## ဇင်ဘာဘွေနိုင်ငံ ဇွီရှုဗိန်းအဖိုးတန်အရေးပါအငွေ့အနှစ်များကိုနေရာရွှေ့ထားရန် စီစဉ်ခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာထုံးတမ်းများကို အလေးပြုခြင်း





ဇင်ဘာဘွေနိုင်ငံ၊ ဇွီရှုဗိန်း ခရိုင်တွင်ရှိသည့် မူရိုဝါ စိန်တွင်းလုပ်ငန်းကို မူရိုဝါ စိန်လီမိတက်က လုပ်ကိုင်နေပြီး ယင်းကုမ္ပဏီ၏ ရှယ်ယာ ၇၈ ရာခိုင်နှုန်းကို ရီယိုတင်တိုက ပိုင်ပြီး ၂၂ ရာခိုင်နှုန်းကို ရီယိုဇင် လီမိတက်က ပိုင်သည်။ စိန်တူးသည့်လုပ်ငန်း မိုင်း လုပ်ငန်းအားလုံးကို ရီယိုတင်တိုက အစအဆုံး ကိုင်သည်။ မူရိုဝါတွင် လုပ်ကွက်တွင် စိန်တူးယူခြင်းများ ပြုလုပ်နိုင်ရန် အတွက် မိသားစု ၁၄၂ စုနှင့် ယင်းမိသားစုများနှင့် ဆက်နွယ်နေသည့် အုတ်ဂူ ၂၀၀ ကျော်ကို ပြောင်းရွှေ့ရ မည်ဖြစ်သည်။

**အခက်အခဲ – လူနှင့် အမွေအနှစ်များကို ပြန်လည်နေရာချထားခြင်း။**

မူရိုဝါ တွင်တွေ့ကြုံရသည့် အခက်အခဲမှာ ကုမ္ပဏီအတွက်ကော၊ ပြောင်းပေးရမည့်ရွာ အတွက်ပါ ရှုပ်ထွေးလှသည့် လုပ်ငန်းစဉ်ဖြစ်သည့် အောင်မြင်သော အရှည်အကျိုး ဖြစ်ထွန်းစေသော နေရာရွှေ့ပြောင်းပေးမှုကို ဆောင်ရွက်ရန်ဖြစ်သည်။ နေရာ ရွှေ့ပြောင်းသည့်အခါတွင် ပြောင်းရွှေ့ခံသူများသာမက ၎င်းတို့ကို လက်ခံမည့် ရပ်ရွာများကပါ အခက်အခဲများရှိသည်။ နေရာသစ်တွင် အခြေကျစေရန်၊ သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်စေရန် စသည်တို့ကို ဆောင်ရွက်ပေး ရမည်ဖြစ်သည်။

မိသားစုများသည် ၎င်းတို့ အစဉ်အဆက် ဆင်းသက်နေထိုင်လာသည့် အရပ်ကို စွန့်ခွာရန် သဘောတူကြသော်လည်း ဘိုးဘေးများ၏ အုတ်ဂူများ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်ပြီး အထူးပူပန်မှုများရှိကြောင်း ဖော်ထုတ်ခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ အယူအဆများအရ ကွယ်လွန်သူတို့ကို ဘိုးဘေးစဉ်ဆက်နေလာသည့် နေရာတွင်ပင်မြှုပ်နှံရမည်ဖြစ်ပြီး တစုံတရာ အနှောင့်အယှက် ပေးခြင်း မရှိစေရဟု လက်ခံထားကြသည်။

**လုပ်ငန်းစဉ် – ယဉ်ကျေးမှုဆိုင်ရာ နှင့် ဥပဒေရေးရာ ပြဿနာများ ဖြေရှင်းခြင်း**

အုတ်ဂူများ နေရာရွှေ့ပြောင်းမည့် အစီအစဉ်ရေးဆွဲ သည့်အခါတွင် မူရိုဝါသည် အုတ်ဂူရှင်မိသားစုများ၊ ရပ်ရွာခေါင်းဆောင်၊ အစိုးရအရာရှိများနှင့် ပူးပေါင်းကာ ပြဿနာများကို ဝိုင်းရှင်းရန်၊ နည်းလမ်းများ စဉ်းစားပေးရန် အတွက် ပွင့်ပွင့်လင်းလင်း တိုင်ပင်သည်။ ထိုကဲ့သို့ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ဘိုးဘေးတို့၏ ဝိညာဉ်များသည် မိသားစု၊ ကျေးရွာ၊ လူမှုအသိုင်းအဝိုင်းတခုလုံးကို နေ့စဉ်နှင့်အမျှ လမ်းပြလျက်ရှိသည်ဟု ရိုးရာအရ ယုံကြည်လျက်ရှိသည်ကို သိရှိလာရသည်။ အုတ်ဂူများ နေရာရွှေ့ပြောင်းသည့်လုပ်ငန်းအတွက် မူရိုဝါသည် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရမည်သာမက ယင်းဒေသတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်သည်။

ရပ်ရွာက ပူပန်သည့်အရာများမှာ

-အလောင်းဖော်ပြီး ပြန်မြှုပ်ပေးသည့်အခါတွင် သမားစဉ် အတိုင်းလိုအပ်သည့် ပွဲများ ပြုလုပ်ပေးမည်လား။

-အုတ်ဂူပြောင်းသည့်အခါတွင် တက်ရောက်ရမည့် ဆွေမျိုးများ၏ ခရီးသွားလာ ကုန်ကျစရိတ်များကို ကုမ္ပဏီက လက်ခံပေးမည်လား။

-အုတ်ဂူများကို မည်သည့်နေရာတွင် ပြန်လည်တည်ဆောက်ပေးမည်နည်း။

ဆွေးနွေးမှုများ ကောင်းစွာ ပြုလုပ်ခဲ့သဖြင့် လုပ်ကွက်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သည့် နေရာတွင်းမှ အုတ်ဂူများကို မူရိုဝါက ပြန်လည်ဆောက်ပေးသည့် ရိုးရာမြေ အဝန်းအဝိုင်းထဲမှ သချိုင်းနှစ်ခုသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ ဆိုလိုသည်မှာ အုတ်ဂူများသည် ဘိုးဘေးတို့မြေ အဝန်းအဝိုင်းထဲတွင်ပင် ရှိနေမည်ဖြစ်ပြီး မူလရပ်ရွာခေါင်းဆောင်၏ ဦးစီးမှုနှင့် ရွာသားများသည် ၎င်းတို့ ဇာတိရွာနှင့် ယင်းအုတ်ဂူများရှိရာသို့ အချိန်မရွေးသွားရောက်နိုင်မည်ဖြစ်သည်။ မရိုဝါက အုတ်ဂူဖော်ခြင်း၊ ပြန်လည်မြှုပ်နှံပေးခြင်း၊ အသုဘပွဲနှင့် ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာများကို ဝယ်ယူပေးခြင်း၊ တက်ရောက်လာသည့် ဆွေမျိုးများ၏ လမ်းစရိတ်ကုန်ကျငွေများပေးခြင်းဖြင့် အစစ အရာရာ






တာဝန်ယူခဲ့သည်။ အုတ်ဂူပြန်လည် ဖော်ထုတ်ခြင်းကို ချမှတ်ထားသည့် ပြည်သူ့ကျန်းမာရေး စည်းကမ်းများနှင့် မူဝါဒတို့နှင့် အညီ ဆောင်ရွက်ခဲ့သည်။ ဖွားသေ စာရင်းနှင့် ကိုက်ပြီး မှန်ကန်သည့် အုတ်ဂူများကိုသာ တူးဖော် ရန်အတွက်လည်း ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ တိကျသော မှတ်တမ်းများမရှိပါက ရွာခေါင်းဆောင်နှင့် လက်ထောက်များက မည်သူမည်ဝါဖြစ်သည်ကို မှန်ကန်ကြောင်း လက်မှတ်ထိုးပေးရသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆွေမျိုးများသည် ကွယ်လွန်သူ မိမိတို့ အမျိုးများ မည်သည့်နေရာသို့ ပြန်ရောက်သွားသည်ကို မျက်ခြေမပြတ်မည်ဖြစ်သည်။ အုတ်ဂူတွင်းတွင် ရုပ်အလောင်းအကြွင်းအကျန်များ မရှိတော့ပါက မြေများကိုယူကာ အုတ်ဂူသစ်တွင် ပြန်လည် ဂူသွင်းပေးရန် သဘောတူညီကြသည်။

**ရလဒ်များ – ကောင်းမွန်သော ရလဒ်များ ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်ကြသည်။**

လုပ်ငန်းမစတင်မီ ထိရောက်စွာ အစီအစဉ်ဆွဲထားမှုကြောင့် ရပ်ရွာ၏ အလေးထားမှုနှင့် စဉ်းစားချက်များကို အုတ်ဂူပြောင်းရွှေ့သည့် အစီအစဉ်တွင် ကောင်းစွာထည့်ပေါင်းနိုင်ခဲ့ပြီး အစိုးရ ကျန်းမာရေးစည်းကမ်းချက်များကိုလည်း အပြည့်အဝ လိုက်နာနိုင်ခဲ့သည်။ ဒေသခံ အစိုးရကော၊ ရပ်ရွာမှပါ အုတ်ဂူများ ပြောင်းရွှေ့သည့် လုပ်ငန်းစဉ်တွင် အဆိုးသက်ရောက်မှုများကို မည်သို့လျှော့ချ ရမည် နည်းနှင့် ပတ်သက်ပြီး မူရိုဝါက သဘောတူညီချက်များ ရယူနိုင် ခဲ့သည်။ ကွယ်လွန်သူများကို ရပ်ရွာက ဆက်ဆံ ဆောင်ရွက်ပုံကို လေးစားခြင်း၊ ဒေသခံအစိုးရနှင့် ရပ်ရွာသားတို့ကို တက်ကြွ စွာပါဝင်စေခြင်းတို့ဖြင့် မူရိုဝါသည် ရပ်ရွာအသိုင်းအဝိုင်းကို လေးစားကြောင်း၊ ၎င်းတို့ ဘဝနေပုံနေနည်းများကို လေးစားကြောင်း ပြသခဲ့သည်။ ယင်းအချက်သည် မူရိုဝါမိုင်း ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် အရေးကြီးသော နေရာပြန်လည်ချထားရေးကို အောင်မြင်စေသည့် အဓိက အချက်ဖြစ်သည်။

၅

***ထိပ်ဆုံးပုံ***

*မူရိုဝါ စိန်လုပ်ကွက်တွင်းရှိ ပြောင်းရွှေ့လိုက်သည့် အုတ်ဂူများအတွက် သချိုင်းအသစ်*

***အပေါ်ပုံ***

*မူရိုဝါ စိန်လုပ်ကွက်က ဆောက်လုပ်ထားပေးသည့် စားကျက်ခြံလေးထဲတွင် လဲဗီမိုရို အားတွေ့ရစဉ်။ နောက်တွင် ရပ်နေသူများ ၎င်း၏ မိသားစုဝင် အီမန်နျူရယ် မူရီ။ မူရိုဝါကုမ္ပဏီသည် သည်မူရိုဝါတွင် လယ်မြေများရှိခဲ့သူများကို နေရာသစ်တွင် စိုက်ပျိုးရေးလုပ်ငန်း မွေးမြူရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်စေရန် ပြင်ဆင်ပေးခဲ့သည်။*

***အဝိုင်း***

*ရွာသားများက မိုင်းလုပ်ကွက်တွင်းမှ ပြောင်းရွှေ့ပေးရမည့် အုတ်ဂူ ဖော်နေသည်ကို ကြည့်နေပုံ*





**အထက်ပုံ**

*ရီဂျ ဘာနီ အနုပညာအုပ်စုဝင် ဂျက်စတင်နာ ဝီလီ ပုံဆွဲနေသည်ကို သားဖြစ်သူက ကြည့်နေစဉ်။ ရီဂျ ဘာနီ အနုပညာလုပ်စုသည် သြစတြေးလျ အနောက်ပိုင်း ဖီလ်ဘာရာ ဒေသမှ ဖြစ်ပြီး ရီယိုတင်တို သံလုပ်ငန်းက စပွန်ဆာ ပေးထားသည်။*

**ဘယ်ဘက်**

*ရီဂျ ဘာနီ အနုပညာအုပ်စုမှ ပန်စီ ဆမ်ဘိုကို ၄င်း၏ အနုပညာလက်ရာတခုနှင့် တွေ့ရစဉ်*

**လျော်ကြေးပေးခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အလျော်အစားအနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း ထိခိုက်သွားသည်များကို လျော်ကြေးပေးသည့် အနေဖြင့် ကျန်ရှိသည့် အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း**

ရီယိုတင်တိုသည် လုပ်ငန်းလုပ်ဆောင်သည့် အခါများတွင် မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တိုက်ရိုက်ထိခိုက်ခြင်းကို လျှော့ချသည့် အစီအစဉ်များ ပြုလုပ်ရန် လိုသကဲ့သို့ ပို၍ နူးညံ့သိမ်မွေ့သော မမြင်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပြောင်းလဲသွားခြင်း(သို့) ဆုံးရှုံးသွားခြင်း တို့ကိုလည်း ကာကွယ်လျှော့ချရသည်။ အချို့သော ကိစ္စရပ်များတွင် လျော်ကြေးငွေ ပေးအပ်ခြင်းသည် အငြင်းအခုန်ဖြစ်ပွားမှုများ နိုင်ငံရေးအရ တောင်းဆို တိုက်ပွဲဝင်မှုများ (ရပ်ရွာတွင်းဖြစ်စေ၊ ရပ်ရွာနှင့် ကုမ္ပဏီကြား ဖြစ်စေ)သည် လျော်ကြေးငွေ ပေးအပ်သည့် အခါ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် မည်သည့် လျော်ကြေးငွေ ပေးအပ်ခြင်းနည်းလမ်းမဆို အခြေအနေနှင့် အချိန်အခါကို ကြည့်ကာ ဆောင်ရွက်ရမည်။ ရီယိုတင်တို၏ ငွေကြေး လျော်ပေးသည့် အစီအစဉ်သည် အချို့သော အခြေအနေများတွက် သင့်တော်သည်။

လက်ရှိ အသစ်ပေါ်ပေါက်လာသည့် ချဉ်းကပ်ပုံတစ်ခုမှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ထိခိုက်ခြင်းကို လျှော့နည်းသက်သာစေခြင်း(သို့) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အလျော်အစားအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်များကို အလျော်အစားအနေဖြင့် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ခြင်းဆိုသည်မှာ စီမံကိန်း ဆောင်ရွက်ချက်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်ဆီး၊ ဆုံးရှုံး၊ ပျောက်ကွယ်သွားသည့် ရှောင်လွှဲမရသော အပျက်အဆီး၊ စီမံကိန်းပြီး ကျန်ရစ်သည့် အရာများအတွက် ရပ်ကွက်ပြည်သူက လက်ခံနိုင်သည့် လျော်ကြေးပုံစံအနေနှင့် ရပ်ရွာတစ်ခု၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းရန်၊ မြေတောင်မြှောက်ပေးရန်၊ ပျက်ဆီးမှုများ ပိုမိုဆိုးရွားလာခြင်း မရှိစေရန်အတွက် စီစဉ်ဆောင်ရွက်မှုကို ဆိုလိုခြင်း ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့်အချက်မှာ စုပေါင်းသက်ရောက်မှုများကို ထိန်းချုပ်ရန်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ တန်ဖိုးများအတွက် ကောင်းမွန်သည့် ရလဒ်များ ပေါ်ပေါက်လာစေရန် ဂရုပြုရမည် ဖြစ်သည်။

**ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို အလျော်အစားအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း**

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းများကဲ့သို့ပင် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းခြင်း လုပ်ငန်းသည်း စီမံကိန်းသက်တမ်း တစ်လျှောက်လုံး ရှိရမည့်အပြင် စီမံကိန်း ပြီးဆုံးသွားပါက မည်သည့်အထောက်အပံ့မှ မရှိဘဲ လွတ်လပ်စွာ ရှင်သန်ရပ်တည်နိုင်ရမည်။ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မြေတောင်မြှောက် ကြီးပွားအောင် ဆောင်ရွက်ပေးရမည်။ လုပ်ငန်းဆောင်ရွက်ချက်များတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် သက်ဆိုင်ရာ ရပ်ရွာများနှင့် သက်ဆိုင်သူများက ယဉ်ကျေးမှု အမွေအနှစ်များကို အလျော်အစားအနေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်သင့်သည်။ ဖြစ်စဉ်လေ့လာချက်(၈) တွင် ဖော်ပြထားသည့် ရီယိုတင်တို ဩစတြေးလျ ကျောက်မီးသွေးလုပ်ငန်း ဥပမာတွင် ကိုင်တွယ်ရန်ခက်ခဲသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကိုင်တွယ် ဖြေရှင်းရန် အတွက် ချဉ်းကပ်ပုံများကို ဖော်ပြထားသည်။ ဖြစ်နိုင်သမျှ အပေါင်းလက္ခဏာဆောင်သည့် ချဉ်းကပ်ပုံများကို အသုံးပြုလျက် ရီယိုတင်တို၏ ဩစတြေးလျမှ ကျောက်မီးသွေး လုပ်ငန်းသည် ရှောင်လွှဲမရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိပါးမှုကို လျော်ပေးသည့်အနေဖြင့် ကြီးမားကျယ်ပြန့်သော ယဉ်ကျေးမှု အခင်းအကျင်းထဲမှ အခွင့်အလမ်းကောင်းများကို ရှာဖွေခဲ့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် စနစ်တကျ စီစဉ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းလုပ်ငန်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏တန်ဖိုးကို တိုးမြှင့်စေနိုင်သကဲ့သို့ မူလက ဆုံးရှုံးနစ်နာမှုကို ထေမိရုံမျှမက၊ ထိုထက်ပင် သာလွန်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို အလျော်အစားအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အသစ်ဖြစ်ပြီး၊ မည်သည့်လမ်းကြောင်းက အမှန်ဖြစ်သည်ကို ညွှန်ပြရန် ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် အသွင်သဏ္ဌာန်တူသော အခြားသော ယဉ်ကျေးမှုတန်ဖိုး(သို့) မတူသော တန်ဖိုးတို့ကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရန်(သို့) အစားထိုးရန် အလွန်ခက်ခဲပါသည်။ သို့ရာတွင် ရီယိုတင်တို လုပ်ငန်းများရှိရာ တရားစီရင်ပိုင်ခွင့်နယ်နိမိတ် အပါအဝင် နေရာတော်တော်များများ၌ ဤကိစ္စနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ကြပ်မတ်ထိန်းကြောင်းခြင်းကို တိုးမြှင့် လုပ်ဆောင်လျက်ရှိသည်။ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းခြင်းတွင် အောက်ဖော်ပြပါ အချက်များ ပါဝင်သည်။

- ဒေသန္တရ နှုတ်ပြောသမိုင်း၊ မျိုးရိုးစဉ်ဆက် ဆင်းသက်ပုံနှင့် အခြားအရေး ပါသည့် မမြင်ရသော အမွေအနှစ်များကို မှတ်တမ်းတင်သည်။
- မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာများကို မှတ်တမ်းတင်ခြင်း (သို့မဟုတ်) သုတေသနပြုခြင်း (အနက်ပြန်ခြင်း၊ ပုံနှိပ် ထုတ်ဝေခြင်း )
- ယဉ်ကျေးမှု စင်တာများဖွင့်လှစ်ခြင်း၊ ပြတိုက်များ တည်ထောင်ခြင်း။
- ယဉ်ကျေးမှုဆိုင်ရာအရေးပါသည့် အခြားသော အရာများကို ထိန်းသိမ်းခြင်း၊ ပြသတင်ပြခြင်း၊ စီမံကိန်းပြင်ပမှ ယဉ်ကျေးမှုဆိုင်ရာများကို စီမံကိန်းအဝန်းအဝိုင်းမှ ရပ်ရွာသားတို့ ၎င်းတို့ စိတ်အလိုအရ လိုအပ်သလိုသုံးစွဲနိုင်ရန် ဖန်တီးပေးခြင်း။
- ဒေ္တသရယဉ်ကျေးမှုဆိုင်ရာ အလေ့များကို မိတ်ဆက်ပေးခြင်း၊ မြေတောင်မြှောက် ပေးခြင်းတို့ပါဝင်သည်။

မှတ်သားရန်မှာ - ထိုသို့ဆောင်ရွက်ခြင်းများသည် ရိုးရာအစဉ်အလာ ဂေဟဗေဒအသိပညာကို ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဇီဝမျိုးကွဲနှင့် သဘာဝရှုခင်းများ စီမံခန့်ခွဲမှု အသုံးပြုမှုများနှင့် ၎င်းအသိပညာတို့ ဆက်နွယ်မှု အစရှိသဖြင့် ပါဝင်သော သဘာဝပတ်ဝန်းကျင်ကို အလျော်အစားအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များ ရောထွေးသွားတတ်သည်။

**မြေတောင်မြှောက်ပေးခြင်း**

ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ထိန်းသိမ်းစီမံခြင်းသည် မင်္ဂလာ အခွင့်အလမ်းကောင်းများကို ရနိုင်သမျှ ထိန်းချုပ်စီမံခြင်း ဖြစ်သည်။ စီမံချက်ပုံစံတိုင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အဆိုးထိခုက်မည့် အရာတိုင်းကိုလည်း တုန့်ပြန်ရမည်ဟု မဆိုလိုပါ။ ဒေသခံယဉ်ကျေးမှုကို တိုးမြှင့် မြေတောင်မြှောက်ပေးနိုင်မည့် အခွင့်အလမ်းများကို အမြဲမပြတ်ရှာဖွေရမည်။ သတိရှိနေရမည်။ ယဉ်ကျေးမှု ဆိုင်ရာများကို အလျော်အစားအနေနဲ့ ထိန်းသိမ်းခြင်းကိုလည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ မြေတောင် မြှောက်ခြင်း မဟာဗျူဟာ အနေနှင့်လည်း အသုံးချနိုင်သည်။

## ၂.၃.၃။ မမြင်ရသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း

မမြင်ရသောအရာဖြစ်လင့်ကစား ထိရောက်သည့် စီမံမှုများနှင့် အစီအစဉ်များ ဖြစ်ပေါ်စေရန်အတွက် မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အတွက် ထည့်သွင်းစဉ်းစားခြင်းကိုလည်း မြင်ရသော အမွေအနှစ်များနှင့်ပေါင်းလျက်မဟုတ်ပဲ သီးသန့် ပြုလုပ်ရမည်။ သို့မဟုတ်ပါက မြင်ရသော ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ အတွက်သာ အဓိကထားကာကွယ်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံသည့် အစီအစဉ်တွင် မပါဝင်ပဲ လွတ်သွားခြင်းတို့ ဖြစ်တတ်သည်။ ရီယိုတင်တို လုပ်ငန်းများသည် သက်ဆိုင်ရာ ယဉ်ကျေးမှု အလေ့အထများကို တတ်နိုင်သမျှ ပံပိုးရန် အတွက် အားပေးသည်။

- ဒေသစကားနှင့် ရိုးရာ ဓလေ့များ
- မြေယာအသုံးချခြင်းနှင့် အခြား ရိုးရာ စီးပွားရေး အလေ့အထများ။
- ဒေသနှင့် ပတ်သက်သည့်ပုံပြင်များကို ပြန်လည်ပြောပြစေခြင်း။
- ဒေသဓလေ့ပွဲတော်များ စီစဉ်ပေးခြင်း၊ ဒေသဓလေ့ အခမ်းအနားများ ဆောင်ရွက်ပေးခြင်း။
- ယဉ်ကျေးမှု ဓလေ့များကို မျိုးဆက်သစ်များသို့ လွှဲပြောင်းပေးခြင်းတို့ကို ပြုလုပ်သည်။

ထိုကဲ့သို့သော လုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ရာတွင် အမှန်တကယ် လှုပ်ရှားသက်ဝင်၊ အမြဲတစေ ပြောင်းလဲလျက်ရှိသည့် ယဉ်ကျေးမှုဆိုင်ရာဓလေ့များကို မရည်ရွယ်ဘဲ ရပ်တန့်သွားစေမှုများမဖြစ်စေရန်အရေးကြီးသည်။ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်းသည် စီမံကိန်း၏ နှစ်ရှည်ရပ်ရွာ အကျိုးပြု အစီအစဉ် (သို့မဟုတ်) လူမှုဘဝထိခိုက်သက်ရောက်မှုများကို စီမံသည့် အစီအစဉ်များတွင် ရံဖန်ရံခါ ပူးတွဲပါဝင်တတ်သည်။ စီမံကိန်း၏ CHMS သည် မည်သည့် လုပ်ငန်းဌာနခွဲသည် မည်သည်ကို အသေးစိတ်တာဝန်ခံရမည်ကို ပိုင်းခြားပြထားရမည်။ ဥပမာအားဖြင့် လူသားအရင်းအမြစ်ဌာနသည် ယဉ်ကျေးမှုဆိုင်ရာ အချက်များကို မိတ်ဆက်ပေးခြင်း၊ ဘာသာစကား နှစ်မျိုးအသုံးချသည့် မူဝါဒနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာစောင့်ကြည့်သည့်နေရာတွင် ရပ်ရွာသားများကို လက်တွေ့ ပါဝင် ဆောင်ရွက်စေသည့် အခင်းအကျင်းတို့ကို ပြင်ဆင်ထားရမည်။ လက်ခံနိုင်သည့် အပြောင်းအလဲတို့ သတ်မှတ်ချက် ယဉ်ကျေးမှု အပြောင်းအလဲနှင့် လိုက်လျောညီထွေ ပြောင်းလဲသွားမှုတို့သည် အကြောင်းအချက် အမျိုးမျိုးတို့ကို အခြေခံသည်။ ဥပမာအားဖြင့် နေထိုင်စားလောက်ရုံ ရှာဖွေစားသောက်ခြင်း၊ မြေယာဦးပိုင်စီမံထားမှုများ၊ ပြောင်းရွှေ့နေထိုင်မှုများ ပြင်ပမှုလွှမ်းမိုးမှု၊ စီးပွားရေး အပြောင်းအလဲတို့တွင် အခြေခံသည်။ လူများသည်ရံဖန်ရံခါ သူတို့ဒေသ၏ လူမှုဘဝယဉ်ကျေးမှုဆိုင်ရာ ကြွယ်ဝချမ်းသာမှုအပေါ် သက်ရောက်မှု အတိုင်းအတာအားလုံးကို ဆင်ခြင်သုံးသပ်ပြီးသည်နှင့် စီမံကိန်းကြီးများကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကို ပို၍သက်တောင့်သက်သာ ရှိလာတတ်သည်။ အရေးကြီးသည်မှာ ရပ်ရွာက ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို မည်သည့် အတိုင်းအတာထိ မည်သည့်ပုံစံဖြင့် လက်ခံမည်နည်းကို သေချာစွာ ဖော်ထုတ်ရန်လိုအပ်သည်။ သိပြီဆိုလျှင် လုပ်ငန်းဆောင်ရွက်မှုအလေ့အထများကို ဒီဇိုင်းများ ရေးဆွဲခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များကို အလေးထားမှု၊ အရေးပါမှုအလိုက်စီစဉ်သည်။ ရီယိုတင်တိုသည် လုပ်ငန်းဆောင်ရွက်လေတိုင်းတွင် ရပ်ရွာများနှင့် တိုင်ပင်ပြီး လက်ခံနိုင်ဖွယ်ရှိသည့် အပြောင်းအလဲ ပမာဏကို သတ်မှတ်ကာ ယင်းအတိုင်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ထိုသို့ သတ်မှတ်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဒေသ၊ အရာဝတ္ထု၊ ဓလေ့များ ပြောင်းလဲသွားမည့် ပမာဏ၊ ၎င်းတို့ပေါ် စုပေါင်းသက်ရောက်မည့် အကောင်းအဆိုး သက်ရောက်မှုအားလုံးကို တွက်ချက်ကာ ရပ်ရွာက **လက်ခံ**နိုင်သည့် ပမာဏထိသာ ထိပါးရန်ဖြစ်သည်။ ထိုသို့ သတ်မှတ်ခြင်းကို စီမံကိန်းလုပ်ဆောင်စဉ်ကာလ အလျောက်တွင် ပြင်ဆင်ခြင်းများကိုလည်း အလျင်းသင့်သလို ဆောင်ရွက်သွားရမည် ဖြစ်သည်။ ဥပမာအားဖြင့် မွန်ဂိုးလီးယားမှ အိုယု တိုဂိုင်းလ် စီမံကိန်းတွင် ထိုချဉ်းကပ်ပုံကို အသုံးပြုထားပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ သက်ရောက်မှုများကို မျက်ခြေမပြတ်လိုက်မည် ဖြစ်မည်။ အကဲဖြတ်စောင့်ကြည့်ရာတွင် ဒေသခံများက လက်ခံနိုင်သည့် ပမာဏဟု သတ်မှတ်ထားချက်ကို အခြေပြုလျက်စောင့်ကြည့် မည်ဖြစ်သည်။ လက်ခံနိုင်သည့် အပြောင်းအလဲ ပမာဏ မူဘောင်ကို အသုံးပြုခြင်းသည် ရပ်ရွာက အားပေးပြီး ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန် အားလုံးခြုံငုံအကျိုးပြုသည့် ရီယိုတင်တို၏ ရပ်ကျိုးရွာကျိုးများဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတခုဖြစ်သည်။ ထိုမူဘောင်သည် လူမှုရေးပတ်ဝန်းကျင် ထိခိုက်မှုစစ်တမ်းတွင် အစိတ်အပိုင်းအနေနှင့်လည်းကောင်း၊ အချိတ်အဆက် တခုအနေနှင့်လည်းကောင်းပါဝင်လေ့ရှိသည်။

### ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းခြင်း အစီအစဉ်နှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်း။

ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များသည် စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းစနစ်၏အဓိကအစိတ်အပိုင်းဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များသည် ရပ်ရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ပံ့ပိုးပေးသည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ကိုလည်း ပေါ်ပေါက်စေသည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းအစီအစဉ်သည် ယဉ်ကျေးမှု ဆိုင်ရာ အမှတ်တရပစ္စည်းများ ဝန်ဆောင်မှုများ ပြုလုပ်နိုင်ရောင်းချနိုင်ရန် အားပေးပြီး ခရီးသွားများကို ဆွဲဆောင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုများကို ပပျောက်စေသည်။ ရိုးရာ စိုက်ပျိုးရေးစနစ်များ၊ စားကျက်ချထားခြင်းတို့ကို ကာကွယ်ခြင်း (သို့မဟုတ်) ပြန်လည်ရှင် သန်အောင် ဆောင်ရွက်ပေးခြင်းတို့သည် စားနပ်ရိက္ခာလုံခြုံရေးကို ပံ့ပိုးပေးလျက် ရိုးရာဓလေ့မြေယာအသုံးချမှုများကို မြေတောင်မြှောက်ပေးပြီး သဘာဝ ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေသည်။ ရပ်ရွာ၏ ရေရှည်အကျိုးဖြစ်ထွန်းခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ခြင်းတို့ တိုးပွားလာစေရန် ပြင်ပမှ ပံ့ပိုးပေးခြင်းသည် စီမံကိန်းက မှန်းထား သည်ထက် ပိုအကျိုး ရှိနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ် များသည် ထိုကောင်းကျိုးများပေါ်ပေါက်လာစေရန် ပူးပေါင်းခြင်းအတွက် အဓိက အရေးပါသည်။

ဇယားကွက် (၈) တွင် အတုယူအသုံးချနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ ပုံစံများ၏ အိုင်ဒီယာများကို ဖော်ပြထားသည်။ ဖြစ်စဉ်လေ့လာချက် (၆) တွင် ယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်များသည် ရပ်ရွာအတွက် သိသာထင်ရှားသည့် ရလဒ်ကောင်းများဖြစ်သော ကျန်းမာရေး ပိုမိုကောင်းမွန်လာခြင်း၊ သုခ ရရှိခြင်း၊ ကျောင်းခေါ်ချိန်များလာခြင်း စသည့် တိုင်းတာနိုင်သည့် ရလဒ်များ ဖော်ဆောင်ပေးနိုင်ပုံကို ဥပမာပြထားသည်။ ထိုဖြစ်စဉ်လေ့လာချက်တွင် အစီအစဉ် ရေရှည် ရပ်တည်နိုင်ရန်အတွက် ရပ်ရွာ၏ဆန္ဒ၊ အစီအစဉ်အပေါ် ပါဝင်အားပေးမှုတို့သည် အရေးကြီးပုံကို ဖော်ပြသွားခဲ့သည်။ ဖြစ်စဉ်လေ့လာချက် (၇) တွင်တော့ ရစ်ချက်ဘေးတွင်းထွက်လုပ်ငန်းက မနမ်ဂါ အမွေအနှစ် စင်တာကိုတည်ထောင်ပြီး ဒေသတွင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လူအများပိုမိုသိစေရန် ပညာပေးသည့်နည်းကို အသုံးပြုပြီး ဆောင်ရွက်ပုံ၊ ထိုအခါတွင် ရပ်ရွာသားတို့ကလည်း မိမိတို့၏ ထူးခြားသည့် သမိုင်းကြောင်းပေါ်တွင် ပိုမိုဂုဏ်ယူ တတ်စေရန် လမ်းကြောင်းပေးပုံတို့ကို ဖော်ပြထားသည်။

## ၈။ ဆောင်ရွက်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ

- ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များကျင်းပခြင်း -
  ရပ်ရွာများကို ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များ ကျင်းပနိုင်ရန်အားပေးခြင်း၊ ကူညီခြင်းသည် ရပ်ရွာဓလေ့ထုံးတမ်းများကို ခိုင်မာစေပြီး၊ စည်းလုံးညီညွတ်မှုကိုဆောင်းကြဉ်း၍တည်မြဲစေသည်။
- အက၊ သီချင်း၊ ဂီတ၊ အနုပညာ၊ ဖျော်ဖြေမှု
  ရိုးရာအနုပညာများ၏ နက်နဲပုံများကို ဖော်ထုတ်ခြင်းသည် ရပ်ရွာက အလွန်အရေးကြီးသည်ဟု ခံယူထားလေ့ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်များကိုလည်း အနုပညာ အမွေအနှစ်များ လက်ဆင့်ကမ်းပေးနိုင်သည်။
- ပညာပေးခြင်း - ယဉ်ကျေးမှုဆိုင်ရာ ပညာပေးခြင်း (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စနစ်တကျ သင်တန်းပေးခြင်းတို့သည် ရပ်ရွာ၏ လုပ်ရည်ကိုင်ရည် မြှင့်တင်ရန်၊ ပြည်သူများတွင် အာဏာရှိလာစေရန်၊ ဂုဏ်ယူတတ်စေရန်အတွက် အထောက်အကူပြုသည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် - ဒေသန္တရစိုက်ပျိုးရေးနည်းများကို မြေတောင်မြှောက်ပေးခြင်း- တနိုင်တပိုင်စိုက်ပျိုးခြင်း၊ မိုးရေ အခြေခံစိုက်ပျိုးခြင်း၊ ဇီဝမျိုးကွဲများကို စောင့်ကြည့်ခြင်းနှင့် စီမံခြင်း၊ ပြန်လည်အသုံးချခြင်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု တည်တံ့ရေးတို့အတွက် ကောင်းကျိုး များစွာရှိသည်။
- နှုတ်ပြောသမိုင်းများကို ရပ်ရွာက ဦးဆောင်စုစည်းခြင်း - ရပ်ရွာအတော်များများက ၎င်းတို့၏ ရိုးရာပုံပြင်များ၊ ဗဟုသုတများကို ဆန်းသစ်သည့်နည်း၊ အပြန်အလှန် ပါဝင်ဆောင်ရွက်သည့် ရုပ်သံစုံပါဝင်သည့်နည်းတို့ကို အသုံးပြုလျက် မှတ်တမ်းတင်ထားခြင်းကို တန်ဖိုးထားသည်။
- ဝင်ငွေရစီမံကိန်းများ - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ ဆန်းသစ်တီထွင် လုပ်ဆောင်ချက်များဖြင့် စီးပွားရှာနိုင်ရန် မွဲတေမှု လျှော့ချပြီး ချောင်ချောင်လည်လည် ဖြစ်လာစေရန်အတွက် အစီအစဉ်များကို ဖန်တီးရမည်။
- လူငယ်များကို တွဲခေါ်ခြင်း - အနီးကပ်အကြံဉာဏ်ပေးပဲ့ကိုင်ခြင်း၊ နွေရာသီစခန်းများတွင် လေ့ကျင့်ပေးခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအတွက် အလုပ်ခန့်ထားခြင်းဖြင့် ယဉ်ကျေးမှုများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းနိုင်သည့် အခွင့်အလမ်းကို ပေါ်ပေါက်စေသည်။ ငယ်ရွယ်သည့်မျိုးဆက်များသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာများ၊ သရုပ်သကန်များကို ပြန်လည်သိရှိ နားလည်စေပြီး ယင်းအပေါ်တွင် ဂုဏ်ယူနိုင်မည် ဖြစ်သည်။
- အမျိုးသမီးများအတွက် အစီအစဉ်များ - လက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အိမ်တွင်းစီးပွားရေး အစီအစဉ်များကို ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများနှင့် အတူအမျိုးသမီးများကို ဦးတည်လျက် ဆောင်ရွက်နိုင်သည်။ အမျိုးသမီးများသည် ရပ်ရွာအတွင်း၌ အားနည်းသည့် အနေအထား၌ ရှိတတ်သည်။ ထိုအစီအစဉ်များသည် အမျိုးသမီးများကို လုပ်ရည်ကိုင်ရည် တိုးတက်စေပြီး အပြန်အလှန် ထောက်ပံ့မှုကို ဖြစ်ပေါ်စေသည်။
- ရပ်ရွာ ကျန်းမာရေးအစီအစဉ်များ - အဟာရပြည့်ဝရေး၊ လေ့ကျင့်ခန်း၊ ရိုးရာဗိန္ဓောနည်းကို ထိန်းသိမ်းခြင်း၊ ရောဂါများနှင့် ပတ်သက်ပြီး ပညာပေးခြင်း၊ မူးယစ်ဆေးဝါး အရက်ဖြတ်ပေးခြင်း၊ ကျန်းမာနေစေရန် ဆောင်ရွက်ပေးခြင်းတို့သည် စီမံကိန်း ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် ပြဿနာများပေါ်ပေါက်ခြင်းကို လျော့နည်း စေသည်။

# ဖြစ်စဉ်လေ့လာချက် (၆)

## ဩစတြေးလျနိုင်ငံရှိ အဘောရီဂျင်များအတွက် ရီယိုတင်တို၏ သီးသန့်ရံပုံငွေ၊ လုပ်ငန်းပြီးသွားသည့်တိုင် ဆက်လက်ပံ့ပိုးနေခြင်း။





ရီယိုတင်တို၏ အဘောရီဂျင်များအတွက် ရံပုံငွေကို ၁၉၉၆ ခုနှစ်တွင် စတင်ခဲ့ပြီး အဘောရီဂျင်လူမျိုးများ၊ ဒေသခံများနှင့် တက်ကြွစွာ ချိတ်ဆက် ဆောင်ရွက်ခြင်းကို သက်သေပြသည့်အနေနှင့် တည်ထောင်ထားခြင်း ဖြစ်သည်။ ထိုရံပုံငွေသည် လွတ်လပ်စွာလည်ပတ်လျက်ရှိပြီး ၂၀၁၁ ခုနှစ်ထိ ရပ်ရွာအကျိုးပြုလုပ်ငန်းများသို့ နှစ်စဉ် ဒေါ်လာ ၁. ၈သန်း ထောက်ပံ့ပေးသည်။ အဓိက ဆောင်ရွက်ခဲ့သည့် ကဏ္ဍများမှာ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ လူမှုတရားမျှတမှု အစီအစဉ်များအတွက်ဖြစ်သည်။ ယဉ်ကျေးမှု ဆိုင်ရာအစီအစဉ်သည် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများကို မှတ်တမ်းတင်ခြင်း၊ လူငယ်များသို့ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ လက်ဆင့်ကမ်းခြင်း၊ ပွဲတော်များ ဖျော်ဖြေတင်ဆက်မှုများ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာများကို တိုးတက်အောင် ဆောင်ရွက်သည်။

**အခက်အခဲများ –**

**လုပ်ငန်းဆောင်ရွက်ချက်များနှင့် မဆိုင်သည့် ယဉ်ကျေးမှုလုပ်ငန်းများကို ဆက်လက်ပံ့ပိုးခြင်း**

ရီယိုတင်တို အဓိက စိန်ခေါ်ခဲ့သည့်အရာမှာ စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်သူများ သာမကပဲ ဩစတြေးလျ တနံတလျားမှ အဘောရီဂျင်များ၏ လူမှုရေး၊ စီးပွားရေး ချမ်းသာနေကောင်းရေးတို့ကို စီစဉ်ပေးခြင်းဖြစ်သည်။ နေရာဒေသမရွေးမှ အဘောရီဂျင်များကို ပံ့ပိုးခြင်း၊ နိုင်ငံအဆင့်ပံ့ပိုးခြင်းတို့ကို ပြုလုပ်လျက် ရံပုံငွေသည် ဩစတြေးလျ တနိုင်ငံလုံးသို့ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးအမြတ်များ ပျံ့နှံ့သွားစေရန် ရည်ရွယ်ခဲ့သည်။ ဩစတြေးလျ မည်သည့် ဒေသမှ အဘောရီဂျင်များမဆို ရံပုံငွေလျှောက်ထားနိုင်ပြီး ကန့်သတ်ထားချက်မရှိပါ။

**လုပ်ငန်းစဉ်– ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ အားပေးရန်၊ မြှင့်တင်ပေးရန် အစီအစဉ်များရေးဆွဲခြင်း**

ရံပုံငွေကို အဖွဲ့ဝင် ၇ ဦးပါ ဘုတ်အဖွဲ့ဖြင့် ကြီးကြပ်သည်။ အဖွဲ့ဝင် ၃ ဦးမှာ နာမည်ကြီး အဘောရီဂျင် လူမျိုးများဖြစ်ကာ ဌာနေတိုင်းရင်းသားများ အရေးနှင့် ပတ်သက်လာလျှင်အသုံးဝင်သော အကြံဉာဏ်များပေးသည်။ ရံပုံငွေအဖွဲ့က ရွေးချယ်လိုက်သည့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များသည် ယဉ်ကျေးမှုထိန်းသိမ်းရန်၊ မြှင့်တင်ရန် (သို့မဟုတ်)အဘောရီဂျင်၊ တာရစ်စထရိတ် ကျွန်းသားများနှင့် ရပ်ရွာများသို့ လူမှုရေးကောင်းကျိုးများ၊ စီးပွားရေးတွင် ပါဝင်နိုင်မှုများကို ဖြစ်စေမည့် အစီအစဉ်များဖြစ်သည်။ ယခင်က ပြုလုပ်ခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များတွင် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဓလေ့များကို ရုပ်သံရိုက်ကူးထားခြင်း၊ ပွဲတော်များ ဖျော်ဖြေမှုများ ပြုလုပ်ခြင်းဖြင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးခြင်းတို့ ဖြစ်သည်။ ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့် မြှင့်တင်ပေးခြင်းတို့ကြောင့် ဩစတြေးလျနိုင်ငံတဝှမ်းမှ အဘောရီဂျင် တို့၏ အခြေအနေကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ရံပုံငွေပေးလာခဲ့သည့် အတွေ့အကြုံများအရ ကျစ်လျစ်ခိုင်မာသော အသင်းအဖွဲ့ဖွဲ့စည်းပုံရှိသည့် ရပ်ရွာများ၊ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် ရပ်ရွာများက တင်ပြသည့် ယဉ်ကျေးမှု လုပ်ငန်းများသည် ပိုမိုအောင်မြင်သည် ကိုတွေ့ရသည်။ အောင်မြင်သော ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်ရန်မှာ အားကောင်းကောင်းနှင့် ကြိုတင်ပြင်ဆင်ထားရန်၊ ကျွမ်းကျင်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ရည်မှန်းချက်များ ဖော်ဆောင်နိုင်ခြင်း ရှိ/မရှိ စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းတို့ လိုအပ်သည်။ ရံပုံငွေ ပေးမည့် အစီအစဉ် သည်ဌာနေ တိုင်းရင်း သားတို့၏ လုပ်ရည် ကိုင်ရည်ကို မြှင့်တင်ပေးရန် ရှိ/မရှိကို သိရန်အတွက် ရံပုံငွေ ပေးမည့်အဖွဲ့သည် အောက်ပါအချက်များကို စစ်ဆေးသည်။

-အဘောရီဂျင် လူမျိုးများ ပြောသည့် အချက်များကို ဖြည့်ဆည်းပေးထားပါသလား။

-အဘောရီဂျင်လူမျိုးများက တောင်းဆိုချက် ဦးဆောင်လုပ်ကိုင်မည့်အရာ ဟုတ်ပါသလား။

-စီမံကိန်းဖော်ဆောင်ပုံ၊ စီမံပုံ၊ လက်တွေ့ အကောင်အထည် ဖော်ခြင်းတို့တွင် အဘောရီဂျင်များ ပါသလား။

-ရပ်ရွာက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံပါသလား။

-အဘောရီဂျင်များနှင့် ရပ်ရွာများ၏ လုပ်ရည်ကိုင်ရည်ကို အားကောင်းလာစေရန် အဓိကထားပါသလား။

-ရေရှည် အကျိုးရှိမည်များကို အဘောရီဂျင်များထံသို့ တိုက်ရိုက်သက်ရောက် စေပါသလား။

-မည်သည့်ရလဒ်များ ပေါ်ပေါက်လာရမည်ဟု သေချာသတ်မှတ်ထားခြင်းမျိုး ရှိပါသလား။



ဥပမာအားဖြင့် ဝါလ်ပီရီလူမျိုးတို့ နှစ်နှစ်တစ်ကြိမ်ပြုလုပ်သည့် မီလ်ပီရီ ပွဲတော်ကိုလည်း Track Dance ကုမ္ပဏီနှင့် တွဲပြီး စပွန်ဆာပေးထားသည်။ ထိုပွဲတော်က ယဉ်ကျေးမှုဆိုင်ရာပွဲတော်များ ပြုလုပ်ခြင်းသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိကြောင်း သက်သေပြခဲ့သည်။ မီလ်ပီရီ ပွဲတော်မှ တဆင့် ဝါလ်ပီရီ ရပ်ရွာများ၏ ဂီတ၊ အက၊ ပွဲတော်များနှင့် ပန်းချီများကို မြှင့်တင်ပေးနိုင်ခဲ့ပြီး ဝါလ်ပီရီ မျိုးဆက်သစ်များကိုလည်း ၎င်းတို့ရိုးရာအနုပညာများကို စိတ်ဝင်စားလာစေရန်ဆောင်ရွက်ပေး နိုင်ခဲ့သည်။ ရလဒ် အနေနှင့် မျိုးဆက်တစ်ခုမှ တစ်ခုသို့ အနုပညာအမွေများလွှဲပြောင်းပေးနိုင်ခြင်း၊ ရပ်ရွာတစ်ခုနှင့်တစ်ခု ရင်းနှီးကျွမ်းဝင်စေခြင်း၊ ငယ်ရွယ်သည့် ဝါလ်ပီရီ လူငယ်လေးများကြား မိမိကိုယ်ကို လေးစားမှုကို မြှင့်တင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အကျိုး ကျေးဇူးများမှာ ကျောင်း ခေါ်ချိန်များမြင့်တက်လာခြင်း၊ ယဉ်ကျေးမှုများ တဖန်ပြန်လည်ရှင်သန်လာခြင်း၊ ယဉ်ကျေးမှုပွဲတော်ကြီးများ စီစဉ်ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်မှုများ ရရှိလာခြင်းနှင့် မီလ်ပီရီပွဲတော်တွင် ပါဝင်သူတို့ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင် လာခြင်းဖြစ်သည်။

**ရလဒ် – မီလ်ပီရီ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကောင်းစွာထိန်းသိမ်းနိုင်ခြင်း။**
ရံပုံငွေများကို ကောင်းစွာစီစဉ်ခြင်းသည် လုပ်ငန်းအနေနှင့် ရံပုံငွေနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ ပြုလုပ်ခြင်းသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်း လုပ်ငန်းများကို ပိုမို အားကောင်းစေမည်ကို သိသွားစေခဲ့သည်။ ရံပုံငွေလုပ်ငန်းများမှ တဆင့်သိရသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံသည့်အခါတွင် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်လုပ်ကိုင်ခြင်းသည် အသုံးဝင်တန်ဖိုးရှိကြောင်း၊ စနစ်တကျ စီစဉ်ထားခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့သည် စီမံချက်ပြီးဆုံးသွားသည့်တိုင် ရပ်ရွာအတွက် လူမှုရေး၊ စီးပွားရေး အကျိုးအမြတ်များ ရရှိစေမည်ဖြစ်သည်။ ဥပမာ ။ ။ မီလ်ပီရီ အစီအစဉ်သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ ဆက်လက်ရှင်သန်စေခြင်းသာမက ယဉ်ကျေးမှုဆိုင်ရာ ပွဲတော် များကို စီစဉ်ခြင်းမှ တဆင့် ရပ်ရွာသားများ၏ လုပ်ရည်ကိုင်ရည်ကို တိုးမြှင့်ပေးနိုင်သည် ကိုလည်း ပြသခဲ့သည်။



***ထိပ်ဆုံးပုံ***
*မီလ်ပီရီပွဲတော် ၂၀၀၉ ခုနှစ်။ ရီယိုတင်တို အဘောရီဂျင် မီလ်ပီရီပွဲတော်ကို စပွန်ဆာပေးခဲ့ပြီး ယင်းပွဲတော်သည် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ကောင်းစေရန်၊ ရပ်ရွာဖွံ့ဖြိုးမှုများအားကောင်းစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထိုအစီအစဉ်ကို ၂၀၀၇ ခုနှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့သည်။*
***အပေါ်***
*မီလ်ပီရီပွဲတော် ၂၀၀၇*
***စက်ဝိုင်း***
*မီလ်ပီရီပွဲတော် ၂၀၀၉*

၆

# ဖြစ်စဉ်လေ့လာချက် (၇)

## တောင်အာဖရိကရှိ ရစ်ချက်ဘေးတွင် ရီယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ။ မန်နာဂါ အမွေအနှစ်စင်တာ၊ သက်ရှိအမှတ်တရသမိုင်း





ရစ်ချက်ဘေး တွင်းထွက်လုပ်ငန်း RBM သည် တောင်အာဖရိကနိုင်ငံ ကွဇူးလူး နာတယ်လ် ခရိုင်မှ ပင်လယ်ကမ်းခြေ သဲတောင်ပူစာများမှ သတ္တုပါသည့် သဲများကို ထုတ်ယူသည်။ RBM ကို ရီယိုတင်တိုက ၃၇ ရာခိုင်နှုန်း၊ BHP ဘီလီတန်က ၃၇ ရာခိုင်နှုန်း၊ ဘလူးဟိုရိုင်ဇုန်ရင်းနှီးမြှုပ်နှံမှုက ၂၄ ရာခိုင်နှုန်း ( လူမဲများ အဆင့်မြင့်တင်ပေးရန် ဒေသခံ စီးပွားရေးသမားများနှင့် ဒေသခံတို့ ပူးပေါင်းပိုင်ဆိုင်သည် ) RBM ရာသက်ပန်ဝန်ထမ်းတို့က ၂ ရာခိုင်နှုန်းပိုင်ဆိုင်သည်။ လုပ်ငန်းဆောင်ရွက်လာသည့် ၁၉၇၆မှ စပြီး RBM သည် ကမ္ဘာပေါ်တွင် တိုင်တေနီယမ် ထုတ်ကုန်အများဆုံး ထုတ်လုပ်သည့် ကုမ္ပဏီ ဖြစ်လာသည်။ မိုင်းလုပ်ကွက်ဆောင်ရွက်သည့် နေရာ ရစ်ချက်ဘေး ( ရစ်ချက်ပင်လယ်ကွေ့ )သည် ရှေးဟောင်းသုတေတန လုပ်ငန်းများ အတွက် အဖိုးတန်နေရာဒေသ ဖြစ်ပြီး ထိုဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀ ကတည်းက အခြေချနေထိုင်ခဲ့သူများ သုံးစွဲခဲ့သည့် ပစ္စည်းများ၊ ရှေးဟောင်းသတ္တုလက်ရာများကို တွေ့ရှိခြင်းကြောင့် နာမည်ကျော်သည့်နေရာဖြစ်သည်။ တိတိကျကျဆိုရလျှင် ဇူးလူးနိုင်ငံတော် ချဲ့ထွင်ရာတွင် အသုံးပြုခဲ့သည့် လက်နက်များကို ထုတ်လုပ်ခဲ့သည့်နေရာဖြစ်သည်။ မှတ်တမ်းများအရ ရှကာဘုရင်အုပ်စိုးစဉ်ကာလ ဇူးလူးစစ်သည်များအသုံးပြုသည့် လှံများကို ထုတ်လုပ်ပေးသူများသည် ဘွမ်နမ်ဘီများ ဖြစ်သည်ဟု ဆိုသည်။

**အခက်အခဲများ – တွေ့ရှိလာသည့် အမွေအနှစ်များကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လျော့ရဲပျောက်ပျက်မှုများကို လျှော့ချခြင်း**

RBM လုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်သည့်အခါတွင် မြေမျက်နှာပြင်ကို အလွှာလိုက် ဖယ်ရှားခြင်းတို့ ပါဝင်သဖြင့် ကုမ္ပဏီသည် ရှေးဟောင်းသုတေသန အမွေအနှစ်များ စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ထိခိုက်မှုလျော့ချခြင်း လုပ်ငန်းစဉ်များကို မိုင်းလုပ်ငန်းမစတင်မီ၊ ရှေးဦးစွာ ချမှတ်လုပ်ကိုင်ခဲ့ပြီး ဖြစ်သည်။ ရှေးဟောင်းသုတေတန နယ်မြေ (၂၅၀) ကိုဖော်ထုတ်နိုင်ခဲ့သည်။ ထိုဒေသ၏ သမိုင်းများအရ အချို့သောနေရာများနှင့် လူသုံးပစ္စည်းများသည် ဒေသခံများအတွက်သာမက နိုင်ငံအဆင့် အတွက်ပါ အရေးပါသည်။ စဉ်ဆက်မပြတ် ဆွေးနွေးအကြံယူခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း မှုဘောင်များမှ တဆင့် သိရသည်မှာ ဘွန်နာဘီ ရပ်ရွာများသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ အမွေ အနှစ်များကို ထိန်းသိမ်းမြှင့်တင်နိုင်သည့် နည်းရှာဖွေလိုသည့် ဆန္ဒရှိကြောင်း ထုတ်ဖော်ခဲ့သည်။ RBM အနေနှင့် ဆောင်ရွက်ပေး ရမည့်အချက်မှာ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဆုံးရှုံးနိုင်မည့် အလားလာနှင့် ပတ်သက်သည့် စိုးရိမ်မှုများ၊ ထိန်းသိမ်းပေးမည့် အစီအစဉ်များ၊ မြေတောင်မြှောက်ပေးမည့် မျှော်လင့်ချက်များကို တုန့်ပြန်ပေးရန်ဖြစ်သည်။

**လုပ်ငန်းစဉ် – မန်နာဂါ အမွေအနှစ်စင်တာ၊ သက်ရှိ အမှတ်တရ သမိုင်း**

ဘွန်နာဘီ တို့၏ ဆန္ဒများကို တုန့်ပြန်သည့်အနေနှင့် RBM သည် မန်နာဂါ အမွေအနှစ်စင်တာကို တည်ထောင်ခဲ့သည်။ RBM သည် မန်နာဂါစင်တာကို ယင်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း လုပ်ငန်း၏ အစိတ်အပိုင်း တစ်ခုအနေနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုစင်တာသည် ကုမ္ပဏီနှင့် အူလန်ဒို၊ အမာဖာ အကာဝါ ဇူလူးနာတာလီ (အစိုးရ၏ သမိုင်းအမွေအနှစ် အာဏာပိုင်)၊ ဘွန်နာဘီတို့နှင့် နှစ်ရှည်လများစွာ ထူးထူးခြားခြား လက်တွဲမိတ်ဖက် ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်ကောင်းပင် ဖြစ်သည်။ ထိုစင်တာ၏ ရည်မှန်းချက်မှာ ယဉ်ကျေးမှုဆိုင်ရာ သမိုင်းနှင့် အမွေအနှစ်များကို ထိန်းသိမ်းရန်၊ ထိန်းသိမ်းထားသည်များကိုခရီးသွားများလာရောက်ကြည့်ရှုနိုင်ရန်၊ အတိတ်ကိုသာ အလေးထားသည် မဟုတ်ပဲ ရပ်ရွာ၏ အနာဂတ် လူမှုစီးပွားများ တိုးတက်ရေးကိုပါ ဆောင်ရွက်ရန် ဖြစ်သည်။ ပြတိုက်ဟု ခေါ်ဆိုခြင်းထက် သက်ရှိအမှတ်တရ သမိုင်းဟု ဆိုရခြင်းမှာမန်နာဂါ အမွေအနှစ်စင်တာသည် လက်တွေ့လုပ်ဆောင်နည်းဖြင့် ယဉ်ကျေးမှုပညာပေး၊ လက်ဆင့်ကမ်းခြင်းကို အားပေးရန် အပြန်အလှန် အကျိုးသက်ရောက်သည့်နည်းကို အသုံးပြုထားသောကြောင့် ဖြစ်သည်။

မန်နာဂါ စင်တာတွင်
ပြထားသည့် အရာများမှာ အမာစီကို (သို့မဟုတ်) ဒေသခံ နှုတ်ပြောပုံပြင်များကို အခြေပြုလျက်ပြသ ထားခြင်းဖြစ်သည်။ နှုတ်ပြောသမိုင်းများကို RBM က ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံချက်၏ အစိတ်အပိုင်း တခုအနေနှင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ စင်တာကို သက်ကယ်မိုး၊ နွားချေး၊ ရွှံ့များဖြင့် ဆောက်ထားသည့် အိမ် (တောင်အာဖရိကတွင် တွေ့ရများသည့်ပုံစံ) ၃ လုံးဖြင့်ဖွဲ့စည်းထားသည်။ ရှေးဟောင်းလူသုံးပစ္စည်းများ၊ ရှေးဟောင်း သတ္တုပစ္စည်းများ၊ အခြား တူးဖော်တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကို ပြသထားသည်။ ပြထားသည့် ပစ္စည်းများကို မိုင်းလုပ်ကွက်မှ တွေ့သမျှကို ထိန်းသိမ်းထားသည့် နာတယ် ပြတိုက်မှ ငှားရမ်းထားခြင်းဖြစ်သည်။



ရွှံ့အိမ်သုံးလုံးကြားတွင် ရှင်သန်ဆဲအမွေ အနှစ်များကို ထိန်းသိမ်း ပြသထားသည့် ပြခန်းဥယျာဉ်ရှိသည်။ ဥယျာဉ်တွင် အာဖရိက အာလူးအပါအဝင် အရိုးကျိုးခြင်း၊ ထိခိုက် ဒဏ်ရာရခြင်း ကြေခြင်းများအတွက် အသုံးဝင်သည့် ရိုးရာတိုင်းရင်းဆေးပင်များ စိုက်ပျိုးထားသည်။ လာရောက်ကြည့်ရှုသူ များသည် ပန်းခြံငယ်အတွင်းလမ်းလျှောက်ရင်း နှင့် ရှာကာဘုရင်ကဲ့သို့ အခြား သမိုင်းဝင် အထင်ကရ ပုဂ္ဂိုလ်များနှင့် ဆွန်ဘီ ဘိုးဘေးများအသုံးပြုခဲ့သည့် အပင်များကို လေ့လာနိုင်သည်။

ရလဒ် – ရပ်ရွာ၏ သိက္ခာနှင့် ဗဟုသုတကို မြှင့်တင်ပေးခြင်း။

ရွာသားများကို မန်နာဂါ စင်တာတွင် ပါဝင် စေခြင်းဖြင့် RBM သည် ရပ်ရွာ၏ နှုတ်ပြော သမိုင်းနှင့် သတင်းအချက်အလက်များ မျိုးဆက်အလိုက် လက်ဆင့်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အဓိကနေရာမှ ပါဝင်ခဲ့သည်။အနောက်တိုင်း၏ ပြတိုက်အယူအဆ၊ လုပ်ကိုင်ပုံနှင့် အာဖရိကန် တို့၏ ကြွယ်ဝသော သမိုင်းများ၊ ရိုးရာနှင့် အစဉ်အဆက်ဆင်းသက်လာ ပုံတို့ကို စုစည်းပေးနိုင်ခဲ့သည်။ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လူအများသိစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရပ်ရွာသားတို့၏ သိက္ခာများ ကို မြှင့်တင်ပေးခြင်း၊ ၎င်းတို့၏ ထူးခြားတန်ဖိုး ရှိသည့် သမိုင်းများကို ဂုဏ်ယူတတ်စေခြင်း တို့ဖြင့် ရပ်ရွာ၏ ယဉ်ကျေးမှု အမွေအနှစ်ကို မြှင့်တင်ပေးခဲ့သည်။ ဆက်လက်ပြီးလည်း RBM အနေနှင့် စင်တာကို ပိုမိုကောင်းမွန်စေ ရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန်ရှိ သည်။ စင်တာကို ယဉ်ကျေးမှု ဆိုင်ရာ လုပ်ငန်းများကို ရွာသားများကိုယ်တိုင် ပါဝင် တက်ကြွစွာ လှုပ်ရှားစေသည့် စင်တာဖြစ်ရန် အဆင့်မြှင့်တင်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။ ဒေသခံ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းကို အားပေးရန်အတွက် စင်တာကို ဒေသခံရပ်ရွာသို့ လွှဲပေးရန် အတွက် မဟာ ဗျူဟာများနှင့် လုပ်ထုံး လုပ်နည်းများ စီစဉ်လျက်ရှိသည်။

၇




***ထိပ်ဆုံးပုံ***
*မန်နာဂါ အမွေအနှစ်စင်တာ၏ အစိတ်အပိုင်း ဖြစ်သော ရွှံ့အိမ်များကို အူဘွန်နဘီ ရပ်ရွာတွင် တည်ဆောက်ထားသည်ကို တွေ့ရစဉ်။*

***အပေါ်ပုံ***
*အင်ကိုစီ မန်နက်မူမှ အကြီးအကဲ ဘူယာဇီ ပြောပြသည့် နှုတ်ပြောသမိုင်းကို အခြေပြုကာ ပြသထားခြင်းဖြစ်သည်။ ထိုပြကွက်ကို မန်နာ ဂါစင်တာ၏ ရွှံ့အိမ်ထဲတွင် ပြသထားသည်။*

***စက်ဝိုင်း***
*မန်နာဂါ အမွေအနှစ်စင်တာမှ ပရဆေး ဥယျာဉ် တွင် ဘွန်နမ်ဘီ ရွာမှ နိုမူဆ မသီဝါ အလုပ်လုပ် နေပုံဖြစ်သည်။*

## ၂.၃.၄။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လုပ်ငန်းများတွင် ပေါင်းစပ်လုပ်ကိုင်ခြင်း။

အောင်မြင်သည့် CHMS ဖြစ်ရန်မှာ လုပ်ငန်းဆောင်ရွက်သည့် အခါတိုင်းတွင် စဉ်ဆက်မပြတ် အပြန်အလှန် ဆက်သွယ်ရန်၊ ချိတ်ဆက်လုပ်ကိုင်ရန်လိုသည်။ အောက်ဖော်ပြပါ အချက်များကို သေချာစေမည့် စနစ်ကျသည့် ချဉ်းကပ်ပုံ လိုအပ်သည်။

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ပတ်သက်ပြီး တာဝန်ခံထားသူ အားလုံးသည် ၄င်းတို့ တာဝန်များကို အကောင်းဆုံးဆောင်ရွက်ရမည်
- မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဝန်ထမ်းများနှင့် ကန်ထရိုက်များကြောင့် မရည်ရွယ်ဘဲ ထိခိုက်ခြင်းမျိုး မရှိစေရ။
- ဝန်ထမ်းများနှင့် ကန်ထရိုက်တို့သည် မမြင်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပျက်စီးလျော့ပါးစေရန်အတွက် မရည်ရွယ်ဘဲ တွန်းအားဖြစ်စေသည့် လုပ်ရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာ စော်ကားမှုများ၊ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ လုပ်ကိုင်မှုများ မပြုလုပ်ရ။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းနှင့် ပတ်သက်သည့် ဗဟုသုတများသည် တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်ခြင်း မရှိပါ။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း အစီအစဉ်သည် စီမံကိန်း လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများ အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာရှိပြီး ချောမွေ့စွာ လည်ပတ်ဆောင်ရွက်ရမည်။
- သက်ဆိုင်ရာ ဝန်ထမ်းများနှင့် ကန်ထရိုက်များသည် သဘာဝပတ်ဝန်းကျင် စီမံခြင်း၊ စီးပွားတိုးတက်ရေးအစီအစဉ်များသည် ယဉ်ကျေးမှုဆိုင်ရာ သက်ရောက်မှုများ ရှိသည်ကို သိရှိထားရမည်
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းကို ထိခိုက်မည့် အရာများကို သက်ဆိုင်ရာ ဝန်ထမ်းများနှင့် ကန်ထရိုက်များက ဖော်ထုတ်ရန် ကူညီပေးရမည်။

### လုပ်ငန်းလည်ပတ်ခြင်း

စီမံကိန်း လုပ်ငန်းလည်ပတ်ခြင်းကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မရည်ရွယ်ပဲ ထိခိုက်ခြင်းမျိုးမရှိစေရန်။ လုပ်ငန်းလည်ပတ်သည့်အခါတွင် ကုမ္ပဏီတွင်းလိုက်နာရမည့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ စည်းကမ်း၊ သတ်မှတ်ချက်များကို ပြုလုပ်ရမည်။ ကြီးကြပ်သူများကို ခန့်ထားရမည်။ အောက်ဖော်ပြပါ ဥပမာ လမ်းစဉ်များသည် ရီယိုတင်တိုက စီမံကိန်းလည်ပတ်သည့် အခါတွင် အသုံးပြုသည့် ချဉ်းကပ်ပုံများ ဖြစ်သည်။

**မြေတူးမြေဖော်လုပ်ငန်းများအတွက် ကုမ္ပဏီတွင်းကြီးကြပ်သူခန့်ထားခြင်း –**
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်ချက်များနှင့် စီမံမှုလုပ်ငန်းဆောင်ရွက်ချက်များသည် စီမံကိန်းလုပ်ငန်း သတ်မှတ်အချိန်နှင့် ကိုက်ညီစေရန်၊ ခွင့်ပြုချက် (ကုမ္ပဏီတွင်း ဖြစ်စေ၊ ပြင်ပမှဖြစ်စေ)ရမှ ဆောင်ရွက်စေရန် ကြီးကြပ်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံကိန်း အခြေအနေများကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးရန်၊ လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ကန်ထရိုက်များကို ယဉ်ကျေးမှုအမွေအနှစ် စီမံခြင်းအကြောင်းကို သေချာသိနေစေရန်တို့ကို စွမ်းဆောင်ပေးသည်။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိပါးမှုကန့်သတ်သည့်စနစ် –**
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိပါးမည့် လုပ်ငန်းဆောင်ရွက်ချက် တစ်စုံတစ်ရာကို ပြုလုပ်မည့်သူတိုင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဌာန (သို့မဟုတ် သက်ဆိုင်ရာ) က ခွင့်ပြုချက် ပါမစ်ရမှ ဆောင်ရွက်နိုင်မည်။

**စုန်ခွဲခြင်း (သို့မဟုတ်) ကြားခံနယ် သတ်မှတ်ခြင်းစနစ် –**
စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးခြင်းကို လျှော့ချပေးနိုင်သည်။ ကြားခံစနစ်ကို စစ်တမ်းကောက်ခြင်း၊ ဆန်းစစ်ပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိခိုက်မှုလျှော့ချခြင်းဖြင့် လုပ်ငန်းများ စီမံကိန်း လုပ်ငန်းလှုပ်ရှားမှုများ မစတင်မီ ထားရှိရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အနာဂတ်မြေယာ အသုံးချမှု လိုအပ်ချက်များ အတွက် ထိရောက် ရေလတ်-ရေရှည် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ စီမံချက် လိုအပ်သည်။ ကြာခံနယ် သတ်မှတ်ခြင်းစနစ်သည် ရှင်းလင်းစွာ ပိုင်းခြားသတ်မှတ်ထားခဲ့သော မြေယာအသုံးချမှုစနစ်အပေါ်တွင် အခြေခံနေမည်။ ကြာခံနယ်အဖြစ် သတ်မှတ်သည့် မြေသည် စီးပွားရေးအတွက် အသုံးချရန် အရှုပ်အရှင်းကင်းရမည် (သို့) ရှင်းသည်အထိ စောင့်ဆိုင်းရမည်။ အရေးပါသည့် ယဉ်ကျေးမှု အမွေအနှစ်များ ပါဝင်ပြီး၊ ၄င်းတို့၏ တန်ဖိုးများကို ကာကွယ်ရန် လိုအပ်ခြင်းတို့ ဖြစ်သည်။ ဤသတင်းအချက်အလက်များ ရရှိရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်ချက်များအပေါ် အခြေခံရမည် ဖြစ်ပြီး GIS စနစ်ဖြင့် ကွပ်ကဲရမည်။ အထက်ဖော်ပြပါအချက်များကို တွဲစပ် အသုံးချခြင်းဖြင့် ဖော်ထုတ်သတ်မှတ်ထားပြီးသော ယဉ်ကျေးမှုအမွေအနှစ်များသာမ၊ မဖော်ထုတ်ရသေးသည့် အမွေအနှစ်များကိုလည်း ကာကွယ်နိုင်ပြီး စီမံကိန်းလည်ပတ်မှုကြောင့် ထိခိုက်မည့် သက်ရောက်မှုများကို လျှော့ချပေးမည့် မျက်နှာစုံညီနှင့် အပြန်အလှန် တက်ကြွမှုရှိသော ချဉ်းကပ်ပုံ ဖြစ်လာစေရန် အားပေးသည်။

### သဘာဝပတ်ဝန်းကျင်

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အားပေးရမည်ဖြစ်ပြီး နှိမ်ချခြင်းမျိုးမဖြစ်စေရန်အတွက် အချို့သော ကိစ္စများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခြင်း အစီအစဉ်များတွင် သဘာဝရင်းမြစ်များ၏ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ၊ ရင်းမြစ်များ အသုံးချမှုနှင့် ပတ်သက်သည့် ယဉ်ကျေးမှု ရှုထောင့်များစသည့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို ထည့်သွင်းစဉ်းစားရသည် များလည်းရှိသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ ထပ်တူကျသည့် နေရာများမှာ

- ဇီဝဗေဒဆိုင်ရာ ရင်းမြစ်များကို ရိုးရာဓလေ့နှင့် အညီအသုံးချခြင်း။
- ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးရှိသည့် နေရာများသို့သွားရောက်ခြင်းကို ကန့်သတ်ခြင်း။
- ရေနှင့် အခြားသဘာဝသယံဇာတများ၏ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများကို ကာကွယ်ခြင်း၊ အသိအမှတ်ပြုခြင်း။
- နေရာဒေသတခုသို့ ပြင်ပမှ မျိုးစိတ်အသစ်များ ထည့်သွင်းခြင်း၊ ထုတ်ယူခြင်း။
- ဂေဟာစနစ် ဆိုင်ရာ ရိုးရာဗဟုသုတများ၊ တီထွင်မှုများ၊ ဓလေ့များကို လေးစားခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း တို့တွင်ဖြစ်သည်။

စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များတွင် ဒေသခံရပ်ရွာများကိုပါဝင်စေခြင်းသည် ဇီဝဂေဟ ဆိုင်ရာ ရည်မှန်းချက်များအတွက်သော်လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအတွက်ပါ ရလဒ်ကောင်းများ ပေါ်ပေါက်စေနိုင်သည်။

- ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းမှုများပြုလုပ်ရန်အားပေးခြင်း၊ နောင်မျိုးဆက်များကို ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ လက်ကမ်းပေးနိုင်ခြင်း။
- ဒေသခံပုဂ္ဂိုလ်များ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများကို ကောင်းစွာတိုးချဲ့ အသုံးချ နိုင်ခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခြင်း လုပ်ငန်းများတွင် ဒေသခံများကို အလုပ်ခန့်ထားခြင်း၊ လေ့ကျင့်ပေးခြင်း။
- လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သော ပူးပေါင်းစီမံခြင်းအတွက် တွန်းအားဖြစ်စေခြင်း စသည့်အကျိုးများကို ရရှိစေသည်။

အားလုံးကို အဖြစ်အပျက်များ မှတ်တမ်းတင် အစီရင်ခံခြင်းနှင့် လျှော့ချခြင်း အစီအစဉ်များတွင် ထည့်သွင်းသင့်သည်။

**လူသားအရင်းအမြစ်**

အလုပ်ခေါ်သည့်အခါနှင့် အမျိုးမျိုးမတူကွဲပြားသည့် လုပ်သားအင်အားစုတို့ ခန့်ထားရန်နှင့် ရေရှည်မြဲစေရန် ဆောင်ရွက်သည့်အခါ ဒေသခံအလုပ်သမားများ၏ ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများကို လူသားအရင်းအမြစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းစဉ်းစားရမည်။ ဝန်ထမ်းအသစ်များ အနေနှင့် ဒေသခံ ယဉ်ကျေးမှုဆိုင်ရာအချက်များကို ကျွမ်းဝင်စေရန်နှင့် မည်သို့ကိုင်ကွယ်စီမံရမည်ကို သိနေရန်မှာ အရေးကြီးသည်။ လိုအပ်ပါက နိုင်ငံခြားသား အလုပ်သမားများသာမက စီမံကိန်းလုပ်သား အားလုံးသည် ယဉ်ကျေးမှုဆိုင်ရာအမြင်ဖွင့် သင်တန်းကို တက်ရမည်။ နိုင်ငံတွင်းရှိ အရပ်ခြားမှ လာရောက်လုပ်ကိုင်သူများ သည်လည်း ဒေသ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများနှင့် အကျွမ်းဝင်အောင် ဆောင်ရွက်ထားရမည်။ ဇယားကွက် (၉) တွင် ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက် အစီအစဉ်အချို့ကို စာရင်းပြထားသည်။

ဖြစ်စဉ်လေ့လာချက် (၈) ရီယိုတင်တို၏ ဩစတြေးလျမှ ကျောက်မီးသွေးလုပ်ငန်း ဥပမာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းကို လုပ်ငန်းဆောင်ရွက်ချက်များနှင့် တသားတည်း ပေါင်းစပ်ထားပုံကို ပြထားသည်။ ရပ်ရွာနှင့် အားကောင်းသည့် ဆက်ဆံရေးကို ထူထောင်နိုင်သည်သာမက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ရပ်ရွာတွင်းမှ ထွက်ပေါ်လာနိုင်သည့် ပဋိပက္ခများကိုလည်း ရှောင်ရှားနိုင်သည်။

**ကျန်းမာရေး၊ ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်**

ကျန်းမာရေး၊ ဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖြစ်အပျက်များ အစီရင်ခံခြင်း HSE ( Health Safety and Environment) တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအတွက် ထည့်သွင်း စဉ်းစားခြင်းကို ပြုလုပ်ရမည်။ အချို့သော HSE (Health Safety and Environment) တွင် ဖြစ်တတ်သည့် တောရိုင်းတိရိစ္ဆာန်များကို ကုမ္ပဏီကားဖြင့် တိုက်မိခြင်း၊ ဓာတုဗေဒပစ္စည်းများ ဖိတ်ဆင်ခြင်းတို့သည် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများလည်း ရှိနိုင်သည်။ ဥပမာ။ ။ တိုက်မိသည့် တိရိစ္ဆာန်သည် ဒေသခံများအတွက် ဘာသာရေးအရ၊ ယုံကြည်ကိုးကွယ်မှုအရ အရေးပါနေခြင်း၊ ဖိတ်သွားသည့် ဓာတုဗေဒပစ္စည်းများသည် ရိုးရာ အစားအသောက်ရင်းမြစ်ကို ထိခိုက်ခြင်း၊ ရေ (သို့မဟုတ်) ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာကို ထိခိုက်စေခြင်းတို့ ဖြစ်ခဲ့လျှင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် ထိခိုက် သက်ရောက်မှု

**၉။ ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက်အစီအစဉ်တွင် ပါဝင်သည့် အချက်များ**

ယဉ်ကျေးမှုဆိုင်ရာ သိမှတ်ဖွယ်များကို မိတ်ဆက်သင်ကြားပေးသည့် အစီအစဉ်တွင် ပါဝင်နိုင်သည့် အချက်များမှာ

- ပွဲတော်များ၊ ဒေသ၏ ရှောင်ရန်ဓလေ့၊ ဘာသာရေး၊ ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်ပုံ၊ ယဉ်ကျေးမှု၊ သမိုင်း၊ အုပ်စိုးသူ၊ လူမှုစီးပွားကိစ္စများ၊ ဒေသ၏ ပထဝီအနေအထား အစရှိသည့် သတင်းအချက်အလက်များ ပါဝင်မည်။
- ဒေသ အထာနှင့် သတိထားရမည်များကို ဝန်ထမ်းများက သိမြင်နေစေရန်အတွက် အပြန်အလှန်တက်ကြွစွာ ဆောင်ရွက်သည့် ချဉ်းကပ်ပုံများ (ပြဇာတ်၊ မိမိကိုယ်ကို ပြန်သုံးသပ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ လှုပ်ရှားမှုများ)
- ပါဝင်သူ၏ ကိုယ်ပိုင် ယဉ်ကျေးမှုတန်ဖိုးထားမှုများနှင့် ယင်းတို့၏ ဒေသယဉ်ကျေးမှုကို သက်ရောက်မည့်ပုံစံများကို ပြန်လှန်သုံးသပ်ခြင်း။
- ဝန်ထမ်းများ ရှောင်ရမည့် ယဉ်ကျေးမှုအရ အရေးကြီးသည့် နေရာများ။
- ရပ်ရွာက မကြိုက်သည့် ရှောင်ရှားသင့်သည့် အပြုအမူများ၊ ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အကျင့်အကြံများ၊ ဒေသခံများ၏ လူမှုရေး တန်ဖိုးထားချက်များကိုရှင်းပြခြင်း။
- ရပ်ရွာတွင်သာကျင့်သုံးသည့် ဓလေ့များအကြောင်း ရှင်းပြခြင်း။
- မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ရှိရာဒေသကို မိတ်ဆက်ပေးခြင်း။
- ဒေသခံစကားကို ထမင်းစားရေသောက် အခြေခံသင်ကြားပေးခြင်း။
- ဒေသခံရပ်ရွာသားများနှင့် တွေ့ဆုံစကားပြောနိုင်ရန် ဝန်ထမ်းများကို အခွင့်အလမ်းဖန်တီးပေးခြင်း။
- ရပ်ရွာဒေသခံများက ပြင်ဆင်ထားသည့်  ဖျော်ဖြေတင်ဆက်မှုများ၊ ပွဲတော်များ။






အထက်ပိုင်း ဟန်တာ တောင်ကြား၊
ဩစတြေးလျ။

# ဖြစ်စဉ်လေ့လာချက် (၈)

## ဩစတြေးလျ၊ ဟန်တာတောင်ကြား အထက်ပိုင်းတွင် ရီယိုတင်တို လုပ်ငန်းဆောင်ရွက်ပုံ။
## ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံမှုစနစ်ကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

ရီယိုတင်တို ဩစတြေးလျ ကျောက်မီးသွေးလုပ်ငန်းသည် ကွင်းစ်လန်းနှင့် နယူးဆောက်ဝေးတို့တွင် လုပ်ကွက် အများအပြား ရှိသည်။ ရီယိုတင်တို ကျောက်မီးသွေးလုပ်ငန်း ဩစတြေးလျသည် ဟန်တာတောင်ကြား အထက်ပိုင်း၊ တော်လေတောင်ပေါ်မှ ဝါ့ဝေါ့ခ် လုပ်ကွက်အပါအဝင်၊ ဟန်တာတောင်ကြား လုပ်ကွက်၊ မောင့်ပလီးဆန့် ကျောက်မီးသွေး လုပ်ကွက်တို့ကို Coal&Allied ကျောက်မီးသွေး လုပ်ငန်းမှ တဆင့်စီမံ သည်။ ဟန်တာတောင်ကြားသည် မိုင်းလုပ်ငန်းချဲ့ထွင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သည်။

အခက်အခဲ - စုပေါင်းထိခိုက် သက်ရောက်မှုများရှိနေသည့် အနေအထားတွင် မြေယာအသုံးပြုခွင့်ကို အချိန်နှင့်တပြေညီ ရရှိရေး။

ရီယိုတင်တို ကျောက်မီးသွေးလုပ်ငန်း ဩစတြေးလျ ဆောင်ရွက်ရမည့်လုပ်ငန်းမှာ မိုင်းလုပ်ငန်း လုပ်ကိုင်ရန် အတွက် မြေကို အချိန်မီ အသုံးချခွင့်ရရှိရန် တချိန်တည်းမှာပင် ဟန်တာ တောင်ကြား အထက်ပိုင်းမှ အဘော် ရီဂျင်များ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ အဘော်ရီဂျင်များက စိုးရိမ် သည်မှာ မိုင်းလုပ်ငန်းများ တိုးချဲ့ခြင်း၊ အတိတ်နှင့် လက်ရှိမြေယာ အသုံးချပုံများကြောင့် ဒေသတလျောက်ရှိ မြင်ရ သော မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စုပုံသက်ရောက်မည်ကို စိုးရိမ်ကြသည်။ ဩစတြေးလျမှ ဌာနေတိုင်းရင်းသားများက ၄င်းတို့ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မိုင်းလုပ်ငန်းများ၊ တိုးချဲ့လုပ်ငန်းများ ကြောင့် ထိခိုက်ခြင်းကို ယင်းအမွေအနှစ်များကို ရာသက်ပန် ကာကွယ်ပေးခြင်းနှင့် အခြားအရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ နေရာများကို ရပ်ရွာကစီမံခန့်ခွဲနိုင်ခွင့်တို့ပေးပါက ယင်းအပေါ် တွင် ဆန်းစစ်မှုများ ပြုလုပ်ပြီး လက်ခံမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောထားခဲ့ပြီးဖြစ်သည်။

လုပ်ငန်းစဉ်-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းစနစ်ကို ပေါင်းစပ်အသုံးချခြင်း။

ရီယိုတင်တို ကျောက်မီးသွေးလုပ်ငန်း ဩစတြေးလျ သည် ၂၀၀၆ ခုနှစ်တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းစနစ် CHMS ကို လက်တွေ့ အကောင်အထည် ဖော်ခဲ့သည်။ CHMSကို စူးစမ်း ဖော်ထုတ်ခြင်း၊ ဖြစ်နိုင်ချေဆန်းစစ်ခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်ယူခြင်း၊ ပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီး နောက်ပိုင်း အခြေအနေ အစရှိသည့် စီမံကိန်းတလျှောက်လုံးပေါင်းစပ်အသုံးချရန် လမ်းပြ ထားသည်။ CHMS က စီမံကိန်းလုပ်ကွက် ဒေသနှင့် ဆိုင်သည့် အဘော်ရီဂျင်များ၊ လုပ်ကွက် မြေနေရာပိုင်ရှင်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဖော်ထုတ်ခြင်း၊ တန်ဖိုးထိုက်တန်မှု စမ်းဆစ်ခြင်း၊ ကာကွယ်ခြင်း၊ လက်ရှိ ဆောင်ရွက် နေဆဲ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲခြင်း လုပ်ငန်းများတွင် ကိုယ်တိုင်အပြည့်အဝ ပါဝင် နိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ လုပ်ငန်း အဆင့်တိုင်း တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အတွက် ထည့်သွင်း စဉ်းစားခြင်းကို ပေါင်းစပ်ပြုလုပ်နိုင်ရန် အတွက် ရီယိုတင်တိုသည် မြေယာတူးဖော်မည့် လုပ်ငန်းအတွက် မြေတူးဖော်ခွင့် ပါမစ်ရမှ လုပ်ကိုင် နိုင်သည့် GDP စနစ်ကို တီထွင်ထား သည်။ GDP စနစ်တွင် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် များကို ခွင့်ပြုချက်ရမှလုပ်ကိုင်နိုင်သည့် စနစ်ပါရှိပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် မန်နေဂျာက စီမံကာ စီမံကိန်း၏ ယဉ်ကျေးမှု ဆိုင်ရာ အမွေ-အနှစ် ဇုန်အစီအစဉ် CHZP (Cultural Heritage Zone Plan) ကို ထိခိုက်မည့် မြေတူးမြေဖော် လုပ်ငန်း တစ်စုံတစ်ရာ တင်ပြလာသည်များကို ဆန်းစစ်သည်။ CHZP သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အခြေအနေ အလိုက် မြေတူးခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်သည့် နေရာ လုံးဝမလုပ် ကိုင်နိုင်သည့်နေရာ အစရှိသဖြင့် တိကျစွာပိုင်းခြား သတ်မှတ် ဇုန်များ ခွဲထားသည်။ ဇုန်များ၏ အဆင့်ကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်ချက်တွင်ပါသည့် အဆင့်၊ ယင်းဒေသတွင် ဆောင်ရွက်ခဲ့ဘူးသည့် လျှော့ချခြင်း အစီအစဉ်တို့ ပေါ်တွင် မူတည်ကာ သတ်မှတ်သည်။ CHZP သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်ချက် နှင့် စီမံခန့်ခွဲခြင်း အစီအစဉ်များကို မိုင်းလုပ်ငန်း လက်တွေ့ မလုပ်မီ ၅ နှစ်အလိုကပင်ကြိုတင် ဆောင်ရွက်ထားသောကြောင့် မိုင်းလုပ်ငန်း လက်တွေ့ လုပ်ဆောင်သည့်အခါတွင် အချိန် ကွက်တိ မြေ အသုံးပြုခွင့်ကို ရစေသည်။ စီမံကိန်း ဆောင် ရွက်မှုကိုလည်း ပြောင်းလွယ် ပြင်လွယ် အောင် ကြားခံအနေနှင့်လည်း ဆောင်ရွက်ပေး သည်။ စီမံကိန်း ဆောင်ရွက်မည့် နေရာများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိပါးမှု လျှော့ချ ရေး လုပ်ငန်းစဉ်များ လိုအပ်သည့် နေရာတွင်သာ ဆောင်ရွက်ဖြစ်ရန် စွမ်းဆောင် ပေးသည်။ CHZP သည် စီမံကိန်းရေးဆွဲ ချမှတ်မှု၊ စီမံခန့်ခွဲမှု ကိရိယာတစ်ခုအနေဖြင့် မလိုအပ်ပဲ ယဉ်ကျေးမှု အမွေအနှစ် လျော့ချခြင်းမျိုးကို တားမြစ်စေသည်။ ရပ်တန့်စေသည်။ ရီယိုတင်တို ကျောက်မီး သွေးလုပ်ငန်း ဩစတြေးလျ၏ CHMS တွင် အဘော်ရီဂျင်များ၏ စိုးရိမ်မှုများနှင့် ယဉ်ကျေးမှု တန်ဖိုးများကို အဓိပ္ပာယ်ရှိရှိ ဖြေရှင်း ပေးနိုင်ရန် အတွက် ရပ်ရွာနှင့် ထိထိရောက်ရောက် ထက်ကြွစွာ ဆွေးနွေး တိုင်ပင်ခြင်း၊ အားလုံးကို



ပါဝင်စေခြင်းတို့ကို ပြုလုပ်သည်။ ကုမ္ပဏီ၏ ဩစတြေးလျမှဌာနေတိုင်းရင်းသားများနှင့် ဆက်ဆံရေးကို ပိုမိုကျယ်ပြန်ကောင်းမွန်စွာ တည်တံ့စေရန်အတွက်၊ အဘော်ရီဂျင်များ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများကို တိုးတက်စေရန်နှင့် စောင့်ထိန်းပေးရန်အတွက် ထိုချဉ်းကပ်ပုံကို အသုံးပြုသည်။ ရပ်ရွာနှင့် ဆက်ဆံရေးကောင်း တည်ဆောက်ရန်၊ ထိန်းသိမ်းထားရန်၊ ရပ်ရွာ၏ ယဉ်ကျေးမှု တန်ဖိုးများကို ဖော်ထုတ်ရန် ရီယိုတင်တို ကျောက်မီးသွေးလုပ်ငန်း ဩစတြေးလျ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လုပ်ငန်း အဖွဲ့သည် အဘော်ရီဂျင်များနှင့် တိုက်ရိုက်ချိတ်ဆက် ဆွေးနွေးမှုများ ပြုလုပ်သည်။ ရီယိုတင်တို ကျောက်မီး သွေးလုပ်ငန်း ဩစတြေးလျ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဧရိယာအလိုက် ထိန်းသိမ်းခြင်းများသည် ဆွေးနွေးအကြံယူခြင်း လုပ်ငန်းစဉ်များမှ ထွက်ပေါ် လာသည်။ ပိုမိုကျယ်ပြန့်သည့် ယဉ်ကျေးမှု ဆိုင်ရာ အခင်းအကျင်းကို အခြေပြုလျက် မြေယာ အသုံးချမှုများကို ဖော်ထုတ်ရန်၊ မိုင်းလုပ်ကွက် အတွင်းမှ ရှောင်လွဲမရနိုင်သော ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ ထိပါးမှုကို ဖြေရှင်းရန် အတွက် အဘော်ရီဂျင်တို့က ထိုနေရာများကို အရှည်သဖြင့် ထိန်းသိမ်းခြင်း စီစဉ်ခြင်းတို့ကို ပြုလုပ်သည်။ ဝိုလမ်ဘီ ဘရွတ် အဘော်ရီဂျင် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် ထိန်းသိမ်း နယ်မြေသည် ဥပမာတစ်ခု ဖြစ်သည်။ (၄၇၅) ဟက်တာ အကျယ်ရှိ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းထားသည့် နယ်မြေတွင် အထက် ဟန်တာ တောင်ကြားမှ အဘော်ရီဂျင်တို့အတွက် အရေးပါသည့် နေရာဖြစ်သော ဘူဂါဘိုရာ မြေပြင်အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ ဒေသ အတော်များများပါဝင်သည်။ ထိန်းသိမ်းထားသည့် နယ်မြေတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်း စီမံမှု လုပ်ငန်းများ၊ ပညာပေးခြင်း၊ အုပ်ချုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ စီးပွားရေး ဖွံ့ဖြိုးမှုများ ဆောင်ရွက်ခြင်း၊ မြေနှင့် သဘာဝ သယံဇာတ စီမံခြင်းတို့တွင် ဒေသခံ အဘော်ရီဂျင်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် အခွင့်လမ်းများ ပြင်ဆင်ပေးထားပြီး သင်တန်းများလည်းပေးသည်။

ရလဒ်- ရီယိုတင်တိုကော အဘော်ရီဂျင်ပါ နှစ်ဖက် အကျိုးဖြစ်ထွန်းသည်။ စနစ်တကျ၊ အလုံးစုံခြုံငုံစဉ်းစားပြီး ပြင်ဆင်ထားသည့် အစီအစဉ်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများဖြင့် ရီယိုတင်တို ကျောက်မီးသွေး လုပ်ငန်း ဩစတြေးလျသည် စနစ်တကျ ရှိသော လုပ်ငန်းလည်ပတ်ရာတွင် တသားတည်း ကျအောင် ပေါင်းစပ်နိုင်သော CHMS ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုစနစ်သည် စီမံကိန်း လုပ်ငန်း ဆောင်ရွက် ချက်များအတွက် အစီအစဉ်များ ရေးဆွဲရာတွင် ရီယိုတင်တိုကော အဘော်ရီဂျင်တို့ပါ လိုလားချက်များ ပြည့်စုံစေရန် စဉ်းစား ရေးဆွဲခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ မိုင်းလုပ်ငန်းများ စီစဉ်ခြင်းနှင့် လက်တွေ့လုပ်ငန်း ဆောင်ရွက်ခြင်းတို့တွင် CHMS အစီအစဉ်နှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို အဘော်ရီဂျင်များနှင့် တိုက်ရိုက် ချိတ်ဆက် လက်တွဲဆောင်ရွက်ပြီး တသားတည်း ပေါင်းစပ် နိုင်ခဲ့သည့် အခါတွင် ပေါ်ပေါက်လာသည့် ရလဒ်များသည် နှစ်ဦး နှစ်ဖက်လုံးကို အကျိုးရှိစေပြီး ရပ်ရွာနှင့်လည်း အားကောင်းသည့် ဆက်ဆံရေးကို ထူထောင် နိုင်စေခဲ့သည်။ မိုင်းလုပ်ငန်းဆောင်ရွက်သည့် ပတ်ဝန်းကျင်မှ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ် စီမံခြင်းနှင့် ဆက်စပ်နေသည့် အန္တရာယ်များ၊ ထိခိုက် သက်ရောက်မှုများ ကိုလည်း လျော့ချနိုင်ခဲ့သည်။

၈

**ထိပ်ဆုံးပုံ**
၂၀၀၈ ခုနှစ် ဝှဲဝေါ့ခ် သဲသောင်ပြင် ရှေးဟောင်းသုတေတန စီမံကိန်းတွင် အဘော်ရီဂျင် ကိုယ်စားလှယ်များကို တွေ့ရစဉ်။ ဩစတြေးလျနိုင်ငံ၊ နယူးဆောက်ဝေး၊ ဟန်တာတောင်ကြားမှ မောင့် တော်လီ ဝှဲဝေါ့ခ် နေရာတွင် ဖြစ်သည်။

**အဝိုင်း**
မောင့် တော်လီ ဝါဝေါ့ခ် ကျောက်မီးသွေးမိုင်းမှ အဘော်ရီဂျင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ကန့်သတ်နယ်မြေ ဝေါလိုဘီ ဘရွတ်တွင် ကန့်သတ်နယ်မြေ ဆိုင်းဘုတ်ပြထားပုံ။ ဆိုင်းဘုတ်တွင် ရေးသားထားသည်မှာ ဝင်ခွင့်ရတာဝန်ရှိသူများမှအပ အခြားသူများ ဝင်ခွင့်ကန့်သတ်ထားသည့် အရေးကြီးနယ်မြေဟု ဖြစ်သည်။

# ၂.၄ စောင့်ကြည့်ပါ။ အကဲဖြတ်ပါ။ တိုးတက်အောင်ဆောင်ရွက်ပါ။

**စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ် စီမံခြင်းစနစ်ကို စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းတို့မှာ မရှိမဖြစ် အရေးပါသည်။ ရီယိုတင်တို၏ စံသတ်မှတ်ချက်မှာ လုပ်ငန်းဆောင်ရွက်ချက်များကို အကဲဖြတ်ရန်အတွက် အချိန်မှန် ဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်ပြီး စဉ်ဆက်မပြတ်တိုးတက်မှုများ ရှိရန်အတွက် ယင်းကို အခြေခံအနေနှင့် အသုံးပြုရန်လိုအပ်သည်။**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အချက်အလက်များနှင့် စနစ်များကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့သည်

- အစီအစဉ်များ လုပ်ငန်းစဉ်များသည် ၎င်းတို့ရည်မှန်းချက်များ ပြည့်မီခြင်း ရှိမရှိသိရန်။
- ဆိုးဝါးပြင်းထန်သည့် သက်ရောက်မှုများထက် ကောင်းကျိုးသက်ရောက်မှုများက သာလွန်မှုရှိ၊ မရှိ။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ပတ်သက်ပြီး ဆောင်ရွက်ချက်များ တိုးတက်မှုရှိ၊မရှိ။
- ပိုမိုကောင်းမွန်သည့် အစီအစဉ်များနှင့် မူဝါဒများ ပေါ်ထွက်လာစေရန်နှင့်
- စဉ်ဆက်မပြတ်တိုးတက်မှုများဖြစ်ပေါ်နေစေရန်အတွက် လိုအပ်သည်။

| | စစ်ဆေးရန် |
|---|---|
| ✓ | စောင့်ကြည့်ရာတွင် အသုံးပြုမည့်မူဘောင်၌ စိတ်ချယုံကြည့်ရသည့်အချက်အလက်များနှင့် စဉ်ဆက်မပြတ်မွမ်းမံထားသည့် အချက်အလက်များပါဝင်ပေါင်းစပ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အညွှန်း ပါဝင်ပါသလား။ |
| ✓ | စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများတွင် အလျဉ်းသင့်တိုင်း ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရှိပါသလား။ ရပ်ရွာသား ကျား၊ မ၊ ပျို၊ အို မရွေးပါဝင်ခွင့်ရှိပါသလား |
| ✓ | စောင့်ကြည့်မှုရလဒ်အနေနှင့် အစီအစဉ်များ လုပ်ငန်းဆောင်ရွက်ပုံများကို အပြောင်းအလဲပြုလုပ်ခြင်းတို့ ရှိပါသလား။ |
| ✓ | တိုးတက်မှုများကို တိုင်းတာရန်နှင့် လှုပ်ရှားဆောင်ရွက်ချက်များကို အမှတ်ပေးရန် ပုံမှန်လေ့လာခြင်းနှင့် ပုံမှန်မဟုတ်သော လေ့လာခြင်းတို့ဖြင့် လုပ်ငန်းစဉ်များကို အချိန်မှန်ဆန်းစစ်ခြင်းရှိပါသလား။ |
| ✓ | မူလရည်မှန်းထားချက်များပြည့်မီခြင်းရှိ၊မရှိ ပြန်လည်တိုင်းတာရန်အတွက် စီမံကိန်း (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုပြီးသည့်အခါတွင် အကဲဖြတ်ခြင်းမျိုးရှိပါသလား။ |
| ✓ | စဉ်ဆက်မပြတ် တိုးတက်မှုများ ဖြစ်ပေါ်စေရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စနစ်တွင် ပါဝင်သည့် အရာများကို အကဲဖြတ်ခြင်း လုပ်ငန်းစဉ်မှ တွေ့ရှိချက်များနှင့် အညီ ပုံမှန်မွမ်းမံခြင်းများရှိပါသလား။ |
| ✓ | ဒေသခံမဟုတ်သော နိုင်ငံသားဝန်ထမ်းများ အပါအဝင် ဝန်ထမ်းများအားလုံးကို မသင်မနေရစနစ်ဖြင့် ယဉ်ကျေးမှုဆိုင်ရာမိတ်ဆက်ခြင်းကို ဒေသခံအုပ်စုများ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးခြင်းမျိုးရှိပါသလား။ |
| ✓ | ယဉ်ကျေးမှုဆိုင်ရာနှင့် ပတ်သက်ပြီး ဝန်ထမ်းများသည် အချိန်မှန် မွမ်းမံသင်တန်းများ ထပ်မံတက်ရောက်ရန် လိုအပ်ပါသလား။ |

## ၂.၄.၁ စောင့်ကြည့်ခြင်း– ‘ငါတို့ ဘယ်လိုလုပ်နေကြတာတုန်း။’

စောင့်ကြည့်ခြင်းဆိုသည်မှာ မိမိတို့ လုပ်ငန်းဆောင်ရွက်ချက်များသည် ရပ်ရွာနှင့် သက်ဆိုင်သူများကို အကောင်းသော်လည်းကောင်း အဆိုးသော်လည်းကောင်း သက်ရောက်မှုများကို စနစ်တကျ ခြေရာခံခြင်းဖြစ်သည်။ စီမံကိန်းလည်ပတ်မှုတစ်ခုလုံး၏ ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှုသို့ ချဉ်းကပ်ပုံ ချဉ်းကပ်နည်း၊ လုပ်ပုံကိုင်ပုံတို့ကို စောင့်ကြည့်ခြင်းသည်လည်း အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ကောင်းမွန် တင့်တယ်စွာဆောင်ရွက် ပါက စောင့်ကြည့်ခြင်းသည် စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် ပေါ်ပေါက် လာသည့် အလွဲများကို ဖြေရှင်းနိုင်ပြီး အခွင့်အလမ်းကောင်းများကိုလည်း ဖော်ထုတ်နိုင်သည်။ ထိရောက်သော စောင့်ကြည့်ခြင်းဖြစ်ရန်အတွက် ယုံကြည်ရသော အချက်အလက်များမှာ မရှိမဖြစ်လိုသည်။ သက်ရောက်မှုများနှင့် အပြောင်းအလဲများကို တိကျစွာ တိုင်းတာရန်နှင့် အမြဲတမ်းအခက်အခဲများရှိသဖြင့် စောင့်ကြည့်ခြင်းစနစ်သည် ရည်မှန်းထားသည့် အဓိက သတ်မှတ်ချက်များ၊ ရည်ရွယ်ချက်များကို တိုးတက်ဖော်ဆောင်နေမှုများရှိ၊ မရှိကို ဆန်းစစ်နိုင်သည်အထိ အားကောင်းရမည်။ အာရုံစိုက်ဖြေရှင်းရန်လိုသည့် အရေးကိစ္စများကိုလည်း ဖော်ထုတ်နိုင်ရမည်။

ဖြစ်နိုင်ပါက ထိခိုက်ခံရသည့် အုပ်စုများနှင့် ရပ်ရွာများသည် စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သင့်သည်။ သတင်းပေးရုံ လောက်သာမဟုတ်ပဲ အမှန်အကန် တက်ကြွစွာ ပါဝင်ခွင့်ပေးရမည်။ ထိုသို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်းနည်းကို အသုံးပြုခြင်းသည် ရပ်ရွာ၏ ပိုင်ရှင်စိတ်ဓာတ်ကို ပိုမို အားကောင်းစေပြီး ဒေသခံ ဗဟုသုတကိုလည်း အလေးထားရာ ရောက်သည်။

ဖြစ်စဉ်လေ့လာချက် (၉) ။ ကနေဒါနိုင်ငံမှ ဒိုင်ယာဗစ် စိန်လုပ်ကွက်ဥပမာသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ခြင်းတွင် ရပ်ရွာက ပါဝင်ခြင်းဖြင့် ဂေဟစနစ်နှင့် ဆိုင်သည့် ရိုးရာအသိပညာ ဓလေ့များကို စဉ်ဆက်မပြတ် လက်ဆင့်ကမ်းစေသဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အတွက်လည်း ရလဒ်ကောင်းများကို ပေါ်ပေါက်စေသည်။



**ဘယ်ဘက်ပုံ**

မြည်း အကောင် (၂၀) ပါလှည်း။ ရီယိုတင်တို၏ ဘိုရိတ် ထုတ်ယူသည့် လုပ်ငန်းသည် ကယ်လီဖိုးနီးယား၏ သေမင်းတမန်တောင်ကြားတွင် ၁၈၈၀ နှစ်များကတည်းက စတင်လုပ်ကိုင်ခဲ့သည်။ မြည်း အကောင် (၂၀) ပါလှည်းသည် ထိုဒေသ၏ အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဖြစ်သည်။

**အောက်ပုံ**

ရောမခေတ် မိုင်းလုပ်ငန်းများသို့ ရေသွင်းသည့် ဘီး။ ဘီးကြီးကို စပိန်နိုင်ငံ၊ အန်ဒါလာစီယာ၊ ဟူလေဗာမှ ရီယိုတင်တို ကြေးနီလုပ်ကွက်တွင် ၁၈၇၀ က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဘီးကြီးကို ဗြိတိသျှပြတိုက်သို့ ၂၀၁၀ ခုနှစ်တွင် ရီယိုတင်တိုက လှူဒါန်း လွှဲပြောင်းပေးခဲ့သည်။ ဗြိတိသျှ ပြတိုက် ဂေါပကအဖွဲ့







# ဖြစ်စဉ်လေ့လာချက် (၉)
## ကနေဒါအနောက်မြောက်တွင် ရိုယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ
## ဒိုင်ယာဗစ်စိန်လုပ်ကွက်စောင့်ကြည့်ခြင်းတွင် ရိုးရာနည်းနှင့် သိပ္ပံနည်းတို့ပူးပေါင်းအသုံးချပုံ

ဒိုင်ယာဗစ် စိန်လုပ်ကွက်သည် ရီယိုတင်တို ၆၀ ရာခိုင်နှုန်း၊ ဟယ်ရီ ဝင်ဆန် ဒိုင်းမွန်းလီမိတက်က ၄၀ ရာခိုင်နှုန်းဖြင့် ဖက်စပ်ဆောင်ရွက်ကြသည့် လုပ်ကွက်ဖြစ်သည်။ ကနေဒါနိုင်ငံ အနောက်မြောက် ဒေသ၏ အာတိတ်စက်ဝိုင်းတောင်ဘက် ၂၁၀ ကီလိုမီတာအကွာတွင်ရှိသည်။ ၂၀၀၃ ခုနှစ်ကတည်းက မိုင်းလုပ်ငန်း စနေပြီဖြစ်သည်။

အနောက်မြောက်၊
ကနေဒါ

**အခက်အခဲ – ရိုးရာဂေဟဗေဒ အသိပညာများကို သိပ္ပံနည်းနှင့် ပေါင်းစပ်ကာ မိုင်းလုပ်ငန်း စောင့်ကြည့်ခြင်း**

ဒိုင်ယာဗစ်အတွက် အခက်အခဲမှာ ဝေးလံခေါင်ဖျားအရပ်တွင် ဒေသခံများ၏ မြေယာအသုံးချပုံကို လေးစားလျက်၊ ဒေသခံ အဘော်ရီဂျင် အဖွဲ့အစည်းများ၏ ရှင်သန်ရုံအခြေအနေပေါ်တွင် ဆိုးကျိုးများ မရှိစေရန် ရှောင်ရှားရခြင်းဖြစ်သည်။ မိုင်းလုပ်ကွက်သည် ဒိန်း၊ မီးသစ်၊ အင်နွတ် ရပ်ရွာများ၏ ရိုးရာအသုံးချ မြေနေရာပေါ်တွင် ရှိနေပြီး အကျယ်အားဖြင့် ၁၀ စတုန်ရန်း ကီလိုမီတာခန့် ရှိသည်။ ထိုအုပ်စုများသည် ရှင်သန်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် သားရိုင်းတိရိစ္ဆာန်များပေါ်တွင် မှီခိုနေရသောကြောင့် ထိုမြေနှင့် ပတ်သက်ပြီး ကောင်းစွာနားလည်ကြသလို နက်ရှိုင်းစွာလည်း ပတ်သက် နေကြသည်။ ထိုအချက်များကြောင့် ထိုဒေသ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေသည် အလွန် အရေးပါလာသည်။

**လုပ်ငန်းစဉ် – သဘာဝ ပတ်ဝန်းကျင် စောင့်ကြည့်ရေးတွင် ဩစတြေးလျမှ ဌာနေ တိုင်းရင်းသားများအဖွဲ့အစည်းများကို ပါဝင်စေခြင်း။**

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း တစ်စုံတစ်ရာမရှိခြင်းအတွက် ရပ်ရွာက ပူပန်မှုများကို တုန့်ပြန်ရန်အတွက် ဒိုင်ယာဗစ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ရေး အကြံပေးဘုတ်အဖွဲ့ EMAB ( Environmental Monitoring Advisory Board) ကို ဖွဲ့စည်း ပေးရန် သဘောတူသည်။ EMAB တွင် မိုင်းလုပ်ငန်းကြောင့် ပထမဆုံးထိခိုက်မည့် အုပ်စု ၅ စုမှ ကိုယ်စားလှယ်များ၊ အစိုးရနှင့် ဒိုင်ယာဗစ် ကုမ္ပဏီတို့ပါဝင်သည်။ ပါဝင်သူများကို စုစည်း လက်တွဲလုပ်ဆောင်ရန် ရည်ရွယ်သည်နှင့် အညီ EMAB ၏ရည်ရွယ်ချက်တစ်ခုမှာ ရိုးရာ ဂေဟဗေဒဆိုင်ရာ အသိပညာများနှင့် သိပ္ပံ နည်းကျ စောင့်ကြည့်ခြင်း နည်းများကို ပွင့်လင်း စွာ ဖလှယ်ရန် ဖြစ်သည်။ ဒိုင်ယာဗစ်နှင့် EMAB တို့ကြား ပူးတွဲ ဆွေးနွေးလုပ်ကိုင်မှုများ ကြောင့် မိုင်းကြောင့် ထိခိုက်မည့်နေရာမှ သားရဲ တိရိစ္ဆာန်များ ကိုကာကွယ်ရန်အတွက် ရိုးရာနည်း နှင့် အနောက်တိုင်းနည်းတို့ ပေါင်းစပ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်တစ်ခု ပေါ်ထွက်လာခဲ့သည်။ ရလဒ်များမှ ဥပမာ နှစ်ခုမှာ ငါးစားသုံးနိုင်မှု စစ်တမ်းနှင့် ကာရီဘူးသမင်များ အတွက် ခြံကာပေးခြင်းတို့ ဖြစ်သည်။

**ငါးစားသုံးနိုင်မှုစစ်တမ်း** - မိုင်းဒေသမှ ငါးများ၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးရန်အတွက် ဒိုင်ယာဗစ်သည် လက်ဒီဂရားမှ ငါးများကို ပုံမှန်စောင့်ကြည့်ခြင်းကို ပြုလုပ်သည်။ ငါးစားသုံးနိုင်မည့်အရသာနှင့် ရေကန်တွင် ငါးများနေထိုင်ပေါက်ဖွားမှုကို လေ့လာရာတွင် ရပ်ရွာမှ လူကြီးနှင့်လူငယ်များကို အတူတကွ ပါဝင်ရန် တိုက်တွန်းသည်။ ရပ်ရွာ ကိုယ်စားလှယ်များက ငါးများ၏ အရောင် အသွေးကို တိုင်းတာသည်၊ ချက်ပြုတ်ပြီးသည့် အခါ အရသာကိုမြည်းကြည့်သည်။ ထိုနောက် အဆင့်သတ်မှတ်သည်။ အဆင့် သတ်မှတ်နှိုင်းယှဉ်တိုင်းတာသည့် အချက် အမျိုးမျိုးရှိသည်။ ယခင်နှစ်က ပြုလုပ်ခဲ့သည့် စစ်တမ်းရလဒ်၊ အိမ်မွေးငါးများ၏ အရည်အသွေး၊ မိုင်းလုပ်ငန်း မဝင်မီကာလမှ ငါးတို့အခြေအနေ အပေါ် ထင်မြင်ချက်တို့ကို ကြည့်ကာ တိုင်းတာ၍ အဆင့်သတ်မှတ် သည်။ သတ္တုပမာဏကို သိရှိရန်အတွက် ငါး တစ်ကောင် တည်း၏ တစ်သျှူးနှင့် ကလီစာများကို ဓာတ်ခွဲခန်းသို့ပို့ပြီး စစ်ဆေးသည်။ ငါးများကို စစ်ဆေးခြင်းဖြင့် ရလဒ်နှစ်မျိုး ထွက်သည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခြင်းအတွက် အကျိုးရှိစေသည်။ စီမံကိန်း၏ ငါးမျိုးစိတ်များအပေါ် သက်ရောက်မှု ကို စောင့်ကြည့်ခြင်းဖြင့် ငါးဖမ်းခြင်း ရိုးရာဓလေ့ တစ်ခုကို စောင့်ထိန်းခြင်းသည် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များကို စီမံခြင်း တစ်မျိုးပင်ဖြစ်သည်။

ကာရီဘူးများကို ခြံခတ်ခြင်း။

ဒေသခံများ၏ ပူပန်မှုဖြစ်သော နှစ်စဉ် ကာရီဘူးသမင်များ ရွှေ့ပြောင်းသွားလာစဉ်တွင် မိုင်းလုပ်ကွက်၏ စိန်သန့်စင်ခြင်းလုပ်ငန်းစဉ်တွင် အန္တရာယ်တွေ့ရှိခြင်းကို ဖြေရှင်းရန်အတွက် EMAB သည် ဒိုင်ယာဗစ်နှင့် ဒေသခံရပ်ရွာ ခေါင်းဆောင်များအကြား ဆွေးနွေးပွဲများ လုပ်ဆောင်စေပြီး သင့်တော်သည့် နေရာများတွင် ခြံကာထားရန် သဘောတူကြသည်။

- နှစ်တစ်နှစ်၏ မည်သည့်အချိန်တွင် စိန် သန့်စင်သည့် နေရာကို ခြံကာ ထားရမည်နည်း။
- ခြံစည်းရိုးတစ်လျှောက် ကာရီဘူးသမင်များ သတ်စားမှုကို မည်သို့ရှောင်ရှားမည်နည်း။
- ခြံစည်းရိုး ဒီဇိုင်းနှင့် ခတ်မည့်နေရာကို မည်သူက ရွေးမည်နည်း။
- မည်သူက စီမံကိုင်တွယ်မည်နည်း။

EMAB က အလုပ်ရုံဆွေးနွေးပွဲများစွာပြုလုပ်ပြီး နောက်တွင် ကာရီဘူးများအတွက် ခြံခတ် ပေးသည့် အစီအစဉ်ကို ကာရီဘူးများနှင့် ၄င်းတို့၏ အမဲလိုက်များ ဓလေ့နှင့်ပတ်သက်ပြီး သိရှိထားသည့် ဒေသခံများ၏ရိုးရာ အသိပညာ နှင့်အညီ ပုံစံထုတ်၊ စီမံပြီး ကုမ္ပဏီက လက်တွေ့ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ကြသည်။



**ရလဒ် – ဗဟုသုတများ အပြန်အလှန်ဖလှယ်နိုင်ပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်မှုကိုလည်း မြင့်တင်နိုင်ခဲ့သည်။** ရိုးရာအသိပညာများကို သိပ္ပံနည်းကျ လုပ်ငန်းစဉ်များတွင် ပူးပေါင်းခြင်းဖြင့် ကုမ္ပဏီ၏ စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များသည် များစွာ အလုပ်ဖြစ်ကြောင်း ဗိုင်ယာဗစ်က သက်သေပြခဲ့ပြီးဖြစ်သည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဗိုင်ယာဗစ်သည် ပတ်ဝန်းကျင်ကို စောင့်ကြည့်ခြင်းသည် စဉ်းစားပုံအမျိုးမျိုးကို ဆွဲနေနိုင်ခဲ့ပြီး၊ တမူထူးခဲ့ရှုံသာမက ဇီဝဗေဒနှင့် ပတ်သက်ပြီး ရိုးရာ အသိပညာများ၊ ဓလေ့များကို ရှင်သန်စေရန် အားပေးခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် များစီမံခြင်းကို ပိုမို ထိရောက်စေပြီး ရပ်ရွာများနှင့် ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်စေသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်တွင် ဖော်ပြထားသည့် ကတိကဝတ်များကိုလည်း ဖြည့်ဆည်းနိုင်ခဲ့သည်။



**ထိပ်ဆုံးပုံ**
ရပ်ရွာသားများ ငါးစားသုံးနိုင်မှု စစ်ဆေးရာတွင် ပါဝင်နေပုံ။ စစ်ဆေးမှုကို ဗိုင်ယာဗစ် ငါးလုပ်ငန်း၏ သတ်မှတ်ချက်အရ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်တွင် ပေးထားသည့် ကတိများအရ ဆောင်ရွက်ခြင်းဖြစ်သည်။
**အပေါ်ပုံ**
ကာရီဘူးများအတွက် ခြံခတ်နေပုံ။ ကာရီဘူးများနှင့် ၎င်းတို့ကို သတ်ဖြတ်စားသုံးသူတို့၏ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် ရိုးရာ အသိပညာကို အခြေခံလျက် ဗိုင်ယာဗစ် နှင့် ရပ်ရွာခေါင်းဆောင်များ ပူးပေါင်းကာ ခြံစည်းရိုးကာခြင်းဖြင့် ဖြေရှင်းခြင်းဖြစ်သည်။
**အဝိုင်း**
ငါးစားသုံးမှုစစ်တမ်းပြုလုပ်စဉ်အတွင်း၊ ရေချိုရေကန်ကို ရပ်ရွာသားများက စစ်ဆေးနေပုံ။

## ၂.၄.၂ ပန်းတိုင်များနှင့် စောင့်ကြည့်ခြင်းအတွက် အညွှန်းကိန်းများ

စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်အတွက် အဓိက ကျသည့် အချက်မှာ လုပ်ငန်း ဆောင်ရွက်မှုနှင့် လှုပ်ရှားမှုတို့ကို တိုင်းတာရန်အတွက် သင့်တော်သည့် ပန်းတိုင်နှင့် အညွှန်းကိန်းများ သတ်မှတ်ထားရန် ဖြစ်သည်။ ကောင်းစွာ စီစဉ်ထားသည့် ပန်းတိုင်များနှင့် အညွှန်းကိန်းများသည် ပြင်ပမှ ပြောင်းလဲမှုဖြစ်စဉ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ရည်မှန်းချက်များနှင့်ပတ်သက်ပြီး လုပ်ငန်း ဆောင်ရွက်ချက်၏ လုပ်ဆောင်မှု စွမ်းဆောင်ရည် နှစ်ခုလုံးကို တိုင်းတာရန်၊ စောင့်ကြည့်ရန်အတွက် အသုံးပြုသည်။ မျှော်မှန်းထားသည့် ရလဒ်များ ပေါ်ပေါက်စေရန်အတွက် ပန်းတိုင်များနှင့် အညွှန်းကိန်းများ ဖော်ထုတ်ခြင်းသည် လုပ်ငန်းအောင်မြင်ရန်အတွက် လုပ်ငန်းပုံစံ ပြန်လည် ပြောင်းလဲ ရေးဆွဲခြင်း၊ လက်တွေ့ အကောင်အထည်ဖော်ခြင်းနှင့် CHMS ကို ပိုမို ကောင်းမွန်လာအောင်၊ စွမ်းဆောင်ရည်များ မြင့်တက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။ စနစ်တကျ သတ်မှတ်ထားသည့် ပန်းတိုင်များနှင့် ၎င်းတို့ကို တိုင်းတာမှုများကို စဉ်ဆက်မပြတ် တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့သည် ကုမ္ပဏီက အောက်ဖော်ပြပါ အချက်များကို ဖြည့်ဆည်းပေးရုံသာမက ဖြစ်နိုင်ပါက ကျော်လွန်အောင် ဆောင်ရွက်ရမည့် အချက်ကို ပုံဖော်ရာတွင် လိုအပ်သည်။

- သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ။
- ကုမ္ပဏီတွင်း သတ်မှတ်ချက်များ။
- ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ရန်နှင့် ရပ်ရွာက သဘောတူထားသည့် အချက်များကို ဆောင်ရွက်ပေးရန် နှင့်
- ရပ်ရွာ၏ အထွေထွေမျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရမည်။

ရီယိုတင်တိုသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုက်နာရန်သတ်မှတ်ထားသည့် ရီယိုတင်တို ရပ်ရွာအကျိုးပြုလုပ်ငန်းများ၏ ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်ကို[၄] ရွေးရှုလျက် ဆောင်ရွက်ရမည်ဖြစ်သည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် MDGs ( Millennium Development Goals) ကို အားဖြည့်ပေးမည့် ဒေသခံရပ်ရွာများ အားကောင်းလာစေရန်နှင့် စီးပွားရေး ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာစေရန် ဒေသအလိုက် သင့်တော်သည့် လူမှုရေး ဆောင်ရွက်မှု အတိုင်းအတာများကို ၂၀၁၃ မှစတင်ကာ ချမှတ် ကျင့်သုံးသွားရန် ပါရှိသည်။ ထိုသတ်မှတ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန်အတွက်မှာ အခက်အခဲများ ရှိနိုင်သည်။ လက်ရှိအချိန်ထိ ရရှိထားသည့် စွမ်းဆောင်မှုဆိုင်ရာ အချက်အလက်များမှာ ကြိုးစားအားထုတ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ အကြောင်းသာပါပြီး ရလဒ်(သို့မဟုတ်) သက်ရောက်မှုများအကြောင်း ပါဝင်သည်မှာ နည်းပါးသည်။

MDGs တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အပါအဝင် ယဉ်ကျေးမှုဆိုင်ရာအတွက် သီးသန့် ရည်ညွှန်းထားခြင်းမရှိသော်လည်း ကုလသမဂ္ဂသည် MDGs ကို ပြည့်မီအောင် ဆောင်ရွက်ရန် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ယဉ်ကျေးမှုသည် အရေး ပါသည်ကို ဖောင်းပေး ဖော်ပြလျက်ရှိသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုဖြစ်စေရန်အတွက် မြင်ရသော၊ မမြင်ရသော ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ၊ အနုပညာလုပ်ငန်းများ၊ ခံစားမှု ဖော်ထုတ်ခြင်းအမျိုးမျိုး အားလုံး ပါဝင်သည့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍသည် အရေး ပါသည့် အခြေခံ အစိတ်အပိုင်းတခုဖြစ်သည်။ စီးပွားရေးတိုးတက်ရန်၊ လူမှုရေးတည်ငြိမ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေး ပါသည့် ပံ့ပိုးကူညီသူလည်းဖြစ်သည်။ စီးပွားရေး လုပ်ငန်းများသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တိုင်းတာသည့် အညွှန်းကိန်းများ ဖော်ထုတ်ခြင်း၊ ရပ်ရွာသို့ ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက်ပန်းတိုင်ကို အစီရင်ခံခြင်းတို့တွင် ထိုအချက်ကို ထည့်သွင်း စဉ်းစားရမည်။ ပန်းတိုင်နှင့် အညွှန်းကိန်းများ ရေးဆွဲခြင်း ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ပတ်သက်ပြီး စောင့်ကြည့်ခြင်း၊ ပြန်လည် အစီရင်ခံခြင်းများတွင် ပါဝင်ရမည့် အဓိက မေးခွန်းများနှင့် အဆင့်များကို ပုံ ၃ တွင် ဖော်ပြထားသည်။ ပန်းတိုင်များနှင့် တိုင်းတာရန် အညွှန်းကိန်းများတို့ ချမှတ်ရာတွင် ဒေသခံ အခင်းအကျင်းနှင့် လိုက်ဖက်ပြီး စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီးပွားရေး လုပ်ငန်းမောင်းနှင်ချက်များ၊ လုပ်ငန်း လည်ပတ်ပုံ အခြေခံ အချက်အလက်တို့တွင် ပေါင်းစပ်နိုင်ရန် အတွက် ရည်ရွယ်သင့်သည်။ ပန်းတိုင်များနှင့် အညွှန်းကိန်းများသည် ဒေသနှင့် မည်မျှ သင့်တော်သည်ကို သိရှိစေရန် အကောင်းဆုံး နည်းမှာ ရပ်ရွာသားများက သဘောတူမတူကို ကြည့်ကာ ဆုံးဖြတ်ခြင်း ဖြစ်သည်။ တိုင်းတာမှု၏ နည်းပညာ ပိုင်းဆိုင်ရာများတွင် ရပ်ရွာအနေနှင့် ပါဝင်ရန် လိုအပ်သည်ဟု မဆိုလိုပါ သို့သော်လည်း ရပ်ရွာက ဦးစားပေးရမည့်အရာများအပေါ် သဘောတူညီမှုနှင့် တိုးတက်မှု၏သက်သေအဖြစ် တိုင်းတာမှုတွင် မည်သည်တို့ပါဝင်မည်ကို နှစ်ဖက် ဘုံသဘောနားလည် သဘောပေါက်မှုတို့မှာ လိုလားဖွယ်ရာ အချက်ပင်ဖြစ်သည်။ သီးသန့် သဘောတူညီမှုရရန် မဖြစ်နိုင်ပါက အနည်းဆုံး အနေဖြင့် ပန်းတိုင်းများနှင့် အညွှန်းကိန်းများကို ပြည်သူသို့ အစီရင်ခံခြင်းဖြင့် ကျွမ်းကျင်သူများနှင့် ရပ်ရွာက ကြည့်ရှုသုံးသပ် နိုင်ရန်အတွက် လက်တကမ်းတွင် အဆင်သင့် ရှိစေရမည် ဖြစ်သည်။ လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ခြင်းသည် ပန်းတိုင်နှင့်အညွှန်းကိန်းတို့ကို ဖော်ဆောင်ရန်အတွက် အလွန်အသုံးဝင်သော်လည်း စိန်ခေါ်မှု အခက်အခဲ အများအပြား ကျန်ရှိနေသေးသည်။ သက်ရောက်မှု အများအပြားရှိနေသည့်နေရာတွင် တခုခြင်း၏ သက်ရောက်မှုကို မည်သို့တိုင်းတာမည်နည်း။ အသုံးဝင်သည့် အချက်အလက်များကို အကုန်အကျ နည်းနည်းနှင့် မည်သို့ရအောင် ဆောင်ရွက်မည်နည်း အစရှိသည့် အခက်အခဲများ ရှိနေသေးသည်။ ပန်းတိုင်ကို သတ်မှတ်ရာတွင် အကောင်းဆုံးနည်းမှာ SMART ကို အသုံးပြုခြင်းဖြစ်သည်။ အောက်ပါ အရည်အချင်းများ ပြည့်မီပါက SMART ဟု ခေါ်သည်။

- တိကျခြင်း Specific ပန်းတိုင်ကို ကောင်းစွာ ဖော်ထားပြီလား ။
- တိုင်းတာနိုင်ခြင်း Measurable ပန်းတိုင်သို့ သွားနေသည့် အခါတွင် အကဲဖြတ်မည့် ကိရိယာ ရှိပါသလား။
- ရယူနိုင်ခြင်း - Attainable ပန်းတိုင်ရောက်ရန်အတွက် လိုအပ်သည့် အသိပညာများနှင့် ရင်းမြစ်များကို ရယူနိုင်ပါသလား။
- ရလဒ်အခြေပြု Results focused- ပန်းတိုင်သည် ကျွန်ုပ်တို့၏အလုပ် (သို့) ကုမ္ပဏီတစ်ခုအနေဖြင့် ချဉ်းကပ်ပုံနည်းလမ်းများကို တန်ဖိုးမြှင့်ပေးပါသလား။
- အချိန်တိကျခြင်း Time oriented ပန်းတိုင်ပြည့်မီရမည့် နေ့အပါအဝင် ပန်းတိုင်ကို အရောက်လှမ်းမည့် အချိန်မူဘောင်ကို ရှင်းလင်းစွာ သတ်မှတ်ထားခြင်းမျိုး ရှိပါသလား။

ပန်းတိုင်များနှင့် ပတ်သက်ပြီး အသုံးပြုရမည့် အညွှန်းကိန်းများကို ပြုစုသည့်အခါတွင် အဓိကထားရမည့်အချက်မှာ လုပ်ငန်း ဆောင်ရွက်မှု အဆင့်သာမဟုတ်ပဲ (ဥပမာ ။ ။ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းဝေးပွဲများ ကျင်းပခြင်း ) မျှော်မှန်းထားသည့် ရလဒ် ရရှိစေရန်အတွက် လုပ်ငန်းဆိုင်ရာ တိုးတက်မှုများ ရှိ၊ မရှိကို အလေးထားရမည်။


4 for more information please refer to the Rio tinto Communities target guidance

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆိုင်ရာ ကိစ္စရပ်တွင် စောင့်ကြည့်ခြင်းကို CHMS နှင့်သီးသန့် စီးပွားရေးလုပ်ငန်း CHMPs တို့နှင့် ချိတ်ဆက်လုပ်ဆောင်ရမည်။ ဥပမာအားဖြင့် "CHMP က အရေးပါပြီး ထိန်းသိမ်းရန်လိုအပ်သည်ဟု မည်သည့်အရာကို ဖော်ထုတ်ထားသနည်း။" "ထိန်းသိမ်းရန်အတွက် မည်သည့် လုပ်ငန်းစဉ်များကို စီစဉ်ထားသနည်း" တို့ကို ကြည့်ရမည်ဖြစ်သည်။

စာမျက်နှာ ၇၂ တွင် ဖော်ပြခဲ့သည့် ဇယားတွင် ဥပမာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ရည်မှန်းချက်များ၊ ပန်းတိုင်များနှင့် အညွှန်းကိန်းများကို ပြသခဲ့သည်။ ဇယားကွက်တွင် ရည်ရွယ်ချက်၊ ပန်းတိုင်နှင့် အတိုင်းအတာတို့သည် မည်ကဲ့သို့ ဆက်စပ်နေသည်၊ အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် နည်းအမျိုးမျိုး တို့ကို ပုံဖော်ပြသထားသည်။ သို့သော်လည်း ယင်းကို စောင့်ကြည့်ခြင်းစနစ်တစ်ခု အသေးစိတ်ပုံစံတစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်၍ပြသထားခြင်း မဟုတ်ပါ။ စီမံကိန်းအနေနှင့် ၎င်းတို့ဆောင်ရွက်နိုင်သည့် အတိုင်းအတာတွင်းမှ ကောင်းစွာ ဆောင်ရွက် နိုင်သည့် ပန်းတိုင်များနှင့် တိုင်းတာရန် အညွှန်းတို့ကို သတ်မှတ်သွားမည်ဖြစ်သည်။ ထို့ကြောင့် အရေးကြီးသည်များကို ဦးစားပေး သတ်မှတ်ရန်လိုသည်။ ဦးစားပေးအဖြစ် သတ်မှတ်ရာတွင် စဉ်းစားရမည့်အချက်များမှာ ရပ်ရွာ၏ မျှော်မှန်းထားချက်၊ ကုမ္ပဏီတွင်း ပြုလုပ်သည့် ဘေးအန္တရာယ် ဆန်းစစ်ချက်ရလဒ်များ၊ စည်းမျဉ်းစည်းကမ်း၊ ကုန်ကျငွေနှင့် လိုအပ်သည့် အချက်အလက်များကို မည်သည့်နေရာက ယူမည်နည်းတို့ ဖြစ်သည်။

ဖြစ်စဉ်လေ့လာချက် (၁၀) တွင် ဖော်ပြထားသည်နှင့် အညီ မွန်ဂိုးလီးယားနိုင်ငံ အိုယု တန်ဂိုင်း စီမံကိန်းသည် 'လက်ခံနိုင်ဖွယ်ရှိသည့် အပြောင်းအလဲပမာဏ၏ အကန့်အသတ်များ'ဟု တွင်သည့် ချဉ်းကပ်ပုံတစ်မျိုးကို ချမှတ်ကျင့်သုံးခဲ့သည်။ လက်ရှိအချိန်တွင် ဒေသခံများ သတ်မှတ် ထားသည့် လက်ခံနိုင်သည့် အပြောင်းအလဲ ပမာဏ အလိုက်ဖြစ်ပေါ်နေသည့် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် ထိခိုက်မှုများကို ခြေရာခံနိုင်မည့် စောင့်ကြည့်ခြင်းမူဘောင်တရပ်ကို ရေးဆွဲနေသည်။ နော်မန်တို့၏ လှည့်လည်ပြောင်းရွှေ့သွားလာနေထိုင်သည့် လူနေမှုစရိုက် လူမျိုးစုများ၏ ပြောင်းရွှေ့နေထိုင်သည့် လူနေမှုစရိုက်နှင့် နာဒမ်းပွဲတော်ကဲ့သို့သော နိုင်ငံအဆင့် ပွဲတော်များသို့ သက်ရောက်မှုများကို ဆန်းစစ်ခြင်းများလည်း ပါဝင်မည်ဖြစ်သည်။

**ပုံ ၃ - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အားကောင်းစေသည့် လုပ်ငန်းစဉ်ကို စောင့်ကြည့်ခြင်းနှင့် ပြန်လည်အစီရင်ခံခြင်းတို့တွင် ပါဝင်သည့် လုပ်ငန်းအဆင့်များ**




Developed by CSRM May ၂၀၀၁

## ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ရည်မှန်းချက်၊ ပန်းတိုင်နှင့် တိုင်းတာရန် အညွှန်းများ ဥပမာများ

| ရည်မှန်းချက်/ဦးတည်ချက်များ | ပန်းတိုင်များ | တိုင်းတာရန် အညွှန်းများ |
|---|---|---|
| **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို လုပ်ငန်းလည်ပတ်ရာတွင် ပိုမိုကောင်းမွန်စွာ ပေါင်းစပ်နိုင်ရန်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက်တွေ့လုပ်ကိုင်သူများကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်လုပ်ငန်းများ၌ လုံလောက်စွာ ခန့်ထားရန်** | ယဉ်ကျေးမှုအမွေအနှစ် လုပ်ငန်းကို လက်တွေ့ လုပ်ကိုင်မည့် အချိန်ပြည့်ဝန်ထမ်း (၃) ဦးခန့်ထားရန်<br>၂၀၁၂ နှစ်ကုန်ပိုင်းတွင် တင်သွင်းထားသည့် စာရင်း၌ ရပ်ရွာသား (၂၀) ဦးကို ပုံမှန် စောင့်ကြည့်ခြင်း လုပ်ငန်းများတွင် ထည့်ရန်<br>၂၀၁၂ နှစ်ကုန်ပိုင်းတွင် ကုမ္ပဏီ လုပ်ဆောင်ချက် ၁၀၀% သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး အမြင်ရှိကာ ဆင်ခြင်လာနိုင်ရမည် | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက်တွေ့ လုပ်ဆောင်မည့် ဝန်ထမ်းအရေအတွက် - လေးလတစ်ကြိမ်စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံရန်။<br>ပုံမှန်စောင့်ကြည့်ခြင်း လုပ်ငန်းတွင် ပါဝင်သည့် ရပ်ရွာသားများအရေအတွက် - လေးလတစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံရန်<br>ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး အခြားဆိုက်လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ကုမ္ပဏီတွင်း စည်းဝေးပွဲ ပြုလုပ်ခြင်း အရေအတွက် - လေးလတစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။ အခြားလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် အင်တာဗျူးကာ တွေ့ရှိချက်များကိုလည်း ထည့်သွင်း အစီရင်ခံရမည် |
| **ဥပဒေချိုးဖောက်ခြင်းနှင့် အမွေအနှစ်များကို ထိပါးခြင်းတို့ကို ရှောင်ရှားရန်၊** | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိပါးခြင်း၊ ဥပဒေ ချိုးဖောက်ခြင်းများ ၂၀၁၂ တွင် မရှိစေရ။<br>၂၀၁၂ အကုန်တွင် ယဉ်ကျေးမှု အမွေအနှစ်များကို မရည်ရွယ်ဘဲ တွေ့ရှိချက်များ အားလုံးကို အသေးစိတ် မှတ်တမ်းတင်ပြီးပုံမှန်မွမ်းမံမှုများ ပြုလုပ်မည်။<br>၂၀၁၅တွင် ဖော်ထုတ် ထားသည့် အမွေအနှစ်များကို ပျက်ဆီးမှု လုံးဝ မရှိစေရ။ | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိပါးခြင်းနှင့် ဥပဒေချိုးဖောက်မှု အရေအတွက် - လေးလတစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။<br>မရည်ရွယ်ဘဲနှင့် တွေ့ရှိချက် အရေအတွက်- လေးလတစ်ကြိမ်စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။<br>ဖော်ထုတ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ပျက်ဆီးစေမှု၊ အခွင့်မရပဲ ထိခိုက်မှု ထိပါးမှု အရေအတွက် - လေးလ တစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။ |
| **ဝန်ထမ်းများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆိုင်ရာ အသိအမြင်များ တိုးမြှင့်ပေးရန်** | ၂၀၁၃ တွင်ဝန်ထမ်း ၁၀၀%သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆိုင်ရာ အသိအမြင်များကို သင်တန်းပေးပြီး ဖြစ်ရမည်။ | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသိအမြင်ဖွင့် သင်တန်း တက်ရောက်ပြီးသူ ဝန်ထမ်းများ % - လေးလတစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။<br>သင်တန်းတက်ပြီးသူများကိုလည်း နောက်ဆက်တွဲ စစ်တမ်းများ ပြုလုပ်ခြင်းဖြင့် ရလဒ်များကို ရှာဖွေမည်။ |
| **ရပ်ရွာ၏ စီးပွားရေးဖွံ့ဖြိုးလာစေရန် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များ၏ ပါဝင်မှုတွန်းအား** | ၂၀၁၃တွင် ရပ်ရွာ၏ စီးပွားရေး ဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များ ချိတ်ဆက်ပြီး ဖြစ်ရမည်။ | ရပ်ရွာဖွံ့ဖြိုးမှုအတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များက တွန်းအားပေးခဲ့သည့် ဖြစ်စဉ်လေ့လာချက်များကို စုစည်းထားမည် |
| **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံရာတွင် ရပ်ရွာနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း** | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များ လှုပ်ရှားမှုများတွင် ရပ်ရွာသားများက ပုံစံထုတ်ခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းဖြင့် ပါဝင်ခြင်းကို ၂၀၁၂ နှစ်ကုန်တွင် ပြုလုပ်သွားမည်။<br>၂၀၁၂ တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပက်သက်ပြီး စောဒကများကို ဖော်ထုတ်ပေးမည့် တိုင်ကြားရေးစနစ်တစ်ခုကို ဖော်ထုတ်မည်။ | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များတွင် ပါဝင်နေသည့် ရပ်ရွာသားများအရေအတွက် - လေးလတစ်ကြိမ် စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်<br>ရပ်ရွာသားများ ပါဝင်ခဲ့သည့် အစီအစဉ်များ၊ လှုပ်ရှားမှုများ၏ ဖြစ်စဉ်လေ့လာချက်များကို မှတ်တမ်းတင်ထားမည်။ ကုမ္ပဏီက အကြံပေးတင်သွင်းသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်သည့် ရပ်ရွာသားများ အရေအတွက် - လေးလတစ်ကြိမ်စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်ပြီးရရှိလာသည့် စောဒကများ၊ ခြေရာခံမှုများ၊ တုန့်ပြန်မှုများ၊ ဖြေရှင်းမှုများ ပြုလုပ်ခဲ့သည့် အရေအတွက် - လေးလတစ်ကြိမ်စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် ပြန်လည်အစီရင်ခံမည်။<br>စောဒကများ ဖြေရှင်းကိုင်တွယ်ပေးသည့် စနစ်တွင် ရပ်ရွာ၏ ယုံကြည်မှု၊ အမြင်နှီးကြားမှုများကို စစ်တမ်းကောက်ယူခြင်းနှင့် အခြားသောချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းများဖြင့် တိုင်းတာဖော်ထုတ်မည်။ |
| **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များပေါ်တွင် ကောင်းကျိုးမင်္ဂလာအစုစု သက်ရောက်စေမည်။** | ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သရုပ်သကန်၊ ဆက်နွယ်မှုများနှင့် ပတ်သက်လာလျှင် ရပ်ရွာသည် အားကောင်းသည့် အသိ ခံစားမှုရှိသည်။ | ၎င်းတို့ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပေါ်တွင် ထားရှိသည့် သဘောထား - အချိန်ကာလ ကြာလာသည်နှင့်အမျှ ပြောင်းလဲလာသည့် စီးဆင်းမှုကို တိုင်းတာမည်။ အန္တရာယ်ကျရောက်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကုမ္ပဏီက ကာကွယ်ခဲ့သည့် ဖြစ်စဉ်လေ့လာချက်များကို မှတ်တမ်းတင်ထားမည်။<br>သတ်မှတ်ဖော်ထုတ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဒေသများကို ခွင့်ပြုချက်မရပဲ ပျက်ဆီးစေခြင်း၊ ဖျက်ဆီးခြင်းလုပ်ရပ်များအရေအတွက်- လေးလတစ်ကြိမ်စစ်ဆေးပြီး တစ်နှစ်တစ်ကြိမ် အစီရင်ခံမည်။ |







**အပေါ်ပုံ**

ပီရူးနိုင်ငံမှ လာဂရန်ဂျာ ကြေးနီစီမံကိန်းတွင် ရှေးဟောင်းသုတေသနပညာရှင်များက မြေတူးဖော်ဆန်းစစ်ခြင်းများ ပြုလုပ်နေပုံ။ လာဟွန်ဒါ တောင်ကြားမှ တူးဖော်တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကို ပီရူးနိုင်ငံ လမ်ဘရေဂူမှ ဘန်းနင်းပြတိုက်သို့ လှူဒါန်းထားသည်။



# ဖြစ်စဉ်လေ့လာချက် (၁၀)

## မွန်ဂိုးလီးယားနိုင်ငံ၊ အိုယုတိုဂွိုင်းတွင် ရီယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ

## လက်ခံနိုင်ဖွယ်ရှိသည့် အပြောင်းအလဲစံသတ်မှတ်ချက်အတွက် စံသတ်မှတ်ခြင်း၊ ပုံစံထုတ်ခြင်းနှင့် စောင့်ကြည့်ခြင်းမူဘောင်



**အိုယုတိုဂွိုင်း**

**မွန်ဂိုလီးယား**

အိုယု တန်ဂွိုင်း OT သည် ကမ္ဘာပေါ်တွင် တူးဖော်ခြင်း မပြုရသေးသည့် အကြီးဆုံး ရွှေ - ကြေးနီ ရိုင်းသိုက်ဖြစ်သည်။ မွန်ဂိုးလီးယားနိုင်ငံ အွန်နုဂိုဘီ ( တောင်ဂိုဘီ )မှ ခန်ဘိုဆွန်းခရိုင်တွင် ရှိသည်။ ထိုဒေသတွင် နေထိုင်သူအများစုမှာ ရာသီအလိုက်ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ပြီး ဆောင်းရာသီနှင့် နွေရာသီတို့တွင်နေရာရွှေ့ပြောင်းနေထိုင်ကြခြင်း ဖြစ်သည်။ ထိုစီမံကိန်းကို မွန်ဂိုးလီးယားအစိုးရ ရီယိုတင်တိုနှင့် အိုင်ဗင်ဟိုး ကုမ္ပဏီတို့က ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်သည်။ OT မိုင်းတွင်းသည် မွန်ဂိုး လီးယား သမိုင်းတလျှောက် ငွေရင်းအများဆုံးလုပ်ငန်းဖြစ်ပြီး နိုင်ငံ၏ GDP သို့လည်း ပမာဏတစ်ခု သက်ရောက်စေမည်ဖြစ်သည်။ မိုင်းလုပ်ငန်းကို ၂၀၁၂ ဇွန်လတွင် စတင်ရန် စီစဉ်ထားသည်။

**အခက်အခဲ – ဒေသစံ ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ထည့်သွင်းစဉ်းစားလျက် အကြီးစား စီမံကိန်းကို အကောင်အထည်ဖော်ခြင်း**

စီမံကိန်းနှင့် ပတ်သက်လာလျှင် စိန်ခေါ်မှု အခက်အခဲများမှာ အမြောက်အများဖြစ်သည်။ လက်ရှိ တည်ဆောက်ဆဲအဆင့်ဖြစ်သော စီမံကိန်းသည် မွန်ဂိုးလီးယားသမိုင်းတွင် အကြီးဆုံးမိုင်း ဖြစ်လာမည် ဖြစ်သည်။ ဝေးလံခေါင်ဖျား ဖွံ့ဖြိုးခြင်းမရှိသည့် ဒေသတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ကြွယ်ဝသည့် ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ထိခိုက်စေခြင်းမရှိသည့် နည်းနှင့် ဆောင်ရွက် ရမည်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းကို ပျက်ဆီးစေခြင်းမရှိပဲ၊ ဆိုရှယ်လိုင်စင် ရရန်အတွက် ဒေသခံများ မငြိုငြင်ပဲ ရပ်ရွာ၏ သဘာတူ ကြည်ဖြူမှုကြောင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုသည်။ OT ၏ ပမာဏ ကြီးမားသည့် လုပ်ငန်းဆောင်ရွက်ချက်၊ မွန်ဂိုးလီးယားတွင် ယခင်က မရှိခဲ့ဘူးသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခန့်ခွဲမှု စည်းမျဉ်းများကြောင့် OT တွင်ပြုလုပ်မည့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အစီအစဉ်များသည် မွန်ဂိုးလီးယားနိုင်ငံ၏ ဖွံ့ဖြိုးရေး စီမံကိန်းများအနက်တွင် သမိုင်းသစ်အနေနှင့် ထင်ရှားမည်ဖြစ်သည်။

**လုပ်ငန်းစဉ် – စောင့်ကြည့်သည့်စနစ် ရေးဆွဲတည်ထောင်ခြင်း**

စီမံကိန်းကြီးသည် ကြီးကျယ်လှသောကြောင့် ထိုဒေသမှ လူများ၊ မြင်ရသော၊ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအပေါ် ထိခိုက်မှုများကို သိရှိနိုင်ရန်အတွက် OT သည် ရပ်ရွာလူထုက သတ်မှတ်ထားသည့် လက်ခံနိုင်ဖွယ် အပြောင်းအလဲ စံသတ်မှတ်ချက် အရ စောင့်ကြည့်ခြင်းများပြုလုပ်ရန် စီစဉ်နေသည်။ ၂၀၁၀ ဇူလိုင်လမှစတင်ကာ OT သည် စီမံကိန်းကြောင့် ဒေသတွင်းမှ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အပေါ်သက်ရောက်မှုများကို စောင့်ကြည့် နိုင်ရန်၊ ရီယိုတင်တို စံသတ်မှတ်ချက်၊ ဒေသခံများ သတ်မှတ်ထားသည့် လက်ခံနိုင်သော အပြောင်းအလဲ စံသတ်မှတ်ချက်များဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အစီအစဉ်၏ စွမ်းဆောင်မှုများကို စောင့်ကြည့်ရန် မူဘောင်များကို စတင် ရေးဆွဲနေပြီဖြစ်သည်။(လက်ခံနိုင်သော အပြောင်းအလဲ စံသတ်မှတ်ချက်ကို လက်ခံနိုင် သော အပြောင်းအလဲ ပမာဏဟုလည်း သုံးနှုန်းသည်။ )

OT က ဦးစီးဦးဆောင်ပြုလျက် မွန်ဂိုးလီးယား နိုင်ငံတကာအမွေအနှစ် အဖွဲ့ဟု ခေါ်သည့် မွန်ဂိုလီးယားနှင့် နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့ကြီးက စီမံကိန်းတွင် အသုံးချမည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အစီအစဉ်ကို ရေးဆွဲပေးနေသည်။ ထိုအသင်းသည် လက်ခံနိုင်ဖွယ်ရှိသော အပြောင်းအလဲ စံသတ်မှတ်ချက် မူဘောင်ကို ကိုင်ဆွဲလျက် လုပ်ငန်း ဆောင်ရွက်သည်။ ထိုမူဘောင်သည် လက်ခံနိုင်ဖွယ်ရှိသော အပြောင်းအလဲပမာဏကို ရပ်ရွာအလိုအရ၊ မြင်ရသော မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ရင်းမြစ်များ (သို့မဟုတ်)တန်ဖိုးများကို ဖြစ်နိုင်သမျှ မပျက်ဆီးစေပဲ၊ ပြန်မရအောင် ယုတ်လျော့သွားခြင်းမျိုး မရှိစေပဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အစီအစဉ် ဒီဇိုင်းဆွဲရာတွင် ထိုအချက်ကို အသုံးပြုမည်ဖြစ်ပြီး နောက်ဆက်တွဲ အပြောင်းအလဲများ အားလုံးကို ထိုမူဘောင်ဖြင့်သာ ချိန်ထိုးစောင့်ကြည့်မည် ဖြစ်သည်။ ထိုမူဘောင်သည် OT ကို အောက်ဖော်ပြပါအချက်များကို ဆုံးဖြတ်နိုင်ခွင့်ပေးသည်။

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မိုင်းလုပ်ငန်းက မည်မျှထိခိုက်စေသနည်း။
- လူထုအကျိုးပြု အစီအစဉ်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မည်သို့ အားကောင်းစေသနည်းနှင့်
- စုစုပေါင်းသက်ရောက်မှုများသည် ရပ်ရွာက သတ်မှတ်ထားသည့် လက်ခံနိုင်သည့် ပမာဏ အတွင်း ရှိပါသလား။

လက်ခံနိုင်သည့်အပြောင်းအလဲ စံသတ်မှတ်ရာတွင် ရပ်ရွာနှင့် အခြားသက်ဆိုင်သူအားလုံးက ကျယ်ပြန့်စုံလင်စွာ ပါဝင်ရန်မှာ မရှိမဖြစ်လိုသည်။ စံသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာသားများနှင့် သက်ဆိုင်သူတို့သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ခြိမ်းခြောက်ရသည့်အရာများနှင့် ထိန်းသိမ်းရန် အခွင့်အလမ်းများကို ဖော်ထုတ်ပြီး၊ လက်ခံနိုင်သည့် အပြောင်းအလဲ ပမာဏကို ဖော်ထုတ်ရန်နှင့် အလုပ် ဖြစ်နိုင် ဖွယ်ရှိသည့် ဖြေရှင်းမှုများ ဒီဇိုင်းထုတ်ရန်နှင့် ယဉ်ကျေးမှု



အမွေအနှစ် အစီအမံများ အစိတ်အပိုင်းအနေနှင့် ၄င်းလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထိုသို့ ပါဝင် ဆောင်ရွက်ခြင်း၏ ရေရှည် ရည်မှန်းချက်မှာ အစိုးရ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့တို့၏ အင်စတီကျူးရှင်း အဖွဲ့အစည်း အလိုက် သော်လည်းကောင်း၊ တဦးချင်းသော် လည်းကောင်း လုပ်ရည် ကိုင်ရည်များ တိုးတက်လာစေရန် ဖြစ်သည်။ နောက်ပိုင်း ကာလများတွင် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် အစီအစဉ်များကို ၄င်းတို့ကိုယ်တိုင် ပိုင်ရှင်သဖွယ် ဆောင်ရွက်သွားနိုင်ရန် ဖြစ်သည်။

**ရလဒ် – လက်ခံနိုင်သည့်အပြောင်းအလဲများ**

စံသတ်မှတ်ချက် ကိုအခြေပြုသည့် ချဉ်းကပ်ပုံကို ကိုင်စွဲလျက် လက်ခံနိုင်သည့် အပြောင်းအလဲများ ကို စာရင်းပြုစုခြင်း၊ အခြားသက်ဆိုင်ရာနည်းလမ်း များ အသုံးပြုခြင်းသည် OT နှင့် ဒေသခံ ရပ်ရွာ များ၊ သက်ဆိုင်သူများကို သင့်တော်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်ကို OT စီမံကိန်း အတိုင်းအတာအလိုက် ပေါ်ပေါက် လာသည့် အပြောင်းအလဲများကို တုန့်ပြန်ရန် အတွက် လက်တွေ့အကောင်အထည်ဖော်နိုင် ခဲ့သည်။ ထို့ပြင် စီမံကိန်းအဆင့်တိုင်းနှင့် လုပ်ငန်း ဆောင်ရွက်ပုံအဆင့်တိုင်းတွင် ပေါ်ပေါက်လာ သည့် ရပ်ရွာဒေသခံများ၏ လိုအပ်ချက်များကို လည်း ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ဒေသခံများ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များ၊ အခြေခံ စည်းမျဉ်းများကို အခြေပြုလျက် သက် ရောက်မှုများကို ဆန်းစစ်ခြင်းဖြင့် OT သည် ဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ ထိခိုက်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း ရည်ရွယ်ချက်များ ပြည့်မီအောင်ဆောင်ရွက်နေသည့် တိုးတက်မှု များကို အကဲဖြတ်၊ သုံးသပ်နိုင်မည်ဖြစ်သည်။



**ထိပ်ဆုံးပုံ**

၂၀၁၀ စက်တင်ဘာလ အိုယုတန်ဂိုးလ်ဂွိုင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ် ဒီဇိုင်းအသင်းနှင့် မွန်ဂိုးလီးယား နိုင်ငံတကာ အမွေအနှစ် အသင်းတို့ ခန်ဘောက်ဆွန် ရပ်ရွာ ဒေသခံများနှင့် ပူးပေါင်းကွင်းဆင်းလေ့လာမှု တစ်ခုအတွင်း တွေ့ဆုံပြီး ဆွေးနွေးနေပုံ။

**ဘယ်ဘက်ပုံ**

၂၀၀၉ ခုနှစ် မန်လိုင်ဆွန်၊ အရှေ့ရှာဆ တောင်ကြား တွင်တွေ့ရသည့် ဒိုင်နိုဆောခြေရာများ

**စက်ဝိုင်း**

အိုယုတန်ဂိုးလ်ဂွိုင်း လုပ်ကွက် (၁) ကို စည်းရိုး မခတ်မီ ဒေသခံရွှေ့ပြောင်းသွားလာသူများ ဖြတ်သန်းနေပုံ ဖြစ်သည်။ ကုလားအုပ်သည် ရိုးရာရွှေ့ပြောင်း နေထိုင်ခြင်း၏ အမှတ်သင်္ကေတ ဖြစ်သည်။

၈

## ၂.၄.၃ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ တိုးတက်အောင် ဆောင်ရွက်ခြင်း။ – 'ဘယ်လိုလုပ်ခဲ့ကြသလဲ၊ ပိုကောင်းအောင် ဘယ်လိုလုပ်ကြမလဲ။'

အကဲဖြတ်သုံးသပ်ခြင်းဆိုသည်မှာ စီမံကိန်း၏ ရည်မှန်းထားသည့် အချက်များကို ပြည့်မီခြင်းရှိ/မရှိ တိုင်းတာခြင်းဖြစ်သည်။ စီမံကိန်းတစ်ခု၏ အဆုံး၌ ပြုလုပ်လေ့ရှိသည်။ စီမံကိန်းများကို ကောက်ချက်ချခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းတို့ဖြင့် ပြုလုပ်သည်။ 'ငါတို့ဘယ်လို လုပ်ခဲ့ကြသလဲ။' အကြီးစားစီမံကိန်းများအတွက်မူ အကဲဖြတ်သုံးသပ်ခြင်းကို စီမံကိန်း ဆောင်ရွက်ဆဲကာလတွင် တိုးတက်မှုများကို အကဲဖြတ်ရန်နှင့် ပိုကောင်းစေမည့် နည်းလမ်းများ ရှာဖွေရန် ဆောင်ရွက်ကြသည်။

စောင့်ကြည့်ခြင်းတွင် သတ်မှတ်ထားသည့် ပန်းတိုင်များ၊ တိုင်းတာရန် အညွှန်းတို့ဖြင့် တိုးတက်မှုများကို စောင့်ကြည့်လေ့ရှိပြီး အကဲဖြတ်သုံးသပ်ခြင်းတွင်တော့ ရလဒ်များ၊ သက်ရောက်မှုများကို ဖော်ထုတ်သုံးသပ်ပြီး စီမံကိန်းအောင်မြင်ရန် (သို့မဟုတ်) ကျဆုံးစေသည့် အချက်များကို ရှာဖွေသည်။ အကဲဖြတ် သုံးသပ်ခြင်းတွင် ပိုမိုအသေးစိတ် သုံးသပ်မှုများပါဝင်ပြီး စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ချဉ်းကပ်ပုံများ၊ လုပ်ငန်းဆောင်ရွက်ချက်များသည် သတ်မှတ်ထားသည့် အချက်များအားလုံး လိုက်နာမှု ရှိ/မရှိ၊ ရည်ရွယ်ထားချက်များကို ပြည့်မီခြင်း ရှိ/မရှိ၊ မရည်ရွယ်သော မလိုလားအပ်သော အကျိုးဆက်များ ဖြစ်ပေါ်နေခြင်း ရှိ/မရှိ တို့ကို အသေးစိတ် သုံးသပ်သည်။

**ရပ်ရွာအကျိုးပြုလုပ်ငန်းများ စီမံခန့်ခွဲမှုကို ဆန်းစစ်ခြင်း**

စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပက်သက်ပြီး ဆောင်ရွက်ချက်များကို အကဲဖြတ်ခြင်းသည် ရီယိုတင်တို၏ ရပ်ရွာအကျိုးပြု လုပ်ငန်းများ စီမံခန့်ခွဲမှုကို ဆန်းစစ်ခြင်း (Communities Site Managed Assessment)၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ရီယိုတင်တို၏ ရပ်ရွာအကျိုးပြု လုပ်ငန်းများ လိုက်နာရန် စံသတ်မှတ်ချက်များ ပြည့်မီမှု ရှိ/မရှိကို စစ်ဆေးသည်။ စစ်ဆေးမှုပြုလုပ်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပက်သက်သည့် ဥပဒေများ၊ စီမံကိန်း၏ CHMS အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း အစီအစဉ်များနှင့် သဘောတူညီချက်များကိုလည်း တပါတည်း စစ်ဆေးသည်။ ဇယားကွက် (၁၀) တွင် Communities SMA တွင် တပါတည်း ဆန်းစစ်ရမည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သတ်မှတ်ချက်များကို ဖော်ပြထားသည်။

Communities SMA သည် အမှန်တကယ်ပေါ်ပေါက်နေသည့် ပြဿနာများ၊ ပေါ်ပေါက်လာနိုင်သည့် ပြဿနာများကို ဖော်ထုတ်ရန်၊ လူမှုရေးလုပ်ငန်း လိုအပ်ချက်များ ရှိနေသည့် နေရာများကို ဖော်ထုတ်ရန် ဖြစ်သည်။ သုံးနှစ်တစ်ကြိမ် (သို့မဟုတ်) အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိပါးခြင်း၊ (သို့မဟုတ်) သဘောတူညီချက်များ ဖောက်ဖျက်သည်ဟု တိုင်ကြားလာသည့် အခါများတွင် ဆောင်ရွက်သည်။ Communities SMA လုပ်ငန်းစဉ်မှ တွေ့ရှိချက်များနှင့် ပြန်လည်အစီရင်ခံရာတွင် လိုအပ်သည့်အချက်များကို ဤလမ်းညွှန်၏ ပြန်လည်အစီရင်ခံခြင်း အပြန်အလှန် သတင်းပေး ဆက်ဆံခြင်း ကဏ္ဍတွင် အသေးစိတ် ဖော်ပြထားသည်။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်း စနစ်ကို ဆန်းစစ်ခြင်း။**

ရီယိုတင်တို၏ ဩစတြေးလျတွင် လုပ်ကိုင်သည့် လုပ်ငန်းများတွင် ရီယိုတင်တိုက သတ်မှတ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းစံသတ်မှတ်ချက်များ လိုက်နာမှု ရှိ/မရှိ ဆန်းစစ်ခြင်းများကို (၃) နှစ်တစ်ကြိမ် စစ်ဆေးခံရန် လိုအပ်ပြီး ရလဒ်များကို စီမံကိန်း၏ Communities SMA တွင် ပြန်လည်အသုံးပြုသည်။ စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ခြင်း 'ပိုကောင်းအောင် ဘယ်လိုလုပ်မတုန်း။' စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့မှ ရရှိလာသည့် အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း၊ အစီအစဉ်များ စနစ်များ မွမ်းမံခြင်း၊ လိုအပ်ပါက အမှားပြင်ခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် အဓိကကျသည့် အခြေခံအချက်ဖြစ်သည်။ ဥပမာအားဖြင့် - စောင့်ကြည့်ခြင်းကြောင့် စီမံကိန်း(သို့မဟုတ်) အစီအစဉ်တခုသည် မျှော်မှန်းထားသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိသည်ဆိုပါတော့ အလွဲအမှားများကို ချက်ခြင်းပြင်နိုင်ရန်အတွက် အပြောင်းအလဲများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရံဖန်ရံခါတွင် စောင့်ကြည့်ရာတွင် အသုံးပြုသည့် တိုင်းတာရန် အညွှန်းအဖြစ် သတ်မှတ် ထားချက်သည် ကျိုးကြောင်းဆီလျော်မှုမရှိသည်များကို တွေ့ရှိပါက လုပ်ငန်းများကို တိုးတက် ကောင်းမွန်စေရန်အတွက် ပြုပြင်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။

ဖြစ်စဉ်လေ့လာချက် (၁၁)တွင် ရီယိုတင်တို သံရိုင်းလုပ်ငန်း၊ ဖီဘာရာ စီမံကိန်းတွင် လုပ်ငန်း၏ စီးပွားရေးအကျိုးအမြတ်အတွက် သတ်မှတ်ထားသည့် ရည်မှန်းချက်များ ပြည့်မီရန်အတွက် လုပ်ဆောင်ရည်၊ စွမ်းဆောင်ရည် စဉ်ဆက်မပြတ် တိုးတက်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်ကို ကောင်းစွာ ကိုင်တွယ်သည့် ချဉ်းကပ်ပုံကို အသုံးချခဲ့ကြောင်း ဥပမာ ပြထားသည်။

**၁၀။ ရီယိုတင်တို ရပ်ရွာအကျိုးပြုလုပ်ငန်းများ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ။မရှိ အကဲဖြတ်ခြင်း။**

- မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စာရင်းပြုစုပြီးပြီလား။
- ဒေသခံများ၏ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို နားလည်ခြင်းရှိပြီလား။ လုပ်ကွက်နေရာ အခြေပြု အကြံယူဆွေးနွေးခြင်းများမှ တစ်ဆင့် ရယူထားသည့် မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများနှင့် ဆိုင်သည့် သတင်းအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း ရှိသလား။
- လုပ်ငန်း၏ စက်မှုတန်ဖိုး၊ သမိုင်းတန်ဖိုး လက္ခဏာ တို့ကို မှတ်တမ်းတင်ထားပြီးပြီလား။
- CHMS ကို ပြုစုပြီး လက်တွေ့အကောင်အထည်ဖော်ပြီး ပြီးလား။
- CHMS တွင် မြင်ရသော အမွေအနှစ် လက္ခဏာများကို ကောင်းစွာကာကွယ်ပေးသည့် အစီအစဉ်ပါပါသလား။ ပြုပြင်ထိန်းသိမ်းရန် ရပ်ရွာက ဆောင်ရွက်ရမည့် အစီအစဉ်မျိုးပါပါသလား။ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို ကာကွယ်ပေးခြင်း လုပ်ငန်းများ ပါပါသလား။
- CHMS ဒီဇိုင်းသည် သက်ဆိုင်ရာ ရပ်ရွာများနှင့် ဆွေးနွေးအကြံယူရာမှ ရရှိလာသည့် အခြေခံ အချက်များပေါ်တွင် အခြေခံထားခြင်း ဟုတ်ပါသလား။ ဆွေးနွေးအကြံယူခြင်းများ ဆက်တိုက်လုပ်ခြင်း ရှိပါသလား။
- CHMS သည် စီမံကိန်းကြောင့် ထိခိုက်သွားနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ ဘေးအန္တရာယ် ကျရောက်နိုင်သည့် အခြေအနေများ ပေါ်တွင် မူတည်ပြီး ပြုစုထားပါသလား။
- မြေတူးမြေပြုပြင်ခြင်း လုပ်ငန်းအားလုံးသည် CHMS တွင် ပါဝင်သည့် အချက်များနှင့် ကိုက်ညီမှု ရှိပါသလား
- ပုံမှန်လုပ်ထုံးလုပ်စဉ်ဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဆန်းစစ်ချက်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံချက် အစီအစဉ်များသည် ချောမွေ့စွာ၊ လုပ်ငန်းကျွမ်းကျင်မှု ရှိစွာနှင့် အချိန်ကိုက် ဆောင်ရွက်လျက် ရှိပါသလား။
- ရှောင်ရှားနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိပါးခြင်းမျိုး ရှိပါသလား။
- အရေးပါသည့် အဖြစ်အပျက်များ ဖြစ်ပွားခဲ့ခြင်း ရှိပါသလား။
- သက်ဆိုင်ရာ ရပ်ရွာများနှင့် ပူးပေါင်းပြီး အမွေအနှစ်များ ကိုစီမံခြင်းရှိပါသလား။
- ဌာနေတိုင်းရင်းသားများ စီမံကိန်းနေရာနှင့် ပတ်သက်ပြီးဆက်နွယ်သည့် အုပ်စု၊ ဥပဒေအရ အခွင့်အရေးရထားသည့် အုပ်စုတို့နှင့် ပြုလုပ်ခဲ့သည့် သဘောတူညီချက်တိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထည့်သွင်းစဉ်းစားခြင်းကို မှတ်တမ်းတင် ထားပါသလား။



**ဘယ်ဘက်**

တောင်ဘက်မာဒါစကာ ရာနိုမာဖာနာမှ အကပွဲတော်တွင် မန်ဂလီဘာ အက ဖျော်ဖြေနေပုံ ဖြစ်သည်။ ထိုအကကို ဩဂုတ်လရောက်တိုင်း ကျင်းပသည့် မာဒါစကာ ဒေါင်ဖင် ခံတပ် ကာထရီဟာကီ ယဉ်ကျေးမှုပွဲတော်တွင် ကပြခဲ့သည်။ ရီယိုတင်တိုက စပွန်ဆာပေးပြီး ရပ်ရွာ အသီးသီးမှ ယဉ်ကျေးမှု အမျိုးမျိုးက လာရောက် ဖျော်ဖြေ ကပြ ကြသည်။





# ဖြစ်စဉ်လေ့လာချက် (၁၁)

## ဩစတြေးလျနိုင်ငံ၊ဖီလ်ဘာရာတွင်ရီယိုတင်တိုလုပ်ငန်းဆောင်ရွက်ပုံ

## အငွေ့အနှစ်ထိန်းသိမ်းခြင်းလုပ်ငန်းတွင်စဉ်ဆက်မပြတ်တိုးတက်မှု

ဩစတြေးလျ အနောက်ပိုင်းရှိ ဖိလ်ဘာရာ ရီယိုတင်တို သံရိုင်းလုပ်ငန်းသည် ၁၉၆၆ မှ စတင်လုပ်ကိုင်ခြင်းဖြစ်ပြီး မိုင်းလုပ်ကွက် (၁၂) ခု၊ ဆိပ်ကမ်း (၃)ခု၊ စားကျက်မြေ (၆)ခု၊ ကီလိုမီတာ ၁၃၀၀ အရှည်ရှိ ပစ္စည်းပို့ရထားလမ်းကြောင်း တို့ပါဝင်သည်။ ဖီလ်ဘာရာ စီမံကိန်းသည် ဘာသာစကားမတူသည့် ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားမျိုးနွယ်စု (၉) စု ပိုင်မြေများ အတွင်းတွင် ရှိသည်။ အဘောရီဂျင်တို့၏ ကျောက်ထွင်းအနုပညာလက်ရာ များအပြင် အခြားအခြားသော မြင်ရသော၊ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တန်ဖိုးများ စုစည်းနေသည့် နေရာဖြစ်သည်။

**အခက်အခဲ – ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းကို စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ခြင်း။**

ရှိရင်းစွဲ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လုပ်ငန်းဆောင်ရွက်ချက်များ၊ လိုက်နာရမည့် စည်းကမ်းများကို လိုက်နာသည့် အပြင် ရီယိုတင်တိုသည် ရပ်ရွာ၏ သဘောထားများ၊ မျှော်မှန်းချက်များနှင့် အညီ မျှတအောင်ဆောင်ရွက်နေထိုင်ရန် လိုအပ်ကြောင်း သဘောပေါက်ထားသည်။ ရီယိုတင်တိုသည် ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်းကို အလျင်အမြန် ဖွံ့ဖြိုးနေသည့် ဖီဘာရာစီမံကိန်း လုပ်ကိုင်ရာ တနံတလျားတွင် ဆောင်ရွက်ရမည်ဖြစ်သည်။

**လုပ်ငန်းစဉ် – စည်းကမ်းသတ်မှတ်ချက်များ လိုက်နာခြင်း၊ သက်သာလွန်ခြင်း**

ရီယိုတင်တို သံရိုင်းလုပ်ငန်း၏ ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသင်းကို ကျွမ်းကျင်သူပညာရှင် အယောက် (၂၀) ကျော် ဖြင့် ဖွဲ့စည်းထားပြီး ကုမ္ပဏီ၏ CHMS သည် ရီယိုတင်တို စံသတ်မှတ်ချက်များနှင့် ကိုက်ညီ စေရန်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး စီစဉ်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားသည်။ မြေယာပိုင်ဆိုင်သူ အုပ်စုများနှင့် အသစ်ချုပ်ဆိုသည့် ဌာနေတိုင်းရင်းသားများ၏ မြေယာအသုံးပြုခွင့် သဘောတူညီချက်တွင် ဤလုပ်ငန်းအချို့ကို တရားဝင်စေခဲ့သည်။ ရီယိုတင်တို သံရိုင်းလုပ်ငန်း၏ စဉ်ဆက်မပြတ်တိုးတက်မှုကို ပံ့ပိုးပေးသည့် အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုများတွင် စစ်တမ်းများ ပြန်လည်ကောက်ယူခြင်း - စီမံကိန်း အသစ်များနှင့် မြေတူးခြင်း လုပ်ငန်း များ မစတင်မီ အမွေအနှစ်များကို ကြိုတင် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်သကဲ့သို့ လက်ရှိဆောင်ရွက်ဆဲ စီမံကိန်းများနှင့် စီမံကိန်းတွင် သုံးစွဲလျက်ရှိသော တည်ဆောက်ဆဲ၊ အသုံးချဆဲ၊ အခြေခံအဆောက်အဦးများသည် သတ်မှတ်ထားသည့် CHMS အတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိ ရပ်ရွာ၏ မျှော်မှန်းချက်ကိုက်ညီမှု ရှိ/မရှိ စစ်တမ်းများ ပြန်လည်ကောက်ယူ စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုကြောင်း သိမှတ်ထားသည်။

ဥပမာ ။ ။ ရီယိုတင်တို၏ မီးရထားလမ်းအတော်များများမှာ လွန်ခဲ့သည့် နှစ်ပေါင်း (၄၀)ကျော်ကတည်းက ဆောက်လုပ် အသုံးချခဲ့သည့် အရာများဖြစ်သည်။ ဆောက်လုပ်စဉ်က ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စစ်တမ်းများ ကောက်ယူခြင်း၊ ရပ်ရွာဒေသခံများ၊ မူလရိုးရာပိုင်ရှင်များနှင့် တိုင်ပင်ခဲ့ခြင်းမရှိရုံသာမက ယဉ်ကျေးမှုဆိုင်ရာ ဥပဒေများလည်း မရှိသေးသည့် အချိန်တွင်ဖြစ်သည်။ ရီယိုတင်တိုသည် ရထားလမ်းနှင့် နဘေးပတ်ချာလည်တွင်ရှိသော ရိုးရာယဉ်ကျေးမှု တန်ဖိုးများကို အစအဆုံး သိနားလည်ရန်အတွက် ရိုးရာအစဉ်အလာ ပိုင်ရှင်များနှင့် ချိတ်ဆက်ပြီး ရထားလမ်းတစ်လျှောက်မှ ယဉ်ကျေးမှုဆိုင်ရာ မြေပုံကို ရေးဆွဲသည်။ ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များကျင်းပခြင်း။ ရီယိုတင်တို သံရိုင်းလုပ်ငန်းသည် ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းပြီး မမြင်ရသော အမွေအနှစ်များကို မြေတောင်မြှောက်ပေးကာ ထွန်းကား စေသည်။

ထိုသို့ဆောင်ရွက်သည့် စီမံချက်တွင် အဘော်ရီဂျင်များကို ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတ၊ ယုံကြည်ကိုးကွယ်မှုများ၊ ဓလေ့များ၊ ဘာသာစကားများကို စဉ်ဆက်မပြတ် ကျင့်သုံးကာ ငယ်ရွယ်သည့် မျိုးဆက်များသို့ လက်လွှဲပေးစေသည့် ဆောင်ရွက်ချက်များပါဝင်သည်။ တစ်ဆက်တည်းမှာပင် ဌာနေတိုင်းရင်းသား မဟုတ်သည့် ရပ်ရွာများ ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု တန်ဖိုးများအပေါ် သိရှိနားလည်၊ ခံစားတတ်စေရန် လုပ်ဆောင်ပေးသည်။

**အိုယုတိုရှိုင်း**

**မွန်ဂိုလီးယား**



ထိုကဲ့သို့သော စီမံချက်များတွင် နှုတ်ပြောသမိုင်းများကို မှတ်တမ်းတင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ ထားသိုရန်အတွက် နေရာပြင်ဆင်ခြင်းနှင့် နိုင်ငံအဆင့် သတ်မှတ်ခံရရန်အတွက် ကူညီပေးခြင်းတို့ပါဝင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် ရပ်ရွာ၏ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ပေးခြင်း ရီယိုတင်တိုသည် ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကိုယ်တိုင်စီမံရန်အတွက် လုပ်ရည်ကိုင်ရည်များကို မြှင့်တင်ပေးရန်အတွက် ကတိကဝတ်ပြုထားပြီး အစီအစဉ်လုပ်ငန်း အတော်များများဖြင့် ယင်း ကတိကဝတ်ကို အကောင်အထည်ဖော်နေသည်။

- ရီယိုတင်တို သံရိုင်းလုပ်ငန်းနှင့် ရပ်ရွာအကြား ဆက်ဆံရေးအရာရှိအဖြစ် ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားစကားမတူ အုပ်စုတစ်စုစီမှ လူတစ်ဦးကို မြေယာ စီမံခန့်ခွဲမှု အရာရှိအဖြစ်ခန့်ထားသည်။
- နိုင်ငံအသိအမှတ်ပြု ရှေးဟောင်းသုတေသန လက်ထောက်သင်တန်းများ ရေးဆွဲခြင်း၊ ဖွင့်လှစ်ခြင်း
- ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားအုပ်စုများသည် ၎င်းတို့၏ အမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းဖြင့် ကိုင်တွယ်စီမံနိုင်ရန်အတွက်  ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ရလဒ် – ရပ်ရွာ၏ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များနှင့် ဆန္ဒများတွင် တစ်သားတည်းစီးမျောနိုင်ခြင်း**

ရီယိုတင်တိုလုပ်ငန်းသည် ဖီလ်ဘာရာ ဒေသတွင် နှစ်ပေါင်း ၄၀ကျော် လှုပ်ရှားလာပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသင်းကို ဖွဲ့စည်းခဲ့သည်မှာ ၁၅ နှစ်နီးပါးရှိခဲ့ပြီဖြစ်သည်။ သို့တိုင်အောင် ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ တိုင်းပြည်နှင့် သက်ဆိုင်ပုံများ၊ ၎င်းတို့၏ အမွေအနှစ်တန်ဖိုးများကို အမြတ်တနိုးနှင့် စောက်ရှောက်ဆဲဖြစ်သည်။ ဖီလ်ဘာရာတွင် ဆောင်ရွက်ခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း နောက်ခံသမိုင်းကောင်းများကို အခြေပြုလျက် ရီယိုတင်တို သံရိုင်းလုပ်ငန်းသည် လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ခြင်း၊ အဘော်ရီဂျင် ရပ်ရွာများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နှင့်ဆိုင်ပြီး အစဉ်အမြဲပြောင်းလဲနေသော သဘောထားများကို ဟပ်မိစေရန်အတွက် စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းတို့ ပြုလုပ်ခြင်းဖြင့် ၎င်း၏ CHMS ကို ပို၍ထိရောက်အောင် ပို၍ တိုးတက်အောင် ဆောင်ရွက်လိုဆဲဖြစ်သည်။

ထိပ်ဆုံးပုံ ရထားလမ်းဖြတ်သွားရာ ဒေသဖြစ်သော ဝီလီ ဝိုလီ ဒေသခံများပါဝင်သည့် ညီရာပါလီ ခေါင်းဆောင်များနှင့် Hope Down 4 Project အတွက် ကွင်းဆင်း အကြံယူနေပုံ ဖြစ်သည်။




**အပေါ်ပုံ**

ကူရုမာ မာတူဒူနီရာ ရိုးရာပိုင်ရှင် မာခ့်လောယာ  ပုံစံထုတ်ထားသည့် ဝါရုဟာ တံတားဆိုင်းဘုတ်။ မီးရထားလမ်းနှင့်ကပ်လျက် ရုတ်မြစ်မှ ရေကန်သည် ကူရုမာ မာတူဒူနီရာများအတွက် အရေးကြီးသည်ကို ပြထားခြင်းဖြစ်သည်။

**အဝိုင်း**

ဩစဩေးလျ အနောက်ပိုင်း ဘာရုတ်ကျွန်းဆွယ်မှ ကျောက်ထွင်းလက်ရာတစ်ခု။ ရီယိုတင်တို သံရိုင်းလုပ်ငန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းတွင် ထိုကျောက်ထွင်းအနုပညာများကို ကာကွယ်ခြင်းလည်း ပါသည်။

# ၂.၅ ပြန်ကြားခြင်းနှင့်ဆက်သွယ်စီမံခြင်း။

**ပြန်ကြားခြင်းနှင့် ဆက်သွယ်စီမံခြင်းဟုဆိုရာတွင် ကုမ္ပဏီအတွင်း၊ အပြင် နှစ်မျိုးရှိသည်။ ကုမ္ပဏီတွင်းဟု ဆိုရာတွင် မန်နေဂျာများသည် ဘေးဆိုးများကို မည်သို့ကိုင်တွယ်ကြသနည်း၊ သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာသလား။ CHMS သည် မည်ကဲ့သို့ လည်ပတ်နေသနည်းကို သိရှိထားရမည် ဖြစ်သည်။**

ရလဒ်များကို အင်တာနက်မှ တဆင့်ဖြန့်ခြင်း (သို့မဟုတ်) ဆန်းစစ်ချက် လုပ်ထုံးလုပ်နည်းများအရ ဖြန့်ခြင်းတို့ဖြင့် သိနိုင်သည်။ ကုမ္ပဏီပြင်ပဟုဆိုရာတွင် စီမံကိန်းကြောင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိခိုက်ခြင်း၊ လုပ်ဆောင်နေသည့် အစီအစဉ်များ၊ ရပ်ရွာ၏ ပူပန်မှုများ ပြဿနာများကို ဖြေရှင်းပေးရန် ပြင်ဆင်နေပုံ၊ စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းမှု ဆောင်ရွက်ချက်များကို သိရန် လိုသည့် အစိုးရ၊ ရပ်ရွာသားများ၊ နိုင်ငံသူ နိုင်ငံသားများကို ဆိုလိုသည်။

**စစ်ဆေးရန်**

- ✓ အဖြစ်အပျက်များအားလုံးကို ကုမ္ပဏီတွင်းနှင့် သက်ဆိုင်သူများ၊ ထိခိုက်ခံရသည့် ရပ်ရွာသားများ ထံသို့ သတင်းပို့ဆက်သွယ်ပြီးပြီလား။
- ✓ Communities SMAs ရလဒ်နှင့် ရပ်ရွာလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းကို ထိခိုက်သည့် ရပ်ရွာများသို့ ဆက်သွယ်ပေးပို့ ပြီးပြီလား။
- ✓ ဒေသခံရပ်ရွာများနှင့် ဆက်သွယ်ရာတွင် ယဉ်ကျေးမှုအရကိုက်ညီခြင်း၊ ဒေသစကားနှင့် စာကို အသုံးပြုခြင်းရှိပါသလား။
- ✓ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာများကို သာမန်ပြည်သူများ အလွယ်တကူ ရနိုင်ပါသလား။ အကောင်း၊ အဆိုး အားလုံးပါဝင်လျက် ကျယ်ပြန့်စွာ ရှင်းလင်းထားပါသလား။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များနှင့်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များကော ပါဝင်ပါသလား။
- ✓ ရီယိုတင်တိုနှင့် လုပ်ငန်းလက်တွေ့ဆောင်ရွက်နေသူတို့အကြားတွင် အဆိုး၊ အကောင်း ရလဒ်များကို မျှဝေခြင်းမျိုးရှိပါသလား။
- ✓ စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ (သို့မဟုတ်) ၎င်းတို့ပိုင်မြေများနှင့် ဆက်စပ်နေသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကျယ်ပြန့်စွာမြင့်တင်ပေးခြင်းမျိုးရှိပါသလား။ ရှိခဲ့ပါက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းသူများ၏ ခွင့်ပြုချက်နှင့် အညီဆောင်ရွက်ခြင်း ဟုတ်ပါသလား။
- ✓ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းသူများ၏ ဆန္ဒများကို သက်ဆိုင်ရာ ဝန်ထမ်းများအားလုံးထံသို့အကြောင်းကြားပြီးပြီလား။ လိုအပ်ပါက အများပြည်သူတို့ထံသို့လည်း အကြောင်းကြားရမည်။ ပျက်ကွက်ပါက ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့် နေရာ၊ အရာဝတ္ထု၊ ဓလေ့တို့ကို မထီမဲ့မြင်ပြုလုပ်ခြင်း၊ ဖျက်ဆီးစေခြင်းတို့ ဖြစ်နိုင်သည်။

## ၂.၅.၁ ပြင်ပသို့ အစီရင်ခံခြင်း။

ဒေသခံရပ်ရွာများ၊ သက်ဆိုင်သူများ၊ အများပြည်သူတို့ကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းနှင့် ပတ်သက်ပြီး အစီရင်ခံခြင်းသည် စီမံကိန်း၏ CHMS အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ ပြင်ပသို့ အစီရင်ခံရာတွင် စီမံကိန်းက ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဆောင်ရွက်ချက်များအပြင် ပေါ်ပေါက်လာနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိပါးစေသည့် ရလဒ်များကိုပါထည့်သွင်းဖော်ပြရမည် ဖြစ်သည်။ ပြင်ပသို့အစီရင်ခံခြင်းတွင် စီမံကိန်းသည် လိုက်နာရမည့် ဥပဒေများနှင့် အခြား သတ်မှတ်ချက်များအားလုံးကို လိုက်ပါလျက်ရှိသည်ကို ပုံဖော်နိုင်ရမည်။ အစီအစဉ်များ၏ အရည်အသွေးကို အစီရင်ခံခြင်း၏ ရည်ရွယ်ချက်မှာ ဒေသတခု၏ အမွေအနှစ် [illegible]ာ တန်ဖိုးကို ဖော်ထုတ်ဂုဏ်ပြုရန် အတွက်၊ အဖြစ်ဆိုးများကို ကန့်သတ်ရန်၊ မကျေမနပ် ဖြစ်မှုများကို ဖြေရှင်းရန်ဖြစ်သည်။ အစီရင်ခံ တင်ပြခြင်းသည် အစီအစဉ်များကို ငွေကုန် ကြေးကျ ခံလျက် ဆောင်ရွက်ခြင်း၊ (သို့) အဖြစ်ဆိုးများနှင့် ပေါ်ပေါက်လာသည့် တိုင်ကြားမှု အရေ အတွက်တို့ကိုသာ ရိုးရိုးတင်ပြခြင်းထက် အရည်အသွေးကို တင်ပြခြင်းက ပို၍ နားလည်စေပါသည်။ အစီရင်ခံစာတွင် စီမံကိန်းဆောင်ရွက်နေသည့် ဒေသတခု၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ (သီချင်းများ၊ ရှေးဟောင်းသုတေသန လုပ်ကွက် အစရှိသည်တို့ကို)ဖော်ပြမည် ဖြစ်ပြီး ယင်းတို့သည် အနာဂတ် မျိုးဆက်များအတွက် အစားထိုးမရနိုင်သည့် မှတ်တမ်းများ ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စစ်တမ်း အစီရင်ခံစာများသည် စနစ်အတွင်း ကွယ်ပျောက်သွားနိုင်သည်။ နှစ်ပေါင်းများစွာစုဆောင်းလာသည့် အချက်အလက်များကိုလည်း ပျက်ဆီးသွားစေနိုင်သည်။ ရီယိုတင်တိုက လက်ခံယုံကြည်ထားသည်မှာ ယဉ်ကျေးမှုအရသာ ခွင့်ပြုမည်ဆိုပါက အဆိုပါ အစီရင်ခံစာများကို အများပြည်သူ လက်လှမ်းမီသည့်နေရာ (သို့မဟုတ်) အွန်လိုင်းများတွင် သိမ်းဆည်းထားရမည်။ သတိထားရမည့်အချက်မှာ လုပ်ကွက်၏ နေရာအတိအကျ သတင်းအချက်အလက်များ ပါဝင်သောကြောင့် ယဉ်ကျေးမှု အမွေအနှစ် နေရာပေါ်သို့ အဆိုးသက်ရောက်မှုများ ဖြစ်ပေါ် စေနိုင်သည်။ နေရာဒေသ လုပ်ကွက်သို့ လူဝင်လူထွက်များ လာခြင်း၊ ပစ္စည်းများ လာရောက် ယူငင်ခြင်း၊ ဖောက်ထွင်းလုယူခြင်းနှင့် ဂရက်ဖက်တီ ရေးဆွဲခြင်းတို့ကို ဖြစ်ပေါ် လာစေနိုင်သည်။

ဖြစ်နိုင်ပါက နေရာဌာနကို အတိအကျ ဖော်ပြခြင်း မပြုပဲ လျို့ဝှက်ထားသင့်သည်။ သင့်တော်သည့် လုပ်ငန်းခွင် စီမံခြင်း၊ ဘေးကင်းရေး အစီအစဉ်များကို ရပ်ရွာ၊ သက်ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အာဏာပိုင်တို့နှင့် ပူးပေါင်းပြီး ပြင်ဆင်ရမည်။ မည်သည့်ပုံစံနှင့် ဆက်သွယ်ပြန်ကြားသည်ဖြစ်စေ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအပေါ် ထားရှိသည့် သဘာဝထားကို လေးစားရမည်ဖြစ်ပြီး ရိုးရာ အသိပညာများကို ၎င်းတို့ ခွင့်ပြုချက်မပါပဲ အသုံးပြုခြင်း မပြုလုပ်ရ။ ရပ်ရွာသားများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းတို့၌ (ကုမ္ပဏီ၏ ပြည်သူ့ဆက်ဆံရေး) တွင် ပါဝင်သည်ကို PR ( Public - relations) အတွက် အမြတ်ထုတ်ခြင်း၊ ၎င်းတို့ ပါဝင်ပုံကို အကြောင်းမကြားပဲ ပုံနှိပ် ဖော်ပြခြင်းတို့ကို ရှောင်ရှားရမည်။ ဝန်ထမ်း တိုင်းသည် ရပ်ရွာ၏ ပူပန်မှုများကို အလေးထား၊ အသိအမှတ်ပြုကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တန်ဖိုးထားတတ် ရမည်။ သို့မှသာ ရပ်ရွာက လုပ်ငန်းအပေါ်၌ ၎င်းတို့အတွက် အကောင်းဆုံး အကျိုးရှိစေ၍ စီမံ လုပ်ဆောင်နေသည်ဟု ယုံကြည်မှုရှိမည် ဖြစ်သည်။

**ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီရင်ခံစာများ**

ရီယိုတင်တိုသည် Global Reporting Initiative GRI နှင့်အညီ နှစ်စဉ်နှစ်တိုင်း ဒေသရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ရီပို့များ ထုတ်သည်။ ယင်းရီပို့များ၏ တင်ပြပုံနှင့် စတိုင်တို့သည် ဒေသခံရပ်ရွာ၊ သက်ဆိုင်သူတို့နှင့် သင့်လျော်သည့် ပုံစံဖြစ်ရမည်။ ရေရှည်ဖွံ့ဖြိုးမှု အစီရင်ခံခြင်း လမ်းညွှန်များကို GRI ၏ သတ္တုတူးဖော်ခြင်း လုပ်ငန်းကဏ္ဍတွင် ဖော်ပြထားသည်။[5] ဒေသရေရှည် ဖွံ့ဖြိုး တိုးတက်မှု အစီရင်ခံစာများအတွက် ရီယိုတင်တို၏ လမ်းညွှန်ချက်တွင် ပါဝင်ရမည့်အကြောင်းအရာ အတော်များများကို သတ်မှတ်ထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ဆိုင်ပြီး ပိုမိုကျယ်ပြန့်စွာ၊ များသောအားဖြင့် မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဦးစားပေးရန် လမ်းညွှန်ထားသည်။ ရီယိုတင်တို လမ်းညွှန်ချက်တွင် အောက်ပါ အချက်များကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။

- သက်ဆိုင်သူများနှင့် ချိတ်ဆက်ဆွေးနွေးခြင်း။
- လူ့အခွင့်အရေး။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခြင်း။
- သင်တန်းနှင့် ပညာပေးခြင်းများ။
- လူမှုရေးလုပ်ငန်းဆောင်ရွက်ချက်များ တိုင်းတာမည့် တိုင်းတာရန် အညွှန်းများ စသည့် အချက်များပါဝင်သည်။

GRI လမ်းညွှန်တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ပတ်သက်ပြီး အစီရင်ခံလုပ်ရန် သီးသန့် လမ်းညွှန်ချက် မပါသော်လည်း စီမံကိန်းအနေနှင့် အစီရင်ခံစာလုပ်သည့်အခါတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကိုလည်း ထည့်သွင်းရေးသားသင့်သည်။ လူ့အဖွဲ့အစည်းအတွက်ဆောင်ရွက်ချက် အညွှန်းများနှင့် ပတ်သက်ပြီး အစီရင်ခံစာလုပ်သည့် အခါတွင် စီမံကိန်း၏ ရပ်ရွာအပေါ် သက်ရောက်မှုများ လျှော့ချရန် ကြိုးစားပုံများကို တပါတည်း ထည့်သွင်းနိုင်သည်။

ဇယားကွက် (၁၁) တွင် စာဖြင့်ရေးသားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ထည့်သွင်းရေးသားနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းလုပ်ငန်းများကို ဖော်ပြထားသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို စာဖြင့်ရေးသားခြင်းထက် အဆင်ပြေသည်ဆိုပါက နှုတ်ဖြင့်လည်း ဆောင်ရွက်နိုင်သည်။ နှုတ်ဖြင့် အစီရင်ခံသည်ဆိုပါက နှုတ်ထွက်ပြောဆိုချက်များကို မှတ်တမ်းတင်ထားပြီး ကုမ္ပဏီတွင်း သတင်းအချက်အလက် စီမံခြင်းစနစ်တွင်သိမ်းဆည်းထားရမည်။

**သတင်း အချက်အလက်များနှင့် မှတ်တမ်းမှတ်ရာများ စီမံခြင်း**

ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သတင်း အချက်အလက်များကို စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ပြခြင်းနှင့် လုံခြုံရေးတို့ဆောင်ရွက်ရာတွင် ရပ်ရွာ၏ ဆန္ဒ၊ သက်ဆိုင်ရာ ဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။ စီမံကိန်းသည် စာရွက်စာတမ်းနှင့် အီလက်ထရောနစ် အချက်အလက်များကို ကာကွယ်ရန်အတွက် နည်းလမ်း အမျိုးမျိုးသုံးရမည်။ ကွန်ပျူတာနှင့် ကွန်ယက်လုံခြုံမှု အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သတင်းအချက်အလက်များကို တလွဲသုံးခြင်း၊ ပျောက်သွားခြင်း၊ အခွင့်မရပဲ သုံးယူခြင်း၊ လျှော့ပါးအောင် ဆောင်ရွက်ခြင်း နှင့် အခွင့်မရပဲဖွင့်ပြခြင်းတို့ မရှိရလေအောင် ကာကွယ်ရမည်။ အခါအခွင့်သင့်ပါက ရပ်ရွာက သိမ်းဆည်းထားသော အချက် အလက်များကို လက်လှမ်းမီစေရန် အတွက်လည်း အထောက်အပံ့ ပေးသင့်သည်။

**၁၁။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နှယ်သည့် လုပ်ငန်းများ၊ ဆောင်ရွက်ချက်များ**

- အဖြစ်အပျက်များ
- ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များမှ ပေါ်ထွက်လာသည့် ရလဒ်များ
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့်နွယ်သည့် လုပ်ငန်းများအတွက် ဒေသခံဝန်ထမ်းများကို လေ့ကျင့်ပေးခြင်း
- ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ စစ်တမ်းများ၊ စီမံခန့်ခွဲမှု၊ ကာကွယ်ခြင်းများမှ ရရှိလာသည့် စိတ်ဝင်စားဖွယ်ရလဒ်များ၊
- လုပ်ကွက်နှင့် ဆက်နွယ်နေသော စက်မှုလုပ်ငန်းအမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် ဆောင်ရွက်ချက်များ
- ယဉ်ကျေးမှုဆိုင်ရာများ မိတ်ဆက်သည့် အစီအစဉ်များ ။

5 Global Reporting Initiative in the Mining Metals Sector Supplement – http://www.globalreporting.org/ReportingFramework/SectorSupplements/MiningAndMetals/

## ၂.၅.၂ ကုမ္ပဏီတွင်း အစီရင်ခံခြင်း

**အဖြစ်အပျက်များကို အစီရင်ခံခြင်း**
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိခိုက်စေသည့် အဖြစ်အပျက်များကို SEART (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် အစီရင်ခံရမည်။ အဖြစ်အပျက်များ၊ အမှားပြင်ဆင်ချက်များကို မှတ်တမ်းတင်ထားသည့် အစီရင်ခံစာများကို ပုံမှန် မွမ်းမံ မှတ်တမ်းတင်ထားသင့်ပြီး အမှားထဲမှ သင်ခန်းစာများ ယူရန်အတွက် အခြား လုပ်ငန်းခွဲများနှင့် မျှဝေလေ့လာရမည်။

**ရပ်ရွာအကျိုးပြုလုပ်ငန်းများ ကွင်းဆင်းစီမံမှု ဆန်းစစ်ချက်**(Communities SMAs)
Communities SMAs ရလဒ်များသည် စီမံကိန်း မန်နေဂျင်းဒါရိုက်တာနှင့် စီမံကိန်း၏ တုန့်ပြန်မှုများကို စောင့်နေသူများထံသို့ မချွင်းမချန် တင်ပို့သည့် အစီရင်ခံစာတွင် ထည့်သွင်းရမည်။ ရီယိုတင်တိုအုပ်စု စီအီးအိုနှင့် ရပ်ရွာအကျိုးပြုလုပ်ငန်းကို ကမ္ဘာလုံးဆိုင်ရာအဆင့် ဦးဆောင်နေသူများထံသို့ ပေးပို့မည့် နောက်ဆုံးအဆင့် အစီရင်ခံစာကို မန်နေဂျင်းဒါရိုက်တာက အတည်ပြု ပေးရမည်။ နောက်ဆုံးအဆင့် ရီပို့ (သို့မဟုတ်) အကျဉ်းချုပ်များ ဖြန့်ချီခြင်းနှင့် ပတ်သက်ပြီး များများ ဖြန့်မည်၊ မဖြန့်မည်၊ မည်သူပါမည်၊ မပါမည်ကို စဉ်းစားရန် လိုအပ်သည်။

**ရပ်ရွာအကျိုးပြုလုပ်ငန်းမှတ်တမ်း**
ရီယိုတင်တို လုပ်ငန်းခွဲများသည် ၎င်းတို့၏ ရပ်ရွာအကျိုးဆောင်ရွက်မှုများ၊ အကျိုးပြု အစီအစဉ်များအကြောင်းကို နှစ်စဉ် ရီယိုတင်တို ရပ်ရွာအကျိုးပြု မှတ်တမ်းသို့ ပေးပို့ကြသည်။ နှစ်ကုန်သည့်အခါတိုင်းတွင် ရီယိုတင်တိုသည် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ တိုင်းတာရန်အညွှန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းသည်။ လုပ်ငန်းခွဲများသည် ကမ္ဘာလုံးဆိုင်ရာ ရပ်ရွာအကျိုးပြုလုပ်ငန်း၏ ချမှတ်ထားသည့် ရည်ရွယ်ချက်၏ အစိတ်အပိုင်းဖြစ်သော ဒေသ္တရ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ တိုးတက်မှုတို့ကို ရပ်ရွာအကျိုးပြုမှတ်တမ်းမှ အစီရင်ခံရမည်။

---

## ၂.၅.၃။ ဆက်သွယ်စီမံခြင်း။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် ပြဿနာများကို ဒေသခံရပ်ရွာများ၊ သက်ဆိုင်သူများနှင့် ဆက်သွယ်ကာ ပြောပြခြင်းသည် အားလုံးပါဝင်သည့် ချိတ်ဆက်ဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်း၏ အဓိက ထားရမည့် အချက်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များတန်ဖိုး၊ ၎င်းတို့ကို ထိပါးနေသည်များ၊ ရလဒ်များနှင့် အစီအစဉ်များ ဖြစ်သည်။

**အမွေအနှစ် တန်ဖိုးများအကြောင်း ပြန်ကြားခြင်း**
စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံမှုများကို သာမန်ပြည်သူများ၊ ဝန်ထမ်းများ၊ ကန်ထရိုက်များကို ဆက်သွယ် ပြောကြားခြင်းသည် အကျိုးအမြတ် အတော်များများ ဖြစ်ထွန်းသည်။ ပေါ်ထွန်းသည့် အကျိုးအမြတ်များတွင် ယင်းဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တန်ဖိုးများနှင့် ပတ်သက်ပြီး အမြင်ပွင့်လင်းလာခြင်း၊ စီမံကိန်း၏ ဂုဏ်ရှိန်သတင်း မွေးကျော်ဇော ခြင်းတို့လည်း ပါဝင်သည်။ ကျယ်ပြန့်စွာ ပြန်ကြား ဆက်သွယ်ခြင်းကို သတိကြီးကြီး ထားကာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဉာဏပစ္စည်း ပိုင်ဆိုင်မှုများကို ခိုင်မာစေရန်၊ တစ်ဦးခြင်း လွတ်လပ်ခွင့်များကို မထိပါးမိစေရန် အမွေအနှစ်များ ထိန်းသိမ်းသူနှင့် တိုင်ပင်ကာ ဆောင်ရွက်ရမည်ဖြစ်သည်။ ဆက်သွယ်ပြန်ကြားခြင်းသည် ကုမ္ပဏီတွင်း၊ ပြင်ပ ဆက်ဆံရေးလုပ်ငန်း၊ ယဉ်ကျေးမှု ထိန်းသိမ်းခြင်း၊ မြေတောင်မြှောက်ခြင်း အစီအစဉ်များ၊ ဝန်ထမ်းများကို ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက်ပေးသည့် အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်နိုင်သည်။ ဒေသခံများအားလုံး ခွင့်ပြုချက်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသတခု၏ တန်ဖိုးကို အများသိစေရန် ဆိုင်းဘုတ်များ တင်ခြင်း၊ ယင်းဒေသကို ဖြတ်သန်းသွားလာ အသုံးချသည့် အခါများတွင် လေးစားမှု ရှိစေရန်အတွက် ပြန်ကြားခြင်းများလည်း ပါဝင်သည်။ ဆိုင်းဘုတ်များတင်သည့် အခါတွင် ယင်းဒေသ (သို့မဟုတ်) အရာဝတ္ထုများနှင့် သက်ဆိုင်သူများနှင့် အကျေအလည် ဆွေးနွေးအကြံယူကာ အသုံးပြုသည့် ပုံများ စာသားများသည် ယဉ်ကျေးမှုအရ ကိုက်ညီစေရန် စီစဉ်ရမည်။ ရပ်ရွာက ခွင့်ပြုမှုသာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာများကို အများသိစေရန် ဖွင့်ပြရမည်။ အထူးသတိထားရမည်မှာ ထိုကဲ့သို့ ပြန်ကြား ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများနှင့် ကိုက်ညီဆောင်ရွက်ရန်၊ အသိပညာများ မတရားပြန့်ပွားခြင်းကို ကန့်သတ်ခြင်းများ ပြုလုပ်ရန်ဖြစ်သည်။ စီမံကိန်းက ဆောင်ရွက်သည့် ရှေးဟောင်းသုတေသန၊ မနုဿဗေဒ၊ ရုပ်ကြွင်းလေ့လာမှုနှင့် အခြားသုတေသနဆိုင်ရာ လေ့လာချက်များကို မှတ်တမ်းတင်ထားခြင်းသည် ပညာရပ်ဆိုင်ရာ ကွင်းဆင်းလေ့လာချက်အတွက် အထောက်အကူ ဖြစ်စေသည်သာမက ဒေသခံရပ်ရွာက ဆောင်ရွက်စေလိုသည့် အရာလည်း ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် စာအုပ်များ၊ စည်းဝေးပွဲ မှတ်တမ်းများကို

ရီယိုတင်တိုလုပ်ငန်းက ထုတ်ခဲ့ပြီး ထုတ်ဝေရန် ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ဝန်ထမ်းများ၊ ရပ်ရွာသားများ၊ အကြံပေးများကြား ပူးပေါင်းဆောင်ရွက်မှုများကို ထုတ်ဝေခြင်းဖြစ်သည်။ ထိုအစီရင်ခံစာများသည် အမွေအနှစ်ဆိုင်ရာ အချက်အလက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိစေရန် သာမက လုပ်ငန်း၏ ရည်ရွယ်ချက်ကိုပါ အထ မြောက်စေခဲ့သည်။ လုပ်ငန်းခွဲတစ်ခုမှ အတွေ့အကြုံများသည် အခြားလုပ်ငန်းများ အောင်မြင်စေရန်အတွက် အထောက်အကူဖြစ်စေသည်။ ဥပမာအားဖြင့် ကျောက်ဖျာများကို မိုင်းကွဲခြင်း၊ တူးခြင်းတို့ကြောင့် ပေါ်ပေါက်လာသည့် တုန်ခါမှုများကို ကိုင်တွယ်ခြင်းနှင့် ပတ်သက်သည့် အခြားလုပ်ငန်းမှ သတင်း အချက်အလက်များသည် ရီယိုတင်တို၏ ဖီလ်ဘာရာရှိ သံရိုင်းလုပ်ကွက်မှ လုပ်နည်းကိုင်နည်းများကို ပိုကောင်းစေခဲ့သည်။ ထို သတင်းအချက်အလက်များသည် ရီယိုတင်တိုအုပ်စုတွင်းရှိ လုပ်ငန်းခွဲများအတွက်လည်း တန်ဖိုးရှိအုံးမည်ဖြစ်သည်။

အမွေ အနှစ်များနှင့် ပတ်သက်ပြီး ပြန်ကြားဆက်သွယ်သည့်ပုံစံ နောက်တစ်မျိုးမှာ ပြတိုက်များတည်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ (သို့မဟုတ်) ခရီးသွားစင်တာများ တည်ဆောက်ခြင်း ဖြစ်သည်။ သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်များနှင့် ထိတွေ့စေမည့် လှုပ်ရှားမှုတစ်စုံတစ်ခု၊ အများပြည်သူကို အပြန်အလှန်တက်ကြွစွာ ပညာပေးသည့် အစီအစဉ် ဆောင်ရွက်ခြင်း ဖြစ်သည်။ စီမံကိန်းပိုင် သမိုင်းဝင် ပစ္စည်းများကိုလည်း ထိုနည်းဖြင့် ကိုင်တွယ်နိုင်သည်။ ဖြစ်စဉ်လေ့လာချက် (၁၂) တွင် ဖော်ပြထားသော ဘင်ဟမ်ကန်ယွန် မိုင်းလုပ်ငန်း၏ ခရီးသွားများ လာရောက်လည်ပတ်နိုင်သည့် စင်တာသည် မိုင်းလုပ်ငန်း၏ သမိုင်းဝင် စက်မှုအမွေအနှစ်များအကြောင်းကို ဖော်ပြလျက်ရှိပြီး လက်ရှိ လုပ်ငန်း ဆောင်ရွက်မှုများကိုပါ တပါတည်း သတင်းပေးထားသည်။ ထို့ကြောင့် စီမံကိန်းက လုပ်ငန်း ဆက်လက်လည်ပတ်ရန်အတွက် ရပ်ရွာ၏ သဘောတူလက်ခံမှု ရရှိရန် ပိုမိုလွယ်ကူစေသည်။

**ထိပါးမှုများ၊ ရလဒ်များနှင့် အစီအစဉ်များ**

ရီယိုတင်တိုလုပ်ငန်းများသည် ရပ်ရွာက မည်သည့်အကြောင်းအရာများ သိလိုသည်ကို ပုံမှန်ဆွေးနွေးလက် သိလိုသည့်အရာ (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် သိလို သည်များ မျှဝေပေးရန် လိုသည်။ ရပ်ရွာများ အနေနှင့် စီမံကိန်းအသစ်များ(မြေတူးမြေဆွခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအသစ်များအကြောင်း အပါအဝင်) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအပေါ် ထိခိုက်လာနိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို သိနေစေရန် ကြိုတင်အကြောင်းကြားထားရမည်။ နောက်ထပ် အရေးကြီးသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီ ကုမ္ပဏီအတွင်းဆောင်ရွက်မှုများ မည်သို့မည်ပုံ စခန်းသွားနေသည်ကို ရပ်ရွာများက သိနေစေရန် သုံးသပ်ချက်များ စစ်ဆေးချက်များ၏ ရလဒ်များကို ဖော်ပြပေးရမည်။ အရေးကြီးသည့် အဖြစ်အပျက်များကို သက်ဆိုင်သူများထံသို့ သတင်းပို့ပေးရမည်။ ရံဖန်ရံခါ ထိုသို့ဆောင်ရွက်ရန် အတွက် ဥပဒေအရ သတ်မှတ်ထားခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံမှု အစီအစဉ်များ၊ သဘောတူညီချက်များတွင် ဖော်ပြထားလေ့ရှိသည်။ သက်ရောက်မှုများ လျှော့ချရန် ဆောင်ရွက်ပုံများ၊ ဆောင်ရွက်ပုံ ရလဒ်များကို အချိန်နှင့်တပြေးညီထုတ်ပြန်ရမည်။

ဖြစ်စဉ် လေ့လာချက် (၁၄)တွင် ဖော်ပြထားသည့် ဩစတြေးလျမှ အာဂီလီ စိန်တွင်း ဥပမာတွင် ပွင့်လင်းမြင်သာသည့် ဆက်ဆံရေးဖြင့် ရပ်ရွာနှင့် ယုံကြည်မှု တည်ဆောက်ခြင်း၏ အရေးကြီးပုံကို ဖော်ပြထားသည်။ အာဂီလီစိန်လုပ်ကွက်တွင် အသုံးပြုခဲ့သည့် ချိတ်ဆက်ဆွေးနွေးမှု မဟာဗျူဟာသစ်သည် သမိုင်းတလျှောက် ပျက်ဆီးနေသည့် ကုမ္ပဏီနှင့် မြေပိုင်ရှင် ( အစဉ်အလာအရ မြေပိုင်သူများ) များအကြားမှ ဆက်ဆံရေးကို ပြန်လည် ကောင်းမွန်စေခဲ့သည်။





| | |
|---|---|
| **အူတက်ချ်** | |
| **အမေရိကန်** | |

# ဖြစ်စဉ်လေ့လာချက် (၁၂)

## အမေရိကန် ရီယိုတင်တို အူတက်ချ်တွင် ရီယိုတင်တို လုပ်ငန်းဆောင်ရွက်ပုံ မိုင်းလုပ်ငန်းလက်တွေ့လုပ်ဆောင်နေချက်စက်မှုအမွေအနှစ်များတန်ဖိုးမြှင့်တင်ခြင်း

ကန်နီကော့ အူတက်ချ် ကြေးနီ KUC ( Kennecott Utah Copper) ကို ရီယိုတင်တိုက ၁၀၀ ရာခိုင်နှုန်းပိုင်ပြီး ဘင်ဟန် ကန်ယွန်မိုင်းလုပ်ငန်း တွင်တူးဖော်နေသည်။ ကမ္ဘာပေါ်တွင်အကြီးဆုံးမိုင်းဖြစ်ပြီး တွင်းဖွင့် နည်းအသုံးပြုကာ ပထမဆုံးတူးဖော်သည့် တွင်းဖြစ်သည်။ ဘင်ဟန် ကန်ယွန် မိုင်းလုပ်ငန်းကို ၁၈၆၃မှ စတင်လုပ်ကိုင်ပြီး မြေပေါ်မှ တူးယူခြင်းဖြစ်ပြီး ၁၉၀၆ တွင် တွင်းဖွင့်နည်းဖြင့် တူးဖော်သည်။ ထိုမိုင်းလုပ်ကွက်ရှိရာ မိုင်းမြို့လေးတွင် အမျိုးမတူ၊ ဘာသာမတူ လူစုစုပေါင်း ၁၅၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ၁၉၆၆ တွင် ဘင်ဟမ် ကန်ယွန်မိုင်းလုပ်ငန်းကို အမေရိကန်၏ နိုင်ငံအဆင့် သမိုင်းဝင် အမှတ်အသားတခုအနေနှင့် သတ်မှတ်ခဲ့သည်။ ဆောက်လိတ် စီးတီး အနောက်တောင် ဘက်တွင်ရှိသည့် အူတက်ချ်တွင် စီမံကိန်းကြောင့် ယင်းဒေသ စီးပွားရေးကို အကြီးအကျယ်သက်ရောက်မှု ရှိပြီး လူမျိုးစုံလင် နေသည့် မြို့ကြီးပြကြီး၏ လူမြင်သူမြင်နေရာတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

**အခက်အခဲ – စီမံကိန်းများတိုးချဲ့နေသည့် တချိန်တည်းမှာပင် ရပ်ရွာ သဘောတူ လက်ခံမှု ဆက်လက်ထိန်းသိမ်းထားခြင်း**

စီမံကိန်း၏ အဓိကအခက်အခဲမှာ မိုင်းတွင်းကို ဆက်လက်လည်ပတ်ရန် ဖြစ်သည်။ လူမျိုးစုံလင် လူထူထူရှိသည့် မြို့တစ်ပိုင်းဒေသတွင် မိုင်းလုပ်ငန်းများကို မြေပေါ်မြေအောက်တိုးချဲ့ရန် အစီအစဉ်များကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လက်ရှိရထားသည့် ဆိုရှယ်လိုင်စင်ကို ဆက်လက်ထိန်းသိမ်းထားရန်မှာ လုပ်ငန်းလည်ပတ်ရန်အတွက် အလွန်အရေးကြီးသည်။ ဒေသခံရပ်ရွာများနှင့် ရရှိထားသည့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းရန် ပိုမို တောက်ပြောင်အောင် ဆောင်ရွက်ရန်အတွက် ဒေသသမိုင်းအတွက်၊ ဖွံ့ဖြိုးရေးအတွက် ကောင်းကျိုး မင်္ဂလာ သက်ရောက်မှု များကို မြှင့်တင်ပေးရန် ဘင်ဟန် ကန်ယွန် မိုင်းကို အများပြည်သူ လေ့လာနိုင် သည့်စင်တာတစ်ခုအဖြစ် တည်ဆောက်ခြင်းဖြစ်သည်။ ထိုစင်တာက ရသည့်ငွေကြေးများကို ဒေသခံ ကုသိုလ်ဖြစ် အဖွဲ့အစည်းများသို့ ပေးလှူသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းများ ဆက်လက် လုပ်ကိုင်ခွင့်ရရန်အတွက် ဆိုရှယ်လိုင်စင်ကိုလည်း ပိုမိုခိုင်မာစေသည်။

**လုပ်ငန်းစဉ် – ဒေသသမိုင်းနှင့် စက်မှုအမွေအနှစ်တန်ဖိုးများကို မြှင့်တင်ခြင်း**

စက်မှုလုပ်ငန်း အမွေအနှစ် တန်ဖိုးများကို မြှင့်တင်ရန်အတွက် KUC သည် ဘင်ဟန် ကန်ယွန် မိုင်းလုပ်ငန်းလေ့လာရေး စင်တာတစ်ခုကို ၁၉၉၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ စင်တာကို ဘင်ဟန် ကန်ယွန် မိုင်းလုပ်ငန်းကို ကြည့်ရှုနိုင်သည့် နေရာတွင် တည်ထားသဖြင့် လာရောက် လည်ပတ်သူတို့သည် မိုင်းလုပ်ငန်း၏ နေ့စဉ်ဆောင်ရွက်ခြင်းတို့ကို မျက်မြင်တွေ့နိုင်သည်။ စင်တာသည် လာရောက်လည်ပတ်သူ ၃ သန်းရှိခဲ့ပြီး ဒေသခံကုသိုလ်ဖြစ်အဖွဲ့အစည်းများသို့ အမေရိကန်ဒေါ်လာ ၂.၄ သန်းကို ကန်နက်ကောက် အူတက်ချ် ကြေးနီ လေ့လာရေးစင်တာ ကုသိုလ်ဖြစ် အဖွဲ့အစည်းမှ တဆင့် လှူဒါန်းနိုင်ခဲ့သည်။

လေ့လာရေး စင်တာ၏ ကြေးနီ စီမံကိန်းအကြောင်းကို နှုတ်တိုက် ပညာပေး ရှင်းပြထားသည့် ရှင်းပြချက်များကို ဘာသာစကားအမျိုးမျိုး ဖြင့်နားဆင်နိုင်သည်။ ထူးခြားသည့် ပြကွက်များဖြစ်သော တွင်းထွက်ပစ္စည်းနမူနာများကို သရီးဒီ မိုက်ခရိုစကုပ်ဖြင့် ကြည့်သည့် အစီအစဉ်၊ ကြေးနီကို နေ့စဉ်ဘဝတွင် မည်သို့အသုံးချသည်တို့ကို အများသိစေရန် ပညာပေးပြသထားလျက် သတ္တုများ၊ မိုင်းလုပ်ကွက်များကို ထုတ်လုပ်သည့် လုပ်ငန်း၏ အရေးပါပုံများကို တင်ပြထားသည့် ပြကွက်များလည်း ရှိသည်။ စင်တာတွင် ရှေးခေတ်ကာလ မိုင်းတွင်းများတူးဖော်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ကိရိယာများ၊ စာရွက်စာတမ်းများနှင့် ယနေ့ခေတ်ထိ အဆင့်ဆင့် ပြောင်းလဲလာသော မိုင်းလုပ်ငန်းနည်းပညာများ အကြောင်းကိုလည်း ခင်းကျင်းပြသထားသည်။ လေ့လာရေးစင်တာကို နှစ်စဉ်ပြုပြင်မှု၊ တိုးချဲ့မှုများပြုလုပ်ပြီး ပြကွက်သစ်များ၊ ဗီဒီယိုသစ်များ ထည့်သွင်း မွမ်းမံသည်။ ဇာတိနွယ်အမှတ်တရ အမည်ရှိပြကွက်တွင် သမိုင်းဝင် ဓာတ်ပုံများ၊ နှုတ်ပြောသမိုင်းများကို ဒီဗီဒီဖြင့် ပြသည်။ ယင်းဒီဗီဒီတွင် ကော့ပါးတန်မြို့အကြောင်း နှုတ်ပြောသမိုင်းကို စုစည်းတင်ပြထားသည်။ ကော့ပါးတန်မိုင်းမြို့ကို KUC မတိုင်ခင် ကိုင်သွားသည်။ အူတက်နှင့်ကော့ပါး ကုမ္ပဏီက ၁၉၂၇ တွင် တည်ထောင်ခဲ့သည်။ သမိုင်းဝင်ဓာတ်ပုံများကို အသုံးပြုလျက် မိုင်းမြို့လေးတွင် နေထိုင်ခဲ့ကြသူများ၏ အမျိုးမျိုးကွဲပြားသော လူမျိုးများအကြောင်းကို တင်ပြထားသည်။ ဘင်ဟန်ကန်ယွန် မိုင်းလုပ်ကွက် လေ့လာရေးစင်တာသည် စီမံကိန်းအကြောင်းကို အများ



သိစေရန်၊ အသိပညာပေးရန်သာ မဟုတ်ပဲ အနီးအနားမှ သမိုင်းများ၊ ဖွံ့ဖြိုးပြောင်းလဲလာမှုများကို လည်း မြင်နိုင်၊ ကြားနိုင်သည့်နေရာ ထိန်းသိမ်းထားသည့်နေရာ ဖြစ်သည်။

**ရလဒ် – ရပ်ရွာ၏ သဘောတူ လက်ခံမှု ရရန် ပိုမို လွယ်ကူလာခြင်း။**

လေ့လာရေးစင်တာ ဖွင့်လှစ်ခြင်းဖြင့် ယင်းဒေသ၏ မိုင်းလုပ်ငန်း သမိုင်းများကို လက်ဆင့်ကမ်းနိုင်ခြင်း၊ နိုင်ငံအဆင့် သမိုင်းဝင် အဆောက်အဦအဖြစ် အသိအမှတ်ပြုထားသည့် ဘင်ဟန်ကင်ယွန်စက်မှုလုပ်ငန်း အမွေအနှစ်ကို အများသိစေရန် မြှင့်တင်ပေးခြင်းဖြင့် ရပ်ရွာစိတ်ဓာတ်ကို ပိုမိုရရှိလာစေသည်။ ထိုတန်ဖိုးများကို လာရောက်လည်ပတ်သူများရင်ထဲသို့ ပေးပို့ရာတွင် မိုင်းလုပ်ငန်းနှင့် ရပ်ရွာ အကြားမှ ဆက်နွယ်မှု၊ စက်မှုလုပ်ငန်းနှင့် ရပ်ရွာအကြားမှ အစားထိုးမရသည့် ဆက်ဆံရေး၊ ထိုဒေသမှ ရပ်ရွာ အမွေအနှစ်များအကြောင်းကို အလေးထား ပြောရမည် ဖြစ်သည်။ ဒေသန္တရကုသိုလ်ဖြစ် အဖွဲ့အစည်းသို့ စင်တာမှ ရရှိသည့် ငွေကြေးများ လှူဒါန်းခြင်းအစရှိသည့် ဆောင်ရွက် ချက်များသည် လူနေထူထပ်သည့် ပတ်ဝန်း ကျင်တွင် မိုင်းလုပ်ငန်း ဆက်လက်လုပ်ကိုင် နိုင်ခွင့် ဆိုရှယ်လိုင်စင်ရရန်အတွက် တအား ဖြစ်ခဲ့သည်။





**ထိပ်ဆုံးပုံ**

ဒုတိယကမ္ဘာစစ်အတွင်း ကန်နီကောက်အူတက်ချ် ကြေးနီလုပ်ငန်းသည် အမျိုးသမီးများအပေါ်တွင် အကြီးအကျယ် မှီခိုနေရသည်။ မဟာမိတ်တို့ အသုံးပြုခဲ့သည့် သတ္တုသုံးပုံ တပုံသည် ယင်းသတ္တုတွင်းမှ ထွက်သည်။ ဓာတ်ပုံမှာ ၁၉၄၄ က ရိုက်ထားသည့်ပုံဖြစ်သည်။

**အပေါ်ဘက် ဘယ်ပုံ**

လေ့လာရေးစင်တာ ပလာဇာနှင့် ဘင်ဟန်ကင်ယွန် မိုင်းကို ၂၀၁၀ ခုနှစ်တွင် တွေ့ရစဉ်။ ထိုပြကွက်တွင် ဘင်ဟန်ကန်ယွန် မိုင်းလုပ်ငန်းစတင်ခဲ့သည့် အစောပိုင်းနေ့များတွင် အသုံးပြုခဲ့သည့် သမိုင်းဝင် မိုင်းလုပ်ငန်းသုံးပစ္စည်းကို ပြသထားသည်။ နောက်တွင်တွေ့ရသည်မှာ ဘင်ဟန်ကန်ယွန် မိုင်းလုပ်ကွက်ဖြစ်သည်။

**အောက်ပုံ ဘယ်ဖက်**

ဘင်ဟန်ကန်ယွန်မိုင်းလုပ်ငန်းလေ့လာရေးစင်တာ အတွင်းပိုင်းမြင်ကွင်း ၂၀၁၀။ ဘင်ဟန်ကန်ယွန်မိုင်း ကန်နကော့ အူတက်ချ် ကြေးနီနှင့် ရီယိုတင်တို၏ သမိုင်းအထောက်အထားများ၊ စီမံကိန်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လေ့လာရေးစင်တာတွင် အပြန်အလှန်တက်ကြွသော၊ သတင်းအချက်အလက်ပြည့်စုံသော ပြကွက်များဖြင့် ဖော်ပြထားသည်။

**စက်ဝိုင်း**

ဘင်ဟန်ကင်ယွင်မိုင်းအတွင်း သံရိုင်းများနှင့် အလွန်ကြီးမားသည့် ကိရိယာများ ဆွဲသည့် မီးရထားစက်ခေါင်းကို ဝန်ထမ်းများက ပုံမှန်ထိန်းသိမ်းရေးများ ဆောင်ရွက်ပေးနေပုံဖြစ်သည်။ ၁၉၄၀ နှစ်များက ရိုက်ကူးထားသည့်ပုံဖြစ်သည်။

၁၂





**အရှေ့ကန်ဘာလေ**

**ဩစတြေးလျ**

# ဖြစ်စဉ်လေ့လာချက် (၁၃)

## ဩစတြေးလျ အရှေ့ကန်ဘာလေ

## အာဂီစိန်တွင်းလုပ်ကွက်တွင် ပွင့်လင်းမြင်သာသည့်ဆက်သွယ်စီမံရေးကိုတည်ထောင်ခြင်း။

အာဂီစိန်တွင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံး စိန်တွင်းဖြစ်ပြီး ရီယိုတင်တိုက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်စီမံသည်။ ဩစတြေးလျ အနောက်ဘက် အရှေ့ကန်ဘာလေတွင် ရှိပြီး ဘာရာမွန်ဒီ ချောက်တွင် အာဂီစိန်တွင်းရှိသည်။ ဘာရာမွန်ဒီချောက်သည် ယဉ်ကျေးမှုအရ အလွန် အရေးကြီး သည့် နေရာဖြစ်သည်။ ယင်းဒေသ၏ ပထဝီအနေအထား ဖြစ်ပေါ်လာပုံတို့၏ ဒဏ္ဍာရီပုံပြင် ဖြစ်သော ငါးရန်ဂါနီ အိမ်မက်လာ နေရာဖြစ်သည်။ မီရိဝန် နှင့် ဂစ်ဂျာလူမျိုးများက ထိုနေရာကို ပိုင်ဆိုင်ပြီး ၎င်းတို့ ယဉ်ကျေးမှုအတွက် အလွန်အရေးပါသည့် နေရာ ဖြစ်သည်။

**အခက်အခဲများ – ယဉ်ကျေးမှုအရအလွန်အရေးပါသည့် နေရာတွင် လုပ်ငန်းများဆက်လက်လုပ် ကိုင်နိုင်ရန်အတွက် ခိုင်မာသည့်ဆက်ဆံရေးတည်ဆောက်ခြင်း**

အစဉ်အလာအရ မြေပိုင်ဆိုင်သူများနှင့် အာဂီ တို့အကြား လုပ်ကွက်ရရန်အတွက် ချိတ်ဆက် ဆွေးနွေးမှုသမိုင်းသည် ရှည်သကဲ့သို့ အခက်အခဲများနှင့်လည်း ပြည့်နှက်နေသည်။ ၁၉၇၀ တွင် အကြိုစူးစမ်းဖော်ထုတ်မှုများပြုလုပ်ခဲ့ပြီး ၁၉၈၀ နှစ်များတွင် စီမံကိန်းပထမအဆင့်ကို ဆောင်ရွက် သည့်အချိန်တွင် ကုမ္ပဏီနှင့် အစဉ်အလာမြေပိုင်ရှင်များကြားမှ ဆက်ဆံရေးသည် နိုင့်ထက်စီးနင်း နိုင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း လောက်လောက်လားလား ပါဝင်ခြင်းမရှိပါ။ ၁၉၉၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ရီယိုတင်တို ခေါင်းဆောင်ပိုင်းအပြောင်းအလဲက ယဉ်ကျေးမှုဆိုင်ရာပြုပြင်မှုကို ဆောင်ရွက်ခဲ့သည်။ အစဉ်အလာမြေပိုင်ရှင်တို့၏ ကြည်ဖြူထောက်ပံ့မှုရရန် ယဉ်ကျေးမှုဆိုင်ရာ ရှုခင်းများကို ပျက်ဆီးစေမည့် မိုင်းလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာသော ဆက်သွယ်ပြန်ကြားခြင်းလုပ်ငန်းစဉ်နှင့် အခြားအခြားသော အရာများကို ဆောင်ရွက်ခဲ့သည်။

**လုပ်ငန်းစဉ် – ပြန်ကြားဆက်သွယ်ရေး မဟာ ဗျူဟာများ ချမှတ်ခြင်း**

အတိတ်က ဖြစ်ပျက်ထားသည့် ပြဿနာများကို ဖြေရှင်းရန်၊ အနာဂတ်တွင် ယဉ်ကျေးမှုဆိုင်ရာ ထိုဒေသကို မထိမခိုက် စီမံနိုင်ရန်အတွက် အာဂီအနေနှင့် ပုံမှန် ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာများကို ချမှတ်ရန် လိုအပ်သည်။ ၂၀၀၄ ခုနှစ်တွင် လက်မှတ်ထိုးထားသည့် အာဂီပါဝင်ခွင့် သဘောတူညီချက်အားဖြင့် ဆက်သွယ် ပြန်ကြားရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ ရပ်ရွာစည်းဝေးပွဲ များတွင် ဆွေးနွေးခဲ့သည့်အတိုင်း ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ ကာကွယ်ခြင်းကိုလည်း သင့်တော်သလို ဆောင်ရွက်နိုင်ခဲ့သည်။ အာဂီနှင့် အစဉ်အလာ မြေပိုင်ရှင်များအကြား ပွင့်လင်းမြင်သာခြင်း၊ နှစ်ဖက်လေးစားခြင်း တို့နှင့် ပြည့်စုံသည့် စကားဝိုင်းများဖြစ်ပေါ်လာ စေရန်အတွက် အဓိက ဆောင်ရွက်ပေးခဲ့သည့် နည်းများမှာ -

**ဆက်ဆံရေးကော်မတီ အစဉ်အလာမြေပိုင်ရှင်များ**

ဤကော်မတီသည် ဂိုရော မြေပိုင်ရှင်များနှင့် အာဂီကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး အာဂီပါဝင်ခွင့် သဘောတူညီချက်တွင် ဖော်ပြထားသည့် စီမံချက် (၈) ခုကို ဆွေးနွေးသည်။ အရေး ပါသည့် နယ်မြေများ၊ ရေ မြေ စီမံခြင်းများကို ဆွေးနွေးသည်။ ပုံမှန်တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် စီမံကိန်း၏ လုပ်ကွက်အသစ်များ အကြောင်း၊ အစဉ်အလာ မြေပိုင်ရှင်များ၏ ပူပန်မှုများ အကြောင်းကို စီမံကိန်း ဝန်ထမ်းများနှင့် မြေပိုင်ရှင်များအကြား ပွင့်လင်းစွာ ဆွေးနွေး ဖြစ်ကြသည်။ ဆွေးနွေးပွဲများကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ပြဿနာများကို ဖြေရှင်းရန်အတွက် သင့်တော်သည့် အစီအစဉ် များ ကိုလက်တွေ့ အကောင်အထည်ဖော်နိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာ ဒေသ၏ စီမံပုံ အဝဝကို လည်း တပါတည်း ဆွေးနွေးဖြစ်သည်။

**နှစ်လမ်းသွား ဆက်သွယ်ရေးလမ်းကြောင်း**

မြေယာ ရှင်းလင်းခြင်း လုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် အစဉ်အလာမြေပိုင်ရှင်များ၊ မျိုးနွယ်စုရေးရာ ကျွမ်းကျင်သူများ၊ ရှေးဟောင်း သုတေသနပညာရှင်များ၊ ကဏ္ဍအလိုက် ကျွမ်းကျင်သူများကို စုစည်းလျက် အာဂီပါဝင်မှု သဘောတူညီချက်အရ ပူးပေါင်း ဆောင်ရွက် သည်။ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချနိုင်ရန်၊ မိုင်းလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထည့်သွင်း စဉ်းစားချက်များကို မီရီဝန်နှင့် ဂီဂျ ရပ်ရွာ အကြား ကျယ်ပြန့်စွာ ပျံ့နှံ့ရန်အတွက် လူထု ပါဝင်မှုကို ချဲ့ရန် အာဂီ စိန်လုပ်ငန်းက အားပေးသည်။



**အစဉ်အလာမြေပိုင်ရှင်များ ဝင်ရောက်စစ်ဆေးနိုင်သည့် နေ့ရက်သတ်မှတ်ခြင်း။**

အစဉ်အလာမြေပိုင်ရှင်များအနေနှင့် စိန်လုပ်ကွက်သို့ ဝင်ရောက်ကြည့်ရှုနိုင်ရန် တစ်နှစ် တစ်ကြိမ်ဖွင့်လှစ်ပေးသည်။ အစဉ်အလာ မြေပိုင်ရှင်များသည် လုပ်ကွက်အတွင်း ဝင်ရောက်ကြည့်ရှုပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ပြဿနာများ ရှိ/မရှိကို ဆွေးနွေးနိုင်ရန်၊ ကြည့်ရှုနိုင်ရန်အတွက် လမ်းဖွင့်ပေးထားသည်။ လိုဏ်ခေါင်းများ၊ မြေအောက် စီမံကိန်း၊ ပြန်လည်ပြုပြင်ရေး နေရာများ၊ အဓိက ရေအရင်းအမြစ်များ ဖြစ်သော စမ်းပေါက်များ၊ တမံများကို လေ့လာနိုင်ရန် ဖွင့်ပေးသည်။ ဖွင့်ပေးသည့်နေ့သည် ဆက်ဆံရေးကော်မတီ ဝန်ထမ်းများ၊ မြေပိုင်ရှင်များ ပူးပေါင်းကာ ကွင်းဆင်း လေ့လာခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိသည့်နေ့ ဖြစ်သည်။

**မန်သီ ကြိုဆိုပွဲ**

အာဂီပရိုတိုကောတွင် သတ်မှတ်ထားသည်မှာ မိုင်းလုပ်သားများကို လုပ်ကွက်ထဲမသွားမီ အစဉ်အလာမြေပိုင်ရှင်များက မန်သီပွဲပေးကာ ကြိုဆိုရမည်ဟု ပါရှိသည်။ ပွဲပေးကြိုဆိုခြင်းအားဖြင့် ရိုးရာပိုင်မြေများ ဖြတ်သန်းသွားရာတွင် ဘေးကင်းစေရန်ဖြစ်ပြီး လုပ်ကွက်၏ ကျန်းမာရေး၊ ဘေးကင်းရေး အစီအစဉ်တွင် သတ်မှတ်ထားသည့် လုပ်ဆောင်ရမည့် အချက်ဖြစ်သည်။ ဝန်ထမ်းသစ်များ အားလုံးကို ဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ အရေးပါပုံများကို သိစေရန်၊ စီမံကိန်းတစ်ခုလုံး ဘေးကင်းစေရန် အစဉ်အလာပိုင်ရှင်များက ပွဲပေးကြိုဆိုခြင်းကို ထောင့်စေ့စေရန်အတွက် တစ်ရက်ကြိုကာပြုလုပ်သည်။

မီရီဝန်နှင့် ဂီဂျ တို့၏ ဉာဏမေန ပိုင်ဆိုင်မှုများ အသုံးချခြင်းနှင့်ဆိုင်သည့် စည်းမျဉ်း အာဂီ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းစနစ်တွင် မီရီဝန်၊ ဂီဂျ လူမျိုးများ ဓာတ်ပုံဖော်ပြခြင်း၊ ၎င်းတို့ အနုပညာလက်ရာများ ဖော်ပြခြင်း၊ ပုံပြင် သီချင်းများ ဘာသာစကားများကို စီမံကိန်း ပရိုမိုးရှင်းများနှင့် အခြားသော ရည်ရွယ်ချက်များဖြင့် သုံးစွဲခြင်းအတွက် လုပ်ငန်းစဉ်များ ချမှတ်ထားသည်။ ဉာဏမေန ပစ္စည်းများကို အသုံးပြုရာတွင် ယဉ်ကျေးမှုနှင့် ကိုက်ညီစေရန်၊ မလေးမစားအသုံးပြုခြင်း မရှိစေရန် ထိုလုပ်ငန်းစဉ်က တားမြစ်ပေးသည်။

**ရလဒ် – ရပ်ရွာနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်း**

ဝန်ထမ်းများနှင့် အစဉ်အလာ မြေပိုင်ရှင်များအကြား စဉ်ဆက်မပြတ် ဆက်သွယ်ပြန်ကြားမှု ရှိနေစေရန်အတွက် လမ်းကြောင်းဖွင့်လှစ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအနေနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြဿနာများကို ပိုမိုသဘောပေါက်စေပြီး ထိခိုက်ခံရသည့် ရပ်ရွာ၏ ပူပန်မှုများကို တိုး၍ နားလည်စေသည်။ ပြန်ကြားဆက်သွယ်ရေး နည်းလမ်းများကို ဖော်ဆောင်ခြင်းဖြင့် အာဂီသည် ယခင်က ပြဿနာများကို ဖြေရှင်းနိုင်ခဲ့ပြီး ယဉ်ကျေးမှုအရ အရေးပါသည့် နေရာများတွင် တူးသည့်အခါတွင် ရပ်ရွာနှင့် ပူးပေါင်းကာ ရှေ့သို့ ချီနိုင်ခဲ့သည်။ ဝန်ထမ်းများနှင့် အစဉ်အလာမြေပိုင်ရှင်များအကြားပိုမိုပွင့်လင်းစေရန်၊ ပိုအားကောင်းသည့် ဆက်သွယ်ရေးလမ်းကြောင်း ပေါ်ပေါက်လာရန် အာဂီသည် အမြဲတမ်း စိတ်အား ထက်သန်လျက် ရှိသည်။

၁၃

**ထိပ်ဆုံးပုံ**

အစဉ်အလာ မြေပိုင်ရှင် ပက်ဂီပက်ထရစ် မန်သီပွဲပေးရခြင်း အရေးပါပုံအကြောင်းများကို ဝန်ထမ်းများနှင့် ကန်ထရိုက်များသို့ ရှင်းပြနေပုံဖြစ်သည်။

**စက်ဝိုင်း**

အာဂီ စိန်လုပ်ကွက် မြေအောက်စီမံကိန်း အဝင်ရှေ့တွင် အထူးမန်သီ ပွဲပေးနေသည်ကို တွေ့ရစဉ်

# ၂.၆ အကျဉ်းချုပ်

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခြင်းသည် ခက်ခဲပြီး ထင်မထားသည့် စိန်ခေါ်မှုများ ရှိလာတတ်သည်။ သို့သော်လည်း ဒေသခံရပ်ရွာများနှင့် ကြိုတင်ချိတ်ဆက်ကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖြေရှင်းခြင်းသည် ရပ်ရွာအတွက် အကျိုးကျေးဇူးကြီးသည်သာမက ရီယိုတင်တို၏ ဂုဏ်သတင်းကို ကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးရာ ရောက်သည်။**

**အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှု**

ကျွန်ုပ်တို့၏ အဓိက အခြေခံရည်မှန်းချက်မှာ အားလုံးပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှု ပြုလုပ်ရန်ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ရပ်ရွာ အသိုင်းအဝိုင်း တစ်ခုအတွင်း ရှိနေသည့် အမျိုးမျိုးကွဲပြားနေသည့် လူမှုစီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများကို အသိအမှတ်ပြုသည့် သဘောဖြစ်သည်။ ကျွန်ုပ်တို့လုပ်ငန်းလည်ပတ်ရာ အခြားအဝန်းအဝိုင်းများ၊ ပြင်ပ အသိုင်းအဝိုင်းကိုလည်း လေးစားမှု၊ ထိရောက်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းတို့ကို လက်ကိုင်ပြုလျက် ချိတ်ဆက်ဆွေးနွေးခြင်းကို ပြုလုပ်သည်။

**သိအောင်လုပ်ပါ နားလည်သဘောပေါက်ပါ**

လုပ်ငန်းမစမီကပင် ကျွန်ုပ်တို့သည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် ပတ်သက်သည့် အသိပညာနှင့် နားလည်မှုများရှိနေစေရန် ပြင်ဆင်ထားရမည်။

- ရပ်ရွာအတွက် အရေးပါသည့် ခလေ့၊ ဂေဟဗေဒ စနစ်၊ မြေယာရှုခင်း၊ အရာဝတ္ထုနေရာများ
- ထိုနေရာများကို အဘယ်ကြောင့် တန်ဖိုးထားရသနည်း။
- တန်ဖိုးရှိသည်များကို မည်သို့ ကိုင်တွယ်မည်။
- ကျွန်ုပ်တို့ လုပ်ရှားမှုများကြောင့် အထက်ဖော်ပြပါ အချက်များသို့ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ သက်ရောက်မှုများ

အထက်ဖော်ပြခဲ့ပါ များနှင့်ပတ်သက်သည့် အသိပညာများ၊ သဘောပေါက် နားလည်စေရန်မှာ CHMS ကို အချိန်တစ်ခု ယူပြီး ပြင်ဆင်ရမည်ဖြစ်ပြီး စီမံကိန်းသစ်များ၊ လုပ်ငန်းစဉ်သစ်များ ဝင်ရောက်သည့်အခါများတွင် ရပ်ရွာ၏ ပြောင်းလဲတတ်သော ပူပန်မှုများအလိုက် ပြင်ဆင်ထားရမည်။

**အစီအစဉ်ရေးဆွဲပါ လက်တွေ့ အကောင်အထည် ဖော်ပါ။**

ရပ်ရွာသို့မည်သည့် နေရာ၊ အရာဝတ္ထု၊ ခလေ့များသည် အဖိုးတန်သည်ကို သိရှိပြီ၊ လုပ်ငန်းများကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်မှုများကိုလည်း သိရှိပြီဆိုပါက ရှောင်ရှားရန် အစီအစဉ် (သို့မဟုတ်) လျှော့ချရန် အစီအစဉ်များကို ပြင်ဆင်လျက် ဆိုးဝါးပြင်းထန်သည့် သက်ရောက်မှုများကို လျှော့ချပြီး အကျိုးများကို အမြင့်ဆုံး တိုးမြှင့်ပေးမည့် အခွင့်အလမ်းကို ရှာဖွေရမည်။ CHMPs ရပ်ရွာအကျိုးပြု လုပ်ငန်းများ၊ စီမံကိန်းအဆင့် စီမံချက်များနှင့် အခြား စီမံကိန်းဆိုင်ရာမူဝါဒ၊ အစီအစဉ်များ၊ လှုပ်ရှားမှုများမှ တဆင့် ရှာဖွေရမည်။

**စောင့်ကြည့်ခြင်း၊ အကဲခတ်ခြင်း၊ တိုးတက်အောင် ဆောင်ရွက်ခြင်း**

ကျွန်ုပ်တို့ မည်သို့ ဆောင်ရွက်နေသည်ကို စဉ်ဆက်မပြတ် ထောက်လှမ်းခြင်း၊ စီမံကိန်းနှင့် ရပ်ရွာသဘောတူထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆိုင်ရာ မျှော်မှန်းထားချက်များကို ပြည့်မီမှု ရှိ/မရှိ ဆန်းစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း ပြုလုပ်ရန်လိုသည်။ အပြောင်းအလဲ၊ အကောင်းအဆိုးတို့ကို တိုင်းတာရန်အတွက် မှန်ကန်သည့် အချက်အလက်များရရှိရန်မှာ အလွန်အရေးကြီးသည်။ မှန်ကန်သော အချက်အလက်များအတွက် ကောင်းစွာချိတ်ဆက်ဆောင်ရွက်ခြင်း၊ အကြံယူဆွေးနွေးခြင်းစသော ထိရောက်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခြင်းအပေါ်တွင် အထူး မူတည်နေသည်။ ဖြစ်နိုင်ပါက စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ အမွေအနှစ် ကျွမ်းကျင်သူများ၊ ရပ်ရွာမှ အမွေအနှစ် စောင့်ရှောက်သူများကို ပါဝင်စေလျက် အားလုံး ပါဝင်စေသည့်နည်း ကိုယ်တိုင်လုပ်ကိုင်နိုင်သည့် နည်းကို အသုံးပြုသင့်သည်။

**အစီရင်ခံခြင်း၊ ဆက်သွယ်စီမံခြင်း**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည်များ အပါအဝင် အတွင်းအပြင် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် အစီရင်ခံခြင်းနှင့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်း ဆောင်ရွက်ချက်များသည် တုန့်ပြန်ချက်များရရှိရန်၊ ဆွေးနွေးဝိုင်းများ ဖြစ်လာစေရန်အတွက် နည်းတစ်ခုဖြစ်သည်။ ထိုမှတဆင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပေးနိုင်မည် ဖြစ်ပြီး လူမှုရေး လုပ်ငန်း ဆောင်ရွက်ချက် အပါအဝင် ပိုမို ကောင်းမွန်သည့် ရပ်ရွာအကျိုး ဆောင်ရွက်မှု လုပ်ငန်းများကို ပေါ်ထွက်စေမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် နေရာတစ်ခု၊ အရာဝတ္ထု၊ ခလေ့တို့၏ ယဉ်ကျေးမှုတန်ဖိုးများကို ထုံးတမ်းစဉ်လာများကို ထိပါးခြင်းမရှိပဲနှင့် အများ သိစေရန်လည်း ဆောင်ရွက်နိုင်သည်။ ထိုအခါတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ တန်ဖိုးအမြင်များကို ပိုမိုကျယ်ပြန့်စွာ နှီးဆွနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့ စီမံကိန်းရှိသမျှ၊ ဆောင်ရွက်နေသည့် လုပ်ငန်းမှန်သမျှ၊ လက်တွေ့ ဆောင်ရွက်နေသည့် နေရာများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီမံခန့်ခွဲမှုတွင် တသားတည်း ပူးပေါင်းရန်အတွက် အမြဲတမ်း ကြိုးစားနေရသည့် စိန်ခေါ်မှုဖြစ်သည်။ ရီယိုတင်တို လုပ်ကိုင်နေသည့် (သို့မဟုတ်) အနာဂတ်တွင် ဝင်ရောက်လုပ်ကိုင်လိုသည့် ရပ်ရွာများနှင့် ရီယိုတင်တိုကြားမှ ဆက်ဆံရေး၏ အရည်အသွေးကို ပိုင်းဖြတ်နိုင်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကျွန်ုပ်တို့ ကိုင်တွယ်နေသည့် ပုံစံ၊ အရည်အသွေးများက အဓိက ဖြစ်သည်။

# ၃။ နောက်ခံအကြောင်းအရာ အချက်အလက်များ

- ၃. ၁။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အယူအဆများ
- ၃. ၂။ စီးပွားရေးရှုထောင့်
- ၃. ၃။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ပေါ် သက်ရောက်မှု
- ၃. ၄။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ကွဲပြားမှုအမျိုးမျိုးကို ကာကွယ်ခြင်းနှင့်ဆိုင်သည့် နိုင်ငံတကာအဆင့် စံသတ်မှတ်ချက်များနှင့် နည်းဥပဒေများ

# နောက်ခံအကြောင်းအရာအချက်အလက်များကဏ္ဍတွင်မည်သည့်အရာများကိုဖော်ပြထားသနည်း။

**နောက်ခံအကြောင်းအရာကဏ္ဍသည် ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ လက်တွေ့လုပ်ကိုင်နေကြသူများ၏ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းခြင်းရာများအပေါ် သိမြင်နားလည်မှုကို တိုးပွားစေ၍ အထောက်အပံ့ဖြစ်စေပါသည်။ ဤအကြောင်းခြင်းရာများသည် စီမံကိန်းကြီးများ၏ ရပ်ရွာနှင့်ဒေသခံပြည်သူများအပေါ် သက်ရောက်စေနိုင်သည့် ကျယ်ပြန့်သော လူမှုရေးနှင့် ဂေဟစနစ်ပြောင်းလဲမှုများ၊ ဆက်စပ်သည့် အခြေခံအဆောက်အဦး လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများနှင့် သက်ဆိုင်ပါသည်။**

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အယူအဆများ**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကဏ္ဍတွင်

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် အမျိုးအစားများအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်း
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းနှင့် တန်ဖိုးစစ်တမ်းတို့၏ အရေးပါပုံ
- မြင်ရသော အမွေအနှစ်များနှင့် မမြင်ရသော အမွေအနှစ်များကြားခွဲခြားပိုင်းဖြတ်ရခြင်း၏ နက်နဲပုံ၊ တန်ဖိုးကွာခြားပုံ၊ ပုံစံကွဲပြားခြင်းများ
- အမွေအနှစ် များနှင့် ပတ်သက်ပြီး သဘောပေါက်ပုံ၊ လက်ခံပုံများနှင့် ပတ်သက်ပြီး အချေအတင်ဖြစ်ရသည့် အချက်များ

**စီးပွားရေးရှုထောင့် – ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တန်ဖိုးထားလေးစားခြင်း**

ရီယိုတင်တိုသည် အဘယ်ကြောင့် တရားဝင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်းကို လေးစားပြီး လက်တွေ့ဆောင်ရွက်ရသည်ဆိုသည့် အကြောင်းများကို ဖော်ပြထားသည်။ အဆိုးနှင့် အကျိုးကို စီးပွားရေးရှုထောင့်အရ ဖော်ပြထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းသည် အောက်ပါအကျိုးများ ရှိပုံကို ထင်ထင်ရှားရှား ဖော်ပြထားသည်။

- စီမံကိန်းဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာနိုင်သည့် အဆိုးသက်ရောက်မှုများကို လျော့ချနိုင်ပုံ
- စီမံကိန်း ဆက်လက်လည်ပတ်ရန်အတွက် လူထုသဘောတူလက်ခံမှုကို ထိန်းသိမ်းထားနိုင်ရန်၊ ရယူရန်အတွက် အထောက်အကူဖြစ်စေပုံ
- ကျွန်ုပ်တို့၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် ထားရှိထားသည့် ရည်မှန်းချက်များကို အထောက်အကူဖြစ်စေပုံနှင့်
- လူ့အခွင့်အရေးဆောင်ရွက်မည်ဟု ကတိပေးချက်များကို လက်တွေ့အားပေးသည်။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အပေါ် မိုင်းလုပ်ငန်းနှင့် လုပ်ငန်းစဉ်များ၏ သက်ရောက်မှု**

စီမံကိန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကြောင့် ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ သက်ရောက်နိုင်သည်များကို ရှင်းပြထားသည်။ အောက်ပါအချက်များနှင့် ပတ်သက်သည့် သက်ရောက်မှုများကို ဖော်ပြထားသည်။

- ညှိနှိုင်းခြင်းနှင့် ချိတ်ဆက်ဆွေးနွေးခြင်း
- တိုက်ရိုက်သက်ရောက်မှု၊ သွယ်ဝိုက်သက်ရောက်မှုနှင့်
- ဝန်ထမ်းခန့်ထားမှု သင်တန်းများပေးခြင်း

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းနှင့် ပတ်သက်ပြီး အကောင်းဆုံးဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသည့် စာရွက်စာတမ်းများ၊ ရီယိုတင်တို၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်း မူဝါဒများကို ဖော်ပြထားသည်။

- နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့် အစီအစဉ်များ
- ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်များနှင့်
- စက်မှုလုပ်ငန်းသတ်မှတ်ချက်နှင့် မူဘောင်များ နှင့်ပတ်သက်သည်များကို ဖော်ပြသည်။

# ၃.၁ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်အယူအဆများ

**လမ်းညွှန်စာအုပ်တွင် ဘယ်လိုလုပ်မလဲ အခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဆက်နွှယ်နေသည့် မိုင်းလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်ချက်များ ကိုဆောင်ရွက်ရာတွင် သိထားရမည့် အယူအဆ သဘောထားအချို့ကို ဖော်ပြထားသည်။ ယခုအခန်းတွင် အောက်ဖော်ပြပါအချက်များကို အသေးစိတ် ထပ်မံရှင်းပြထားပြီး အဓိကကျသည့် သီအိုရီပိုင်းဆိုင်ရာ၊ အငြင်းပွားမှုများနှင့် စာပေသဘောတရား နားလည်သဘောပေါက်မှုများ အကြောင်းကို ဆွေးနွေးသွားမည်ဖြစ်သည်။**

- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်အမျိုးအစားများ**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း။**
- **အရေးပါ အရာရောက်မှုကို ဆန်းစစ်ခြင်း။**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမျိုးအစားကွဲပြားစုံလင်မှု။**
- **မြင်ရသည့် မမြင်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တန်ဖိုးများ ပေါင်းဆုံမှု။**
- **သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကြား ကွာခြားပုံ။**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို ထိပါးခြိမ်းခြောက်နေသည်များ။**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်မှု။**

### ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆိုသည်မှာ ရပ်ရွာ၏ အတိတ်၊ ပစ္စုပ္ပန်ဖြစ်ပြီး အရေးကြီးသည့် သဘောကိုဆောင်လျက် နောင်မျိုးဆက်များသို့လည်း လက်ဆင့်ကမ်း ပေးသွားရန် ဆန္ဒရှိသည့် ဓလေ့၊ အသုံးအဆောင်၊ မြေနေရာတို့ဖြစ်သည်။ မြင်ရသည့် အရာဝတ္ထုများဖြစ်သော အဆောက်အဦးများ၊ ရှုခင်းများနှင့် အသုံးအဆောင်များ မမြင်ရသည်များ ဖြစ်သော ယဉ်ကျေးမှု ဓလေ့များ၊ ယုံကြည်မှုများ၊ ဘာသာစကား၊ အကများ၊ ဂီတ တို့ပါဝင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်ကို ရံဖန်ရံခါတွင် ရိုးရာအရ လက်ဆင့်ကမ်းလာသည့် သမိုင်းကြောင်း အချိတ်အဆက်များရှိသော ဓလေ့၊ နေရာ ဒေသ၊ အသုံးအဆောင်၊ အရာဝတ္ထုများဟု အဓိပ္ပာယ် ဖွင့်ကြသည်များ ရှိသည်။ သက်တမ်းကြာမှသာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဟု သတ်မှတ်သည်မဟုတ်ပါ။ အသစ် (သို့မဟုတ်) ဆန်းသစ်ကာ အသုံးပြုသည့် ဓလေ့၊ နေရာ၊ အရာဝတ္ထုများသည်လည်း လက်ရှိမျိုးဆက်အတွက် ယဉ်ကျေးမှု တန်ဖိုးရှိမည်ဖြစ်ပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်၏ အစိတ်အပိုင်းများ ဖြစ်လာနိုင်သည့် အလားအလာများ ရှိနေသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်သည် တစ်ယောက်စီတိုင်းအတွက် အရေးကြီးသည်။ အချို့နိုင်ငံများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်သည် ဌာနေတိုင်းရင်းသားများ (သို့မဟုတ်) အုပ်စု တစ်ခုခုနှင့် ပို၍ သက်ဆိုင်သည်များရှိသည်။ မည်သို့ ဆိုစေကာမူ ယဉ်ကျေးမှုအရ အရေးပါသည့် ဓလေ့၊ နေရာဒေသ၊ အရာဝတ္ထုများသည် လူတို့ကို နေရာတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၊ ယဉ်ကျေးမှုတစ်ခု၊ လူမျိုးစုတို့ကြားတွင် မနောအရ နက်ရှိုင်းလေးနက်စွာ ချိတ်ဆက် ပေးနေသည်။ သမိုင်းအတိတ်ကို ချိတ်ဆက် ပေးခြင်း၊ လက်ရှိပစ္စုပ္ပန်ကို အဓိပ္ပာယ် ရှိစေခြင်းဖြင့် လူတို့၏ သရုပ်သကန်၊ အုပ်စုတစ်စု၏ သရုပ်သကန်ကို အဓိက ပုံဖော်လျက်ရှိသည်။

### ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အမျိုးအစားများ

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကျယ်ပြန့်ပုံကို အပြည့်အစုံမဟုတ်သော်လည်း အတော်များများကို ဇယားကွက် (၁၂) တွင် ဖော်ပြထားသည်။ အမျိုးအစားကွဲပြားသည့် အမွေအနှစ်များကို အဆင့်သတ်မှတ်ပုံ အမျိုးမျိုးရှိသည်။ လမ်းညွှန်စာအုပ် တစ်ခုလုံးတွင် ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုဟုဆိုလျှင် နေရာဒေသ၊ အရာဝတ္ထုနှင့် ဓလေ့များကိုသာ အဓိက ရည်ညွှန်းခဲ့ပြီး တစ်စုတည်း ပေါင်း၍ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာများအဖြစ် သတ်မှတ်ခဲ့သည့် အလျောက် အောက်ပါစာရင်းကို ပြုစု ထားသည်။ စာရင်းတွင်ပါသည့် အမွေအနှစ် များတွင် မြင်ရသည့် မမြင်ရသည့် တန်ဖိုးများ ပါဝင်သည်။ ဥပမာအားဖြင့် မြေယာ ရှုခင်းသည် အတိတ်နှင့် လက်ရှိ ဖြစ်ရပ်များ အတွက်သက်သေဖြစ်သော်လည်း ယင်းမြေယာရှုခင်း၏ အရေးပါမှု တန်ဖိုး ထားမှုကို ဆုံးဖြတ်သည်မှာ လူတို့၏ တမ်းတ မှုများ၊ ဆက်စပ်နေသည့် သမိုင်းကြောင်းတို့ ဖြစ်သည်။

**၁၂။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အမျိုးအစားများ**

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာဒေသများ**

- ရှေးဟောင်းသုတေသနနယ်မြေများ။
- သမိုင်းဝင်မြို့များနှင့် မြို့ပျက်များ။
- မြို့ပြရှုခင်းနှင့် ပါဝင်သည့် အစိတ်အပိုင်းများ။
- ဥယျာဉ်၊ ပန်းခြံနှင့် အခြားပြုပြင်ထားသည့် မြေယာများ။ ဥပမာ-စားကျက်မြေ၊ လယ်မြေ
- ဆိုင်ရာပိုင်ရာ နယ်မြေများ (လူတို့အလေးအမြတ်ထားသည် နေရာများ၊ သို့သော် လူတို့ပြုပြင်ထားသည့် လက္ခဏာ တစုံတရာ မတွေ့ရသည့်နေရာ)
- စက်မှုလုပ်ငန်းများနှင့် ဆိုင်ရာရှုမျှော်ခင်းများပါဝင်သည့် အစိတ်အပိုင်းများ
- ကျောက်ဖြစ်ရုပ်ကြွင်းများ
- ရေအောက်မှ အမွေအနှစ်များ ဥပမာ-သင်္ဘောပျက်
- ပြတိုက်နှင့် ပြခန်း အမျိုးမျိုး

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသုံးအဆောင် အရာဝတ္ထု**

- မြင်ရသည့် မမြင်ရသည့် တန်ဖိုးများရှိသော သဘာဝသယံဇာတများ
- ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် (ပန်းချီကား၊ ယဉ်၊ အဝတ်အထည်၊ ကျောက်ထွင်းလက်နက်များနှင့် အခြားအရာများ)
- မှတ်တမ်းများနှင့် ဒစ်ဂျစ်တယ် အမွေအနှစ် (စာကြည့်တိုက်များတွင် ထိန်းသိမ်းထားသည်များ)
- ရုပ်ရှင်လုပ်ငန်း အမွေအနှစ်နှင့် ယင်းတွင် ပါဝင်သည့်အကြောင်းအရာများ
- စာပေ

**ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များ**

- မျိုးဆက်အလိုက် လက်ဆင့်ကမ်းလာသည့် နှုတ်ပြောရိုးရာများ။
- ဘာသာစကားများ။
- ပါဝင်ဆင်နွှဲသည့် ပွဲတော်များနှင့် ရိုးရာ။
- ရှေးထုံး၊ ရိုးရာ၊ ယုံကြည်မှု နှင့် ဓလေ့များ။
- သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် အသိပညာ၊ ဒေသ (သို့မဟုတ်) ရိုးရာဓလေ့များ။
- ရိုးရာ မြေစီမံအသုံးချပုံဓလေ့၊ အမဲလိုက်ပုံ လယ်စိုက်ပုံနည်းစနစ်များ ။
- တိုင်းရင်းဆေး။
- ဂီတ၊ သီချင်းနှင့် အခြားဖျော်ဖြေမှုဆိုင်ရာ အနုပညာများ။
- ချက်ပြုတ်စားသောက်ပုံ။
- အားကစားနှင့် ကစားပွဲများ ။

**၁၃။ မတူညီသည့် အရေးပါမှုများ**

အမွေအနှစ်များသည် မတူညီသည့် အဆင့်တွင် မတူညီသည့် အရေးပါမှုများ ရှိကြသည်။ ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် အမျိုးမျိုးကွဲပြားကြသည်။ အရေးကြီးသည့် အချက်မှာ တန်ဖိုးအနည်းအများကွာသည်ကို အကြောင်းပြုလျက် ရပ်ရွာက သတ်မှတ်သည့် ၎င်းတို့ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း အသုံးပြုခြင်းများကို မှေးမှိန်သွားအောင် မလုပ်ရန်ဖြစ်သည်။

ဥပမာအားဖြင့် ဟာဝိုင်အီမှ ဌာနေတိုင်းရင်းသားများက ဟာဝိုင်အီကျွန်းအနောက်မြောက်ဘက်တွင် အထ္ထာဝါ အထိန်းအမှတ်အဖြစ်နှင့် ကမ္ဘာ့အမွေအနှစ်ဟု သတ်မှတ်ရန် စီစဉ်မှုကို လက်မှတ် ရေးထိုး ဆန့်ကျင်ခဲ့ကြသည်။ သတ်မှတ်ရန် စီစဉ်ထားသည့်နေရာသည် ၎င်းတို့ ရိုးရာအလျောက် တစ်နိုင်တစ်ပိုင်ငါးဖမ်းစားသည့် နေရာဖြစ်သည်။ ဟာဝိုင်အီမှ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့နှင့် ဆွေးနွေးခြင်းမရှိပဲ ထိုသို့စီစဉ်သည်ကိုလည်း ကန့်ကွက်ခဲ့ကြသည်။ ၎င်းတို့ကို လူရာသွင်းဆွေးနွေးခြင်းမပြုမှုသည် နိုင်ငံတော် အခြေခံဥပဒေကို ချိုးဖောက်မှုဖြစ်သည်။ UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းသည် အမွေအနှစ်များ စီမံခြင်းအတွက် ကြီးမားသည့် ဩဇာသက်ရောက်မှုများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်သည့်အခါတွင် ဒေသခံရပ်ရွာများ၊ ဌာနေတိုင်းရင်းသားတို့ ဆန္ဒများ၊ ပူပန်မှုများနှင့် ငြိပြီး ပဋိပက္ခဖြစ်တတ် သောကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်းအတွက် အမြဲတမ်းရွေးချယ်ရမည့် လမ်းစဉ်မဟုတ်ပါ။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း ဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ဖော်ထုတ်ခြင်း၊ ဆန်းစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ် ဖြစ်ပြီး မန်နေဂျာက အဓိကဆောင်ရွက်သူ ဖြစ်သည်။ အပြောင်းအလဲများကို စီမံကိုင်တွယ်ခြင်းသည် ယင်းလုပ်ငန်း၏ အနှစ်သာရဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်းကို ဆောင်ရွက်ရသည့် အကြောင်းမှာ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည့် ယဉ်ကျေးမှုအရ အရေးပါသည့် နေရာဒေသ၊ ဓလေ့၊ အရာဝတ္ထုများကို ထိရောက်စွာ ကာကွယ်နိုင်ရန် ဖြစ်သည်။ ထိုအပြောင်းအလဲများသည် စီမံကိန်း လှုပ်ဆောင်မှုများနှင့် တိုက်ရိုက်သော် လည်းကောင်း သွယ်ဝိုက်သော်လည်းကောင်း ဖြစ်ပေါ်နိုင်သည်။ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်း စဉ်များ ဆောင်ရွက်ခြင်းတို့၏ ရလဒ်များကြောင့်လည်း ဖြစ်နိုင်သည်။ စီမံခန့်ခွဲမှု ဆိုသည်မှာ အပြောင်းအလဲများ မဖြစ်လာစေရန် ကာကွယ်ခြင်းကို ဆိုလိုခြင်း မဟုတ်ပါ။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် မှတ်တမ်း မှတ်ရာများပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ ပြောင်းလဲ အသုံးချခြင်းတို့ ပေါ်ထွက်လာစေနိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဆုံးရှုံးသွားစေသည့် ရလဒ်များလည်း ပေါ်ပေါက်လာတတ်သည်။

ရပ်ရွာများနှင့် ပူးပေါင်းကာ ယဉ်ကျေးမှုများနှင့် ဓလေ့များကို ကာကွယ်ခြင်း၊ မြေတောင်မြောက်ခြင်းတို့လည်း ပါသည်။ ထိရောက်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းသည် အဆိုးဖြစ်ပေါ်စေမည့် တိုက်ရိုက်သက်ရောက်မှု၊ သွယ်ဝိုက် သက်ရောက်မှုများကို နည်းပါးစေပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာများနှင့် လူတို့အပေါ်သို့ စီမံကိန်း (သို့မဟုတ်) မြေယာ ပြောင်းလဲအသုံးချခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ကောင်းကျိုးများကို တိုးမြှင့်ပေးသည်။
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များချရာတွင် သက်ဆိုင်ရာ ရပ်ရွာများ၊ အမွေအနှစ် ကျွမ်းကျင်သူများ၊ သက်ဆိုင်သူများနှင့် ဆွေးနွေးပြီးမှသာ ပြုလုပ်ရမည်။ အထူးထိန်းသိမ်းခြင်း၊ လျှော့ချခြင်း၊ ကာကွယ်ခြင်း အစီအစဉ်များ လုပ်ရမည်ဟု သတ်မှတ်ထားသည့် အမွေအနှစ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီလည်း ဆောင်ရွက် ရမည်။ ပြည့်စုံသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံမှုဆိုသည်မှာ မည်သူတို့အတွက် ယင်းအရာဝတ္ထု၊ နေရာဒေသ၊ ဓလေ့များသည် အဘယ်ကြောင့်အရေးပါသည်ကို ရှင်းရှင်းလင်းလင်း ဖွင့်ဆိုနိုင်ရမည်။

အဘယ်ကြောင့်ဆိုသော် အရာများအားလုံးသည် တသတ်မတ်တည်း တန်းတူတန်ဖိုး ခံရခြင်း(သို့) ကာကွယ်ရန် လိုအပ်ခြင်းမျိုး မဟုတ်၍ဖြစ်သည်။ စစ်တမ်းကောက်ယူရာတွင် သတိထားရမည့် အချက်တချက်မှာ အချို့သော အမွေအနှစ်များသည် မတူညီသည့် အုပ်စုများအတွက် မတူညီသည့် တန်ဖိုးအဆင့်အတန်းများကို ကိုယ်စားပြုသည့် အချက်ဖြစ်သည်။ ထို့အတူပင် အမွေအနှစ်များသည် ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့်၊ ရွာအဆင့်နှင့် အခြားခြားသော အမြင် အမျိုးမျိုး ရှိကြမည်။ ( ဇယားကွက် ၁၃ ကိုကြည့်ပါ ) ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖော်ထုတ်ရန်၊ တန်ဖိုးသတ်မှတ်ရန်အတွက် သက်ဆိုင်သည့် ရပ်ရွာများ၊ သက်ဆိုင်သူများကို ဆွေးနွေးရာတွင် ကျယ်ပြန့်စုံလင်စွာဆွေးနွေးရန် လိုအပ်သည်။ ရံဖန်ရံခါတွင် သက်ဆိုင်သည့် ရပ်ရွာများဆိုရာတွင် မည်သူတို့ပါဝင်သနည်း ဆိုသည်မှာ ဆုံးဖြတ်ရန်ခက်ခဲသည်။ အုပ်စု အမျိုးမျိုး၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ တန်ဖိုးကို ပြည့်ဝစုံလင်စွာ ခြုံငုံမိရန်အတွက် ဆွေးနွေးအကြံယူမှုများပြုလုပ်သည့်အခါ ကျား/မ၊ အသက်အရွယ်၊ လူမျိုးစု၊ ဘာသာရေး နောက်ခံ၊ လူအတန်းအစား အစရှိသည့် အချက်များကို ထည့်သွင်းစဉ်းစားရန်လိုသည်။ လမ်းညွှန် စာအုပ်ပါ လုပ်နည်းကိုင်နည်းပြသထားသည့် အခန်းနှင့် ရီယိုတင်တို၏ ဆွေးနွေးအကြံ ယူခြင်းနှင့် ချိတ်ဆက်ဆွေးနွေးခြင်းများအတွက် လမ်းညွှန်တွင် အုပ်စုအမျိုးမျိုးနှင့် ဆွေးနွေး အကြံယူပုံတို့ကို ဖော်ပြထားသည်။

## တန်ဖိုးထားအရေးပါမှု ဆန်းစစ်ခြင်း (Assessing significance)

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များတန်ဖိုးကို ဆုံးဖြတ်ရန် နည်းလမ်းတစ်ခုမှာ ယဉ်ကျေးမှု ဆိုင်ရာ တန်ဖိုးထားအရေးပါမှုကို ဆန်းစစ်ခြင်း ဖြစ်သည်။ တန်ဖိုးထားအရေးပါမှု ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မျိုးဆက်များအတွက် နေရာတစ်ခု၊ ဓလေ့တစ်ခု၊ အရာဝတ္ထုတစ်ခု၏ လူမှုရေးအရ၊ သိပ္ပံနည်းအရ၊ သမိုင်းကြောင်းအရ၊ အနုပညာအရ တန်ဖိုးသက်ရောက်မှုကို ဆိုလိုခြင်း ဖြစ်သည်။ နောက်တနည်းပြောရလျှင် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များ လက္ခဏာများသည် အုပ်စုတစ်စုမှ လူတို့အတွက် အဘယ်ကြောင့် အရေးပါသည်ကို ဖော်ထုတ်ခြင်းဖြစ်သည်။ အနုပညာတန်ဖိုးဆိုသည်မှာ နှစ်လိုဖွယ် အဆင်းကြောင့် သော်လည်းကောင်း၊ အရွယ် အစား(သို့မဟုတ်) ပုံစံ (သို့မဟုတ်) ၄င်းက ပေးစွမ်းနိုင်သည့် ရသများ (စက္ခု သောတ) များကြောင့် တန်ဖိုးထားခြင်းခံရသည့် အမွေ အနှစ်ကို ဆိုလိုခြင်း ဖြစ်သည်။ အနုပညာ တန်ဖိုးဆိုရာတွင် ဗိသုကာနှင့် အခြားအနုပညာ ဆိုင်ရာ တန်ဖိုးထားမှုများနှင့် ဆက်နွယ်နေတတ် ပြီး ရံဖန်ရံခါတွင် သဘာဝ ဖြစ်ရပ်များ၊ ထိတွေ့ နိုင်ခြင်းမရှိ မြင်နိုင်ခြင်း မရှိသည်များနှင့် ဆက်စပ် သည့် အခါများလည်း ရှိသည်။ ဥပမာအားဖြင့်

**၁၄။ လူသားတို့ရှင်သန်ရာ ကမ္ဘာ့အမွေအနှစ် နယ်မြေ**

လူသားတို့ရှင်သန်ရာ နယ်မြေကို ကမ္ဘာ့အမွေအနှစ်နယ်မြေအဖြစ် ယူနက်စကိုက ၁၉၉၉ တွင် သတ်မှတ်ခဲ့သည်။ ယင်းနေရာသည် တောင်အာဖရိကတွင် ရှိပြီး ဂျိုဟန်နက်စဘတ်မှ ၅၀ ကီလို မီတာဝေးသည်။ လူသားတို့ရှင်သန်ရာအရပ်ဟု အမည်ပေးရခြင်းမှာ လူ ကျောက်ဖြစ်ရုပ်ကြွင်း အများအပြားကို ထိုအရပ်တွင်တွေ့ရသောကြောင့် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃.၅ သန်းမှ ရုပ်ကြွင်းများလည်းပါဝင်ပြီး အစောဆုံးတွေ့ရှိသည့် ရုပ်ကြွင်းများဖြစ်သည်။ ထိုဒေသမှ ရှေးဟောင်း သုတေနပညာဆိုင်ရာတွေ့ရှိချက် များသည် လူတို့ အဆင့်ဆင့် ပြောင်းလဲလာပုံကို လေ့လာရာတွင် များစွာအထောက်အကူ ပြုသည်။ ထို့ကြောင့် သိပ္ပံအတွက် တန်ဖိုးရှိသည့် နေရာ ဖြစ်သည်မှာ ထင်ရှားသည်။

အင်္ဂလိပ်ကျေးတောရွာ၏ ရှုခင်းဖြစ်သော ကောက်ရိုးလိပ်များ၊ ကျောက်သား နံရံများသည် အနုပညာဆန်သည်ဟု ဆိုကြသည်မှာ ထိုရှုခင်းမျိုး ကို ထိုနေရာတွင်သာ တွေ့နိုင်၍ဖြစ်သည်။ ဆိုလိုသည်မှာ အမွေအနှစ်ဟု ဆိုလေတိုင်း လှပနေရမည်ဟု မဟုတ်ပါ။ စက်မှုလုပ်ငန်း (သို့မဟုတ်) စက်မှုလုပ်ငန်းလုပ်ကိုင်ရာ ဒေသများ သည်လည်း အနုပညာဆန်သော အမွေအနှစ် အနေနှင့် တန်ဖိုးထားကြသည်။ ဥပမာ-လန်ဒန် သိမ်းမြစ်ပေါ်မှ ဘက်တားဆီး ဓာတ်အားပေး စက်ရုံသည် ပုံပန်းမကျလင့်ကစား အမွေအနှစ် အနေနှင့် လူတို့ တန်ဖိုးထားကြသည်။ (ရုပ်ဆိုးသည့် အဆောက်အဦပုံစံကြောင့် သဘောကျခြင်းလည်း ဖြစ်နိုင်သည်။ ) အလှ ဆိုသည်မှာ ခံစားသူက သတ်မှတ်ခြင်းဖြစ်ပြီး ပုံသေ သတ်မှတ်ထားခြင်းမျိုး မရှိပါ။ နေရာဒေသ တခု၊ အရာဝတ္ထု၊ ဓလေ့တခု၏ တန်ဖိုးကို ထိုအရာများနှင့်သက်ဆိုင်သူ၊ အရေးကြီးသည်ဟု ခံယူထားသူတို့က သတ်မှတ်ရမည်ဖြစ်ပြီး တန်ဖိုးကို တစ်ဦးနှင့်တစ်ဦး အမြင်မတူညီမှု အပေါ်တွင် အခြေခံနိုင်းယှဉ်၍ တန်ဖိုးဖြတ်ခြင်း မပြုလုပ်ရ။

သမိုင်းကြောင်းဆိုင်ရာ တန်ဖိုးထားအရေးပါမှု ဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ သည် လူ့အဖွဲ့အစည်းအတွက် သမိုင်း မှတ်တိုင်များအဖြစ် ရှိနေခြင်းကို ဆိုလိုသည်။ ဥပမာ-တိုက်ပွဲများနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ နာမည်ကျော်များနှင့် ပတ်သက် နေ၍သော်လည်းကောင်း ယင်းဒေသ(သို့မဟုတ်) အရာဝတ္ထုတခုသည် တန်ဖိုးထားခြင်း ခံရနိုင်သည်။ မကြာသေးမီကပင် နေရာ ဒေသများကို သမိုင်းကြောင်းလားရာ ဦးတည်ချက် များနှင့် စပ်ဆက်မှုအရ ဆန်းစစ်ခြင်းများကို ပြုလုပ်လာကြသည်။ ဥပမာ-စက်မှုလုပ်ငန်းတစ်ခု ပေါ်ပေါက်လာအောင် စတင်သည့်နေရာ၊ မြေယာ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် နေရာ သို့မဟုတ် လွတ်လပ်ရေးတိုက်ပွဲများ စတင်သည့် အောင်မြေ အစရှိသဖြင့် ဦးတည်ချက်ကွဲများပေါ် အခြေခံကာ ဆန်းစစ်ကြသည်။ ဘောစတွန်မြို့မှ အမွေအနှစ်များ ထိန်းသိမ်းထားမှုတွင် ပြည်တွင်း စစ်မတိုင်မှ အဆောက်အဦများနှင့်

သမိုင်းဝင်နေရာ (၁၅) ခု ပါဝင်သည်။ သမိုင်းတန်ဖိုးများ၊ သမိုင်းဦး (သို့မဟုတ်) သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သုတေသန အချက်အလက်များကို အသေအချာ ပံ့ပိုးပါက ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ နေရာ၊ အရာဝတ္ထု၊ ဓလေ့ များတွင် သိပ္ပံနည်းအတွက် အကျိုးရှိသည်များ သုတေသနလုပ်သင့်သည်များ ရှိတတ်သည်။
သိပ္ပံ တန်ဖိုးအရေးပါမှုဆိုသည်မှာ ယင်းနေရာတစ်ခုတွင်ရှိသည့် အထောက် အထားများဖြစ်ပြီး အတိတ်က ယင်းနေရာတွင် မည်သူတို့ရှိခဲ့သည် ဘာဖြစ်ခဲ့သည်ကို ပြောနိုင်ပြီး များသောအားဖြင့် ရှေးဟောင်းသုတေသန ပညာနှင့် ဆက်နေသည်။ သိပ္ပံနည်းကျ တန်ဖိုး အရေးပါမှုများရှိသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် ရှေးလူတို့ဓလေ့၊ အခြေချ နေထိုင်ပုံများ၊ အတိတ်မှ ပတ်ဝန်းကျင် (သို့မဟုတ်) နိုင်ငံများဝင်ရောက်နေရာယူပုံ သမိုင်းကြောင်းများနှင့် ပတ်သက်သည့် အသိပညာများကို ပိုမိုအားကောင်းလာစေသည်။

လူမှုရေးအတွက် အရေးပါတန်ဖိုးရှိခြင်းဆိုသည်မှာ နေရာတစ်ခု၊ အရာဝတ္ထုတစ်ခု၊ ဓလေ့ တစ်ခုသည် နိုင်ငံရေး၊ အမျိုးသားရေး၊ စိတ်ဓာတ်ရေးရာနှင့် အခြားယဉ်ကျေးမှုဆိုင်ရာ အယူအဆများအတွက် ဆုံချက်ဖြစ်လာခြင်းကို ဆိုလိုသည်။ လူမှုရေး တန်ဖိုးသက်ရောက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အများစုက ခေတ်ပြိုင်အသုံးချမှုများ၊ သမိုင်း (သို့မဟုတ်)ရိုးရာ -လေ့များကြောင့် ရပ်ရွာ၏ သရုပ်သကန်အတွက် အရေးပါနေသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဟု ဖွင့်ဆို ကြသည်။ လူမှုရေး တန်ဖိုးထားအရေးပါမှုသည် ရံဖန်ရံခါတွင် နေရာဒေသတစ်ခုအတွက် တန်ဖိုးကို နားလည်ခံစားမှုဖြစ်ပြီး ယင်းဒေသ၏ အနုပညာဆန်မှု၊ သမိုင်းကြောင်းနှင့် သိပ္ပံအတွက် အရေးပါမှုတို့လည်း ပါနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စိတ်ဓာတ်ရေးရာအတွက် တန်ဖိုးထားတတ်ကြ သော်လည်း ယင်း၏ အနုပညာဆန်မှု၊ သမိုင်းကြောင်းစပ်လျဉ်းမှု၊ ဒေသသမိုင်းအတွက် သိပ္ပံနည်းကျ အဖြေထုတ်ပေးနိုင်မှုတို့က လူနှင့် ပို၍နီးစပ်စေသည့် အချက်များဖြစ်သည်။

**၁၅။ လူမှုရေးအရ အဖိုးတန်ခြင်း၊ မွန်ဂိုးလီးယား ကန်ဘုတ်ဒေသ**
မွန်ဂိုးလီးယား ကန်ဘုတ်ဒေသမှ ဂျာ့ခန့်တောင်သည် သန့်ရှင်းသောနယ်မြေဖြစ်ပြီး
အမျိုးသမီးများကို သွားလာခွင့် မပြုပါ။ အပြင်လူများအတွက်တော့ ထိုတောင်သည် မထူးခြား
သော်လည်း ဒေသခံများအတွက်တော့ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု အစဉ်အလာအရ
များစွာတန်ဖိုးရှိဆဲ ဖြစ်သည်။

**၁၆။ မြင်ရသည့် တန်ဖိုးနှင့် မမြင်ရသည့်တန်ဖိုးတို့အကြား တိုးတိုက်မိခြင်း**
မြင်ရသည့် မမြင်ရသည့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းသည် အရေးကြီးသည့်
လုပ်ငန်းဖြစ်သည်မှန်သော်လည်း မြင်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို
ထိန်းသိမ်းခြင်းသည် ရံဖန်ရံခန်တွင် မမြင်ရ သည့် တန်ဖိုးများကို ဖိစီးနှိပ်စက်တတ်သည်။

ဒွန်ဘိုရှာဗာ စကျင်ကျောက်ဆောင်သည် ကျောက်ခေတ်နှောင်းပိုင်း ကျောက်ထွင်း အနုပညာ
လက်ရာများပါရှိပြီး ဇင်ဘာဘွေနိုင်ငံတွင်ရှိသည်။ မမြင်ရသည့် တန်ဖိုးများ၊ ဓလေ့များ
ယုံကြည်မှုများနှင့် ဆက်စပ်နေသည့် ထိုကျောက်ဆောင်ကို အဆိုပါတန်ဖိုးများနှင့် ပေါင်းစပ်
ထိန်းသိမ်းခြင်းမရှိဘဲ သီးသန့်ထိန်းသိမ်းရန် စီမံဆောင်ရွက်မှုကြောင့် အမွေအနှစ်မန်နေဂျာနှင့်
ရပ်ရွာအကြားပဋိပက္ခများကို ဖြစ်ပေါ်စေသည်။ အမွေအနှစ်မန်နေဂျာများသည် ထိုကျောက်
ဆောင်၏ မြင်ရသော အနုပညာတန်ဖိုးကိုသာ အဓိကထား ဖြေရှင်းလိုသည်။ ဒေသခံများ
အတွက် ထိုကျောက်ဆောင် ဒွန်ဘိုရှာဗာသည် မိုးခေါ်သည့်နေရာ ဖြစ်သည်။ မိုးခေါ်
ကျောက်တုံးကို ထိန်းသိမ်းလိုက်သဖြင့် မိုးခေါ်သည့်ပွဲ များကို ကျောက်ဆောင်အတွင်းလုပ်ရန်
အခွင့်မပေးတော့ပေ။ ထိုပွဲများတွင် အနုပညာဆိုင်ရာ လုပ်ဆောင်ချက်များစွာပါပြီး အနုပညာ
အရေးပါပုံကို ဖော်ထုတ်သည့်ပွဲများ ဖြစ်သည်။ သို့သော်လည်း မိုးခေါ်ပွဲများကို ကျောက်ဆောင်
အောက်တွင် လုပ်ခွင့်မပေးတော့ချေ။ ပွဲပေးသည့်အခါတွင် မီးဖို ဖိုခြင်းများ ပါဝင်ပြီး ထွက်လာ
သည့် မီးခိုးများသည် ယင်း ကျောက်ဆောင်၏ အနုပညာ လက်ရာများကို ပျက်ဆီးစေသည်ဟု
ဆိုကာ တားမြစ်ခဲ့သည်။ ထိုကဲ့သို့ တားမြစ်ခဲ့ခြင်းသည် ဒေသခံများ၏ ဒေါသကို နှိုးဆွပေး
သကဲ့သို့ဖြစ်ပြီး မိုးခေါ် ကျောက်တုံးကိုလည်း ဆီဆေးများဖြင့်ပက်ကာ ဖျက်ဆီး လိုက်ကြသည်။
ထိုဖြစ်စဉ်မှ လေ့လာရသည်မှာ မြင်ရသည့် အရာ များကို ထိန်းသိမ်းရန်လိုသကဲ့သို့ ယဉ်ကျေးမှု
အမွေအနှစ်ကို အဓိပ္ပာယ်ပြည့်စုံစေသည့် မမြင်ရသည့် ဓလေ့များကိုလည်း ဆက်လက်
လုပ်ဆောင်ခွင့် ပြုရန်လည်းလိုသည်ကို ပြသခဲ့သည်။

ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်
ကျွမ်းကျင်သူများက အသက်အရွယ်၊ လူမျိုး
နှင့် အတန်းအစား အစရှိသည့် လူမှုရေး
အုပ်စုများကွဲပြားသည်နှင့် အညီ တန်ဖိုးထား
အရေးပါမှုများသည်လည်းကွဲပြားသည်ဟု
ဆိုခြင်းဖြစ်သည်။ လူမှုရေးတန်ဖိုးများသည်
ရံဖန်ရံခါတွင် လူနည်းစုများက ဖွင့်ဆိုသည့်
အဓိပ္ပာယ်ပေါ်တွင် မူတည်တတ်သည်။
ဗိသုကာဆိုင်ရာ(သို့) ရှေးဟောင်း သုတေသန
ဆိုင်ရာ တန်ဖိုးများနှင့် ကွဲပြားခြားနား
နေတတ်သည်။သို့မဟုတ် နိုင်ငံအတွက်၊
လူသားမျိုးနွယ် တစ်ခုလုံးအတွက်
အရေးပါသည့် ရှေးဟောင်း သုတေသန
ဆိုင်ရာ တန်ဖိုးကို သီးသန့်လူမှု အုပ်စု
အဖွဲ့က ဖွင့်ဆိုခြင်းနှင့်လည်းဆိုင်သည်။
ဇယားကွက် (၁၅) ကိုကြည့်ပါ။

ဩစတြေးလျ အမွေအနှစ်ကော်မရှင်အက်
၁၉၇၅ (အမေရိကန် ပုံစံအတုယူထားသည်)
နှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုရှိသည့်
နေရာများထိန်းသိမ်းခြင်း သဘောတူညီချက်
ဩစတြေးလျ ICOMOS ချာတာ
(ဘာရာချာတာဟုလည်းခေါ်သည်)
၁၉၇၉ တို့တွင် လူမှုရေးတန်ဖိုးများကို
တန်ဖိုးဆန်းစစ်သည့် စစ်တမ်းတွင်
ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းထားသည်။
၁၉၉၉ ခုနှစ်တွင် ပြန်လည်မွမ်းမံသည့်
ဘာရာ ချာတာတွင် လူမှုရေးတန်ဖိုးများသည်
အုပ်စုတစုနှင့်တစုကြား၊ အုပ်စုတွင်းမှာပင်
ကွာခြားပုံ၊ ထိခိုက်မည့် အုပ်စုနှင့် တွေ့ဆုံ
ဆွေးနွေးပြီး နေရာဒေသ၊ အရာဝတ္ထုများ၏
တန်ဖိုးကို သတ်မှတ်ရန်အတွက် ပိုမို
ကျယ်ပြန့်စွာ တိုက်တွန်းထားသည်။ အဆိုပါ
ပြင်ဆင်ထည့်သွင်းလိုက်သည့် အချက်များ
ကြောင့် ပြင်ဆင်မှုများကြောင့် မြင်ရသော
အမွေအနှစ်များနှင့်ဆိုင်သည့် ဆွေးနွေးပွဲ
အများအပြား ဖြစ်ပေါ်လာစေခဲ့ပြီး
မမြင်ရသည့် အမွေအနှစ်များ အကြောင်းကို
စစ်တမ်းတွင် ဖော်ထုတ်ရန်အတွက် ပညာရှင်

များကိုလည်း ပါဝင်စေခဲ့သည်။
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့်
အမျိုးအစားကွဲပြားမှုများ
လူမှုအဖွဲ့အစည်းဆိုသည်မှာ မတူညီသည့်
အုပ်စုများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။
အသက်အရွယ်၊ ကျား/မ၊ အတန်းအစား၊
လူမျိုး၊ ဘာသာပေါင်းစုံ တို့ဖြင့် ဖွဲ့စည်း
ထားသည်။ တန်ဖိုးထားသည့် စနစ်မှာ
အုပ်စုတွင်း၊ အုပ်စု တစုနှင့်တစုကြား
ကွာခြားသည်။ ဆိုလိုသည်မှာ နေရာ
တခုတည်း၊ အရာဝတ္ထုတစ်ခုတည်း၊ ဓလေ့
တစ်ခုတည်းကိုပင်တန်ဖိုးထားပုံ အမျိုးမျိုး
ကွဲပြားသည်။ တစ်ခါတစ်ရံတွင် မတူညီသော
တန်ဖိုးထားပုံများကြောင့် ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ် အရေးပါမှုတွင် ပဋိပက္ခများ
ဖြစ်ပေါ်စေသည်။ ပမာနိုင်းရလျှင် စစ်တွင်
အနိုင်ရသူက ရှုံးသူ၏ ယဉ်ကျေးမှုဆိုင်ရာ
အမှတ်အသားများကို စနစ်တကျသို့
မတော်တဆ ဖျက်ဆီးသလိုဖြစ်သည်။
ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည်
အုပ်စုသရုပ်သကန်အတွက် အလွန်
အရေးကြီးသည် ဖြစ်ရကား လူတို့သည်
၄င်းတို့ကိုယ်ပိုင် ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ်များနှင့် ပတ်သက်လာလျှင်
သတ်မှတ်ခွင့် ဆုံးဖြတ်ခွင့်ရှိသည်။
ဆိုလိုသည်မှာ မည်သည်က ယဉ်ကျေးမှု
ဆိုင်ရာ အမွေအနှစ်ဖြစ်သည်၊
အဘယ်ကြောင့်အရေးပါသည်နှင့် မည်ကဲ့သို့
ထိန်းသိမ်းမည်ကို ယဉ်ကျေးမှုဆိုင်ရာ
အမွေအနှစ်သည် ၄င်းတို့အတွက်
အရေးပါသည်ဟု လက်ခံထားသူများက
ဆုံးဖြတ်ရမည်။ ဌာနေတိုင်းရင်းသားများနှင့်
ပတ်သက်သည့် ရိုးရာပိုင်မြေများ ကိစ္စနှင့်
ပတ်သက်လာလျှင် ထိုအယူအဆကို
ကျပ်တည်းစွာ ဆုတ်ကိုင်ထားရမည်။
ရပ်ရွာသားများကို စီမံခန့်ခွဲခြင်းများတွင်
ပါဝင်ရန်လိုအပ်ခြင်းသည် စီမံကိန်း
မန်နေဂျာများအတွက် ရှုပ်ထွေးမှုများ
ဖြစ်စေသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေ
အနှစ်ကို အဟောင်းအမြင်းများ၊
ရိုးရာဓလေ့များမှာ ယခင်အတိတ်က
အကြွင်းအကျန်များ ဖြစ်သည်ဟု
ရံဖန်ရံခါတွင် မှားယွင်းစွာ
လက်ခံထားကြသည်။ လူတို့ဖြစ်တည်မှု
လက္ခဏာအတွက် အရေးပါသည့် ရှင်သန်ဆဲ
ယုံကြည်မှုများနှင့် ဓလေ့များ ဖြစ်သည်ကို
မေ့လျော့ထားမိကြသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တန်ဖိုး
များသည် အမြဲတမ်း တည်မြဲနေခြင်းမရှိပါ။

**၁၇။ ရေနေ နို့တိုက်သတ္တဝါများကို အင်နွတ်တို့၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အဖြစ်သတ်မှတ်ခြင်း**

အာတိတ်မှ အသံများကို စမ်းသပ်ခြင်းသည် ကနေဒါအရှေ့ အာတိတ်သမုဒ္ဒရာ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော တုန်ခါမှုနှင့် ဆိုးရွားစွာ ဆူညံသော အသံများ၏ ရိုက်ခတ်မှုကြောင့် အင်နွတ်တို့က ၎င်းတို့ ဝမ်းစာနှင့် အခြားရင်းမြစ် အနေနှင့် အသုံးချသည့်အပြင် ယဉ်ကျေးမှု၊ ဝိညာဉ်ရေးရာအတွက်ပါ အရေးပါသည့် ရေနေ နို့တိုက်သတ္တဝါများအပေါ် သက်ရောက်မှုများ ရှိနိုင်သည်ဟု ထုတ်ဖော်ပြောဆိုလာသောကြောင့် ဆက်လက်စမ်းသပ်ခြင်း မပြုလုပ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ ၂၀၁၀ ဩဂုတ်(၈)ရက်နေ့တွင် နူနာဗွတ် တရားရုံးက ချမှတ်လိုက်သည့် စီရင်ချက်တွင် အင်နွတ်တို့၏ အစာရင်းမြစ်ကိုသာ ကာကွယ်ခြင်းမဟုတ်ပဲ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကိုပါ ကာကွယ်ခြင်း ပြုလုပ်ရန် ပါဝင်သည်။

တရားဆုံးဖြတ်ချက်မှာ -

'စမ်းသပ်မှုများကို အစီအစဉ်ရှိသည့်အတိုင်း ဆက်လုပ်သွားမည် ထိုအခါတွင် ရေနေ နို့တိုက်သတ္တဝါများသည်လည်း အင်နွတ်တို့ စိုးရိမ်သည့်အတိုင်း ထိခိုက်မည် ထိခိုက်ခံရမည့် ရပ်ရွာအတွက် ပမာဏသည် အလွန်များမည်ဖြစ်ပြီး ပြင်ဆင်ရန်လည်း တတ်စွမ်းနိုင်မည် မဟုတ်ပါ။ ဆုံးရှုံးသည်ဟု ဆိုရာတွင် အစာရင်းမြစ်သာ ဆုံးရှုံးမည်မဟုတ်ပါ။ ယဉ်ကျေးမှုပါ ဆုံးရှုံးခြင်း ဖြစ်သည်။ ထိုဆုံးရှုံးမှုများကို ငွေဖြင့် အစားထိုးလျော်၍မရပါ။'

လူတို့ တန်ဖိုးထားသည့် နေရာ၊ အရာဝတ္ထု၊ ဓလေ့၊ တန်ဖိုးထားရသည့် အကြောင်းရင်းများသည် လက်ရှိကာလ လူတို့ သုံးသပ်ဆုံးဖြတ်ကြသည့်အတိုင်း အချိန်အလိုက် ပြောင်းလဲနေသည်။ အမွေအနှစ်များနှင့် ဆိုင်သည့် အသိပညာများ လျော့နည်းသွားသည့်အခါ မျိုးဆက်လက်ဆင့်ကမ်းမှု ပြတ်သွားသည့်အခါမျိုးတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များတန်ဖိုး လျော့နည်းသွားသည့် အခါများလည်းရှိသည်။ ဓလေ့အသစ် ယုံကြည်မှုအသစ်များနှင့် တန်ဖိုးအသစ်များသည်လည်း အခြေအနေ အချိန်အခါများ ပြောင်းလဲသွားသည်နှင့်အမျှ ပေါ်ထွက်လာသည်။ ယဉ်ကျေးမှု အမွေအနှစ်များအတွက် လွန်စွာ အရေးကြီးသည့် စစ်မှန်ခြင်းဟူသော အယူအဆကို အသစ်ဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်များ၊ အလေ့အထများသည် စစ်မှန်ခြင်းမရှိ(သို့) အတုပြုလုပ်မှုဟု ညွှန်းဆို၍ မှားယွင်းစွာ အသုံးချခံရရှိနိုင်သည်။ သက်တမ်းကြာခြင်း(သို့) စစ်မှန်မှုနှင့် အရေးပါမှုတို့ကြားတွင် မည်သည့်ဆက်စပ်မှုမျှ မရှိသည်ကိုလည်း သဘောပေါက် ထားရမည်။ ဥပမာအားဖြင့် ပစိဖိတ်ကျွန်းများမှ ကျွန်းသားများသည် မကြာသေးမီက ရက်ဂေးဂီတ (ဂျမေကာမှ စတင်သည့် ဂီတ) ကို ယဉ်ကျေးမှုဆိုင်ရာ ခံစားချက်တခု အနေနှင့် မြတ်နိုးစွာ လက်ခံကြပြီး ပစိဖိတ်စတိုင် ရက်ဂေးဂီတကို တီထွင်လာပြီး ၎င်းတို့ယဉ်ကျေးမှုဘဝ စတိုင်များနှင့် တသားတည်း ဖြစ်လာသည်။

အသစ်ပေါ်ပေါက်လာသည့် ယဉ်ကျေးမှုများ၊ အရာဝတ္ထုများ၊ နေရာဒေသသစ်များကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအဖြစ် သတ်မှတ်နိုင်သော်လည်း ယဉ်ကျေးမှု အမွေအနှစ်တန်ဖိုး ပိုင်ဆိုင်မှု မရှိသော်လည်း အခြားသော အရေးကြီးသည့် တန်ဖိုးများကြောင့် ရပ်ရွာက တန်ဖိုးထားသောအရာများနှင့် ယဉ်ကျေးမှုအမွေအနှစ် အရေးပါမှုကြောင့် တန်ဖိုးထားခံရသော အရာများကြား ကွဲပြားမှုအချို့ ရှိသည်ကို သတိထားရန် လိုသည်။ ဥပမာ အားဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ တန်ဖိုးမရှိသည့် အဆောက်အဦးကောင်း၊ အများပြည်သူသုံး နေရာများ၊ အခြေခံ အဆောက်အဦးများကို အချို့က တန်ဖိုးထား သကဲ့သို့ အချို့က သာမန် အဖြစ်သာသာ သဘောထားသည်။

မြင်ရသည့်တန်ဖိုး၊ မမြင်ရသည့်တန်ဖိုးများ ပေါင်းဆုံခြင်း

အမွေအနှစ်များကို ပညာရှင်ဆန်ဆန် ကိုင်တွယ်ရာတွင် ယခင်က အသုံးပြုခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းနှင့် အရိုး အကြွင်း အကျန်များကို အစပြုကာ ခြေရာခံသည့် ရှုပကဂုဏ်အသားပေးသည့် အရာဝတ္ထု အခြေခံချဉ်းကပ်နည်းမှ နေရာတစ်ခုကို အခြေပြုကာ ချဉ်းကပ်သည့် ပုံစံသို့ ပြောင်းလဲသွားပြီဖြစ်သည်။ ဆိုလိုသည်မှာ အရာဝတ္ထုတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်း မဟုတ်ပဲ ထိုဒေသမှ အဓိက နေရာ၊ မြေ၊ မြေယာရှုခင်း၊ အဆောက်အဦး၊ အခြား သက်ဆိုင်သည်များ၊ သက်ဆိုင်လာနိုင်သည် များ၊ ပါဝင်မည့်အရာများ၊ အကြောင်းအရာ၊ ရှေ့ဆက်အလားအလာ၊ ထိုဒေသနှင့် ဆိုင်သည့် အသံဗလံများက အစ ကျယ်ပြန့်စွာလေ့လာသည့် ချဉ်းကပ်ပုံသို့ ပြောင်းသွားပြီ ဖြစ်သည်။

မကြာသေးမီကပင် အမွေအနှစ်ကိုင်တွယ်ပုံ လမ်းညွှန်တွင် ယဉ်ကျေးမှုဆိုင်ရာ အမျိုးစုံလင်တွင်ပါဝင်သည့် မမြင်ရသည့် တန်ဖိုးများကို စီမံခြင်း၊ ယဉ်ကျေးမှုဓလေ့များ ဖြစ်သော ဘာသာစကား၊ အနုပညာ၊ ဂီတ၊ ဝတ်စားဆင်ယင်ပုံ၊ ဂေဟဗေဒ နှင့်ဆိုင်သည့် ရိုးရာအသိပညာများ၊ အမဲလိုက်နည်းများကို ထိန်းသိမ်းမည့် အစီအစဉ်တွင် ထည့်သွင်း ပေါင်းစပ်ခဲ့သည်။ ထိုအပြောင်းအလဲများ ကြောင့် သိလာရသည့်အချက်မှာ မြင်ရသည့် အမွေအနှစ်များသည် ၎င်းတို့ဖာသာ သီးသန့်ရပ်တည်ပါက တန်ဖိုးမည်မည်ရရ မရှိပါ။ မမြင်ရသည့် တန်ဖိုးများနှင့် ပေါင်းစပ် အသုံးချနိုင်မှသာ အဓိပ္ပာယ်ရှိမည် ဖြစ်သည်။ ထိုအချက်များသည် ခေတ်ပြိုင်လူတို့ ယဉ်ကျေးမှုဆိုင်ရာ နေရာ(သို့မဟုတ်) အရာဝတ္ထုကို မည်သို့ အသုံးချကြသနည်း ပေါ်တွင် အခြေခံသည်။ ရံဖန်ရံခါတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်း အစီအစဉ်များကို ရိုးရာနည်းများဖြင့် လက်တွေ့အကောင်အထည်ဖော်သဖြင့် ခေတ်ပြိုင် စီမံခန့်ခွဲမှုပုံစံများနှင့် အတိုက်အခံ ဖြစ်သည်များလည်းရှိသည်။

မြင်ရသော အမွေအနှစ်များ၏ မမြင်ရသော တန်ဖိုးများကို စီမံခြင်းသည် အလွန်ခက်ခဲပြီး အမွေအနှစ်ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာ ရပ်ရွာနှင့် အကျေအလည်ဆွေးနွေးပြီး မည်သည့်ဓလေ့များကို ယဉ်ကျေးမှုဆိုင်ရာ နေရာ၏ အဓိပ္ပာယ်နှင့်ပူးတွဲသတ်မှတ် ထိန်းသိမ်းမည်ဆိုသည်ကို ဆုံးဖြတ်ရမည် ဖြစ်သည်။ ဤသို့ဖြင့် မသင့်တော်သည့် အပြုအမူများကို တန့်သတ်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်သည်။ (ဇယားကွက် (၁၆) ကိုကြည့်ပါ)

ထို့အတူပင် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များ ဖြစ်သော အစဉ်အလာများ၊ ပွဲလမ်းသဘင်များတွင်လည်း ရွေ့ပြောင်းနိုင်သော ရှုပကဂုဏ် အရာဝတ္ထုများ၊ အခမ်းအနားသုံး ပစ္စည်းများ ဝတ်စုံများ ပါဝင်သကဲ့သို့ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အက၊ သီချင်းများလည်း ပါဝင်သည်။

မမြင်ရသည့် အမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် ရှုပ်ထွေးလှသည်။ ယူနက်စကိုက ထိန်းသိမ်းထားလိုက်ခြင်းထက် ကာကွယ်ခြင်းကို ပိုအားပေးသည်။ ထိန်းသိမ်းထားလိုက်ခြင်းဖြင့် ယဉ်ကျေးမှု ဓလေ့မှား၏ လိုအပ်ချက်အရ လိုက်လျောညီထွေပြောင်းလဲမှု ပုံမှန်သဘောဖြစ်စဉ်ကို တားဆီး လိုက်သကဲ့သို့ဖြစ်သွားသည်။

ကာကွယ်ခြင်းအစီအမံများသည် ယဉ်ကျေးမှုကို စဉ်ဆက်မပြတ် တိုးတက်နေစေရန် အတွက် လိုအပ်သော အနာဂတ်မျိုးဆက်သစ်များအတွက် မမြင်ရသည့် ယဉ်ကျေးမှု အမွေအနှစ်များကို အနက်ဖွင့်ဆိုရန် လက်ဆင့်ကမ်းရန် အတွက်လည်း သေချာစေရမည်။ ယဉ်ကျေးမှုဆိုင်ရာ အမျိုးအစား စုံလင်ကွဲပြားသည်များကို အားကောင်းစေရန် (မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ) ပံ့ပိုး ပေးနိုင်ရမည်။ ဇယားကွက် (၁၇) ကိုကြည့်ပါ။

**၁၈။ ယဉ်ကျေးမှုဆိုင်ရာ မြေ**

ယဉ်ကျေးမှုဆိုင်ရာမြေတွင် သဘာဝနှင့် လူ့သဘာဝတို့ပေါင်းစပ်ထားသည်။ ဥယျာဉ်၊ ပန်းခြံ၊ သဘာဝရှုခင်းများနှင့် ဆိုင်ရာပိုင်ရာ နယ်မြေများပါသည်။ ဆိုင်ရာပိုင်ရာ နယ်မြေများတွင် ဝိညာဉ်ဆိုင်ရာ (သို့မဟုတ်) အခြား အရေးပါမှုများ ပေါင်းစပ်လျက်ရှိပြီး မျက်စိနှင့် မြင်နိုင်ခြင်း မရှိပါ။

ယဉ်ကျေးမှုဆိုင်ရာ နယ်မြေတွင် လမ်းများ၊ တောနယ်ရှုခင်းများ၊ တွင်းပျက် မိုင်းပျက်များ ပါဝင်နိုင်သည်။ အချို့ကတော့ ဒဏ္ဍာရီလာ နှင့်ဆက်စပ်သည့် နယ်မြေများလည်းဖြစ်နိုင်သည်။ ဥပမာ-ဌာနီတိုင်းရင်းသား ပုံပြင်လာဒေသများ (သို့မဟုတ်)သမ္မာကျမ်းစာလာ ဒေသများဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာနယ်မြေသည် အုပ်စု တစ်စုအတွက်သာမကပဲ အများအတွက် အရေးပါသည် များလည်း ရှိသည်။ တန်ဖိုးထားမှု မတူခြင်းများသည် ရံဖန်ရံခါတွင် ပဋိပက္ခများကို ဖြစ်ပွား စေသည်။ ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများကို ထိပါးခြင်းသည် လူတို့၏ ခံစားမှုများကို ထိခိုက် စေပြီး စီးပွားရေးတည်ငြိမ်မှု၊ ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဘဝနေထိုင်ပုံတို့ကိုပါ ဆက်လက်ရိုက်ခတ်သည်။ ထိုသို့သက်ရောက်မှုများသည် ဌာနေတိုင်းရင်းသားများသာမက သာမန်ပြည်သူများသို့လည်း သက်ရောက်နိုင်သည်။ (ဥပမာ-လယ်သမားများ)

ကမ္ဘာ့အမွေအနှစ်စာရင်းသည် ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများကို ဘာဘာဝတန်ဖိုး၊ ယဉ်ကျေးမှု တန်ဖိုး နှစ်ခုလုံး ကိန်းအောင်ရာအဖြစ် အသိအမှတ်ပြုခြင်း ဖြစ်သည်။ နယူးဇီလန်မှ တွန်ဂါရီယို အရပ်သည် သဘာဝတန်ဖိုးအရသာ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးကိုပါ ထည့်ပေါင်းခဲ့သည်။

သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်ကြား ကွာခြားချက်

စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် ဥပဒေပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကမ္ဘာ့ အမွေအနှစ်ဆိုင်ရာ လမ်းညွှန် ချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ပုံစံများကို သတ်မှတ်ပြီး ၎င်းတို့ ၏ အနုပညာဆန်မှု၊ ရှားပါးမှု၊ အရေးပါမှု တို့ကို ဆန်းစစ်ရန် မူဘောင်များ ချမှတ်ပေးသည်။ မူဘောင် အတော်များများကို ဌာနေ တိုင်းရင်းသား အုပ်စုများက အမြဲတမ်း ပုံသေ အသုံးပြုရန် သတ်မှတ် ထားခြင်း၊ လူနည်းစုတို့၏ နားလည်မှုအပေါ် တန်ဖိုးဖျက်ခြင်း၊ အမွေအနှစ်များ၏ မမြင်ရသော တန်ဖိုး များကို လျစ်လျူရှုခြင်း၊ သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်ကြား၊ မြင်ရသော တန်ဖိုးနှင့် မမြင်ရသော တန်ဖိုးများအကြား တလွဲတန်ဖိုးဖြတ်ခြင်းများ ဖြစ်စေခြင်းကြောင့် များစွာဝေဖန်ကြသည်။

သဘာဝအမွေအနှစ်သည် လူတို့တန်ဖိုးထား၊ အသုံးချ၊ ပြုပြင်သုံးစွဲ၊ စိတ်ကျေနပ်စေရန် အတွက် စီမံ ထိန်းသိမ်း ထုတ်ယူသုံးစွဲသည့် သဘာဝပတ်ဝန်းကျင်၏ အစိတ်အပိုင်း ဖြစ်သည်။ သဘာဝအမွေအနှစ်ကို ၎င်း၏ ထူးခြားသည့် အနုပညာဆန်သည့် အရည် အသွေးများ၊ ဂေဟစနစ်သို့ ပံ့ပိုးပေးခြင်း၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်း စသည့် ဂုဏ်ထူးများကြောင့် တန်ဖိုးထားခံရသည်။ သဘာဝပတ်ဝန်းကျင်ကို လူတို့အသုံးပြုပုံ၊ ပြုပြင်ဖန်တီးပုံမှာ ယဉ်ကျေးမှု အမွေအနှစ် ဖြစ်သည်။

သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တို့အကြား ကွဲပြားချက်မှာ ပြတ်သားမှုမရှိပါ။ သဘာဝ သွင်ပြင် အနေ အထားများမှာ မတူညီသည့် ယဉ်ကျေးမှု အုပ်စုများအတွက် အထူးအရေးပါသည်။ ထိုအချက်ကို ယဉ်ကျေးမှု နေရာဟု သတ်မှတ်ထားသော အမွေအနှစ် အမျိုးအစားနှင့် စပ်လျဉ်းပြီး ဆွေးနွေး ထားသည်။ (ဇယားကွက် (၁၈)ကိုကြည့်ပါ) သဘာဝရင်းမြစ်များသည် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များ၊ အသိပညာများ အတွက် အဓိက အရေးပါသည့် အရာများ ဖြစ်သည်။ ရိုးရာ၊ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှု အတော် များများသည် နယ်မြေ၊ အပင်များ တိရိစ္ဆာန် မျိုးစိတ်များနှင့် ဆက်နွယ် လျက်ရှိပြီး ယဉ်ကျေးမှု အသိပညာ၊ ဆွေမျိုး တော်စပ်ပုံများသည် မြေနေရာ၊ လူသားနှင့် ဘိုးဘေးတို့ အကြားဆက်နွယ်ပုံ၏ အခြေခံဖြစ်သည်။

ဇီဝပတ်ဝန်းကျင်နှင့် ပတ်သက်လာလျှင် သဘာဝနှင့် တောရိုင်းကဲ့သို့သော အယူအဆ များမှာ ဝေဖန်ခံရသည်။ ဝေဖန်ခံရခြင်း၏ အဓိကအချက်မှာ ကမ္ဘာ့မြေ၏ မျက်နှာပြင် နေရာ အတော်များများမှာ လူတို့ လုပ်ကိုင် စားသောက်ခြင်းကြောင့် များစွာ ပြုပြင်ခြင်း ခံခဲ့ရပြီး သဘာဝဆိုင်ရာ ဂေဟစနစ် အများစုမှာ နှစ်ပေါင်းများစွာကတည်းက ရှိလာသော ထိုကဲ့သို့ဆောင်ရွက်ချက်များ၏ ရလဒ်ဖြစ်သည်။ ထိုကဲ့သို့သော သဘာဝ ဆိုင်ရာ ပတ်ဝန်းကျင်မှာ ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်လည်းဖြစ်သည်။

ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ပေါက်ပင်များ၊ အိမ်မွေးမှ ရိုင်းသွားသည့် သာကောင်များ၏ သက်ရောက်မှုကို စီမံခြင်း ဖြင့် သဘာဝပတ်ဝန်းကျင် အမွေအနှစ်ကို စီမံခြင်းသည် အပေါင်းလက္ခဏာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ရလဒ်များ ပေါ်ပေါက် လာစေနိုင်သည်။ အချို့သော ဌာနေ တိုင်းရင်းသားအုပ်စုတွင် သဘာဝသယံဇာတ များ စီမံခြင်းဓလေ့ (အမဲလိုက်ခြင်း (သို့မဟုတ်) မီးအသုံးပြုခြင်းဖြင့်)ကို ကာကွယ်စီမံခြင်းသည် ထိုအုပ်စု၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစိတ် အပိုင်းတစ်ခုဖြစ်သည်။ တစ်ချိန်တည်းမှာပင် အပင်များ၊ တိရိစ္ဆာန်မျိုးစိတ်များနှင့် ပတ်သက်သည့် ရိုးရာသဘာဝပတ်ဝန်းကျင် အသိပညာများသည် မိုင်းလုပ်ကွက်များ လုပ်ထားသည့် မြေကို ပြန်လည် ကုစား ပေးရာတွင် အသုံးဝင်သည်။ အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံမှုများ အတွက်လည်း အသုံးတည့်သည်။ ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း အတွင်းရေးမှူး ပြုစုသည့် *Akwé: Kon Voluntary Guidelines for the Conduct of Cultural, Environmental and Social Impact Assessment regarding Developments Proposed to Take Place on, or which are Likely to Impact on, Sacred Sites and on Lands and Waters Traditionally Occupied or Used by Indigenous and Local Communities(2004)* စာအုပ်တွင် သက်ရောက်မှုစစ်တမ်း ကောက်သည့် လုပ်ငန်းစဉ် တလျှောက်တွင် ရိုးရာအသိပညာများ၊ တီထွင်မှုများ၊ ဓလေ့များကို မည်သို့ ပူးပေါင်းထည့်သွင်း အသုံးချရမည်ကို ဖော်ပြထားသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို ထိပါးနေသည့်အရာများ

ကောင်းမွန်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံမှုဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။ ထို အပြောင်းအလဲများကိုစီမံရန် မှန်ကန်သည့် ဆုံးဖြတ်ချက်များချရန် လိုအပ်သည်ကို သိမှတ်ခြင်း ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကြုံတွေ့နိုင်ရသည့် အပြောင်းအလဲများမှာ

- သဘာဝကြောင့် (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာအကြောင်းများကြောင့် ပျောက်ကွယ်သွားခြင်း - သဘာဝအလျောက် ပျက်ဆီးခြင်းဟုဆိုရာတွင် နေရာတခု (သို့မဟုတ်) အရာဝတ္ထုတစ်ခုသည် အချိန်ကာလ ရွေ့လျားလာသည်နှင့်အမျှ သဘာဝဖြစ်ပျက်စဉ်များဖြစ်သော ရေတိုက်စား၊ လေတိုက်စား၊ ဇီဝဖြစ်စဉ် ဓာတုဖြစ်စဉ်၊ တီရိစ္ဆာန်များနှင့် အနီးအပါးမှ အပင်များ ပယောဂကြောင့် ပျက်ဆီးပုံပျက်သွားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းများကြောင့် ပြောင်းလဲခြင်းဆိုသည်မှာ နေရာတစ်ခု အရာဝတ္ထုတစ်ခုကို ဆက်တိုက် အသုံးပြုခြင်း(သို့)လျစ်လျူရှုထားခြင်း၊ ထို့ကြောင့် တဖြည်းဖြည်း လုံးပါး ပါးသွား၍ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ မှေးမှိန်သွားခြင်းကို ဆိုလိုသည်။
- ဖွံ့ဖြိုးလိုစိတ်ကြီးမားခြင်းနှင့် ယင်း၏ အကျိုးဆက်များ - မိုင်းလုပ်ငန်း၊ သယ်ပို့လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ အိမ်ရာသစ်တည်ခြင်းတို့နှင့် ဆက်စပ်နေသည့် ညစ်ညမ်းမှုများ မြေယာအသုံးချမှုများကို ဆိုလိုသည်။
- ရာသီအပြောင်းအလဲ- ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မြေအောက်ရေ မြင့်တက်လာခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေခန်းခြောက်ခြင်း စသည့် အချက်များ
- လုယူခံရခြင်း - တန်ဖိုးရှိသည့် ရွှေ့ပြောင်းနိုင်သော အမွေအနှစ်များသည် ခိုးယူခြင်း မှောင်ခိုဈေးကွက် တင်ခံရခြင်း
- မမြင်ရသည့် သက်ရောက်မှုများ။ ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများ- ဂလိုဘယ်လိုက်ဇေးရှင်း၊ စီးပွားရေး ဖွံ့ဖြိုးလာခြင်း၊ လူများကို ၎င်းတို့ မြေယာပေါ်မှ အတင်းအဓမ္မ ဖယ်ရှားခြင်းတို့သည် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်မှုကို ပိုမိုမြန်ဆန်စေပြီး ရိုးရာအသိပညာ၊ ဘာသာစကား၊ ရိုးရာထုံးတမ်းများကိုပါ ပျောက်ကွယ်သွားစေသည်။
- ယဉ်ကျေးမှုဆိုင်ရာကပ်ဆိုက်ခြင်း- စစ်ပွဲများနှင့် အခြားသော ထိပါးမှုများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မတော်တဆသော်လည်းကောင်း စနစ်တကျသော်လည်းကောင်း ထိခိုက်ပျက်ဆီးစေသည်။
- သဘာဝကပ်ဆိုက်ခြင်း - မီး၊ ငလျင်၊ မုန်တိုင်းနှင့် ရေကြီးခြင်းနှင့် အခြား သဘာဝ ဘေးအန္တရာယ်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များများ အပေါ်တွင် ဆိုးဝါးစွာသက်ရောက်သည်။

**၁၉။ ကက်ပတိန်ကွတ် ခြေချသည့်မြေ**

**အပြောင်းအလဲများ ဖြစ်ပေါ်သွားသည့်တိုင် အရေးပါနေဆဲဖြစ်သည်။**

ဆစ်ဒနီမှာ ကာနဲလ် အရပ်သည် ဩစတြေးလျသို့ ကက်ပတိန်ကွတ် စတင်အခြေချသည့်နေရာ ဖြစ်သည်။ ထိုနေရာသည် ဌာနီတိုင်းရင်းသား မဟုတ်သူများနှင့် ဌာနီတိုင်းရင်းသား ဩစတြေးလျများအဖို့ ယဉ်ကျေးမှုအရ အလွန်အရေးပါသည့်နေရာဟု သတ်မှတ်ထားသည်။ ဩစတြေးလျ သမိုင်းကို သတ်မှတ်ပေးသည့် အဖြစ်အပျက်များမှ တစ်ခုဟုဆိုသည်။ Australia's histroy began with Aborgires' histroy.

ယနေ့တွင်တော့ ထိုနေရာသည် ၁၇၈၈ ကနှင့်လုံးဝ မတူပဲ ကွဲပြားသွားပြီဖြစ်သည်။ မြို့ပြဖွံ့ဖြိုးမှုများက ယင်းဒေသကို လုံးဝပြောင်းလဲလိုက်ပြီ ဖြစ်သည်။ ပြောင်းလဲသွားသည့်တိုင် သမိုင်းကြောင်းအရ အရေးပါမှုကို လျော့ချသွားခြင်း မရှိပါ။ သန့်စင်မှုကို လျော့ပါးသွားစေခြင်း မရှိပါ။ အကြောင်းအရာပေါ်တွင် မူတည်နေပြီး ရုပ်ဝတ္ထုပစ္စည်းရှုထောင့် မဆိုင်သောကြောင့် ဖြစ်သည်။

ကွတ်အနေနှင့် ကမ်းခြေမည်သည့်နေရာတွင် စတင်ခြေချခဲ့သည်ကို မည်သူမှ မသိပါ။ သို့သော်လည်း ကွတ်ခြေချခဲ့သည့် နေရာဟု သတ်မှတ်ပြီး ကျောက်တိုင်စိုက်ထားသည့် နေရာ (၂) ခုရှိသည်။ တစ်ခုနှင့် တစ်ခု ၂ ကီလိုမီတာဝေးသည်။

ထိုစိန်ခေါ်မှုများနှင့် ၎င်း၏ နောက်ဆက်တွဲ အကျိုးရလဒ်များသည် တစ်ခုနှင့်တစ်ခု တသီးတခြားဖြစ်ခြင်းမျိုး မဟုတ်ဘဲ တစ်ခုနှင့် တစ်ခုချိတ်ဆက်ခြင်း၊ တစ်ခုအပေါ်တစ်ခု မှီခိုနေခြင်းတို့ ရှိသည်။ ကပ်တစ်မျိုးသည် အခြားတမျိုး၏ နောက်ဆက်တွဲအကျိုးများကို အဆင်းဘီး တပ်ပေးသကဲ့သို့ ဖြစ်တတ်သည်။ ဥပမာ-ခရီးသွားဟိုတယ်လုပ်ငန်းသည် ဆောက်လုပ်ရေးနှင့် အခြား မြေယာ အသုံးချခြင်းတို့ကို ဖြစ်စေသည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ နေရာကို လည်ပတ်မှု များလာခြင်းနှင့် အသုံးပြုမှု များလာခြင်းကြောင့် ယဉ်ကျေးမှုဆိုင်ရာ ပျက်စီးမှုနှုန်း မြင့်လာခြင်းတို့ ဖြစ်စေသည်။ ထို့အတူပင် ဖွံ့ဖြိုးရေး စီမံကိန်းများသည် ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများသို့ လူအရောက်အပေါက် ပိုများလာစေသည် ထိုအခါတွင် လုယက်မှုများ ပိုမို များပြားလာစေတတ်သည်။

- အထက်ဖော်ပြခဲ့ပါ ထိပါး နှောက်ယှက်နေသည့် အရာများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ သန့်စင်ဖြစ်တည်မှုကို လျော့နည်းစေခြင်း (သို့မဟုတ်) လူများကို သွားလာ အသုံးပြုခွင့်ပိတ်ပင်ခြင်းတို့ဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လုံးဝပျက်ဆီးစေခြင်း (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဆိုင်သည့် တန်ဖိုးများကို လျော့ပါးစေသည်။ ဇယားကွက် (၁၉) ကိုကြည့်ပါ။
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဥပဒေများ (သို့မဟုတ်) စာရင်းများနှင့် နယ်မြေ၊ အရာဝတ္ထု၊ ဓလေ့များကို ထိန်းသိမ်းခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်၏ သန့်စင်မှု တစ်လုံးတစ်ဝတည်းဖြစ်မှုတို့ပေါ်တွင်မူတည်နေသည်။ သန့်စင်မှု တစ်လုံး တစ်ဝတည်း ဖြစ်မှုကို ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားသြည်မှာ - တစ်လုံးတစ်ဝတည်း မပျက်မဆီးပဲ ရှိနေသည့် သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်များနှင့် ၎င်းနှင့်ဆက်စပ်နေသည်များ-ဟုဖြစ်သည်။ သန့်စင်မှု တစ်လုံးတစ်ဝတည်းဖြစ်မှု အခြေအနေကို ဆန်းစစ်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ နေရာ၊ အရာဝတ္ထု၊ ဓလေ့တစ်ခုသည် အောက်ဖော်ပြပါ အချက်များနှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီသည်ကို သုံးသပ်ရမည်ဖြစ်သည်။
- ၎င်း၏ တန်ဖိုးကို ဖော်ပြရန်အတွက် လိုအပ်သည့် အရာများ အားလုံး ပြည့်စုံပါသလား။
- လက္ခဏာ တစ်ခုလုံးကို ကိုယ်စားပြုနိုင်ရန် လုံလောက်သည့်အရွယ်အစားရှိပါသလား။ မြေယာ အဆောက်အဦး၏ အရေးပါမှုကို ဖော်ပြသည့် အချက်များရှိပါသလား။
- စီမံကိန်း၏ ဆိုးရွားသော သက်ရောက်မှုများကို ခံနေရပါသလား (သို့မဟုတ်) လျစ်လျူရှုခြင်း ခံနေရပါသလား။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းရန်မလိုဟု ဆုံးဖြတ်ခြင်းသည် နေရာဒေသ၊ အရာဝတ္ထု၊ ဓလေ့၏ မှန်ကန်မှု (သို့မဟုတ်) သန့်စင်မှု တစ်လုံးတစ်ဝတည်းဖြစ်မှုတို့ မရှိမှု အပေါ် အခြေခံသည်။ သန့်စင်မှု တစ်လုံးတစ်ဝတည်းဖြစ်မှုကို ဆန်းစစ်ရာတွင် အရာဝတ္ထု၊ နေရာ တစ်ခု၏ ရှုပက ဂုဏ်ရည်ကိုသာ အဓိက ကြည့်ခြင်း၊ အိုမင်းသည့် အဆင်းရှိမှ မှန်ကန်သည်ဟု သတ်မှတ်ခြင်း မပြုရန်မှာ အရေးကြီးသည်။ အပျက်အဆီးများ၊ မပြည့်စုံတော့သည်များ၊ အသစ်တည်ဆောက်ထားသည်များ ပြောင်းလဲအသုံးချသည်များသည်လည်း အလွန်အရေးပါသည်ဟု သတ်မှတ်လေ့ရှိသည်။

## ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဆွေးနွေးငြင်းခုန်ခြင်း

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံမှုကျင့်ဝတ်များ၊ ထိန်းသိမ်းရန်မည်သူ့တွင် အခွင့်အရေးရှိသနည်း။တန်ဖိုးသတ်မှတ်ချက် အမွေအနှစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် စပ်လျဉ်းပြီး ပညာရှင်များ၊ ရပ်ရွာသားများ၊ အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများအကြားအငြင်းအခုန်ဖြစ်သည်မှာ ကာလကြာခဲ့ပြီဖြစ်သည်။

အမွေအနှစ်များကို လေ့လာခြင်းတွင် အနောက်ပိုင်း (အထူးသဖြင့် အင်္ဂလို - အမေရိကန်) အိုင်ဒီယာများက လွှမ်းမိုးပြီး အမွေအနှစ် တွင်ပါဝင်သည်များကို ၎င်းတို့ အိုင်ဒီယာအတိုင်းဆုံးဖြတ်သည်။ ရုပ်နာမ်သဘောကို အလေးပေးသည့် အနောက်၏ တန်ဖိုးများသည် ယူနက်စကို၊ ICOMOS ကဲ့သို့သော လမ်းညွှန်ချက်များ၏အုတ်မြစ်များဖြစ်လာသည်။ ထိုလမ်းညွှန်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အဓိပ္ပာယ်ဖွင့်သည့် အမွေအနှစ်ဆိုင်ရာ ဥပဒေသတ်မှတ်ချက်များ ဖြစ်လာသည်။ အနှစ်သာရမှာ ထိုသို့အနောက်စံများဖြင့် တန်ဖိုးဖြတ်ပြီး တရားဝင် အမွေအနှစ်များ အဖြစ် သတ်မှတ်သည်။ ထိုကဲ့သို့ ဘောင်ချထားသည့် လမ်းညွှန်များသည် ဒေသခံရပ်ရွာများ၊ လူနည်းစုများ၏ အရေးကြီးသည့် အမွေအနှစ်များကို ကာကွယ်ခြင်း၊ အဓိပ္ပာယ် သတ်မှတ်ခြင်းတို့တွင် ၎င်းတို့နှင့် သင့်လျော်သည့် နည်းများကို အသုံးပြုခွင့်မပေးသောကြောင့် ပြစ်တင်ဝေဖန်မှုကို များစွာခံရသည်။ အလောင်းများကို နေရာရွှေ့ပြောင်းမြှုပ်နှံခြင်း၊ ရုပ်ကြွင်းများကို ပြန်လည်တူးဖော်လေ့လာခြင်းတို့ ပြုလုပ်ရာတွင် သိပ္ပံနှင့် ရိုးရာတန်ဖိုးများအကြား ပဋိပက္ခများ ပေါ်ပေါက်လာတတ်သည်။ ထိုအငြင်းခုန်များသည် သမိုင်းဆိုင်ရာ(သို့မဟုတ်) စက်မှုဆိုင်ရာအမွေအနှစ်နှင့် ဌာနေတိုင်းရင်းသားဆိုင်ရာ အမွေအနှစ်များအကြား ကွဲပြားမှုကို ကိုလိုနီဖြစ်ခဲ့ဘူးသော နိုင်ငံများတွင် ပေါ်ပေါက်စေသည်။ ယင်းအမွေအနှစ်များကို မည်သို့ထိန်းသိမ်းမည်နည်းနှင့် ပတ်သက်ပြီးလည်း ကွဲပြားမှုများ ဖြစ်ပေါ်စေသည်။

တရားဝင် အမွေအနှစ် အယူအဆများနှင့် လမ်းညွှန်ချက်တွင် ထိုကဲ့သို့သော ဝေဖန်ချက်များကို တုန့်ပြန်သည့် အချက်များနှင့် ကမ္ဘာတစ်ဝှမ်းမှ ဆောင်ရွက်ခဲ့သည့် သင်ခန်းစာမှ အတုယူစရာများ ပါဝင်သည်ကိုတော့ အသိအမှတ်ပြုရမည်ဖြစ်သည်။ မတူညီသည့် အမွေအနှစ်အမျိုးမျိုးကို ယူနက်စကိုနှင့် ICOMOS အဖွဲ့က အသိအမှတ်ပြုကာ လိုက်လံထိန်းသိမ်းလျက်ရှိသည်။ ကုမ္ပဏီများကလည်း ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အယူအဆများကို လက်ခံလာကြပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လုပ်ငန်းများကို ရပ်ရွာ၏ တန်ဖိုးနှင့် လူမှုရေး တန်ဖိုးထားမှုအပေါ် အခြေပြုလျက် မြင်ရသော မမြင်ရသော အမွေအနှစ်ဟူ၍ မခွဲတော့ပဲ ဆောင်ရွက်ပေးလျက်ရှိသည်။ သိပ္ပံနည်းကျအချက်များ၊ သုတေသနရလဒ်များကို ရပ်ရွာ၏ အကျိုးနှင့် ပူပန်များနှင့် ပေါင်းစပ်ကာ ရပ်ရွာသားများ ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လုပ်ငန်းများဆောင်ရွက်ရန်၊ ရိုးရာ (သို့မဟုတ်) လူနည်းစုတန်ဖိုးများကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်း၌ ထည့်သွင်းရန် ပညာရှင်များက တိုက်တွန်းကြသည်။ ထိုကဲ့သို့ တိုးတက်ဖွံ့ဖြိုးမှုများ ရှိလာသည့်တိုင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ချရန်မည်သူ့ ထံအခွင့်အရေးရှိသနည်း ဆိုသည်မှာ ဆက်လက် ငြင်းခုန်ဆဲဖြစ်သည်။ ရွာသားများပါဝင်ပူးပေါင်းသည့် လက်တွဲလုပ်ဆောင်ခြင်းမျိုးမှာ နိုင်ငံအတော်များများတွင် ခေတ်မစားပဲရှိနေသည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် လူနည်းစုတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ပြောဆိုခွင့်၊ ဉာဏပစ္စည်းနှင့် ပိုင်ဆိုင်မှုများ ပိုင်ဆိုင်ခွင့်၊ ၎င်းတို့ အကျင့်စာရိတ္တပြုမူပုံများကို အသိအမှတ်ပြု တန်ဖိုးထားသည့် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသည့် နိုင်ငံမျိုးတွင် ပိုဆိုးသည်။ ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်ကို ပိုင်ဆိုင်ခွင့် စီမံခွင့်နှင့် ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်မှုများတွင် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေးနှင့် လူမှုရေး သက်ရောက်မှုများနှင့် ခလုတ်များရှိသည်။ ဥပမာအားဖြင့် ကမ္ဘာ့အမွေအနှစ်ဟု ဆိုလိုက်လျှင် မည်သူက ပိုင်ဆိုင်သနည်းဟူသော မေးခွန်းဖြစ်သည်။ အသုံးအနှုန်းအရတော့ တစ်ကမ္ဘာလုံးက ပိုင်ဆိုင်ကြောင်း ဆိုနိုင်သည်။ ထိုအခြေအနေနှင့် ပတ်သက်ပြီး ကမ္ဘာတစ်ဝှမ်းမှ ဌာနေတိုင်းရင်းသားများနှင့် အခြားဒေသခံများက စိုးရိမ်ကြောင်းဖော်ထုတ်ခဲ့ကြသည်။ စာရင်းဝင်သွားပြီဆိုသည်နှင့် ကာကွယ်ရန်အစီအစဉ်များက ထပ်ကျပ်မကွာပါလာတော့မည်။ ထိုစီမံမှုနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များသည် ဒေသခံတို့၏ မြေယာသုံးစွဲပုံ၊ အရာဝတ္ထုများ အသုံးချပုံနှင့် ဒေသတွင်းစီးပွားရေး၊ ဓလေ့များနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများအကြား ပဋိပက္ခများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို နိုင်ငံ၏ သရုပ်သကန်ကို ဖော်ပြရန် စွဲယူအသုံးချပြီး အမျိုးသားရေးနှင့် ဆန့်ကျင်သည်များကိုတော့ တရားမဝင် မှေးမှိန်အောင် ဆောင်ရွက်ခြင်းများလည်း ရှိသည်။ သို့သော် Brixton walking tour သည် တရားဝင်သတ်မှတ်ထားသည့် အမွေအနှစ်များနှင့် လူနည်းစုတို့၏ အမွေအနှစ်များ ဆန့်ကျင်မှုကြောင့် ပေါ်ပေါက်လာသည့် လူမှုရေးလှုပ်ရှားမှုများကို ဖော်ပြထားသည်။ ထိုလူနည်းစုများက မိမိတို့၏ အတိတ်ပစ္စုပ္ပန်အကြောင်းကို ကိုယ်ပိုင်နည်းများဖြင့် ဖော်ပြကြသည်။ အတိတ်ကာလ ဖြစ်ရပ်များကို မည်သူကပိုင်ပြီး ယဉ်ကျေးမှုတိုင်ရာ အမွေအနှစ်များ၏ အနာဂတ်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို မည်သူက ချမှတ်ခွင့်ရှိသည်၊ ဩဇာလွှမ်းမိုးမှု အရ၊ ဥပဒေအရ မည်သူက သင့်တော်သည် ဆိုသည့် အငြင်းအခုန်များမှာ ကိုလိုနီ ဖြစ်ခဲ့ဖူးသည့် နိုင်ငံများတွင် အပြင်းအထန်ဖြစ်ပွားသည်။ နိုင်ငံတွင်းတွင်လည်း မတူညီသည့် ဘာသာရေး၊ လူမျိုးနှင့် လူတန်းစားအုပ်စုတို့က အခြားအုပ်စု၏ အမွေအနှစ်များကို လွှမ်းမိုးလိုသည့် အခါများတွင်လည်း ပဋိပက္ခများ ဖြစ်ပွားရသည်။ အသက်အရွယ်၊ ကျား/မ ကွာခြားခြင်းတို့ကြောင့် တစ်မိသားစုတည်းပင် ဖြစ်လင့်ကစား မတူညီမှုများ ပေါ်ပေါက်တတ်သည်။ ဥပမာ ။ ။ရပ်ရွာတွင် လူလူသူသူ ဝင်ရောက်ပြောဆိုခွင့်မရသည့် အမျိုးသမီးများသည် ၎င်းတို့အတွက် အရေးပါသည့် ထူးခြားသည့် အရာများသည် အမျိုးသားများ တန်ဖိုးထားသည့် အရာနှင့် ကွဲနေတတ်ခြင်းမျိုးဖြစ်သည်။ အားလုံးနှင့်ဆိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်သည်များ၌ပင် အသက်အရွယ်ကွာခြားခြင်းကြောင့် တန်ဖိုးအမြင်များ မည်သို့ ကိုင်တွယ်မည်နည်းဟူ သောအချက်များနှင့် ပတ်သက်ပြီး သဘောထားများကွဲလွဲကြသည်။

အခြေအနေအကြောင်းအမျိုးမျိုးနှင့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ချိတ်ဆက်ဆွေးနွေးခြင်းနှင့် ဆွေးနွေးအကြံယူခြင်းများ ဆောင်ရွက်ရာတွင် အားလုံးခြုံမိအောင် ဆောင်ရွက်သင့်သည်။ ရပ်ရွာအတွင်းရှိ အုပ်စုအမျိုးမျိုးနှင့် သီးခြားတွေ့ဆုံပြီး ချိတ်ဆက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ရမည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအကြောင်းကို နားလည်လျက် ဒေသ လူမှုရေးအလားအလာ ထုံးတမ်းတို့ကို ထိခိုက်စေသည်များကို ရှောင်ရှားကာ ပြုလုပ်ရမည်။

ဇယားကွက် (၂၁) တွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံရာတွင် ထည့်သွင်းစဉ်းစားရမည့် နေရာအချို့ကို ဖော်ပြထားသည်။

**၂၀။ Brixton Walking Tour – လန်ဒန်၏ အာဖရိကန် ကာရစ်ဘီယံ အတိတ်သမိုင်းကို အမှတ်ရစေခြင်း**

လန်ဒန်၏ အဓိကအမွေအနှစ်ဟုဆိုရာတွင် ဘစ်ဘန်နာရီစင်နှင့် မျှော်စင်တံတားတို့ကို ပြောခြင်း ဖြစ်သည်။ The Brixton Walking Tour သည် လန်ဒန်၏ အမွေအနှစ်များမှ မျက်စိလျှမ်းသွားသည့် နေရာများကို ဖော်ပြပေးသည်။ ဗြိတိန်၏ အာဖရိကန် - ကာရစ်ဘီယံ သမိုင်းနှင့် ခေတ်ပြိုင်လူ့အဖွဲ့အစည်းတို့အကြောင်းကို ဖော်ပြပေးသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လန်ဒန်၏ အကြီးဆုံးသော လူနည်းစု အသိုင်းအဝိုင်း၏ ဖြစ်တည်မှုအခြေခံရာ၊ ပြောင်းလဲလာမှုများကို ဖွင့်ပြခြင်းဖြစ်သည်။

ခရီးစဉ်သည် အာရှငါးပါးဖြင့် ခံစားနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ထိုလူမှုအသိုင်းအဝိုင်း၏ တေးသံများကို နားဆင်ရင်း နေပုံထိုင်ပုံများကို လေ့လာနိုင်သည်။ ရက်ဂေးဂီတနှင့် ရက်စတာဖယ်ရီ ယဉ်ကျေးမှုများကိုလည်း လေ့လာနိုင်သည်။ အနောက်အိန္ဒိယရိုးရာ အစားအသောက်များနှင့် ဈေးထဲမှ အသီးအနှံများကိုလည်း စမ်းသပ်စားသုံးနိုင်သည်။

ခရီးစဉ်သည် အတိတ်ကာလမှ ယဉ်ကျေးမှုစုံ ရောယှက်နေထိုင်သည့် ဘရစ်စတန်၏ အတိတ်ကာလကို အမှတ်ရစေပြီး ၁၉၈၁ ခုနှစ်တွင် ရဲများက အာဖရိကန် - ကာရစ်ဘီယန်များကို ဗြိတိန်အသိုင်းအဝိုင်းကြားတွင် ပစ်မှတ်ထားခြင်းကြောင့် ဖြစ်လာသည့် ဆူပူမှုကို အမှတ်ရပြီး ဖြစ်ရသည့် အကြောင်းရင်းများကို ဆင်ခြင်ဖြစ်ရန် ရည်ရွယ်သည်။

ခရီးစဉ်သည် ထိုဆူပူမှုကို အဓိကအရေးပါသည့် သမိုင်းအမှတ်အသားတခုအနေနှင့် သတ်မှတ် ဖော်ပြထားပြီး ဗြိတိန်အစိုးရ အနေနှင့် မူဝါဒများချမှတ်ရာတွင် ယဉ်ကျေးမှုအစုံအလင် ကွဲပြားမှုများကို ထည့်သွင်းစေခဲ့သည့် အဖြစ်အပျက် အနေနှင့် သရုပ် ဖော်ထားသည်။ ထိုသို့ပြသထားခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မြင့်တင်ခြင်းသည် လူမှုရေးလှုပ်ရှားမှု ဖြစ်သည်ကို ထင်ဟတ်နေသည်။ ခရီးစဉ်၏ ရည်ရွယ်ချက်မှာ လန်ဒန်၏ အမွေအနှစ်နှင့် သမိုင်းတွင် မတူညီသည့် အယူအဆများ ရှိနေသည်ကို မြင်သာစေရန် ဖြစ်သည်။

**၂၁။ အမွေအနှစ်များ ထိန်းသိမ်းရာတွင် ကွဲပြားသည့် အမြင်အမျိုးမျိုးသည် အရေးပါသည်။**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် အုပ်စုမတူသည်များတွင် တန်ဖိုးများလည်း ကွဲပြားကြသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး အငြင်းအခုန်များသည် လက်ရှိလဲ ဖြစ်နေဆဲ ဖြစ်သည်။ အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ ကွဲပြားမှုများမှာ တသတ်မှတ်ထဲ မရှိဘဲ အပြောင်းအလဲများ ရှိနိုင်သည်ကို သတိရရန်မှာ အရေးကြီးသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသည့် အခါများတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို အောက်တွင် ဖော်ပြထားသည်။

- ရွာအဆင့်နှင့် နိုင်ငံအဆင့် လက္ခဏာများ။
- ရွာတန်ဖိုး နိုင်ငံတန်ဖိုး နှင့် အများလက်ခံထားသည့် တန်ဖိုးများ။
- နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ပူပန်မှုများ။
- ရပ်ရွာတွင်းမှ ကျားမကွဲပြားမှုများ။
- အဆင့်အတန်း၊ ဇာတ်နှင့် လူမျိုးရေး ခွဲခြားထားမှုများ။
- ဘာသာရေး၊ လူမျိုးရေးကွဲပြားမှုများနှင့်
- စီမံမှုလုပ်ငန်းများကြောင့် ပေါ်ပေါက်လာမည့် စီးပွားရေးသက်ရောက်မှုများ။

# ၃.၂ စီးပွားရေးရှုထောင့် – ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကိုတန်ဖိုးထားခြင်း

**ရီယိုတင်တိုသည် အောက်ပါအကြောင်းများကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တန်ဖိုးထားသည်။**

- **စီမံကိန်းတစ်ခုလုံးခြုံငုံသတ်မှတ်ထားသည့် ဘေးဆိုးလျှော့ချရေးမဟာဗျူဟာ၏ အစိတ်အပိုင်းတခုအနေနှင့် မိုင်းလုပ်ငန်း၊ ဆက်စပ်လုပ်ငန်းများကြောင့် ပေါ်ပေါက်လာနိုင်သည့် အဆိုးသက်ရောက်မှုများကို လျှော့ချပေးသည်။**
- **လုပ်ငန်းဆက်လက်လည်ပတ်ခွင့်ရစေရန် အတွက် ရပ်ရွာသဘောတူ ကြည်ဖြူမှု ဆိုရှယ်လိုင်စင်ရရှိစေပြီး ရှိပြီးသားကိုလည်း ထိန်းသိမ်းပေးသည်။**
- **ကျွန်ုပ်တို့၏ ရေရှည်တည်တံ့နိုင်မြဲသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်ကို အထောက်အကူပေးသည်။**
- **လူ့အခွင့်အရေးကိုလေးစားမည်ဟူသော ကတိပြုချက်ကို အကောင်အထည်ပေါ်စေသည်။**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများသည် သယံဇာတ ထုတ်ယူခြင်းလုပ်ငန်း အတော်များများ၏ အဓိကကျသည့် နေရာများတွင်ဖြစ်ပြီး အရေးပါသည့် နေရာတွင် တည်ရှိနေကြသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်းနှင့် ပတ်သက်ပြီး ကိုင်တွယ်ပုံအရည်အချင်းသည် ကုမ္ပဏီ၏ ၎င်းလုပ်ကိုင်ရာ နေရာမှ ရပ်ရွာနှင့် ဆက်ဆံရေးကို ဆုံးဖြတ်သည်။ ကောင်းမွန်ပြည့်စုံသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းသည် ကုမ္ပဏီနှင့် ရပ်ရွာပူးပေါင်းလုပ်ကိုင်နိုင်စေရန် အရေးပါသည့် ယုံကြည်မှု၊ ကိုးစားမှု အပေါင်း၏ အခြေခံဖြစ်သည်။ ကုမ္ပဏီနှင့် ရပ်ရွာများအကြား ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ဆိုင်ပြီး ချိတ်ဆက်ဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် စိန်ခေါ်မှုများနှင့် ပြည့်နက်နေပြီး အောင်မြင်ရန်အတွက် အတိအကျ ဖော်မြူလာလည်းမရှိပေ။ ခက်ခဲသလောက် အောင်မြင်ပါကလည်း အလွန်အကျိုးများသည်။ ရပ်ရွာများသည် ပုံစံအမျိုးမျိုး၊ သဘောထားအမျိုးမျိုးရှိတတ်ပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းနှင့် ပတ်သက်လာလျှင် ကုမ္ပဏီသို့ တုန့်ပြန်ပုံမှာ အမျိုးမျိုးရှိနိုင်သည်။ တစ်နေရာတွင် အလုပ်ဖြစ်သည့်နည်းသည် နောက်တစ်နေရာတွင် အလုပ်ဖြစ်မည်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစီမံခြင်း လမ်းညွှန်တစ်ခုသည် မျှော်မှန်းထားသည့် ရလဒ်များကို ဆောင်ရွက်နိုင်မည်ဟု အာမခံ နိုင်ခြင်းမရှိပါ။ ထိရောက်သည့် နည်းဗျူဟာသည် ပြည့်စုံခြင်း မရှိသေးပဲဖြစ်နေသည့်အတွက် အပြောင်းအလဲများဖြစ်ပေါ်လာပါက လိုက်လျောညီထွေရှိရန်၊ အခြေအနေလိုက်ပြီး လှုပ်ရှားနိုင်ရန်အတွက် ကုမ္ပဏီတွင်းတွင် အရည်အချင်းရှိ ထိရောက်သည့် လုပ်ငန်းစဉ်များ ရှိထားသင့်သည်။

စီမံကိန်းတစ်ခုလုံး ဘေးကင်းရေးစီမံမှု နည်းဗျူဟာ

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းသည် စီးပွားရေးအကျိုးကို ခြိမ်းခြောက်သည်များကို လျှော့ချပေးပြီး အခွင့်အလမ်းများကို တိုးမြှင့်ပေးသည်။ ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုလည်း ကောင်းသတင်းနှင့် ကျော်ကြားစေသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ဆိုင်ပြီး တလွဲကိုင်တွယ်မိပါက စီမံကိန်းကို ဆန့်ကျင်သည့် စနက်တံကို မီးရှို့ပေးသည့်နှယ် ဖြစ်တတ်ပြီး ခွင့်ပြုချက်ရရန် နှောင့်နှေးခြင်း၊ အနာဂတ် မြေယာအသုံးပြုခွင့်ကို ကပြောင်းကပြန်ဖြစ်စေခြင်း၊ ကုမ္ပဏီကို တရားစွဲခြင်းများပင် ဖြစ်ပေါ်စေတတ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသများကို ရံဖန်ရံခါတွင် ဥပဒေဖြင့် အကာအကွယ်ပေးထားသည်များရှိသည်။ မိုင်းလုပ်ငန်း ဥပဒေ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဥပဒေ၊ စီမံကိန်းဥပဒေ၊ မြေယာအခွင့်အရေးနှင့် အခြားအခြားသော ဥပဒေပြဋ္ဌာန်းချက်များနှင့် ကာကွယ်ထားသည်။ အာဖရိကနှင့် ပီစီဖိတ် ကျွန်းနိုင်ငံများတွင်တော့ ရိုးရာဖြတ်ထုံးများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ပေါ်ပေါက်လာနိုင်သည့် ပြဿနာများကို ရှောင်ရှားရန်၊ ရပ်ရွာနှင့် ဆက်ဆံရေးကောင်း ထူထောင်နိုင်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို သင့်တော်သက်ဆိုင်သည့် ဥပဒေ၊ ဓလေ့များနှင့်အညီ ကိုင်တွယ်စီမံခြင်းသည် အဓိက ကျသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို တလွဲ စီမံမိပါက စီမံကိန်းနှောင့်နှေးခြင်း၊ မြေအသုံးချခွင့် မရခြင်းတို့ ဖြစ်စေနိုင်သည့်အပြင် ရပ်ရွာများလည်း အကျိုးနည်းရသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ပြဿနာများကို တင်ပြခြင်းဖြင့် ရပ်ရွာသည် ၎င်းတို့အခွင့်အရေးများကို တောင်းဆိုကြသည်။ ကုမ္ပဏီနှင့်ဆက်ဆံရေး ညှိနှိုင်းရေးများတွင် အခွင့်အရေးများကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ကိစ္စများမှ တဆင့် တောင်းဆိုကြသည်။ ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ပြဿနာများသည် နိုင်ငံရေးဆန်ပြီး စဉ်ဆက်မပြတ် ဖြစ်လာနိုင်ကာ အလွန်အန္တရာယ် ကြီးမားသည်။ ဥပဒေအရ (သို့မဟုတ်) ရပ်ရွာ စံသတ်မှတ်ချက်အရ အခွင့်မရဘဲ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိပါးခြင်းသည် ကုမ္ပဏီကို တရားတဘောင်စွဲခံရသည့် အနေအထားကို ဖြစ်ပေါ်စေသည်။ အမှုကြောင့် ငွေကုန်မည့်အပြင် သိက္ခာလည်းကျရအုံးမည်။ ဇယားကွက် (၂၂) ကိုကြည့်ပါ။ ရပ်ရွာကို စော်ကားသကဲ့သို့ ဖြစ်ပြီး ဆက်ဆံရေးကိုလည်း ပျက်ဆီးစေသည်။ ဥပဒေအရ ခွင့်ပြုသည်ထားဦးတော့၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသကို ကြီးကြီးမားမား ပျက်ဆီးစေခြင်းသည် ရပ်ရွာနှင့် သက်ဆိုင်သူများ၏ ဒေါသ ကိုဆွပေးသကဲ့သို့ဖြစ်သည်။ (ဇယားကွက် (၂၃) ကိုကြည့်ပါ )

စက်မှုလုပ်ငန်းများနှင့် ထိတွေ့မှု မရှိသည့် ရပ်ရွာများ (သို့မဟုတ်) ဌာနေ တိုင်းရင်းသားရပ်ရွာများ၏ မမြင်ရသော ယဉ်ကျေးမှု တန်ဖိုးများသို့ သက်ရောက်မှုများ ဖြစ်ပေါ်စေခြင်းသည် စီမံကိန်းအပေါ်တွင် ကြီးစွာသော အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်သည်။ ဆိုရှယ်လိုင်စင် မရသည့် အခြေအနေပင် ရောက်သွားနိုင်သည်။ နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ဌာနေ တိုင်းရင်းသား အကျိုးဆောင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများသည် သယံဇာတ ထုတ်ယူသည့် လုပ်ငန်းများ၏ သက်ရောက်မှုကို ထောက်ပြမှုများမှာ ပိုမိုများပြားလာပြီး နိုင်ငံပေါင်းစုံအောဂျင်စီများ ဥပမာ။ ။ IFC တို့၏ ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်စံသတ်မှတ်ချက်များ အပေါ်တွင် လွှမ်းမိုးသက်ရောက်မှုများ ရှိလာပြီး စံသတ်မှတ်ချက်များသည်လည်း ပိုမို၍ တင်းတင်းကျပ်ကျပ် ချမှတ်လာကြသည်။ ၎င်းတို့လုပ်ငန်းဆောင်ရွက်ချက်များသည် အကွက်ကျကျ ဆောင်ရွက်ခြင်းဖြစ်သည်။

လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်အတွက် ဆိုရှယ်လိုင်စင် ရယူခြင်းနှင့် ရပြီးသားကို ထိန်းသိမ်းခြင်း။

လုပ်ငန်းလည်ပတ်ရန်အတွက် ဆိုရှယ်လိုင်စင် ရရန်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ရပ်ရွာနှင့် ဆွေးနွေးအကြံယူ၊ ချိတ်ဆက်ဆောင်ရွက် စီမံခြင်းဖြင့်သာ ရနိုင်သည်ကို ယုံကြည်ထားသည်။ ဆိုရှယ်လိုင်စင် ဆိုသည်မှာ ရပ်ရွာက ၎င်းတို့အနီးအပါးတွင် ကုမ္ပဏီကို လုပ်ခွင့်ပေးခြင်း၊ ဆက်လုပ်ခွင့်ပေးခြင်းအတွက် လက်ခံခြင်း၊ ခွင့်ပြုချက်ပေးခြင်းဖြစ်သည်။ ဆိုရှယ်လိုင်စင် တွင်ခွင့်ပြုထားသည်ထက်ပိုမလုပ်ရန်၊ စီးပွားရေး၊ နိုင်ငံရေးနှင့် သက်ဆိုင်သူများ အခြေအနေပေါ်လိုက်၍ ပြောင်းလဲတတ်သည်ကိုလည်း သိထားရမည်။ စီမံကိန်းလေ့လာခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်း အစရှိသည့် အဆင့်တိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များများ စောင့်ထိန်းသူများနှင့် ချိတ်ဆက် ဆွေးနွေးခြင်းသည် ရပ်ရွာသားတို့ပါဝင်နိုင်မှုကို မြှင့်တင်ပေးပြီး ပိုကောင်းသည့် ဆိုရှယ်လိုင်စင်ရရန်လည်း အထောက်အကူဖြစ်စေသည်။

ဆိုရှယ်လိုင်စင်မရဘဲလုပ်ပါက ဥပဒေအရ ခွင့်ပြုထားသည့်တိုင် ရှေ့ဆက်မရဘဲ ဖြစ်သွားနိုင်သည်။ ဇယားကွက် (၂၄) တွင် အိန္ဒိယနိုင်ငံမှ တလွဲသင်ခန်းစာကို ဖော်ပြထားသည်။

ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ စီမံခြင်းနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်များကို လက်တွေ့ပြနိုင်ခြင်း၊ အောင်မြင်ခဲ့သည့် ပွဲတွေ့နည်းများကလည်း နောင်လာမည့် စီမံကိန်းများအတွက် အသုံးတည့်သည်။ ဆတ်ဆတ်ထိ မခံသည့် နေရာတစ်ခုတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကောင်းစွာစီမံပြခဲ့ပါက အခြားသော ဆတ်ဆတ်ထိ မခံသည့် ရပ်ရွာများ၊ အစိုးရများ၊ သက်ဆိုင်သူများ ကို လုပ်နိုင်ကြောင်း သက်သေပြသကဲ့သို့ဖြစ်ပြီး ယုံကြည်မှုလည်း တည်ဆောက်နိုင်သည်။ နောင်တွင် ပြုလုပ်မည့် သဘော တူညီချက်များနှင့် စီမံကိန်းများပြုလုပ်ရန် ဆွေးနွေးသည့်အခါတွင် တပန်းသာစေမည် ဖြစ်သည်။

**၂၂။ ဥပဒေကြောင်း**

၂၀၁၀ ခုနှစ်တွင် ဩစတြေးလျတွင် ဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံတကာ မိုင်းကုမ္ပဏီတစ်ခုသည် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ဥပဒေကို ချိုးဖောက်သည့်အတွက် ဩစတြေးလျ ဥပဒေအရ အရေးယူခံခဲ့ရသည်။ ထိုကုမ္ပဏီသည် ၂၀၀၈ ခုနှစ်တွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ စစ်တမ်းကို ရပ်ရွာဒေသခံများနှင့် ပူးတွဲကောက်ယူထားဖူးသည်။ ထိုစစ်တမ်းဖော်ပြချက်အရ တောင်ကြားလမ်းများသည် ဒေသခံများအတွက် အလွန် အရေးပါသည့် ရှေးဟောင်းပစ္စည်းများ ရှိသည်ဟု သိရသည်။ သို့သော်လည်း ထိုနှစ်မှာပင် လမ်းချဲ့သည့် အလုပ်သမားများက ယင်းတောင်ကြားလမ်းကို ဘူဒိုဇာဖြင့် ထိုးလိုက်သဖြင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်ဒေသဟု သတ်မှတ်ထားသည့်နေရာကို မတော်တဆဖျက်ဆီးမိ (သို့မဟုတ်) ထိပါးမိသည်။

ကုမ္ပဏီက ထိန်းသိမ်းပါမည်ဟူသော တာဝန်ကို ဖောက်ဖျက်သည်ဟုဆိုကာ ထိုအမှုကို တရားရုံးသို့ တင်သည်။ တရားရုံးက စစ်ဆေးရာတွင် ကုမ္ပဏီအနေနှင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ ထိုယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မထိခိုက်စေရန်အတွက် ကာကွယ်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ကြောင်း၊ ကုမ္ပဏီတွင်း စည်းမျဉ်းစည်းကမ်းများ ရှိမနေကြောင်းကို တွေ့ရှိခဲ့သည်။

ထိုကဲ့သို့တွေ့ရှိချက်က ကုမ္ပဏီများကို ဥပဒေအရ ပြဋ္ဌာန်းထားသည့် လိုက်နာရမည့် ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ် စည်းကမ်းများကို ပိုမိုနားလည် လိုက်နာလာစေရန် တွန်းအားပေးခဲ့သည်။ အစိုးရက တရားလိုလုပ်ကာ တရားစွဲရသည့် စည်းကမ်းချိုးဖောက်မှုများသည် ကုမ္ပဏီ သိက္ခာကျစေပြီး၊ ဒေသခံရပ်ရွာများနှင့် ဆက်ဆံသည့်အခါတွင် ယုံကြည်မှုကိုပျက်ပြားစေကာ ကြီးမားသည့် ပြစ်ဒဏ်များ၊ ဒဏ်ကြေးများ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

**၂၃။ အာဖဂန်နိုင်ငံမှ အတုမဲ့ ဗုဒ္ဓဆင်းတုတော်များ ဖျက်ဆီးခံရခြင်း။**

၂၀၀၈ ခုနှစ်တွင် တရုတ်မိုင်းကုမ္ပဏီသည် အာဖဂန်နိုင်ငံ မက်စ်နက် တွင်ကြေးနီထုတ်ယူရန် လက်မှတ်ရေးထိုး စာချုပ်ချုပ်ခဲ့သည်။ ယင်းမိုင်းသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဟု ဆိုရမည့် ကြေးနီသိုက်ဖြစ်သည်။ မိုင်းလုပ်ကွက်နေရာတွင် ၇ ရာစုမှ ဗုဒ္ဓဘုန်းကြီးကျောင်း၊ ဆင်းတုတော် (၁၀၀) ကျော်နှင့် ခန္ဓာဝန်များထားသည့် အုတ်ဂူ (၇) ခုရှိနေသည်။ နာမည်ကျော် ပိုးလမ်းကြီး နေရာတွင်ရှိနေသော ကြောင့် ယင်းဘုန်းကြီးကျောင်းသည် ယင်းဒေသသို့ ဗုဒ္ဓဘာသာ မည်သို့ပြန့်ပွားလာမည်ကို ပြောပြနိုင်မည်ဖြစ်သည်။ ဗုဒ္ဓဝင် ရှေးဟောင်းလက်ရာ အတော်များများမှာ အစွန်းရောက်များကြောင့် ပျက်ဆီးနေပြီဖြစ်သည်။ တရုတ်ကုမ္ပဏီကလည်း မိုင်းလုပ်ကွက်သစ် ဖော်ရန်အတွက် ယင်းဘုန်းကြီးကျောင်းကို ဖျက်ဆီးရန် ကြံနေသည်။ ထိုအကြံကို ပြင်သစ်နှင့် အာဖဂန် ရှေးဟောင်းသုတေသန ပညာရှင်များက အကြီးအကျယ်ကန့်ကွက်ကြပြီး ယင်းကန့်ကွက်မှုများကို နိုင်ငံတကာကလည်း ထောက်ခံသည်။ ၂၀၁၀ ခုနှစ်တွင်တော့ အာဖဂန် အစိုးရက ယင်းသုတေသနပညာရှင်များကို လေ့လာရေးပြုလုပ်ရန်နှင့် ရှေးဟောင်းပစ္စည်းများကို ရွှေ့ပြောင်းရန်အတွက် အချိန် (၃) နှစ်ပေး လိုက်ရသည်။ စီမံကိန်းကိုလည်း (၃) နှစ်နောက်ဆုတ်လိုက်သည်။

**၂၄။ ဆိုရှယ်လိုင်စင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ**

၂၀၁၀ ခုနှစ်တွင် အိန္ဒိယအစိုးရက ယူကေ အခြေစိုက် ဗီဒန်တာ ကုမ္ပဏီ၏ နီယမ်ဂီရီတောင်တွင် အလျူမီနီယံပါဝင်သည့် ဘောက်ဆိုက်များ ထုတ်ယူမည့် အစီအစဉ်ကို ပိတ်ပင်ခဲ့ဖူးသည်။ ယူကေ ကုမ္ပဏီက တောင်ကို အဖွင့်နည်းဖြင့်တူးယူမည်ဖြစ်သည်။ ယင်းတောင်သည် ဒွန်ဂရာခွန်လူမျိုးစုတို့အတွက် အထူးအရေးပါသည်။ ၎င်းတို့ကိုးကွယ်ရာ နတ်ဘုရား နီယမ်ရာဂျာ စံပယ်သည့်တောင်ဟု ယုံကြည်ကြသည်။ ဒွန်ဂရာခွန်တို့သည် ယင်းမိုင်းလုပ်ငန်းကို အကြီးအကျယ် ဆန့်ကျင်ကြပြီး နိုင်ငံတကာအကူအညီများလည်းရကြသည်။ အန်ဂျီအိုများက ထောက်ပံ့သည့် ဌာနေတိုင်းရင်းသားလူမှုလှုပ်ရှားမှုများလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ဗီဒန်တာ ကုမ္ပဏီက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းကြောင်း ပြသနိုင်ခဲ့သည့်တိုင် ၎င်း၏ လှုပ်ရှားမှုများနှင့် အနာဂါတ်စီမံကိန်းများသည် ဒေသခံဌာနေတိုင်းရင်းသား လူမျိုးများ အခွင့်အရေးနှင့် ပတ်သက်ပြီး မေးခွန်းထုတ်ခံရသည်။
ထို့ကြောင့် ဆိုရှယ်လိုင်စင်မရပဲလုပ်ခဲ့သည့်ယင်းလုပ်ငန်းသည် ဥပဒေအရ ပြည့်စုံနေလင့်ကစား နိုင်ငံတကာက ဝိုင်းဝန်းရှုတ်ချခဲ့ပြီး အချိန်မတိုင်မီ ပိတ်သိမ်းခဲ့ရသည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များ ရီယိုတင်တိုသည် ၎င်း၏ လုပ်ငန်းများတွင် ဆုံးဖြတ်ချက်သည့် လုပ်ငန်းစဉ် အဆင့်တိုင်း၌ ရေရှည်တည်တံ့အကျိုးရှိမှုကိုဦးစားပေးရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မျှော်ရန် သတ်မှတ်ထားသည်။

ယဉ်ကျေးမှု ဆိုင်ရာ ဓလေ့၊ နေရာ၊ အရာဝတ္ထုများကို လေးစားရန်၊ ပိုမိုဖြစ်ထွန်းလာအောင် အားပေးရန် ဆောင်ရွက်ပေးချက်များသည် စီမံကိန်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ အထောက်အကူပြုလျက်ရှိသည်။

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် သူ့ဖာသာပင် တန်ဖိုးရှိနေပြီး ၎င်းကို အမှီပြုပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဂေဟစနစ်၊ ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ ဆက်လက် ပေါ်ပေါက်လာနိုင်သည်။
- ယဉ်ကျေးမှုဆိုင်ရာ အသိပညာများနှင့် ဓလေ့များသည် စီမံကိန်း လုပ်ငန်းစဉ်များကို ရေရှည်တည်တံ့နိုင်ရန်အတွက် အကူအညီများပေးသည်။
  ဥပမာ-သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ခြင်းနှင့် ပြန်လည်ကုစားပေးခြင်းတို့တွင် ဒေသခံအသိပညာများ ထည့်သွင်းပူးပေါင်းခြင်း။

ရပ်ရွာ၏ တန်ဖိုးထားမှုများကို လေးစားသမှုပြုရန်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများတွင် ရပ်ရွာသားများကို ပါဝင်စေခြင်းဖြစ်သည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်လာခြင်းမှ ပေါ်ပေါက်လာသည့် ရလဒ်များသည် စီမံကိန်း မျှော်မှန်းချက်နှင့် ရပ်ရွာ၏ ဆန္ဒများကို အကောင်အထည်ပေါ်လာရန် များစွာ အထောက်အကူပြုသည်။ ဇယားကွက် (၂၅) ကိုကြည့်ပါ။

**၂၅။ တိုးတက်လာသည့်မိုင်းလုပ်ငန်း စီမံခန့်ခွဲမှုများ**

လက်ရှိအချိန်တွင် ခေတ်စားနေသည့် အချက်မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် မိုင်းလုပ်ငန်းများအဖို့ စီးပွားရေးအကျိုးအမြတ်များ ရရှိစေသည် ဟူသောအချက်ဖြစ်သည်။ ဥပမာအားဖြင့် စီမံကိန်း အဆုံးသတ်သည့်အချိန်တွင် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အစီအစဉ်အရ အစဉ်အလာပိုင်ရှင်များက မြေယာပြန်လည်ကုစားခြင်းနှင့် ရေရှည်စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်သည့်အခါတွင် ရုက္ခဗေဒဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ များပေါင်းစပ်လုပ်ကိုင်ရန် လိုအပ်မည်ဖြစ်သည်။ မြေယာပြန်လည်ကုစားခြင်းအတွက် လူမျိုးစု အလိုက်ထိန်းသိမ်းလာသည့် ရုက္ခဗေဒ အသိပညာများစွာလိုအပ်လာမည်ဖြစ်သည်။ အထူးသဖြင့် ဂေဟစနစ်တွင်ပါဝင်သည်များကို သုံးသပ်ခြင်း၊ တန်ဖိုးဆန်းစစ်ခြင်းတို့တွင် အသုံးဝင်ပြီး ထိန်းသိမ်းထားရမည့် အခြေအနေကို ဖော်ပြပေးရာတွင် အသုံးပြုသည်။ နယူးဇီလန်နိုင်ငံတွင် မိုရီလူမျိုးတို့သည် စမ်းချောင်းနှင့် ရေထွက်ပေါက်များ အခြေအနေကို စောင့်ကြည့်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ သန်စွမ်းမှု အခြေပြဇယားကို ဖော်ထုတ်ထားသည်။ ယင်းသည် ရိုးရာနှင့် အနောက်အမြင်များကို ထိရောက်စွာ ပေါင်းစပ်ထားနိုင်မှု၏ ဥပမာကောင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၊ ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များ တိုးတက်မှုများကို စောင့်ကြည့်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများတွင် အသုံးပြုနိုင်သည်။

**၂၆။ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို ဖျက်ဆီးခြင်း**

ယဉ်ကျေးမှုများကို ဖျက်ဆီးခြင်းသည်လည်း လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖျက်ဆီးခြင်းခံလိုက်ရပါက ထိုအုပ်စုတစု၏ သရုပ်သကန်များ ပျောက်ကွယ်ရန် ပိုမိုနီးစပ်လာသည်။ ထိုကဲ့သို့ ယဉ်ကျေးမှုများကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းသည် လူသားမျိုးသုံးသတ်ဖြတ်ခြင်း၊ လူသားဖြစ်တည်မှုကို ခြိမ်းခြောက်ခြင်း ရာဇဝတ်မှုများ ဖြစ်သည်။ ယူဂိုဆလားဗီးယားနိုင်ငံမှ စတာရီမိုစ့် (တံတားဟောင်း)သည် ထိုဒေသမှ လူမျိုးများအတွက် အလွန်အရေးကြီးသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဖြစ်သည်။ မိုစတာ၏ ယဉ်ကျေးမှု အစုံအလင်ရှိခဲ့သည့် သမိုင်းကို ဖော်ပြနေသည့်အရာဖြစ်သည်။ ၁၉၉၃ ခုနှစ် ဘော့စနီးယားစစ်ပွဲတွင် ခရိုအေးရှားတင့်ကားများက ယင်းတံတားကို ဖျက်ဆီးခဲ့သည်။ မဟာဗျူဟာအရ အရေးမပါသည့် တံတားကို စစ်ရေးထက် တံတားတွင် ကိန်းနေသည့် အဓိပ္ပာယ်များကို ဖျက်ဆီးလိုသော ကြောင့်ဖြစ်သည်။ ခရိုအေးရှား ကာကွယ်ရေးကောင်စီမှ ညွှန်ကြားသူ ဆိုဘိုတန်ပါးလ်ဂျက်သည် တံတားကို စစ်ရေးအရ မလိုအပ်ပဲ ဖျက်ဆီးရန် အမိန့်ပေးမှုဖြင့်၎င်း၊ အခြားအမှုများဖြင့်၎င်း ရုံးတင်စစ်ဆေးခံရသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အခြေအနေကောင်းမွန်လာခြင်းဖြင့် ရပ်ရွာကလည်း စီးပွားရေးအရ အကျိုးဖြစ်ထွန်းနိုင်သည်။ ဆင်းရဲမွဲတေမှုကို လျှော့ချပြီး အလုပ်လက်မဲ့နှုန်းကိုလည်း ကျဆင်းစေသည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ဒေသခံ တေးဂီတ၊ အက၊ ရှေးဟောင်းအမွေအနှစ်နယ်မြေများကိုလာရောက်ကြည့်ရှုသည့် ခရီးသွားများထံမှ ဝင်ငွေရနိုင်သေးသည်။ နှုတ်ပြောသမိုင်းများ ပြောပြခြင်းဖြင့်လည်း ပိုက်ဆံရှာနိုင်သည်။

စီးပွားရေးဖွံ့ဖြိုးမှုအတွက် ယဉ်ကျေးမှုကဏ္ဍသည် အထူးအရေးပါသည်ကို ခိုင်မာစွာသက်သေပြထားချက်လည်းရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ၇ ရာခိုင်နှုန်းသည် ယဉ်ကျေးမှုကဏ္ဍမှ လာခြင်းဖြစ်သည်။ (ယူနက်စကို ၂၀၁၀) ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရန် ကုလသမဂ္ဂက ပံ့မှန် ပံ့ပိုးသည့် အစီအစဉ်များတွင် ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အမြဲပါသည်။ ခရီးသွားလုပ်ငန်းကို အဓိက မောင်းနှင်သည့် အရာဖြစ်သောကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် ဒေသတခု၏ ဖွံ့ဖြိုးမှု၊ ကြီးထွားမှု၊ ခရီးသွားလုပ်ငန်းမှ အခွန်အခ၊ အလုပ်နေရာများ၊ ကျွမ်းကျင်မှုသင်တန်းများနှင့် အခြားအခြားသော ကောင်းကျိုးသက်ရောက်မှုများသည် စီမံကိန်းပြီးသွားသည့်တိုင် ဆက်လက် ကျန်ရစ်နေမည်ဖြစ်သည်။ ဥပမာအားဖြင့် ကမ္ဘာ့ အမွေအနှစ် ရံပုံငွေသည် ပျောက်ကွယ်တော့မည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းကို ထိုဒေသ၏ စီးပွားရေးလုပ်ငန်းတွင် အပေါင်းလက္ခဏာဖြင့် ဝင်ရောက်မြှုပ်နှံခြင်းအဖြစ်နှင့် သတ်မှတ်ထားသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အစီအစဉ်သည် အသေးစားလုပ်ငန်းများ ထူထောင်ပေးခြင်း၊ ပညာပေးခြင်း၊ သင်တန်းများ ပေးခြင်းဖြင့် ရပ်ရွာ၏ ဝင်ငွေကို တိုးစေနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စီမံခြင်းသည် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးများနှင့် တတန်းတည်းထားရမည့် ရပ်ရွာဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အချက်ဖြစ်သည်။

ရပ်ရွာများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လူ့အခွင့်အရေး ကာကွယ်ခြင်း နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသည်မှာ လူတိုင်းသည် မိမိယဉ်ကျေးမှု သရုပ်သကန်ကို ဖွံ့ဖြိုးအောင်လုပ်ခွင့် အသုံးချမွေ့လျော်ခွင့်ရှိသည်ဟု ဆိုသည်။ ဇယားကွက် (၂၆) ကိုကြည့်ပါ။ နိုင်ငံအတော်များများက ထိုအချက်ကို ဥပဒေများဖြင့် အသက်ဝင်အောင် ပြုလုပ်ထားပြီး ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်းအစီအစဉ်များ ဆောင်ရွက်ထားခြင်း၊ အဆင့်အတန်း ကိုက်ညီခြင်းမရှိသည့် အရာများကို ပြန်လည်ပြုပြင်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားခြင်းတို့ကို ဥပဒေနှင့် အညီပြုလုပ်ရန် ပြဋ္ဌာန်းထားကြသည်။

ရီယိုတင်တိုသည် ထိုကဲ့သို့ပြဋ္ဌာန်းထားသည့် ဥပဒေများကို အတိအကျလိုက်နာသည်။ ဥပဒေတိတိကျကျမရှိသည့် နိုင်ငံများ - ဥပမာအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများထက် နည်းဥပဒေ လက်တွေ့အသက်ဝင်ရေး၊ ဝန်ဆောင်မှုများပေးရေးတို့တွင် အားနည်းသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝင်ရောက်လုပ်ကိုင်သည့် အခါ ရီယိုတင်တိုသည် နိုင်ငံတကာက သတ်မှတ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စံသတ်မှတ်ချက်များကို လိုက်နာသည်။ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းခြင်းနှင့် တစ်ကမ္ဘာလုံးက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် ကမ္ဘာ့ဘဏ်၏ ဘေးကင်းကာကွယ်ရေး မူဝါဒများကို အထူးသဖြင့် လိုက်နာသည်။

ရီယိုတင်တိုသည် ၎င်းလုပ်ငန်းဆောင်ရွက်လေရာတိုင်းတွင် လူ့အခွင့်အရေးကို လေးစားရန် ပံ့ပိုးရန်အတွက် လေးနက်စွာ ကတိပြုထားသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် လူ့အခွင့်အရေး ကတိပြုချက်များသည် ရီယိုတင်တို ဝင်ရောက်ရာ ရပ်ရွာများအတွက် ပြည်သူများကောင်းကျိုးဆောင်ရွက်ရာတွင် အဓိကလွှမ်းမိုးသည့် အတွေးအခေါ် ဖြစ်သည်။

# ၃.၃ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်ပေါ်သက်ရောက်မှုများ

**ဆွေးနွေးညှိနှိုင်းခြင်းနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ တိုက်ရိုက်သက်ရောက်မှုများ၊ သွယ်ဝိုက်သက်ရောက်မှုများ၊ လူမှုယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများ၊ ဝန်ထမ်းခန့်ထားခြင်းနှင့် သင်တန်းပေးခြင်း အနေအထားများတွင် မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၏ သက်ရောက်ထိခိုက်မှုများ၊ ကောင်းကျိုးဖြစ်ထွန်းစေမှုများကို ယခုအခန်းတွင် တင်ပြသွားမည်ဖြစ်သည်။**

စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် များသည် ရပ်ရွာ၏ မြင်ရသော၊ မမြင်ရသော အမွေအနှစ်များအပေါ် သွယ်ဝိုက်သော် လည်းကောင်း တိုက်ရိုက်သော်လည်းကောင်း သက်ရောက်လျက်ရှိသည်။ အချို့သော စီမံကိန်းလှုပ်ရှားမှုများသည် ပထဝီ အနေအထား၊ ဘူမိအနေအထားနှင့် သတ္တုသိုက်များ တည်နေပုံတို့ကို လိုက်ကာ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် အချို့သော ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ အရာဝတ္ထု များကို မရှောင်ရှားနိုင်တော့ပဲ ထိပါးမိကြ သည်။ စီမံကိန်းနှင့် ဆက်စပ်သည့် အခြေခံ အဆောက်အဦးများသည် စီမံကိန်းကြောင့် သက်ရောက်မှုကို ကျယ်ပြန့် လာစေမည် ဖြစ်သော်လည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် နည်းလမ်းရွေးခြင်း၊ ပုံစံရွေးခြင်း၊ နေရာ ရွေးခြင်းတို့ကို သဘောထား ပျော့ပျော့ ပြောင်းပြောင်းနှင့် ဆောင်ရွက်ပါက သက်သာမည်ဖြစ်သည်။ သန့်စင်စက်ရုံ၊ အရေကျို စက်ရုံနှင့် ရေအားလျှပ်စစ် ဆည်ကဲ့သို့သော အကြီးစားအခြေခံ အဆောက်အဦးများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကြီးမားစွာ အကျယ်အပြန့် ထိခိုက်နိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များအပေါ် သက်ရောက်ခြင်းသည် တိုက်ရိုက်လည်းဖြစ်နိုင်သကဲ့သို့ သွယ်ဝိုက်၍ လည်း ဖြစ်နိုင်သည်။ သက်ရောက်မှုများသည် စီမံကိန်း အရွယ်အစား အတိုင်းအတာပေါ် လိုက်ပြီး ကွဲပြားနိုင်သည်။ ရံဖန်ရံခါ မျိုးဆက် အလိုက်ခံစားရသည်များလည်းရှိသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအပေါ် သက်ရောက်မှု သဘာဝ၊ အပြင်းအပျော့ ပမာဏသည် စီမံကိန်း အဆင့်အလိုက် ကွဲပြားသည်။ စီမံကိန်း အကြောင်းရှာခြင်း၊ ဆောက်လုပ်ရေးအဆင့်၊ လည်ပတ်ခြင်း အဆင့်၊ ပိတ်သိမ်းသည့် အဆင့် စသည့် အဆင့်တိုင်းတွင် ထိပါးမှုပုံစံ၊ ထိခိုက်စေသည့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း ကွဲပြားခြင်း၊ ( ဥပမာ ။ ။တုန်ခါမှုများခြင်း၊ အမှုန် အမွှားများ ထုတ်လွှတ်ခြင်း၊ ရေကို တရားလွန် အသုံးချခြင်း ) ပြောင်းရွှေ့လာသည့် လူဦးရေပမာဏ အနည်းအများ၊ ကုမ္ပဏီ၏ လုပ်ငန်းစဉ်၊ ဆောင်ရွက်ချက်များ အပြောင်းအလဲပြုလုပ်မှုများ မတူသည်နှင့် အမျှ သက်ရောက်မှုများမှာလည်း အဆင့် အမျိုးမျိုးဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအပေါ် တန်ဖိုးထားမှုများသည် စီမံကိန်းပုံစံကို လိုက်ပြီးပြောင်းလဲတတ်သည်။ စီမံကိန်း အများအပြားဝင်ဖူးသည့် နေရာ (သို့မဟုတ်) စီမံကိန်းများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များ အပေါ် သက်ရောက်သည့် ဆိုးကျိုးများကို ကော့နေအောင် ခံစား ခဲ့ရဖူးသည့် နေရာများတွင် လူတို့သည် ကျန်ရှိနေသေးသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အခြားအရာများနှင့် ယှဉ်လျှင် အဖိုးမထိုက်သည့်တိုင် တူမတူအောင် တန်ဖိုးထားကြသည်။ လူမှု စီးပွား (သို့မဟုတ်) ဇီဝရုပအရာများ အပြောင်းအလဲများနှင့်အတူ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်မှုများနှင့် ဓလေ့ များသည် စီမံကိန်းဆောင်ရွက်နေသည့် ကာလအတွင်းမှာပင် အပြောင်းအလဲများ ဖြစ်သွားနိုင်သည်။ ဆိုလိုသည်မှာ ယခင်က တန်ဖိုးထားခဲ့သည့် အရာများသည် တန်ဖိုး ထားခံရမှု နည်းသွားခြင်းကို ဆိုလိုသည်။ ထို့အတူပင် အချို့သော ယဉ်ကျေးမှုများကို ထိန်းသိမ်းထားခြင်းသည် အပြောင်းအလဲ များတွင် မပါဝင်စေရန်တားဆီးထားခြင်းနှင့် တူပြီး ရပ်ရွာ၏ ကျယ်ပြန့်သော ယဉ်ကျေးမှု ခိုင်မြဲမှုတွင် မပါဝင်ရသဖြင့် အဖျက် လုပ်ငန်းဟု အထင်ခံရသည့် အခါလည်း ရှိနိုင်သည်။

## ဆွေးနွေးညှိနှိုင်းခြင်းနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။

ရပ်ရွာသားများကို စီမံကိန်းလုပ်ငန်းများတွင် စောနိုင်သမျှစောအောင် ပါဝင် ဆောင်ရွက်စေခြင်းသည် မိုင်းလုပ်ငန်း (သို့မဟုတ်) ယင်းနှင့် ဆက်စပ်လုပ်ငန်းများ ကြောင့် ပေါ်ပေါက်လာနိုင်သည့် ယဉ်ကျေးမှုနေရာနှင့် အရာဝတ္ထုများအပေါ် တိုက်ရိုက်သက်ရောက်မှုများ လျှော့ချ ပေးနိုင်သည်။ ရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် မည်သို့ လုပ်နိုင်မည်နည်းဟူသော အခွင့်အလမ်း ကောင်းများကိုလည်း ဖော်ပြပေးသည်။ ရပ်ရွာသားများနှင့် ချိတ်ဆက်ခြင်းဖြင့် လူမှုရေးနှင့် ယဉ်ကျေးမှု ပြောင်းလဲခြင်း အပေါ် ရွာ၏ ပူပန်မှုများကို ဖော်ထုတ်နိုင်ပြီး လက်ခံနိုင်ဖွယ်ရှိသည့် ရလဒ်များ ပေါ်ပေါက် လာအောင် ဆောင်ရွက်ကူညီပေးနိုင်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာတခု၏ တန်ဖိုးသည် ဒေသဆိုင်ရာ ယုံကြည်မှုနှင့် လည်း သက်ဆိုင်သဖြင့် အပြင်လူများက မိုင်းလုပ်ငန်းလုပ်ခြင်းကြောင့် ယင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မည်သည့်အတိုင်းအတာအထိ ထိခိုက် သွားမည်ကို သိရန်မှာ အလွန်မဖြစ်နိုင်သည့် ကိစ္စ ဖြစ်သည်။ ဒေသဆိုင်ရာ ယုံကြည်မှု စနစ်ကို ဝေဖန်ရန်၊ အဓိပ္ပာယ်ဖွင့်ဆိုရန်မှာ စီမံကိန်း၏ အလုပ်မဟုတ်ပါ။ ထိုသို့ ဆောင်ရွက်ခြင်းထက် ပူပန်မှုများအားလုံးကို အရေးကြီးသည်ဟု သတ်မှတ်ပြီး ရပ်ရွာနှင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ချိတ်ဆက်ဆောင် ရွက်ခြင်းတို့ဖြင့်သာ ဖြေရှင်းနိုင်သည်ကို သဘောပေါက်ရမည်ဖြစ်သည်။

ရပ်ရွာများနှင့် ကောင်းစွာချိတ်ဆက်ဆွေးနွေး ခြင်းမရှိဘဲ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များ စီမံခြင်းသည် တလွဲများကိုသာ ဖြစ်ပေါ်စေမည် ဖြစ်သည်။ ရပ်ရွာ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေးစားသည်ဟုဆိုရာတွင် ဥပဒေအရ ပြဋ္ဌာန်းထားသည်များကိုသာမက ရိုးရာ ဓလေ့များ၊ ရပ်ရွာသားတို့၏ ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များစီမံခြင်း နှင့်ဆိုင်သည့် ဆုံးဖြတ်ချက်ချခွင့်ကိုပါ လေးစားရမည် ဖြစ်သည်။ ရံဖန်ရံခါတွင် အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ နှင့် အခြားသက်ဆိုင်သူ များက အကြံပြုလိုက်သည့် စီမံချက်၏ ရလဒ်သည် ဒေသခံများနှင့် မကိုက်သည့်အခါ များရှိတတ်သည်။ ဥပမာ-ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံမှုအရ ဆုံးဖြတ်လိုက်သည့် နေရာတစ်ခုကို ထိန်းသိမ်းမည်ဟူသော ဆုံးဖြတ်ချက်တစ်ခုသည် မရည်ရွယ်သည့် သက်ရောက်မှုများရှိသွားနိုင်သည်။ အထူး သဖြင့် ထိန်းသိမ်းထားသည့်နေရာသို့ သွားလာခွင့်ကို ကန့်သတ်ခြင်း (သို့မဟုတ်) ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များနှင့် ဖီလာနေသည့် အခါများတွင် ဖြစ်သည်။ ကောင်းမွန်သည့် ချိတ်ဆက်ဆောင်ရွက်မှုတခု ဖြစ်ရန်အတွက် ဆိုလျှင် အခြားသူများ၏

ယဉ်ကျေးမှုနှင့် ထုံးတမ်းများကိုသဘောပေါက်သိမြင်လျက်၊ ထည့်သွင်းစဉ်းစားပေးခြင်းသည် အဓိကပါဝင်ရမည်ဖြစ်သည်။ သူများအတွက် စဉ်းစားပေးခြင်းမရှိပါက ကုမ္ပဏီနှင့် ရပ်ရွာအကြား အယုံအကြည်မဲ့မှုများသည် နက်ရှိုင်းပြီး ကာလကြာရှည်စွာ ဖြစ်ပေါ်လာတတ်သည်။ လေးလေးစားစား ပူးပေါင်းလိုစိတ်တို့ကို စွဲကိုင်လျက် ယဉ်ကျေးမှုဆိုင်ရာ နေရာ၊ အရာဝတ္ထု၊ ဓလေ့တို့ကို စီမံခြင်း၊ ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းတို့ ပြုလုပ်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းသူများနှင့် ချိတ်ဆက် ဆွေးနွေးခြင်းသည် ယုံကြည်မှုများကို ဖြစ်ပေါ်စေပြီး ရေရှည် အပြုသဘောဆောင်သည့် ဆက်ဆံရေးအတွက် အခြေခံအုတ်မြစ် ဖြစ်သည်။ ရပ်ရွာသားများစိုးရိမ်သည့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို ဖုံးကွယ်ပေးထားရန်မှာလည်းတပါတည်း ပူးပေါင်းဆောင်ရွက်လိုက်နာရမည်ဖြစ်သည်။ သတင်းအချက်အလက်များ အပြင်သို့ထုတ်ပြန်ရာတွင် ယဉ်ကျေးမှုသတ်မှတ်ချက်များကို လိုက်ပြီး လေးလေးစားစားနှင့် ထုတ်ပြန်ခြင်းသည် ရပ်ရွာကို လေးစားကြောင်းပြသခြင်းဖြစ်ပြီး ရပ်ရွာ၏ ယုံကြည်မှုကိုလည်း အခိုင်အမာ ရရှိစေသည်။

ဒေသခံများ၏ ယဉ်ကျေးမှုကို လေးစားသည်ကို ပြသရန်မှာ စီမံကိန်းလုပ်ငန်းများတွင် ပွဲပေးခြင်း ဥပမာ-ဩစတြေးလျမှ အာဂီမိုင်းတွင်းဖွင့်ပွဲ၊ ရာသီအလိုက်ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပနိုင်ရန် အလုပ်အချိန်ဇယားကို ပြင်ဆင်ထားခြင်း၊ (သို့မဟုတ်) ရာသီရောက်သည့်အခါ အမဲလိုက်ခွင့်ပြုခြင်း၊ (ဥပမာ-ဒိုင်ယာဗစ်မိုင်း ကနေဒါ) တို့ဖြင့် ပြသနိုင်သည်။

### ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ တိုက်ရိုက်ထိခိုက်ခြင်း

မြေယာရှင်းလင်းခြင်း၊ မြေကြီးတူးခြင်း၊ ဖောက်ခြင်း၊ ကော်ခြင်း၊ တုန်ခါခြင်း၊ မြေကို လွှာပစ်ခြင်း၊ ရေထုတ်ယူခြင်း၊ ညစ်ညမ်းစေခြင်း၊ ဆောက်လုပ် ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြား ဆောင်ရွက်မှုများကြောင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ ရူပကဂုဏ်ရည်ကို ထိခိုက်စေနိုင်သည်။ ကန်ထရိုက်တာများ၊ အလည်လာသူများနှင့် ဝန်ထမ်းများ၏ ခိုးဆိုး ဖျက်ဆီးမှုများကြောင့်လည်း ထိခိုက်နိုင်သည်။ ထိုလုပ်ဆောင်ချက်များ၏ ရလဒ်အနေနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပျက်ဆီးခြင်း၊ ဖျက်ဆီးခံရခြင်းတို့ကိုဖြစ်ပေါ်စေပြီး ယဉ်ကျေးမှုအရ အရေးပါသည့် နေရာကို သွားခွင့်ကန့်သတ်လိုက်ခြင်း တို့ကို ပေါ်ပေါက်လာစေနိုင်သည်။ ပျက်ဆီးမှု လျော့ပါး အောင်ဆောင်ရွက်သည့် အစီအမံများသည် ယင်းနေရာ၏ သဘာဝနှင့် အရေးပါမှု အလိုက်ကွာခြားနိုင်သည်။ အနိမ့်ဆုံး မှတ်တမ်းတင်ခြင်းမှသည် အသေးစိတ် သုတေသနပြုလုပ်ခြင်း၊ ပြောင်းရွှေ့နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာ ရွှေ့ခြင်းတို့ အထိဖြစ်နိုင်သည်။

မည်မျှပင် ပြည့်စုံထောင့်စေ့စွာ စီစဉ်ထားစေကာမူ စီမံကိန်းဆိုင်ရာလှုပ်ရှားမှုများသည် အဓိကကျ အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အဆောက်အဦးများ အရာများကို မတော်တဆ ပျက်ဆီးစေမှု၊ ထိပါးမှုများ ရှိနိုင်သည်သာ ဖြစ်သည်။ ဥပမာ-မရည်ရွယ်ပဲနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် များရှိရာသို့ ကားမောင်းဝင်သွားပြီး နင်းကြိတ်ဖျက်ဆီးခြင်းကဲ့သို့ ရိုးရိုးသားသား အမှားများလည်း ဖြစ်နိုင်သည်။ ထိုအခါမျိုးတွင် စီမံကိန်းအနေနှင့် တာဝန်ယူရတော့မည်ဖြစ်သည်။ မှားကြောင်းဝန်ခံကာ၊ ပြန်လည်ပြုပြင်ပေးရမည်။ ထိခိုက်ခံရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် များကို စောင့်ထိန်းသူကိုလည်း ကျေနပ်အောင် တောင်းပန်ပြီး ဆက်ဆံရေးကို ထိန်းထားရမည်။ အခြားတစ်ဖက်တွင်လည်း မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကာကွယ်ခြင်းကို ပိုမိုအားကောင်းစေသည့် အခါများလည်းရှိသည်။ အချို့သော ရှေးဟောင်းသုတေသန နယ်မြေများသည် မိုင်းလုပ်ငန်းလုပ်ကိုင်နေရင်းနှင့်မှ ပေါ်လာခြင်းဖြစ်ပြီး ယင်းနေရာနှင့် ရပ်ရွာသားတို့ ဆက်စပ်နေပုံတို့ကိုဖော်ထုတ်နိုင်ပြီး ရွာသားများ အနေနှင့် တိုး၍ ဂုဏ်ယူစရာ ဖြစ်လာစေသည်။ (ဇယားကွက် (၂၈) - မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဥပမာတစ်ခု)။ ထို့အတူပင် မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများသည် အမွေအနှစ်များ ဖျက်ဆီးခြင်း၊ လုယူခံရခြင်းနှင့်သဘာဝကြောင့် ယိုယွင်းခြင်းတို့ကို ကာကွယ်ရာတွင် လိုအပ်သည့် ငွေရေးကြေးရေးနှင့် အခြားစွမ်းရည်များကိုလည်း တိုးတက်စေသည်။ အခြေပြုစစ်တမ်းများနှင့် ရပ်ရွာသားများနှင့် ဆွေးနွေးအကြံယူခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အားလုံးကို ဖော်ထုတ်ရန်မစွမ်းသာသဖြင့် စီမံကိန်းလုပ်ရင်းမှ အမှတ်မထင် ပြန်လည်တွေ့ရှိသည်များမှာ အမြဲရှိသည်။

**၂၇။ ဖီလ်ဘာရာ သစ်ပင်ပေါ်တွင် အလောင်းထားခြင်း**

ဩစတြေးလျနိုင်ငံ ဖီလ်ဘာရာတွင် ပြုလုပ်ခဲ့သည့် အမွေအနှစ်စစ်တမ်းများအရ အဘော်ရီဂျင်များသည် လူသေများကို အလွန်အိုမင်းနေပြီဖြစ်သော မူလ်ဂါပင် ခွဆုံများတွင် ထားတတ်ကြသည်ကို တွေ့ရှိခဲ့သည်။ ထိုအလောင်းများတင်ရာ သစ်ပင်ကို အလွန်အရေးကြီးသည့် အရာအဖြစ် သတ်မှတ်ပြီးအရေးပါမှု ဆန်းစစ်ချက်တွင် တွေ့ရှိချက်များအပေါ် မူတည်ကာ ထိန်းသိမ်းရန် ပြင်ဆင်လျက်ရှိသည်။ ၎င်းတို့ပြင်ဆင်ထားသည့် အစီအစဉ်တွင် အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများက မူလ်ဂါပင် တစ်ပင်ကို အစားထိုးစိုက်ရန်ပါဝင်သည်။ သို့မှသာ အပင်ဟောင်းသေသွားသည့်အခါတွင် အပင်မျိုးဆက်မပြတ်ပဲ ရှိနေမည်ဖြစ်သည်။ သို့သော်လည်း ထိုအစီအစဉ်ကို အစဉ်အလာ မြေပိုင်ရှင်များက ကန့်ကွက်ခဲ့ကြသည်။ အပင်ပေါ်တွင် အလောင်းများထားသည်ဆိုသည်မှာ အပင်အတွက် ပြစ်ဒဏ်ခတ်ခြင်းတစ်မျိုးပင်ဖြစ်ပြီး အချိန်စေ့သည့် အခါတွင် အပင်သေသွားမည် ဖြစ်ကာ မြှုပ်နှံထားသည့် အရိုး အကြွင်းအကျန်များသည်လည်း သူ့နေရာမှန်သို့ ပြန်ရောက်သွားမည် ဟူ၍ဖြစ်သည်။

**၂၈။ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ စီမံကိန်း၏ အကျိုးပြုချက်**

ဘရာဇီးနိုင်ငံ တိုကန်တင်းတွင် မိုင်းလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုသည် ဒေသခံ ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းပြီး မမြင်ရသည့် အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရန်အစီအစဉ်တစ်ခုကို ပူးပေါင်းလုပ်ဆောင်သည်။ ယင်းအစီအစဉ်မှာ သက်ကြီးများပြောပြသည့် ပုံပြင်များကို စုဆောင်းရန် အသံသွင်းရိုက်ကူးထားရန်ဖြစ်သည်။ ထိုအစီအစဉ်တွင် ဌာနေတိုင်းရင်းသားများကို ၎င်းတို့၏ ဓလေ့များနှင့် ပုံပြင်များကို မှတ်တမ်းတင်နိုင်ရန်၊ ကာကွယ်နိုင်ရန် နှင့် မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်းနိုင်ရန် အတွက် ဇတ်ညွှန်းရေးခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့် ရုပ်ရှင်ရိုက်ခြင်းနည်းများ သင်ကြားပေးခြင်းပါဝင်သည်။

မိုင်းလုပ်ငန်းသည် ရပ်ရွာအပေါ်တွင် ကျိန်းသေသက်ရောက်မှုများရှိမည်မှာ သေချာသော်လည်း ကုမ္ပဏီသည် ရပ်ရွာ၏ အရေးကြီးသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် သမိုင်းကို မှတ်တမ်းတင် ထိန်းသိမ်းရန်အတွက် အကူအညီပေးခဲ့သည်။

လုပ်ရင်းကိုင်ရင်းတွေ့လာသည်များကို မည်သို့ ကိုင်တွယ်မည်နည်းနှင့် ပတ်သတ်ပြီး ရီယိုတင်တိုတွင်ရပ်ရွာများ၊ သက်ဆိုင်သူများ နှင့် သဘောတူထားသည့် အစီအစဉ်ရှိသည်။ အချို့သော အခြေအနေများတွင် ထိုကဲ့သို့သော တွေ့ရှိချက်များကို ရွာအဆင့်၊ နိုင်ငံအဆင့် အမွေအနှစ်စာရင်းသို့ သတင်းပေးပို့ရန်လိုအပ်သည်။ ထိုအခါတွင် ထိုအမွေအနှစ်ကို ထိန်းသိမ်းရန်၊ စောင့်ရှောက်ရန် အတွက် ဥပဒေအရ လမ်းညွှန်မှုမျိုး ပေါ်ထွက်လာနိုင်သည်။ အချို့သောနိုင်ငံများက အမွေအနှစ်များ တွေ့လာပြီဆိုပါက အစိုးရသို့ လွှဲပေးရခြင်း (သို့မဟုတ်) အမွေအနှစ်ဆိုင်ရာ အဖွဲ့အစည်းများသို့လွှဲပေးကာ ပြတိုက်များတွင် ပြထားရန် စီစဉ်ကြသည်။ ထိုသို့ဆောင်ရွက်မှုများသည် ဒေသခံများ၏ ဆန္ဒနှင့် ကိုက်ညီမည် မဟုတ်ပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် စီမံကိန်းအနေနှင့် ဆောင်ရွက်ရမည့် အချက်မှာ ပထမဦးစွာ ဥပဒေအတိုင်း လိုက်နာ၊ ရပ်ရွာနှင့် ချိတ်ဆက်ဆွေးနွေးမှုများ အမှန်အကန်ဖြစ်ပေါ်စေရန် တိုက်တွန်းပြီး အဖြစ်အပျက်များအပေါ်တွင် အကြံပေးခြင်းများ ပြုလုပ်ရန်ဖြစ်သည်။

ဌာနေတိုင်းရင်းသားများနှင့် အခြား လူနည်းစုအုပ်စုများအတွက် ယဉ်ကျေးမှု နယ်မြေဟု သတ်မှတ်လိုက်သည့်နေရာများ၊ ၄င်းတို့အတွက် တန်ဖိုးထားသည့် နေရာများသို့ သွားလာခွင့်ပြုခြင်းသည် ရပ်ရွာ သာယာရေးအတွက် အလွန်အရေးကြီးသည့် အချက်ဖြစ်သည်။ ထိုသတ်မှတ်ထားသည့် နေရာများတွင် ငါးမျှားခွင့်၊ အမဲလိုက်ခွင့်၊ ဖြတ်သန်းသွားလာခွင့်ပြုခြင်းသည် စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စီမံခြင်း၏ အဓိက အရေးပါသည့် အစိတ်အပိုင်း ဖြစ်သည်။ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အဖြစ် သတ်မှတ်ထားသည့် နေရာများသို့ ဒေသခံများကို သွားလာခြင်းမပြုသည့် ဥပဒေကြောင်းရာများသည် ဆိုးဝါးပြီး အနှုတ်လက္ခဏာ သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများသည် အချိန်ကြာလာသည့် အခါတွင် စက်မှုအမွေအနှစ်များ အဖြစ်သို့ပြောင်းလဲသွားသည်။ စက်မှုလုပ်ငန်းဆိုင်ရာ အမွေအနှစ်ဟု ပြောနိုင်သည့် သမိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ လူမှုရေး၊ ဗိသုကာဆိုင်ရာ၊ သိပ္ပံတန်ဖိုးများနှင့် အကျိုးစီးပွားများ ပါဝင်သည်။ အထူးသဖြင့် စွမ်းအင်ထုတ်လုပ်ခြင်းတွင် ဆန်းသစ်မှု ပြုလုပ်နိုင်ခဲ့ခြင်း၊ ပို့ဆောင်ရေး (သို့မဟုတ်) နေရာချထားရေး (သို့မဟုတ်) မိုင်းနှင့် ဆက်စပ်လုပ်ငန်းများတွင် စီးပွားရေး၊ လူမှုရေး၊ နည်းပညာ အခြေအနေများ ပိုမို ကောင်းမွန်လာခြင်းတို့ကို သမိုင်းအမွေအနှစ် မှတ်တိုင်အဖြစ် ကြည့်ရှုနိုင်သည်။ ထိုကဲ့သို့ ကြွင်းကျန်သည့် သမိုင်းအမွေအနှစ်များတွင် အဆောက်အဦးနှင့် စက်ပစ္စည်းများ၊ အလုပ်ရုံများ၊ စက်ရုံများ၊ သိုလှောင်ရုံများ၊ မိုင်းတွင်းများ၊ သန့်စင်ကြိုချက်သည့် စက်ရုံများ၊ ဂိုဒေါင်များ၊ လျှပ်စစ်ထုတ်သည့် နေရာများ၊ သိုလှောင်သည့်အနေရာ၊ အသုံးချသည့်နေရာ၊ ပို့ဆောင်ရေးကဏ္ဍ ဆက်စပ် အခြေခံအဆောက်အဦးများ၊ မိုင်းလုပ်ငန်းဝင်ရောက် လုပ်ကိုင်သူများ လူမှုရေး အခမ်းအနားများတွင် အသုံးပြုသည့် ဘာသာရေးအဆောက်အဦးများ၊ ကျောင်းများ အိမ်များ ပါဝင်သည်။ ထိုကဲ့သို့ မြင်ရသော အမွေအနှစ်များသည် မမြင်ရသော တန်ဖိုးများကိုလည်း သယ်ဆောင်ထားသည့် အချိန်များရှိတတ်သည်။ ခေတ်ဟောင်း တစ်ခု၏ ပြယုပ်၊ စက်မှုလုပ်ငန်း တိုးတက်လာမှု လက္ခဏာ၊ ပိုမိုကောင်းမွန်လာမှု လက္ခဏာ၊ လူမှုတန်ဖိုးများ ပြောင်းလဲလာမှုတို့ကို ပြန်လည်အမှတ်ရနိုင်သည့် အပြင် မိသားစုများအတွက်လည်း အမှတ်တရများနှင့် ပြည့်နှက်နေသည့် နေရာများဖြစ်သည်။

သမိုင်းဝင်မိုင်းတွင်းနေရာများတွင် အသစ်ပြန်လည်တူးဖော်ခြင်းသည် ယင်းနေရာတွင် ရှိသည့်  မြင်ရသော မမြင်ရသော စက်မှုလုပ်ငန်းဆိုင်ရာ အမွေအနှစ်များအပေါ်သို့ ကောင်းကျိုး (မှတ်တမ်းတင်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဆက်လက်အသုံးပြုနိုင်ခြင်း) ရှိသကဲ့သို့ အဆိုးလည်းရှိသည်။ ( ရှုပ်ပိုင်းဆိုင်ရာများကို ဖြိုချခြင်း )

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ သွယ်ဝိုက်သက်ရောက်ခြင်း**

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသို့ တိုက်ရိုက်ထိခိုက်ခြင်းကို အကြီးအကျယ် ထင်ထင်ရှားရှားမြင်နိုင်သော်လည်း စီမံကိန်းကြောင့် သွယ်ဝိုက် သက်ရောက်သည်များကို အလွယ်တကူ ဖော်ထုတ်နိုင်ရန်မှာ ခက်ခဲသည်။ အကြီးစားစီမံကိန်းကြီးများသည် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို သိသာစွာ ဖြစ်ပေါ်စေသည်။ အထူးသဖြင့် မဖွံ့ဖြိုးသေးသည့် ဒေသ၊ ဝေးလံသည့်ဒေသများတွင် စီမံကိန်းကြီးများ ဝင်သည့်အခါမျိုးတွင် ဖြစ်သည်။ လူမှုယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများ အကြီးစား စီမံကိန်းကြီးများဝင်သည့် အခါတွင် အချို့သော လူမှုရေးမှာ အတိုင်းအတာတစ်ခုအထိ မရည်ရွယ်ဘဲ ပြောင်းလဲသွားသည်။ အထူးသဖြင့်  ယခင်က စီမံကိန်း မဝင်ဘူးသည့် နေရာမျိုးတွင်ဖြစ်သည်။ ပေါ်ပေါက်လာသည့် အပြောင်းအလဲများသည် ထိခိုက်ခံရသူတို့ ခံနိုင်စွမ်းရှိသည့် အပြောင်းအလဲမျိုးဖြစ်ရန်၊ စိတ်ဖိစီးမှုကို မဖြစ်ပေါ်စေပဲ သင့်တင့်သည့် မြန်နှုန်းဖြင့် ပြောင်းလဲရန်၊ ရပ်ရွာ တစ်ခုလုံးပြိုကွဲသွားခြင်း၊ လူမှုရေး ဆောင်ရွက်ချက်များ ဖောက်ပြန်သွားသည် အထိ မဖြစ်ရန်မှာ အရေးကြီးသည်။

လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲများသည် ပြင်ပမှ ရောက်ရှိလာသူများကြောင့်လည်း ဖြစ်နိုင်သည်။ မတူညီသည့် အိုင်ဒီယာများ၊ နည်းပညာများ၊တန်ဖိုးထားမှု ပုံစံများ မတူကြသည့် သူများ စုပြုံဝင်ရောက်လာခြင်းကြောင့် ရုံဖန်ရံခါတွင် ဒေသသုံး စကား၊ ဓလေ့များ၊ အလေ့အကျင့်များနှင့် ယုံကြည်မှုများပါ ပြောင်းလဲသွားခြင်းများ ရှိတတ်သည်။ ဇယားကွက် (၂၉) ကိုကြည့်ပါ။

မမြင်ရသော အမွေအနှစ်များအပေါ် မိုင်းလုပ်ငန်းနှင့် ဆက်စပ် လုပ်ငန်းများ သက်ရောက်မှု၊ အနည်းအများတို့ကို ဆုံးဖြတ်သည့်အခါတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်။

- ရိုးရာအသိပညာများ၊ တီထွင်မှုများ နှင့် ဓလေ့များကို ထိန်းသိမ်း စောင့်ရှောက် ကာကွယ် လေးစားခြင်း။
- အထွဋ်အမြတ်ထားရာ၊ ဆိုင်ရာပိုင်ရာ ပူဇော်မှုများ၊ ပွဲလမ်းသဘင်များ။
- ရုက္ခဗေဒ အရင်းအမြစ်နှင့် မြေယာ စီမံခန့်ခွဲရာတွင် ရိုးရာဓလေ့ထုံးတမ်း များကို ဆက်လက် အသုံးချခြင်း။
- ယဉ်ကျေးမှု ကိုယ်ပိုင်လွတ်လပ်ခွင့် လိုအပ်ချက်ကို လေးစား ဖြည့်ဆည်းပေးခြင်း ယဉ်ကျေးမှုဆိုင်ရာ လိုက်နာရမည်များကို ထိန်းသိမ်းခြင်း။
- အစဉ်အလာဖြတ်ထုံးများကို ဆက်လက် ကျင့်သုံးခြင်း။

ဝန်ထမ်းများနှင့် ကန်ထရိုက်တာများသည် မရည်ရွယ်ပဲလျက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ ရှုပကဂုဏ်ရည်ကို ထိခိုက်အောင် ပြုမူမိသည်များရှိသည်။ တစ်ခါတစ်ရံတွင် ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အပြုအမူများ ပြုလုပ်မိသဖြင့် မမြင်ရသော ယဉ်ကျေးမှုအမွေအနှစ်များကို ဖျက်ဆီးသကဲ့သို့ ဖြစ်ပြန်သည်။ ထိုပြဿနာကို ဖြေရှင်းရန် ဝန်ထမ်းများနှင့် ကန်ထရိုက်များကို ဒေသခံတို့ တန်ဖိုးထားသည့်အရာများ ဖြစ်သော ရှောင်ဓလေ့များ၊ ဆိုင်ရာပိုင်ရာနှင့် ဆက်စပ်နေသည့် မြေနေရာများကို လေးစားခြင်း၊ လူများနှင့် ပြောဆိုဆက်ဆံသည့် အခါတွင် ယဉ်ကျေးမှုနှင့် ကိုက်ညီအောင် ပြုမူခြင်းတို့ ကို သင်တန်းပေးရမည်။ ဥပမာအားဖြင့် အရှေ့တောင်အာရှ

နိုင်ငံများမှ လူနည်းစုအချို့သည် ဦးခေါင်းကို သူတပါးလာကိုင်ခြင်းကို မကြိုက် ကြပေ။ ထို့အတူ အမျိုးသမီးဝန်ထမ်းများ ရေကူးဝတ်စုံနှင့် ပေါင်းဖော်ကာ နေထိုင်ခြင်းသည် ပိစိဖိတ်နိုင်ငံများတွင်မူ မယဉ်ကျေးသည့် အပြုအမူဖြစ်ပြီး ယဉ်ကျေးမှုအရ လက်ခံနိုင်ဖွယ် မရှိသည့် အပြုအမူဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အသိပညာ အချို့၏ လျို့ဝှက်ချက်များ၊ ကျား/မ ခွဲခြားထားသည့် အချက်များကို ဝန်ထမ်းများက လိုက်နာလေးစားရန် ပျက်ကွက်ခဲ့သည့် အခါများတွင်လည်း အတိုက်အခံများ ပေါ်ပေါက်လာနိုင်သည်။ လုပ်ငန်းခွင်အနီး ပတ်ဝန်းကျင်တွင် လူမျိုးစုံလင်စွာ ရှိခြင်းသည်လည်း တစ်နေရာတည်းတွင် ယဉ်ကျေးမှု အမျိုးမျိုး ရှိနိုင်သည်ဟူသော အချက်ကို ဖော်ပြလျက် ရှိသည်။ ထို့ကြောင့် ဝန်ထမ်းများအနေနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လုပ်ငန်းခွင်တွင်မည်သို့၊ ဒေသခံရပ်ရွာများ ရောက်သည့်အခါတွင် မည်သို့လေးစား လိုက်နာရမည်ကို အသိပေးထားရန်လိုသည်။ မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း လှုပ်ဆောင်မှုကြောင့် ယင်းဒေသအတွင်း ဝင်ငွေ မညီမျှ မှုများ မတည်မငြိမ်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ လျော်ကြေးငွေ၊ နစ်နာကြေး (သို့မဟုတ်) လစာ အနေနှင့် ရရှိလာသည့် ငွေကြေးအမြောက်အများသည် ဒေသခံ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များကို များစွာ သက်ရောက်မှု ရှိသည်။ ရံဖန်ရံခါတွင် ပဋိပက္ခများကို ဖြစ်ပွားစေပြီး လူမှုရေး တန်ဖိုးများကို ပြောင်းလဲသွားစေကာ၊ သက်ငယ်က သက်ကြီးကို ယခင်လိုမလေးစားခြင်းတို့လည်း ဖြစ်စေသည်။ ဝင်ငွေများလာခြင်းသည် လူတို့ယခင်က ဆောင်ရွက်ခဲ့သည့် မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အမဲလိုက်ခြင်းလုပ်ငန်းများ အပေါ် လျစ်လျူရှုခြင်းများလည်း ဖြစ်တတ်သည့်အပြင် အရက်၊ မူးယစ်ဆေးဝါးစွဲခြင်းနှင့် မှုခင်းထူခြင်းတို့ကိုလည်း ဖြစ်ပေါ်စေသည်။ စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကြောင့် ယခင်က ရှိခဲ့ဖူးသည့် အခြေတကျဖြစ်နေသည့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများလည်း ရှိနေသော စီးပွားရေးလုပ်ငန်းများသည်လည်း မခံနိုင်ဘဲ လဲပြိုရသည်။ ကျွန်ုပ်တို့၏ ရပ်ရွာများနှင့် ချိတ်ဆက်ဆွေးနွေးပြီး ပြုလုပ်သည့် အရှည်ကို စဉ်းစားသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အစီအစဉ်များသည် မမြင်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အထူးသဖြင့် ကာကွယ်နိုင်ပြီး ယဉ်ကျေးမှုများ ပြန်လည်ရှင်သန်စေရန် စွမ်းဆောင်ပေးသည်။ ပြတိုက်များ ဆောက်လုပ်ပေးခြင်း (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များ ဆင်နွှဲနိုင်ရန် ကူညီပေးခြင်း အစရှိသည့် ဆောင်ရွက်ချက်များသည် ယဉ်ကျေးမှုများ ရှင်သန်နေစေရန်အတွက် အထူး အထောက်အကူပြုသည့် ကာကွယ်ရေး နည်းလမ်းများ ဖြစ်သည်။ ပြတိုက်များသည်လည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် လက်ရှိဘဝများကို မည်ကဲ့သို့ စိုးမိုးနေသည်၊ ပါဝင်နေသည်များ၊ အရေးကြီးပုံများကို ပျင်းရိငြီးငွေ့ဖွယ်မဟုတ်ပဲ ဆန်းသစ်သည့် နည်းများကို အသုံးပြုကာ ဒေသခံများနှင့် တိုင်ပင် ခင်းကျင်းသင့်သည်။ ပြတိုက်များတွင် ပြရိုးပြစဉ်မဟုတ်ပဲ ထူးခြားသည့် နည်းများကို အသုံးပြုကာ ပြတိုက်အခင်းအကျင်းကို ယဉ်ကျေးမှုနှင့် လိုက်ကာ ခေတ်မှီဆွဲဆောင်မှုရှိအောင် ဆောင်ရွက်သင့်သည်။ နှုတ်ပြောသမိုင်းကို မှတ်တမ်းတင်ခြင်း၊ ပွဲတော်များ အကများကို ရုပ်သံမှတ်တမ်းတင်ခြင်းတို့ကိုလည်း အသုံးပြုနိုင်သည်။ လူမှုစီးပွားအတွက် အကျိုးအမြတ်ရှိနိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လေ့လာသည့် ခရီးစဉ်များကိုလည်း စီစဉ်နိုင်သည်။ ခေါင်ဖျားသည့် ဒေသများတွင်မူ စီမံကိန်းအတွက် ဖောက်လုပ်ထားသည့် လမ်းများကို ခရီးသွားလုပ်ငန်းအတွက် အသုံးချနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းသည် သတိထားလုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်သည်။ ခရီးသွား လုပ်ငန်းဖြစ်သည်နှင့် အညီဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ ဒေသနှင့် ဓလေ့များကို မကောင်းသည့် သက်ရောက်မှုများလည်း ရှိလာစေတတ်သည့်အတွက်ကြောင့် ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူတို့ ဆန္ဒရှိသည့်အချက်များကို အသေးစိတ် တစ်ချက်ချင်း ဂရုစိုက်ရမည်ဖြစ်သည်။

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများ

မိုင်းလုပ်ငန်းသည် ယဉ်ကျေးမှုဓလေ့များ၊ ယုံကြည်မှုများနှင့် ဆက်နွယ်နေသည့် ရင်းမြစ်များ၊ ရိုးရာဘိုးဘွားပိုင် မြေများ၊ ဘုံစုပေါင်းပိုင်မြေများကို ပျောက်ကွယ်သွားစေခြင်း၊ ပြောင်းလဲသွားစေခြင်း၊ ပျက်ဆီးသွားစေခြင်းတို့ ဖြစ်တတ်သည်။ အချို့သောသူများအတွက် သဘာဝပတ်ဝန်းကျင်သည် အခြေအနေကောင်းမှသာ ၎င်းတို့လည်း ကျန်းမာရေး အခြေအနေကောင်းကြသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင်သည် လူနှင့် သက်ရှိသက်မဲ့တို့အကြား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုများ ရှိနေသောကြောင့် ဖြစ်သည်။ မြေနေရာတစ်ခု၏ ဂေဟာစနစ်တန်ဖိုး၊ အနုပညာဆန်မှု တန်ဖိုးတို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်။ အသေးစိတ်အချက်အလက် အခန်း (၁) တွင် ဖော်ပြထားသည့်အတိုင်း ဌာနေတိုင်းရင်းသားများ၊ ဒေသခံများကို ဇီဝဗေဒဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် အခြားမြေယာ စီစဉ်ခြင်းတို့တွင် ပါဝင်ခိုင်းခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စောင့်ရှောက်ခြင်း စီမံမှု၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရိုးရာ၊ ဌာနေတိုင်းရင်းသား ယုံကြည်မှု စနစ်များသည် ၎င်းတို့မြေကို ရိုးရာနည်းအတိုင်း တက်ကြွစွာ စီမံခန့်ခွဲရန် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်ယူမှုကို ဖြစ်ပေါ်စေသည်။ လုပ်ငန်းစီမံကိန်း ဝင်လာသည့်တိုင် ရိုးရာဓလေ့များသည် အသက်ဝင်ဆဲဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုများ ဆောင်ရွက်သည့် မိုင်းကုမ္ပဏီ အတွက်

**၂၉။ ပါပူအာနယူးဂီနီတွင် ယဉ်ကျေးမှုများ ပြောင်းလဲသွားခြင်း။**

မကြာသေးမီက မိုင်းကုမ္ပဏီတခုသည် ပါပူအာနယူးဂီနီ၏ အစွန်အဖျားဒေသတစ်ခုတွင် မိုင်းလုပ်ငန်းဝင်ရောက် ဆောင်ရွက်ခြင်းကြောင့် ယဉ်ကျေးမှုများ ပြောင်းလဲသွားပုံကို ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ပါဝင်သည့် အပြောင်းအလဲများမှာ

- ရိုးရာဖြတ်ထုံးများ ပျောက်ကွယ်သွားခြင်း။
- လူနေအိမ်များ ဆောက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ပြောင်းလဲသွားခြင်း၊ ငယ်ရွယ်သည့် မျိုးဆက်များ ကြားတွင် ဆောက်လုပ်ရေးနှင့်ဆိုင်သည့် အသိပညာများ ချို့တဲ့သွားခြင်း။
- အမျိုးသမီးများ ဘောင်းဘီနှင့် အတိုအပြတ်များ ဝတ်ဆင်လာခြင်း။
- ရိုးရာပွဲတော်များ၊ ဓလေ့များ၊ စားသောက်မှုပုံစံများတွင် အခြားယဉ်ကျေးမှုများ ပါဝင်လာခြင်း။ ဥပမာ-ဘီယာနှင့် အမဲသားများ
- စီးပွားရေးဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်လာသောကြောင့် ရိုးရာပစ္စည်းဖလှယ်ကြသည့် စနစ်များ ပျက်ယွင်းလာခြင်း။
- ဒေသခံဘာသာစကားသုံးစွဲမှု ပြောင်းလာခြင်း အင်္ဂလိပ်စကားနှင့် တောကပီဆင် စကားများ အစားထိုးဝင်လာခြင်း။
- ရိုးသေလေးစားမှု လျော့ပါးလာခြင်း၊ ရှောင်ဓလေ့များကို လျစ်လျူရှုကာ ပေါ့ပျက်ပျက် သဘောထားလာခြင်းတို့ဖြစ်သည်။

**၃၀။ အလုပ်ခွင်အတွင်းမှ ယဉ်ကျေးမှုတိုင်ရာ ကိစ္စရပ်များ**

အချို့သော ဒေသများတွင် တစ်ယောက်တွင်ရှိသည် ကို အခြားသူနှင့် မျှဝေသုံးစွဲခြင်း ဖလှယ်ခြင်းစနစ်များကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။

ထိုကဲ့သို့ ဓလေ့များက ဒေသခံဝန်ထမ်းများအဖို့ ကုမ္ပဏီနှင့် ရပ်ရွာကြားက သတ်မှတ်ထားသည့် တန်ဖိုးထားမှုများအကြား အခက်တွေ့စေသည်။ ဥပမာအားဖြင့် ကုမ္ပဏီကားမောင်းသည့် ဒေသခံဝန်ထမ်းတစ်ဦးသည် ယဉ်ကျေးမှု သတ်မှတ်ချက်အရ ၎င်းတို့မျိုးနွယ်မှ သက်ကြီး သူများကို လမ်းတွင်တွေ့ပါက လမ်းကြုံတင်ရမည်ဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီ စည်းကမ်း အရ ဝန်ထမ်းသည် ကုမ္ပဏီနှင့်ဆိုင်သည့် ကိစ္စများအတွက်သာ ကားကို အသုံးချရန်ဖြစ်သည်။ ထိုကဲ့သို့သော စည်းမျဉ်းများသည် ယခင်က ရှိပြီးသား ဓလေ့များကို မမြင်ရသည့်နည်းဖြင့် ခြိမ်းခြောက်လျက်ရှိသည်။

ထိုကဲ့သို့သော အရေးများကြုံလာပါက အလွန်သတိထားဖြေရှင်းရမည်ဖြစ်ပြီး ရပ်ရွာသားများက ဖွံ့ဖြိုးရေးကြောင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိခိုက်ခြင်းအတွက် သက်သေ ပြသည့် အနေနှင့် ထိုအကြောင်းကို ကိုင်စွဲကာ အရေးဆိုလေ့ရှိသည်။

ဒေသခံတို့၏ မျိုးရိုး စဉ်ဆက် လက်ဆင့်ကမ်း သင်ယူအသုံးချ လာသည့် ရိုးရာအသိပညာ များသည် ထူးခြား ပြီး အလွန်အရေးကြီးကာ အလွန် အသုံးတည့်သည့် အဖိုးတန် အရင်းမြစ်များ ဖြစ်သည့် မြေယာနှင့် ၎င်း၏စပ်ဆက်သည့် လုပ်ငန်းများကို နည်းလမ်းအသစ်ဖြင့် ရှုမြင်လုပ်ကိုင်စေရန် အထောက်အပံ့များ ဖြစ်ပါသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံများကို ပတ်ဝန်းကျင်ဆိုင်ရာ မြေယာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပါဝင်ခွင့် ပေးခြင်းသည် ပျောက်ကွယ်တော့မည့် ရိုးရာဓလေ့ အသိ ပညာများ၊ အမှုအကျင့်များကို ရှင်သန်စေရန်အတွက် ကူညီပေးသည်။ ဥပမာ-မြေနှင့် တောမီးလောင်မှုများ စီမံသည့် အခါများတွင် ရိုးရာနည်းများကို ထည့်သွင်းခြင်းဖြစ်သည်။

ဒေသခံများကို အလုပ်ခန့်ထားခြင်း၊ သင်တန်းပေးခြင်း။

မိုင်းလုပ်ငန်းများတွင် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက် အလုပ်ခန့်ထားခြင်းသည် ဒေသခံများကို ဝင်ငွေတိုးစေသည့် အခွင့်အလမ်းဖြစ်သည်။ သို့သော်လည်း ဒေသခံများ အလုပ်ရနိုင်မှုဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများ၊ လုပ်ငန်းခွင် ပတ်ဝန်းကျင် အနေအထားတို့ ထည့်သွင်းစဉ်းစားခြင်းဖြင့် အကန့်အသတ်များ ပေါ်ပေါက်နိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များ၊ ဘာသာစကားများအပေါ် သို့ အဆိုးသက်ရောက်မှုများဖြစ်ပေါ်စေသည်များလည်း ရှိသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကိစ္စများနှင့် လူသားအရင်းအမြစ် ကိစ္စများမှာ ပူးပေါင်းစဉ်းစား ရမည့်အရာများဖြစ်သည်။

အဓိကအချက်များမှာ

- လုပ်ငန်းခွင်စည်းကမ်းတင်းကျပ်လွန်းခြင်းသည် ဒေသခံအလုပ်သမားများအဖို့ ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများဖြစ်သော အသုဘပွဲများ၊ ပွဲလမ်းများ၊ ပုံမှန်ဆောင်ရွက်နေကြ အစီအစဉ်များ၊ ရာသီအလိုက် အမဲလိုက်ခြင်းများတွင် ပါဝင်နိုင်ခွင့်ကို အတားအဆီးဖြစ်စေသည်။ ထိုသို့ အတားအဆီးဖြစ်စေခြင်းသည် ယဉ်ကျေးမှုတစ်ခုလုံးအပေါ်သို့ အဆိုးသက်ရောက်မှုများဖြစ်ပေါ်စေသည်။ ဌာနေတိုင်းရင်းသားများကို အလုပ်ခန့်ထားလိုခြင်း၊ ကန်ထရိုက်ပေးလိုခြင်း ရှိသည့်အခါတွင် အထက်ဖော်ပြခဲ့ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်။
- အလုပ်ချိန်တင်းကျပ်မှုသည်လည်း အချိန်အလိုက် ဆောင်ရွက်ရသည့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များကို ထိခိုက်စေနိုင်သည်။ ဥပမာအားဖြင့် ရပ်ရွာသားများ အနေနှင့် ဗုဒ္ဓဟူးနေ့တွင် ယဉ်ကျေးမှုအရသော်လည်းကောင်း (သို့မဟုတ်)ကိုးကွယ်မှုအရသော်လည်းကောင်း အခမ်းအနား ရှိ၍ နားရက်လိုချင်သည်။ ထိုအခါတွင်တနင်္လာနေ့မှ သောကြာအထိ သတ်မှတ်ထားသော အလုပ်ချိန်နှင့် ပဋိပက္ခ ဖြစ်နိုင်သည်။
- ဌာနေတိုင်းရင်းသားများကို ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ ချိတ်ဆက်နှံစပ်မှု အရည်အချင်းနှင့် ကျွမ်းကျင်မှုများကြောင့် အလုပ်ခန့်ထားသည်ဆိုပါတော့။ လုပ်ငန်းခွင် ပုံစံနှင့် ပတ်ဝန်းကျင်သည် ထိုဌာနေတိုင်းရင်းသား ဝန်ထမ်းများ ရိုးရာလုပ်ငန်းဆောင်ရွက်ပုံများနှင့် ကိုက်ညီရမည်ဖြစ်ပြီး ၎င်းတို့ကို ခန့်ထားခြင်းသည် ရိုးရာ ဗဟုသုတများကို အသုံးချရန်ဖြစ်သောကြောင့် ရည်ရွယ်ချက်ပျောက်သည်အထိတင်းကျပ်သည့် စည်းကမ်းများ ချမှတ်ထားခြင်း မရှိရ။
- အချို့သော ရပ်ရွာသားအချင်းချင်းကြား တိုက်ရိုက်ဆက်သွယ်မှု(သို့) အမျိုးသမီး (သို့) အမျိုးသားများကို အချို့သော နယ်မြေများသို့ သွားလာခြင်းကို ကန့်သတ်ထားမှုများ ရှိတတ်သည်။ ကန့်သတ်နယ်မြေများ ပြုလုပ်ထားခြင်း ရှိတတ်သည်။ ထိုကဲ့သို့သော ထူးခြား ချက်များကို မသိဘဲနှင့် လူသား အရင်း အမြစ်ဆိုင်ရာ မူဝါဒများ ချမှတ်မိပါက ဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်မှု စနစ်ကို ထိခိုက်စေပြီး ဒေသခံ များ၏ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ခံအားကောင်းမှုကို ထိခိုက်စေသည်။
- အလုပ်ခွင်တွင် အသုံးများသည့် စကားကို အသုံးပြုခြင်း ဥပမာ-အင်္ဂလိပ်စကားကို အင်္ဂလိပ်စကားမပြောသည့် နေရာတွင် အသုံးချခြင်းသည် ဒေသဘာသာစကားကို ပျက်ဆီးစေသည်။ ဘာသာစကား နှစ်မျိုးလုံးဖြင့် ရေးသားထားသည့် စာရွက်စာတမ်းနှင့် ဆိုင်းဘုတ်များ အသုံးပြုခြင်းဖြင့် ထိုအဖြစ်ဆိုးကို ရှောင်ရှားရမည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စောင့်ကြည့်ခြင်းနှင့် စီမံခြင်းသည် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းကို များပြားစေသည့်အပြင် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပေးနိုင်ရန်အတွက် အခွင့်အလမ်းကောင်းလည်းဖြစ်သည်။ ဝန်ထမ်းများသည် ယဉ်ကျေးမှု အမျိုးအစားစုံလင်ပြီး အကဲဆတ်သည့် ပတ်ဝန်းကျင်တွင် မိမိတို့တာဝန်ကို ကောင်းစွာ ထမ်းဆောင်နိုင်ရန် အတွက်မှာ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများ၊ ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက်ပေးမှုများ ပြုလုပ်ထားရန်လိုအပ်သည်။ မတူ ကွဲပြားသည့် ပတ်ဝန်းကျင်တွင် လုပ်ငန်း ဆောင်ရွက်လိုခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများကို တက်ရောက်လိုစိတ် ရှိခြင်းတို့ကို အလုပ်ခန့်ထားသည့်အခါတွင် ထည့်သွင်းစဉ်းစားရမည်။
- ဝန်ထမ်းရွေးချယ်ခန့်ထားမှုသည် အားလုံးနှင့် လက်လှမ်းမီရမည်။ အထူးသဖြင့် ဒေသခံများ အနေနှင့် အခွင့် အလမ်းများ ရှိရမည်။ အလုပ်ခန့်ထားသည့် အခါတွင်လည်း ဒေသယဉ်ကျေးမှု အခင်းအကျင်းနှင့် လိုက်ဖက်အောင် ဆောင်ရွက်ရမည်။

စီမံကိန်းတစ်ခုလုံးအနေနှင့်လည်း ဝန်ထမ်းခန့်ထားသည့်အခါတွင် ဒေသခံများကို ပါအောင် ခန့်ထားခြင်းဖြင့် လူသား အရင်းအမြစ်ကို တည်ဆောက်သင့်ပြီး ယဉ်ကျေးမှုစနစ်နှင့် ယုံကြည်မှုတို့ကို လေးစား လိုက်နာသည့် မူဝါဒများချမှတ်သုံးစွဲရမည်။ ဥပမာအားဖြင့် အမျိုးသမီးဝန်ထမ်း များများခန့်ထားရန် မူဝါဒချမှတ်ထားလင့်ကစား ယဉ်ကျေးမှုအရ အမျိုးသမီးများကို လုပ်ငန်းတာဝန် အချို့ ဆောင်ရွက်ရန် မသင့်ဟု သတ်မှတ်ထားသည်လည်း ရှိသည်။ ထိုကဲ့သို့သော ကိစ္စရပ်များသည် အကဲဆတ်သော ကိစ္စများဖြစ်ပြီး တာဝန်သိသိနှင့် ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ပြီး အနီးကပ် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပြီး ရံဖန်ရံခါတွင် ဆန်းသစ်သည့် ဖြေရှင်းပုံများကို လိုအပ်သည်။

# ၃.၄ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ဖြိုင်ဆိုင်သော ယဉ်ကျေးမှုများ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် အတည်ပြုချမှတ်ထားသော စည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များ

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ဆိုင်သည့် စည်းမျဉ်းများ၊ မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်စဉ် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မည်သို့ ကိုင်တွယ်မည်နည်းနှင့် ပတ်သက်သည့် အချက်များကို များစွာလှသော နိုင်ငံတကာ သဘောတူညီချက်များ၊ ပဋိညာဉ်များနှင့် မူဝါဒများက ပိုင်းခြားသတ်မှတ်သည်။ ထိုမူဘောင်များပေါ်ပေါက်လာစေရန် အစိုးရပေါင်းများစွာ၊ ရပ်ရွာပေါင်းများစွာက နှစ်ပေါင်းများစွာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကိုကာကွယ်ရန်ရည်ရွယ်ချက်နှင့် ကြိုးစားအားထုတ်ထားရခြင်း ဖြစ်သည်။ ဤအခန်းတွင်ဖော်ပြထားသည့် အဓိက အချက်များမှာ**

- **အရေးပါသည့် နိုင်ငံတကာ အမွေအနှစ် သဘောတူညီချက်များ၊ ပဋိညာဉ်များ (ချာတာ) နှင့် လမ်းညွှန်ချက်များ။**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် လူ့အခွင့်အရေးကြေညာစာတမ်းများ။**
- **ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ရေရှည်တည်တံ့လေသော ဖွံ့ဖြိုးရေးမူဘောင်များ။**

ဤအခန်းတွင် နိုင်ငံတကာအမွေအနှစ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ တရားဝင်စည်းမျဉ်းများ၊ မိုင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည်တို့၏ ဖွံ့ဖြိုးတိုးတက်လာပုံကို ဖော်ပြသွားမည်ဖြစ်သည်။ နိုင်ငံတကာ သဘောတူ ထားသည့် သဘောတူညီချက်များ ရှိသည့်တိုင် ယင်းတို့သည် သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေအခင်းအကျင်းကို လွှမ်းမိုး နိုင်ခြင်းမရှိပါ။ ယဉ်ကျေးမှုဆိုင်ရာ အမွေ အနှစ်များနှင့် ပတ်သက်သည့် အိုင်ဒီယာများ၊ အယူအဆများ၏ နောက်ခံသမိုင်းနှင့် အခင်းအကျင်းများကို နားလည် သဘော ပေါက်ထားပါက လက်တွေ့ ကျင့်သုံးနေမှု များ၏ နောက်ကွယ်မှ အနည်းငယ် ခြားနားသော အယူအဆများ တစ်ခုနှင့် တစ်ခု၏ မတူညီသည့် စေတနာများကို မြင်တွေ့နိုင်မည်ဖြစ်သည်။

နိုင်ငံတကာ အမွေအနှစ် ထိန်းသိမ်းခြင်း၊ သဘောတူညီချက်များ၊ ပဋိညာဉ်စာတမ်းများ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဆိုင်သည့် အချက်အတော်များများကို နိုင်ငံ တကာ သဘောတူညီချက်များနှင့် ပဋိညာဉ် စာတမ်းများတွင် တွေ့နိုင်သည်။

ယဉ်ကျေးမှုဆိုင်ရာ ဥပဒေများ၏ အခြေခံ၊ စက်မှုလုပ်ငန်းများ၏ မြင်ရသောမမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစီမံခြင်းအတွက် အရေးပါသည့် လမ်းညွှန်ချက်များ ဖြစ်သောကြောင့် ဒေသ တစ်ခု၏ ပြောင်းလဲသွားသည့် ယဉ်ကျေးမှုများ ကို ထိုသဘောတူညီချက်များမှ ခြေရာခံနိုင် သည်။ ဤအခန်းတွင် သဘောတူညီချက်များ နှင့် ပဋိညာဉ်စာတမ်းများ၏ ဥပဒေကြောင်း အရ သက်ရောက်မှုများ၊ စေတနာအလျောက် ဆောင်ရွက်ရမည့် စည်းကမ်းများ၊ လမ်းညွှန် ချက်၏ အခြေခံများကို ရှင်းပြသွားမည် ဖြစ်သည်။ အောက်ဖော်ပြပါအရာများတွင် လက်မှတ် ထိုးထားသည့် နိုင်ငံများက စာချုပ် ဖော်ဆောင်သည့် အဖွဲ့အစည်းသတ်မှတ် ထားသည့် စည်းမျဉ်းများကို လိုက်နာပါမည်ဟု ကတိ ကဝတ်ပြုခြင်း၊ ဥပဒေကြောင်းအရ သက်ရောက်မှုများရှိခြင်း များရှိသည်။

**ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်များ ကာကွယ်ရန် အတွက် သဘောတူညီချက် ၁၉၇၂**

၁၉၇၂ တွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့အမွေအနှစ် များ ဆိုင်ရာ သဘောတူညီချက် (UNESCO 1972) သည် နိုင်ငံတကာအဆင့် ထင်ရှား အရေးပါသည့် အမွေအနှစ်နေရာများကို စာရင်းပြုစုထားရန် ကြိုးပမ်းမှု၏ ပထမ ခြေလှမ်းဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတကာ အဆင့် ထင်ရှားအရေးပါသည့် ယဉ်ကျေးမှု ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နေရာများကို အကာအကွယ်ပေးရန်အတွက် ပြဋ္ဌာန်းသည့် နိုင်ငံတကာ ဥပဒေများ ပေါ်ထွက်လာစေရန်အတွက် အခြေခံဖြစ် ခဲ့သည်။

နိုင်ငံတကာအဆင့် ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေး ပါသည်ဟု စာရင်းသွင်းခံရရန်မှာ ယင်းနေရာ သည် ထူးထူးခြားခြား စိတ်ဝင်စားဖွယ် ကောင်းနေရမည်၊ အဖိုးတန်နေရမည်၊ ယင်းနေရာ မပျောက်မပျက်ရလေအောင် ကာကွယ်ရန်မှာ ကမ္ဘာပေါ်ရှိ လူသား အားလုံး၏ တာဝန်ဖြစ်သည်ဟု သတ်မှတ် ထားသည့် နေရာဖြစ်ရမည်။ ကမ္ဘာ့အမွေ အနှစ်အဖြစ်သတ်မှတ်ခံလိုက်ရပြီဆိုပါက ယင်းနေရာသည် သဘောတူညီချက်တွင် ပါဝင်သည့် လမ်းညွှန်ချက်များနှင့်အညီ ၎င်းရှိရာ နိုင်ငံ၏ဥပဒေ အကာအကွယ်ကို ရရှိမည်ဖြစ်သည်။ နိုင်ငံတကာမှ နည်းပညာ ဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများ ကိုလည်း လျှောက်ထားနိုင်ပြီး အချို့သော အခြေအနေများတွင် နိုင်ငံတကာက လာရောက်ကြီးကြပ်ပေးသည့် အခါများလည်း ရှိတတ်သည်။

နိုင်ငံတကာအဆင့်ထူးခြားဆန်းပြားသည့် တန်ဖိုးများရှိသည်။ လူသားတိုင်းအတွက် တန်ဖိုးရှိသည်ဟု သတ်မှတ်ကာ ယင်းနေရာ ကို ဒေသခံများဆန္ဒကို မထောက်ထားပဲ စီမံခြင်းနှင့် ပတ်သက်ပြီး ဌာနေ တိုင်းရင်း သားများနှင့် နိုင်ငံအတော်များများက ဝေဖန် ကြသည်။ ကမ္ဘာ့အမွေအနှစ်ဟု သတ်မှတ် ထားသည်များကို၎င်းတို့ တန်ဖိုးထားသလို၊ ၎င်းတို့ ကိုယ်ပိုင်နည်းများဖြင့်သာ ထိန်းသိမ်း စီမံလိုကြသည်။

ယင်းသဘောတူညီချက်၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်ကို မကြာ သေးမီက ပြန်လည်မွမ်းမံရာတွင် အမွေအနှစ် စာရင်းသွင်းရန်ထိုက်တန်သည့် နေရာများ သတ်မှတ်ချက်၊ လူနှင့် သဘာဝပတ်ဝန်းကျင် အကြားရှိသည့် ထူးခြားသည့် ဆက်နွယ်မှုများ အကြောင်းကို ထည့်သွင်းထားသည်။

ကမ္ဘာ့အမွေအနှစ်၏ ထူးခြားဆန်းပြားမှုကို ဆန်းစစ်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အခင်း အကျင်းများ၊ တန်ဖိုးများကို ထည့်သွင်းရန်မှာ အရေးကြီးပုံကိုလည်း သိလာကြသည်။ ကမ္ဘာ့ အမွေအနှစ်စာရင်းသွင်းသည့်အခါတွင် ယခင်ကထက် ယဉ်ကျေးမှုဆိုင်ရာ အချက် များကို စဉ်းစားလာကြသည်။

**၃၁။ ယဉ်ကျေးမှု တန်ဖိုးအရ ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်ရန် စဉ်းစားသည့်အခါ အသုံးပြုသည့် သတ်မှတ်ချက်များ**

ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးအရ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန် စာရင်းပေးသည့်အခါ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ကော်မတီက ဆုံးဖြတ်ရန်အသုံးပြုသည့် သတ်မှတ်ချက်များ (၂၀၀၅ တွင် ပြန်လည် သုံးသပ်သည်)

၁။ ဉာဏ်ကြီးရှင် တီထွင်သူ လူသား၏ အကောင်းဆုံးလက်ရာအဖြစ် ကိုယ်စားပြုနိုင်ရမည်။

၂။ လူသားတန်ဖိုးများ၏ အရေးကြီးသော ပြောင်းအလဲကို ဖော်ပြနိုင်ရမည်။ အချိန်ကာလ အလျောက် (သို့မဟုတ်) ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းအတွင်းပြောင်းလဲသွားမှု၊ နည်းပညာ (သို့မဟုတ်) ဗိသုကာပိုင်းဆိုင်ရာ တိုးတက်မှု၊ အထိမ်းအမှတ်အနုပညာများ၊ မြို့ကွက်ချခြင်း (သို့မဟုတ်) မြေယာပုံစံဆွဲခြင်း အစရှိသည်များ။

၃။ ရှင်သန်ဆဲ (သို့မဟုတ်) ပျောက်ကွယ်သွားသည့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ (သို့မဟုတ်) မြို့ပြဖြစ်တည်လာမှုနှင့် ပတ်သက်သည့် ထူးခြားသည့် (သို့မဟုတ်) အတုမဲ့သည့် သက်သေသက္ကာယများ ရှိရမည်။

၄။ လူသားသမိုင်းတလျောက် အရေးပါခဲ့သည့် အဆင့်များကို ဖော်ပြနိုင်သည့် အဆောက်အဦး၊ ဗိသုကာလက်ရာ (သို့မဟုတ်) နည်းပညာဆိုင်ရာ၊ ဝတ်စားဆင်ယင်မှု (သို့မဟုတ်) မြေယာအခင်းအကျင်း၏ ထူးခြားသည့် အရာများဖြစ်ရမည်။

၅။ ရိုးရာစဉ်အလာ လူသားများ အခြေချမှု၊ ယဉ်ကျေးမှုတစ်ခုကို ကိုယ်စားပြုသည့် မြေယာအသုံးချမှု၊ ပင်လယ်ပြင်အသုံးချမှု၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်နွယ်မှု အထူးသဖြင့် ပြန်လည်မရရှိနိုင်တော့သည့် ပြောင်းလဲမှုများ၏ သက်ရောက်မှုကြောင့် ပိုမိုအဖိုးတန်လာသည့် အရာများ၏ ထူးခြားပုံများကို ဖော်ကူးနိုင်ရမည်။

၆။ ကမ္ဘာလုံးဆိုင်ရာ အတွက် အရေးပါထူးခြားသည့် အခမ်းအနားများ (သို့မဟုတ်) ရှင်သန်ဆဲ ရိုးရာများနှင့် အတွေးအခေါ် အကြံအစည်များ (သို့မဟုတ်) ယုံကြည်မှုများ၊ သုခုမအရနှင့် စာပေအရ တိုက်ရိုက် (သို့မဟုတ်) ရုပက ဆိုင်ရာ ဆက်နွယ်မှုများရှိရမည်။ (ကော်မတီက ဤသတ်မှတ်ချက်ကို အခြားသတ်မှတ်ချက်များနှင့် သင့်တော်သလိုတွဲဖက် အသုံးပြုရန် သင့်တော်သည်ဟု သတ်မှတ်ထားသည်။ )

၇။ ထူးခြားသည့် သဘာဝဖြစ်ရပ်များ (သို့မဟုတ်) အတုမရှိအောင်လှပသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလှတရား နှင့် အနုအလှအတွက် အရေးပါမှုများ ရှိနေရမည်။

၈။ ကမ္ဘာ့သမိုင်း၏ အရေးပါသည့်အဆင့်များကို ကိုယ်စားပြုသည့် ထူးခြားသည့်အရာ ဖြစ်ရမည်။ သက်ရှိများမှတ်တမ်း၊ မြေကမ္ဘာဖြစ်တည်မှုကိုပုံဖော်သည့် လက်ရှိဖြစ်နေဆဲ ဘူမိဗေဒ အထင်ကရ ဖြစ်စဉ်များ(သို့မဟုတ်) ထူးခြားသည့် ဘူမိဆိုင်ရာ (သို့မဟုတ်) ဘူမိရူပဆိုင်ရာ ဖြစ်ရပ်များ

၉။ ကုန်းနေသတ္တဝါများ၊ ကမ်းရိုးတန်းများ၊ ရေချိုများ၊ အဏ္ဏဝါ ဂေဟစနစ်၊ သစ်ပင်များနှင့် တိရိစ္ဆာန် အစုအဝေးများ ဖြစ်ပေါ်လာစေသည့် တိုးတက်လာစေသည့် လက်ရှိ ဖြစ်ပေါ်နေသည့် ဇီဝဆိုင်ရာ၊ ဂေဟ ဆိုင်ရာ ထူးခြားဖြစ်စဉ်များကို ကိုယ်စားပြုနိုင်သည့် ထူးခြားသောဥပမာများ အရာ

၁၀။သိပ္ပံရှုထောင့် (သို့မဟုတ်) ထိန်းသိမ်းရေး ရှုထောင့်မှ ကြည့်ရှုပြီး ကမ္ဘာအတွက် အဖိုးတန်ပြီး မျိုးသုဉ်းလုဖြစ်နေသော မျိုးစိတ်များအပါအဝင် ပုံစံမပြတ် ထိန်းသိမ်းရမည့် ဇီဝမျိုးကွဲများ၊ ထူးခြား အရေးပါသည့် သဘာဝ သက်ရှိများ

**မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်း သဘောတူညီချက် ယူနက်စကို ၂၀၀၃**

ယူနက်စကို၏ မမြင်ရသောယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်း သဘောတူညီချက် ၂၀၀၃ သည် ထူးခြား ဆန်းပြားသည့် ယဉ်ကျေးမှုကျင့်သုံးသည့် ရပ်ရွာဟု သတ်မှတ်ခံရအောင် ဆန်းပြားသည့် လူမှုရေး ကျင့်ထုံးများကို မှတ်တမ်းတင်ရန်၊ သက်ရှိ အမွေအနှစ်များအနေနှင့် ကာကွယ်ရန် အတွက် ကြိုးပမ်းမှုဖြစ်သည်။ ထိုသဘော တူညီချက်၏ အဓိကရည်ရွယ်ချက်မှာ သက်ရှိ အမွေအနှစ်များကို ခြိမ်းခြောက်နေသည် များကို လျှော့ချသွားရန် မဟာဗျူဟာများ ဖော်ဆောင်ရန်၊ ကာကွယ်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် ယင်းလူမှုရေး ဖွဲ့စည်းပုံကို ပိုအားကောင်းအောင် ဆောင်ရွက်ရန် ဖြစ်သည်။

သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ကာကွယ်ခြင်းဆိုသည်မှာ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ရှင်သန်အသုံးချမှုရှိနေစေရန်အတွက် ယဉ်ကျေးမှု တန်ဖိုးများကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ချဲ့ထွင်ခြင်း၊ ပြန့်ပွားအောင် ဆောင်ရွက်ခြင်း အထူးသဖြင့် ပုံမှန်ပညာရေးမှ တဆင့်၊ (သို့မဟုတ်) ပုံမှန်မဟုတ်သော ပညာရေးမှတဆင့် ဆောင်ရွက်ခြင်းနှင့် ယင်းအမွေအနှစ် ပြန်လည် ရှင်သန်အောင် အဖက်ဖက်မှ ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

ကာကွယ်ခြင်းဟူသော စကားလုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်မည်ဆိုပါက ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ထိန်းသိမ်းလိုက်ခြင်း၊ ကာကွယ်လိုက်ခြင်းကို မဆိုလိုပါ။ ထိုသို့ ထိန်းသိမ်းလိုက်ခြင်းသည်လည်း ယင်းအမွေအနှစ် ယဉ်ကျေးမှုကို တန့်သွားစေသည်၊ အသေဖြစ်သွားစေသည်။

ကာကွယ်ခြင်းဆိုသည်မှာ ယင်းမမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဆက်လက်ရှင်သန်နေစေရန်၊ ဆန်းသစ်တီထွင်နိုင်ရန်၊ ပြန့်ပွားနိုင်ရန်အတွက် အာမခံပေးခြင်းဖြစ်သည်။ စဉ်ဆက်မပြတ်ရှင်သန်ကြီးထွားစေရန်အတွက် ကာကွယ်ခြင်းများ ဆောင်ရွက်ရာတွင် ထိုအမွေအနှစ်များကို ဖန်တီး၊ ပဲ့ပြင်၊ ပြန့်ပွားစေသော ဒေသခံများ၊ အဖွဲ့များ၊ ပုဂ္ဂိုလ်များကို အခြေခံထားကာ ဆောင်ရွက်ရန်လိုပြီး ထိုသူများကို စီမံခန့်ခွဲရေးတွင် နေရာပေးပြီး တက်ကြွစွာပါဝင်စေပါ။

အခြားဆက်စပ် နိုင်ငံတကာအဆင့် ထိန်းသိမ်းရေး အဖွဲ့များနှင့် သဘောတူညီချက်များ

**၃၂။ ယူနက်စကို ကွန်ဗင်းရှင်း အပိုဒ် (၁၄) – ပညာပေးခြင်း၊ အသိအမြင်ဖွင့်ခြင်းနှင့် စွမ်းရည် တည်ဆောက်ခြင်း**

နိုင်ငံတိုင်းနိုင်ငံတိုင်းသည် သင့်တော်သော နည်းဖြင့် အောက်ဖော်ပြပါအချက်များကို ဖော်ဆောင်ရမည်။

က။ လူမှုအသိုင်းအဝိုင်းအတွင်းမှ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အသိအမှတ်ပြုခြင်း၊ လေးစားခြင်းတို့ ရှိနေစေရန်အတွက်

- သာမန်ပြည်သူလူထု အထူးသဖြင့်ငယ်ရွယ်သူများကို ရည်ရွယ်လျက် သတင်းအချက်အလက်ပေးသည့် အစီအစဉ်များ၊ ပညာပေးခြင်း၊ အသိအမြင်ဖွင့်ပေးခြင်းများပြုလုပ်ရမည်။
- ထိခိုက်နစ်နာမည့် အုပ်စုများ၊ ရပ်ရွာများအတွင်း ပညာပေးခြင်းနှင့် သင်တန်းပေးခြင်း အစီအစဉ်များကို သီးသန့် ဆောင်ရွက်ရမည်။
- မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ကိုကာကွယ်ခြင်းနှင့် ပတ်သက်ပြီး စွမ်းရည်မြှင့်တင်ပေးခြင်းကို ပြုလုပ်ရမည်။ အထူးသဖြင့် စီမံခန့်ခွဲခြင်းနှင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်သည့် အပိုင်းများတွင် အားထည့် ဆောင်ရွက်ပေးရမည်။
- အသိပညာများ ပြန်လည်ဖြန့်ဝေရာတွင် ပုံမှန်မဟုတ်သည့် နည်းများကိုလည်း အသုံးပြုရမည်။

ခ။ အမွေအနှစ်များကို ထိပါးခြိမ်းခြောက်နေသည့် အန္တရာယ်များကို အများပြည်သူက သိနေစေရန် အကြောင်းကြားထားရမည်။ လုပ်ငန်းဆောင်ရွက်သည့်အခါလည်း ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည်နှင့် အညီဆောင်ရွက်ရမည်။

ဂ။ မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ရန်အတွက် တည်ရှိရန် လိုအပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် အမှတ်တရ နေရာများကို ကာကွယ်ရန်အတွက် ပညာပေးခြင်းကို တိုးမြှင့် ဆောင်ရွက်ရမည်။

- ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုများနှင့် ပတ်သက်ပြီး တရားမဝင် တင်ပို့တင်သွင်း၊ အပြောင်းအလွဲပြုလုပ်ခြင်းကို တားမြစ်ထိန်းသိမ်းသည့်နည်းများနှင့် ပတ်သက်သည့် ၁၉၇၀ ယူနက်စကို သဘောတူညီချက်
- ၁၉၉၇ ယူနက်စကို ကြေညာချက် ၂၃ကို လူသားတို့၏ မမြင်ရသော အမွေအနှစ်များနှင့် နှုတ်ပြောသမိုင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် အတွက် ဖန်တီးခဲ့သည်။ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၅ တို့တွင် အရေအတွက် ၉၀ ခန့် ထိန်းသိမ်းနိုင်ခဲ့သည်။
- ၂၀၀၁ ယူနက်စကို၏ ရေအောက်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့်သဘောတူညီချက် (၂၀၀၉ ခုနှစ်တွင် အသက်ဝင်သည် )
- ၂၀၀၅ ယူနက်စကို၏ မတူကွဲပြားမှု အမျိုးမျိုးနှင့် မြင်ဆိုင်လှသော ယဉ်ကျေးမှုဆိုင်ရာ ဖော်ကျူးချက်များကို ကာကွယ်ခြင်း မြှင့်တင်ခြင်းဆိုင်ရာ သဘောတူညီချက် (၂၀၀၇တွင် အသက်ဝင်သည်။)

အောက်တွင်ဖော်ပြမည့် နိုင်ငံတကာ သဘောတူညီချက်များ၊ ပဋိညာဉ်စာတမ်းများသည် စေတနာ အလျောက် လိုက်နာလိုလျှင်လိုက်နာ မလိုက်နာလိုလျှင်လည်း နေသာပြီး လိုက်နာသူများအတွက် အကျင့်ကောင်းများ၏ အခြေခံ ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော သဘောတူညီချက်များနည်းတူ ဥပဒေကြောင်းအရ သက်ရောက်မှုမရှိနိုင်သော်လည်း ၎င်းတို့သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုအပေါင်းတို့ကို တူညီသော သက်ရောက်မှုများ ရှိနိုင်သည်။ ၁၉၃၁ အေသင် သမိုင်းဝင် အထိမ်းအမှတ်များကို ပြန်လည်ပြုပြင်ခြင်း ပဋိညာဉ်စာတမ်းနှင့် ၁၉၆၄ အထိမ်းမှတ် အဆောက်အဦးများ နှင့် နေရာများ ထိန်းသိမ်းခြင်းအတွက် နိုင်ငံတကာ ပဋိညာဉ်စာတမ်းများ(ဗင်းနစ်ချာတာ) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်ပြီး ကာကွယ်ထိန်းသိမ်းခြင်းနှင့်ဆိုင်သည့် အစောဆုံး နိုင်ငံတကာ သဘောတူညီချက်များ အနက်မှ တစ်ခုမှာ အေသင် သမိုင်းဝင် အထိမ်းအမှတ်များကို ပြန်လည်ပြုပြင်ခြင်း ပဋိညာဉ်စာတမ်းများ ဖြစ်သည်။ ၁၉၃၁ အေသင်တွင် ပြုလုပ်သည့် သမိုင်းဝင် အထိမ်းအမှတ်ဆိုင်ရာ ဗိသုကာများ၊ ပညာရှင်များ၏ ပထမအကြိမ် နိုင်ငံတကာ ကွန်ကရက် ညီလာခံတွင်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ချာတာ၏ အဓိကရည်ရွယ်ချက်မှာ ဗိသုကာပညာကို ထိန်းသိမ်းရန်အတွက်သာ သီးသန့်ရည်ရွယ်သော်လည်း ကွန်ကရက်ညီလာခံအနေနှင့် လူသားတို့နှင့် နေရာပတ်ဝန်းကျင်တို့ ဆက်စပ်နေပုံကိုလည်း အလေးပေး ဖော်ပြထားသည်။ အနုပညာ အထိမ်းအမှတ် နေရာများကို ထိန်းသိမ်းရန် အကောင်းဆုံးနည်းမှာ လူသားတို့နှင့် ယင်းနေရာ၏ဆက်စပ်မှုကို လေးစားခြင်းဖြင့်သာ အောင်မြင်ရန် အာမခံနိုင်သည်ဟု ဆိုခဲ့သည်။ ပဋိညာဉ်စာတမ်းများသည် ဥပဒေကြောင်းအရ အာဏာသက်ရောက်မှုမရှိသော်လည်း သမိုင်းဝင်နေရာများကို ထိန်းသိမ်းရာတွင် ပေါ်ပေါက်နေသည့် ပြဿနာများကို ဖြေရှင်းရန်မှာ နိုင်ငံအဆင့် ဥပဒေများ ချမှတ်ပြီး ယင်းနေရာများကို တင်းကျပ်စွာ ကာကွယ်ထားရန်ဖြစ်သည်ဟူသော အိုင်ဒီယာကို ပေးခဲ့သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် သမိုင်းဝင် အထိမ်းအမှတ်များကို တရားဝင် စာရင်းသွင်း ထိန်းသိမ်းထားရန်အတွက်လည်း ပဋိညာဉ်စာတမ်းများက တိုက်တွန်းခဲ့သည်။ နိုင်ငံအတော်များများတွင် အခြားသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို သတ်မှတ်ရာတွင် တရားဝင်စာရင်းသွင်းခြင်းနည်းကို ဆက်လက်အသုံးပြုနေကြသည်။ ဒုတိယအကြိမ် သမိုင်းဝင် အထိမ်းအမှတ်ဆိုင်ရာ ဗိသုကာများ၊ ပညာရှင်များ၏ နိုင်ငံတကာ ကွန်ကရက်ကို ၁၉၆၄ ဗင်းနစ်တွင် ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်များနှင့် နေရာများကို ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းအတွက် နိုင်ငံတကာအဆင့် ပဋိညာဉ်စာတမ်းများ တစ်ခုကို ဖော်ဆောင်နိုင်ခဲ့သည်။ ဗင်းနစ် ပဋိညာဉ်စာတမ်းဟုလည်း ခေါ်ဆိုကြသည်။ ပဋိညာဉ်စာတမ်းများသည် ရှေးဟောင်းအဆောက်အဦးများ ပြန်လည် ပြုပြင်ခြင်းနှင့် ထိန်သိမ်း ခြင်းတို့အတွက် နိုင်ငံတကာအသိအမှတ်ပြု လမ်းညွှန်ချက်များ ဖော်ပြထားသည့် နည်းပညာပိုင်းဆိုင်ရာ စာတမ်းဖြစ်သည်။ နိုင်ငံအတော်များများက ၎င်းတို့၏ ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာ အမွေများကို ထိန်းသိမ်းရန်အတွက် ပဋိညာဉ်စာတမ်းများပါ အချက်များကို လိုက်နာကျင့်သုံးကြသည်။

ရှေးဟောင်းသုတေသန အမွေအနှစ်များ ကာကွယ်ခြင်း၊ ကိုင်တွယ်စီမံခြင်းနှင့် ပတ်သက်သည့် ပဋိညာဉ်စာတမ်းများ ၁၉၉၀ ရှေးဟောင်းသုတေသနအမွေအနှစ် စီမံရေး (ICAHM )၏ နိုင်ငံတကာအဆင့် ကော်မတီများက မူကြမ်းရေးဆွဲသည့် ရှေးဟောင်းသုတေသန အမွေအနှစ်များ ကာကွယ်ခြင်း၊ ကိုင်တွယ်စီမံခြင်းနှင့် ပတ်သက်သည့် ICOMOS ချာတာသည် ရှေးဟောင်းသုတေသနဆိုင်ရာ အမွေအနှစ်များ ကိုယ်တွယ်ပုံနှင့် ပတ်သက်ပြီး အသေးစိတ်နည်းနာများကို ဖော်ပြထားသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ၏ ခြိမ်းခြောက်ထိပါးမှုများကို ခံရသည့်အခါတွင် မည်သို့ဆောင်ရွက်ရမည်ကို အလေးပေး ဖော်ပြထားသည်။

ပဋိညာဉ်စာတမ်းများတွင်ဖော်ပြထားသည်မှာ ရှေးဟောင်း သုတေသန အမွေအနှစ်များကို ကာကွယ် ရန်မှာ မြေယာသုံးချခြင်း၊ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းနှင့် ဆက်စပ်သည့် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်၊ ရွာအဆင့် မူဝါဒအသီးသီးတွင် အမွေအနှစ်ကာကွယ်ရေးကို ပေါင်းစပ်ထည့်သွင်း လုပ်ကိုင်သွားရန်လိုအပ်သည်ဟု ဆိုသည်။ ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ မူဝါဒများတွင်လည်း ရှေးဟောင်းသုတေသန အမွေအနှစ်ဆိုင်ရာ အချက်များကို ထည့်သွင်းစဉ်းစားလျက် ဆောင်ရွက်ရမည်။

**၃၃။ ရှေးဟောင်းသုတေသန အမွေအနှစ်များ ကာကွယ်ခြင်း စီမံခြင်းနှင့် ပတ်သက်သည့် ICOMOS ချာတာ ၁၉၉၀**

ရှေးဟောင်းသုတေသန အမွေအနှစ်များသည် ဌာနေတိုင်းရင်းသားများ၏ သက်ရှိရှင်သန်ဆဲ ရိုးရာများ၏ အစိတ်အပိုင်းဖြစ်သည်။ ထိုကဲ့သို့သော အထိမ်းအမှတ်နေရာများကို ကာကွယ်ခြင်း၊ စီမံခြင်းများပြုလုပ်ရာတွင် ဒေသခံယဉ်ကျေးမှု အုပ်စုများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများ ပါဝင်မှုကို အထူးအားပေးရမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ အချို့သော အခြေအနေများတွင် အမှတ်တရ အဆောက်အဦးများ နေရာများကို ကာကွယ်ရန် ထိန်းသိမ်းရန်အတွက် တာဝန်ကို ဌာနေတိုင်းရင်းသားများကို အပ်နှင်းပါက ပိုမိုသင့်တော်သည်ဟု ချာတာတွင်ဖော်ပြထားသည်။

**ဇယားကွက် (၃၄) – ၁၉၉၉ ဘာရာချာတာတွင် ပါဝင်သည့် ထူးခြားသည့်အချက်များ**

၁၉၉၉ ခုနှစ် ဘာရာချာတာတွင် အမွေအနှစ်များ စီမံခြင်းတွင် မြိုင်ဆိုင်ကွဲပြားသော ယဉ်ကျေးမှု အမျိုးအစားများကို အသိအမှတ်ပြု လေးစားရန် အတွက် အားပေးထားသည်။ နေရာတခု၏ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားအရေးပါမှုအတွက် ချာတာ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံမှာ - ထူးခြား အရေးပါမှု ဆိုသည်မှာယင်းနေရာတွင် ကိန်းနေပြီး၊ ယင်းဖွဲ့စည်းပုံ၊ တည်ရှိနေပုံ၊ အသုံးချပုံ၊ ဆက်နွယ်ပုံ၊ အဓိပ္ပာယ်များ၊ မှတ်တမ်းများ၊ ဆက်နွယ်သည့် နေရာများ၊ ဆက်နွယ်သည့် အရာဝတ္ထုများကို ဆိုလိုခြင်းဖြစ်သည်ဟု ဖွင့်ဆိုထားသည်။ မတူညီသည့် လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ သည် နေရာတခုအပေါ်တွင် တန်ဖိုးထားမှုများ မတူညီကြခြင်း၊ အမွေအနှစ် စီမံ ရာတွင် ယင်းနေရာနှင့် အထူးသဖြင့် ဆက်စပ်နေသူ၏ ပါဝင်မှုသည် အရေးကြီးပုံ၊ ယင်းနေရာနှင့် ပတ်သက်ပြီး လူမှုရေးတာဝန်၊ စိတ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ရေးရာ တာဝန်နှင့် အခြား ယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိသူများ၏ အခန်းကဏ္ဍ အရေးကြီးပုံကို ရှင်းလင်းစွာ ဖော်ပြ အသိအမှတ် ပြုထားသည်။ သို့သော်လည်း မမြင်ရသော အမွေအနှစ်များနှင့် ပတ်သက်ပြီး ဘာရာချာတာတွင် ဖော်ပြထားခြင်း မရှိပါ။

စစ်တမ်းကောက်ခြင်း၊ တူးဖော်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကန့်သတ်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ သတင်းအချက်အလက်ထုတ်ယူခြင်း၊ တင်ပြခြင်း၊ လူထုသိအောင်ဆောင်ရွက်ခြင်း၊ အသုံးချခြင်း၊ အမွေအနှစ်နှင့်ဆိုင်သည့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ချာတာတွင် လမ်းညွှန်ပြသထားသည်။ ထိုလမ်းညွှန်ကို ကိုင်စွဲအသုံးပြုခြင်းဖြင့် မိုင်းလုပ်ငန်းမန်နေဂျာများသည် မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကိုင်တွယ်ရန် အကောင်းဆုံးနည်းလမ်းကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေမည်။

ထိုချာတာသည် ဩစတြေးလျကဲ့သို့သော နိုင်ငံများ၏ နိုင်ငံအမွေအနှစ် ဥပဒေများတွင် ထင်ဟပ်လျက်ရှိကာ ရှေးဟောင်းသုတေသန အမွေအနှစ်များကို ဥပဒေအရ အကာအကွယ် ပေးလျက်ရှိသည်။

**ယဉ်ကျေးမှုအရ ထူးခြားအရေးပါသည့် နေရာများ ထိန်းသိမ်းခြင်းအတွက် ဩစတြေးလျ ICOMOSချာတာ(ဘာရာချာတာ)**

၁၉၇၉ တွင် ဩစတြေးလျနိုင်ငံတွင်ဝင်ရောက်လုပ်ကိုင်နေသော အမွေအနှစ်ဆိုင်ရာ ပညာရှင်များသည် ဗင်းနစ်ချာတာပါ နိုင်ငံတကာ နည်းဥပဒေများကို ဩစတြေးလျ အခင်းအကျင်းတွင် အံဝင်အောင်ပြုပြင်ကာ ယဉ်ကျေးမှုအရ ထူးခြားအရေးပါသည့် နေရာများ ထိန်းသိမ်းခြင်းအတွက် ဩစတြေးလျ ICOMOS ချာတာ(ဘာရာချာတာ)ကို တီထွင်ဖော်ထုတ်ခဲ့သည်။

ဘာရာချာတာသည် ရုပ်ဝတ္ထု ရူပက ဂုဏ်ရည်အခြေပြု ဥရောပသားတို့ကြီးစိုးထားသည့် ယဉ်ကျေးမှုဆိုင်ရာ အိုင်ဒီယာများကို ကျော်လွန် လွှမ်းမိုးကာ မမြင်ရသော အမွေအနှစ်များကို အားပေးရန်အတွက် ပြင်ဆင်ရေးဆွဲခဲ့သည်။ ယခင်က အမွေအနှစ်ဟု ဆိုရာတွင် နေရာကွက်ကွက်လေးနှင့် အထိမ်းအမှတ်ကျောက်တိုင်ကြီးများကိုသာ မျက်စိထဲမြင်ရာမှ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားထင်ရှားမှုရှိသည့်နေရာအားလုံးကို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာအဖြစ် ပြောင်းလဲရှုမြင်နိုင်ရန် ချဲ့ထွင်ခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထူးခြားအရေးပါမှုဟု ဆိုရာတွင်လည်း ယခင်က သတ်မှတ်ထားသည့် သမိုင်းဝင်မှု၊ အနုသုခုမလက်ရာဆန်မှုများကို အခြေပြု တန်ဖိုးဖြတ်ခြင်းမှ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် လူမှုရေးတန်ဖိုး၊ ဝိညာဉ်ရေး တန်ဖိုးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခဲ့သည်။ ဘာရာချာတာသည် ဝိညာဉ်ရေးရာ၊ တန်ဖိုးများ အလေးထားဖော်ပြသည့် ပထမဆုံးသော နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းခြင်း စာချုပ်စာတမ်းဖြစ်ပြီး နောင်တွင် နိုင်ငံအတော်များများက အတုယူလာကြသည်။

**၁၉၉၄ စစ်မှန်ခိုင်မာမှုနှင့် ပတ်သက်သည့် နာရာ စာတမ်း**

၁၉၉၄ စစ်မှန်ခိုင်မာမှုနှင့် ပတ်သက်သည့် နာရာ စာတမ်းသည် ဗင်းနစ်ချာတာ ၁၉၆၄ ကို ပိုမိုကျယ်ပြန့်စေရန်တွက် ၎င်းပေါ်တွင် အခြေခံကာ ခေတ်ပြိုင် အမွေအနှစ်ဆိုင်ရာ စိုးရိမ်ဖွယ်ရာများကို ဖြေရှင်းသည့်အခါတွင် အသုံးချနိုင်ရန် အတွက် ဆင့်ပွားချဲ့ထွင်ထားခြင်းဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုများကို ကမ္ဘာ့ အမွေအနှစ်စာရင်းသွင်းရန် စစ်မှန်ခိုင်မာမှုကို စစ်ဆေးသည့်အခါတွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဆိုင်ရာ လူမှုရေးဆိုင်ရာ တန်ဖိုးများကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းထားသည်။

ယူနက်စကို၏ အခြေခံစည်းမျဉ်းများနှင့် အညီနာရာ စာတမ်းက ထောက်ပြ ထားသည်မှာ အမွေအနှစ်တိုင်းသည် နိုင်ငံတကာ အဆင့် တန်ဖိုးထိုက်တန်သည်ကို သတိထားရမည် ဟုဆိုသည်။ ထိုတိုက်တွန်းချက်ကို ဥပဒေအချက် (၈) တွင်ဖော်ပြထားပြီး - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစီမံရန် ပထမဆုံးအနေနှင့် တာဝန်ရှိသူမှာ ယင်းအမွေအနှစ်ကို ပေါ်ပေါက်စေသည့် ရပ်ရွာအသိုင်းအဝိုင်း၊ ယင်းကို ဂရုထားပူပန်သူများ ဖြစ်ရမည်ဟု ဆိုထားသည်။

**စက်မှုလုပ်ငန်းဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် နစ်ရှိနီ တာဂီးလ် ချာတာ ၂၀၀၃**

နိုင်ငံတကာ စက်မှုအမွေအနှစ်များ ထိန်းသိမ်းခြင်း ကော်မတီက ပုံကြမ်းရေးဆွဲသည့် နစ်ရှိနီ တာဂီးလ် ချာတာသည် စက်မှုလုပ်ငန်းများဆောင်ရွက်ရန် အတွက် ပြုလုပ်ထားသည့် အဆောက်အဦးများ၊ ပြင်ဆင်ထားသည့်နေရာများ၊ အသုံးပြုသည့် ကိရိယာ၊ လုပ်ဆောင်ပုံအဆင့်ဆင့်၊ ယင်းစက်ရုံများ တည်ရာမြို့၊ မြေယာရှုခင်း အပါအဝင် အခြားမြင်ရသော မမြင်ရသော တည်ရှိဖြစ်တည်မှုများသည် အခြေခံကျပြီး အရေးကြီးသည်ဟု ဆိုသည်။

စက်ရုံများ၏ ထူးခြားချက်၊ အဓိပ္ပာယ်များကို လေ့လာပြီး အများသိအောင် ဆောင်ရွက်သင့်ကာ အလွန်ထူးခြားသော အကြောင်းအရာများ၊ ကိစ္စရပ်များကို ဖော်ထုတ်ရမည်၊ ကာကွယ်ရမည်။ ပြုပြင်ထိန်းသိမ်းရမည်။ ချာတာတွင် စက်မှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းများနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ စက်မှုအမွေအနှစ်များ၏ သမိုင်းဝင် အရေးပါပုံများကို ရပ်ရွာသားများကို အသိပညာပေးရန်၊ ကျွမ်းကျင်သူများ ပေါ်ပေါက်စေရန် သင်တန်းများပို့ချ ပေးရန် လိုအပ်ပုံကိုလည်း ဖော်ပြခဲ့သည်။

**Akwe' Kon လမ်းညွှန်ချက် ၂၀၀၄**

ဇီဝမျိုးကွဲများ သဘောတူစာချုပ်မှ ပေါက်ဖွားလာသည့် Akwe'Kon လမ်းညွှန်ချက်သည် အထွဋ်အမြတ်ထားရာ နေရာများ၊ ဌာနေတိုင်းရင်းသား (သို့မဟုတ်) ဒေသခံများ အသုံးပြုနေသည့် ပိုင်ဆိုင်နေထိုင်နေသည့် ရေမြေများကို ထိခိုက်မည့်အချက်များအား ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သက်ရောက်မှုကြိုတင်ဆန်းစစ်ချက်များ ပြုလုပ်သည့်အခါတွင် ထည့်သွင်း အသုံးချနိုင်ရန် ပြုစုထားခြင်းဖြစ်သည်။ ကြိုတင် ဆန်းစစ်ချက်များ ပြုလုပ်သည့်အခါတွင် ပွင့်လင်းစွာ ဆောင်ရွက်ရန်၊ ဒေသခံများကို ပါဝင်ခိုင်းရန်၊ ဖော်ထုတ်စူးစမ်းသည့် အခါများတွင် ဒေသခံများကို ပါဝင် ဆုံးဖြတ်ခိုင်းရန်အတွက် တိုက်တွန်းထားသည်။ ဒေသအခြေအနေ အခင်းအကျင်း များကို နားလည်လျက် ရွာသားများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းထား သည်။ ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝ ပတ်ဝန်း ကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ဆန်းစစ်ချက် များအားလုံးကို လုပ်ငန်းစဉ် တစ်ခုတည်း အတွင်း ပူးပေါင်းဆောင်ရွက်ရန်၊ အမွေအနှစ်ဆိုင်ရာစီမံမှုများနှင့်လည်း အံဝင်အောင် ဆောင်ရွက်ရန်အတွက် တိုက်တွန်းထားသည်။ ထိုဆန်းစစ်ချက်များအတွက် လမ်းညွှန်ချက်က ထပ်မံအကြံပေးထားသည်မှာ ပေါ်ပေါက်လာနိုင်သည့် သက်ရောက်မှုများကို ဖြေရှင်းရန် စီမံမှုစနစ်နှင့် စောင့်ကြည့်ရေး အစီအစဉ်များ ပြင်ဆင်ထားရန် ဖြစ်သည်။

**ဃေားကွက် (၃၅) – စစ်မှန်ခိုင်မာမှုအတွက် နာရာစာတမ်း**

- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းခြင်းသည် ယင်းအမွေအနှစ်တန်ဖိုး ပေါ်တွင် အခြေပြုသည်။
- ယဉ်ကျေးမှုများကွာခြားသဖြင့် တန်ဖိုးများ၊ ရှားပါးမှုများကို သတ်မှတ်ချက်တခုတည်း တွင် အသေသတ်မှတ်ကာ တန်ဖိုးဖြတ်ရန်မှာ မဖြစ်နိုင်ပါ။
- ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုများကို တန်ဖိုးဖြတ်မည်၊ စဉ်းစားမည်ဆိုပါက ယင်းနှင့် ပတ်သက်သည့် အခင်းအကျင်းပေါ် မှုရပ်တည်ကာ စဉ်းစားရမည်၊ ဆုံးဖြတ်ရမည်။
- စစ်မှန်ရှားပါးခြင်းကို တန်ဖိုးဖြတ်မည်ဆိုပါက သတင်းအချက်အလက် ရင်းမြစ်အစုံအလင် ပေါ်တွင် ချိတ်ဆက်စဉ်းစားပြီး ဆုံးဖြတ်ရမည်။ ရင်းမြစ်များတွင် ပုံစံ၊ ဒီဇိုင်း၊ အသုံးပြုသည့်ပစ္စည်းများ၊ ပါဝင်သည့်အရာများ၊ အသုံးချမှု၊ ဆောင်ရွက်နိုင်သည့်အရာများ၊ ရိုးရာ၊ နည်းပညာ၊ တည်နေရာ၊ တည်နေပုံ၊ နာမ်ဝိညာဉ်ပိုင်းဆိုင်ရာ၊ ခံစားမှု၊ အခြား အတွင်းအပြင် အချက်များ အားလုံးကို ဆိုလိုသည်။

**၃၆။ Akwe' kon လမ်းညွှန်ချက်**

ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူးက ထုတ်ပြန်ခဲ့သည့် Akwe' kon လမ်းညွှန်ချက်တွင်

- ဖွံ့ဖြိုးရေးစီမံကိန်း မြေနေရာစတင်ကြည့်ခြင်း၊ မည်သည့်အတိုင်းအတာထိ လုပ်မည်ကို ဆုံးဖြတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်း အဆင့်တိုင်းတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံရပ်ရွာများကို ပါဝင်စေရန်။
- ဌာနေတိုင်းရင်းသားများ၊ ဒေသခံများ၏ အကျိုးစီးပွား၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ပူပန်မှုများကို ထည့်သွင်းစဉ်းစားပေးခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် ဒေသခံရပ်ရွာများနှင့် ဌာနေတိုင်းရင်းသားတို့၏ ရိုးရာအသိပညာများ၊ တီထွင်မှုများ၊ ဓလေ့များကို ပူးပေါင်းထည့်သွင်းရန်၊ ထိုသို့ထည့်သွင်းရာတွင် ယင်းအသိပညာ၊ တီထွင်မှုများ၊ ဓလေ့များကို ကာကွယ်ပေးရန်၊ တိုးမြှင့်ပေးရန်နှင့် ၎င်းတို့ပိုင်ဆိုင်ကြောင်းကို အခိုင်အမာ အသိအမှတ်ပြုရန်လည်း လိုအပ်သည်။
- ဖွံ့ဖြိုးရေးစီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အချက်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည်ကို ထည့်သွင်းစဉ်းစားရန်

**၃၇။ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်း**

အပိုဒ် ၂၇

၁) ယဉ်ကျေးမှုဘဝများတွင် ပါဝင်ခွင့်ရှိသည်။ ယဉ်ကျေးမှုအနုပညာအလှများကို ခံစားခွင့်၊ သိပ္ပံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ယင်း၏ အကျိုးအမြတ်များကို ခံစားခွင့် မျှဝေခွင့်ရှိသည်။

၂) လူတစ်ဦးသည် ၎င်းကိုယ်ပိုင်ဉာဏ်စွမ်း ဉာဏ်စ ဖြင့်တီထွင်ထားသည့် အနုပညာ၊ စာပေ၊ သိပ္ပံ ပစ္စည်းများကို ပိုင်ဆိုင်ခွင့်၊ ကာကွယ်ခွင့် ရှိသည်။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် လူ့အခွင့်အရေးကြေညာစာတမ်း**

တစ်စုံတစ်ယောက်သည် မိမိ၏ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်မှုကို လွတ်လွတ်လပ်လပ် ကျင့်သုံးနိုင်ပြီး အခြားသူများက တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။ သဘာဝက ပေးထားသည့် အခွင့်အရေး ဖြစ်သောကြောင့် အခြားသူများက နှုတ်ယူခြင်းမရှိစေရ။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့်ဆိုင်သည့် အခွင့်အရေးများနှင့် ဆက်စပ်သည့် ကြေညာစာတမ်းများကို အောက်တွင်ဖော်ပြထားသည်။ ယင်းစာတမ်းများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းစီမံခြင်းများ၊ ချဉ်းကပ်ပုံများတွင် များစွာလွမ်းမိုးမှုရှိသည်။

- နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း
- ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်း ၂၀၀၇
- ယူနက်စကို၏ နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာ စုံလင်မှု ကြေညာစာတမ်း ၂၀၀၁
- စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်ပြီး နိုင်ငံတကာကတိကဝတ် ၁၉၆၆

အထက်ပါ ကြေညာချက်များ၊ ကတိကဝတ်များတွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် ယင်းအတိုင်း လိုက်နာရမည့် ဖြစ်သောကြောင့် ရီယိုတင်တို လုပ်ငန်းလည်ပတ်မည့် နိုင်ငံ၏ ဥပဒေ အခင်းအကျင်းကို ဆုံးဖြတ်မည် ဖြစ်သည်။ ၎င်းတို့သည် စီမံကိန်းမှ ၎င်း၏ လုပ်ငန်းဆောင်တာများကို မည်သို့ကွပ်ကဲမည်၊ ရပ်ရွာနှင့် မည်သို့ ချိတ်ဆက်ဆောင်ရွက်မည် အစ ရှိသည်တို့ကိုပါ လွှမ်းမိုးမှုများရှိပေလိမ့်မည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတကာ လူသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တရားဝင်စည်းမျဉ်းများနှင့် ပဋိညာဉ်စာတမ်းများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ အရေးပါပုံကို ရှင်းရှင်းလင်းလင်း သော်လည်းကောင်း၊ သွယ်ဝိုက်ကာလည်းကောင်း ဖော်ပြထားသည်။

**ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်**

ထောင်စုနှစ် ဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၀၀ ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့ဝင် ၁၈၉ နိုင်ငံက ရေးဆွဲ သဘောတူခဲ့ခြင်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များအတွင်းက ချမှတ်ခဲ့သည့် အရေးကြီး ကတိကဝတ်များကို စုပေါင်းကာ ဖော်ထုတ်ထားခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ကြားမှ ဆက်နွယ်မှုများကို ရှင်းလင်းစွာဖော်ပြထားသည်။

လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနေနှင့် ထောင်စုနှစ်မျှော်မှန်းချက်ကို ၂၀၁၅ တွင် ပြည့်မီရန်အတွက် စီးပွားရေး လုပ်ငန်းများသည် အဓိကကျသည့်နေရာမှ ပါဝင်လျက်ရှိသည်။ ထောင်စုနှစ်မျှော်မှန်းချက်သည် စီးပွားရေး လုပ်ငန်းများအနေနှင့် သဘာဝပတ်ဝန်းကျင်အပေါ်၊ လူမှုဝန်းကျင်အပေါ် တာဝန်ယူမှုများ ပိုရှိလာစေရန်၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များကို လိုက်နာလာစေရန်အတွက် မောင်းနှင်တိုက်တွန်းသည့် အရာများအနက်မှ တစ်ခုအပါဝင်ဖြစ်သည်။ ထောင်စုနှစ်ရည်မှန်းချက်သည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ပါဝင်သည့် ရည်မှန်းချက် အတော်များများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် သက်ဆိုင်လျက်ရှိသည်။ အထူးသဖြင့် ရည်မှန်းချက် အမှတ် ၇ တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တည်တံ့ရေးအတွက်ပြဌာန်းချက်သည် အထူးသက်ဆိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခြင်းသည် စွယ်တော်ရွက် သဖွယ် ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တံ့စေသော ယဉ်ကျေးမှုဓလေ့များကို ကာကွယ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ရေရှည် တည်တံ့ရေးကိုများစွာ အထောက်အကူ ဖြစ်စေသည်။ ဇီဝမျိုးကွဲများကို ကာကွယ်ခြင်း သည်လည်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အတွက် ရလဒ်ကောင်းများကို ပေါ်ပေါက် စေနိုင်သည်။

**လူ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ အဖိုးတန်အသုံးဝင်မှု စာတမ်း (၂၀၀၅ ဖာရို)**

ဥရောပကောင်စီမှရေးဆွဲသည့် ဖာရိုသဘောတူညီချက်သည် အမွေအနှစ်ဆိုင်ရာ မူဝါဒများ ချမှတ်ရန်အတွက် မူဘောင်များကို ဖြစ်ပေါ်စေပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများနှင့် ယဉ်ကျေးမှုကို လေးစားလျက်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ဥရောပတိုက် အခင်းအကျင်းအတွက် အဓိက ရည်ရွယ်ထားခြင်း ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့် ဥရောပနိုင်ငံအတော်များများက လိုက်နာကြသည်။

ဖာရို သဘောတူညီချက်တွင် အမွေအနှစ်ဆိုသည်မှာ

- လူသားတို့ဖွံ့ဖြိုးတိုးတက်မှု
- ယဉ်ကျေးမှု အမျိုးအစားများ ပိုမိုစုံလင်လာစေရန် နှင့် မတူညီသည့် ယဉ်ကျေးမှုများအကြား ဆွေးနွေးမှုများပေါ်ပေါက်လာစေရန်
- သယံဇာတကို ရေရှည်အသုံးပြုရန် စည်းမျဉ်းများချမှတ်ကာ ဆောင်ရွက်သည် စီးပွားရေးတိုးတက်မှုတို့၏ မူလ အရင်းအမြစ် ဖြစ်သည်ဟု ဆိုထားသည်။

သဘောတူညီချက်စာတမ်းသည် အောက်ဖော်ပြပါ အကြောင်းအရာများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အရေးပါလာပုံ ထောက်ပြရန် လစ်ဟာခဲ့သည့် ရှေ့က နိုင်ငံတကာပြဌာန်းချက်များ၏ ဟာကွက်များကို ထောက်ပြခဲ့သည်။

- ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု- စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ဂေဟစနစ်၊ လူမှုရေး အစရှိသော ဖွံ့ဖြိုးတိုးတက်မှု ပုံစံအမျိုးမျိုးတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် အဖိုးတန် အရင်းအမြစ်တစ်ခုအနေနှင့် ပေါင်းစပ်ပါဝင်နေသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များသည် သူ့ချည်းပဲပင် တန်ဖိုး ရှိနေပြီး အခြားမူဝါဒများ ချမှတ်ရာတွင်လည်း လွှမ်းမိုး ပါဝင်မှုများရှိသည်။
- ဂလိုဘယ်လိုက်ဇေးရှင်း- ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်မှု များပြားကြီးထွားလာမှုနှင့် ရင်ဆိုင်နေရချိန်တွင်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ အထွဋ်အမြတ် နေရာများသည် ယဉ်ကျေးမှု ဆိုင်ရာ အမျိုးအစားစုံလင်မှုကို ကာကွယ်သည့် အဓိက ရင်းမြစ်များဖြစ်လာသည်။
- ပဋိပက္ခများအကြားတွင် ယဉ်ကျေးမှုဆိုင်ရာ သရုပ်သကန်များဆိုင်ရာ အမြင်နှီးကြားမှုကို အသစ်ပြန်လည် ဖြည့်ဆည်းပေးခြင်း- အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှု တစ်ခုနှင့်တစ်ခုကြား ဆွေးနွေးပွဲ စကားဝိုင်းများပေါ်ပေါက်စေရန်၊ ဒီမိုကရက်တစ် အငြင်းအခုံဆွေးနွေးပွဲများ ပေါ်ပေါက်စေရန်၊ အမြင်များ ပွင့်လာရန်၊ ခင်မင်မှုများ ပွင့်လင်းမှုများ ပေါ်ပေါက်လာစေရန်အတွက်လည်း အသုံးပြုနိုင်သည်။

**ကမ္ဘာ့ဘဏ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများ**

ကမ္ဘာ့ဘဏ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများသည် အရှည်တည်တံ့ခိုင်မြဲသော ဆင်းရဲမွဲတေမှု လျှော့ချရေး၏ အခြေခံအုတ်မြစ်များ ဖြစ်သည်။ ကာကွယ်ရေးအစီအမံများ၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကြောင့် လူများနှင့် သူတို့၏ ပတ်ဝန်းကျင်ကို မလိုလားအပ်ဘဲ များပြားလွန်းသည့် ဒုက္ခ အခက်အခဲများ မကျရောက်ရန်နှင့် ဖြစ်ပေါ်လာပါကလည်း အသက်သာဆုံးဖြစ်ရန် အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကျန်မူဝါဒများသည် ဘဏ်နှင့်ငွေချေးယူသူတို့၏ ဝန်ထမ်းများအတွက် အစီအစဉ်များ နှင့် စီမံကိန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်းများ လုပ်ဆောင်ရာတွင် လမ်းညွှန်များအဖြစ် အထောက်အပံ့ပြုသည်။ မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကမ္ဘာ့ဘဏ်၏ လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ မူဝါ ၄. ၁၊ ရှုပကဆိုင်ရာ ယဉ်ကျေးမှု ရင်းမြစ်များ ဖြစ်သော Physical cultural resource safeguard policy guidebook and the physical cultural resources country profiles တို့နှင့် အညီကိုင်တွယ်ဖြေရှင်းသည်။ မြင်ရသော မမြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်းသည် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မူဝါဒ ၄. ၁၀ ဖြစ်သော ဌာနေတိုင်းရင်းသားတို့နှင့်ဆိုင်သည့် မူဝါဒတွင် အစိတ်အပိုင်း တစ်ခုအနေနှင့် ပါဝင်သည်။ ကမ္ဘာ့ဘဏ်က ယဉ်ကျေးမှုသည် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုအတွက် မူလ အရင်းအမြစ် ဖြစ်သည်ဟု အမိပ္ပာယ်ဖွင့်ဆိုထားသည်။ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုများကို အကြောင်းပြုကာ ဝင်ငွေရှာနိုင်သည့် နိုင်ငံသည် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်သည်။

**နိုင်ငံတကာငွေကြေးအဖွဲ့အစည်း IFC လုပ်ငန်းဆောင်ရွက်သည့်အခါ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အရှည်တည်တံ့ရန် အတွက် ချမှတ်ထားသည့် စံသတ်မှတ်ချက်များ**

လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အရှည်တည်တံ့ရန် အတွက် နိုင်ငံတကာ ရန်ပုံငွေ အဖွဲ့အစည်း IFC က စံသတ်မှတ်ချက်များ ချမှတ်ထားသည်။ ၎င်းတို့သည် IFC၏ ဖောက်သည်များအနေနှင့် IFC၏ ထောက်ပံ့မှုများ ရရှိရန်အတွက် ၎င်းတို့၏ စီမံကိန်းများနှင့် ဆက်စပ်နေသော လိုအပ်ချက်များ စီမံခန့်ခွဲရန် တာဝန်များနှင့် အခန်းကဏ္ဍကို သတ်မှတ်ထားသည်။ စံသတ်မှတ်ထားချက် ၈ ခု ရှိသည်။ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု စီမံခြင်းစနစ်၊ လုပ်သားနှင့် လုပ်ငန်းခွင်အခြေအနေ၊ ညစ်ညမ်းမှုကာကွယ်ခြင်း၊ ရပ်ရွာ ကျန်းမာရေးနှင့် လုံခြုံရေး၊ မြေယာသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်း၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ဌာနေတိုင်းရင်းသားများနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် စံသတ်မှတ်ချက် (၈) ခုရှိသည်။

**၃၈။ ကမ္ဘာ့ဘဏ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်များ**

**ရုပကဆိုင်ရာ ယဉ်ကျေးမှုရင်းမြစ်များနှင့် ပတ်သက်သည့် စီမံကိန်းလည်ပတ်မှု ပေါ်လစီ၄.၁၁**

ရုပကဆိုင်ရာ ယဉ်ကျေးမှုရင်းမြစ်များသည် အဖိုးတန်သော သိပ္ပံနှင့် သမိုင်းဆိုင်ရာ သတင်းအချက်အလက်၏ ရင်းမြစ်များအနေဖြင့် အရေးပါသည်။ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူသားတို့ ယဉ်ကျေးမှုဆိုင်ရာ သရုပ်သကန်၊ အလေ့အထများ ရှင်သန်ကြီးထွားရန်အတွက် အဓိကအနေနှင့် ပါဝင်သည်။

**ဌာနေတိုင်းရင်းသားများနှင့် ဆိုင်သည့် စီမံကိန်း ပေါ်လစီ ၄.၁၀**

ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ၊ သရုပ်သကန်များသည် ၎င်းတို့နေထိုင်ရာမြေ၊ ၎င်းတို့မှီတည်နေသည့် သဘာဝသယံဇာတများနှင့် ခွဲမရအောင် ချိတ်ဆက်မှုများ ရှိနေသည်။ ထို့ကြောင့် စီမံကိန်းများဝင်ရောက်လာသည့်အခါတွင် ဌာနေတိုင်းရင်းသားတို့၏ ဘဝများကို အနည်းနှင့် အများထိခိုက်စေသည်။ သရုပ်သကန်များလျှော့ပါးပျောက်ဆုံးသွားခြင်း၊ ယဉ်ကျေးမှုနှင့် ရိုးရာသက်မွေးပုံတို့မရှိတော့ခြင်း အစရှိသဖြင့်

**၃၉။ IFC လုပ်ငန်းဆောင်ရွက်ချက် စံသတ်မှတ်ချက် (၈)– ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်**

စံသတ်မှတ်ချက်တွင် ပါဝင်သည်များမှာ

- စီမံကိန်းပုံစံနှင့် တူးဖော်ခြင်းတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ခြင်း
- လုပ်ရင်းကိုင်ရင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိလာပါက ကိုင်တွယ် ဖြေရှင်းမည့် လုပ်ငန်းစဉ်၊ ဆွေးနွေးအကြံယူခြင်းလုပ်ငန်းစဉ်
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖယ်ရှားခြင်းလုပ်ငန်းစဉ်
- အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအတွက် လုပ်ငန်းစဉ်
- စီမံကိန်း၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ အသုံးချပုံနှင့် ပတ်သက်သည့် လုပ်ငန်းစဉ် တို့ဖြစ်သည်။

**၄၀။ IFC လုပ်ငန်းဆောင်ရွက်ချက် စံသတ်မှတ်ချက် (၇) – ဌာနေတိုင်းရင်းသားများ**

ဌာနေတိုင်းရင်းသားများ၏ သရုပ်သကန်၊ ယဉ်ကျေးမှု၊ အခမ်းအနား၊ နာမ်ဝိညာဉ် ယုံကြည်မှုများ၏ ဗဟိုချက်မဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ ရင်းမြစ်များကို စီမံကိန်းက ထိခိုက်စေမည် ဆိုပါက ထိုယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ထိန်းသိမ်းခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ရမည်။ တတ်နိုင်ပါက ရှောင်ရှားရမည်။ စီမံကိန်းကြောင့် ယဉ်ကျေးမှုပေါ် ထိခိုက်မည်များကို တားမရပါက ငွေချေးမည့်သူသည် ထိခိုက်ခံရမည့် ရပ်ရွာ၏ FPIC ရရန် လိုအပ်သည်။

ယခင်က ဖျက်ဆီးခံထားရဖူးသည်ဖြစ်စေ အမွေအနှစ်များအားလုံးကို ကာကွယ်ခြင်း အတွက် အကျုံးဝင်သည်။ စံသတ်မှတ်ချက်များသည် မြင်ရသော အမွေအနှစ်များ အတွက် အဓိကဖြစ်သော်လည်း မမြင်ရသော အမွေအနှစ်များအတွက်လည်း ကာကွယ်ပေးသည့် အချက်များ ပါဝင်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သတ်လာလျှင် စံနှုန်း (၈) သည် တိုက်ရိုက် အကျုံးဝင်ပြီး လမ်းညွှန်ချက်ကိုလည်း တပါတည်း ပေးထားသည်။ IFC လုပ်ငန်းဆောင်ရွက်ချက် စံသတ်မှတ်ချက် အမှတ် (၈)၏ အဓိကရည်ရွယ်ချက်မှာ စီမံကိန်းဆောင်ရွက်မှုများကြောင့် ပြင်းထန်သော ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းကို အားပေးရန်၊ စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စီးပွားဖြစ် အသုံးချပါက ရရှိလာသည့် အကျိုးအမြတ်များကို ခွဲဝေပေးရန်၊ ဖြစ်သည်။ ထိုစံသတ်မှတ်ချက်သည် ဥပဒေအရ ကာကွယ်ထားသည် ဖြစ်စေ၊

မမြင်ရသော အမွေအနှစ်များဟု ဆိုလျှင် များသောအားဖြင့် စီမံကိန်းတင်သွင်းသူက အမွေအနှစ်ကို စီးပွားဖြစ်အသုံးချမည့် အခါများတွင် အသုံးများသည်။ IFC လုပ်ငန်းဆောင်ရွက်ချက် စံသတ်မှတ်ချက်ကို ၂၀၁၁ တွင်ပြန်လည်မွမ်းမံခဲ့သည်။ ၂၀၁၂ မှ စပြီး အကျုံးဝင်မည့် ပုံစံအသစ်တွင် စီမံကိန်း အနေနှင့် ဌာနေတိုင်းရင်းများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ပေါ်တွင် ထူးခြားထင်ရှားသည့် သက်ရောက်မှုများ ရှိမည်ဆိုပါက စီမံကိန်းမစတင်မီ ရပ်ရွာက လွတ်လပ်သော ဆန္ဒ၊ ပြည့်စုံလုံလောက်သော သတင်းအချက်အလက်ပေါ် အခြေပြုကာ ပေးအပ်သည့်သဘောတူညီချက် FPIC ကို ရရှိရန် လိုသည်။ (ဇယားကွက်-၄၀ ကိုကြည့်ပါ)

**၄၁။ ICMM ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးမူဘောင်**

**စည်းမျဉ်းအမှတ် (၃) – ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်မည့်သူများ၊ ဝန်ထမ်းများ၊ အခြားအခြားသောသူများနှင့် ဆက်ဆံမှုများပြုလုပ်ရာတွင် အခြေခံ လူ့အခွင့်အရေးကို ကိုင်စွဲလျက် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ၎င်းတို့တန်ဖိုးထားသည့်အရာများကို လေးစားရမည်။**

- လုံခြုံရေးကဏ္ဍတာဝန်ယူထားသည့် ဝန်ထမ်းများ အပါအဝင် ဝန်ထမ်းအားလုံးကို သင့်တော်သည့် ယဉ်ကျေးမှုဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ လမ်းညွှန်ချက်များကို ပေးထားရမည်။
- ရပ်ရွာကို ထိခိုက်မည့်အရာများ အဖြစ်မနေ ဆောင်ရွက်ရမည်ဆိုပါက ထိခိုက်နစ်နာမှုအတွက် လျော်ကြေးကို သင့်တင့်မျှတကျေနပ်အောင်ပေးပါ။ ဆန္ဒမပါပဲလျက် အတင်းပြောင်းရွှေ့ခိုင်းခြင်းမျိုးကို နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်ပါ။
- ဌာနေတိုင်းရင်းသားများအပါအဝင် ဒေသခံ များ၏ ယဉ်ကျေးမှုနှင့် အမွေအနှစ်ကို လေးစားပါ။

**စည်းမျဉ်းအမှတ် (၄) – ရနိုင်သမျှသော သတင်းအချက်အလက်၊ သိပ္ပံနည်းကျ စူးစမ်းထားချက်များအပေါ်အခြေခံကာ ပေါ်ပေါက်လာနိုင်သည့် ဘေးဆိုးများကို စီမံမည့် နည်းဗျူဟာများ ဖော်ထုတ်ပါ။**

- ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်နွယ်ကာ ပေါ်ပေါက်လာသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်အရေး၊ လုံခြုံဘေးကင်းရေး၊ ကျန်းမာရေးများနှင့် ပတ်သက်ပြီး ဆန်းစစ်ချက်ပြုလုပ်ခြင်း၊ စုံစမ်းဖော်ထုတ်အတည်ပြုခြင်း၊ စီမံခန့်ခွဲခြင်းတို့ပြုလုပ်ရာတွင် ထိခိုက်ခံရမည့်သူများ၊ အကျိုးစီးပွားဆက်နွယ်နေသူများနှင့် ဆွေးနွေးအကြံယူပါ။
- မိုင်းလုပ်ငန်း၊ အသုံးပြုသည့် ပစ္စည်း၊ သတ္တုချက်လုပ် လုပ်ငန်းစဉ်များကြောင့် ထိခိုက်လာနိုင်သည်များကို ကြိုတင်အကြောင်းကြားပါ။ ပေါ်ပေါက်လာနိုင်သော ဘေးအန္တရာယ်ဆိုးများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် စီမံထားသည့် အစီအစဉ်များကို အကြောင်းကြားပါ။

စက်မှုလုပ်ငန်းနှင့်ဆိုင်သည့် နိုင်ငံတကာ အခြေခံသတ်မှတ်ချက်များ

စက်မှုလုပ်ငန်းနှင့်ဆက်နွယ်နေသည့် အခြေခံသတ်မှတ်ချက်များသည် စက်မှုလုပ်ငန်းများအတွက် စီးပွားရေးကို ဖောင်းပေးသည့် လမ်းညွှန်ချက်များ ဖော်ထုတ်ပေးသည့် အချက်ဖြစ်သည်။ စီမံခန့်ခွဲမှုစနစ်၊ လုပ်ငန်းလက်တွေ့ အကောင်အထည်ဖော်သည့်အခါများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေး တာဝန်ကျေပွန်မှု များရှိနေစေရန် တိုက်တွန်းသည်။ ထိုအခြေခံ သတ်မှတ်ချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို သင့်တော်သည့်နည်းဖြင့် မှန်မှန်ကန်ကန် ထိန်းသိမ်းရန်အတွက်သာ လမ်းညွှန်သည် မဟုတ်ပဲ လိုက်နာခြင်းမရှိသူအဖို့ ဂုဏ်သိက္ခာကျဆင်းခြင်း၊ ဥပဒေအရ အရေးယူခံရခြင်းတို့ရှိနိုင်သည်။

**မိုင်းလုပ်ငန်းနှင့် သတ္တုလုပ်ငန်းများ၏ နိုင်ငံတကာကောင်စီ ICMM ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေး မူဘောင်**

ICMM ၏ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်တွင် အဓိက အပိုင်း (၃) ပိုင်းဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ အခြေခံစည်းမျဉ်း(၁၀) ချက် (လိုက်နာရမည့်စာတမ်း) ပြည်သူလူထုကို သတင်းထုတ်ပြန်သည့်လုပ်ငန်းစဉ်၊ ပြင်ပမှ လွတ်လပ်သော အဖွဲ့များက ဝင်ရောက် စစ်ဆေးခြင်း လုပ်ငန်းစဉ်များကို မိုင်းနှင့် သတ္တုလုပ်ငန်းကုမ္ပဏီများအတွက် ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ အကြောင်းအရာများနှင့် ဖြေရှင်းရန် သတ်မှတ်ထားပေးခြင်း ဖြစ်သည်။ အခြေခံသတ်မှတ်ချက် (၁၀) ချက်ကို နှစ်နှစ် အချိန်ယူကာ သက်ဆိုင်သူများဆီမှ အကြံယူပြီး မိုင်းနှင့် သတ္တုလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် ပြဿနာများကို ဖော်ထုတ်ထားသည့် မိုင်း၊ သတ္တုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပေါ်တွင် အခြေပြုရေးဆွဲထားခြင်း ဖြစ်သည်။ စည်းမျဉ်း(၃) နှင့် (၄) မှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် တိုက်ရိုက်သက်ဆိုင်သည်။

**အိုင်ကွေတာ အခြေခံစည်းမျဉ်းများ**

အီကွေတာ အခြေခံစည်းမျဉ်းများသည် IFC ၏လုပ်ငန်းဆောင်ရွက်မှု စံသတ်မှတ်ချက်များပေါ်တွင် အခြေခံကာ ရေးဆွဲထားခြင်းဖြစ်သည်။ ထိုအခြေခံ သတ်မှတ်ချက်များအရ ငွေချေးပေးသည့် ငွေကြေးအဖွဲ့အစည်းများ အနေနှင့် မိမိချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများသည် လူမှုရေးအရ၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်အရ တာဝန်ကျေမှု ရှိသလားကို ဆန်းစစ်ရမည် ဖြစ်သည်။ စီမံကိန်းတိုင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အတွက် စံသတ်မှတ်ချက်များကို ဖော်ထုတ်ရမည်။ အီကွေတာ အခြေခံစည်းမျဉ်းအရ စီမံကိန်းများသည် ဖြစ်နိုင်သမျှ အဆိုးသက်ရောက်မှုများကို ရှောင်ရှားရမည်။ မဖြစ်နိုင်ပါက လျော့ပါးအောင်၊ လျော့နည်းသွားလေအောင် ဆောင်ရွက်ရမည်။ သင့်တော်သည့် လျော်ကြေးငွေပေးရမည်။ အခြေခံစည်းမျဉ်းတွင် ဆွေးနွေးအကြံယူခြင်း၊ ရပ်ရွာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မကျေနပ်မှုများကို ပြန်လည်ဖြေရှင်းပေးခြင်းကို ရှင်းလင်း အသိအမှတ်ပြု ဖော်ပြထားသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို အရှည်သဖြင့် ထိန်းသိမ်းပေးရာလည်း ရောက်သည်။

# ၄ ကိုးကား

- အတိုကောက်စကားလုံးစာရင်း
- ဝေါဟာရစာရင်း
- ရီယိုတင်တို မူဝါဒ၊ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်များ
- အဓိက ကြည့်ရမည့် ဝက်ဘ်ဆိုက်များ
- ကိုးကားစာရွက်စာတမ်းများ

# အတိုကောက်စကားလုံးစာရင်း

4WD - လေးဘီးယက် ကား

CHM - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း Cultural Heritage Management

CHMP - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲမှု အစီအစဉ် Cultural Heritage Management Plan

CHMS - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲမှု စနစ် Cultural Heritage Management System

CHZP - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ဇုန်ချမှတ်ခြင်း အစီအစဉ် Cultural Heritage Zone Plan, used by Rio Tinto Coal Australia

EMAB - ဒိုင်ယာဗစ် စိန်တွင်းမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့် ခြင်း အကြံပေးဘုတ်အဖွဲ့ Environmental Monitoring Advisory Board from the Diavik Diamond Mine

EMS - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံမှုစနစ် Environmental Management System

GDP - မြေတူးယူအသုံးချမှုကြောင့် ပျက်ဆီးစေမှု ပါမစ် စနစ် Ground Disturbance Permit System

GIS - ပထဝီအနေအထား အချက်အလက်ပြ စနစ် Geographic Information Systems (ပထဝီအနေအထားများကို ထိန်းသိမ်းရန် အသစ်ထည့်ပေါင်း မွမ်းမံရန်၊ မြေပုံထုတ်ရန်၊ ပထဝီဆိုင်ရာ အချက်အလက် ပိုင်းဖြတ်ရန်အတွက် အသုံးပြုသည့် ပထဝီဆိုင်ရာ အချက်အလက်များ သိမ်းဆည်းရန်၊ ပြန်လည်ရယူရန်၊ မြေပုံထုတ်ရန်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် အသုံးပြုသည့်စနစ်

GPS - နေရာပြစနစ် Geographic Positioning System (ဂြိုလ်တု အဓိကထား အသုံးပြုသည့် လမ်းညွှန်ပြသည့်စနစ်။ လတ္တီကျု၊ လောင်ဂျီကျု နေရာများ အတိအကျပြနိုင်ရန်အတွက် အသုံးပြုသည်။ )

GRI - ကမ္ဘာ့လုံးဆိုင်ရာ သတင်းအချက်အလက်ပေးပို့မှု ဆောင်ရွက်ချက် Global Reporting Initiative

ICAHM - နိုင်ငံတကာ ရှေးဟောင်းသုတေသန အမွေအနှစ်များ စီမံခန့်ခွဲမှု ကော်မတီ International Committee on Archaeological Heritage Management

ICMM - နိုင်ငံတကာ မိုင်းနှင့် သတ္တုလုပ်ငန်းကော်မတီ International Council on Mining and Metals

ICOMOS - နိုင်ငံတကာ အမှတ်တရ အဆောက်အဦများ၊ နေရာများ ကောင်စီ International Council on Monuments and Sites

IFC - နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း International Finance Corporation

ILUA - ဌာနေတိုင်းရင်းသားတို့ပိုင်မြေ အသုံးပြုခွင့် သဘောတူညီချက် Indigenous Land Use Agreement (Australia)

ISO - နိုင်ငံတကာအရည်အသွေး သတ်မှတ်ရေးအဖွဲ့ International Organisation for Standardisation

KUC - Kennecott Utah Copper

MDGs - ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ Millennium Development Goals (ကုလသမဂ္ဂမှ ရေးဆွဲသည်)

MYP - နှစ်ရှည် ရပ်ရွာအကျိုးပြု အစီအစဉ် Communities Multi Year Plan

OT - အိုယု တန်ဂိုင်းလ်၊ မွန်ဂိုးလီးယား တောင်ပိုင်းမှ ဖက်စပ်မိုင်းလုပ်ငန်း Oyu Tolgoi, Rio Tinto joint venture mine development project located in Southern Mongolia

PKC - စိန်ပါသည့် မြေနေရာ Processed Kimberlite Containment Area

RBM - Richard Bay Minerals

SEART - ရီယိုတင်တို၏ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ခံမှုကို သတင်းပေးပို့သည့် စနစ် Rio Tinto's Social and Environmental Accountability Reporting Tool

SIA - လူမှုဘဝ ထိခိုက်သက်ရောက်မှု စစ်တမ်း Social Impact Assessment

SMA - ရပ်ရွာအကျိုးပြု လုပ်ငန်းများ ဆန်းစစ်မှု Communities Site Managed Assessment

SMART - တိကျ၊ တိုင်းတာနိုင်၊ လက်လှမ်းမီ၊ ရလဒ်အခြေပြု၊ အချိန်လေးစား Specific, Measurable, Attainable, Results-focused, Time-oriented

SOPs - လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံသတ်မှတ်ချက်များ Standard Operating Procedures

SRA - လူမှုဘေးဆိုးများ ဆန်းစစ်ချက် Social Risk Assessment

UN - ကုလသမဂ္ဂ United Nations

UNESCO - ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း United Nations Educational, Scientific and Cultural Organization

UWA - University of Western Australia

# ဝေါဟာရအရှင်း

အဘော်ရီဂျင်အုပ်စုများ - aboriginal gropus ဥပဒေအရ၊ ဥပဒေကြောင်းအရ၊အသိအမှတ်ပြုခံထားရသည့် အဘော်ရီဂျင် အုပ်စုနှင့် ကိုယ်စား ပြုသူများဖြစ်ပြီး ရီယိုတင်တို လုပ်ငန်းလည်ပတ်မှု၊ ဆုံးဖြတ်ချက်၊ ဆောင်ရွက်မှုများကြောင့် တစုံတရာထိခိုက်နေသူများ

အနုပညာတန်ဖိုး - aesthetic value ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်၏ ပုံစံ၊ အရွယ်အစား၊ အရောင်အသွေးဆင်ယင်မှု၊ ပါဝင်သည့် ပစ္စည်းများနှင့် အခြားအရာများ အစရှိသဖြင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တန်ဖိုးကို ဖြစ်ပေါ်စေသည့် အာရုံခံစား သိမြင်မှုဆိုင်ရာ ရှုထောင့်များ

သဘောတူညီချက် - agreement ဥပဒေအရလိုက်နာရမည့် သဘောတူညီချက်၊ ရီယိုတင်တိုနှင့် ရပ်ရွာအကြား စာရွက်စာတမ်းဖြင့် ချုပ်ဆိုထားခြင်းဖြစ်ပြီး စာချုပ်အရ ဆောင်ရွက်မည့်ကိစ္စများကို ကျေပွန်စွာ လုပ်ဆောင်ရမည်ဖြစ်သည်။

မနုဿဗေဒ ပညာရှင် - anthropologist လူမျိုးစုဆိုင်ရာ၊ မနုဿဗေဒ ဆိုင်ရာ ဆန်းစစ်မှုများပြုလုပ်နိုင်သူ၊ တွေ့ရှိချက်များကို ဆန်းစစ်နိုင်ကာ စီမံခန့်ခွဲမှု အတွက် အကြံပေးနိုင်သည့် သင့်တင်သော အတွေ့အကြုံနှင့် အရည်အသွေးရှိသူ

ရှေးဟောင်းသုတေသန နေရာ - archaeological site ယခင်ကနေထိုင်ခဲ့သည့် လူသားတို့ ခြေရာလက်ရာများ တွေ့နိုင်သည့်နေရာ၊ ဥပဒေအရ ပို၍တိကျစွာဖွင့်ဆိုထားတတ်ကြသည်။

ရှေးဟောင်းသုတေသနပညာရှင် - archeologist ရှေးဟောင်းသုတေသနဆိုင်ရာ ဆန်းစစ်မှုများ ပြုလုပ်နိုင်သူ၊ တွေ့ရှိချက်များကို အသုံးချလျက် ရှေ့ဆက်စီမံမှုများအတွက် အကြံပေးနိုင်သော သင့်တင့်သည့် အတွေ့အကြုံနှင့် အရည်အသွေးရှိသူ

စာရင်းစစ် - audit ကြိုတင်သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များကို ကိုင်စွဲလျက် စီးပွားရေးလုပ်ငန်းတစ်ခု၏ စနစ်၊ အလေ့အထ၊ လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျ၊ စာရွက်စာတမ်းနှင့် အချိန်အတိုင်းအတာတခုအတွင်း ဓမ္မဒိဋ္ဌာန်ကျကျ ဆန်းစစ်လေ့လာ တန်ဖိုးဖြတ်ပေးသူ။ သတ်မှတ်ထားသည့် အချိန်စာရင်းနှင့် သဘောတူညီထားသည့် စည်းမျဉ်းစည်းကမ်းများ အရဝင်ရောက်လုပ်ကိုင်ပြီး စစ်ဆေးမေးမြန်းခြင်း၊ အင်တာဗျူးခြင်း နှင့် စာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်းတို့ကို ပြုလုပ်သည်။

စစ်မှန်ခိုင်မာမှု - authenticity မူလဘူထအရာတစ်ခု၏ အကြွင်းအကျန်ဟုတ်မဟုတ် ဆန်းစစ်ခြင်းဖြစ်သည်။ စစ်မှန်ခိုင်မာမှုကို ပိုင်းဖြတ်ရန်အတွက် သတင်းအချက်အလက်များစွာလိုသည်။ ပုံစံ၊ ဒီဇိုင်း၊ ပါဝင်သည့် ပစ္စည်းများ၊ ပြုလုပ်ထားသည်အရာများ၊ အသုံးချပုံနှင့် အသုံးဝင်ပုံ၊ ရိုးရာ နှင့် နည်းပညာ၊ နေရာအနေထား နေရာချထားသည့်နေရာ၊ ခံစားချက်၊ ဝိညာဉ်ဆိုင်ရာ ဆက်နွယ်မှုများ နှင့် အခြား အတွင်းအပြင် အကြောင်းခြင်းရာများစွာကို လေ့လာပြီးမှ ဆုံးဖြတ်ရသည်။

စီးပွားရေးဌာန - business unit ယခုလမ်းညွှန်စာအုပ်တွင် ရီယိုတင်တို စီးပွားရေးဌာနသည် လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်သည့်ဌာနတစ်ခု ဖြစ်ပြီး၊ ရီယိုတင်တိုက စီမံသည့် ၄င်းဌာနနှင့်သက်ဆိုင်သည့်အရာများ၊

စီးပွားရေးရှုထောင့် – business case လုပ်ငန်းမစတင်မီ အကျိုးအမြတ်၊ ကုန်ကျမှုနှင့် အခြားရွေးခြယ်မှုများ၏ ပေါ်ပေါက် လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင် တွက်ချက်၍ လုပ်ငန်းစသင့်၊ မသင့် အကျိုးအမြတ် ခိုင်လုံစေရန် ဆောင်ရွက်သည်။

စွမ်းရည်မြှင့်တင်ပေးခြင်း - capacity building ရပ်ရွာသားများအနေနှင့် ၄င်းတို့ရင်းမြစ်များစီမံခန့်ခွဲနိုင်ရန်၊ သက်မွေးမှုကို ကောင်းမွန်စွာ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးချင်းသော်လည်းကောင်း၊ ရပ်ရွာအလိုက်သော်လည်းကောင်း စွမ်းဆောင်ရည်များ လုပ်ရည်ကိုင်ရည်များ ပိုမို ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်း

အတိတ်မှ အမှတ်တရ - collective memory လူ့ဘောင်တစ်ရပ် (သို့မဟုတ်) လူမှုအုပ်စုတခုသည် ၄င်းတို့ အတိတ်သမိုင်းကို ပြန်လည် တမ်းတ၊ အမှတ်ရ၊ ကိုယ်စားပြုခြင်း

နှစ်ရှည်ရပ်ရွာအကျိုးပြုလုပ်ငန်း အစီအစဉ် - Communities mulit year planning စီမံကိန်း (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှု အတွင်း သတ်မှတ်ထားသည့် နှစ်များအတိုင်း မဖြစ်မနေလုပ်ဆောင်ရမည့် ရပ်ရွာအကျိုးပြုလုပ်ငန်းများ အစီအစဉ်ရေးဆွဲခြင်းဖြစ်သည်။ နှစ်ရှည်ဟု သုံးရခြင်းမှာ တစ်နှစ်တည်းဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပဲ မဖြစ်မနေ လုပ်ဆောင်ရမည့် စီမံကိန်းသက်တမ်းတလျောက် ပုံမှန်အားဖြင့် ၃ နှစ်မှ ၅ နှစ် ကြာလေ့ရှိသည်။

ရပ်ရွာအကျိုးပြု လုပ်ငန်းဆန်းစစ်ချက် - Communities site managed assessment ( Communities SMA ) ရီယိုတင်တို ရပ်ရွာ အကျိုးပြုလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ညီ/မညီ မဖြစ်မနေဆန်းစစ်သည့် လုပ်ငန်း

Communities / communities – C အကြီးနှင့် ရေးသားထားပါက ရီယိုတင်တိုလုပ်ငန်း(သို့မဟုတ်) ရပ်ရွာလုပ်ငန်း ကျွမ်းကျင်သူကို ဆိုလိုခြင်းဖြစ်သည်။ c အသေးနှင့်ရေးပါက စီမံကိန်းနေရာတစ်ဝိုက်၊ စီမံကိန်းဆိုးကျိုးများကို ခံစားရမည့်နေရာများတွင်နေထိုင်သူ၊ ထိုနေရာများကိုပိုင်ဆိုင်သူများ၊ တန်ဖိုးထား လေးစားရသည့် အရာများ ဆုံးရှုံးရတော့မည့်သူများ စုစည်းနေထိုင် အပြန်အလှန် ဆက်ဆံကြသည်ကို ဆိုလိုသည်။ ရပ်ရွာဆိုသည်နှင့် လူမျိုးတစ်မျိုးတည်းနေသည့်အရာကို မဆိုလိုပါ လူမျိုးပေါင်းစုံပါဝင်သည် လည်းရှိနိုင်သည်။

လျော်ကြေး - Compensation - စီမံကိန်းကြောင့် မတော်တဆသော်လည်းကောင်း၊ ရည်ရွယ်၍သော်လည်းကောင်း ရပ်ရွာတစ်ဦးချင်းပိုင်၊ ဘုံပိုင် ပစ္စည်းများ၊ မြေ၊ ရေ၊ အခြားအရေးကြီး သဘာဝသယံဇာတများ၊ သက်မွေးမှုလုပ်ငန်းများ ပျက်ဆီးသွားခြင်း၊ ထိခိုက်သွားခြင်း ယခင်ကကဲ့သို့ အသုံးပြု၍မရတော့ခြင်း ကိုဖော်ထုတ်ကာ နစ်နာကြေးသဘောတူ ငွေကြေးအစားထိုးပေးအပ်ခြင်းကို ဆိုလိုသည်။ အကျယ်ကို ရီယိုတင်တို လျော်ကြေးငွေပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်တွင် ကြည့်ပါ။

စောဒက - Compliant - ကန်ထရိုက်တာ အပြုအမူ၊ ဝန်ထမ်းများအပြုအမူ၊ စီမံကိန်း ဆောင်ရွက်ချက်တို့ကြောင့် ပေါ်ပေါက်လာသည့် စော်ကားမှု၊ ထိခိုက်မှု၊ ပျက်ပြားမှု အမျိုးမျိုးတို့အတွက် ရပ်ရွာသားများ၊ အုပ်စုတစု (သို့မဟုတ်) အင်စတီကျူးရှင်းတစ်ခုက ပေးပို့သည့် သတိပေး အကြောင်းကြားချက်။

ထိန်းသိမ်းခြင်း - Conservation - ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုအတွက် နေရာတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ ပြုပြင်ထိန်းသိမ်းခြင်းပါဝင်ပြီး အခြေအနေလိုက်ကာ ထိန်းသိမ်းခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ လိုက်လျောညီထွေ ဖြစ်အောင်ပြောင်းလဲခြင်း တို့လည်း ပါဝင်တတ်သည်။ များသောအားဖြင့် နည်းပေါင်းစုံကို ပေါင်းစပ် အသုံးချလေ့ရှိသည်။

ဆွေးနွေးအကြံယူခြင်း - Consultation လုပ်ငန်းစဉ် (သို့မဟုတ်) လှုပ်ရှားမှုတစ်ခု၊ လက်တွေ့ဆောင်ရွက်မည့်အရာ နှင့် ခွင့်ပြုချက်တင်ထားသည့် စီမံကိန်းများအတွက် သတင်းအချက်အလက်ကို ကြိုတင်ပေးထားပြီး အကြံပေးချက်များ၊ တုန့်ပြန်မှုများကို ရယူခြင်း။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် - Cultural heritage - အချို့သော သမိုင်းဆိုင်ရာ အဖွဲ့အစည်းများ (သို့မဟုတ်) ရှိးရာ အဖွဲ့အစည်းများက လက်ဆင့်ကမ်းလာသည့် ရပ်ရွာတခု၏ စုပေါင်းလူမှုဆိုင်ရာ ဖြစ်တည်မှုကြီးဖြစ်သည်။ ရုံဖန်ရုံခါတွင် အလုံးအထည်အလိုက် အဆောက်အဦး၊ စက်မှုလုပ်ငန်း၊ နည်းပညာ၊ မြေယာအခင်းအကျင်း၊ အသုံးအဆောင်များဖြစ်တတ်ပြီး ရုံဖန်ရုံခါတွင် မမြင်ရသော အကောင်အထည်မဲ့ ဘာသာစကား၊ တေးဂီတ၊ အကအလှ၊ ဓလေ့ထုံးစံများ၊ အနုပညာများ ပါဝင်တတ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာ - Cultural Heritage Feature – အတိတ်၊ လက်ရှိ ၊ အနာဂတ်မျိုးဆက်များအတွက် သမိုင်းဝင်၊ ယဉ်ကျေးမှုဆိုင်ရာ၊ ယုံကြည်ကိုးကွယ်မှုပိုင်းဆိုင်ရာ၊ အနုသုခုမဆိုင်ရာ၊ သိပ္ပံတန်ဖိုး၊ သုတေသနတန်ဖိုးများ ကိန်းအောင်းနေသည့် နေရာ (သို့မဟုတ်) အရာဝတ္ထုတစ်ခုကိုဆိုလိုခြင်းဖြစ်သည်။ ရှိးရာအစဉ်အလာ ထိန်းသိမ်းသူများအတွက် အထူးအမြတ်ထားရာ နေရာများဖြစ်သော ဘိုးဘွားများ သင်္ချိုလ်ရာနေရာများ၊ ကပြဖျော်ဖြေရာ နေရာများ၊ ကျောက်ထွင်းအနုပညာ၊ ရေစမ်းပေါက်၊ တောင်ကုန်းနှင့် အခြား ဒဏ္ဍာရီလာ (သို့မဟုတ်) သမိုင်း အဖြစ်အပျက်များ ရှိခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ ဖြစ်တည်မှုများပါဝင်သည်။ နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ ရွာအဆင့် မတူညီသည့် အဆင့်များအလိုက် အဖိုးတန်သည့် ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ သမိုင်း၊ ရုပ်ကြွင်းသုတေသန၊ စက်မှုလုပ်ငန်းဆိုင်ရာ အကြွင်းအကျန်များ ရှေးဟောင်းသုတေသန အကြွင်းအကျန်များ နေရာများ အဆောက်အဦးများ ပါဝင်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း - Cultural Heritage Management - စီမံကိန်းကြောင့် ထိခိုက်မည့် အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာများကို မပျောက်ပျက်ရလေအောင် ဌာနေတိုင်းရင်းသားများ၊ ရပ်ရွာသားများ၊ ပညာရှင်များ၊ နည်းပညာနှင့် ပူးပေါင်းကာ အုပ်ချုပ်စီမံရသည့် ပွဲတွေ့နည်းများအပေါ်တွင် အခြေခံထားသည့် အများလက်ခံသည့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းခြင်းဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း အစီအစဉ် - Cultural Heritage Management Plan - ဓလေ့တစ်ခု၊ အရာဝတ္ထုတစ်ခု၊ နေရာတစ်ခု၊ သီးသန့်နယ်မြေတစ်ခုကို ထိန်းသိမ်းရန်အတွက် လိုအပ်သည့် စီမံခန့်ခွဲမှုများကို ပေါ်ပေါက်စေသည့် အစီအစဉ်ဖြစ်သည်။ CHMP သည် CHMS တွင်ပါဝင်သည့်အရာဖြစ်ပြီး ရုံဖန်ရုံခါတွင် ဥပဒေအရ စာရွက်စာတမ်းနှင့်လုပ်ရမည်ဟု သတ်မှတ်ထားချက်များ ရှိသည်။

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲမှု စနစ် - Cultural Heritage Management System - ရီယိုတင်တို ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း လမ်းညွှန်ချက်တွင် ပြဋ္ဌာန်းထားချက်များ လိုက်နာကျင့်သုံးမှုကို သေချာစေသည့် စနစ်တစ်ခု။

ယဉ်ကျေးမှုဆိုင်ရာ မြေယာရှုခင်း - Cultural Lansacpe - သဘာဝနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဩဇာများရှိနေသောကြောင့် အရေးကြီးသည်ဟု သတ်မှတ်ထားသည့် လူသားတို့ပြင်ဆင်ထားသည့် မြေယာရှုခင်း။ ၁၉၉၂ ကမ္ဘာ့အမွေအနှစ် စာချုပ်တွင် ယင်းကဲ့သို့သော နေရာများကို ထိန်းသိမ်းရန်အတွက် ပြင်ဆင်ထည့်သွင်းခဲ့သည်။

ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု - Cultural Significance - အတိတ်၊ လက်ရှိ၊ အနာဂတ် မျိုးဆက်များအတွက် အနုပညာတန်ဖိုး၊ သမိုင်းတန်ဖိုး၊ သိပ္ပံတန်ဖိုး၊ လူမှုရေးတန်ဖိုးများရှိနေခြင်းကိုဆိုလိုသည်။ အမွေအနှစ်လက္ခဏာကို တန်ဖိုးဖြတ်သည့် လုပ်ငန်းစဉ်ကို ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုဆန်းစစ်ချက်ဟု ဆိုသည်။

လူ့အခွင့်အရေး - Human Right -ကုလသမဂ္ဂ အထွေထွေညီလာခံမှ ၁၉၄၈ တွင် ချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများတွင် ပြဌာန်းထားသည့်အတိုင်း လူသားအားလုံး ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ

စုပေါင်းသက်ရောက်မှု - Cumulative Impact - အတိတ်နှင့် လက်ရှိ မှဆောင်ရွက်ထားသည့် စီမံကိန်းများ၏ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများသည် အနာဂတ်တွင်ဆောင်ရွက်မည့် စီမံကိန်းများ၏ သက်ရောက်မှုများနှင့် ပေါင်းမိခြင်း၊ အပြန်အလှန်ဆက်စပ်မိခြင်းတို့ကြောင့် စီစဉ်စဉ်းစားဆဲ စီမံကိန်းများအပေါ် လူမှုရေး ယဉ်ကျေးမှု သဘာဝပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုများကို ရှုပ်ထွေးပေါ်ပေါက်စေခြင်းဖြစ်သည်။

ရိုးရာ-လေ့ဥပဒေ - customary law - အများလက်ခံသည့် ရိုးရာစည်းကမ်းများ (သို့မဟုတ်) -လေ့များသည် လူတို့မှ လိုက်လိုက်လဲ့လဲ့ လက်ခံကာ ရပ်ရွာအတွင်း၊ သက်မွေးဝမ်းကျောင်းမှုအတွင်း၊ ကုန်သွယ်ခြင်း တို့တွင် လိုက်နာရမည့် ဝတ္တရားတစ်ခုသဖွယ်ကျင့်သုံးကြသည်များကို ဆိုလိုသည်။

မကျေမလည်ဖြစ်မှု - အခြားအဖွဲ့တဖွဲ့ (သို့မဟုတ်) ပါတီတစ်ခုက လက်မခံနိုင်သည့် စောဒကများသည် အရှိန်တက်လာပြီး နှစ်ဖက် အသိုင်းအဝိုင်းကြား သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာခြင်းကို ဆိုလိုသည်။
ချိတ်ဆက်ဆောင်ရွက်မှု - engagement - ဆွေးနွေးအကြံယူခြင်းပြီးနောက်တွင် ဆောင်ရွက်ရမည့်အရာဖြစ်သည်။ သတင်းအချက်အလက်များကို ပိုမိုတက်ကြွစွာ ဖလှယ်ခြင်း၊ ပူပန်မှုများ နှင့် အကြံပေးချက်များကို လေးလေးစားစားနားထောင်ပေးခြင်း၊ နှစ်ဦးနှစ်ဖက် သဘောတူဖြေရှင်းနိုင်ရန်အတွက် တက်ကြွစွာ စဉ်းစားပေးခြင်းဖြစ်သည်။ စီမံကိန်း အဝန်းအဝိုင်းနှင့် ဒီဇိုင်းကို ပြောင်းပေးရန် စဉ်းစားခြင်းအထိပါဝင်သည်။

မျိုးနွယ်စုဗေဒ - Ethnography - လူသားအုပ်စုများ ( စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ) များအကြောင်းကို သိပ္ပံနည်းကျ ဖွင့်ဆိုခြင်းမနုသဗေဒ၏ အခြေခံနည်းအဖြစ် လူသားအုပ်စုများကို နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။

ဂျန်ဒါ - Gender - လိင်ကွဲပြားမှုအပေါ် လူမှုရေး အရလက်ခံထားသည့် ခွဲခြားချက်ဖြစ်သည်။ ( ကျား/ မ ) အခြေအနေပေါ်တွင်မူတည်က ကျား/မ ခွဲခြားခြင်းမှသည် လူမှုရေး အခန်းကဏ္ဍများတွင် ကျားမကွဲပြားမှုကိုလိုက်ကာ ခွဲခြားဆက်ဆံခြင်းများ ရှိနိုင်သည်။

အမွေအနှစ်စာရင်း - Heritage register - အမွေအနှစ်တန်ဖိုးရှိသည့် ဓလေ့များ၊ နေရာများ၊ အရာဝတ္ထုများကို တရားဝင် စနစ်တကျစာရင်းသွင်းထားခြင်း။ (ဥပမာ - ကမ္ဘာ့အမွေအနှစ် စာရင်း)

သမိုင်းတန်ဖိုး - Historic value - သမိုင်းအထင်ကရပုဂ္ဂိုလ်၊ အဖြစ်အပျက်၊ အချိန်ကာလ(သို့) လုပ်ဆောင်မှုတစ်ခုခု၏ လွှမ်းမိုး သက်ရောက်မှုကြောင့်(သို့) သမိုင်းတွင်စေသည့် ဤအရာများကို လွှမ်းမိုးမှုရှိသောကြောင့် ရရှိလာသော ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုး

အဖြစ်အပျက် - Incident - ရပ်ရွာတခုလုံး (သို့မဟုတ်) ရပ်ရွာသားများကို သက်ရောက်စေသည့် အဖြစ်အပျက် အများအားဖြင့် အဖြစ်ဆိုးကိုညွှန်းလေ့ရှိသည်။ ရီယိုတင်တို လူမှုရေးဘေးဆိုးများ ဆန်းစစ်မှု လမ်းညွှန်ချက်တွင် လူစုလူဝေးအလိုက်ခံစားရသော ပြင်းထန်သည့် ဘေးဆိုးများ ( အုပ်စုလိုက် သတင်းပို့ခြင်း သတ်မှတ်ချက် အတွက်လိုအပ်သည် ) အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းပြထားသည်။ ရီယိုတင်တို၏ HSEQ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အညီ တစ်ဦးချင်းအဆင့်တွင် ခံစားရသည်များကို သတ်မှတ်ရန်လိုသည်။ အဖြစ်အပျက်ဟောင်းများကို ဖော်ထုတ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကို အန္တရာယ်များ ကာကွယ်ရာတွင် အသုံးပြုနိုင်သည်။

အညွှန်း - Indicator - အပြောင်းအလဲများကို ထင်ရှားအောင်ပြသရန်၊ စွမ်းဆောင်ရည်များ တိုးတက်မှုများကို တိုင်းတာရန်အတွက် ရိုးရှင်း၊ စိတ်ချရသည့်နည်းဖြင့် တိုင်းတာခြင်းဖြစ်သည်။ (အရေအတွက်(သို့)အရည်အသွေး အတိုင်းအတာ)

ဌာနေတိုင်းရင်းသား - Indigenous - သမိုင်းစဉ်ဆက်မပြတ်နေထိုင်ခဲ့သည်ဟု ဆိုသူ၊ အနောက်တိုင်းယဉ်ကျေးမှုနှင့် ဆက်စပ်နေသည့် မြို့ပြယဉ်ကျေးမှုများ မပေါ်ပေါက်မီ မူလဘူတ ထိုနေရာများတွင် နေထိုင်သူများ၊ ရပ်ရွာများ နိုင်ငံများကို ဆိုလိုသည်။ ဌာနေတိုင်းရင်းသား ရပ်ရွာများကို Tribal , Aboriginal , First Nation ဟူ၍ လည်းကောင်း အမှန်ကန်ဆုံးအနေနှင့် ၎င်းတို့ဘာသာစကားဖြင့် ၎င်းတို့ဖာသာ အမည်ပေးထားသည်ကို အသုံးပြုခြင်း ဖြစ်သော်လည်း ကောင်းခေါ်ဆိုနိုင်သည်။ ဌာနေတိုင်းရင်းသားများသည် ပင်မ လူ့အဖွဲ့အစည်းမှ ထူးခြားကွဲထွက်နေသူများဖြစ်ကြပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ယဉ်ကျေးမှုဆိုင်ရာ အချုပ်အာဏာ တို့အတွက် အမြဲတမ်းတိုက်ပွဲ ဝင်နေရသည်။ ဘိုးဘွားပိုင်မြေများ၊ ရေများနှင့် နက်ရှိုင်းစွာ ချိတ်ဆက်နေသဖြင့် ရင်းမြစ်ထုတ်ယူသူများနှင့် ပြဿနာ အကြီးအကျယ်တက်လေ့ရှိသည်။

မမြင်ရသော အမွေအနှစ် - Intangible Heritage - အမှတ်တရ၊ ရိုးရာ၊ ဘာသာစကား၊ ယုံကြည်မှု၊ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့များစသော ရုပ်ဝတ္ထုရုပ်ကဏ်ရည် မြင်တွေ့ထိကိုင်နိုင်ခြင်းမရှိသည့် အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် အရာများ။

လက်ခံနိုင်သည့် အပြောင်းအလဲပမာဏ - Limits of Acceptable Change - ယဉ်ကျေးမှုဆိုင်ရာ နေရာ၊ အရာဝတ္ထု၊ ဓလေ့များ အပြောင်းအလဲ (သို့မဟုတ်) ၎င်းတို့အပေါ် စုပေါင်းသက်ရောက်မည့်အရာများသည် ရပ်ရွာအနေနှင့် ခံနိုင်လောက်သည့် အဆိုးသော်လည်းကောင်း အကျိုးသော်လည်းကောင်း နားလည် လက်ခံနိုင်သည့် ပမာဏ။

အသိပညာဘဏ်တိုက် - Knowledge Base - စဉ်ဆက်မပြတ် တက်ကြွစွာ ပြုလုပ်ထားသည့် သုံးသပ်ချက်များ ပေါ်အခြေပြုစုဆောင်းထားချက်

ပြုပြင်ထိန်းသိမ်းခြင်း - Maintenance - အရာဝတ္ထုတစ်ခုကို စဉ်ဆက်မပြတ်ကာကွယ် ဂရုစိုက်ခြင်း၊ ပါဝင်သည့် အရာများ တည်နေပုံတို့ကို ကာကွယ်ခြင်းဖြစ်ပြီး ပျက်သွားပြီးမှ ပြန်လည်ပြုပြင်ခြင်း မဟုတ်ပါ။

လျော့ပါးအောင်ပြုလုပ်ခြင်း - Mitigation - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များပေါ် အဆိုးသက်ရောက်မှုများကို လျော့ပါးအောင်ပြုလုပ်ခြင်း

သဘာဝပတ်ဝန်းကျင် အမွေအနှစ် - Natural Heritage - လူတို့ပြုပြင်ထားခြင်းမရှိသည့် ဇီဝ၊ ဘူမိ၊ ရုက္ခ၊ သတ္တဝါ၊ မြေယာ သွင်ပြင်လက္ခဏာများ

နှုတ်ပြောသမိုင်း - Oral History - အတိတ်သမိုင်းကို နှုတ်ဖြင့် လက်ဆင့်ကမ်းခြင်း ၊ ရံဖန်ရံခါတွင် နှုတ်ပြောရိုးရာဟု လည်းဆိုတတ်သည်။

ထိန်းသိမ်းခြင်း - Preservation - အရာဝတ္ထုတစ်ခုကို ၄င်းမူလအခြေအနေမပျက် ရလေအောင် ထိန်းသိမ်းခြင်း။ ယင်းနည်းသည်လည်း ပြုပြင်ထိန်းသိမ်းခြင်းနည်းတစ်ခု ဖြစ်သည်။

ပြန်လည်နေရာရွှေ့ပြောင်းခြင်း - Relocation ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်လက္ခဏာတစ်ခုကို အခြားနေရာသို့ ပြန်လည်နေရာချထားခြင်း

ယခင်အခြေအနေအတိုင်း ပြန်လည်ထားရှိခြင်း - Restoration - အသွင်အပြင်၊ လက္ခဏာတစ်ရပ်၏ လက်ရှိ ရှိနေသော အခြေအနေမှ ပိုနေသည်များကို ဖယ်ရှားခြင်းဖြင့် ဤအခြေအနေ မတိုင်မီ ရှိနှင့်သော အရင်အနေအထားသို့ ပြန်သွားခြင်း (သို့) အသစ်ထပ်တိုးခြင်း မပြုဘဲ လက်ရှိ ရှိနေသော အစိတ်အပိုင်းများကို ပြန်လည် စီစဉ်ခြင်း

ရီယိုတင်တို အုပ်စု - Rio Tinto Group - ကမ္ဘာတဝှမ်း ရီယိုတင်တို စီးပွားရေးလုပ်ငန်းစုအားလုံး ကော်ပိုရေးရှင်းအားလုံးကို ဆိုလိုသည်။

အထွဋ်အမြတ်နယ်မြေ - Sacred Sites - ဘာသာရေးအရ (သို့မဟုတ်) ဝိညာဉ်ရေးရာ အတွက် အရေးပါသည့်နေရာ

သိပ္ပံတန်ဖိုး - ပါဝင်သည့် အရေးကြီးအချက်အလက်များ (သို့မဟုတ်) ရှားပါးမှုတို့ကြောင့်၊ အရည်အသွေး၊ ကိုယ်စားပြုမှုတို့မှ တန်ဖိုးသက်ရောက်မှုများရှိသည်။ အမွေအနှစ် လက္ခဏာတစ်ခုသည် အခြားသဲလွန်စများ ပမာဏမည်မျှ ပေးနိုင်သနည်း မှာလည်း တန်ဖိုးဖြတ်ရာတွင် ထည့်သွင်းသည်။ လက္ခဏာတစ်ရပ်မှာ လက်ရှိသုတေသနဆိုင်ရာ မေးခွန်းများကို ၄င်းတို့ထပ်မံ လေ့လာခြင်းဖြင့် ဖော်ထုတ်နိုင်သည်ဟု မျှော်လင့်နိုင်ပါက သိပ္ပံတန်ဖိုးများရှိသည် ဟု ဆိုနိုင်သည်။
ထင်ရှားအရေးပါမှု - Significance - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တစ်ရပ်သည် မည်သည့်ပမာဏအထိ တန်ဖိုးရှိသည်ကို ဆိုလိုသည်။

ထင်ရှားအရေးပါမှု ဆန်းစစ်ချက် - Significance Assessment - (၁) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် တစ်ရပ်ကို အဖိုးတန်သည်ဟု ယူဆစေသည့် အရာ၊ ယင်း၏ အရေးပါထူးခြားပုံအမျိုးအစား။ (၂) လူ့ဘောင်အတွက် တန်ဖိုးမည်မျှရှိသည်ကို တိုင်းတာစစ်ဆေးသည့် ဆန်းစစ်ချက် ဖြစ်သည်။

လူမှုဘဝသက်ရောက်မှု စစ်တမ်း - Social Impact Assessment – SIA - စီမံကိန်း အစီအစဉ်၊ ဒီဇိုင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ရှားမှုအသစ်ပြုလုပ်ခြင်းတို့၏ လူမှုရေးလူမှုဘဝများအပေါ် ထိခိုက်သက်ရောက်မှုများကို စနစ်တကျလေ့လာ၊ သုံးသပ်၊ ပိုင်းဖြတ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး မလုပ်မနေရ လုပ်ရသည့် အရာဖြစ်သည်။ သတ်မှတ်ထားသည့် အခြေအနေပေါ်တွင် မူတည်ကာ SIA ကို တစ်ခုတည်းလုပ်ခြင်း (သို့မဟုတ်) Environmental Impact Assessment သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုစစ်တမ်း၊ လူမှုနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုစစ်တမ်း Environmental and Social Impact Assessment (ESIA) နှင့် အခြားဆင်တူ လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတခုအနေနှင့် လုပ်သည့် အခါလည်းရှိသည်။

လုပ်ငန်းလည်ပတ်ခွင့်ရရန် ရပ်ရွာက သဘောတူခြင်း - Social Licence to Operate - မိုင်းလုပ်ငန်းကို ၄င်းတို့ရပ်ရွာတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရန် ရပ်ရွာက အခွင့်ပေးသည့် မမြင်ရသော၊ တရားဝင်မဟုတ်သော ခွင့်ပြုချက်။ စီမံကိန်းနှင့် ရပ်ရွာအကြား ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးမျိုးဖြင့် ဆိုရှယ်လိုင်စင်ကို ထိန်းသိမ်းသွားရမည်။ စာဖြင့်ရေးသားထားခြင်းမရှိသည့် နားလည်မှုဖြစ်သော်လည်း ရံဖန်ရံခါတွင် ILUAs နှင့် အခြား ရပ်ရွာနှင့် သဘောတူညီချက် ကဲ့သို့သော စာချုပ်စာတမ်း ပုံစံဖြင့်လည်းပြုလုပ်နိုင်သည်။ အချိန်နှင့်အမျှ ပြောင်းလဲသွားနိုင်သည့် ရပ်ရွာနှင့် မိုင်းကုမ္ပဏီ ကြားမှ ဆက်ဆံရေးကို ဖော်ကျူးသည့် အရာ ဖြစ်သည်။

လူမှုရေးရာ ဘေးအန္တရာယ် ကျရောက်နိုင်မှု - Social Risk Analysis - ရိုယိုတင်တို အုပ်စု ဘေးဆိုး တိုင်းတာခြင်း စံသတ်မှတ်ချက်များနှင့်အညီ ဘေးဆိုးများကို တစ်ခုခြင်း သုံးသပ်ခြင်း၊ အခြားပို၍ကျယ်ပြန့်ပြည့်စုံသော နည်းဖြင့် စီးပွားရေးလုပ်ငန်းအပေါ် ကျရောက်နိုင်သော ဘေးအန္တရာယ်များကို ထောင့်စေ့အောင်ဖော်ထုတ်ခြင်း၏ အစိတ်အပိုင်းတစ်ခု အနေနှင့် ဆောင်ရွက်ကြသည်။ အမှန်တကယ်နှင့် အလားအလာရှိသည့် ရပ်ရွာ၊ လူ့ဘောင်နှင့် အပြန်အလှန် ဆက်ဆံရာမှ ပေါ်ထွက်လာနိုင်သည့် စီမံကိန်းအတွက် ဘေးအန္တရာယ်များကို ဖော်ထုတ်၊ ရလဒ်ဆိုးနိုင်သည့် ပမာဏကို သတ်မှတ်ခြင်း ဖြစ်သည်။

လူမှုရေးတန်ဖိုး - Social Value - အမွေအနှစ် နေရာတခု၊ အရာဝတ္ထု၊ ဓလေ့တစ်ခု၏ လူဘောင်အသိုင်းအဝိုင်းတစ်ခုအတွက် အဖိုးတန်မှု။ ရပ်ရွာ၏ တန်ဖိုးနှင့် အထူးနီးကပ်စွာ ဆက်စပ်နေပြီး ကျွမ်းကျင်သူများက အခြားအမွေတန်ဖိုးများနှင့် ခွဲခြားသုံးသပ်ပြသည့် အခါမျိုးတွင်မှ ပိုမိုပေါ်လွင်သည်။

သက်ဆိုင်သူများ - Stakeholder - ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်၊ လုပ်ငန်းစဉ်များကို တစ်ဦးချင်းသော်လည်းကောင်း၊ ရပ်ရွာကိုယ်စားပြု၍သော်လည်းကောင်း စိတ်ဝင်စားမှုရှိသူကို ဆိုလိုသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဆုံးဖြတ်ချက် အပေါ်လွှမ်းမိုးသူ၊ လွှမ်းမိုးနိုင်သူ၊ ထိုဆုံးဖြတ်ချက်များကြောင့် ထိခိုက်မည့်သူများလည်း ပါဝင်သည်။

လက်ခံနိုင်သည့် အပြောင်းအလဲ စံသတ်မှတ်ချက် - Standard of Acceptable Change - လက်ခံနိုင်သည့် ပြောင်းလဲမှု ပမာဏကို ရှု။

ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေး - Sustainable Development - နောင်လာမည့် မျိုးဆက်များ အနေနှင့်လည်း လက်ရှိ လုပ်ကိုင်ထုတ်စားနေသည့် မျိုးဆက်များနည်းတူ ထုတ်စားအကျိုးခံစားနိုင်ရန် အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်၏ ပြန်လည်ဖြည့်စွမ်းနိုင်စွမ်းထက်ကျော်လွန် ထုတ်ယူခြင်းမပြုပဲလျက် ရေရှည် စီးပွားဖြစ်လုပ်ကိုင်နိုင်မည့် နည်းလမ်းကို ရှာဖွေခြင်း ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ရှုထောင့်မှကြည့်မည်ဆိုပါက လက်ရှိမျိုးဆက်နှင့် အနာဂတ်မျိုးဆက်တို့သည် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ၎င်းတို့၏ အမွေအနှစ်များကို မျှဝေခံစားခွင့်၊ ပျော်ရွှင်အသုံးချခွင့် တို့ကို မလျော့ပါးစေပဲ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းခြင်းဖြစ်သည်။

မြင်ရသော အမွေအနှစ် - Tengible Heritatge - ရှုပကဂုဏ်ရည်နှင့် ပြည့်စုံသောအမွေအနှစ် များဖြစ်သော အဆောက်အအုံ၊ အရာဝတ္ထုများကို ဆိုလိုခြင်းဖြစ်သည်။ မမြင်ရသော အမွေအနှစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ရည်မှန်းချက် - Target - ပန်းတိုင်ရောက်ရန်အတွက် ရလဒ်ကိုတိုင်းတာ နိုင်သည့် ဆောင်ရွက်မှု။ ပိုမိုအဓိပ္ပာယ်ပြည့်စုံရန် အတွက် ရည်မှန်းချက် SMART နည်းဖြင့်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး အညွှန်းများနှင့် ပြန်လည်တိုင်းတာရမည်။

အစဉ်အလာပိုင်ရှင်။အစဉ်အလာပိုင်ရှင် အုပ်စု - Traditional owner / Traditional Owner Group - ဩစတြေးလျနိုင်ငံတွင်သာရှိသည်။ မြေအတွက် နေရာတစ်ခုအတွက် အခြေခံ စိတ်ပိုင်းဆိုင်ရာတာဝန်များရှိပြီး၊ နာမ်ဝိညာဉ်အရ ဆက်စပ်လျက် ယင်းနေရာ၊ မြေ နှင့် ဝိညာဉ်ဆိုင်ရာ ဆက်နွယ်မှုပုံစံတူသည့် ဒေသခံ အဘော်ရီဂျင်အုပ်စုကို ဆိုလိုသည်။ ထိုကဲ့သို့ အုပ်စုများသည် အဘော်ရီဂျင်ရိုးရာအရ ထိုမြေတွင် လုပ်ကိုင်စားသောက်ပိုင်ခွင့်ရှိသည်။ ထိုအခေါ်အဝေါ်ကို အဘော်ရီဂျင် မြေယာအခွင့်အရေး ( မြောက်ပိုင်း ) အက် ၁၉၇၆ တွင် အသုံးပြုထားသည်။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ United Nations Millennium Development Goals – MDGs - 2015 အရောက်တွင် ပြည့်မီအောင် ဖော်ဆောင်ရန်အတွက် ၁၉၂ နိုင်ငံက သဘောတူထားသည့် နိုင်ငံတကာဖွံ့ဖြိုးရေး ရည်မှန်းချက် (၈) ခု။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နှင့်အထူး သက်ဆိုင်သည်မှာ ရည်မှန်းချက် အမှတ် (၇) သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းရန် ဖြစ်သည်။

# ရီယိုတင်တို၏ပေါ်လစီများ စံသတ်မှတ်ချက်များလမ်းညွှန်ချက်များ

- ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်ပုံ
- ရပ်ရွာအကျိုးပြုလုပ်ငန်း မူဝါဒ
- ရပ်ရွာအကျိုးပြုလုပ်ငန်းစံသတ်မှတ်ချက်
- ဩစတြေးလျတွင် အခြေစိုက် လုပ်ငန်းများအတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲခြင်း စံသတ်မှတ်များ
- ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းခြင်း လမ်းညွှန်ချက်
- ဩစတြေးလျနိုင်ငံမှ လုပ်ငန်းများအတွက် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စီမံခန့်ခွဲမှုစနစ် လမ်းညွှန်ချက်
- စီမံကိန်းများအတွက် ရပ်ရွာအကျိုးပြုလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှု အတွက် လမ်းညွှန်ချက်များ
- ရပ်ရွာအကျိုးပြုလုပ်ငန်း ရည်မှန်းချက် လမ်းညွှန်
- ရပ်ရွာ နှင့် သဘောတူညီချက်ဆိုင်ရာ လမ်းညွှန်
- ရပ်ရွာမှ စောဒက၊ မကျေနပ်ချက်၊ နာကြည်းချက်များ ရင်ဆိုင်ဖြေရှင်းပုံလမ်းညွှန်ချက်
- ရပ်ရွာပါဝင်မှုနှင့် လှုပ်ရှားမှုများလမ်းညွှန်
- နစ်နာကြေး၊ အကျိုးအမြတ်ခွဲဝေခြင်း၊ ရင်းမြစ်များခွဲဝေသုံးစွဲခြင်း လမ်းညွှန်
- ဆွေးနွေးအကြံယူခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း လမ်းညွှန်
- နှစ်ရှည် စီမံကိန်းလမ်းညွှန်
- ပြန်လည်နေရာချထားရေး လမ်းညွှန်
- ရီယိုတင်တို တူးဖော်ရေး လုပ်ငန်းစဉ်များ
- လုပ်ငန်းခွင် စီမံမှု ဆန်းစစ်ချက်လမ်းညွှန်
- လူမှုဘဝ သက်ရောက်မှု ဆန်းစစ်ချက် လမ်းညွှန်
- လူမှုဘဝဘေးဆိုးများဆန်းစစ်ချက် လမ်းညွှန်
- လူမှုစီးပွား အသိပညာဘဏ်တိုက် လမ်းညွှန်
- ဂျန်ဒါဘာကြောင့် အရေးကြီးရသလဲ။ ရီယိုတင်တို ရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂျန်ဒါကို ထည့်သွင်းစဉ်းစားခြင်း

လမ်းညွှန်
စာလုံးစောင်းဖြင့်ရေးသားထားသည့် လမ်းညွှန်များကို www.riotinto.com about us – library တွင် လွတ်လပ်စွာရယူနိုင်သည်။

# ဒိကဝက်ဘ်ဆိုက်များ

**Akwé: Kon Guidelines**
http://www.cbd.int/doc/publications/akwe-brochure-en.pdf

**Australia ICOMOS**
http://australia.icomos.org

**Council of Europe**
http://conventions.coe.int/Treaty/Commun/QueVoulezVous.asp?NT=199&CM=8&CL=ENG

**Global Heritage Fund**
http://globalheritagefund.org

**Global Reporting Initiative in the Mining Metals Sector Supplement**
http://www.globalreporting.org/ReportingFramework/SectorSupplements/MiningAndMetals

**ICMM Sustainable Development Standard**
http://www.icmm.com/our-work/sustainable-development-framework

**IFC Sustainability Standards**
http://www.ifc.org/ifcext/sustainability.nsf/Content/EnvSocStandards

**International Council on Monuments and Sites**
http://www.international.icomos.org/charters.htm

**International Covenant on Economic, Social and Cultural Rights**
http://www2.ohchr.org/english/law/cescr.htm

**Palabora Mining Company Cultural heritage register.**
http://www.palabora.co.za/pmc_cultural_heritage/index.htm

**Sustainable Preservation Initiative**
http://www.sustainablepreservation.org

**The Equator Principles**
http://www.equator-principles.com

**United Nations Educational, Scientific, Cultural Organization (UNESCO)**
http://www.unesco.org/new/en/culture

**United Nations Millennium Development Goals**
http://www.un.org/millenniumgoals

**Universal Declaration of Human Rights**
http://www.un.org/en/documents/udhr

**World Bank Group Safeguard Policies**
http://web.worldbank.org/WBSITE/EXTERNAL/PROJECTS/EXTPOLICIES/EXTSAFEPOL/0,,menuPK:584441~pagePK:64168427~piPK:64168435~theSitePK:584435,00.html

**World Monuments Fund**
http://www.wmf.org

# ရည်ညွှန်းကိုးကားစာအုပ်စာရင်း


Agnoletti, M.(2006) Framing the issue – a transdisciplinary refl ection on cultural landscapes. In M. Agnoletti (ed.), The conservation of cultural landscapes. Oxfordshire, CAB International: xi-xix.

Aplin, G.(2007) World heritage cultural landscapes. International Journal of Heritage Studies, 13(6): 427-446.

Australia ICOMOS(1999) The Burra Charter: The Australia ICOMOS Charter for places of cultural significance 1999.

Ayton-Shenker, D.(1995) The Challenge of Human Rights and Cultural Diversity, United Nations Background Note.
Bainton, N., Ballard, C., et. al. (2011) Stepping Stones Across the Lihir Islands: Developing Cultural Heritage Management Strategies in the Context of Large-Scale Mining, International Journal of Cultural Property, 18:81-110.

Barillet, C., Joffroy, T. and Longuet, I.(2006) Cultural heritage and local development: A guide for African local

governments. Produced for PDM, UNESCO and the French Senate. CRATerre-ENSAG/Convention France UNESCO. Paris: 108.

Burton, J. (2007) The Anthropology of Personal Identity: Intellectual Property Rights Issues in Papua New Guinea, West Papua and Australia, The Australian Journal of Anthropology18(1): 40-55.

Byrne, D., Brayshaw, H. et al.(2001) Social significance: a discussion paper, Cultural heritage Division, NSW National Parks and Wildlife Service.

Commonwealth of Australia(2003) Australian Heritage Council Act 2003.Canberra, AGPS.

Department of Industry Tourism and Resources(2006) Community Engagement and Development. Leading Practice Sustainable Development Program for the Mining Industry. Commonwealth of Australia. Canberra: 48.

Department of Industry Tourism and Resources(2006) Mine Rehabilitation. Leading Practice Sustainable Development Program for the Mining Industry. Commonwealth of Australia. Canberra: 67.

Department of Industry Tourism and Resources(2007) Working With Indigenous Communities.Leading Practice Sustainable Development Program for the Mining Industry. Commonwealth of Australia. Canberra: 78.

Guilfoyle, D., Bennell, B. et al.(2009) Integrating Natural Resource Management and Indigenous Cultural Heritage. Heritage Management2(2): 149-176.

Harrison, R.(2010) Heritage as Social Action. In S. West (ed.), Understanding Heritage in Practice. Manchester and New York, Manchester University press: 240-276.

Harrison, R.(2010) The politics of heritage. In R. Harrison (ed.), Understanding the Politics of heritage. Manchester and New York, Manchester University Press: 154-196.

Harrison, R.(2010) What is heritage? In R. Harrison (ed.), Understanding the Politics of heritage. Manchester and New York, Manchester University Press: 5-42.

Higueras, A.(2008) Cultural Heritage Management in Peru: Current and Future Challenges. N H. Silverman and W. Isbell (eds.), Handbook of South American Archaeology. New York, Springer: 1073-1088.

InterGroup Consultants(2008) Aboriginal Engagement in Resource Development: Industry Leading Practices. Commissioned by Rio Tinto: 114.

Kemp, D. and Keenan, J.(2009) Why gender matters: a resource guide for integrating gender considerations into Communities work at Rio Tinto. The Centre for Social Responsibility in Mining and Rio Tinto: 104. Available: http://www.riotinto.com/documents/ReportsPublications/Rio_Tinto_gender_guide.pdf

Lawler, A. (2010) Copper mine threatens ancient monastery in Afghanistan, Science.329(5991):496-497.

Muir, R. (2001) Landscape detective: discovering a countryside. Chesire and London, Windgather Press.

Ndoro, W.(2003) Traditional and customary heritage systems: nostalgia or reality? The implications of managing heritage sites in Africa. In E. de Merode, R. Smeets and C. Westrik (eds) Linking Universal and Local Values: Managing a Sustainable Future for World Heritage.Paris, UNESCO: pp. 81-84.

O'Faircheallaigh, C. (2008) Negotiating Cultural Heritage? Aboriginal-Mining Company Agreements in Australia, Development and Change. 39(1): 25-51.

Pearson, M. and Sullivan, S.(1995) Looking after heritage places: The basics of heritage planning for managers, landowners and administrators. Carlton, Melbourne University Press.

Secretariat of the Convention on Biological Diversity(2004)Akwé: Kon Voluntary Guidelines for the Conduct of Cultural, Environmental and Social Impact Assessment regarding Development Proposes to Take Place on, or which are Likely to Impact on, Sacred sites and on Lands and Waters Traditionally Occupied or Used by Indigenous and Local communities, CBD Guidelines. Montreal: 25.

Segobye, A. K. (2006) Divided Commons: The Political Economy of Southern Africa's Cultural Heritage Landscapes-Observations of the Central Kalahari Game Reserve, Botswana, Archaeologies52. 2(1): 52-72.

Smith, H. D.(2008) Using Traditional Ecological Knowledge to Develop Closure Criteria in Tropical Australia. In A. B. Fourie, M. Tibbett, I. M. Weiersbye and P. J. Dye (eds) Mine Closure 2008 – Proceedings of the Third International Seminar on Mine Closure.Australia Centre for Geomechanics, Perth.

Smith, L.(2006) Uses of Heritage. Oxon, Routledge.

Smith, L. and Akagawa, N.(eds). (2009) Intangible Heritage. London and New York, Routledge.

United Nations Development Group(2010) MDG good practices. Available: http://www.undg-policynet.org

United Nations Educational Scientific and Cultural Organisation(2010) Concept note: Culture for development, 2010 MDG Summit high-level round-table on culture for development. September 2010. United Nations. New York.

United Nations Educational Scientific and Cultural Organisation(n.d) The power of culture for development. 16p. World Heritage Centre: UNESCO.

United Nations Educational Scientific and Cultural Organisation(2009) Kit of the Convention for Safeguarding of the Intangible Cultural Heritage. World Heritage Centre: UNESCO.

United Nations Educational Scientific and Cultural Organisation(2009). List of Intangible Cultural Heritage in Need of Urgent Safeguarding. World Heritage Centre: UNESCO.

United Nations Educational Scientific and Cultural Organisation(2008) Operational guidelines for the implementation of the World Heritage Convention. World Heritage Centre: UNESCO.

West, S. and Ansell. J.(2010) A history of heritage. In S. West (ed.), Understanding heritage in practice. Manchester and New York, Manchester University Press: 7-46.

World Bank(2001) Cultural Heritage and Development: A Framework for Action in the Middle East and North Africa. The International Bank for Reconstruction and Development.

World Bank (2009) Physical Cultural Resources Safeguard Policy Guidebook. Available: www.worldbank.org

World Bank(2009) Physical Cultural Resource Country Profile Document. Available: www.worldbank.org

Ziegler, K.(2007) Cultural Heritage and Human Rights, University of Oxford Faculty of Law Studies Research Paper Series. Working Paper no 26/2007: 23.

# Major operations and projects





အဓိကလုပ်ငန်းလည်ပတ်သည့်နေရာနှင့် စီမံကိန်းနေရာများ
ဆက်လက်သိရှိလိုပါက သို့မဟုတ် အကြံပေးလိုပါက
Elizabeth bradshaw
Principal advisor
Communities and Cultural Heritage
Rio tinto
Email : Elizabeth.bradshaw@riotinto.com



Design by Studio Round
Printed on Revive Laser uncoated paper.
This paper is Australian made and 100% recycled. Printed by Bluestar Print



© Rio Tinto plc and Rio Tinto Limited 2011



**This is an authorised reproduction of Rio Tinto work, but is not presented as a Rio Tinto Publication and construe any intent, or non-intent, on Rio Tinto's part to commence exploring, acquisition or any other work in Myanmar.**

**Rio Tinto Limited**
120 Collins Street
Melbourne
Victoria 3000
Australia

+61 (0) 3 9283 3333

**Rio Tinto plc**
2 Eastbourne Terrace
London
W2 6LG
United Kingdom

+44 (0) 20 7781 2000

www.riotinto.com

Spectrum
Sustainable Development Knowledge Network

